ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၃ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်

၂၀၀၄ ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၆၈၈၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်
# တရားသူကြီးချုပ်၊
# ဒုတိယတရားသူကြီးချုပ်များနှင့် တရားသူကြီးများ
# (၁၅-၇-၁၉၉၉ ရက်နေ့မှစ၍ ၂-၂-၂၀၀၃ ရက်နေ့အထိ)

| | | |
|---|---|---|
| ၁။ ဦးအောင်တိုး | B.A.; B.L. | တရားသူကြီးချုပ် |

## တရားရုံးချုပ် (ရန်ကုန်)

| | | |
|---|---|---|
| ၂။ ဦးသန်းဦး | B.A. | ဒုတိယတရားသူကြီးချုပ် |
| ၃။ ဦးခင်မြင့် | Master Mariner (F.G); H.G.P.; R.L. | တရားသူကြီး |
| ၄။ ဒေါက်တာတင်အောင်အေး | B.Sc.; B.L.; LL.M.; LL.D. | တရားသူကြီး |
| ၅။ ဦးမြင့်သိန်း | B.Sc.; B.L.; (Advocate) | တရားသူကြီး |
| ၆။ ဦးထွန်းရှင် | B.A.; R.L.; D.M.A.; (Advocate ) | တရားသူကြီး |
| ၇။ ဦးချစ်လွင် | B.Sc.; B.L.; (Advocate) | တရားသူကြီး |

## တရားရုံးချုပ် (မန္တလေး)

| | | |
|---|---|---|
| ၈။ ဦးခင်မောင်လတ် | B.A.; B.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၉။ ဦးစန်းတင့်ရီ | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |
| ၁၀။ ဦးမြင့်အောင် | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |
| ၁၁။ ဦးစိန်လှိုင် | B.A. (Law); LL.B.; LL.M.; (Advocate) | တရားသူကြီး |

# ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်
# တရားသူကြီးချုပ်၊
# ဒုတိယတရားသူကြီးချုပ်များနှင့် တရားသူကြီးများ

([illegible])

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်တိုး | B.A.; B.L. | တရားသူကြီးချုပ် |

## တရားရုံးချုပ် (ရန်ကုန်)

| | | | |
|---|---|---|---|
| ၂။ | ဦးသန်းဦး | B.A. | ဒုတိယတရားသူကြီးချုပ် |
| ၃။ | ဦးသိန်းစိုး | B.Sc.; R.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၄။ | ဦးခင်မောင်အေး | B.Sc.; B.L. | တရားသူကြီး |
| ၅။ | ဦးခင်မြင့် | Master Mariner (F.G); H.G.P.; R.L. | တရားသူကြီး |
| ၆။ | ဒေါက်တာ[illegible] | B.Sc.; B.L.; LL.M.; LL.D. | တရားသူကြီး |
| ၇။ | ဦးမြင့်သိန်း | B.Sc.; B.L.; (Advocate) | တရားသူကြီး |
| ၈။ | ဦးထွန်းရှင် | B.A.; R.L.; D.M.A.; (Advocate) | တရားသူကြီး |
| ၉။ | ဦးချစ်လွင် | B.Sc.; B.L.; (Advocate) | တရားသူကြီး |
| ၁၀။ | ဦးတင်အေး | B.A.; H.G.P.; R.L. | တရားသူကြီး |

## တရားရုံးချုပ် (မန္တလေး)

| | | | |
|---|---|---|---|
| ၁၁။ | ဦးခင်မောင်လတ် | B.A.; B.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၁၂။ | ဦးစန်းတင့်ရီ | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |
| ၁၃။ | ဦးမြင့်အောင် | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |
| ၁၄။ | ဦးစိန်လှိုင် | B.A. (Law); LL.B.; LL.M.; (Advocate) | တရားသူကြီး |
| ၁၅။ | ဦးသက်ထွန်း | B.A.; B.L.; (Advocate) | တရားသူကြီး |
| ၁၆။ | ဦးကျော်ဝင်း | B.A. (Hons.); H.G.P.; R.L. | တရားသူကြီး |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# တရားရုံးချုပ်၊ တရားသူကြီးချုပ်၊
# ဒုတိယတရားသူကြီးချုပ်များနှင့် တရားသူကြီးများ
( ၂၅. ၈. ၂၀၀၃ ရက်နေ့မှစ၍ )

| | | |
|---|---|---|
| ၁။ ဦးအောင်တိုး | B.A.; B.L. | တရားသူကြီးချုပ် |

## တရားရုံးချုပ် (ရန်ကုန်)

| | | |
|---|---|---|
| ၂။ ဦးသိန်းစိုး | B.Sc.; R.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၃။ ဦးခင်မောင်အေး | B.Sc.; B.L. (Advocate) | တရားသူကြီး |
| ၄။ ဦးခင်မြင့် | Master Mariner (F.G); H.G.P.; R.L. | တရားသူကြီး |
| ၅။ ဒေါက်တာတင်အောင်အေး | B.Sc.; B.L.; LL.M.; LL.D. | တရားသူကြီး |
| ၆။ ဦးမြင့်သိန်း | B.Sc.; B.L.; (Advocate) | တရားသူကြီး |
| ၇။ ဦးထွန်းရှင် | B.A.; R.L.; D.M.A.; (Advocate) | တရားသူကြီး |
| ၈။ ဦးချစ်လွင် | B.Sc.; B.L.; (Advocate) | တရားသူကြီး |
| ၉။ ဦးတင်အေး | B.A.; H.G.P.; R.L. | တရားသူကြီး |

## တရားရုံးချုပ် (မန္တလေး)

| | | |
|---|---|---|
| ၁၀။ ဦးခင်မောင်လတ် | B.A.; B.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၁၁။ ဦးစန်းတင့်ရီ | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |
| ၁၂။ ဦးမြင့်အောင် | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |
| ၁၃။ ဦးစိန်လှိုင် | B.A. (Law); LL.B.; LL.M.; (Advocate) | တရားသူကြီး |
| ၁၄။ ဦးသက်ထွန်း | B.A.; B.L.; (Advocate) | တရားသူကြီး |
| ၁၅။ ဦးကျော်ဝင်း | B.A.; (Hons.); H.G.P.; R.L. | တရားသူကြီး |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့
(၂၅. ၂. ၂၀၀၃ ရက်နေ့မှစ၍)

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းဦး<br>ဒုတိယတရားသူကြီးချုပ် | B.A. | ဥက္ကဋ္ဌ |
| ၂။ | ဦးခင်မောင်အေး<br>တရားသူကြီး | B.Sc.; B.L. (Advocate) | အဖွဲ့ဝင် |
| ၃။ | ဒေါက်တာတင်အောင်အေး<br>တရားသူကြီး | B.Sc.;B.L.; LL.M.;LL.D. | အဖွဲ့ဝင် |
| ၄။ | ဦးမြင့်နိုင်<br>ဒုတိယရှေ့နေချုပ် | B.A. (Law); LL.B. | အဖွဲ့ဝင် |
| ၅။ | ဦးလှမြင့်ဝင်း<br>တရားရုံးချုပ်ရှေ့နေ၊ တရားရုံးချုပ်ရှေ့နေများကောင်စီဝင် | B.A.; B.L. | အဖွဲ့ဝင် |
| ၆။ | ဦးစိုးညွှန့်<br>ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (ရန်ကုန်)<br>(၃၀-၅-၂၀၀၃ ရက်နေ့မှစ၍) | B.A.; R.L. | အဖွဲ့ဝင် |
| ၇။ | ဦးဗိုလ်ကြည်<br>ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (မန္တလေး)<br>(၃၀-၅-၂၀၀၃ ရက်နေ့မှစ၍) | B.A.; R.L. | အဖွဲ့ဝင် |
| ၈။ | ဦးမြညိမ်း<br>ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး<br>(၂၉-၅-၂၀၀၃ ရက်နေ့မှစ၍) | B.A.(Law);LL.B;(Advocate) | အဖွဲ့ဝင် |
| ၉။ | ဦးမြသိန်း<br>ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်)<br>(၃-၂-၂၀၀၃ ရက်နေ့မှစ၍) | B.A.(Law);LL.B.;LL.M. | အဖွဲ့ဝင် |
| ၁၀။ | ဦးထွန်းကြည်<br>ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်)<br>(၁၀-၂-၂၀၀၃ ရက်နေ့မှစ၍) | B.A.;H.G.P.;R.L. | အဖွဲ့ဝင် |
| ၁၁။ | ဦးစောစံလင်း<br>ညွှန်ကြားရေးမှူး၊ စီမံနှင့်လေ့ကျင့်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်) | B.A. (Law); LL.B. | အတွင်းရေးမှူး |

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

(၁-၉-၂၀၀၃ ရက်နေ့မှစ၍)

၁။ ဦးသိန်းစိုး B.Sc.;R.L.(Advocate) ဥက္ကဋ္ဌ
ဒုတိယတရားသူကြီးချုပ်

၂။ ဦးခင်မောင်အေး B.Sc.; B.L.(Advocate) အဖွဲ့ဝင်
တရားသူကြီး

၃။ ဒေါက်တာတင်အောင်အေး B.Sc.;B.L.; LL.M.;LL.D. အဖွဲ့ဝင်
တရားသူကြီး

၄။ ဦးမြင့်နိုင် B.A. (Law); LL.B.(Advocate) အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်

၅။ ဦးလှမြင့်ဝင်း B.A.; B.L. (Advocate) အဖွဲ့ဝင်
တရားရုံးချုပ်ရှေ့နေ၊ တရားရုံးချုပ်ရှေ့နေများကောင်စီဝင်

၆။ ဦးမြညိမ်း B.A.(Law);LL.B ;(Advocate) အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး
(၂၉-၅-၂၀၀၃ ရက်နေ့မှစ၍)

၇။ ဦးဗိုလ်ကြည် B.A.; R.L. အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (မန္တလေး)
(၃၀-၅-၂၀၀၃ ရက်နေ့မှစ၍)

၈။ ဦးစိုးညွန့် B.A.; R.L. အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (ရန်ကုန်)
(၃၀-၅-၂၀၀၃ ရက်နေ့မှစ၍)

၉။ ဦးမြသိန်း B.A.(Law);LL.B.;LL.M. အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်)
(၃-၂-၂၀၀၃ ရက်နေ့မှစ၍)

၁၀။ ဦးထွန်းကြည် B.A.;H.G.P.;R.L. အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်)
(၁၀-၂-၂၀၀၃ ရက်နေ့မှစ၍)

၁၁။ ဦးစောစံလင်း B.A. (Law); LL.B. အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စီမံနှင့်လေ့ကျင့်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်)

၁၂။ ဦးသောင်းထွန်း B.Sc.;H.G.P;R.L(Advocate) အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ တရားရုံးချုပ် (ရန်ကုန်)

" တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ
ထိုသို့ အမှန်တရားကို စီရင်ကြောင်း
အများမြင်စေရာသည် "

(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရွှေပါ - ၂)[၁]

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ- ၆၁၆

# မာတိကာ

## စီရင်ထုံးပြုသောပြစ်မှုများ

စာမျက်နှာ


| | | | |
|---|---|---|---|
| ညွှန်းချက် | | | က-ဌ |
| ချစ်စိန် (ခ) မာမက်ဟာစ် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁ |
| မနီနီထွန်းပါ ၃ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၇ |
| ပြည်ထောင်စုမြန်မာ နိုင်ငံတော် | နှင့် | ဦးမောင်ရီပါ ၃ | ၁၆ |
| မောင်သန်းဇော်ပါ ၃ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၄ |
| မြင့်ဦး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | |
| ဦးကျော်ကျော် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၄၀ |
| ဦးငြိမ်းမောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၄၉ |
| ဦးစိန်လှ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၅၇ |
| ဦးသန်းဝင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၆၄ |
| ဦးအောင်ဌေးဦး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၇၄ |
| ဦးအောင်ဝင်းကြည် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၈၂ |

# မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ကက-ကဗ |
| ဒေါ်ခင်မေရင် | နှင့် | ဒေါ်အိုင်ဇွဲပါ ၉ | ၉၁ |
| ဒေါ်ခင်လှမူပါ ၄ | နှင့် | ဒေါ်စိန်ပါ ၁၁ | ၁၀၅ |
| ဒေါ်တုတ်တုတ်ပါ ၄ | နှင့် | ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးပါ ၃ | ၁၁၅ |
| ဒေါ်လှကြည် | နှင့် | ဒေါ်ဟယ်လင် | ၁၂၇ |
| ဒေါ်သီတာပါ ၃ | နှင့် | ဦးကျင်ရွှေ (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်ဦး) | ၁၄၀ |
| ဒေါ်သန်းသန်းမေပါ ၄ | နှင့် | ဒေါ်အမိနာပါ ၂ (၄င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်သန်းသန်းဌေး) | ၁၅၁ |
| ဒေါ်အမာ | နှင့် | ဒေါ်လှတင့်ပါ ၈ | ၁၆၁ |
| ဒေါ်အမာတင် | နှင့် | ဦးတင်ထွေးပါ ၂ | ၁၇၀ |
| နှင်းသဇင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ပါ ၂ | နှင့် | ဒေါ်အေးအေးသန်း | ၁၇၆ |
| ဦးကိုကိုအောင် | နှင့် | ဦးမျိုးကျော်ငြိမ်းပါ ၂ | ၁၈၇ |
| ဦးကျော်ခိုင်ဝင်းပါ ၂ | နှင့် | ဦးကျော်စိန်ပါ ၅ | ၂၀၂ |
| ဦးခင်မောင်လင်းပါ ၁၀ | နှင့် | ဦးလှမြင့်ပါ ၄ | ၂၁၀ |
| ဦးစိုးညွှန့် (ခ) ဦးစိန်ညွှန့်ပါ ၂ | နှင့် | ဒေါ်ကြည်ကြည် | ၂၁၄ |
| ဦးတင်အောင် | နှင့် | ဦးဇော်ဝင်းဇော် (ခ) ဦးဇော်ဝင်းပါ ၄ | ၂၂၆ |

| | | |
|---|---|---|
| | | စာမျက်နှာ |
| ဦးထွန်းထွန်းပါ ၃ | နှင့် မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ် ဟသ်ာတမြို့) | ၂၄၂ |
| ဦးလှစော | နှင့် ဦးစံသိန်းပါ ၃ | ၂၅၀ |
| ဦးအမ်အစ္စလမ်း | နှင့် ဦးဟောမာလ် (ခ) ဦးသန်းထွန်းအောင်ပါ ၂ | ၂၅၈ |

# ၂၀၀၃ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

# ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ-

- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန် (ယာယီ) ကြီးကြပ်ရေးအက်ဥပဒေ
- ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ
- ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေ

**ပြစ်မှုမကင်းသောကျော်နင်းမှုဖြင့် တရားစွဲဆိုအပြစ်ပေးခံရသူသည် အချင်းဖြစ်ဥပစာမှ တွက်ခွာမပေးဘဲ ပြစ်မှုမကင်းသောကျော်နင်းမှုကိုဆက်လက်ကျူးလွန်ပါက ထိုသူအပေါ်တွင် ပြစ်မှုမကင်းသောကျော်နင်းမှုဖြင့် နောက်ထပ်တရားစွဲဆိုခြင်း။**

**အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်း၍ တရားမရုံးတချမှတ်သောအမိန့်တစ်ရပ်ရာသည် ပြစ်မှုကြောင်းအရ အရေးယူအပြစ်ပေးခွင့်ကိုထိခိုက်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်-၁။**　　။ အချင်းဖြစ်ဥပစာကို အယူခံတရားလို ဦးအောင်ဝင်းကြည်က ဝယ်ယူလက်ရောက်ရရှိခဲ့သည့်အချက် ဥပစာအတွင်း အခွင့်မဲ့ဝင်ရောက်ကျော်နင်းနေထိုင်သူ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ နှင့် ၄၄၈ တို့အရ နှစ်ကြိမ်တိုင်တိုင် ပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ခြင်းခံရသည့် အချက်နှင့် ယခုပြစ်မှုကြီးအမှတ်၊ ၂၇၉/ ၂၀၀၁ စွဲဆိုသည့်အချိန်အထိ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့က အချင်းဖြစ်ဥပစာမှထွက်ခွာ မပေးဘဲ ဆက်လက်

(ခ) ညွှန်းချက်

နေထိုင်လျှက်ရှိသည့်အချက်များမှာ နှစ်ဖက်အငြင်းမပွားသည့်အချက် စာမျက်နှာ
များဖြစ်သည်။ ပြစ်မှုမကင်းသောကျော်နင်းမှုကျူးလွန်ပြီး အချင်းဖြစ်ဥပစာအတွင်း ဝင်ရောက်နေထိုင်သောတရားခံအား ထိုသူကအချင်းဖြစ်ဥပစာတွင် ဆက်လက်ကျူးကျော်နေထိုင်သမျှ ကာလ ပတ်လုံး ထိုတရားခံအပေါ် ပြစ်မှုကြောင်းအရကျော်နင်းမှုဖြင့် ဆက်လက်တရားစွဲဆိုခွင့်ရှိနေကြောင်း တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်-၂။** ။ ပြစ်မှုကြောင်းအရ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်မှုရှိ မရှိစိစစ်ရာတွင် အဓိကဖေါ်ထုတ်ရမည့် အချက်မှာတရားခံ၏အပြုအမူနှင့်ကြံရွယ်ချက်တို့ပင်ဖြစ်သည်။ အပြုအမူနှင့် ကြံရွယ်ချက်များက ပြစ်မှုမြောက်နိုင်သည့်အကြောင်းရှိလျှင် ပြစ်မှုတစ်ခုကို နိုင်ငံတော်က တရားလိုပြုလုပ်၍သော်လည်းကောင်း၊ နစ်နာသူကတရားလိုပြုလုပ်၍သော်လည်းကောင်း တရားစွဲဆိုခွင့်ရှိမည်ဖြစ်သည်။ တရားမရုံးက အချင်းဖြစ်ဥပစာကို အယူခံတရားလို (မူလမှုတရားလို) လက်ရောက်ရခွင့်မရှိဟု သုံးသပ်ခဲ့သောအကြောင်းကြောင့် အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်းသည့် ပြစ်မှုများအပေါ် အယူခံတရားလို၏ ပြစ်မှုကြောင်းအရ တရားစွဲဆိုခွင့်ကို မထိခိုက်နိုင်ပေ။

ဦးအောင်ဝင်းကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၈၂

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရပြစ်ဒဏ်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အတွက် ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားသော ပြင်ဆင်မှုများတွင် မူလအမှုစစ်ရုံး၏ စီရင်ပိုင်ခွင့်အာဏာသည် အထူးရာဇဝတ်အာဏာမဟုတ်ပါက ပြင်ဆင်မှုတရားရုံးသည် ပထမတန်းအာဏာရတရားရုံးက ချမှတ်နိုင်ရန်ရှိသော ပြစ်ဒဏ်အထိသာလျှင် ပြစ်ဒဏ်တိုးမြှင့်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ " ဓါး " သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသည့် လက်နက်ကို အသုံးပြု၍ နာကျင်စေလျှင် မှတ်သားလောက်သည့်ပြစ်ဒဏ်ချမှတ်ရမည်ဟု **ဘိုးသင် နှင့် အစိုးရအမှု**[၁] တွင်ထုံးဖွဲ့ညွှန်းပြထားသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ တွင်မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေ လျှင် ထိုသူကိုတစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** အချင်းဖြစ်အမှုကို စစ်ဆေးခဲ့သည့်မူလရုံးတရားသူကြီးသည် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးဖြစ်သည်။ မူလရုံးကချမှတ်သောပြစ်ဒဏ်ကို တိုးမြှင့်ပေးရန်လျှောက်ထားသော ပြင်ဆင်မှုများတွင် မူလအမှုစစ်ရုံး၏စီရင်ပိုင်ခွင့်အာဏာသည် အထူးရာဇဝတ်အာဏာမဟုတ်ပါက ပြင်ဆင်တရားရုံးသည် ပထမတန်းရာဇဝတ်အာဏာရတရားရုံးက ချမှတ်နိုင်ခွင့်ရှိသောပြစ်ဒဏ်အထိသာလျှင် ပြစ်ဒဏ်တိုးမြှင့်နိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၃) တွင်ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် မူလရုံးတရားခံထွန်းအောင်စိန်က ဓါးဖြင့်ခုတ်မှုကြောင့် တရားလို၏သား အောင်ဝင်းလှိုင်တွင် အပြင်းအထန်နာကျင်စေသည့်ဒဏ်ရာရရှိခဲ့ကြောင်း ပေါ်ပေါက်ပြီးဖြစ်သည်။ အချင်းဖြစ်အမှုကို စစ်ဆေးသည့်မူလရုံးတရားသူကြီးသည် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးဖြစ်သည်။ ၎င်း၏စီရင်ပိုင်ခွင့်အာဏာမှာ ထောင်ဒဏ် (၂) နှစ်အထိသာချမှတ်နိုင်ပေရာ ၎င်း၏အာဏာအရ အမြင့်ဆုံးဖြစ်သည့်ထောင်ဒဏ် (၂) နှစ်ချမှတ်ခဲ့ခြင်းသည်ပင်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရပြစ်ဒဏ်ကို သက်ညှာရာရောက်ခဲ့ပြီးဖြစ်သည်။ ဤအခြေအနေတွင် ပြည်နယ်တရားရုံးက မူလရုံးချမှတ်ခဲ့သည့်ပြစ်ဒဏ်ကို ထပ်မံလျှော့ပါးခဲ့ခြင်းသည် တရားခံကျူးလွန်သည့်ပြစ်မှုနှင့်နှိုင်းစာ ပါက ပြစ်မှုနှင့်ပြစ်ဒဏ်မျှတသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

**သက်သေခံပစ္စည်းဖျောက်ဖျက်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀၁ စာမျက်နှာ ပထမပိုင်း တွင် အကျုံးဝင်မဝင်သို့မဟုတ်ဒုတိယပိုင်းတွင်အကျုံးဝင် မဝင်စဉ်းစား ရာတွင် ကျူးလွန်ခဲ့သော ပြစ်မှု၏ အခြေအနေကို ပြစ်မှုကျူးလွန်စဉ် အခါက တရားခံတို့က သိရှိခဲ့ခြင်းရှိ မရှိ ဆိုသည့် အချက်အပေါ်မူတည်ခြင်း**

**ဆုံးဖြတ်ချက်။** ။ပြစ်ဒဏ်သတ်မှတ်ရာတွင် တရားခံသည် ၎င်းကျူးလွန်ခဲ့သော ပြစ်မှုအခြအနေ ကို သိရှိခဲ့ခြင်းရှိ မရှိဆိုသည့်အချက်ပေါ်တွင်မူတည်သည်။ ယခု အမှုတွင် အချင်းဖြစ်ပြစ်မှုသည် လူသတ်မှု သို့မဟုတ် သေဒဏ်ကျခံထိုက်သော ပြစ်မှုဖြစ်သည်ဆိုသောအချက်ကို တရားခံတို့သိရှိ နိုင်သည့်အကြောင်းနှင့် ယုံကြည် ထိုက် သောအကြောင်းများလည်းရှိသည်။ ထိုသို့ ယုံကြည်ထိုက်သော အကြောင်းရှိ သဖြင့် လူသတ်မှုတရားခံတို့အပေါ် မူလတရားရုံးက ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ် ခဲ့ခြင်းဖြစ်သည်။ အဆိုပါပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုထင်ရှားစီရင်ခြင်းကိုအယူခံတရားရုံးကအခြားပြစ်မှုဖြစ်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရပြောင်းလဲစီရင်ခံခဲ့ခြင်းမှာလည်း လူသတ်မှု ကျူးလွန်ရာတွင်သေသူအား မည်သည့်တရားခံကသေစေအောင်ပြုမူခဲ့သည်ဟု တိကျ စွာကောက်ယူနိုင်သည့် သက်သေခံချက် မတိကျသည့် အကြောင်း ကြောင့်ဖြစ်သည်။

ယခုအမှုတွင်သက်သေခံပစ္စည်းကို ဖျောက်ဖျက်သည့်ရည်ရွယ်ချက်နှင့် အပြုအမူကိုအခြေခံ၍ အပြစ်ပေးခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်စဉ်အခါက ဖြစ်ပေါ် ခဲ့သော အယူခံတရားလိုတို့၏ ယုံကြည်မှုအပေါ် အဓိကအခြေခံ၍စဉ်းစားခြင်းဖြစ် သည်။ ပြစ်မှုဆိုင်ရာဥပဒေအရ ရာဇဝတ်ပြစ်ဒဏ်ထိုက် သင့်မှုကိုစိစစ်ရာတွင် ပြစ်မှု ကျူးလွန်သူ၏ ရည်ရွယ်ချက်နှင့် ၎င်း၏အပြုအမူ ကိုအခြေခံ၍ တစ်နည်း အားဖြင့် ဆိုသော် ပြစ်မှုကျူးလွန်သူ၏မနောကံနှင့်ကာယကံကိုအခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ် သည်။ထို့နောက်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁သည်လူသတ်မှုသို့မဟုတ်အခြား မူရင်းပြစ်မှုအတွက် အပြစ်ပေးခြင်း မဟုတ်ပေ။ မမှန်သက်သေခံဖန်တီးမှု (သို့မဟုတ်)သက်သေခံပစ္စည်းဖျောက်ဖျက်မှုအတွက်အပြစ်ပေးခြင်း ဖြစ်သည်။

လူသတ်မှုသည် သေဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်သည်။ လူသတ်မှုဟု ယုံကြည်ရသောအမှုမှ သက်သေခံပစ္စည်းကိုဖျောက်ဖျက်ပါက ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀၁ ပထမပိုင်းအရ အပြစ်ပေးခြင်းခံရမည်ဖြစ်သည်။

မနီနီထွန်းပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၇

**သက်သေခံအဖြစ် တင်ပြသည့်စာတမ်းအမှတ်အသားများနှင့် စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှုအတွက် သက်ဆိုင်ရာ**

**တရားရုံး သို့မဟုတ် အခွန်ရုံးက ရေးသားတိုင်တန်းမှသာ အရေးယူခွင့်ရှိခြင်း။** စာမျက်နှာ

**တရားရုံးချုပ်ကချမှတ်ခဲ့သော အပြီးသတ်အမိန့်များအပေါ်တွင်သာ အထူးအယူခံမှုဖြင့် ပြန်လည်စီစစ်ခွင့်ရှိခြင်း၊ စွဲချက်မတင်မီလွှတ်သည့်အမိန့်မှာ အပြီးအပြတ် အမိန့်ဖြစ်သည်ဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်-၁။** ။ အယူခံတရားခံဦးမောင်မောင်အား စွဲချက်မတင်မီလွှတ်ခဲ့ခြင်းမှာ ဤအမှုကို တရားစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါမှုသဘောနှင့်အညီ ဆောင်ရွက်နိုင်စေရန် အမိန့်ချညွှန်ကြားခဲ့ခြင်းသာဖြစ်သည်။ လိမ်လည်ခြင်းခံရသော အခွင့်ရအာဏာပိုင်များကသာလျှင် ဤအမှုမျိုးကိုစွဲဆိုခွင့်ရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ကပြဋ္ဌာန်းထားသည်။ ဤအမှုတွင်ဦးမောင်မောင်အပေါ် အခွင့်ရအာဏာပိုင်တစ်စုံတစ်ဦးက စာဖြင့်ရေးသားတိုင်တန်းမှုမရှိသည်မှာလည်း ထင်ရှားသည်။

**ဆုံးဖြတ်ချက်-၂။** ။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ တွင် “ တရားရုံးချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံး၍အပြီးသတ်စီရင်သောအမှုကိုဖြစ်စေ၊ တရားရုံးတစ်ရုံးရုံး၏အပြီးအပြတ်ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က အပြီးသတ်စီရင်ထားသောအမှုကိုဖြစ်စေ၊ အထူးခုံရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအယူခံဝင်ခွင့်ပြုပါက အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်ပါသည်။ ”ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်အပြီးသတ်စီရင်ဆုံးဖြတ်ထားသောအမိန့်များအပေါ်တွင်သာ အထူးအယူခံခုံရုံးဖြင့် ဖြေကြားပေးသဖြင့် ယခုကဲ့သို့ စွဲချက်မတင်မီ လွှတ်သောအမိန့်အပေါ်တွင် အထူးအယူခံဝင်ခွင့်မပြုသင့်ဟု သုံးသပ်ရရှိသည်။

**တရားရုံးချုပ်ရှိ အမှုများတွင် အမှုသည်များက ခုခံချေပခွင့်ရရှိစေရန်အတွက် တရားရုံးချုပ်က အသိပေးအကြောင်းကြားသည့်နည်းလမ်း၊ မူလတရားရုံးက ချမှတ်သည့်ပြစ်ဒဏ်ကို ပြန်လည်အတည်ပြုပေးခြင်းသည် ပြစ်ဒဏ်တိုးမြှင့်ရာ မရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အယူခံတရားလိုတို့ထံသို့ ဆင့်ခေါ်အသိပေးသောဆင့်စာသည် ၂၁-၆-၂၀၀၂ ရက်နေ့တွင် ရောက်ရှိသွားသော်လည်း ၎င်းတို့က အမှုအတွက် မည်သို့ဆောင်ရွက်ပေးစေလိုကြောင်း တစ်စုံတစ်ရာပြန်ကြားခြင်း၊ တောင်းဆိုခြင်းမရှိခဲ့ကြပေ။ ၎င်းတို့သည် ၂၁-၆-၂၀၀၂ မှအမှုကို အပြီးသတ်ကြားနာသော ၅-၈-၂၀၀၂ ရက် နေ့အထိ ရက်ပေါင်း ၄၅ ရက်ခန့်အချိန်ရခဲ့ပါသည်။ ဆင့်ခေါ်စာကို အကျဉ်းထောင်တာဝန်ခံအရာရှိထံ ပေးပို့ရာတွင် ရက်ချိန်းမလုံလောက်ပါက ထပ်မံတောင်းဆိုနိုင်ကြောင်း ဖော်ပြပြီး ပေးပို့ခဲ့ခြင်းဖြစ်သည်။ သို့သော် အယူခံတရားလိုတို့က ရက်ချိန်းပေးရန်တောင်းဆိုခြင်း မတွေ့ရပေ။

တရားရုံးချုပ်၏ လုပ်ထုံးလုပ်နည်းအရ အမှုအတွက် ပထမဆုံးဆင့်ခေါ်သည့် ယခုကဲ့သို့သော ဆင့်စာတွင် အမှုကိုကြားနာရန်ဟု အကြောင်းဖော်ပြဆင့်ခေါ်လေ့ရှိသည်။ သို့သော်ထိုကဲ့သို့ဆင့်ခေါ်ပြီး နှစ်ဖက်အမှုသည်များ စုံညီရောက်ရှိပြီးမှသာ အမှုကိုအပြီးသတ်ကြားနာလေ့ရှိသည်။ အမှန်တကယ်အပြီးသတ်ကြားနာမည့်နေ့ကို အမှုသည်များအား သီးခြားအသိပေးခြင်းမပြုဘဲ တရားရုံးချုပ်ကြော်ငြာသင်ပုန်းတွင် ကပ်၍ ကြော်ငြာလေ့သာရှိသည်။ ထို့ကြောင့်အမှုအတွက် ပထမဆုံးဆင့်ခေါ်စာရရှိသောအမှုသည်များသည် အမှုတွင် လျှောက်လဲချက်ပေးရန်အတွက် ကြိုတင်ပြင်ဆင်ချိန် လုံလောက်စွာရရှိနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၁ (ခ)/၂၀၀၂ ကို လျှောက်ထားသူ ဒေါ်တရုပ်မက လျှောက်ထားရာတွင် တရားခံတို့အပေါ် မူလတရားရုံးက ချမှတ်ထား

သည့်ပြစ်ဒဏ် (ထောင်ဒဏ်တစ်သက်တစ်ကျွန်း) ကိုပြန်လည်အတည်ပြုပေးရန် လျှောက်ထားခြင်းဖြစ်သည်။ ပြစ်ဒဏ်တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ခြင်းမရှိပေ။ ထို့အတူတရားရုံးချုပ်က အမိန့်ချရာတွင်လည်း မူလတရားရုံး၏ ပြစ်ဒဏ်များကိုသာ အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ပြစ်ဒဏ်တိုးမြှင့်ခဲ့ခြင်းမရှိပေ။ တစ်နည်းအားဖြင့်ဆိုသော် တိုင်းတရားရုံးက ချမှတ်သည့်ပြစ်ဒဏ်နှင့် မူလတရားရုံးက ချမှတ်သည့်ပြစ်ဒဏ်တို့တွင် မည်သည့်ပြစ်ဒဏ်သည် တရားမျှတမှုရှိ မရှိဆိုသည့်အချက်ကိုသာ တရားရုံးချုပ်က စိစစ်ခြင်းဖြစ်သည်။ ထို့ကြောင့် အယူခံတရားလိုတို့နှင့်စပ်လျဉ်းပြီး အမှုတွင်ထုချေဖြေရှင်းခွင့် ပေးခဲ့ပြီးဖြစ်ကြောင်း၊ အယူခံတရားလိုတို့အပေါ် တရားရုံးချုပ်က ချမှတ်ခဲ့သောပြစ်ဒဏ်သည် ပြစ်ဒဏ်တိုးမြှင့်ရာမရောက်ကြောင်း သုံးသပ်ရရှိသည်။

| | | |
|---|---|---|
| မောင်သန်းဇော်ပါ ၃ | နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၄ |
| မြင့်ဦး | နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် | |

**ဦးတိုက်လျှောက်ထားစွဲဆိုမှုတွင် မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရပလပ်ခဲ့သည့်အမိန့်ကို ပြင်ဆင်မှုတွင် လျှောက်ထားမှုကိုဆီလျော်သောပုဒ်မဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရခရိုင်တရားရုံးက ညွှန်ကြားခဲ့သည်။ ခရိုင်တရားရုံး၏အမိန့်ကို ပြည်နယ်တရားရုံးက ပြင်ဆင်မှုတွင် ပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုခြင်းသည်' အမှုတွဲကိုချေဖျက်ရာရောက် မရောက် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဒေါ်ကျင်စိုး[a]** တွင်တိုင်းတရားရုံး၏အမိန့်အရ မူလရုံးကအမှုကို ပိတ်သိမ်းလိုက်သဖြင့် တိုင်းတရားရုံးက အမှုကိုချေဖျက်လိုက်ခြင်းဖြစ် ပေသည်။ တိုင်းတရားရုံးအမိန့်မှာ အမှုချေဖျက်ခြင်းဟုတ် မဟုတ် အနှစ်

သာရကိုကြည့်ရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) အရစီရင်ပိုင်ခွင့်ရှိကြောင်း အကြောင်းပြရုံဖြင့် တိုင်းတရားရုံး၏ အမိန့်သည် အမှုကိုချေဖျက်ခြင်းမဟုတ်ဟုမဆိုနိုင်ကြောင်း ထုံးဖွဲ့ထား သည်။

အချင်းဖြစ်အမှုတွင် မွန်ပြည်နယ်တရားရုံး၏အမိန့်အရ မူလရုံးအမှုကို ပိတ်သိမ်းလိုက်သဖြင့် အထက်ပါစီရင်ထုံးလမ်းညွှန်ချက်အရ မွန်ပြည်နယ်တရားရုံးသည် အမှုကိုချေဖျက်လိုက်ခြင်းပင်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၁၅ အရပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် ခရိုင်တရားရုံးက ချမှတ်သောစီရင်ချက်အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကိုစီရင်နိုင်သည်မှန်သော်လည်း အမှု၏အနှစ်သာရအရ မွန်ပြည်နယ်တရားရုံး၏ ပြင်ဆင်မှုတွင် ချမှတ်ခဲ့သောအမိန့်သည် ပြစ်မှုဆိုင်ရာမူလအမှုကြီးကို ချေဖျက်ရာရောက်ကြောင်း ထင်ရှား ပေါ်လွင်နေသည်။ ဤအခြေအနေတွင် မွန်ပြည်နယ်တရားရုံးအနေဖြင့် မိမိအား အပ်နှင်းထားခြင်းမရှိသည့် စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာရောက်နေ ပေသည်။ အမှုချေဖျက်သည့် အာဏာကို ပြည်နယ်၊ တိုင်းတရားရုံးများသို့ အပ်နှင်းထားခြင်းမရှိပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရအမှုချေဖျက်သည့် အာဏာကို တရားရုံးချုပ်ကသာလျှင် ကျင့်သုံးပိုင်ခွင့်ရှိပေသည်။



**တချင်ပြည်နယ်ဥပဒေရုံးက ပြင်ဆင်မှုကို ယာယီပိတ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့ရာ ကချင်ပြည်နယ်တရားရုံးက ယင်းလျှောက်ထားမှုကိုငြင်းပယ်၍ ပြင်ဆင်မှုကိုပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာအယူခံမှုကိုဖြစ်စေ၊ ပြင်ဆင်မှု ကိုဖြစ်စေ နေရပ်လိပ်စာအသစ်တင်သွင်းနိုင်ခြင်းမရှိသဖြင့် အမှုအား ယာယီပိတ်သိမ်းခွင့်ပြုသည့်အမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင်

အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပေ။ ယင်းကဲ့သို့ ပြဋ္ဌာန်းထားခြင်းမရှိသောအမှုမျိုး၌ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံး၍ အမှုကိုယာယီပိတ်သိမ်းခွင့်ပြုနိုင်သော်လည်း ယင်းအာဏာကိုကျင့်သုံးရန် တရားရုံးချုပ်သို့သာအပ်နှင်းထားပြီး ပြည်နယ်နှင့်တိုင်းတရားရုံးများသို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ၏အာဏာကိုသုံးစွဲရန်အပ်နှင်းထားခြင်းမရှိ။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) အရ ပြင်ဆင်မှုကိုကြားနာသော ကချင်ပြည်နယ်တရားရုံးသည် တရားခံများအပေါ် ပြစ်ဒဏ်တိုးမြှင့်လိုလျှင် ၎င်းတို့အားအကြောင်းကြားစာထုတ်ဆင့်၍ ကြားနာရန်လိုအပ်မည်ဖြစ်သကဲ့သို့ ပြစ်ဒဏ်တိုးမြှင့်ရန်မလိုအပ်ဟု ထင်မြင်ယူဆပါကလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၄၀ ပါ ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုလျှောက်ထားခံရသူများကို ကြားနာခြင်းမပြုဘဲ အမှု၏အရည်အသွေးအရ အဆုံးအဖြတ်ပြုရန်ဖြစ်သည်။ ယင်းသို့သော အခြေအနေမျိုး၌ ကချင်ပြည်နယ်တရားရုံးက မည်သည့်အကြောင်းပြချက်တစ်စုံတစ်ရာမျှမရှိဘဲ လျှောက်ထားခံရသူ မောင်ရီ ပါ (၃) ဦးအား ကြားနာရန်ဆင့်ခေါ်နေဆဲတွင် ပြင်ဆင်မှုကိုပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟုမဆိုသာပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရီ ပါ ၃                                                                 ၁၆

**ပြစ်မှုကျူးလွန်ရာတွင် သုံးစွဲသည့်ယာဉ်အား ယာဉ်မောင်း သို့မဟုတ် ယာဉ်ကိုငှားယူထားသူက ပြစ်မှုအတွက်သုံးစွဲခဲ့သဖြင့်လည်းကောင်း၊ ယင်းတို့၏အပြုအမူကို ယာဉ်ပိုင်ရှင်က မသိရှိခဲ့သဖြင့်လည်းကောင်း၊ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုထိုက်ပါဆိုသော ယာဉ်ပိုင်ရှင်၏ထုချေချက်ကို လက်ခံခွင့်ပြုရန်သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ မော်တော်ယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်ရေးပြုလုပ်ကြသူတိုင်းသည် တရားမဝင်သော

ပစ္စည်းများကို တင်ဆောင်ခွင့်မရှိကြောင်းသိရှိကြပြီးဖြစ်သည်။ ယာဉ်ကို စီးလုံးငှားသူထံသို့ သို့မဟုတ် ယာဉ်မောင်းထံသို့ လွှဲအပ်လိုက်သဖြင့် ယာဉ်ပေါ်တွင်မည်သည့်ပစ္စည်းတင်ဆောင်သွားသည်ကို ယာဉ်ပိုင်ရှင် မသိနိုင်ဟုထုချေတင်ပြခြင်းဖြစ်သည်။ ယာဉ်ကိုငှားယူသူ သို့မဟုတ် ယာဉ်ကိုမောင်းနှင်သူနှင့် ယာဉ်ပိုင်ရှင်တို့အကြားတွင် တင်ရှိနေသော အခွင့်အရေးနှင့်တာဝန်များကို စိစစ်ရန်လိုသည်။ ယာဉ်ကိုငှားယူသုံးစွဲ သူ သို့မဟုတ် ယာဉ်မောင်းသူတို့သည် မော်တော်ယာဉ်ကိုလက်ရှိထားသုံးစွဲ သူဖြစ်သဖြင့် ယာဉ်နှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာမည့်တာဝန်များကို ကျခံ ရမည်ဖြစ်သည်။ ၎င်းတို့၏ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှု ကြောင့်ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးပြစ်အားလုံးကို ၎င်းတို့က တာဝန်ယူရမည်ဖြစ်သည်။ တရားမဝင်ပစ္စည်းကိုတင်ဆောင်သဖြင့် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရပါက ပိုင်ရှင် တွင်ဖြစ်ပေါ်လာသောစီးပွားရေးဆိုင်ရာနစ်နာမှုကို ယာဉ်မောင်းသူများ သာ တာဝန်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ယာဉ်ပိုင်ရှင်နှင့် ယာဉ်စီးလုံးငှားသူ သို့မဟုတ် ယာဉ်မောင်းသူတို့အကြားတည်ရှိသော ပဋိညာဉ်မှာ တရားမ ကြောင်းနှင့်သက်ဆိုင်သောပဋိညာဉ်ဖြစ်သည်။ ယာဉ်ပိုင်ရှင်၏နစ်နာမှု မှာ တရားမကြောင်းနှင့်သာသက်ဆိုင်သည်။ တရားမကြောင်းအရနစ်နာ မှုကို တရားမကြောင်းဖြင့်သာဖြေရှင်းရမည်။ ပြစ်မှုကြောင်းအရ တရား စွဲဆိုမှုတွင် ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** သက်သေခံမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲသည့်အမိန့်မချမီအတွင်း အယူခံတရားလိုအား ကြားနာရန်လို မလိုဆိုသည့်အချက်ကို စိစစ်ရာတွင် တရားရုံးများလက်စွဲအပိုဒ် ၁၀၉၁ (၁) အရဆိုပါက သက်သေခံပစ္စည်းကိုသိမ်းယူခြင်းခံရသူမှာ အမှုတွင် မပါဝင်သည့် တရားလို သို့မဟုတ် တရားခံမဟုတ်သည့်အခြားသူဖြစ်မှ သာလျှင် အဆိုပါအခြားသူကိုကြားနာရန်လိုမည်ဖြစ်သည်။ ယခုအမှုတွင် သက်သေခံမော်တော်ယာဉ်ကို တရားခံများလက်ဝယ်မှ သိမ်းယူခဲ့ခြင်း ဖြစ်သည်။ တရားခံများကိုလည်းကောင်း၊ ယာဉ်စီးလုံးငှားသူကိုလည်း ကောင်း ကြားနာခွင့်ပေးခဲ့ကြောင်းတွေ့ရှိရသည်။ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းမှာ တရားဥပဒေနှင့်ညီညွတ်မှု ရှိ

မရှိဆိုသည့် ပြဿနာရပ်အပေါ် ဥပဒေနှင့်ညီညွတ်ကြောင်း ဖြေကြားပြီး ဤအထူးအယူခံကိုပလပ်သီသည်။

ဦးကျော်ကျော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၄၀

**အပြုအမူများသည် ပြစ်မှုမြောက်နိုင်သောအပြုအမူဖြစ်သည် ဆိုသောအချက်ကိုတရားခံကမသိရှိခဲ့ပါဟု ထုချေရာတွင် ၎င်းတရားခံပြုမူခဲ့သော အပြုအမူများနှင့် အမှု၏ပတ်ဝန်းကျင်အခြေအနေများကို စုပေါင်းသုံးသပ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားသူချစ်စိန် (ခ) မာမတ်ဟာစံသည် အသက် (၂၉) နှစ်အရွယ်ရှိပြီး၊ ရန်ကုန်မြို့၊ လမ်း ၃၀ တွင်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူဖြစ်သည်။ နိုင်ငံခြားသို့ပင်သွားရောက်ပြီး အလုပ်လုပ်ရန်အစီအစဉ်ရှိခဲ့သူဖြစ်သည်။ မိမိပြုလုပ်သောပြုလုပ်မှုတစ်ခု၏ အကျိုးအပြစ်ကို သိရှိသူဖြစ်သည်ဟု သုံးသပ်ရရှိသည်။ ထို့အပြင် လျှောက်ထားသူသည် မိမိမှာ အောင်မိုးမဟုတ်ပါဘဲလျက် အောင်မိုးဆိုသောအမည်နှင့် လက်မှတ်ကိုရေးထိုးပေးခဲ့ခြင်းမှာလည်း ရိုးရိုးသားသားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု မဆိုနိုင်ပေ။ ချေးငွေရရှိရေးအတွက် ဆောင်ရွက်ကြရာတွင် လျှောက်ထားသူသည် ဦးအောင်မိုးအဖြစ်ကျမ်းကျိန်လွှာပြုလုပ်ခဲ့သောအချက်နှင့် ဦးအောင်မိုးအဖြစ် ကိုယ်စားလှယ်လွှဲစာများ ရေးသားခဲ့သည့်အချက်များကို သက်သေခံ (က-၂) နှင့် (က-၃) တို့အရလည်းတွေ့ရှိရသည်။ ထို့ပြင်ဘဏ်မှငွေချေးယူခဲ့သောဟွန်ဒီမန်စာချုပ်ကိုလည်းသက်သေခံစာရွက်စာတမ်းများပေါ်ရှိအောင်မိုးဆိုသည့်လက်မှတ်ကို ချစ်စိန် (ခ) မာမတ်ဟာစံဆိုသူက ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရေးပါရဂူက သက်သေခံ (င) ဖြင့်ထောက်ခံခဲ့သည်။ ထို့ကြောင့်ချေးငွေရရှိရေးအတွက် ဆောင်ရွက်မှုဖြစ်စဉ်တစ်လျှောက်လုံး
တွင် ချစ်စိန် (ခ) မာမတ်ဟာစံသည် (၁) တရားခံမြင့်အောင် (ခ) ၁၂၉
မာမူကြီးနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့ကြောင်း၊ လက်မှတ်များအကြိမ်ကြိမ်

(ဌ) ညွှန်းချက်

ဂျေ့ထိုးပေးခဲ့ကြောင်း၊ မိမိကိုယ်ကို ဦးအောင်မိုးအဖြစ် တင်ပြခဲ့ကြောင်းများကိုတွေ့ရှိရသည်။ လျှောက်ထားသူချစ်စိန် (ခ) မာမတ်ဟာစံသည် သမဝါယမဖြွင့်တင်ရေးဘဏ်မှ ချေးငွေကိုလိမ်လည်ထုတ်ယူသုံးစွဲခဲ့သဖြင့် ၄င်းအပေါ်အမျှားနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရတရားရုံးအဆင့်ဆင့်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။ သမဝါယမဖြွင့်တင်ရေးဘဏ်မှ ချေးငွေရရှိရန် လိမ်လည်မှုအဆင့်ဆင့်ကို အုပ်စုဖွဲ့ပြီးကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် လျှောက်ထားသူအပေါ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခဲ့ခြင်းမှာလည်း ပြစ်မှု နှင့်ပြစ်ဒဏ်မျှတသည်။ ဥပဒေနှင့်လည်း ညီညွတ်သည်။

ချစ်စိန် (ခ) မာမက်ဟာစံ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁

**လောင်းကစားဥပဒေအရ အရေးယူသောအမှုများတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သောပစ္စည်းများမှာ လောင်းကစားကိရိယာများ၊ ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းများနှင့်ငွေများဖြစ်သည်။**

**ဆုံးဖြတ်ချက်။** ။ ဤအမှုတွင် သက်သေခံပစ္စည်း ဆိုင်ကယ်သည် လောင်းကစားရာ၌ အသုံးပြုသောပစ္စည်းမဟုတ်သဖြင့် လောင်းကစားကိရိယာဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ လောင်းကစားအိမ်ကို ဖမ်းဆီးစဉ်က ကြီးကြပ်ကွပ်ကဲသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်လှတို့၏ ထွက်ဆိုချက်အရ အချင်းဖြစ်ဆိုင်ကယ်ကို လောင်းကစားအိမ်မှတွေ့ရှိခြင်းမဟုတ်ဘဲ၊ လောင်းကစားအိမ်နှင့်ကပ်လျက်ရှိ နှစ်ထပ်အိမ်ကြားမှ တွေ့ရှိသိမ်းဆည်းကြောင်း ပေါ်ပေါက်သည်ဖြစ်ရာ ပြစ်မှုနှင့်အကျုံးဝင်သောပစ္စည်းဟု ယူဆရန်မဖြစ်နိုင်ချေ။

ဦးအောင်ဌေးဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၃၄

+ ၂၀၀၃
ဇန်နဝါရီလ
၁၀ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီးဦးထွန်းရှင်၏ရှေ့တွင်

**ချစ်စိန် (ခ) မာမတ်ဟာစံ**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**အပြုအမူများသည် ပြစ်မှုမြောက်နိုင်သောအပြုအမူဖြစ်သည် ဆိုသောအချက်ကိုတရားခံကမသိရှိခဲ့ပါဟု ထုချေရာတွင် ၎င်းတရားခံပြုမူခဲ့သော အပြုအမူများနှင့် အမှု၏ပတ်ဝန်းကျင်အခြေအနေများကို စုပေါင်းသုံးသပ်ရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားသူချစ်စိန် (ခ) မာမတ်ဟာစံသည် အသက် (၂၉) နှစ်အရွယ်ရှိပြီး၊ ရန်ကုန်မြို့၊ လမ်း ၃၀ တွင်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူဖြစ်သည်။ နိုင်ငံခြားသို့ပင်သွားရောက်ပြီး အလုပ်လုပ်ရန်အစီအစဉ်ရှိခဲ့သူဖြစ်သည်။ မိမိပြုလုပ်သောပြုလုပ်မှုတစ်ခု၏ အကျိုးအပြစ်ကို သိရှိသူဖြစ်သည်ဟု သုံးသပ်ရရှိသည်။ ထို့အပြင် လျှောက်ထားသူသည် မိမိမှာ အောင်မိုးမဟုတ်ပါဘဲလျက် အောင်မိုးဆိုသောအမည်နှင့် လက်မှတ်ကိုရေးထိုးပေးခဲ့ခြင်းမှာလည်း ရိုးရိုးသားသားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု မဆိုနိုင်ပေ။ ချေးငွေရရှိရေးအတွက် ဆောင်ရွက်ကြရာတွင် လျှောက်ထားသူသည် ဦးအောင်မိုးအဖြစ်ကျမ်းကျိန်လွှာပြုလုပ်ခဲ့သောအချက်နှင့် ဦးအောင်မိုးအဖြစ် ကိုယ်စားလှယ်လွှဲစာများ ရေးသားခဲ့သည့်အချက်များကို သက်သေခံ (က-၂) နှင့် (က-၃) တို့အရလည်းတွေ့ရှိရသည်။ ထို့ပြင်ဘဏ်မှငွေချေးယူခဲ့သောဟွန်ဒီမန်စာချုပ်ကိုလည်းသက်သေခံစာရွက်စာတမ်းများပေါ်ရှိအောင်မိုးဆိုသည့်လက်မှတ်ကို ချစ်စိန် (ခ) မာမတ်ဟာစံဆိုသူက ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရေးပါရဂူက သက်သေခံ (င) ဖြင့်ထောက်ခံခဲ့သည်။

---

* ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၅၈ (ခ)

\+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆၀ တွင် ချမှတ်သော ၁၅-၁၀-၂၀၀၂ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

ထို့ကြောင့်ချေးငွေရရှိရေးအတွက် ဆောင်ရွက်မှုဖြစ်စဉ်တစ်လျှောက်လုံးတွင် ချစ်စိန် (ခ) မာမတ်ဟာစံသည် (၁) တရားခံမြင့်အောင် (ခ) မာမူကြီးနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့ကြောင်း၊ လက်မှတ်များအကြိမ်ကြိမ်ရေးထိုးပေးခဲ့ကြောင်း၊ မိမိကိုယ်ကို ဦးအောင်မိုးအဖြစ် တင်ပြခဲ့ကြောင်းများကိုတွေ့ရှိရသည်။ လျှောက်ထားသူချစ်စိန် (ခ) မာမတ်ဟာစံသည် သမဝါယမမြှင့်တင်ရေးဘဏ်မှ ချေးငွေကိုလိမ်လည်ထုတ်ယူသုံးစွဲခဲ့သဖြင့် ၄င်းအပေါ်အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရတရားရုံးအဆင့်ဆင့်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။ သမဝါယမမြှင့်တင်ရေးဘဏ်မှ ချေးငွေရရှိရန် လိမ်လည်မှုအဆင့်ဆင့်ကို အုပ်စုဖွဲ့ပြီးကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် လျှောက်ထားသူအပေါ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခဲ့ခြင်းမှာလည်း ပြစ်မှုနှင့် ပြစ်ဒဏ်မျှတသည်။ ဥပဒေနှင့်လည်း ညီညွတ်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးထိန်လင်း<br>(တရားရုံးချုပ်ရှေ့နေ) |
| လျှောက်ထားခံရသူအတွက် | - | ဒေါ်မြရီ<br>ဥပဒေအရာရှိအဆင့် (၁)<br>ရှေ့နေချုပ်ရုံး |

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၂၄/၂၀၀၀ တွင်တရားခံမြင့်အောင် (ခ) မာမူကြီး (ခ) အာမင်၊ တရားခံမိမိမော်နှင့် တရားခံချစ်စိန် (ခ) မာမတ်ဟာစံတို့ (၃) ဦးအားအများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တစ်သက်တစ်ကျွန်းထောင်ဒဏ် အသီးသီးကျခံစေရန် အမိန့်ချခဲ့သည်။ တရားခံချစ်စိန် (ခ) မာမတ်ဟာစံက ရန်ကုန်တိုင်းတရားရုံးသို့ အယူခံမှုအမှတ်၊ ၁၆၀/၂၀၀၂ ဖြင့်အယူခံသောအခါ အမှုပလပ်ခံခဲ့ရသည်။ ထို့ကြောင့်ချစ်စိန် (ခ) မာမတ်ဟာစံက တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကိုလျှောက်ထားခြင်းဖြစ်သည်။

အမှုမှာ သဃ်န်းကျွန်းမြို့နယ်၊ ပေါ်ဆန်းမွှေးလမ်းတွင်နေထိုင်သော ဦးအောင်မိုးနှင့် ဒေါ်စန်းစန်းမူတို့အား ဘဏ်ချေးငွေများရရှိအောင်ဆောင်ရွက်ပေးမည်ဟု တရားခံမြင့်အောင် (ခ) မာမူကြီး (ခ)

အာမင်က ပြောဆိုပြီး ဒေါ်စန်းစန်းမူတို့၏ အိုးမြေဂရန်နှင့် အိမ်ထောင်စုစာရင်းတို့ကို တောင်းယူခဲ့သည်။ နောင်တွင် ဒေါ်စန်းစန်းမူက ချေးငွေရယူလိုခြင်း မရှိတော့ကြောင်း၊ မြေဂရန်နှင့် သန်းခေါင်စာရင်းပြန်ရလိုကြောင်းပြောသော်လည်း တရားခံမြင့်အောင် (ခ) မာမူကြီး (ခ) အာမင်က မြေဂရန်နှင့် သန်းခေါင်စာရင်းကို ပြန်မပေးခဲ့ပေ။ ထို့နောက် တရားခံချစ်စိန် (ခ) မာမတ်ဟာစံကို ဦးအောင်မိုးအဖြစ်လည်းကောင်း၊ တရားခံမိမိအောင်ကို ဒေါ်စန်းစန်းမူအဖြစ်လည်းကောင်း ဟန်ဆောင်စေခြင်း၊ လက်မှတ်ရေးထိုးစေခြင်းများ ပြုလုပ်ပြီး တရားခံ (၃) ဦးသည် သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက်မှ ငွေကျပ်သိန်း ၉၀ ကိုချေးယူခဲ့ကြသည်။ ဘဏ်ကအတိုးငွေများ တောင်းခံသည့်စာသည် ဒေါ်စန်းစန်းမူထံလာရောက်သည့်အခါမှသာ ၎င်း၏သဘောတူချက်မရှိဘဲ တရားခံတို့က ဘဏ်မှချေးငွေထုတ်ယူသွားကြောင်း၊ ဒေါ်စန်းစန်းမူသိရှိခဲ့ရသည်။ ထို့ကြောင့်တရားခံမြင့်အောင် (ခ) မာမူကြီး (ခ) အာမင်၊ မိမိမော်၊ ချစ်စိန် (ခ) ဟာစံတို့ (၃) ဦးအား အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည့်အမှုဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူ ချစ်စိန် (ခ) မာမတ်ဟာစံကတင်ပြသည့် အမိကအကြောင်းပြချက်များမှာ ချေးငွေသိန်း ၉၀ ကျပ်ထုတ်ယူရရှိရန်ဆောင်ရွက်ခဲ့သူမှာ မြင့်အောင် (ခ) မာမူကြီး (ခ) အာမင်ဖြစ်ကြောင်း၊ ၎င်းတရားခံက လျှောက်ထားသူ၏လက်ကိုကိုင်ပြီး စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူသည် မလေးရှားနိုင်ငံသို့ သွားရောက်ခွင့်ရရှိနိုင်ရန်အတွက် (၁) တရားခံမြင့်အောင် (ခ) မာမူကြီး၏ခိုင်းစေချက်ကို လိုက်နာခဲ့ခြင်းဖြစ်ကြောင်းတို့ကိုလျှောက်ထားသည်။ ချေးငွေရရှိရေးအတွက် တင်ပြရန်လိုအပ်သောစက်ရုံလိုင်စင်ကိစ္စ၊ အမြတ်ခွန်ပြေစာကိစ္စတို့ကို ရရှိအောင်ဆောင်ရွက်ခဲ့သူမှာလည်း (၁) တရားခံမြင့်အောင် (ခ) မာမူကြီးဖြစ်ကြောင်းတို့ကိုတင်ပြသည်။ လျှောက်ထားသူနှင့် မိမိမော်တို့သည် ချေးငွေထုတ်ယူခွင့်ရှိသူ ဦးအောင်မိုးနှင့် ဒေါ်စန်းစန်းမူတို့နှစ်ဦး မဟုတ်သည်မှာ အမြင်အားဖြင့်ထင်ရှားကြောင်း၊ လျှောက်ထားသူမှာ နှစ်တန်းပညာအထိသာ ပြီးမြောက်ခဲ့ကြောင်း၊ အမှုဖြစ်ငွေကြေးတစ်စုံတစ်ရာကို ရရှိခံစားခွင့်မရှိခဲ့ကြောင်း၊ လျှောက်ထားသူအပေါ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ထား

ခြင်းမှာ မှားတမှုမရှိကြောင်း၊ လျှောက်ထားသူအား အမှုမှအပြီးအပြတ် လွှတ်သင့်ကြောင်းများကို တင်ပြသည်။

ရှေ့နေချုပ်ရုံး၊ ဥပဒေအရာရှိမှ လျှောက်လဲရာတွင် ဒေါ်စန်းစန်းမူသည် ငွေသိန်း ၁၀၀ ကျပ်ခန့်လိုအပ်နေသဖြင့် ချေးငွေရရှိရန်အလို့ငှာ တရားခံမြင့်အောင် (ခ) မာမူကြီးနှင့်ဆက်သွယ်ပြီး မြေဂရန်မှတ်ပုံတင်ကဒ်နှင့်အိမ်ထောင်စုစာရင်းများကို ပေးအပ်ခဲ့သည်မှာထင်ရှားကြောင်း၊ ဒေါ်စန်းစန်းမူက ၎င်း၏လိုအပ်သည့်ငွေကို အခြားနည်းလမ်းဖြင့်ရရှိသည့်အခါတွင် သမဝါယမမြင့်တင်ရေးဘဏ်မှ ချေးငွေရယူလိုသောဆန္ဒမရှိတော့သဖြင့် ၎င်း၏မြေဂရန်မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများကို မြင့်အောင် (ခ) မာမူကြီးထံမှ ပြန်လည်တောင်းခံခဲ့ကြောင်း၊ ထိုအခါမြင့်အောင် (ခ) မာမူကြီးက အတွေ့မခံဘဲ တိမ်းရှောင်နေခဲ့ကြောင်း၊ ချေးငွေရရှိရန်အတွက် ဦးအောင်မိုးရေးထိုးရမည့်လက်မှတ်များကို (၁) တရားခံမြင့်အောင် (ခ) မာမူကြီးက ချစ်စိန် (ခ) မာမတ်ဟာစံအား ရေးထိုးစေခဲ့ကြောင်းတို့ကို တင်ပြသည်။ ပထမအရစ်ထုတ်ချေးငွေသိန်း ၂၀ အတွက် ချစ်စိန် (ခ) မာမတ်ဟာစံက ဦးအောင်မိုးအမည်ခံပြီး ဘဏ်အရာရှိများရှေ့တွင် ချစ်စိန် (ခ) မာမတ်ဟာစံက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်းတို့ကို တင်ပြသည်။

ချေးငွေကိစ္စများကို ဒေါ်စန်းစန်းမူသိရှိသွားသည့်အခါတွင် အဆိုပါချေးငွေအတွက် ငွေကျပ်သိန်း ၄၀ နှင့် မြေတစ်ကွက်ကို ဒေါ်စန်းစန်းမူအား ပြန်ပေးပါမည်ဟု မြင့်အောင် (ခ) မာမူကြီးကလည်း ဝန်ခံခဲ့သည်မှာထင်ရှားကြောင်း၊ လျှောက်ထားသူသည် ဦးအောင်မိုးအဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်း၊ ဦးအောင်မိုး၏ဓါတ်ပုံအစား လျှောက်ထားသူ၏ဓါတ်ပုံကိုတင်ပြခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း၊ လျှောက်ထားသူအား အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရတစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း ဤပြင်ဆင်မှုကိုပလပ်သင့်ကြောင်းလျှောက်လဲသည်။

အမှုတွင်အဓိကစိစစ်ရမည့်အချက်မှာ လျှောက်ထားသူချစ်စိန် (ခ) မာမတ်ဟာစံအား အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်မှုဥပဒေပုဒ်မ ၃ အရတစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ မှန်ကန်မှုရှိ မရှိဆိုသည့်အချက်ပင်ဖြစ်သည်။ မူလအမှုမှ (၁) တရားခံမြင့်အောင် (ခ) မာမူကြီးက ဦးအောင်မိုး၊ ဒေါ်စန်းစန်းမူတို့၏

အမည်ကိုသုံးစွဲပြီး ဘဏ်မှငွေသိန်း ၉၀ ကျပ်ရေးယူခဲ့သောအချက်၊ ထိုသို့ချေးယူရာတွင် ဦးအောင်မိုးအဖြစ် လျှောက်ထားသူက လက်မှတ်ရေးထိုးခဲ့ရသည့်အချက်၊ လျှောက်ထားသူ၏ဓါတ်ပုံများကို ဦးအောင်မိုး၏ဓါတ်ပုံအဖြစ်တင်ပြခဲ့ရသောအချက်များမှာ အငြင်းမပွားသာသည့်အချက်များဖြစ်သည်။ လျှောက်ထားသူက ၎င်းမလေးရှားသို့သွားရောက်ရမည့်ကိစ္စအတွက်ဟု ထင်မှတ်၍လည်းကောင်း၊ ၎င်းအတွက်အက်ဖ်အီးစီလဲလှယ်ရမည့်ကိစ္စအတွက်ဟု ထင်မှတ်၍လည်းကောင်း၊ စာရွက်စာတမ်းများတွင် လက်မှတ်ရေးထိုးပေးခဲ့ရခြင်းဖြစ်ကြောင်း၊ (၁) တရားခံမြင့်အောင် (ခ) မာမူကြီးက လျှောက်ထားသူ၏လက်ကိုကိုင်စွဲပြီး စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးစေခဲ့ခြင်းဖြစ်ကြောင်းတို့ကို အကြောင်းပြခုခံထွက်ဆိုထားသည်။

လျှောက်ထားသူချစ်စိန် (ခ) မာမတ်ဟာစံသည် အသက် (၂၉) နှစ်အရွယ်ရှိပြီး ရန်ကုန်မြို့၊ လမ်း ၃၀ တွင် စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူဖြစ်သည်။ နိုင်ငံခြားသို့ပင်သွားရောက်ပြီး အလုပ်လုပ်ရန် အစီအစဉ်ရှိခဲ့သူဖြစ်သည်။ မိမိပြုလုပ်သောပြုလုပ်မှုတစ်ခု၏ အကျိုးအပြစ်ကိုသိရှိသူဖြစ်သည်ဟု သုံးသပ်ရရှိသည်။

ထို့အပြင်လျှောက်ထားသူသည် မိမိမှာအောင်မိုးမဟုတ်ပါဘဲလျက် အောင်မိုးဆိုသောအမည်နှင့် လက်မှတ်ကိုရေးထိုးပေးခဲ့ခြင်းမှာလည်း ရိုးရိုးသားသားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု မဆိုနိုင်ပေ။ ချေးငွေရရှိရေးအတွက်ဆောင်ရွက်ကြရာတွင် လျှောက်ထားသူသည် ဦးအောင်မိုးအဖြစ် ကျမ်းကျိန်လွှာပြုလုပ်ခဲ့သောအချက်နှင့် ဦးအောင်မိုးအဖြစ်ကိုယ်စားလှယ်လွှဲစာများ ရေးသားခဲ့သည့်အချက်များကို သက်သေခံ (က-၂) နှင့် (က-၃) တို့အရလည်းတွေ့ရှိရသည်။ ထို့ပြင်ဘဏ်မှငွေချေးယူခဲ့သော အွန်ဒီမန်စာချုပ်ကိုလည်း ဦးအောင်မိုးအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း တွေ့ရှိရသည်။ အထက်ပါသက်သေခံစာရွက်စာတမ်းများပေါ်ရှိ အောင်မိုးဆိုသည့်လက်မှတ်ကို ချစ်စိန် (ခ) မာမတ်ဟာစံဆိုသူက ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရေးပါရဂူက သက်သေခံ (င) ဖြင့် ထောက်ခံခဲ့သည်။ ထို့ကြောင့်ချေးငွေရရှိရေးအတွက် ဆောင်ရွက်မှုဖြစ်စဉ်တစ်လျှောက်လုံးတွင် ချစ်စိန် (ခ) မာမတ်ဟာစံသည် (၁)တရားခံမြင့်အောင် (ခ) မာမူကြီးနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့ကြောင်း၊ လက်မှတ်များအကြိမ်ကြိမ်ရေးထိုးပေးခဲ့ကြောင်း၊ မိမိကိုယ်ကို ဦးအောင်မိုးအဖြစ်

တင်ပြခဲ့ကြောင်းများကို တွေ့ရှိရသည်။ လျှောက်ထားသူချစ်စိန် (ခ) မာမတ်ဟာစံသည် သမဝါယမမြှင့်တင်ရေးဘဏ်မှ ချေးငွေကို လိမ်လည်ထုတ်ယူသုံးစွဲခဲ့သဖြင့် ၎င်းအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားရုံးအဆင့်ဆင့်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။

သမဝါယမမြှင့်တင်ရေးဘဏ်မှ ချေးငွေရယူရန် လိမ်လည်မှုအဆင့်ဆင့်ကို အုပ်စုဖွဲ့ပြီးကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် လျှောက်ထားသူအပေါ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခဲ့ခြင်းမှာလည်း ပြစ်မှုနှင့်ပြစ်ဒဏ်မျှတသည်။ ဥပဒေနှင့်လည်းညီညွတ်သည်။ တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရမည့်အချက်မတွေ့ရပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကိုပလပ်ကြောင်း အမိန့်ချမှတ်သည်။

+ ၂၀၀၃
စက်တင်ဘာလ
၂၆ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဦးခင်မောင်အေးနှင့်
ဒေါက်တာတင်အောင်အေးတို့၏ရှေ့တွင်

## မနီနီထွန်းပါ ၃
## နှင့်
## ပြည်ထောင်စုမြန်မာနိုင်ငံတော် •

**သက်သေခံပစ္စည်းဖျောက်ဖျက်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ပထမပိုင်းတွင် အကျုံးဝင် မဝင် သို့မဟုတ် ဒုတိယပိုင်းတွင် အကျုံးဝင် မဝင်စဉ်းစားရဘဲ ကျူးလွန်ခဲ့သော ပြစ်မှု၏အခြေအနေကို ပြစ်မှုကျူးလွန်စဉ်အခါက တရားခံတို့က သိရှိခဲ့ခြင်းရှိ မရှိဆိုသည့်အချက်အပေါ် မူတည်ခြင်း**

**ဆုံးဖြတ်ချက်။** ။ ပြစ်ဒဏ်သတ်မှတ်ရာတွင် တရားခံသည် ၎င်းကျူးလွန်ခဲ့သော ပြစ်မှုအခြေအနေကိုသိရှိခဲ့ခြင်းရှိ မရှိဆိုသည့်အချက်ပေါ်တွင်မူတည်သည်။ ယခုအမှုတွင် အချင်းဖြစ်ပြစ်မှုသည် လူသတ်မှု သို့မဟုတ် သေဒဏ်ကျခံထိုက်သောပြစ်မှုဖြစ်သည်ဆိုသောအချက်ကို တရားခံတို့သိရှိနိုင်သည့်အကြောင်းနှင့် ယုံကြည်ထိုက်သောအကြောင်းများလည်းရှိသည်။ ထိုသို့ ယုံကြည်ထိုက်သောအကြောင်းရှိသဖြင့် လူသတ်မှုတရားခံတို့အပေါ် မူလတရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံတရားရုံးက အခြားပြစ်မှုဖြစ်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ

---

• ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၄၄

+ ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂.(ခ) တွင် ချမှတ်သော ၂၄-၄-၂၀၀၃ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကိုမကျေနပ်သဖြင့် အထူးအယူခံလျှောက်ထားမှု။

တင်ပြခဲ့ကြောင်းများကို တွေ့ရှိရသည်။ လျှောက်ထားသူချစ်စိန် (ခ) မာမတ်ဟာစံသည် သမဝါယမမြှင့်တင်ရေးဘဏ်မှ ချေးငွေကို လိမ်လည်ထုတ်ယူသုံးစွဲခဲ့သဖြင့် ၎င်းအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားရုံးအဆင့်ဆင့်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။

သမဝါယမမြှင့်တင်ရေးဘဏ်မှ ချေးငွေရယူရန် လိမ်လည်မှုအဆင့်ဆင့်ကို အုပ်စုဖွဲ့ပြီးကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် လျှောက်ထားသူအပေါ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခဲ့ခြင်းမှာလည်း ပြစ်မှုနှင့်ပြစ်ဒဏ်မျှတသည်။ ဥပဒေနှင့်လည်းညီညွတ်သည်။ တိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရမည့်အချက်မတွေ့ရပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကိုပလပ်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၃
စက်တင်ဘာလ
၂၆ ရက်

### တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဦးခင်မောင်အေးနှင့် ဒေါက်တာတင်အောင်အေးတို့၏ရှေ့တွင်

### မနိနိထွန်းပါ ၃
### နှင့်
### ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**သက်သေခံပစ္စည်းဖျောက်ဖျက်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ပထမပိုင်းတွင် အကျုံးဝင် မဝင် သို့မဟုတ် ဒုတိယပိုင်းတွင် အကျုံးဝင် မဝင်စဉ်းစားရ [illegible] ကျူးလွန်ခဲ့သော ပြစ်မှု၏အခြေအနေကို ပြစ်မှုကျူးလွန်စဉ်အခါက တရားခံတို့က သိရှိခဲ့ခြင်းရှိ မရှိဆိုသည့်အချက်အပေါ် မူတည်ခြင်း**

ဆုံးဖြတ်ချက်။ ။ ပြစ်ဒဏ်သတ်မှတ်ရာတွင် တရားခံသည် ၎င်းကျူးလွန်ခဲ့သော ပြစ်မှုအခြေအနေကိုသိရှိခဲ့ခြင်းရှိ မရှိဆိုသည့်အချက်ပေါ်တွင်မူတည်သည်။ ယခုအမှုတွင် အချင်းဖြစ်ပြစ်မှုသည် လူသတ်မှု သို့မဟုတ် သေဒဏ်ကျခံထိုက်သောပြစ်မှုဖြစ်သည်ဆိုသောအချက်ကို တရားခံတို့သိရှိနိုင်သည့်အကြောင်းနှင့် ယုံကြည်ထိုက်သောအကြောင်းများလည်းရှိသည်။ ထိုသို့ ယုံကြည်ထိုက်သောအကြောင်းရှိသဖြင့် လူသတ်မှုတရားခံတို့အပေါ် မူလတရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံတရားရုံးက အခြားပြစ်မှုဖြစ်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ

---

* ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၄၄

\+ ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂(ခ) တွင် ချမှတ်သော ၂၄-၄-၂၀၀၃ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကိုမကျေနပ်သဖြင့် အထူးအယူခံလျှောက်ထားမှု။

ပြောင်းလဲစီရင်ခဲ့ခြင်းမှာလည်း လူသတ်မှုကျူးလွန်ရာတွင် သေသူအား မည်သည့်တရားခံက သေစေအောင်ပြုမူခဲ့သည်ဟု တိကျစွာကောက်ယူနိုင်သည့် သက်သေခံချက်မတိကျသည့်အကြောင်းကြောင့်ဖြစ်သည်။

သက်သေခံပစ္စည်းကို ဖျောက်ဖျက်သည့်ရည်ရွယ်ချက်နှင့် အပြုအမူကိုအခြေခံ၍ အပြစ်ပေးခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်စဉ်အခါကဖြစ်ပေါ်ခဲ့သော အယူခံတရားလိုတို့၏ယုံကြည်မှုအပေါ် အဓိက အခြေခံ၍ စဉ်းစားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်မှုကိုစီစစ်ရာတွင် ပြစ်မှုကျူးလွန်သူ၏ရည်ရွယ်ချက်နှင့် ၎င်း၏အပြုအမူကိုအခြေခံ၍ တစ်နည်းအားဖြင့်ဆိုသော် ပြစ်မှုကျူးလွန်သူ၏မနောကံနှင့် ကာယကံကိုအခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ ထို့နောက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ သည် လူသတ်မှု သို့မဟုတ် အခြားမှုခင်းပြစ်မှုအတွက် အပြစ်ပေးခြင်းမဟုတ်ပေ။ သက်သေခံပစ္စည်းဖျောက်ဖျက်မှုအတွက် အပြစ်ပေးခြင်းဖြစ်သည်။

လူသတ်မှုသည် သေဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်သည်။ လူသတ်မှုဟုယုံကြည်ရသောအမှုမှ သက်သေခံပစ္စည်းကိုဖျောက်ဖျက်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ပထမပိုင်းအရ အပြစ်ပေးခြင်းခံရမည်ဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမင်းဆွေဦး<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဒေါ်ကျင်စန်း<br>ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

ဖျာပုံခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၈/ ၂၀၀၁ တွင် တရားခံများဖြစ်ကြသည့် မနီနီထွန်း၊ မောင်ရဲထွန်းနှင့် မဝါဝါလှိုင် (ခ) ဝါဝါတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံများက မကျေနပ်သဖြင့် ဧရာဝတီတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်၊ ၂/ ၂၀၀၃ ဖြင့်တင်သွင်းရာ အကျဉ်းနည်းအရ ပလပ်ခြင်းခံရသည်။ တရားခံများက တရားရုံးချုပ်သို့ ပြင်ဆင်မှုအမှတ်၊ ၅၂ (ခ)

၂၀၀၁ ဖြင့်ဆက်လက်လျှောက်ထားခဲ့ရာတွင် တရားရုံးချုပ်က မူလရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုပြီး တရားခံများအား မူလရုံးကချမှတ်ခဲ့သည့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်အစား အလုပ်နှင့်ထောင်ဒဏ် (၄) နှစ်ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ အဆိုပါတရားရုံးချုပ်၏အမိန့်တွင် အရေးယူလောက်သောပြဿနာပေါ်ပေါက်နေကြောင်း အထူးအယူခံခုံရုံးဖြင့် ကြားနာခွင့်ပြုရန် တရားခံများကပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) မှုအမှတ်၊ ၁၅၀/၀၃ ကိုတင်သွင်းလာခြင်းဖြစ်သည်။ အောက်ဖော်ပြပါပြဿနာကို အထူးအယူခံခုံရုံးဖြင့်ဖြေကြားရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

"ဖျာပုံခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၇/၂၀၀၁ မှအမိကကျူးလွန်သူတရားခံကျော်အောင်နှင့် ဇော်မင်းတို့ကို ခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၇) (မ) အရသေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းအပေါ် တရားရုံးချုပ်၏အယူခံမှုနှင့် သေဒဏ်အတည်ပြုမှု၌ ၎င်းတို့နှစ်ဦးအား မူလရုံး၏ပြစ်မှုပြစ်ဒဏ်အစား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ တစ်သက်တစ်ကျွန်းဒဏ်စီကျခံစေရန် ပြစ်မှုပြစ်ဒဏ်ပြောင်းလဲစီရင်ခဲ့ပါလျှက် ယင်းအမှုနှင့်ဆက်စပ်နေသည့် ဖျာပုံခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၈/၂၀၀၁ မှ တရားခံနီနီထွန်းပါ (၃) ဦးတို့အပေါ် မူလရုံး၏ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ အရအလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီကျခံစေရန် ပြစ်ဒဏ်အစား တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၅၂ (ခ) ၂၀၀၃ တွင် အလုပ်နှင့်ထောင်ဒဏ် (၄) နှစ်စီကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်းရှိ မရှိ။"

အမှုမှာ ၆-၇-၂၀၀၁ ရက်နေ့ည ၂၁း၃၀ နာရီအချိန်ခန့်က ဖျာပုံမြို့၊ ဒုတိယလမ်းပေါ်တွင် သန်းအောင်၊ သန့်စင်နှင့် ကျော်မိုးတို့အား ကျော်အောင်၊ ဇော်မင်း၊ စက်တင်ဘာဝမ်း၊ သန်းဖြိုး၊ မောင်မောင်၊ ရာဇာမင်း၊ အောင်မြင့်မြတ်၊ မျိုးမျိုး (ခ) မျိုးမြင့်ဆွေတို့က ဓါးဖြင့်ထိုးခြင်း၊ အုတ်ခဲဖြင့်ပစ်ပေါက်ခြင်းတို့ကြောင့် သန်းအောင်သေဆုံးခဲ့ရပြီး သန့်စင်နှင့် ကျော်မိုးတို့တွင် ပြင်းထန်ဒဏ်ရာများရရှိခဲ့ကြသဖြင့် သေဆုံးသူသန်းအောင်၏ဖခင်မှ တိုင်ကြားခဲ့သည့်အမှုဖြစ်ပြီး ယင်းအမှုတွင်အသုံး

ပြုခဲ့ကြသည့် သက်သေခံဓါးတစ်ချောင်းအား နီနီထွန်း၏နေအိမ်၊ အိမ်သာအတွင်းမှတွေ့ရှိခဲ့၍ နေအိမ်တွင်ရှိနေသူများဖြစ်ကြသည့် နီနီထွန်း၊ ရဲထွန်းနှင့် ဝါဝါလှိုင်တို့အပေါ် သက်သေခံပစ္စည်းများ ဖျောက်ဖျက်စေမှုဖြင့် သီးခြားအမှုဖွင့်လှစ် အရေးယူခဲ့သည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေမှလျှောက်လဲရာတွင် သက်သေခံပစ္စည်းဖျောက်ဖျက်ခံရသည့်မူရင်းပြစ်မှုမှာ သေဒဏ်ချမှတ်ခြင်းခံထိုက်သောပြစ်မှုဖြစ်ပါက သက်သေခံပစ္စည်းဖျောက်ဖျက်သူသည် (၇) နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ခံရမည်ဖြစ်ကြောင်း မူရင်းပြစ်မှုမှာ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်သောပြစ်မှုဖြစ်ပါက သက်သေခံပစ္စည်းဖျောက်ဖျက်သူသည် သုံးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း၊ မူရင်းပြစ်မှုကြီးမှ တရားခံကျော်အောင်ပါ (၇) ဦးတို့သည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ (၁) (ခ) ပါပြစ်မှုမှ ပုဒ်မ ၃၂၆ ပါပြစ်မှုသို့ပြောင်းလဲပြီး ထောင်ဒဏ် (၁၀) နှစ်စီကျခံစေရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ပြစ်မှုနှင့်ဆက်စပ်နေသည့် အယူခံတရားလိုတို့မှ ယင်းပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ဒုတိယအပိုဒ်အရ ထောင်ဒဏ် (၃) နှစ်အထိသာကျခံစေသင့်ကြောင်း၊ ထောင်ဒဏ် (၄) နှစ်ချမှတ်ထားခြင်းမှာမှန်ကန်မှုမရှိကြောင်း အထူးအယူခံမှုကို ခွင့်ပြုသင့်ကြောင်း လျှောက်လဲသည်။

ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးမှလျှောက်လဲရာတွင် အချင်းဖြစ်ပြစ်မှုကြီးအမှတ်၊ ၈/၀၁ သည် ပြစ်မှုကြီးအမှတ်၊ ၇/၀၁ အမှုနှင့်ဆက်စပ်မှုရှိကြောင်း၊ လျှောက်ထားသူအယူခံတရားလို ဒေါ်နီနီထွန်းပါ ၃ ဦးတို့သည် ပြစ်မှုကြီးအမှတ်၊ ၇/ ၂၀၀၁ အမှုမှသက်သေခံဓါးကိုဖျောက်ဖျက်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့မှ ဒုတိယအကြိမ်သွားရောက်ရှာဖွေသည့်အခါမှ နေအိမ်သာကျင်းထဲမှရှာဖွေသိမ်းဆည်းရမိကြောင်း၊ ထိုဓါးတွင်လည်း ဓါတုဗေဒဝန်၏ပြန်ကြားစာ (သက်သေခံ-ဃ) အရဓါးနှင့်ဓါးရိုးပေါ်တွင် လူသွေးတွေ့ရှိရသည်မှာထင်ရှားကြောင်းတို့ကို လျှောက်လဲသည်။

ပြစ်မှုကြီးအမှတ်၊ ၇/ ၂၀၀၁ အမှုမှ အဓိကတရားခံများဖြစ်သူ ကျော်အောင်သည် ဒေါ်နီနီထွန်း၏မောင်ဖြစ်ပြီး တရားခံစက်တင်ဘာဝမ်းသည် ဒေါ်နီနီထွန်း၏သားဖြစ်ကြောင်း၊ အယူခံတရားလိုအမှတ် (၂) မောင်ရဲထွန်းသည် ဒေါ်နီနီထွန်း၏မောင်ဖြစ်ပြီး အယူခံတရားလို (၃)

၂၀၀၃
မနီနီထွန်းပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ဝါဝါလှိုင်နှင့် အယူခံတရားလို (၂) မောင်ရဲထွန်းတို့မှာ လင်မယားဖြစ်ကြောင်း၊ တရားခံဇော်မင်းမှာ ဒေါ်နီနီထွန်း၏မောင်ဖြစ်သူကျော်အောင်နှင့်အတူတူအလုပ်လုပ်သူဖြစ်ကြောင်း၊ အယူခံတရားလိုများသည် ပြစ်မှုကျူးလွန်သူများအတွက် ပြစ်ဒဏ်မှကာကွယ်နိုင်ရန်အကြံဖြင့် သက်သေခံပစ္စည်းကိုဖျောက်ဖျက်စေခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ချက်အရ တရားရုံးချုပ်က အောက်ရုံးအဆင့်ဆင့်၏အမိန့်အတိုင်း ၎င်းတို့ (၃) ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ အရပင်ဆက်လက်ပြစ်မှုထင်ရှားတွေ့ရှိခြင်းမှာ ဥပဒေနှင့်အညီဖြစ်ကြောင်းကို လျှောက်လဲသည်။

ဆက်စပ်မှုဖြစ်သော ပြစ်မှုကြီးအမှတ်၊ ၇/၂၀၀၁ အမှုမှတရားခံတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုထင်ရှားတွေ့ရှိခဲ့သောအမိန့်ကိုပြင်ဆင်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ သို့ပြောင်းခဲ့ပြီး ပြစ်ဒဏ်ကိုလည်း သေဒဏ်မှ တစ်ကျွန်းဒဏ်သို့ ပြောင်းလဲပြင်ဆင်အမိန့်ချမှတ်ခဲ့ကြောင်း၊ ယခုအမှုနှင့်ဆက်စပ်မှုဖြစ်သော ပြစ်မှုကြီးအမှတ်၊ ၇/၂၀၀၁ အမှုမှ တရားခံတို့အပေါ် ပြစ်မှုပုဒ်မ ၃၂၆ အရပြစ်မှုပြစ်ဒဏ်များ ပြောင်းလဲစီရင်ခဲ့သည့်အတွက် အယူခံတရားလိုတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ၏ဒုတိယပိုဒ်တွင်အကျုံးဝင်သောပြစ်ဒဏ်ကိုသာ ချမှတ်ပိုင်ခွင့်ရှိမည်ဖြစ်ကြောင်း၊ အများဆုံးချမှတ်နိုင်ခွင့်ပြစ်ဒဏ်သည် သုံးနှစ်အထိဟုပြဋ္ဌာန်းထားသည့်အတွက် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၅၂ (ခ)/၂၀၀၃ တွင် အလုပ်နှင့်ထောင်ဒဏ် (၄) နှစ်စီကျခံစေရန် ပြင်ဆင်ချမှတ်ခဲ့သောအမိန့်သည် ယင်းဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်မှုမရှိဟု သုံးသပ်ရရှိကြောင်းတို့ကို လျှောက်လဲသည်။

မူလရုံးအမှုရှိသက်သေခံချက်အရ လျှောက်ထားသူဒေါ်နီနီထွန်းပါ (၃) ဦးတို့အပေါ်စွဲဆိုခဲ့သည့် မူလဖျာပုံခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၈/၂၀၀၁ သည် ယင်းရုံး၏ပြစ်မှုကြီးအမှတ်၊ ၇/၂၀၀၁ မှ တရားခံကျော်အောင်ပါ (၇) ဦးတို့ ကျူးလွန်ခဲ့သည့်အမှုနှင့်ဆက်စပ်ပေါ်ပေါက်သည့်အမှုဖြစ်သည်။ ယခုအမှုမှလျှောက်ထားသူဒေါ်နီနီထွန်းသည် အဆိုပါပြစ်မှုကြီးအမှတ်၊ ၇/၂၀၀၁ မှ တရားခံကျော်အောင်၏အစ်မဖြစ်ပြီး တရားခံစက်တင်ဘာဝမ်း၏မိခင်ဖြစ်သည်။ တရားခံရဲထွန်းသည် ဒေါ်နီနီထွန်း၏မောင်ဖြစ်ပြီး တရားခံဝါဝါလှိုင်သည် တရားခံရဲထွန်း၏ဇနီးဖြစ်၍ တစ်အိမ်တည်းအတူနေသူများဖြစ်ကြသည်။

၂၀၀၃
မနီနီထွန်းပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

မူလရုံးအမှုတွဲကိုလေ့လာရာ တရားခံဒေါ်နီနီထွန်းပါ (၃) ဦးတို့၏အမှုမှသက်သေခံဓါးသည် ပြစ်မှုကြီးအမှတ်၊ ၇/၂၀၀၁ တွင် တရားခံကျော်အောင်ပါ (၇) ဦးတို့က သန်းအောင်ကိုသေစေသည့်အထိ သန့်စင်နှင့် ကျော်မိုးတို့ကို အပြင်းအထန်ဒဏ်ရာများရရှိစေသည်အထိ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သောဓါးဖြစ်ကြောင်း ပေါ်ပေါက်သည်။ ယင်းသက်သေခံဓါးကို တရားခံတစ်ဦးဖြစ်သူဇော်မင်းက တရားခံဒေါ်နီနီထွန်း၏နေအိမ်အတွင်းသို့ပစ်ထည့်ခဲ့ပြီး ၄င်းတို့အမှုဖြစ်ပွားကြောင်းပြောဆိုခဲ့သည်။ ထိုသို့ဓါးပစ်ခဲ့သည့်အချိန်တွင် အိမ်အတွင်း၌ တရားခံဒေါ်နီနီထွန်း၊ ရဲထွန်း၊ ဝါဝါလှိုင်နှင့် ကလေးငယ်တစ်ဦးတို့ရှိနေကြောင်းပေါ်ပေါက်သည်။ တရားခံဇော်မင်း၏ထုတ်ဖော်ချက်ဖြင့် ညတွင်းချင်း ဒေါ်နီနီထွန်း၏အိမ်သို့သွားရောက်ရှာဖွေရာ ဒေါ်နီနီထွန်းတို့က သက်သေခံဓါးကိုပေးအပ်ရန် ပျက်ကွက်ခဲ့ကြောင်းပေါ်ပေါက်သည်။ ယင်းနောက်ပိုင်းအမှုတွင် ကွင်းဆက်မပြတ်သောစစ်ဆေးဖော်ထုတ်ချက်များနှင့် တရားခံဇော်မင်း၏ညွှန်ပြပြောဆိုချက်တို့အရ တရားခံဒေါ်နီနီထွန်း၏နေအိမ်၊ အိမ်သာတွင်းထဲမှ အချင်းဖြစ်သက်သေခံဓါးကို ရှာဖွေဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ်ရှာဖွေတွေ့ရှိသည့် သက်သေခံဓါး၏ပုံသဏ္ဍာန်အရွယ်အစားမှာ အမှုတွဲပေါ်ပေါက်ချက်များနှင့်ကိုက်ညီသည့်အပြင် အဆိုပါဓါးပေါ်တွင် လူသွေးတွေ့ရှိကြောင်း ဓါတုဗေဒဝန်၏စစ်ဆေးချက်အရ တွေ့ရှိရသဖြင့် တရားခံကျော်အောင်ပါ (၇) ဦးတို့ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ဓါးဖြစ်ကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာအဆိုပါ သက်သေခံဓါးကို သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များမှ လာရောက်ရှာဖွေစဉ်တွင် တရားခံဒေါ်နီနီထွန်းတို့က ထုတ်ဖော်ပေးအပ်ခြင်းမပြုဘဲ အိမ်သာအတွင်းသို့ ပစ်ချဖျောက်ဖျက်ခဲ့ခြင်းသည် ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီခံရမည့် ပြစ်ဒဏ်မှကာကွယ်ရန် အကြံဖြင့်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသည်။

မူလမရှိင်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၇/၂၀၀၁ တွင် တရားခံကျော်အောင်ပါ (၇) ဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုထင်ရှားစီရင်ပြီး ကလေးသူငယ်ဥပဒေအရ လူငယ်ဖြစ်သူ တရားခံစက်တင်ဘာဝမ်းမှအပ ကျန်တရားခံ (၆) ဦးတို့အပေါ် သေဒဏ်ကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။ ဆက်စပ်မှုဖြစ်သည့်ပြစ်မှုကြီးအမှတ်

၂၀၀၃
မန်နီထွန်းပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

၈/၂၀၀၁ တွင် တရားခံဒေါ်နီနီထွန်းပါ (၃) ဦးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁ အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ်စီကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

တရားခံကျော်အောင်ပါ (၇) ဦးတို့တင်သွင်းသည့်အယူခံမှုနှင့် သေဒဏ်အတည်ပြုမှုတွင် တရားရုံးချုပ်မှ တရားခံကျော်အောင်၊ ဇော်မင်းနှင့် ဂျက်တင်ဘာဝမ်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းအစား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားပြောင်းလဲစီရင်ခဲ့သည်၊ တရားခံကျော်အောင်နှင့် ဇော်မင်းတို့အပေါ် မူလခရိုင်တရားရုံးကချမှတ်ခဲ့သည့် သေဒဏ်ကျခံစေရန်ပြစ်ဒဏ်အမိန့်အစား တစ်သက်တစ်ကျွန်းဒဏ်စီရင်ကျခံစေရန် ပြစ်ဒဏ်ကိုပြောင်းလဲစီရင်ခဲ့သည်၊ တရားခံဂျက်တင်ဘာဝမ်းအပေါ် ပြစ်မှုကျူးလွန်ချိန် အသက် (၁၈) နှစ်မပြည့်သေးသူဖြစ်၍ ကလေးသူငယ်ဥပဒေပါပြဋ္ဌာန်းချက်အရ မူလခရိုင်တရားရုံးကချမှတ်ခဲ့သည့် အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန်ပြစ်ဒဏ်ကို တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က အယူခံမှုနှင့် ပြင်ဆင်မှုတို့တွင်ဆက်လက်အတည်ပြုခဲ့သည်။ ကျန်မူလရုံးတရားခံများဖြစ်ကြသည့် ရာဇာမင်း၊ မျိုးမျိုး (ခ) မျိုးမြင့်ဇော်၊ သန်းဖြိုး၊ မောင်မောင်နှင့် အောင်မြင့်မြတ်တို့အပေါ် မူလခရိုင်တရားရုံးမှချမှတ်ခဲ့သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ခ) အရ သေဒဏ်အသီးသီးကျခံစေရန်အမိန့်အစား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီကျခံစေရန် ပြစ်မှုပြစ်ဒဏ်အမိန့်များ ပြောင်းလဲချမှတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

> "ပြစ်မှုကျူးလွန်ပြီးဖြစ်ကြောင်းသိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ မည်သူမဆိုပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် ထိုပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသော သက်သေခံတစ်ခုခုကို ပျောက်ဖျက်စေလျှင် သို့တည်းမဟုတ် ထိုအကြံဖြင့်ပင်ပြစ်မှုနှင့် စပ်လျဉ်း၍ မမှန်ကမိမိသိသော သို့တည်းမဟုတ် ယုံကြည်သော သတင်းကိုပေးသွင်းလျှင် ထိုသူကိုကျူးလွန်ပြီးဖြစ်ကြောင်းမိမိသိသော သို့တည်းမဟုတ် မိမိယုံကြည်သောပြစ်မှုသည် သေဒဏ်ချမှတ်ခြင်းခံထိုက်သောပြစ်မှုဖြစ်ပါက (၇) နှစ်ထိထောင်ဒဏ်

၂၀၁၃
မန်နီထွန်းပေါ် ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

> တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် အဆိုပါပြစ်မှုသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်သောပြစ်မှု ဖြစ်ပါက သုံးနှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးချမှတ်မည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"

ဟုပြဋ္ဌာန်းထားသည်။

ယခုပြစ်မှု၌ ပြစ်ဒဏ်သတ်မှတ်ရာတွင် တရားခံသည် ၎င်းကျူးလွန်ခဲ့သောပြစ်မှုအခြေအနေကို သိရှိခဲ့ခြင်းရှိ မရှိဆိုသည့်အချက်ပေါ်တွင်မူတည်သည်။ ယခုအမှုတွင် အချင်းဖြစ်ပြစ်မှုသည် လူသတ်မှု သို့မဟုတ် သေဒဏ်ကျခံထိုက်သောပြစ်မှုဖြစ်သည်ဆိုသောအချက်ကို တရားခံတို့သိရှိနိုင်သည့်အကြောင်းနှင့် ယုံကြည်ထိုက်သောအကြောင်းများလည်းရှိသည်။ ထိုသို့ယုံကြည်ထိုက်သောအကြောင်းရှိသဖြင့် လူသတ်မှုတရားခံပို့အပေါ် မူလတရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပုဒ်မ ၃၀၂ (၁) (ခ) အရပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံတရားရုံးက အခြားပြစ်မှုဖြစ်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရပြောင်းလဲစီရင်ခဲ့ခြင်းမှာလည်း လူသတ်မှုကျူးလွန်ရာတွင် သေဒဏ်ပေးမည်သည့်တရားခံက သေစေအောင်ပြုမူခဲ့သည်ဟု တိကျစွာကောက်ယူနိုင်သည့် သက်သေခံချက်မတိကျသည့်အကြောင်းကြောင့်ဖြစ်သည်။

ယခုအမှုတွင် သက်သေခံပစ္စည်းကိုဖျောက်ဖျက်သည့် ရည်ရွယ်ချက်နှင့်အပြုအမူကိုအခြေခံ၍ အပြစ်ပေးခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်စဉ်အခါကဖြစ်ပေါ်ခဲ့သော အယူခံတရားလိုတို့၏ယုံကြည်မှုအပေါ် အဓိကအခြေခံစဉ်းစားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်မှုကို စိစစ်ရာတွင် ပြစ်မှုကျူးလွန်သူ၏ရည်ရွယ်ချက်နှင့် ၎င်း၏အပြုအမူကိုအခြေခံ၍ တစ်နည်းအားဖြင့်ဆိုသော် ပြစ်မှုကျူးလွန်သူ၏ မနောကံနှင့်ကာယကံကိုအခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ ထို့နောက်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ သည်လူသတ်မှု သို့မဟုတ် အခြားမူရင်းပြစ်မှုအတွက် အပြစ်ပေးခြင်းမဟုတ်ပေ။ မမှန်သက်သေခံမန်တီးမှု သို့မဟုတ် သက်သေခံပစ္စည်းဖျောက်ဖျက်မှုအတွက် ဟုပြစ်ပေးခြင်းဖြစ်သည်။

အယူခံတရားလိုတို့ ပြစ်မှုကျူးလွန်စဉ်အခါက သက်သေခံ

၂၀၀၃
မနီနီထွန်းပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ပစ္စည်းဖျောက်ဖျက်ခံရသည့်ပြစ်မှုမှာ သေဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်သည်ဟုယုံကြည်ထိုက်သည့် အကြောင်းများရှိနေခဲ့သည့်ဆိုသောအချက်ကို အယူခံတရားလိုတို့သိရှိခဲ့ကြသည်။ သက်သေခံချက်များအရလည်း ပေါ်လွင်သည်။

လူသတ်မှုသည် သေဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်သည်။ လူသတ်မှုဟုယုံကြည်ရသောအမှုမှ သက်သေခံပစ္စည်းကို ဖျောက်ဖျက်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ပထမပိုင်းအရ အပြစ်ပေးခြင်းခံရမည်ဖြစ်သည်။ အဆိုပါပြဋ္ဌာန်းချက်တွင် တရားခံအပေါ် ထောင်ဒဏ် (၇) နှစ်ထိချမှတ်နိုင်သည်။ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၅၂ (ခ) ၂၀၀၃ တွင်မနီနီထွန်းပါ (၃) ဦးတို့အပေါ် အလုပ်နှင့်ထောင်ဒဏ် (၄) နှစ်စီကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်ကြောင်း ဤအမှုမှပြဿနာအပေါ် ဖြေကြားပြီး အထူးအယူခံမှုကိုပလပ်ကြောင်း အမိန့်ချမှတ်သည်။

+ ၂၀၀၃
ဒေါက်တိုဘာလ
၁၇ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးမြင့်အောင်၏ရှေ့တွင်

### ပြည်ထောင်စုမြန်မာနိုင်ငံတော်
### နှင့်
### မောင်ရီပါ (၃) *

**ကချင်ပြည်နယ်ဥပဒေရုံးက ပြင်ဆင်မှုကို ယာယီပိတ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့ရာ ကချင်ပြည်နယ်တရားရုံးက ယင်းလျှောက်ထားမှုကိုငြင်းပယ်၍ ပြင်ဆင်မှုကိုပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာအယူခံမှုကိုဖြစ်စေ၊ ပြင်ဆင်မှုကိုဖြစ်စေ နေရပ်လိပ်စာအသစ်တင်သွင်းနိုင်ခြင်းမရှိသဖြင့် အမှုအား ယာယီပိတ်သိမ်းခွင့်ပြုသည့်အမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပေ။ ယင်းကဲ့သို့ ပြဋ္ဌာန်းထားခြင်းမရှိသောအမှုမျိုး၌ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံး၍ အမှုကိုယာယီပိတ်သိမ်းခွင့်ပြုနိုင်သော်လည်း ယင်းအာဏာကိုကျင့်သုံးရန် တရားရုံးချုပ်သို့သာအပ်နှင်းထားပြီး ပြည်နယ်နှင့်တိုင်းတရားရုံးများသို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ၏အာဏာကိုသုံးစွဲရန်အပ်နှင်းထားခြင်းမရှိ။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) အရ ပြင်ဆင်မှုကိုကြားနာသော ကချင်ပြည်နယ်တရားရုံးသည် တရားခံများအပေါ် ပြစ်ဒဏ်တိုးမြှင့်လိုလျှင် ၎င်းတို့အားအကြောင်းကြားစာ

---

* ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၅ (ခ)

+ ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၀ တွင် ချမှတ်သော ၃၀-၄-၂၀၀၃ ရက်စွဲပါ ကချင်ပြည်နယ်တရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

ထုတ်ဆင့်၍ ကြားနာရန်လိုအပ်မည်ဖြစ်သကဲ့သို့ ပြစ်ဒဏ်တိုးမြှင့်ရန် မလိုအပ်ဟု ထင်မြင်ယူဆပါကလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၄၀ ပါ ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုလျှောက်ထားခံရသူများကို ကြားနာခြင်းမပြုဘဲ အမှု၏အရည်အသွေးအရ အဆုံးအဖြတ်ပြုရန်ဖြစ်သည်။ ယင်းသို့သော အခြေအနေမျိုး၌ ကချင်ပြည်နယ်တရားရုံးက မည်သည့် အကြောင်းပြချက်တစ်စုံတစ်ရာမျှမရှိဘဲ လျှောက်ထားခံရသူ မောင်ရီ ပါ (၃) ဦးအား ကြားနာရန်ဆင့်ခေါ်နေဆဲတွင် ပြင်ဆင်မှုကိုပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟုမဆိုသာပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးစိုးလှ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့ |
| လျှောက်ထားခံရသူအတွက် | - | ကိုယ်တိုင် (မလာ) |

မြစ်ကြီးနားမြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၁၁၁၃/ ၂၀၀၂ ၌ တရားခံမောင်ရီပါ (၃) ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ အရ ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၆) လစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားခံမောင်ရီပါ (၃) ဦးအား ယင်းသို့ပြစ်မှုထင်ရှားစီရင်ခဲ့သော်လည်း ၎င်းတို့အားချမှတ်ခဲ့သည့် ပြစ်ဒဏ်အတိုင်းအတာကို ကချင်ပြည်နယ်ဥပဒေရုံးကမကျေနပ်၍ ကချင်ပြည်နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၀/၂၀၀၂ တွင် ပြစ်ဒဏ်တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခဲ့သည်။

ကချင်ပြည်နယ်တရားရုံးက လျှောက်ထားခံရသူ မောင်ရီပါ (၃) ဦးတို့အပေါ် အကြောင်းကြားစာထုတ်ဆင့်ခဲ့သော်လည်း အတည်ပြုနိုင်ခြင်းမရှိ၍ နေရပ်လိပ်စာအသစ်တင်သွင်းရန် ကချင်ပြည်နယ်ဥပဒေရုံးသို့ ထပ်မံအကြောင်းကြားခဲ့ရာ ကချင်ပြည်နယ်ဥပဒေရုံးက လျှောက်ထားခံရသူတို့လက်ရှိနေထိုင်သည့်နေရပ်လိပ်စာကို ရှာဖွေတင်ပြနိုင်ခြင်းမရှိသဖြင့် ပြင်ဆင်မှုကိုယာယီပိတ်သိမ်းခွင့်ပြုပါရန် လျှောက်ထားခဲ့သည်။

ကချင်ပြည်နယ်တရားရုံးက ယင်းလျှောက်ထားမှုကိုငြင်းပယ်ပြီး ပြင်ဆင်မှုကိုပလပ်ကြောင်းအမိန့်ချမှတ်ခဲ့ရာ ရှေ့နေချုပ်ရုံးက ယင်း

အမိန့်ကိုကျေနပ်မှုမရှိသဖြင့် ဤပြင်ဆင်မှုကို ထပ်မံ၍တင်သွင်းလာခဲ့ခြင်းဖြစ်သည်။

အမှုဖြစ်အခြင်းရာအကျဉ်းချုပ်မှာ လွန်ခဲ့သော၁၃-၅-၂၀၀၂ ရက်နေ့ (၁၄း၃၀) နာရီခန့်၌ မြစ်ကြီးနားမြို့၊ အမှတ် (၂) ရဲစခန်းမှ ရဲအရာခံသောင်းလှိုင် ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ မြစ်ကြီးနားမြို့၊ အေဒင်ရပ်ကွက်အတွင်းရှိ မြေကွက်လပ်တွင် မိုးကောင်းမြို့နယ်၊ နမ္မတီး ကံလှကျေးရွာနေ မောင်ဆန်းပါ (၃) ဦးအား စုစုပေါင်းခိုင်းနွား (၄) ကောင်နှင့်အတူတွေ့ရှိခဲ့ရာမှ ယင်းခိုင်းနွား (၄) ကောင်းသည် ခိုးရာပါနွားများဖြစ်ကြောင်းသိရှိခဲ့သည်။

ထို့ကြောင့်သက်သေလူကြီးများရှေ့တွင် ၄င်းနွားများကိုသိမ်းဆည်းလျက် ရဲအရာခံသောင်းလှိုင်ကိုယ်တိုင် မောင်ရီပါ (၃) ဦးအား လိုအပ်သလိုအရေးယူပေးပါရန် မြစ်ကြီးနားမြို့၊ အမှတ် (၂) ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာမှ အမှုကိုအရေးယူစုံစမ်းပြီး တရားခံမောင်ရီပါ (၃) ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ (တ) အရ တရားစွဲဆိုတင်ပို့ခဲ့သည်။

ထို့နောက် မြစ်ကြီးနားမြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၁၁၁၃/၂၀၀၂ ၌ တရားခံမောင်ရီပါ (၃) ဦးအား အထက်တွင်ဖော်ပြသည့်အတိုင်း ပြစ်မှုထင်ရှားစီရင်လျက် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ရှေ့နေချုပ်ရုံးခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူးက မူလရုံးသည် တရားခံမောင်ရီပါ (၃) ဦး၏ အပြစ်ရှိကြောင်းဝန်ခံချက်အပေါ် မူတည်၍ ပြစ်မှုထင်ရှားစီရင်ခဲ့သော်လည်း နွားခိုးမှုမျိုး၌ တရားခံများအား ချမှတ်ခဲ့သောပြစ်ဒဏ်သည် ဟန့်တားလောက်သည့်ပြစ်ဒဏ်မျိုးမဟုတ်၍ တိုးမြှင့်သည့်ပြစ်ဒဏ်ကိုချမှတ်ပေးပါရန် ကချင်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လျှောက်ထားခံရသူ မောင်ရီပါ (၃) ဦးအပေါ် ထုတ်ဆင့်သည့် အကြောင်းကြားစာအတည်မဖြစ်ခဲ့သည့်အပြင် ၄င်းတို့၏နေရပ်လိပ်စာများကို ရှာဖွေတင်ပြစေခဲ့သော်လည်း တင်ပြနိုင်ခဲ့ခြင်းမရှိသဖြင့် ကချင်ပြည်နယ်ဥပဒေရုံးက ၂၄-၄-၂၀၀၃ ရက်စွဲပါ လျှောက်လွှာဖြင့် တရားခံများကို ပြန်လည်တွေ့ရှိက အမှုပြန်လည်ကြားနာခြင်းကို မထိခိုက်စေဘဲ အမှုကိုယာယီပိတ်သိမ်းပေးပါရန် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ယ) အရ ပြင်ဆင်ချက်တစ်ရပ်ရပ် သို့မဟုတ်

၂၀၀၃
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
မောင်ရီ ပါ (၃)

အကျိုးသက်ရောက်သော သို့မဟုတ် ဖြစ်ပေါ်လာသောတရားမျှတသည့် သို့မဟုတ် သင့်လျော်သည့်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်ဟုပြဋ္ဌာန်းထားကြောင်း။ ယင်းပြဋ္ဌာန်းချက်အရ ကချင်ပြည်နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ယ) အရ အမှုကိုယာယီပိတ်သိမ်းခွင့်ရှိပါလျက် ယင်းသို့ယာယီပိတ်သိမ်းခွင့်ပြုရန် လျှောက်ထားခြင်းကိုငြင်းပယ်ပြီး ပြင်ဆင်မှုကိုပလပ်ခဲ့ခြင်းသည် မှားယွင်းနေသဖြင့် ယင်းအမိန့်ကိုပယ်ဖျက်ပြီး ပြင်ဆင်မှုကို ခေတ္တယာယီပိတ်သိမ်းကြောင်း အမိန့်ချမှတ်သည်ဟူ၍ ပြင်ဆင်ချမှတ်ပေးသင့်ကြောင်းစသည်ဖြင့် လျှောက်လဲတင်ပြခဲ့သည်။

ပြင်ဆင်မှုလျှောက်ထားခံရသူ မောင်ရီပါ (၃) ဦးအပေါ် ထုတ်ဆင့်သည့်အကြောင်းကြားစာအတည်ဖြစ်ခဲ့သော်လည်း ၎င်းတို့သည် တရားရုံးချုပ်သို့ လျှောက်လဲတင်ပြခဲ့ခြင်းမရှိပေ။

ဤပြင်ဆင်မှု၌ ကချင်ပြည်နယ်ဥပဒေရုံးက မိမိတင်သွင်းသော ပြင်ဆင်မှုကို ယာယီပိတ်သိမ်းခွင့်ပြုပါရန် ကချင်ပြည်နယ်တရားရုံးသို့ လျှောက်ထားခဲ့သော်လည်း ကချင်ပြည်နယ်တရားရုံးက ယင်းလျှောက်ထားမှုကိုငြင်းပယ်၍ ပြင်ဆင်မှုကိုပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိဆိုသည့်အချက်ကို အဓိကစိစစ်ရန်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ ပြည်နယ်နှင့် တိုင်းတရားရုံးများသည် မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် တင်သွင်းသောပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိမည်ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) အရ တရားရုံးချုပ်၊ ပြည်နယ်နှင့်တိုင်းတရားရုံးများသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃၊ ၄၂၆၊ ၄၂၇ နှင့် ၄၂၈ တို့အရ အယူခံရုံးအားအပ်နှင်းထားသောအခွင့်အာဏာကို မိမိသဘောအတိုင်း ကျင့်သုံးခွင့်ရှိကြောင်းပြဋ္ဌာန်းထားပြီးဖြစ်သည်။

ထို့ကြောင့် ရှေ့နေချုပ်ရုံးခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူးက ကချင်ပြည်နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ယ) အရ ပြင်ဆင်မှုအားယာယီပိတ်သိမ်းခွင့်ပြုနိုင်သည့်အမိန့်ကို ချမှတ်ခွင့်ရှိသည်ဟု လျှောက်လဲတင်ပြခဲ့ခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ယ) ပါပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၀၃
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
မောင်ရီ ပါ (၃)

" တရားမျှတမည့် သို့မဟုတ် သင့်လျော်မည့်ပြင်ဆင်မှုတစ်ရပ်ရပ် ပြုလုပ်နိုင်သည် သို့မဟုတ် အကျိုးဆက် သို့မဟုတ် ပူးတွဲအမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည်။ "

အပြစ်ရသောတရားခံကတင်သွင်းသော အယူခံမှုတွင်အမှုသည်များက အမှုကိုကျေအေးကြောင်းတင်ပြလာလျှင် ကျေအေးနိုင်သောအမှုဖြစ်ပါက အယူခံတရားရုံးသည် ပြစ်မှုထင်ရှားစီရင်သည့်အမိန့်အစား အမှုကိုကျေအေးခွင့်ပြုသည်ဆိုသောအမိန့်ဖြင့် ပြင်ဆင်ပေးနိုင်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၅) ကိုကြည့်ပါ။) ယင်းအမိန့်မျိုးသည် ပူးတွဲအမိန့် သို့မဟုတ် ဆင့်ပွားအမိန့်ဖြစ်ပြီး ပင်မအမိန့်မှ ပေါ်ပေါက်လာသည် သို့မဟုတ် ဆင်းသက်လာတန်ရာသည့်အမိန့်မျိုးဖြစ်သည်။

**နိုင်ငံတော် နှင့် ကုလားညိုအမှု**[၁] ၌ ပြစ်မှုကျူးလွန်ချိန်က တရားခံရူးသွပ်နေသည်ဟုတောက်ယူကာ တရားခံအား တရားသေလွှတ်ရာတွင် အယူခံတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၁ အရ တရားခံအားစိတ်ရောဂါကုသဆေးရုံ၌ ထိန်းသိမ်းထားရန်ချမှတ်သောအမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ဃ) အရ နောက်ဆက်တွဲအမိန့်ဖြစ်ကြောင်း လမ်းညွှန်ထုံးဖွဲ့ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ဃ) အရ ချမှတ်နိုင်သောအမိန့်သည် ဆင့်ပွားအမိန့် သို့မဟုတ် ပင်မအမိန့်မှဆင်းသက်လာတန်ရာသောအမိန့်မျိုးဖြစ်ရန် လိုအပ်မည်ဖြစ်သည်။

လျှောက်ထားခံရသူမောင်ရီပါ (၃) ဦး၏ နေရပ်လိပ်စာအသစ်ကို တင်သွင်းနိုင်ခြင်းမရှိသဖြင့် ပြင်ဆင်မှုကို ယာယီပိတ်သိမ်းခွင့်ပြုသည်ဆိုသော အမိန့်မျိုးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ဃ) တွင်အကျုံးဝင်သောဆင့်ပွားအမိန့် သို့မဟုတ် ပင်မအမိန့်မှ ပေါ်ပေါက်လာသည့် သို့မဟုတ် ဆင်းသက်လာတန်ရာသည့်အမိန့်မျိုးမဟုတ်သည်မှာ မြင်သာလှသည်။

ထို့ကြောင့် ရွှေနေချုပ်ရုံးခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူးက ကချင်ပြည်နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ဃ) အရ ပြင်ဆင်မှုအား ယာယီပိတ်သိမ်းခွင့်ပြုသည်ဆိုသည့်အမိန့်ကိုချမှတ်နိုင်သည်ဆိုသော တင်ပြချက်သည် မှန်ကန်ခြင်းမရှိပေ။

(၁) ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး။ စာ-၅၄၄

၂၀၀၃
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
မောင်ရှိ ပါ (၃)

ယင်းသို့သောအခြေအနေမျိုး၌ ကချင်ပြည်နယ်တရားရုံးက ပြင်ဆင်မှုအား ယာယီပိတ်သိမ်းခွင့်ပြုရန် လျှောက်ထားမှုကို ငြင်းပယ်သည့်အမိန့်သည် မှားယွင်းမှုမရှိကြောင်းတွေ့ရှိရသည်။

ကချင်ပြည်နယ်တရားရုံးသည် ပြင်ဆင်မှုကိုယာယီပိတ်သိမ်းခွင့်ပြုရန် လျှောက်ထားမှုကိုငြင်းပယ်ခဲ့သည့်တိုင်အောင် ပြင်ဆင်မှုကို ပလပ်ခဲ့သဖြင့် ယင်းသို့ပလပ်သည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိကို ထပ်မံစိစစ်ရန်လိုအပ်လာပြန်သည်။

ပြစ်မှုဆိုင်ရာအယူခံမှုကိုဖြစ်စေ၊ ပြင်ဆင်မှုကိုဖြစ်စေ၊ နေရပ်လိပ်စာအသစ်တင်သွင်းနိုင်ခြင်းမရှိသဖြင့် ယင်းအမှုအား ယာယီပိတ်သိမ်းခွင့်ပြုပါရန် အမိန့်ချမှတ်နိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို တွေ့ရှိရသည်။

ယင်းကဲ့သို့ အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသည့် အခြေအနေမျိုး၌ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံးလျက် အမှုကိုယာယီပိတ်သိမ်းခွင့်ပြုနိုင်သော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရကျင့်သုံးရန် အာဏာကို တရားရုံးချုပ်သို့သာအပ်နှင်းထားပြီး ပြည်နယ်နှင့်တိုင်းတရားရုံးများသို့ အပ်နှင်းထားခြင်းမရှိသဖြင့် ကချင်ပြည်နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာအားကျင့်သုံး၍ အမှုကိုယာယီပိတ်သိမ်းခွင့်ပြုသည့်အမိန့်တစ်ရပ် ချမှတ်နိုင်မည်မဟုတ်ပေ။

**မောင်ရွှေဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[(၂)] ၌ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) အရ တရားခံတစ်ဦးအပေါ် ၎င်း၏အကျိုးအားထိခိုက်နစ်နာစေမည့်အမိန့်ကို မချမှတ်မီ၎င်းအားကိုယ်တိုင်သော်လည်းကောင်း၊ ရှေ့နေရှေ့ရပ်နှင့်သော်လည်းကောင်း ကြားနာရန်အခွင့်အရေးပေးရမည်ဖြစ်သည်။ ယင်းသို့အခွင့်အရေးမပေးဘဲ တစ်ဖက်သတ်ကြားနာကာ တရားခံ၏အကျိုးကိုဆန့်ကျင်သည့်အမိန့်ချမှတ်ခဲ့လျှင် ထိုအမိန့်သည် အဆိုပါပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာရောက်သဖြင့် တရားဝင်အမိန့်ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း လမ်းညွှန်ထုံးဖွဲ့ခဲ့ပြီးဖြစ်သည်။

တစ်ဖက်တွင်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၄၀

---

(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်)၊ စာ-၁၉၈၂

၂၀၀၃
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
မောင်ရီ ပါ (၃)

၌ အောက်ပါအတိုင်းပြဋ္ဌာန်းထားပြန်သည်-

" တရားရုံးတစ်ရုံးရုံးက မိမိ၏ပြင်ဆင်မှုအခွင့်အာဏာများကို ကျင့်သုံးသည့်အခါ ယင်းတရားရုံး၏ရှေ့တွင် မည်သည့်အမှုသည်မျှ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ လျှောက်လဲပြောဆိုခွင့် မရှိစေရ။

သို့သော် အဆိုပါတရားရုံးက သင့်သည်ထင်မြင်လျှင် ဆိုခဲ့သည့် အခွင့်အာဏာများကိုကျင့်သုံးသည့်အခါ အမှုသည်တစ်ဦးဦးကို ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ကြားနာနိုင်သည်။ ထို့ပြင် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပုဒ်မ ၄၃၉ ပုဒ်မခွဲ (၂) ကိုထိခိုက်သည်ဟု မှတ်ယူခြင်းမပြုရ။ "

ထို့ကြောင့် အထက်ဖော်ပြပါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၄၀ ပါပြဋ္ဌာန်းချက်များအရ ၄င်းပုဒ်မ၏ချွင်းချက်တွင်အကျုံးဝင်သည့် ကိစ္စရပ်မှတစ်ပါး အမှုသည်များအနေနှင့် မိမိတို့အား ကြားနာခွင့်ပြုရန် အရေးဆိုခွင့်မရှိသဖြင့် ပြင်ဆင်မှုရုံးသည် အမှုကိုလိုအပ်သလိုစိစစ်ပြီး အမိန့်ချမှတ်နိုင်မည်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) အရ ပြင်ဆင်မှုကို ကြားနာသော ကချင်ပြည်နယ်တရားရုံးသည် ပြင်ဆင်မှုလျှောက်ထားခံရသူ တရားခံများအား ပြစ်ဒဏ်တိုးမြှင့်လိုလျှင် ၄င်းတို့ကိုအကြောင်းကြားစာထုတ်ဆင့်၍ ကြားနာရန်လိုအပ်မည်ဖြစ်သကဲ့သို့ ပြစ်ဒဏ်တိုးမြှင့်ရန်မလိုအပ်ဟုထင်မြင်ယူဆပါကလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၄၀ ပါပြဋ္ဌာန်းချက်အရ လျှောက်ထားခံရသူ မောင်ရီပါ (၃) ဦးအား ကြားနာခြင်းမပြုဘဲ အမှု၏အရည်အသွေးအပေါ် မူတည်၍ အဆုံးအဖြတ်ပြုရန်ဖြစ်သည်။

ယင်းသို့သောအခြေအနေမျိုး၌ ကချင်ပြည်နယ်တရားရုံးက မည်သည့်အကြောင်းပြချက်တစ်စုံတစ်ရာမျှမရှိဘဲ လျှောက်ထားခံရသူ မောင်ရီပါ (၃) ဦးအား ကြားနာရန်ဆင့်ခေါ်နေဆဲတွင် ပြင်ဆင်မှုကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟုမဆိုသာပေ။

ဤပြင်ဆင်မှု၌ လျှောက်ထားခံရသူမောင်ရီပါ (၃) ဦးအား ကြားနာရန်အကြောင်းကြားစာချအပ်ခဲ့ရာတွင် ၄င်းတို့အပေါ် ထုတ်ဆင့်သည့်အကြောင်းကြားစာသည် အတည်ဖြစ်ခဲ့ပြီးဖြစ်၍ ကချင်ပြည်နယ်တရားရုံးသည် လျှောက်ထားခံရသူမောင်ရီပါ (၃) ဦးအပေါ် အကြောင်း

ကြားစာချုပ်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၆၉၊ ၇၀၊ ၇၁ ပါပြဋ္ဌာန်းချက်များနှင့်အညီ အတည်ပြုချုပ်သွားရန်ဖြစ်သည်။

ထို့ကြောင့် ကချင်ပြည်နယ်တရားရုံးက ပြင်ဆင်မှုအား ဟာယီဝိတ်သိမ်းခွင့်ပြုရန် လျှောက်ထားမှုအား ပယ်ချသည့်အမိန့်ကို ဆက်လက်အတည်ပြုပြီး ပြင်ဆင်မှုအားပလပ်သည့်အမိန့်ကိုမူ ပြန်လည်ပယ်ဖျက်၍ ကချင်ပြည်နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၀/၂၀၀၂ ကိုဥပဒေနှင့်အညီ ဆက်လက်ကြားနာရန် ညွှန်ကြားလိုက်သည်။

+ ၂၀၀၃
မေလ
၃၀ ရက်

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်အေးနှင့်
ဦးချစ်လွင်တို့၏ရှေ့တွင်

မောင်သန်းဇော်ပါ ၃
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

တရားရုံးချုပ်ရှိ အမှုများတွင် အမှုသည်များက ခုခံချေပခွင့်ရရှိစေရန်အတွက် တရားရုံးချုပ်က အသိပေးအကြောင်းကြားသည့်နည်းလမ်း၊ မူလတရားရုံးက ချမှတ်သည့်ပြစ်ဒဏ်ကို ပြန်လည်အတည်ပြုပေးခြင်းသည် ပြစ်ဒဏ်တိုးမြှင့်ရာမရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုတို့ထံသို့ ဆင့်ခေါ်အသိပေးသောဆင့်စာသည် ၂၁-၆-၂၀၀၂ ရက်နေ့တွင် ရောက်ရှိသွားသော်လည်း ၎င်းတို့က အမှုအတွက် မည်သို့ဆောင်ရွက်ပေးစေလိုကြောင်း တစ်စုံတစ်ရာပြန်ကြားခြင်း၊ တောင်းဆိုခြင်းမရှိခဲ့ကြပေ။ ၎င်းတို့သည် ၂၁-၆-၂၀၀၂ မှအမှုကို အပြီးသတ်ကြားနာသော ၅-၈-၂၀၀၂ ရက်နေ့အထိ ရက်ပေါင်း ၄၅ ရက်ခန့်အချိန်ရခဲ့ပါသည်။ ဆင့်ခေါ်စာကို အကျဉ်းထောင်တာဝန်ခံအရာရှိထံ ပေးပို့ရာတွင် ရက်ချိန်းမလုံလောက်ပါက ထပ်မံတောင်းဆိုနိုင်ကြောင်း ဖော်ပြပြီး ပေးပို့ခဲ့ခြင်းဖြစ်သည်။ သို့သော် အယူခံတရားလိုတို့က ရက်ချိန်းပေးရန်တောင်းဆိုခြင်း မတွေ့

---

* ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၃ နှင့် ၂၄
+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၁ (ခ) တွင် ချမှတ်သော ၁၃-၈-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု။

၂၀၀၃ / မောင်သန်းဝေ ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် မြင့်ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

ရပေ။

တရားရုံးချုပ်၏ လုပ်ထုံးလုပ်နည်းအရ အမှုအတွက် ပထမဆုံး ဆင့်ခေါ်သည့် ယခုကဲ့သို့သော ဆင့်စာတွင် အမှုကိုကြားနာရန်ဟု အကြောင်းဖော်ပြဆင့်ခေါ်လေ့ရှိသည်။ သို့သော်ထိုကဲ့သို့ဆင့်ခေါ်ပြီး နှစ်ဖက်အမှုသည်များ စုံညီရောက်ရှိပြီးမှသာ အမှုကိုအပြီးသတ်ကြားနာ လေ့ရှိသည်။ အမှန်တကယ်အပြီးသတ်ကြားနာမည့်နေ့ကို အမှုသည်များ အား သိကြားအသိပေးခြင်းမပြုဘဲ တရားရုံးချုပ်ကြော်ငြာသင်ပုန်းတွင် ကပ်၍ ကြော်ငြာလေ့သာရှိသည်။ ထို့ကြောင့်အမှုအတွက် ပထမဆုံး ဆင့်ခေါ်စာရရှိသောအမှုသည်များသည် အမှုတွင် လျှောက်လဲချက်ပေး ရန်အတွက် ကြိုတင်ပြင်ဆင်ချိန် လုံလောက်စွာရရှိနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၉၁ (ခ)/ ၂၀၀၂ ကို လျှောက်ထားသူ ဒေါ်တရုပ်မက လျှောက်ထားရာတွင် တရားခံတို့အပေါ် မူလတရားရုံးက ချမှတ်ထား သည့်ပြစ်ဒဏ် (ထောင်ဒဏ်တစ်သက်တစ်ကျွန်း) ကိုပြန်လည်အတည် ပြုပေးရန် လျှောက်ထားခြင်းဖြစ်သည်။ ပြစ်ဒဏ်တိုးမြှင့်ပေးရန် တောင်း ဆိုခဲ့ခြင်းမရှိပေ။ ထို့အတူတရားရုံးချုပ်က အမိန့်ချရာတွင်လည်း မူလ တရားရုံး၏ ပြစ်ဒဏ်များကိုသာ အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ပြစ်ဒဏ် တိုးမြှင့်ခဲ့ခြင်းမရှိပေ။ တစ်နည်းအားဖြင့်ဆိုသော် တိုင်းတရားရုံးက ချမှတ် သည့်ပြစ်ဒဏ်နှင့် မူလတရားရုံးက ချမှတ်သည့်ပြစ်ဒဏ်တို့တွင် မည်သည့် ပြစ်ဒဏ်သည် တရားမျှတမှုရှိ မရှိဆိုသည့်အချက်ကိုသာ တရားရုံးချုပ် က စိစစ်ခြင်းဖြစ်သည်။ ထို့ကြောင့် အယူခံတရားလိုတို့နှင့်စပ်လျဉ်းပြီး အမှုတွင်ထုချေပြောရှင်းခွင့် ပေးခဲ့ပြီးဖြစ်ကြောင်း။ အယူခံတရားလိုတို့ အပေါ် တရားရုံးချုပ်က ချမှတ်ခဲ့သောပြစ်ဒဏ်သည် ပြစ်ဒဏ်တိုးမြှင့် ရာမရောက်ကြောင်း သုံးသပ်ရရှိသည်။

| | | |
|---|---|---|
| ၂၀၀၃<br>မောင်သန်းဇော်<br>ပါ ၃<br>နှင့်<br>ပြည်ထောင်စု<br>မြန်မာနိုင်ငံတော်<br>မြင့်ဦး<br>နှင့်<br>ပြည်ထောင်စု<br>မြန်မာနိုင်ငံတော် | အယူခံတရားလိုအတွက် | - ၁။ ဦးမြင့်သိန်း<br>တရားရုံးချုပ်ရှေ့နေ<br>၂။ ဦးသာထွန်း<br>တရားရုံးချုပ်ရှေ့နေ |
| | အယူခံတရားခံအတွက် | - ဒေါ်ကျင်စန်း<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |

မော်လမြိုင်ခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၂၄/၂၀၀၁ တွင် တရားခံသက်အောင်၊ သန်းဇော်နှင့် သန်းထိုက်ဦးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရတစ်သက်တစ်ကျွန်းဒဏ်အသီးသီးကျခံစေ ရန်နှင့် တရားခံမြင့်ဦးအား ပုဒ်မ ၃၀၂ (၂)/၁၁၄ အရ တစ်သက် တစ်ကျွန်းဒဏ်ကျခံစေရန် အမိန့်ချခဲ့သည်။ မွန်ပြည်နယ်တရားရုံးသို့ မြင့်ဦးက အယူခံမှုအမှတ် ၃/၂၀၀၂ ဖြင့်လည်းကောင်း၊ သက်အောင်၊ သန်းဇော်နှင့် သန်းထိုက်ဦးတို့က အယူခံမှုအမှတ် ၄/၂၀၀၂ ဖြင့် လည်းကောင်း အယူခံသောအခါ မူလရုံးမှ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အမိန့်အသီးသီးကို အယူခံရုံးက အတည်ပြုပေးခဲ့သော်လည်း မူလရုံး က ချမှတ်ထားသည့် တစ်သက်တစ်ကျွန်းဒဏ်ကျခံစေရန် အမိန့်အသီး သီးကို ပယ်ဖျက်ခဲ့သည်။ ထိုပြစ်ဒဏ်အစား ထောင်ဒဏ် (၁၀) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်လျှော့ပေါ့ပေးခဲ့သည့် အယူခံ တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ထိုအမိန့်ကိုပယ်ဖျက်ပြီး မူလ တရားရုံး၏အမိန့်ကို အတည်ပြုပေးရန် ဒေါ်တရုပ်မ (ခ) ဒေါ်တင်မွေး က တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၁ (ခ)/၂၀၀၂ ကို လျှောက်ထားသည့်အခါတွင် ပြင်ဆင်မှုကို ခွင့်ပြုခဲ့သည်။ တရားခံ အသီးသီးအား အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီကျခံစေရန် ချမှတ် ခဲ့သည့် အယူခံမွန်ပြည်နယ်တရားရုံး၏ ပြစ်ဒဏ်အသီးသီးကို ပယ်ဖျက် လိုက်ပြီး မူလတရားရုံးက ချမှတ်ခဲ့သည့်အတိုင်း တရားခံသက်အောင်၊ သန်းဇော်၊ သန်းထိုက်ဦးတို့အသီးသီးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရတစ်သက်တစ်ကျွန်းဒဏ်အသီးသီးကျခံစေရန်၊ တရားခံမြင့်ဦး အား ပုဒ်မ ၃၀၂ (၂)/၁၁၄ အရတစ်သက်တစ်ကျွန်းဒဏ်ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။

| ၂၀၀၃ |
| --- |
| မောင်သန်းဇော် ပါ ၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် မြင့်ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် |

ထို့ကြောင့် တရားခံများက အထူးအယူခံဝင်ခွင့်ရရှိရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) အမှတ် ၂၅/၂၀၀၃ နှင့် ၂၈/၂၀၀၃ တို့ကို လျှောက်ထားခဲ့ကြသည်။ အောက်ဖော်ပြပါ ပြဿနာအသီးသီးကို အထူးအယူခံခုံရုံးဖြင့် ဖြေကြားပေးနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) အမှတ်၊ ၂၅/၂၀၀၃ နှင့် ၂၈/၂၀၀၃ တို့ကို ခွင့်ပြုပေးခဲ့သည်-

" (၁) တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၁ (ခ)/၂၀၀၂ တွင် ၂၀-၆-၂၀၀၂ နေ့၌ ဆက်လက်ကြားနာရန် ယခုလျှောက်ထားသူများဖြစ်ကြသော သန်းဇော်၊ သန်းထိုက်ဦး၊ သက်အောင်တို့အား တရားရုံးချုပ်က အကြောင်းကြားသည့်စာသည် သန်းဇော်ပါ (၃) ဦးအကျဉ်းချခံနေရသော မော်လမြိုင်အကျဉ်းထောင်သို့ ၂၁-၆-၂၀၀၂ နေ့မှရောက်ရှိခဲ့ကြောင်း ပေါ်ပေါက်နေရာ ဤအခြေအနေမျိုးတွင် လျှောက်ထားသူသန်းဇော်ပါ (၃) ဦးတို့အပေါ် တရားရုံးချုပ်က ပြစ်ဒဏ်တိုးမြှင့်ပေးခြင်းမှာ ဥပဒေနှင့်ညီ မညီ၊

(၂) သေသူရရှိသော ဒဏ်ရာများအပေါ် မူတည်၍ လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှုရှိ မရှိနှင့် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) မှုအမှတ်၊ ၂၈/၂၀၀၃ အတွက် သတ်မှတ်ပေးခဲ့သည့်ပြဿနာနှစ်ခုမှာ-

(က) တရားရုံးချုပ်၏ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၉၁ (ခ)/၂၀၀၂ တွင် ၂၀-၆-၂၀၀၂ ရက်နေ့၌ဆက်လက်ကြားနာရန် ယခုလျှောက်ထားသူမြင့်ဦးအား တရားရုံးချုပ်က အကြောင်းကြားသည့်စာသည် မြင့်ဦးအကျဉ်းကျခံနေရသော မော်လမြိုင်အကျဉ်းထောင်သို့ ၂၁-၆-၂၀၀၂ နေ့မှရောက်ရှိခဲ့ကြောင်း ပေါ်ပေါက်နေရာ ဤအခြေအနေမျိုးတွင် လျှောက်ထားသူမြင့်ဦးအပေါ် တရားရုံးချုပ်က ပြစ်ဒဏ်တိုးမြှင့်ပေးခြင်း

၂၀၀၃
မောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

မှာ ဥပဒေနှင့်ညီ ဖသီ၊

(ခ) သေသူရရှိသော ဒဏ်ရာများအပေါ်မူတည်၍ လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ (၂)/၁၁၄ အရပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှုရှိ မရှိ " တို့ဖြစ်သည်။

အမှုဖြစ်စဉ်မှာ ၁၇-၄-၂၀၀၁ ရက်နေ့တွင် မော်လမြိုင်မြို့ ဗိုင်းဝန်းကွင်း၊ ရွှေမြိုင်သီရိမွေသုခလမ်းတွင် နေထိုင်သောမောင်နိုင်နိုင်အား မြင့်ဦး၊ သက်အောင်၊ သန်းဇော်၊ သန်းထိုက်ဦးနှင့် ထွက်ပြေး တရားခံများဖြစ်ကြသော ကိုကိုဦး (ခ) ပေါက်စီ၊ ဇာနည်ကျော်၊ ဝဏ္ဏလင်းတို့က ဗိုင်းဝန်းရိုက်နှက်ခဲ့ကြသည်။ မောင်နိုင်နိုင်အားရှေ့ဦးစွာ တရားခံမြင့်ဦးက ဖမ်းဆီးချုပ်နှောင်ပြီး နား၏နောက်ဖက်တွင် ဓါးချွန်ဖြင့် ထောက်ထားခဲ့ရာ မြင့်ဦး၏သား တရားခံပြေးကိုကိုဦးက မောင်နိုင်နိုင်ကို ဖနောင့်ခဲဖြင့်ထုခဲ့သည်။ ထို့နောက်ဝဏ္ဏလင်း (တရားခံပြေး)၊ သန်းဇော်နှင့် သန်းထိုက်ဦးတို့က မောင်နိုင်နိုင်ကို အုတ်ခဲဖြင့်ထပ်မံ ထုနှက်ခဲ့ကြသည်။ မောင်နိုင်နိုင်လဲကျသွားသောအခါ ၎င်း၏ဦးခေါင်းအား တရားခံသက်အောင်က ဒုတ်ဖြင့်နှစ်ချက်ရိုက်နှက်ခဲ့ကြခြင်းဖြစ်သည်။ မူလတရားရုံးနှင့် အယူခံတရားရုံးတို့က တရားခံမြင့်ဦးအား ပုဒ်မ ၃၀၂ (၂)/၁၁၄ အရလည်းကောင်း၊ တရားခံသက်အောင်၊ သန်းဇော်နှင့် သန်းထိုက်ဦးတို့အား ပုဒ်မ ၃၀၂ (၂) အရလည်းကောင်း၊ ပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ခဲ့သည်။ မူလတရားရုံးက ချမှတ်ထားသည့်ပြစ်ဒဏ်ကို အယူခံတိုင်းတရားရုံးက လျှော့ပေါ့လိုက်သဖြင့် မူလရုံးပြစ်ဒဏ်ကို ပြန်လည်အတည်ပြုပေးရန် ဒေါ်တရုပ်မက တရားရုံးချုပ်သို့ လျှောက်ထားခဲ့သည်။ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၁ (ခ)/ ၂၀၀၂ တွင် တရားခံများအပေါ် ထောင်ဒဏ်တစ်သက်တစ်ကျွန်းစီကျခံစေရန် ပြစ်ဒဏ်များကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ ထို့ကြောင့်တရားခံများက အထူးအယူခံဝင်ခွင့်ရရှိရန် လျှောက်ထားခဲ့ကြရာတွင် ၎င်းတို့၏လျှောက်ထားမှုများကို ခွင့်ပြုပြီး အထူးအယူခံမှုများ ဖွင့်ခဲ့ခြင်းဖြစ်သည်။ အမှုနှစ်မှုတွင် ဖြေဆိုရမည့်ပြဿနာမှာ တူညီခြင်း၊ မူလမှုတစ်မှုတည်းမှ ပေါက်ဖွားလာသည့်အမှုများဖြစ်ခြင်းတို့ကြောင့် ဤအမှုနှစ်မှုစလုံးကို တစ်ပေါင်းတည်းသုံးသပ်ဆုံးဖြတ်မည်ဖြစ်သည်။

၂၀၀၃
မောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အယူခံတရားလို သန်းဇော်ပါ (၃) ဦးတို့အတွက် ၎င်းတို့၏ တရားရုံးချုပ်ရှေ့နေမှ လျှောက်လဲတင်ပြရာတွင် ပထမပြဿနာမှာ ပြစ်ဒဏ်တိုးမြှင့်သည့်အမှုတွင် လျှောက်ထားခံရသူများကို ကြားနာခြင်း မပြုခဲ့သည့် ပြဿနာဖြစ်ကြောင်း၊ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၁ (ခ)/၂၀၀၂ အား ၂၀-၆-၂၀၀၂ နေ့တွင် ကြားနာရန် ချိန်းဆိုသော အကြောင်းကြားစာကို ၂၁-၆-၂၀၀၂ ရက်နေ့မှ လက်ခံရရှိခဲ့သည်မှာ ထင်ရှားကြောင်း၊ ကြားနာမည့်နေ့ရက်ထက်နောက်ကျပြီးမှ အကြောင်းကြားစာလက်ခံရရှိခြင်းဖြစ်ကြောင်း၊ ပြင်ဆင်မှုကို နောက်ပိုင်းရက်တွင်မှ အမှန်ကြားနာခဲ့ခြင်းဖြစ်စေကာမူ လျှောက်ထားခံရသူများအနေဖြင့် ကြားနာရန် မူလချိန်းဆိုသည့် ၂၀-၆-၂၀၀၂ နေ့တွင် ကြားနာပြီးဖြစ်သည်ဟုမှတ်ယူရန် အကြောင်းရှိကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) တွင် တရားခံကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ထုချေခွင့်မရလျှင် ၎င်းတရားခံအား ထိခိုက်အောင် ဤပုဒ်မအရ အမိန့်ကိုချမှတ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းသို့ထုချေရာ၌ မိမိအားပြစ်မှုထင်ရှားစီရင်ခြင်းမပြုထိုက်ကြောင်း၊ အကြောင်းပြခွင့်ရှိစေရမည်ဟု ပြဋ္ဌာန်းထားပြီး ပြစ်ဒဏ်တိုးမြှင့်ခြင်းခံရသူအား နစ်နာမှုမဖြစ်စေရန် ဥပဒေက အခွင့်အရေးပေးထားကြောင်း၊ လျှောက်ထားသူ သန်းဇော်ပါ (၃) ဦးတို့အပေါ် တရားရုံးချုပ်က ပြစ်ဒဏ်တိုးမြှင့်ပေးခြင်းသည် ဥပဒေနှင့်မညီဟု ခံရသူအား နစ်နာမှုမဖြစ်စေရန် ဥပဒေက အခွင့်အရေးပေးထားကြောင်း၊ လျှောက်ထားသူသန်းဇော်ပါ (၃) ဦးတို့အပေါ် တရားရုံးချုပ်က ပြစ်ဒဏ်တိုးမြှင့်ပေးခြင်းသည် ဥပဒေနှင့်မညီဟု ဖြေဆိုသင့်ကြောင်း၊ တရားရုံးချုပ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၁ (ခ)/၂၀၀၂ တွင်တစ်သက်တစ်ကျွန်းကျခံစေရန် ချမှတ်ခဲ့သည့် အမိန့်ကိုပယ်ဖျက်ပေးသင့်ကြောင်း လျှောက်လဲသည်။

ဒုတိယပြဿနာနှင့်စပ်လျဉ်း၍ ဆက်လက်လျှောက်လဲရာတွင် မူလရုံးအမှုတွဲသက်သေခံ (ဂ) ဆေးစာအရ သေသူနိုင်နိုင်ရရှိသော ဒဏ်ရာ (၅) ချက်အနက် အမှတ် (၁) နှင့် (၂) ဒဏ်ရာနှစ်ချက်သာ ပြင်းထန်ဒဏ်ရာဖြစ်ပြီး တုံးသောလက်နက်ဖြင့် ပြုလုပ်သောဒဏ်ရာမျိုးဖြစ်ကာ ထိုဒဏ်ရာ (၁) နှင့် (၂) တို့ကြောင့်သေဆုံးရခြင်းဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ သက်သေခံ (ဂ) ဆေးစာတွင် ဒဏ်ရာ (၁) နှင့် (၂) တို့သည် ပြင်းထန်ဒဏ်ရာ၊ တုံးသောလက်နက်၊ ဒဏ်ရာ (၃) (၄)

(၅) သည် သာမန်ဒဏ်ရာ တုံးသောလက်နက်၊ ဒဏ်ရာ (၁) နှင့် (၂) တို့ကြောင့် ဦးနှောက်အမြှေးပါးအောက်တွင် သွေးယိုစီးမှုဖြစ်ပြီး သေဆုံးရခြင်းဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ထိုဆေးစာဖော်ပြချက်အရ သေသူရရှိသောဒဏ်ရာများမှာ (၅) ချက်ဖြစ်ကြောင်း တွေ့ရှိရသည့် အပြင် အမှုတွင်တရားခံ အများအပြားပါဝင်သဖြင့် မည်သူက မည်သည့် ဒဏ်ရာကိုပြုလုပ်သည်ဟု ခွဲခြားသိနိုင်ရန် မလွယ်ကူကြောင်း၊ တရားလို ပြသက်သေ တင့်နိုင်ထွန်း (လိုပြ ၃) အားပြန်လှန်စစ်ဆေးသောအခါ နိုင်နိုင်ကို တုတ်နှင့်ရိုက်သူများမှာ ၃၊ ၄ ဦးရှိသကဲ့သို့ ခဲနှင့်ထုသူများလည်း ၃၊ ၄ ဦးရှိပါသည်။ မည်သူ၏လက်ချက်ဖြင့်လည်းကောင်း၊ မည်သူ၏အုတ်ခဲဖြင့်လည်းကောင်း၊ နိုင်နိုင်ဒဏ်ရာရရှိခဲ့သည်ကိုတော့ ကျွန်တော် မပြောနိုင်ပါဟု ထွက်ဆိုထားကြောင်း၊ ဤသို့သောအခြေအနေမျိုးတွင် ပြစ်မှုဥပဒေပုဒ်မ ၃၀၂ အရအပြစ်မပေးသင့်ဘဲ နာကျင်စေမှုဆိုင်ရာ ပုဒ်မများအရသာ အပြစ်ပေးထိုက်ကြောင်း၊ ထို့ကြောင့် ဤအထူးအယူခံမှုကို ဒုတိယပြဿနာနှင့်ပတ်သက်၍လည်း သေသူရရှိသောဒဏ်ရာများ အပေါ်မူတည်၍ လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှုမရှိဟု ဖြေဆိုသင့်ကြောင်း၊ ပြစ်မှုဥပဒေပုဒ်မ ၃၂၅ အရသာပြစ်ဒဏ်ပေးသင့်ကြောင်း လျှောက်လဲသည်။

အယူခံတရားလိုမြင့်ဦး၏ တရားရုံးချုပ်ရှေ့နေမှ လျှောက်လဲရာတွင် တရားရုံးချုပ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၁ (ခ)/ ၂၀၀၂ ကို ၂၀-၆-၂၀၀၂ ရက်နေ့တွင် ကြားနာမည်ဖြစ်ကြောင်းကို အယူခံတရားလိုမြင့်ဦးက ၂၁-၆-၂၀၀၂ ရက်နေ့တွင်မှ သိရှိခဲ့ရကြောင်း၊ အယူခံတရားလိုမြင့်ဦးအနေဖြင့်လည်း အကျဉ်းထောင်တာဝန်ခံအရာရှိ၏ ပြောကြားချက်အရ တရားရုံးချုပ် ပြစ်မှုပြင်ဆင်မှုအမှတ်၊ ၂၉၁ (ခ)/ ၂၀၀၂ ကို ၂၀-၆-၂၀၀၂ ရက်နေ့တွင်ကြားနာမည်ဖြစ်ကြောင်း၊ ၂၁-၆-၂၀၀၂ ရက်နေ့တွင်မှ သိရှိခဲ့ရသဖြင့် အကျိုးဆောင်များနှင့် ခုခံ ချေပရန် အချိန်နောက်ကျသွားပြီဟု ထင်မှတ်မှားခဲ့ပြီး တရားရုံး၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၁ (ခ)/ ၂၀၀၂ တွင်လာရောက်ခုခံ ချေပခဲ့ခြင်းမပြုခဲ့ရကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) တွင် တရားခံကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ထုချေခွင့်မရလျှင် ၎င်းတရားခံအား ယိခိုက်အောင် ဤပုဒ်မအရ မည်သည့်အမိန့်ကိုမျှ

ချမှတ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားကြောင်း၊ ၎င်းအပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၆) တွင်ဤပုဒ်မတွင် မည်သို့ပင်ပါရှိကာမူ မိမိအပေါ်ပြစ်ဒဏ်ကို မတိုးမြှင့်သင့်ကြောင်း၊ ပုဒ်မခွဲ (၂) အရထုချေခွင့်ရှိသည့် အပြစ်ကျတစ်ဦးဦးသည် ယင်းသို့ထုချေရာတွင် မိမိအားပြစ်မှုထင်ရှားစီရင်ခြင်းမပြုထိုက်ကြောင်း၊ အကြောင်းပြခွင့်လည်းရှိစေရမည်ဟုလည်း ထပ်ဆင့်ပြဋ္ဌာန်းထားကြောင်း၊ ယခုအမှုတွင် မော်လမြိုင်အကျဉ်းထောင်တာဝန်ခံထံ အကြောင်းကြားစာရောက်ရှိသည်မှာ အချိန်နောက်ကျပြီးမှ ရောက်ရှိခဲ့သဖြင့် တရားခံမြင့်ဦးအား တရားဝင်အကြောင်းကြားစာအတည်ပြုသည်ဟု မမှတ်ယူထိုက်ကြောင်း၊ တရားရုံးချုပ်က ပြစ်ဒဏ်တိုးမြှင့်ပေးခြင်းမှာ ဥပဒေနှင့်မညီကြောင်း ဖြေကြား၍ မြင့်ဦး၏အယူခံမှုကို ခွင့်ပြုသင့်ကြောင်း လျှောက်လဲသည်။

ပြဿနာအမှတ် အမှတ် (၂) နှင့်စပ်လျဉ်း၍ ဆက်လက်လျှောက်လဲရာတွင် အမှုတွဲတွင်ပေါ်ပေါက်ချက်အရ သေဆုံးသူမောင်နိုင်နိုင်နှင့် ထော်နီတို့သည် မော်လမြိုင်၊ ဒိုင်းဝန်းကွင်းလမ်းမကြီးတဖက်လမုတန်းရပ်ကွက်တွင် နေထိုင်ကြသူများဖြစ်ကြပြီး ၎င်းတို့သည် အရက်သေစာသောက်စားထားကြသူများဖြစ်သည်ဟု ပေါ်လွင်ကြောင်း၊ နတ်မှော်စုရပ်ကွက်သို့လာရောက်ပြီး မောင်သက်အောင်အား စတင်ရန်ပြုခဲ့သူများဖြစ်ကြောင်းတို့ကို လျှောက်လဲသည်။ ထို့နောက်သက်သေခံ (ဂ) ဆေးစာအရ သေသူတွင်ရရှိသောဒဏ်ရာများ၌ ပြတ်ရှ ထိုးသွင်းဒဏ်ရာလုံးဝမရှိသည်မှာ ပေါ်လွင်ကြောင်း၊ သေဆုံးသူမောင်နိုင်နိုင်အားကတုံးရိတ်၍ ရိုက်ထားသောဓါတ်ပုံသက်သေခံ (ဈ) တွင်လည်း စုတ်ပြဲဒဏ်ရာများသာရှိကြောင်း၊ သို့သော်မော်လမြိုင်ခရိုင်တရားရုံးသည် တရားခံမြင့်ဦးက ဓါးနှင့်ထိုး၍ မောင်နိုင်နိုင်သေဆုံးရပါသည်ဟု ဆုံးဖြတ်လို၍ အမှုတွဲတွင် လုံးဝမပေါ်ပေါက်သောအချက်များကို တွေးထင်ချက်များဖြင့်အခြေခံပြီး မြင့်ဦးအပေါ် ပြစ်ဒဏ်ချမှတ်ထားကြောင်း၊ အမှု၏အစပိုင်းတွင် သက်သေခံဓါးတင်ပြနိုင်မှုမရှိခဲ့ကြောင်း၊ ဒုရဲအုပ်မြတ်သူရ၏ထွက်ချက်အရ ၁၈-၄-၂၀၀၁ ရက်နေ့တွင်တရားလိုအားစစ်ဆေးခြင်း တရားခံများအား ဖမ်းဆီး၍ရီမန်ယူခြင်း သက်သေမောင်သန်းထွေးနှင့် ထော်နီတို့ကို စစ်ဆေးခြင်းတို့ပြုခဲ့ကြောင်း ထွက်ဆိုချက်ရှိရာ ထိုနေ့အထိ အမှုတွင်သက်သေခံဓါးမရှိကြောင်း၊ ၁၉-၄-၂၀၀၁ ရက်နေ့တွင် သက်သေမောင်သန်းထွေး၏ပေးအပ်ချက်အရ သက်သေခံ

၂၀၀၃
မောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ဓါးသည်အမှုတွင် ပေါ်ပေါက်လာကြောင်း၊ သက်သေခံဓါးဖြင့် မြင့်ဦးက ပြုလုပ်ခဲ့ကြောင်းပေါ်လွင်စေလိုသဖြင့် ့တရားလိုဒေါ်တင်ဌေးသည် ရုံးတော်ရှေ့ထွက်ဆိုချက် စာမျက်နှာ (၂) တွင် ဦးခေါင်းနောက်ဘက်တွင် ကြေပြီး သွေးများပွက်ပွက်ထနေပါသည်။ ဘယ်ဘက်နားအနောက် လည်ပင်းနှင့်အစပ်တွင် လက်နှစ်သစ်ခန့် ရှည်ပြတ်ထွက်နေသည့်ဒဏ်ရာ များတွေ့ရသည်ဟု ထွက်ဆိုထားကြောင်း၊ ဓါတ်ပုံများနှင့်စာရွက်စာတမ်း များဖြစ်ကြသော စကားမပြောသောသက်သေခံချက်များသည် တရားလို နှင့်ဆွေမျိုးများထွက်ဆိုသကဲ့သို့ မောင်နိုင်နိုင်အား မြင့်ဦးက ဓါးဖြင့် တစ်စုံတစ်ရာပြုလုပ်ခဲ့ကြောင်း လုံးဝထောက်ခံမထားဘဲ တရားခံနှင့် သက်သေများထွက်ဆိုခဲ့ကြသကဲ့သို့ အချင်းဖြစ်ချိန်က မြင့်ဦးပါဝင်ခြင်း မရှိဟူသောအချက်ကိုသာ ထောက်ခံနေကြောင်း၊ သို့ဖြစ်ပါ၍ စကား မပြောသောသက်သေခံချက်များကို အလေးပေးစဉ်းစားမည်ဆိုပါက မြင့်ဦးသည် အချင်းဖြစ်စဉ်က ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခဲ့ကြောင်း မပေါ်လွင်ပါသဖြင့် မြင့်ဦးအပေါ် အမိန့်ချထားသောပြစ်ဒဏ်မှ အပြီးအပြတ်လွှတ်ပေးသင့်ကြောင်းတို့ကို လျှောက်လဲသည်။

သက်သေခံ (ဂ) ဆေးစာနှင့် သက်သေခံ (ဈ) ဓါတ်ပုံများအရ မောင်နိုင်နိုင်တွင် ရရှိသောဒဏ်ရာများမှာ တစ်ဦးတည်းသော တရားလို ပြမျက်မြင်သက်သေ မောင်သန်းထွေးထွက်ဆိုသကဲ့သို့ ဓါးနှင့်ထိုးသော ဒဏ်ရာမဟုတ်ကြောင်း၊ တရားလိုပြသက်သေ ဆရာဝန်ဒေါက်တာ ဝင်းကျော်သူ တင်ပြသကဲ့သို့ တုံးသောလက်နက်ဖြင့်ပြုလုပ်၍ ရရှိသော ဒဏ်ရာဖြစ်ကြောင်း၊ ၎င်းအပြင် ရုံးခေါ်သက်သေဦးဥာဏ်ထွန်း၏ ထွက်ဆိုချက်စာမျက်နှာ (၂) တွင်လည်း မြင့်ဦးနှင့် သက်အောင်တို့က မောင်နိုင်နိုင်ကို တုတ်နှင့်ရိုက်သည်ဟု ထွက်ဆိုချက်ရှိနေကြောင်း၊ ယခု အမှုတွင် တရားခံများမှာ မြင့်ဦး၊ သက်အောင်၊ သန်းဇော်၊ သန်းထိုက်ဦး၊ ကိုကိုဦး၊ ဇာနည်ကျော်နှင့် ဝဏ္ဏလင်းတို့ (၇) ဦးဖြစ်ပါသည်။ ကိုကိုဦး၊ ဇာနည်ကျော်နှင့် ဝဏ္ဏလင်းတို့မှာ ထွက်ပြေးတိမ်းရှောင်နေကြကြောင်း။ သက်သေခံ (ဂ) ဆေးစာအရ အမှတ် (၁) နှင့် အမှတ် (၂) သေစေ လောက်သောဒဏ်ရာကို မည်သူပြုလုပ်၍ရရှိကြောင်း၊ မူလအမှုတွဲတွင် ယုံးဝပေါ်ပေါက်ခြင်းမရှိကြောင်း၊ အကယ်၍ မြင့်ဦးသည် ပြစ်မှုကျူးလွန် ရာတွင် ပါဝင်အားပေးကူညီသည်ဟု သုံးသပ်ဆုံးဖြတ်ပါလျှင်လည်း မြင့်ဦး အပေါ် ပြစ်မှုပုဒ်မ ၃၂၅/၁၁၄ အရသာအပြစ်ပေးသင့်သည်ဟု ထင်

၂၀၀၃
မောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

မြင်ယူဆပါကြောင်း၊ မြင့်ဦးအပေါ် ပြစ်မှုပုဒ်မ ၃၀၂ (၂)/၁၁၄ အရ တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ထားခြင်းသည် ပြစ်မှုနှင့်ပြစ်ဒဏ်မျှတမှု မရှိကြောင်း၊ သေသူရရှိသောဒဏ်ရာများအပေါ် မူတည်၍ လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄ အရပြစ်မှု ထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှုမရှိဟု ဖြေကြားသင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးမှ အမှုနှစ်မှုတွက် တစ်ပေါင်းတည်းလျှောက်လဲရာတွင် အယူခံတရားလိုတို့ထံ ပေးပို့သောအကြောင်းကြားစာသည် ၎င်းတို့ထံ ၂၁-၆-၂၀၀၂ ရက်နေ့တွင် ရောက်ရှိသွားပြီး ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ်၊ ၂၉၁ (ခ)/၂၀၀၂ ကို ၅-၈-၂၀၀၂ နေ့တွင်မှ အပြီးသတ်ကြားနာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအမှုမှာ မူလရုံးက တစ်သက်တစ်ကျွန်း ချမှတ်ထားသည်ကို ပြည်နယ်တရားရုံးက ထောင် (၁၀) နှစ်သို့လျှော့ ချသဖြင့် မူလရုံးအမိန့်အတိုင်း ပြန်၍အတည်ပြုရန် တရားရုံးချုပ်သို့ လျှောက်ထားခြင်းဖြစ်ပါ၍ ပြစ်ဒဏ်တိုးသည်ဟု စဉ်းစားရန်မသင့်ကြောင်း၊ ထို့ပြင် လျှောက်ထားသူများအနေဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၂) နှင့်အညီ ထုချေခွင့်ရခဲ့သည်ဟုလည်းဆိုနိုင်ပါ၍ အဆိုပါပြဿနာ (၁) နှင့်ပတ်သက်၍ သုံးသပ်ပေးရန်အကြောင်းမပေါ် ပေါက်ကြောင်းတို့ကို လျှောက်လဲသည်။

သက်သေခံချက်များအရ ၁၇-၄-၂၀၀၁ ရက်နေ့ညနေပိုင်းတွင် နိုင်နိုင်နှင့် သက်အောင်တို့ ခိုက်ရန်ဖြစ်ပွားမှုမှစတင်၍ သက်အောင်ဘက်က လူအုပ်ပါလာပြီး နိုင်နိုင်အား ဝိုင်းဝန်းရိုက်နှက်ပစ်ပေါက်ကြရာမှ နိုင်နိုင်ဒဏ်ရာများရရှိသေဆုံးခဲ့ရကြောင်း၊ အချင်းဖြစ်ချိန် ဝိုင်းဝန်း ရိုက်နှက်ချိန်က မြင့်ဦးက နိုင်နိုင်၏လည်ပင်းနားနောက်ကို ဓါးတစ်ချောင်းထောက်ထားခဲ့သည်ဆိုသည့်အချက်၊ ထိုစဉ်ထွက်ပြေးနေသော တရားခံကိုကိုဦး (တရားခံမြင့်ဦးသား) ကအုတ်ခဲနှင့်ထုလိုက်သဖြင့် နိုင်နိုင်လဲကျသွားသည့်အချက်၊ ထိုသူလဲကျသွားစဉ် သန်းထိုက်ဦး၊ သန်းဇော်နှင့် ဝဏ္ဏလင်း (တရားခံပြေး) တို့က ထိုသူ၏ဦးခေါင်းညာဘက်ကို ဒုတ်၊ ခဲလုံးတို့ဖြင့် ထုရိုက်ခဲ့သည့်အချက်၊ ထို့နောက်သက်အောင်က ဒုတ်တစ်ချောင်းကိုင်ပြီး နိုင်နိုင်၏ဆံပင်ကိုဆွဲ၍ကိုင်လျက်အနေအထားဖြင့် နှစ်ချက်ရိုက်ခဲ့သည့်အချက်၊ အချင်းဖြစ်နေရာမှ ဓါးတစ်ချောင်းတွေ့ရှိ

၂၀၀၃
မောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ရသည့်အချက်များမှာ ထင်ရှားကြောင်းလျှောက်လဲသည်။

ဒေါက်တာဝင်းကျော်သူ (လိုပြစ်) ကသေသူနိုင်နိုင်၏အလောင်းအားစစ်ဆေးရာ ဒဏ်ရာ (၅) ချက်တွေ့ရကြောင်း၊ ဒဏ်ရာ (၁) မှာ ညာဘက်နားနောက် စုတ်ပြဲဒဏ်ရာ (၂ × ၀. ၅ ×၀. ၄ စင်တီမီတာ) ရှိပြီး၊ ဒဏ်ရာ (၂) မှာ ညာဘက်ဂျိုစောင်း စုတ်ပြဲဒဏ်ရာ (၂ × ၀. ၅ ×၀. ၄ စင်တီမီတာ) ရှိကြောင်း၊ ယင်းဒဏ်ရာ (၂) ခုမှာ ပြင်းထန်ဒဏ်ရာ၊ တုံးသောလက်နက်ဖြစ်ပြီး မုချသေနိုင်သောဒဏ်ရာဖြစ်သည်ဟု ထင်မြင်ချက်ပေးထားကြောင်း၊ သို့ပါ၍ တရားခံ မြင့်ဦး၊ သန်းထိုက်ဦး၊ သန်းဇော်၊ သက်အောင်တို့ ဝိုင်းဝန်းရန်ပြုမှုကြောင့် နိုင်နိုင်သေဆုံးရသည်ဟု ပေါ်ပေါက်ကြောင်းတို့ကို လျှောက်လဲသည်။ တရားခံများက ခုခံချေပရာတွင် မြင့်ဦးက နိုင်နိုင်လဲကျပြီးမှ အချင်းဖြစ်နေရာသို့ ရောက်ရှိကြောင်း၊ သန်းဇော်နှင့် သန်းထိုက်ဦးက အချင်းဖြစ်နေရာတွင်မရှိဘဲ နေအိမ်များတွင်ရှိနေကြကြောင်းနှင့် သက်အောင်က ၄င်းအားသေသူနိုင်နိုင်နှင့် ကျော်လေးလွင် (ခ) ထော်နီတို့အား ရိုက်သဖြင့်လဲကျပြီး သတိမေ့နေ၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခြင်းမရှိဟု ထွက်ဆိုထားကြကြောင်း၊ တရားခံများ၏ထုချေချက်ခိုင်မာမှုမရှိဘဲ အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ သေသူနိုင်နိုင်ကို မြင့်ဦးက ချုပ်နှောင်ထားပြီး နားနောက်သို့ ဝင်ထောက်ထား၍ ပြန်လည်ရန်ပြုရန် အခြေအနေမရှိချိန်တွင် ကျန်တရားခံများက ဝိုင်းဝန်း၍အုတ်ခဲပြားဖြင့် ဦးခေါင်းကိုအသီးသီးထုကြကြောင်း၊ နိုင်နိုင်သည် ဦးခေါင်းတွင်ရရှိသည့်ဒဏ်ရာများဖြင့် ဦးနှောက်သွေးယိုစီးကာ သေဆုံးရခြင်းဖြစ်ကြောင်း၊ သို့ပါ၍ အယူခံတရားလိုတို့အပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းမှာမှန်ကြောင်း၊ သို့သော်တစ်ဦးထက်ပိုသောတရားခံများက တစ်ခုထက်ပိုသောဒဏ်ရာများကို ရရှိစေခဲ့ရာတွင် သေစေလောက်သောဒဏ်ရာကို မည်သည့်တရားခံက ပြုလုပ်ခဲ့ကြောင်း ရှင်းလင်းထင်ရှားပေါ်လွင်မှုမရှိဟု သုံးသပ်တွေ့ရှိနေကြောင်း၊ သို့ဖြစ်၍ အယူခံတရားလိုများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) နှင့် ပုဒ်မ ၃၀၂ (၂)/၁၁၄ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှုရှိ မရှိပြန်လည်သုံးသပ်သင့်ကြောင်းတို့ကို လျှောက်လဲသည်။

ဤအမှုများတွင် အဓိကဖြေဆိုရမည့်ပြဿနာမှာ အယူခံတရားလိုတို့အပေါ် အသေပေးဆင့်ဆိုသည့်ဆင့်စာ ရောက်ရှိခြင်းသည် တရားဝင်မဝင်ဆိုသည့်အချက်ပင်ဖြစ်သည်။ မူလရုံး၏

၂၀၀၃
မောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ပြစ်ဒဏ်ကို ပြန်လည်အတည်ပြုပေးရန်အတွက် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအတွက် လျှောက်ထားသည့်အချိန်တွင် အမှုမှအယူခံတရားလိုတို့သည် တိုင်းတရားရုံး၏အမိန့်အရ မော်လမြိုင်အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသူများဖြစ်သည်။ ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို ၂၀-၆-၂၀၀၂ ရက်နေ့တွင် လျှောက်လဲချက်ကြားနာမည်ဖြစ်ကြောင်းဖော်ပြပြီး ၁၁-၆-၂၀၀၂ ရက်နေ့တွင် တရားရုံးချုပ်က ဆင့်စာထုတ်ဆင့်ခဲ့ရာတွင် အဆိုပါ ဆင့်စာသည် အယူခံတရားလိုတို့ထံသို့ ၂၁-၆-၂၀၀၂ ရက်နေ့တွင် ရောက်ရှိသွားကြောင်း၊ အကျဉ်းထောင်တာဝန်ခံအရာရှိ၏ ပြန်ကြားစာအရ တွေ့ရှိရသည်။ ထိုဆင့်စာသည် ၂၈-၆-၂၀၀၂ ရက်နေ့တွင် တရားရုံးချုပ်သို့ ပြန်လည်ရောက်ရှိလာသည်။ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၁ (ခ)/၂၀၀၁ ကို ၅-၈-၂၀၀၂ ရက်နေ့တွင် အပြီးသတ်ကြားနာပြီးနောက် အယူခံတရားလိုတို့ (မူလရုံးတရားခံများ) အပေါ် တိုင်းတရားရုံးက ချမှတ်ထားသည့် လျှော့ပေါ့သည့်ပြစ်ဒဏ်ကို ပယ်ဖျက်ပြီး မူလတရားရုံးက ချမှတ်ထားသည့် ကြီးလေးသောပြစ်ဒဏ်များကို ပြန်လည်အတည်ပြုပေးခဲ့သည်။

အယူခံတရားလိုတို့ထံသို့ ဆင့်ခေါ်အသိပေးသော ဆင့်စာသည် ၂၁-၆-၂၀၀၂ ရက်နေ့တွင် ရောက်ရှိသွားသော်လည်း ၎င်းတို့က အမှုအတွက် မည်သို့ဆောင်ရွက်ပေးစေလိုကြောင်း တစ်စုံတစ်ရာပြန်ကြားခြင်း၊ တောင်းဆိုခြင်းမရှိခဲ့ကြပေ။ ၎င်းတို့သည် ၂၁-၆-၂၀၀၂ မှ အမှုကိုအပြီးသတ်ကြားနာသော ၅-၈-၂၀၀၂ ရက်နေ့အထိ ရက်ပေါင်း ၄၅ ရက်ခန့်အချိန်ရခဲ့ပါသည်။ ဆင့်ခေါ်စာကို အကျဉ်းထောင်တာဝန်ခံအရာရှိထံ ပေးပို့ရာတွင် ရက်ချိန်းမလုံလောက်ပါက ထပ်မံတောင်းဆိုနိုင်ကြောင်း ဖော်ပြပြီးပေးပို့ခဲ့ခြင်းဖြစ်သည်။ သို့သော်အယူခံတရားလိုတို့က ရက်ချိန်းပေးရန်တောင်းဆိုခြင်း မတွေ့ရပေ။

> ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) တွင်-
> တရားခံကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ထုချေခွင့်မရလျှင် ၎င်းတရားခံအား ထိခိုက်အောင် ဤပုဒ်မအရ မည်သည့်အမိန့်ကိုမျှချမှတ်ခြင်းမပြုရ ဟုပြဋ္ဌာန်းထားသည်။

အဆိုပါ ပြဋ္ဌာန်းချက်အလိုအရ တရားခံအား ထုချေခွင့်ပေးရမည်ဖြစ်ပါသည်။ ဤအမှုတွင် တရားခံ (အယူခံတရားလိုတို့အား) ထုချေခွင့်ပေးခဲ့သော်လည်း ၎င်းတို့က ရယူမှုမရှိခဲ့ခြင်းသာဖြစ်သည်။

၂၀၀၃
ပမောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်

၄င်းတို့သည် အမှုအတွက်တာဝန်မရှိဖုကြောင်း ထုချေခွင့်ပေးနိုင်သော အခွင့်အရေးများရရှိခဲ့သည်။ အမှုကိုကြားနာရန် ချိန်းဆိုသောနေ့တွင် မလာရောက်နိုင်သည့်အကြောင်းအား ရှင်းလင်းဖော်ပြပြီး ၄င်းတို့တင်ပြလိုသည့်အချက်များကို စာ သို့မဟုတ် နှုတ်ဖြင့်တင်ပြခွင့်ရှိသည်။

တရားရုံးချုပ်၏ လုပ်ထုံးလုပ်နည်းအရ အမှုအတွက် ပထမဆုံးဆင့်ခေါ်သည့် ယခုကဲ့သို့သောဆင့်စာတွင် အမှုကိုကြားနာရန်ဟု အကြောင်းဖော်ပြဆင့်ခေါ်လေ့ရှိသည်။ သို့သော်ထိုကဲ့သို့ဆင့်ခေါ်ပြီး နှစ်ဖက်အမှုသည်များ စုံညီရောက်ရှိပြီးမှသာ အမှုကိုအပြီးသတ်ကြားနာလေ့ရှိသည်။ အမှန်တကယ်အပြီးသတ်ကြားနာမည့်နေ့ကို အမှုသည်များအား သီးခြားအသိပေးခြင်းမပြုဘဲ တရားရုံးချုပ်ကြော်ငြာသင်ပုန်းတွင် ကပ်၍ ကြော်ငြာလေ့သာရှိသည်။ ထို့ကြောင့်အမှုအတွက် ပထမဆုံးဆင့်ခေါ်စာရရှိသော အမှုသည်များသည် အမှုတွင်လျှောက်လဲချက်ပေးရန်အတွက် ကြိုတင်ပြင်ဆင်ချိန် လုံလောက်စွာရရှိနိုင်သည်။

တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၁ (ခ)/၂၀၀၂ တွင် အယူခံတရားလိုတို့က တင်ပြခွင့်ရှိသည့်အချက်မှာ တိုင်းတရားရုံး၏ ပြစ်ဒဏ်ကိုပယ်ဖျက်ရန်သင့် မသင့်နှင့် မူလတရားရုံး၏ ပြစ်ဒဏ်ကို ပြန်လည်အတည်ပြုရန်သင့် မသင့်ဆိုသည့်အချက်သာဖြစ်သည်။ မူလတရားရုံးက ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်ကို မကျေနပ်သဖြင့် အယူခံတရားလိုတို့က ပြည်နယ်တရားရုံးသို့ အယူခံမှုတင်သွင်းခဲ့ကြပြီးဖြစ်သည်။ ထိုအခါအယူခံတရားလိုတို့သည် ၄င်းတို့အပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းမပြုထိုက်ကြောင်း ထုချေခွင့်ရခဲ့ပြီးဖြစ်သည်။ တရားရုံးချုပ်သို့ မူလရုံးတရားလိုတို့က တင်သွင်းသည့်ပြင်ဆင်မှုမှာ မူလတရားရုံး၏ပြစ်ဒဏ်ကို ပြန်လည်အတည်ပြုပေးရန်အချက်သာဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) အရ ပြစ်ဒဏ်တိုးမြှင့်ခြင်းခံရသည့် တရားခံအား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ထုချေခွင့်မပြုဘဲ ပြစ်ဒဏ်တိုးမြှင့်ခြင်းမပြုစေရန် တားမြစ်ထားခြင်းဖြစ်သည်။ ဤအမှုတွင် စဉ်းစားရန်အချက်မှာ တရားရုံးချုပ်က ချမှတ်သောအမိန့်သည် ပြစ်ဒဏ်တိုးမြှင့်ရာရောက် မရောက်ဆိုသည့်အချက်ပင်ဖြစ်သည်။ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၄ (ခ)/၂၀၀၂ ကိုလျှောက်ထားသူ ဒေါ်တရုပ်မက လျှောက်ထားရာတွင် တရားခံတို့အပေါ် မူလတရားရုံးက ချမှတ်ထားသည့်ပြစ်ဒဏ် (ထောင်

၂၀၀၃
မောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ဒဏ် တစ်သက်တစ်ကျွန်း) ကို ပြန်လည်အတည်ပြုပေးရန် လျှောက်ထားခြင်းဖြစ်သည်။ ပြစ်ဒဏ်တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ခြင်းမရှိပေ။ ထို့အတူတရားရုံးချုပ်က အမိန့်ချရာတွင်လည်း မူလတရားရုံး၏ ပြစ်ဒဏ်များကိုသာ အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ပြစ်ဒဏ်တိုးမြှင့်ခဲ့ခြင်းမရှိပေ။ တစ်နည်းအားဖြင့်ဆိုသော် တိုင်းတရားရုံးချမှတ်သည့်ပြစ်ဒဏ်နှင့် မူလတရားရုံးက ချမှတ်သည့်ပြစ်ဒဏ်တို့တွင် မည်သည့်ပြစ်ဒဏ်သည် တရားမျှတမှုရှိ မရှိဆိုသည့်အချက်ကိုသာ တရားရုံးချုပ်က စိစစ်ခြင်းဖြစ်သည်။

ထို့ကြောင့်အယူခံတရားလိုတို့နှင့်စပ်လျဉ်းပြီး အမှုတွင် ထုချေဖြေရှင်းခွင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အယူခံတရားလိုတို့အပေါ် တရားရုံးချုပ်က ချမှတ်ခဲ့သောပြစ်ဒဏ်သည် ပြစ်ဒဏ်တိုးမြှင့်ရာမရောက်ကြောင်း သုံးသပ်ရရှိသည်။

ဒုတိယဖြေဆိုရမည့်ပြဿနာမှာ အယူခံတရားလို မောင်သန်းဇော်၊ မောင်သန်းထိုက်ဦးနှင့် မောင်သက်အောင်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရလည်းကောင်း၊ အယူခံတရားလို မြင့်ဦးအပေါ် ပုဒ်မ ၃၀၂ (၂)/၁၁၄ အရလည်းကောင်း ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ မှန်ကန်မှုရှိ မရှိဆိုသည့်အချက်ပင်ဖြစ်သည်။ အယူခံတရားလို (၄) ဦးအပေါ် အဆိုပါပြစ်မှုများဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်မှာ ခရိုင်တရားရုံး၊ ပြည်နယ်တရားရုံးနှင့် တရားရုံးချုပ်တို့က တညီတည်းချမှတ်ခဲ့သောအမိန့်များဖြစ်ပါသည်။

မူလခရိုင်တရားရုံး၏ စီရင်ချက်တွင် အောက်ပါအတိုင်း သုံးသပ်ထားပါသည်-

တရားခံများ၏ အဓိကဦးတည်ချက်ဖြစ်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ အရပြစ်ဒဏ်ချမှတ်ပေးရန်အတွက်ဆိုလျှင် သေသူရရှိသောဒဏ်ရာကို မည်သူမည်ဝါက ပြုလုပ်ကြောင်း မတင်ပြနိုင်မှသာ ထိုပုဒ်မအရ ပြစ်ဒဏ်စီရင်နိုင်မည်ဖြစ်ပေသည်။ ဤအမှုတွင်မူ သေသူနိုင်နိုင်တွင်ရရှိသောဒဏ်ရာများကို ကိုကိုဦး (တရားခံမြင့်ဦး၏ သား တရားခံပြေး) ကအုတ်ခဲဖြင့်ထုပြီး ထိုသို့ကိုကိုဦးက မပြုလုပ်မီ မြင့်ဦးက နိုင်နိုင်၏နားနောက်သို့ဓါးဖြင့်ထောက်ထားကာ ဝဏ္ဏလင်း (တရားခံပြေး) နှင့် သန်းဇော်၊ သန်းထိုက်ဦးတို့တွင် ဝဏ္ဏလင်းနှင့် သန်းဇော်က အုတ်ခဲဖြင့်ထုကြောင်း လဲကျသွားသော နိုင်နိုင်၏ဆံပင်ကို

ဆွဲမ၍ သက်အောင်ကတုတ်ဖြင့် ဦးခေါင်းကို ၂ ချက်ရိုက်ကြောင်း၊ မျက်မြင်သက်သေများ သက်သေခံချက်အရ ပေါ်ပေါက်ပြီး သက်အောင် ကရိုက်နှက်ခဲ့သောတုတ်ကို ရှာဖွေပုံစံသက်သေခံ (င) အဖြစ်ပေးအပ် ခဲ့ပြီးလည်းဖြစ်သည်။ သက်သေခံချက်များအရ တရားခံများ၏အပြုအမူ များသည် သေသူကို သေစေရန်အကြံရှိကြောင်း မြင်သာသည်ဟု ဖော်ပြ ထားသည်။ ထို့ပြင်ပြည်နယ်တရားရုံးနှင့် တရားရုံးချုပ်တို့၏စီရင်ချက် များတွင်လည်း ခရိုင်တရားရုံးကဲ့သို့ပင် တစ်ညီတည်းသုံးသပ်ဆုံးဖြတ် ခဲ့ကြောင်းတွေ့ရှိရသည်။

တရားရုံးအဆင့်ဆင့်က သက်သေခံချက်များအပေါ် တစ်ညီ တစ်ညွတ်တည်း သုံးသပ်ထားကြောင်း တွေ့ရှိရသည်။ သေသူနိုင်နိုင် အား သေစေရန် အယူခံတရားလိုအသီးသီးက ထုနှက်ထိုးကြိတ်ခဲ့ ကြောင်း ပေါ်လွင်သည်။ သေသူတွင် ဒဏ်ရာ (၅) ချက်ရရှိခဲ့ရာတွင် ဒဏ်ရာအမှတ် (၁) နှင့် (၂) တို့သာလျှင် သေစေလောက်သောဒဏ်ရာ ဖြစ်ကြောင်း ဆရာဝန်ကထွက်ဆိုထားသော်လည်း ထိုဒဏ်ရာရရှိရန် အတွက် သို့မဟုတ် မောင်နိုင်နိုင်သေစေရန်အတွက် အယူခံတရားလို တို့ကကြံရွယ်ပြီး တစ်ဦးပြီးတစ်ဦး ရိုက်ပုတ်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ အယူခံတရားလိုတို့သည် မောင်နိုင်နိုင်သေစေရန် အကြံတူရှိခဲ့ကြောင်း၊ ထိုတူညီသောအကြံအထမြောက်ရန် အယူခံတရားလိုအသီးသီးက မောင်နိုင်နိုင်အား ထိုးနှက်ရိုက်ပုတ်ခဲ့ကြကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အယူခံတရားလို မြင့်ဦးမှအပ ကျန်အယူခံတရားလို (၃) ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂)/၃၄ အရပြစ်ဒဏ်ပေး နိုင်ကြောင်း သုံးသပ်ရရှိသည်။ အယူခံတရားလိုမြင့်ဦးအပေါ် ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄ အရအားပေးကူညီမှုဖြင့် ပြစ်မှု ထင်ရှားစီရင်နိုင်သည်ဟု သုံးသပ်ရရှိသည်။

အယူခံတရားလိုသန်းဇော်၊ သန်းထိုက်ဦး၊ သက်အောင်တို့ အသီးသီးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ ထောင်ဒဏ် တစ်သက်တစ်ကျွန်းစီကျခံစေရန်ချမှတ်ခဲ့သည့် တရားရုံးချုပ်၏အမိန့် နှင့် အယူခံတရားလိုမြင့်ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄ အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် ချမှတ်ခဲ့ သည့် တရားရုံးချုပ်၏အမိန့်များသည် ဥပဒေနှင့်ညီညွတ်ပြီး မှန်ကန် မျှတမှုရှိကြောင်း ဖြေကြားပြီး အထူးအယူခံမှုနှစ်မှုစလုံးကို ပလပ်ကြောင်း

အမိန့်ချမှတ်သည်။

၂၀၁၃

မောင်သန်းဇော်
ပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မြင့်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

+ ၂၀၀၃
စက်တင်ဘာလ
၅ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသောဦးခင်မြင့်နှင့် ဦးထွန်းရှင်တို့၏ရှေ့တွင်**

**ဦးကျော်ကျော်**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော် ***

**ပြစ်မှုကျူးလွန်ရာတွင် သုံးစွဲသည့်ယာဉ်အား ယာဉ်မောင်း သို့မဟုတ် ယာဉ်ကိုငှားယူထားသူက ပြစ်မှုအတွက်သုံးစွဲခဲ့သဖြင့်လည်းကောင်း၊ ယင်းတို့၏အပြုအမူကို ယာဉ်ပိုင်ရှင်ကမသိရှိခဲ့သဖြင့်လည်းကောင်း၊ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုထိုက်ပါဆိုသော ယာဉ်ပိုင်ရှင်၏ထုချေချက်ကို လက်ခံခွင့်ပြုရန်သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။မော်တော်ယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်ရေးပြုလုပ်ကြသူတိုင်းသည် တရားမဝင်သောပစ္စည်းများကို တင်ဆောင်ခွင့်မရှိကြောင်းသိရှိကြပြီးဖြစ်သည်။ ယာဉ်ကိုစီးလုံးငှားသူထံသို့ သို့မဟုတ် ယာဉ်မောင်းထံသို့ လွှဲအပ်လိုက်သဖြင့်ယာဉ်ပေါ်တွင်မည်သည့်ပစ္စည်းတင်ဆောင်သွားသည်ကို ယာဉ်ပိုင်ရှင်မသိနိုင်ဟုထုချေတင်ပြခြင်းဖြစ်သည်။ ယာဉ်ကိုငှားယူသူ သို့မဟုတ် ယာဉ်ကိုမောင်းနှင်သူနှင့် ယာဉ်ပိုင်ရှင်တို့အကြားတွင် တင်ရှိနေသောအခွင့်အရေးနှင့်တာဝန်များကို စိစစ်ရန်လိုသည်။ ယာဉ်ကိုငှားယူသုံးစွဲသူ သို့မဟုတ် ယာဉ်မောင်းသူတို့သည် မော်တော်ယာဉ်ကိုလက်ရှိထားသုံးစွဲ

---

* ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၄၀

\+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၈၂ တွင် ချမှတ်သော ၂၈-၃-၂၀၀၃ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကိုမကျေနပ်သဖြင့် အထူးအယူခံမှု။

၂၀၀၃
ဦးကျော်ကျော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သူဖြစ်သဖြင့် ယာဉ်နှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာမည့်တာဝန်များကို ကျခံရမည်ဖြစ်သည်။ ၎င်းတို့၏ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးပြစ်အားလုံးကို ၎င်းတို့က တာဝန်ယူရမည်ဖြစ်သည်။ တရားမဝင်ပစ္စည်းကိုတင်ဆောင်သဖြင့် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရပါက ပိုင်ရှင်တွင်ဖြစ်ပေါ်လာသောစီးပွားရေးဆိုင်ရာနစ်နာမှုကို ယာဉ်မောင်းသူများသာ တာဝန်ယူရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ယာဉ်ပိုင်ရှင်နှင့် ယာဉ်စီးလုံးငှားသူ သို့မဟုတ် ယာဉ်မောင်းသူတို့အကြားတည်ရှိသော ပဋိညာဉ်မှာ တရားမကြောင်းနှင့်သက်ဆိုင်သောပဋိညာဉ်ဖြစ်သည်။ ယာဉ်ပိုင်ရှင်၏နစ်နာမှုမှာ တရားမကြောင်းနှင့်သာသက်ဆိုင်သည်။ တရားမကြောင်းအရနစ်နာမှုကို တရားမကြောင်းဖြင့်သာဖြေရှင်းရမည်။ ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုတွင် ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ သက်သေခံမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲသည့်အမိန့်မချမီအတွင်း အယူခံတရားလိုအား ကြားနာရန်လိုမလိုဆိုသည့်အချက်ကို စိစစ်ရာတွင် တရားရုံးများလက်စွဲအပိုဒ် ၁၀၉၁ (၁) အရဆိုပါက သက်သေခံပစ္စည်းကိုသိမ်းယူခြင်းခံရသူမှာ အမှုတွင်မပါဝင်သည့် တရားလို သို့မဟုတ် တရားခံမဟုတ်သည့်အခြားသူဖြစ်မှသာလျှင် အဆိုပါအခြားသူကိုကြားနာရန်လိုမည်ဖြစ်သည်။ ယခုအမှုတွင် သက်သေခံမော်တော်ယာဉ်ကို တရားခံများလက်ဝယ်မှ သိမ်းယူခဲ့ခြင်းဖြစ်သည်။ တရားခံများကိုလည်းကောင်း၊ ယာဉ်စီးလုံးငှားသူကိုလည်းကောင်း ကြားနာခွင့်ပေးခဲ့ကြောင်းတွေ့ရှိရသည်။ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းမှာ တရားဥပဒေနှင့်ညီညွတ်မှု ရှိမရှိဆိုသည့် ပြဿနာရပ်အပေါ် ဥပဒေနှင့်ညီညွတ်ကြောင်း ဖြေကြားပြီး ဤအထူးအယူခံကိုပလပ်သည်။

| | | |
|---|---|---|
| ၂၀၀၃ | အယူခံတရားလိုအတွက် | ဦးသန်းဌေး |
| ဦးကျော်ကျော် | | တရားရုံးချုပ်ရှေ့နေ |
| နှင့် | အယူခံတရားပြိုင်အတွက် | - ဒေါ်ကျင်စန်း |
| ပြည်ထောင်စု<br>မြန်မာနိုင်ငံတော် | | ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |

အမ်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၀၉/၂၀၀၂ တွင် တရားခံများကို ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရစွဲဆိုအပြစ်ပေးပြီးနောက် သက်သေခံပစ္စည်း ၉က/၄၈၆၄ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည်။ ထိုအမိန့်ကို မော်တော်ယာဉ်ပိုင်ရှင်ဟုအဆိုရှိသူ ဦးကျော်ကျော်က မော်တော်ယာဉ်ကို ပြန်လည်ရရှိရန် ကျောက်ဖြူခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၄၅/၀၂ ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၂၅ (ခ)/၀၂ ကိုလည်းကောင်း၊ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၆၈၂ (ခ)/၀၂ ဖြင့်လည်းကောင်း လျှောက်ထားခဲ့ရာ အောင်မြင်မှုမရပလပ်ခြင်းခံရသည်။ သို့ဖြစ်၍ အထူးအယူခံဝင်ခွင့်ရရှိရေးအတွက် အထွေထွေလျှောက်လွှာ (အထူးအယူခံ) မှုအမှတ်၊ ၁၀၆/၀၃ ကို တရားရုံးချုပ်သို့ ထပ်မံတင်သွင်းရာ အောက်ဖော်ပြပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ဖြေကြားရန်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

> "မော်တော်ယာဉ်အမှတ် ၉က/၄၈၆၄ ၏ပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်က ၎င်း၏မော်တော်ယာဉ်အား ပြန်လည်ပေးသင့်ကြောင်း လျှောက်ထားခြင်းကို မကြားနာဘဲ အဆိုပါ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းမှာ တရားဥပဒေနှင့်ညီညွတ်မှုရှိ မရှိ။"

အမှုမှာ (၁-၈-၂၀၀၂) ရက်နေ့နံနက် ၁၀း၂၅ နာရီခန့်တွင် မန္တလေးမြို့မှ စစ်တွေမြို့သို့ မောင်းနှင်လာသည့် ၉က/၄၈၆၄ မော်တော်ယာဉ်အား အမ်းမြို့ နဝတဂိတ်တွင်ရပ်တန့်စစ်ဆေးရှာဖွေရာ တရားမပင်အကောက်ခွန်မဲ့တင်သွင်းလာသော တရုတ်နိုင်ငံလုပ်ပေါ်တော်ဆိုင်ကယ် ၁၀ စီးနှင့် ဆက်စပ်သောမော်တော်ဆိုင်ကယ်အင်ဂျင် ၁၀ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိသောကြောင့် ယာဉ်မောင်းဖအောင်မြင့်ဦးနှင့် ကျော်ကျော်စိုး၊ ယာဉ်နောက်လိုက် လှမြင့်တို့အား

၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ ပုဒ်မ ၅ (၁) အရအရေးယူကာ ၄င်းတို့အားထောင်ဒဏ် (၁) လနှင့် ဒဏ်ငွေ ၂၀၀၀ဝိ/- စီပေးဆောင်စေရန် ပြစ်ဒဏ်သတ်မှတ်ခဲ့ပြီး မော်တော်ယာဉ် ၉က/၄၈၆၄ အားပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ခဲ့သောအမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေမှလျှောက်လဲရာတွင် အယူခံတရားလို သည် အချင်းဖြစ်မော်တော်ယာဉ်၏ပိုင်ရှင်ဖြစ်ကြောင်း မော်တော်ယာဉ် ကို မောင်ဇော်မင်းဦးဆိုသူက တစ်လလျှင် (၂) သိန်းကျပ်ဖြင့် အယူခံ တရားလိုထံမှ ငှားရမ်းသုံးစွဲခဲ့ကြောင်း၊ အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်သူမှာ အယူခံတရားလိုမဟုတ်ကြောင်း ပြစ်မှုနှင့်သက်ဆိုင် သူများကိုသာအရေးယူသင့်ကြောင်း၊ ပြစ်မှုနှင့်မသက်ဆိုင်သည့် အယူခံ တရားလိုပိုင်ဆိုင်သည့် မော်တော်ယာဉ်အမှတ် ၉က/၄၈၆၄ ကို ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းဆည်းသဖြင့် အယူခံတရားလိုအဖို့များစွာနစ်နာရ ကြောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်းအမိန့်မချမှတ်မီ အယူခံတရားလိုအားလည်း ခုခံချေပရန်အတွက် လျှောက်လဲတင်ပြခွင့် မရရှိခဲ့ကြောင်းတို့ကို လျှောက်လဲသည်။

ထို့နောက် ဆက်လက်လျှောက်လဲရာတွင် မန္တလေးမြို့ "အောင်စည်သံ" ကုန်တင်ဂိတ်မှ ယာဉ်မောင်းသူအားပေးအပ်သော ကုန်ပို့လွှာ (မိန်းဘောက်ချာ) ၌ မော်တော်ဆိုင်ကယ်ပစ္စည်းများပါရှိသည် ဟုမတွေ့ရကြောင်း၊ ထိုပစ္စည်းများတင်ပေးလိုက်သည်ကို ယာဉ်ပိုင်ရှင်နှင့် ကိုယ်စားလှယ်တို့ကလည်း ကားပေါ်တွင်ပါလာကြသူများမဟုတ်ကြ၍ သိနိုင်မည်မဟုတ်ကြောင်း၊ ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ် ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) တွင် သက်သေခံမော်တော်ယာဉ် ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်ဟုပြဋ္ဌာန်းမထားကြောင်း၊ ဤအမှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ပြဋ္ဌာန်းချက်ကို အဆိုပြု၍ မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် မသင့်ကြောင်း၊ အချင်းဖြစ်မော်တော်ယာဉ်အမှတ် ၉က/၄၈၆၄ သည် မန္တလေးမြို့တော်မှ ရန်ကုန်ပြည်နယ်သို့ ကုန်ပစ္စည်းမျိုးစုံသယ်ယူပို့ဆောင် မှုသာယာဉ်ဖြစ်ရာ ထိုမော်တော်ယာဉ်သည် ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းမဟုတ်ကြောင်း အယူခံတရားလိုမသိရှိဘဲ အကောက်ခွန်မဲ့ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများကို တင်ဆောင်သည့်ကိစ္စ

အတွက် အယူခံတရားလို၏မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း စေရန်ချမှတ်သည့်အမိန့်ကိုပယ်ဖျက်၍ အယူခံတရားလိုအား ပြန်ပေး စေရန်အတွက် အမိန့်ချမှတ်ပါရန်လျှောက်လဲသည်။

ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက လျှောက်လဲရာတွင် တရားလို ရဲအုပ်စိုးသိန်း (လိုပြ-၃) အပါအဝင် လိုပြသက်သေများ၏ထွက်ချက်နှင့် သက်သေခံအဖြစ်တင်ပြထားသော စာရွက်စာတမ်းအထောက်အထား များအရ ယာဉ်ပေါ်တွင်အကောက်ခွန်မဲ့ တရုတ်နိုင်ငံလုပ် မော်တော် ဆိုင်ကယ် ၁၀ စီးစာအင်ဂျင်၊ ကိုယ်ထည်နှင့်ဆက်စပ်ပစ္စည်းများကို အခြားပစ္စည်းများနှင့်ရောနှော၍ တရားမဝင်သယ်ဆောင်လာသည်မှာ ထင်ရှားကြောင်း၊ သက်သေ ဦးဇော်မင်းဦး (လိုပြ-၅) ကအချင်းဖြစ်ကား ၉က/၄၈၆၄ ကိုပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်ထံမှ တစ်လလျှင် (၂) သိန်းဖြင့်ငှားရမ်းပြီး ယာဉ်မောင်း ကိုအောင်မြင့်ဦး၊ ကျော်ကျော်စိုးနှင့် ယာဉ်နောက်လိုက် လှမြင့်တို့ကို ခေါက်ကြေးဖြင့်ငှားရမ်းပြီး ပြေးဆွဲစေ ခဲ့သည့်ဟု ထွက်ဆိုသော်လည်း ဦးဇော်မင်းဦးသည် ကားကိုပိုင်ရှင် ဦးကျော်ကျော်ထံမှ ငှားရမ်းခဲ့သည်ဆိုသော အထောက်အထားစာချုပ်ကို သက်သေခံအဖြစ်တင်ပြခြင်းမတွေ့ရကြောင်း၊ မှုလရုံးအမှုတွဲတွင် အမ်းမြို့၊ အမှတ် (၄) ရပ်ကွက်နေ (ဘ) ဦးနီ၏သမီးဖြစ်သူ ဒေါ်မြဝင်း (အမှတ် ၄ ရပ်ကွက်၊ မင်းဘူးမြို့) ဆိုသူက အချင်းဖြစ်ကား ၉က/၄၈၆၄ မှာ ၎င်း၏ကားဖြစ်ကြောင်း၊ အကောက်ခွန်မဲ့ပစ္စည်းတင်ဆောင်ခြင်းကို ပိုင်ရှင်အနေဖြင့်လုံးဝမသိရှိကြောင်း၊ ကားကိုပိုင်ရှင်ဖြစ်သူမိမိအား ပြန်လည်ထုတ်ပေးပါရန် ၅-၁၀-၂၀၀၂ ရက်စွဲဖြင့် တရားသူကြီးထံ လျှောက်ထားခဲ့သည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါလျှောက်လွှာနှင့်အတူ ကားငှားရမ်းသည့်စာချုပ်မိတ္တူကို ပူးတွဲလျှောက်ထားတင်ပြခြင်းမရှိသလို မည်သူ့အားစာချုပ်ဖြင့်ငှားရမ်းသည်ဟုလည်း လျှောက်လွှာတွင်ဖော်ပြ ထားခြင်းမရှိကြောင်း၊ ထို့အပြင် ဦးကျော်ကျော်အမည်ဖြင့် မူလရုံးတွင် အဆိုပါသက်သေခံကားနှင့်စပ်လျဉ်း၍ မိမိအားပြန်လည်ထုတ်ပေးရန် လျှောက်ထားခဲ့ဘူးခြင်းမရှိကြောင်း၊ အဆိုပါကားမှာ မည်သူ၏အမည် ပေါက်နေကြောင်း၊ ကားပိုင်ရှင်မည်သူဖြစ်ကြောင်း တိတိကျကျမပေါ် လွင်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်စိုးမြင့်နိုင်ပါ ၄၀[၇] စီရင်ထုံးတွင် "အမှုတွင်ဥပဒေနှင့်ငြိစွန်းသောပစ္စည်းများကို ပို့ဆောင်ရာ

(၇) ၁၉၉၉ မပအ ၊ စာ- ၅၃ (စုံညီ)

၌ မိမိ၏မော်တော်ယာဉ်ကို အသုံးပြုသည့်ကိစ္စအား ပိုင်ရှင်ကမသိသည်ကို အကြောင်းပြုပြီး ယင်းမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်းမပြုနိုင်ဟူသော တရားသေသတ်မှတ်ထားသည့်ဥပဒေမရှိကြောင်း၊ နယ်စပ်ဒေသကိုအလွယ်တကူသွားလာနိုင်သောဒေသများတွင် မော်တော်ယာဉ်ပိုင်ရှင်တို့သည် ယာဉ်မောင်းအစရှိသော မိမိတို့၏အလုပ်သမား များအား ဥပဒေနှင့်ငြိစွန်းသော ကုန်ပစ္စည်းများမသယ်မိစေရန် ပိုမိုကြီးကြပ်ကွပ်ကဲကြရန်တာဝန်ရှိကြောင်း၊ မိမိမသိရပါဟူသော အကြောင်းပြချက်နှင့် မော်တော်ယာဉ်အားပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းမှ ကင်းလွတ်ခွင့်ရရန်တောင်းဆိုခြင်းမပြုနိုင်ကြောင်း" လမ်းညွှန်ထုံးဖွဲ့ထားခြင်းကိုလည်းလျှောက်လဲသည်။

ထို့နောက် ဆက်လက်လျှောက်လဲရာတွင် ဖမ်းဆီးရမိသော ဆိုင်ကယ် ၁၀ စီးမှာတရုတ်နိုင်ငံလုပ်ပစ္စည်းများဖြစ်ပြီး တရုတ်နိုင်ငံမှ တရားမဝင်တင်သွင်းလာပြီး နယ်စပ်သို့တရားမဝင်သယ်ဆောင်ရန် ကြံစည်ယူဆောင်လာကြောင်းထင်ရှားနေသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၃ (၂) အရဖြစ်စေ၊ ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၁၉ အရဖြစ်စေ၊ အထူးတားမြစ်ရန်မလိုအပ်ကြောင်း၊ အမှုတွင်ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့်ပေးခြင်းဟု တရားစီရင်ရေးမူအဖြစ်သတ်မှတ်ထားရာ အမှုတွင် ခုခံချေပခွင့်ပေးရမည့်သူဖြစ်သည့် တရားခံများကိုသာဆိုလိုခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူမှာ အခင်းဖြစ်အမှုတွင် တရားခံအဖြစ်ပါဝင်ခြင်းမရှိသည့် တတိယလူသာဖြစ်ကြောင်း၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူများအား ကြားနာခွင့်ပေးပြီးဖြစ်ကြောင်း ဦးကျော်ကျော်သည်မူလရုံးတွင် အဆိုပါယာဉ်နှင့်စပ်လျဉ်း၍ ကြားနာခွင့်ပေးရန် တင်ပြလျှောက်ထားခဲ့သည်ကိုမတွေ့ရကြောင်း၊ သက်သေခံကားကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်အမိန့်ချမှတ်ပြီးသောအခါမှသာ ရခိုင်ပြည်နယ်တရားရုံးသို့ ပထမဆုံးအကြိမ် အယူခံလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဦးကျော်ကျော်က ၎င်း၏မော်တော်ယာဉ်အားပြန်လည်ပေးသင့်ကြောင်း လျှောက်ထားခြင်းကိုမကြားနာဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်ဆိုသောအချက် မှာ အမှုတွဲတွင်ပေါ်ပေါက်ခြင်းမရှိကြောင်း၊ တရုတ်နိုင်ငံလုပ်ဆိုင်ကယ် ၁၀ စီးကို ပြည်ပသို့ခိုးထုတ်ရန် တရားမဝင်သယ်ဆောင်လာသည့်ယာဉ် ၉က/၄၈၆၄ အားပြစ်မှုဆိုင်ရာကျင့်ထုံး

ဥပဒေပုဒ်မ ၅၁၇ နှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေအရညီညွတ်ကြောင်း၊ အယူခံမှုကိုပလပ်သင့်ကြောင်းလျှောက်လဲသည်။

ဤအမှုတွင် အဓိကစိစစ်သုံးသပ်ရမည့်အချက်များမှာ မော်တော်ယာဉ်ပေါ်တွင် တရားမဝင်ပစ္စည်းတင်ဆောင်မှုကို မော်တော်ယာဉ်ပိုင်ရှင်ကမသိရှိခဲ့သဖြင့် မော်တော်ယာဉ်ပိုင်ရှင်တွင် တာဝန်မရှိနိုင်ပါဆိုသောတင်ပြချက်နှင့် မော်တော်ယာဉ်ပိုင်ရှင်အား ကြားနာခွင့်မပေးဘဲ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းမှာ တရားမျှတမှုရှိ မရှိဆိုသည့်အချက်များပင်ဖြစ်သည်။ အမှုဖြစ်မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရာတွင် ဖေါ်ပြပါပြဿနာနှစ်ရပ်မှာလည်း အငြင်းပွားလေ့ရှိကြောင်းတွေ့ရှိရသည်။

မော်တော်ယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်ရေးပြုလုပ်ကြသူတိုင်းသည် တရားမဝင်သောပစ္စည်းများကို တင်ဆောင်ခွင့်မရှိကြောင်း သိရှိကြပြီးဖြစ်သည်။ ယာဉ်ကိုစီးလုံးငှားသူထံသို့ သို့မဟုတ် ယာဉ်မောင်းထံသို့ လွှဲအပ်လိုက်သဖြင့် ယာဉ်ပေါ်တွင်မည်သည့်ပစ္စည်းတင်ဆောင်သွားသည်ကို ယာဉ်ပိုင်ရှင်မသိနိုင်ဟု ထုချေတင်ပြခြင်းဖြစ်သည်။ ယာဉ်ကိုငှားယူသူ သို့မဟုတ် ယာဉ်ကိုမောင်းနှင်သူနှင့် ယာဉ်ပိုင်ရှင်တို့အကြားတွင် တည်ရှိနေသောအခွင့်အရေးနှင့်တာဝန်များကိုစိစစ်ရန်လိုသည်။ ယာဉ်ကိုငှားယူသုံးစွဲသူ သို့မဟုတ် ယာဉ်မောင်းသူတို့သည် မော်တော်ယာဉ်ကိုလက်ရှိထားသုံးစွဲသူဖြစ်သဖြင့် ယာဉ်နှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာမည်တာဝန်များကို ကျခံရမည်ဖြစ်သည်။ ၎င်းတို့၏ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်ပေါ်လာသောကောင်းကျိုး၊ ဆိုးပြစ်အားလုံးကို ၎င်းတို့ကတာဝန်ယူရမည်ဖြစ်သည်။ တရားမဝင်ပစ္စည်းကိုတင်ဆောင်သဖြင့် မော်တော်ယာဉ်ကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရပါက ပိုင်ရှင်တွင်ဖြစ်ပေါ်လာသော စီးပွားရေးဆိုင်ရာနစ်နာမှုကို ယာဉ်မောင်းသူများသာ တာဝန်ယူရမည်ဖြစ်သည်။

ယာဉ်ပိုင်ရှင်နှင့် ယာဉ်စီးလုံးငှားသူ သို့မဟုတ် ယာဉ်မောင်းသူတို့အကြားတည်ရှိသောပဋိညာဉ်မှာ တရားမကြောင်းနှင့်သက်ဆိုင်သောပဋိညာဉ်ဖြစ်သည်။ ယာဉ်ပိုင်ရှင်၏နစ်နာမှုမှာ တရားမကြောင်းနှင့်သာသက်ဆိုင်သည်။ တရားမကြောင်းအရနစ်နာမှုကို တရားမကြောင်းဖြင့်

သာဖြေရှင်းရမည်။ ပြစ်မှုကြောင်းအရတရားစွဲဆိုမှုတွင် ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။

သက်သေခံမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲသည့်အမိန့်မချမီအတွင်း အယူခံတရားလိုအားကြားနာရန်လို မလိုဆိုသည့်အချက်ကို စိစစ်ရာတွင် တရားရုံးများလက်စွဲအပိုဒ် ၁၀၉၁ (၁) အရဆိုပါသက်သေခံပစ္စည်းကို သိမ်းယူခြင်းခံရသူမှာ အမှုတွင်မပါဝင်သည့် (တရားလို သို့မဟုတ် တရားခံမဟုတ်သည့်အခြားသူ) သူဖြစ်မှသာလျှင် အဆိုပါအခြားသူကို ကြားနာရန်လိုမည်ဖြစ်သည်။ ယခုအမှုတွင် သက်သေခံမော်တော်ယာဉ်ကို တရားခံများလက်ဝယ်မှ သိမ်းယူခဲ့ခြင်းဖြစ်သည်။ တရားခံများကိုလည်းကောင်း၊ ယာဉ်စီးလုံးငှားသူကိုလည်းကောင်း ကြားနာခွင့်ပေးခဲ့ကြောင်းတွေ့ရှိရသည်။

မူလရုံးအမှုတွဲကိုစိစစ်ရာတွင် မော်တော်ယာဉ်၏ပိုင်ရှင်ဆိုသူ ဒေါ်မြမြဝင်းကမော်တော်ယာဉ်ကိုပြန်လည်ထုတ်ပေးရန်(၅-၁၀-၂၀၀၂) နေ့ကလျှောက်ထားခဲ့ကြောင်းတွေ့ရှိရသည်။ သို့သော်ယခုအယူခံတရားလို ဦးကျော်ကျော်ကလျှောက်ထားခဲ့ကြောင်းမတွေ့ရပေ။ ဒေါ်မြမြဝင်းနှင့် ဦးကျော်ကျော်တို့သည် မည်သို့ဆက်စပ်ကြောင်း အမှုတွင်မပေါ်လွင်ပေ။ ၎င်းတို့နှစ်ဦးမှာ သားအမိတော်စပ်ကြောင်း ဤအမှုကိုလျှောက်လဲချက်ပေးသည့်အခါတွင် ၎င်းတို့၏ရှေ့နေကတင်ပြလျှောက်ထားလာကြောင်း တွေ့ရှိရသည်။ သို့သော်တရားခံများက နဝတအဖွဲ့ထံအစစ်ခံစဉ်က ယာဉ်ပိုင်ရှင်မှာဦးကျော်ကျော်ဖြစ်ကြောင်း အစစ်ခံခဲ့ကြသည်။ ယာဉ်မှာဦးကျော်ကျော်ပိုင်ကြောင်း ဦးဇော်မင်းဦး (လိုပြ-၅) ကလည်းထွက်ဆိုထားသည်။ အဆိုပါ ဦးဇော်မင်းဦးသည် သက်သေခံမော်တော်ယာဉ်ကို ပိုင်ရှင်ဦးကျော်ကျော်ထံက ငှားယူထားသူဖြစ်ကြောင်း ထွက်ဆိုထားသည်။ အဆိုပါသက်သေကလည်း သက်သေခံယာဉ်ပေါ်တွင် မည်သည့်ပစ္စည်းများတင်ဆောင်သွားသည်ကို မသိရကြောင်းထွက်ဆိုထားသည်။ ထိုအချက်အရဆိုပါက မော်တော်ယာဉ်ကိစ္စအတွက် ဇော်မင်းဦးကိုတင်ပြခွင့်ပေးခဲ့ပြီးဖြစ်သည်ဟုဆိုနိုင်သည်။ ဦးကျော်ကျော်တင်ပြသောအချက်မှာလည်း ဇော်မင်းဦးတင်ပြသည့်အချက်နှင့် တစ်ထပ်တည်းဖြစ်သည်။ ၎င်းတို့တင်ပြသည့်အကြောင်းပြချက်အပေါ် တရားရုံးအဆင့်ဆင့်ကစိစစ်ဆုံးဖြတ်ပြီးဖြစ်သည်ဟု ကောက်ယူနိုင်သည်။ တစ်နည်းဆိုသော် မော်တော်ယာဉ်နှင့်သက်ဆိုင်သူတို့ကြားနာပြီးဖြစ်

၂၀၀၃
ဦးကျော်ကျော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သည်ဟုဆိုရမည်။

သက်သေခံမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရာတွင် မော်တော်ယာဉ်မှာအမှုနှင့်သက်ဆိုင်ခြင်းရှိ မရှိဆိုသည့်အချက်ကိုသာ အဓိကစိစစ်ခြင်းဖြစ်သည်။ ယာဉ်ကိုမည်သို့သုံးစွဲခဲ့သည်ဆိုသောအချက်အား ယာဉ်ပိုင်ရှင်ကသိခဲ့ခြင်းရှိ မရှိဆိုသည့်အချက်ကို အဓိကစိစစ်ခြင်းမဟုတ်ပေ။ သက်သေခံမော်တော်ယာဉ်သည် ပြစ်မှုကျူးလွန်ရာတွင်သုံးစွဲခဲ့ကြောင်း သက်သေခံချက်များအရ ထင်ရှားသည်။

အကောက်ခွန်မဲ့ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းမှာ တရားရုံးက ဥပဒေနှင့်အညီဆောင်ရွက်ခဲ့ကြောင်း သုံးသပ်ရရှိသည်။ ထို့ကြောင့် "မော်တော်ယာဉ်အမှတ်၊ ၉က/၄၈၆၄ ၏ပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်က ၎င်း၏မော်တော်ယာဉ်အားပြန်လည်ပေးသင့်ကြောင်း လျှောက်ထားခြင်းကိုမကြားနာဘဲ အဆိုပါ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းမှာ တရားဥပဒေနှင့်ညီညွတ်မှုရှိ မရှိ" ဆိုသည့်ပြဿနာအပေါ် ဥပဒေနှင့်ညီညွတ်ကြောင်းဖြေကြားပြီး ဤအထူးအယူခံမှုကိုပလပ်လိုက်သည်။

+ ၂၀၀၃
ဖေဖော်ဝါရီလ
၂၆ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီးဦးချစ်လွင်၏ရှေ့တွင်

ဦးငြိမ်းမောင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ *

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရပြစ်ဒဏ်ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အတွက် ပြဒ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားသော ပြင်ဆင်မှုများတွင် မူလအမှုစစ်ရုံး၏ စီရင်ပိုင်ခွင့်အာဏာသည် အထူးရာဇဝတ်အာဏာမဟုတ် ပါက ပြင်ဆင်မှုတရားရုံးသည် ပထမတန်းအာဏာရတရား ရုံးက ချမှတ်နိုင်ရန်ရှိသော ပြစ်ဒဏ်အထိသာလျှင် ပြစ်ဒဏ်တိုးမြှင့်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ " ဓါး " သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသည့် လက်နက်ကို အသုံးပြု၍ နာကျင်စေလျှင် မှတ်သားလောက်သည့်ပြစ်ဒဏ် ချမှတ်ရမည်ဟု **ဘိုးသင် နှင့် အစိုးရအမှု**(၁) တွင်ထုံးဖွဲ့ညွှန်းပြထား သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ တွင်မည်သူမဆို တစ်ဦးတစ် ယောက်သောသူအား မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေ လျှင် ထိုသူကိုတစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** အချင်းဖြစ်အမှုကို စစ်ဆေးခဲ့သည့်မူလရုံး တရားသူကြီးသည် ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးဖြစ်

---

* ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂၉ (ခ)

\+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၇ (ခ) တွင် ချမှတ်သော ၅-၈-၂၀၀၂ ရက်စွဲပါ ရခိုင်ပြည်နယ်တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၂၀၀၃
ဦးငြိမ်းမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

သည်။ မူလရုံးကချမှတ်သောပြစ်ဒဏ်ကို တိုးမြှင့်ပေးရန်လျှောက်ထားသော ပြင်ဆင်မှုများတွင် မူလအမှုစစ်ရုံး၏စီရင်ပိုင်ခွင့်အာဏာသည် အထူးရာဇဝတ်အာဏာမဟုတ်ပါက ပြင်ဆင်တရားရုံးသည် ပထမတန်းရာဇဝတ်အာဏာရတရားရုံးက ချမှတ်နိုင်ခွင့်ရှိသောပြစ်ဒဏ်အထိသာလျှင် ပြစ်ဒဏ်တိုးမြှင့်နိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၃) တွင်ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် မူလရုံးတရားခံထွန်းအောင်စိန်က ဓါးဖြင့်ခုတ်မှုကြောင့် တရားလို၏သား အောင်ဝင်းလှိုင်တွင် အပြင်းအထန်နာကျင်စေသည့်ဒဏ်ရာရရှိခဲ့ကြောင်း ပေါ်ပေါက်ပြီးဖြစ်သည်။ အချင်းဖြစ်အမှုကို စစ်ဆေးသည့်မူလရုံးတရားသူကြီးသည် ပထမတန်းအာဏာရရာဇဝတ်တရားသူကြီးဖြစ်သည်။ ၎င်း၏စီရင်ပိုင်ခွင့်အာဏာမှာ ထောင်ဒဏ် (၂) နှစ်အထိသာချမှတ်နိုင်ပေရာ ၎င်း၏အာဏာအရ အမြင့်ဆုံးဖြစ်သည့်ထောင်ဒဏ် (၂) နှစ်ချမှတ်ခဲ့ခြင်းသည်ပင်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရပြစ်ဒဏ်ကို သက်ညှာရာရောက်ခဲ့ပြီးဖြစ်သည်။ ဤအခြေအနေတွင် ပြည်နယ်တရားရုံးက မူလရုံးချမှတ်ခဲ့သည့်ပြစ်ဒဏ်ကို ထပ်မံလျော့ပါးခဲ့ခြင်းသည် တရားခံကျူးလွန်သည့်ပြစ်မှုနှင့်နှိုင်းစာပါက ပြစ်မှုနှင့်ပြစ်ဒဏ်မျှတသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးအေးသောင်း<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - ၁။ ဦးခင်မောင်မောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |
| | - ၂။ ကိုယ်တိုင် (မလာ) |

ရသေ့တောင်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၂၃၁/၂၀၀၁ တွင် တရားခံထွန်းအောင်စိန်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရထောင်ဒဏ် (၂) နှစ်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို စစ်တွေခရိုင်

၂၀၀၃
ဦးငြိမ်းမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

တရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄/၂၀၀၂ တွင်အတည်ပြုခဲ့သည်။ မူလမြို့နယ်တရားရုံး၏အမိန့်ကို မူလရုံးတရားလိုဦးငြိမ်းမောင်က မကျေနပ်၍ ပြစ်ဒဏ်တိုးမြှင့်ပေးရန် ရခိုင်ပြည်နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၈ (ခ) ၂၀၀၂ ဖြင့်လျှောက်ထားခဲ့သည်။ မူလရုံးတရားခံထွန်းအောင်စိန်ကလည်း ခရိုင်တရားရုံး၏အမိန့်ကို မကျေနပ်၍ ရခိုင်ပြည်နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၇ (ခ) ၂၀၀၂ ဖြင့်လျှောက်ထားခဲ့သည်။ ရခိုင်ပြည်နယ်တရားရုံးက အဆိုပါပြင်ဆင်မှုနှစ်မှုစလုံးကို တစ်ပေါင်းတည်းကြားနာကာ တရားခံထွန်းအောင်စိန်တင်သွင်းသည့်ပြင်ဆင်မှုကို လက်ခံပြီး မူလရုံး၏ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြု၍ ပြစ်ဒဏ်ကိုမူ မူလရုံးပြစ်ဒဏ်အစား အလုပ်နှင့်ထောင်ဒဏ် (၁) နှစ်ကျခံစေရန် ပြင်ဆင်လျှော့ပေါ့ပေးခဲ့သည်။ ဦးငြိမ်းမောင်လျှောက်ထားသည့် ပြင်ဆင်မှုအမှတ် ၄၈ (ခ) ၂၀၀၂ ကိုပလပ်ခဲ့သည်။ ရခိုင်ပြည်နယ်တရားရုံး၏အမိန့်ကို မူလရုံးတရားလိုဦးငြိမ်းမောင်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုဆက်လက်တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ၃-၁၁-၂၀၀၁ ရက်နေ့ည (၉း၃၀) နာရီအချိန်ခန့်တွင် ရသေ့တောင်မြို့နယ်၊ ဖြူးချောင်းကျေးရွာနေ အောင်ဝင်းလှိုင်သည် မင်းမင်းနှင့်အတူ လက်နှိပ်ဓါတ်မီးထိုးပြီး လမ်းလျှောက်လာစဉ် ဦးထွန်းကျော်လှိုင်၏နေအိမ်ရှေ့အရောက်၌ ယခင်ကရန်ငြိုးရန်စရှိသူ ဦးထွန်းအောင်စိန်မှ ဓါးဖြင့်ခုတ်၍ အောင်ဝင်းလှိုင်၏ယာဘက်ပခုံးနှင့်လက်တို့တွင် ပြင်းထန်သည့်ဒဏ်ရာများရရှိခဲ့သဖြင့် အောင်ဝင်းလှိုင်၏ဖခင်ဦးငြိမ်းမောင်မှ တရားလိုပြုလုပ်၍ တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ပြင်ဆင်မှုလျှောက်လွှာတွင် ပြင်ဆင်ရန်အကြောင်းပြချက်များအဖြစ် ပြင်ဆင်မှုလျှောက်ထားသူ၏သား အောင်ဝင်းလှိုင်နှင့် လျှောက်ထားခံရသူတို့သည် တစ်ရွာတည်းအတူနေပြီး မူလရုံးတရားခံထွန်းအောင်စိန်အနေဖြင့် အချင်းဖြစ်ပွားသည့်ကိစ္စနှင့်ပတ်သက်၍ ယခင်ရန်ငြိုးကြောင့် ဓါးဖြင့်ခုတ်ခဲ့သည်မှာ အငြင်းမပွားကြောင်း၊ ဒဏ်ရာရသူအား စစ်ဆေးသည့်ဆရာဝန်ထွက်ဆိုချက်နှင့် သက်သေခံ (ဂ) ဆေးစာတို့အရ အမှတ် (၁) ဒဏ်ရာသည်ပြင်းထန်းဒဏ်ရာဖြစ်ပြီး အမှတ် (၂) ဒဏ်ရာမှာ သာမန်ဒဏ်ရာဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ ဓါးဖြင့်

၂၀၀၃
ဦးငြိမ်းမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ခုတ်သူတရားခံသည် အသက် (၄၀) ကျော်အရွယ်ဖြစ်ပြီး ဓါးဖြင့်ခုတ်ခံရသူမှာ အသက် (၂၀) အရွယ်ဖြစ်ကြောင်း၊ တရားခံကိုယ်တိုင်ကလည်း အပြစ်ရှိကြောင်း ဓါးနှင့်ခုတ်ကြောင်းဝန်ခံပြောဆိုထားကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ ပြဋ္ဌာန်းချက်တွင် တစ်ဦးတစ်ယောက်အား မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေလျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ပြင်ဆင်မှုလျှောက်ထားခံရသူ နောင်တရကြောင်း မည်သည့်စစ်ချက်တွင်မှ ပေါ်ပေါက်ချက်မရှိဘဲ ပြည်နယ်တရားရုံးမှ ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းမှာ ဥပဒေအရမှားယွင်းကြောင်း၊ သို့ဖြစ်၍ ရခိုင်ပြည်နယ်တရားရုံး ၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၇ (ခ) ၂၀၀၂ နှင့် ၉၈ (ခ) ၂၀၀၂ တို့တွင်ချမှတ်သည့်အမိန့်များအား ပယ်ဖျက်ပြီး လျှောက်ထားခံရသူအပေါ် ထိုက်သင့်သည့်ပြစ်ဒဏ်တစ်ရပ်တိုးမြှင့်ချမှတ်ပေးရန် ဖေါ်ပြထားသည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေမှ ပြင်ဆင်မှုလျှောက်လွှာပါအကြောင်းပြချက်များကိုပင် အမှုတွဲပေါ်ပေါက်ချက်များ၊ စီရင်ထုံးအကိုးအကားများဖြင့် အကျယ်တဝင့်လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) ထွန်းအောင်စိန် (ကိုယ်တိုင်) အကြောင်းကြားစာအတည်ဖြစ်သော်လည်း ရုံးရှေ့သို့လာရောက်ခြင်းမရှိပေ။

လျှောက်ထားခံရသူ (၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုယ်စား ရှေ့မနေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ဒဏ်ရာရရှိသူ အောင်ဝင်းလှိုင်သည် အရိုးအထိပြတ်ရှသောဒဏ်ရာကို လက်မောင်းတွင်ရရှိခဲ့ကြောင်း၊ ပြင်းထန်ဒဏ်ရာဖြစ်ကြောင်း၊ အသက် (၂၀) အရွယ်လူငယ်တစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်ရာ လူငယ်တစ်ဦးရှေ့လျှောက်ရမည့် ဘဝလမ်းတွင် ယင်းဒဏ်ရာကြောင့် အခက်အခဲများဖြစ်ပေါ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ တရားခံသည် ရမ်းကားစွာကျူးလွန်ခဲ့ကြောင်း၊ ယင်းရှားပေါ်ပေါက်ပါလျှက် တရားခံအပေါ် မူလမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ ထောင်ဒဏ် (၂) နှစ်သာချမှတ်ခဲ့သောအမိန့်နှင့် ယင်းအမိန့်ကိုပြင်ဆင်၍ ထောင်ဒဏ် (၁) နှစ်သို့ လျှော့ချပြင်ဆင်ချမှတ်ခဲ့သော ရခိုင်ပြည်နယ်တရားရုံး၏အမိန့်တို့မှာ

မှားယွင်းလျက်ရှိပြီး တရားခံအပေါ် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်သင့်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ရသေ့တောင် မြို့နယ်တရားရုံးအမိန့်နှင့် ရခိုင်ပြည်နယ်တရားရုံးတို့၏အမိန့်များကို ပယ်ဖျက်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရထိရောက်ဟန့်တား သောပြစ်ဒဏ်ချမှတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲကိုလေ့လာရာ မူလရုံးက တရားခံထွန်းအောင်စိန် အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရစွဲချက်တင်စစ်ဆေးခဲ့ပြီး တရားခံအပေါ် ယင်းပုဒ်မအရ ပြစ်မှုထင်ရှားစီရင်၍ အလုပ်နှင့် ထောင် ဒဏ် (၂) နှစ်ချမှတ်ခဲ့ကြောင်းတွေ့ရသည်။ အမှုတွဲတွင် ပေါ်ပေါက်သည့် မျက်မြင်သက်သေထွက်ဆိုချက်၊ ဒေါက်တာတင်မိုးဝေ (လိုပြ-၅) ၏ ထွက်ဆိုချက်နှင့်သက်သေခံ (ဂ) ဆေးစာတို့အရ တရားခံထွန်းအောင်စိန် ၏ သက်သေခံ (ဃ) ရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့သည့် သက်သေခံဓါးဖြင့် ခုတ်မှုကြောင့် အောင်ဝင်းလှိုင်၏ ညာဘက်လက်မောင်းတွင် ဓါးဒဏ်ရာ တစ်ချက်နှင့် ညာဘက်လက်ကောက်ဝတ်တွင် ဓါးဒဏ်ရာတစ်ချက်ရရှိ ခဲ့ကြောင်းတွေ့ရသည်။ အမှတ် (၁) ဒဏ်ရာဖြစ်သည့် ညာဘက် လက်မောင်းမှဒဏ်ရာသည် အလျား ၆ လက်မ၊ အနက် ၂ လက်မရှိ၍ လက်မောင်းရိုးသို့ထိပြီး လက်မောင်းရိုးအစများတွေ့ရကြောင်း၊ ဆေးရုံ သို့ (၁၈) ရက်တက်ရောက်ကုသခံရကြောင်း ဆေးစာပေါ်ပေါက်ချက် အရ ယင်းဒဏ်ရာသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀ ပါပြဋ္ဌာန်းချက် တွင် အကျုံးဝင်သည့်အပြင်းအထန်နာကျင်မှုဖြစ်ကြောင်း ထင်ရှားသည်။

တရားခံထွန်းအောင်စိန်မှရုံးရှေ့တွင် အချင်းဖြစ်ပွားစဉ် မိမိ အား ဓါတ်မီးဖြင့်ထိုးသူက လက်ထဲတွင်ပါလာသောဓါးဖြင့် တစ်ချက် လှမ်းခုတ်ကြောင်း၊ မိမိကိုမထိကြောင်း၊ မိမိမှမင်းတိုးခဲ့စမ်းပါဟုပြောပြီး မိမိလက်တွင်ပါလာသောဓါးဖြင့် တစ်ချက်လှမ်း၍ခုခံလိုက်ခြင်းသာဖြစ် ကြောင်း၊ ခုခံထွက်ဆိုသော်လည်း ဓါးဖြင့်ခုတ်ခံရသူ အောင်ဝင်းလှိုင်တွင် ဓါးပါလာကြောင်း သက်သေခံချက်များ၌ မတွေ့ရပေ။ ဆရာဝန်ထွက် ဆိုချက်၊ သက်သေခံ (ဂ) ဆေးစာပါဖော်ပြချက်နှင့် အောင်ဝင်းလှိုင် ရရှိခဲ့သောဒဏ်ရာအနေအထားတို့အရ တရားခံထွန်းအောင်စိန်မှ ဓါး ဖြင့်ခုခံ၍ရသည့်ဒဏ်ရာ အနေအထားမျိုးမဟုတ်ဘဲ အားစိုက်၍စိတ် လိုက်မာန်ပါခုတ်သဖြင့် ရရှိသောဒဏ်ရာအနေအထားမျိုးဖြစ်ကြောင်း ပေါ်ပေါက်သည်။ အမှုတွဲပေါ်ပေါက်ချက်များအရ တရားခံအပေါ် မူလ

၂၀၀၃
ဦးငြိမ်းမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

မြို့နယ်တရားရုံးမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သည့် စစ်တွေခရိုင်တရားရုံးနှင့် ရခိုင်ပြည်နယ်တရားရုံးတို့အမိန့်များသည် မှန်ကန်မှုရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

တရားခံထွန်းအောင်စိန်အပေါ် ချမှတ်ခဲ့သည့်ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ လေ့လာရာတွင် မူလမြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရထောင်ဒဏ် (၂) နှစ်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ ပြစ်မှုပြစ်ဒဏ်အမိန့်ကို စစ်တွေခရိုင်တရားရုံးက အယူခံမှုတွင်အတည်ပြုခဲ့သည်။ ရခိုင်ပြည်နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကို အတည်ပြုသော်လည်း ပြစ်ဒဏ်ကိုမူ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ်အစား အလုပ်နှင့်ထောင်ဒဏ် (၁) နှစ်သို့ လျှော့ပေါ့ချမှတ်ခဲ့သည်။

ရခိုင်ပြည်နယ်တရားရုံးက အချင်းဖြစ်အမှုတွင် တရားခံထွန်းအောင်စိန်သည် ညအချိန်တွင် မည်သူမှန်းမသိသူက ၎င်းကိုဓါတ်မီးနှင့် မျက်နှာကိုထိုးရာတွင် ဓါတ်မီးနှင့်မထိုးရန်ပြောသော်လည်း ဓါတ်မီးနှင့်ထိုးသူကမချေမငံပြန်ပြောကာ ဓါတ်မီးနှင့်ထိုးခဲ့သဖြင့် လူဆိုးလူကောင်း ခွဲခြား၍မရနိုင်သည့်အခြေအနေတွင်ရှိသဖြင့် ဓါးဖြင့်ခုတ်ခဲ့ခြင်းဖြစ်၍ တရားခံအတွက်သက်ညှာစွာစဉ်းစားပေးရန် အခြေအနေရှိကြောင်း၊ တရားခံသည် ယခုအခါမိမိကျူးလွန်သောအမှုအတွက် နောင်တရလောက်ပြီဖြစ်ကြောင်း၊ တရားခံသည် အောင်ဝင်းလှိုင်၏ဓါတ်မီးကိုင်သည့်လက်ကိုခုတ်ခြင်းက သေစေလိုသောသဘောမရှိသည်မှာ မြင်သာကြောင်း သုံးသပ်ပြီး ပြစ်ဒဏ်ကို လျှော့ပေါ့ပေးခဲ့ခြင်းဖြစ်သည်။

အချင်းဖြစ်အမှုတွင် ဓါးဖြင့်ခုတ်ခံရသူ အောင်ဝင်းလှိုင်နှင့် တရားခံထွန်းအောင်စိန်တို့သည် ဆွေမျိုးသားချင်းတော်စပ်သူများဖြစ်ကြောင်းတွေ့ရသည်။ နှစ်ဦးနှစ်ဖက်ညအချိန်ဓါတ်မီးဖြင့်ထိုးလာကြစဉ် တစ်ဦး၏အသံကို တစ်ဦးကမမှတ်မိနိုင်စရာမရှိပေ။ တရားခံထွန်းအောင်စိန်က သက်သေခံ (ဃ) ရှာဖွေပုံစံဖြင့်ပေးအပ်ခဲ့သည့်ဓါးဖြင့် ခုတ်ခဲ့ ကြောင်း ပေါ်ပေါက်သည်။

" ဓါး " သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသည့်လက်နက်ကို

၂၀၀၃
ဦးငြိမ်းမောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အသုံးပြု၍နာကျင်စေလျှင် မှတ်လောက်သားလောက်သည့်ပြစ်ဒဏ် ချမှတ်ရမည် ဟု **ဘိုးသင် နှင့်အစိုးရအမှု**[၁] တွင် ထုံးဖွဲ့ညွှန်ပြထားသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ တွင် မည်သူမဆိုတစ်ဦးတစ်ယောက်သောသူအား မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေလျှင် ထိုသူကိုတစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အချင်းဖြစ်အမှုကို စစ်ဆေးခဲ့သည့် မူလရုံးတရားသူကြီးသည် ပထမတန်းအာဏာရ ဒုတိယမြို့နယ်တရားသူကြီးဖြစ်သည်။ မူလရုံးက ချမှတ်သောပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန် လျှောက်ထားသောပြင်ဆင်မှုများတွင် မူလအမှုစစ်ရုံး၏ စီရင်ပိုင်ခွင့်အာဏာသည် အထူးရာဇဝတ်အာဏာမဟုတ်ပါက ပထမတန်းရာဇဝတ်အာဏာရ တရားရုံးကချမှတ်နိုင်ခွင့်ရှိသောပြစ်ဒဏ်အထိသာလျှင် ပြင်ဆင်မှုတရားရုံးက ပြစ်ဒဏ်တိုးမြှင့်နိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၃) တွင် ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် မူလရုံးတရားခံထွန်းအောင်စိန်၏ ဓါးဖြင့်ခုတ်မှုကြောင့် တရားလို၏သားအောင်ဝင်းလှိုင်တွင် အပြင်းအထန်နာကျင်စေသည့်ဒဏ်ရာရရှိခဲ့ကြောင်း ပေါ်ပေါက်ပြီးဖြစ်သည်။ အချင်းဖြစ်အမှုကို စစ်ဆေးသည့်မူလရုံးတရားသူကြီးသည် ပထမတန်းအာဏာရ ဒုတိယမြို့နယ်တရားသူကြီးဖြစ်သည်။ ဒုတိယမြို့နယ်တရားသူကြီးသည် ပထမတန်းရာဇဝတ်အာဏာရတရားသူကြီးဖြစ်သဖြင့် ၄င်း၏စီရင်ပိုင်ခွင့်အာဏာမှာ ထောင်ဒဏ် (၂) နှစ်အထိသာချမှတ်နိုင်ပေရာ ၄င်း၏အာဏာအရ အမြင့်ဆုံးဖြစ်သည့်ထောင်ဒဏ် (၂) နှစ်ချမှတ်ခဲ့ခြင်းသည် ပင်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရပြစ်ဒဏ်ကို သက်ညှာရာရောက်ခဲ့ပြီးဖြစ်ပေသည်။ ဤအခြေအနေတွင် ရခိုင်ပြည်နယ်တရားရုံးက မူလရုံးကချမှတ်ခဲ့သည့်ပြစ်ဒဏ်ကိုထပ်မံလျော့ပေါ့ခဲ့ခြင်းသည် တရားခံကျူးလွန်သည့် ပြစ်မှုနှင့်နှိုင်းစာပါက ပြစ်မှုနှင့်ပြစ်ဒဏ်မျှတသည်ဟုဆိုနိုင်မည်မဟုတ်ပေ။

အထက်ပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြုသည်။ တရားခံထွန်းအောင်စိန်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ

---

(၁) ရွေးချယ်ထားသည့်စီရင်ထုံးများ (အောက်မြန်မာပြည်) စာ-၁၈၂

ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးအဆင့်ဆင့်တို့၏အမိန့်ကို အတည်ပြုပြီး ယင်းပုဒ်မအရ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ်အစား အလုပ်နှင့်ထောင်ဒဏ် (၁) နှစ်ကျခံစေရန်ပြင်ဆင်အမိန့်ချခဲ့သည့် ရခိုင်ပြည်နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

လျှောက်ထားခံရသူထွန်းအောင်စိန်အပေါ် မူလမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရအလုပ်နှင့်ထောင်ဒဏ် (၂) နှစ်ကျခံစေရန်ချမှတ်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသည့် စစ်တွေခရိုင်တရားရုံး၏အမိန့်တို့ကို ပြန်လည်အတည်ပြုလိုက်သည်။

+ ၂၀၀၃
ဇန်နဝါရီလ
၃၁ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီးဦးချစ်လွင်၏ရှေ့တွင်

**ဦးစိန်လှ**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**ဦးတိုက်လျှောက်ထားစွဲဆိုမှုတွင် မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရပလပ်ခဲ့သည့်အမိန့်ကို ပြင်ဆင်မှုတွင် လျှောက်ထားမှုကိုဆီလျော်သောပုဒ်မဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရခရိုင်တရားရုံးက ညွှန်ကြားခဲ့သည်။ ခရိုင်တရားရုံး၏အမိန့်ကို ပြည်နယ်တရားရုံးက ပြင်ဆင်မှုတွင် ပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုခြင်းသည် အမှုတွဲကိုချေဖျက်ရာရောက် မရောက် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဒေါ်ကျင်စိုး[၁] တွင်တိုင်းတရားရုံး၏အမိန့်အရ မူလရုံးကအမှုကို ပိတ်သိမ်းလိုက်သဖြင့် တိုင်းတရားရုံးက အမှုကိုချေဖျက်လိုက်ခြင်းဖြစ်ပေသည်။ တိုင်းတရားရုံးအမိန့်မှာ အမှုချေဖျက်ခြင်းဟုတ် မဟုတ် အနှစ်သာရကိုကြည့်ရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) အရစီရင်ပိုင်ခွင့်ရှိကြောင်း အကြောင်းပြရုံဖြင့် တိုင်းတရားရုံး၏အမိန့်သည် အမှုကိုချေဖျက်ခြင်းမဟုတ်ဟုမဆိုနိုင်ကြောင်း ထုံးဖွဲ့ထားသည်။

<u>အချင်းဖြစ်အမှုတွင် မွန်ပြည်နယ်တရားရုံး၏အမိန့်အရ မူလ</u>

* ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၈၄ (ခ)
\+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၇ တွင် ချမှတ်သော ၃၀-၁၀-၂၀၀၂ ရက်စွဲပါ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

ရုံးအမှုကို ပိတ်သိမ်းလိုက်သဖြင့် အထက်ပါစီရင်ထုံးလမ်းညွှန်ချက်အရ မွန်ပြည်နယ်တရားရုံးသည် အမှုကိုချေဖျက်လိုက်ခြင်းပင်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၁၅ အရပြည်နယ် သို့မဟုတ် တိုင်း တရားရုံးသည် ခရိုင်တရားရုံးက ချမှတ်သောစီရင်ချက်အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ကိုစီရင်နိုင်သည်မှန်သော်လည်း အမှု၏အနှစ်သာရအရ မွန်ပြည်နယ် တရားရုံး၏ ပြင်ဆင်မှုတွင် ချမှတ်ခဲ့သောအမိန့်သည် ပြစ်မှုဆိုင်ရာ မူလအမှုကြီးကို ချေဖျက်ရာရောက်ကြောင်း ထင်ရှား ပေါ်လွင်နေသည်။ ဤအခြေအနေတွင် မွန်ပြည်နယ်တရားရုံးအနေဖြင့် မိမိအား အပ်နှင်းထားခြင်းမရှိသည့် စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာရောက်နေ ပေသည်။ အမှုချေဖျက်သည့် အာဏာကို ပြည်နယ်၊ တိုင်းတရားရုံးများသို့ အပ်နှင်းထားခြင်းမရှိပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရအမှုချေဖျက်သည့် အာဏာကို တရားရုံးချုပ်ကသာလျှင် ကျင့်သုံးပိုင်ခွင့်ရှိပေသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးလှကျော်<br>(တရားရုံးချုပ်ရှေ့နေ) |
| လျှောက်ထားခံရသူအတွက် | - | ဦးခင်မောင်မောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |

မော်လမြိုင်မြို့၊ စစ်ကဲကုန်းနယ်မြေမြောက်လမ်းမကြီး၊ အမှတ် ၂၉၃ နေ ဦးစိန်လှက ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန် နှင့် ဒေါ်သန်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူပေးရန် မော်လမြိုင်မြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့ရာ မြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကိုမကျေနပ်၍ ဦးစိန်လှက မော်လမြိုင် ခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅/၂၀၀၂ ဖြင့်တင် သွင်းခဲ့ရာ ခရိုင်တရားရုံးက မူလရုံးအား ဦးစိန်လှ၏လျှောက်ထားမှုကို ဆီလျော်သောပုဒ်မဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် ပြစ်မှု

ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရညွှန်ကြားခဲ့သည်။ မော်လမြိုင်ခရိုင်တရားရုံး၏အမိန့်ကို ဒေါ်သန်းသန်းအေးပါ (၄) ဦးတို့က မကျေနပ်သဖြင့် မွန်ပြည်နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၇/၂၀၀၂ ဖြင့်တင်သွင်းခဲ့ရာ မွန်ပြည်နယ်တရားရုံးက ခရိုင်တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး မူလရုံး၏အမိန့်ကို ပြန်လည်အတည်ပြုခဲ့သည်။ မွန် ပြည်နယ်တရားရုံး၏အမိန့်ကို ဦးစိန်လှက မကျေနပ်သဖြင့် တရားရုံးချုပ် သို့ ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို လျှောက်ထားလာခြင်းဖြစ်သည်။

အမှုမှာ တရားလိုဦးစိန်လှက ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန်နှင့် ဒေါ်သန်းသန်းတို့သည် ဒေါ်သန်းသန်းအေးမှ မိမိအား ၁၉၈၆ ခုနှစ်ကတည်းက လွှဲပြောင်းပေးအပ်ရောင်းချခဲ့ပြီးဖြစ်သည့် မြေကွက်ကို ဒေါ်သန်းသန်းအေး၏ လက်ဝယ်တွင်မရှိတော့ပါဘဲလျက် ဒေါ်သန်းသန်းအေးနှင့်ပူးပေါင်းကာ အဆိုပါမြေကွက်ကို မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မေတ္တာဖြင့်အပိုင်ပေးသည့်စာချုပ်အမှတ် ၁၁၆/ ၂၀၀၀ ကိုချုပ်ဆိုခဲ့သဖြင့် ၎င်းတို့ (၄) ဦးအား ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူပေးရန် မော်လမြိုင်မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုခဲ့သည့်အမှုဖြစ်သည်။

ပြင်ဆင်မှုလျှောက်လွှာတွင် ပြင်ဆင်ရန်အဓိကအကြောင်းပြချက် များအဖြစ် ယခုအမှုကို ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန်၊ ဒေါ်သန်းသန်းနှင့် ဒေါ်သန်းသန်းအေးတို့သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရနိုင်ငံတော်တရားရုံးချုပ်သို့ အမှုကိုချေဖျက်ပေးရန်အတွက် တက် ရောက်ရမည့်အမှုဖြစ်ပါလျက် မွန်ပြည်နယ်တရားရုံးမှ စီရင်ပိုင်ခွင့်မရှိဘဲ ဒေါ်သန်းကြည်ပါ (၄) ဦးတို့၏ ပြင်ဆင်မှုလျှောက်ထားချက်ကို လက်ခံပြီး မော်လမြိုင်ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ မော်လမြိုင်ခရိုင်တရားရုံး၏ အမိန့်ချမှတ်သည့်နေ့မှာ ၂၉-၅-၂၀၀၂ နေ့ဖြစ်ပြီး မွန်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်း သည့်နေ့မှာ ၁၁-၉-၂၀၀၂ နေ့ဖြစ်သဖြင့် ကာလစည်းကမ်းသတ်များစွာ ကျော်လွန်ပြီးမှ တင်သွင်းသောလျှောက်လွှာကို လက်ခံပြီး မော်လမြိုင်ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေအရမှားယွင်းကြောင်း သို့ဖြစ်၍ မွန်ပြည်နယ်တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး မော်လမြိုင်ခရိုင်

၂၀၀၃
ဦးစိန်လှ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုပေးရန် ဖော်ပြထားသည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေမှ ရုံးရှေ့တွင်ပြင်ဆင်မှု လျှောက်လွှာပါအကြောင်းပြချက်များကို အမှုတွဲပေါ် ပေါက်ချက်များ၊ စီရင်ထုံးအကိုးအကားများဖြင့် အကျယ်တဝင့် လျှောက်လဲတင်ပြသည်။

ပြင်ဆင်မှုလျှောက်ထားခံရသူ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကိုယ်စား ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွဲတွင် ပေါ် ပေါက်သည့်သက်သေခံချက်များအရ မူလမြို့နယ်တရားရုံးက လျှောက်ထားသူ၏ဦးတိုက်လျှောက်လွှာကို ပလပ်သည့်အမိန့်ချမှတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရမူလရုံးတွင်လုပ်ပိုင်ခွင့်ရှိ၍ ဥပဒေနှင့်ညီညွတ်သောအမိန့်ဖြစ်ကြောင်း။ ထို့အတူယင်းအမိန့်ကို ပြင်ဆင်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရဆီလျော်ရာဥပဒေပုဒ်မ တစ်ခုခုဖြင့် လျှောက်ထားခံရသူများကို အရေးယူရန်ချမှတ်ခဲ့သည့် ခရိုင်တရားရုံး၏အမိန့်သည် ဥပဒေနှင့်အညီဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ ခရိုင်တရားရုံးက ချမှတ်သောအမိန့်အပေါ် ကျေနပ်မှုမရှိပါက တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရလျှောက်ထားရန် လိုအပ်သည်ဟု သုံးသပ်ရရှိကြောင်း၊ အချင်းဖြစ်အမှုတွင် ထိုသို့လျှောက်ထားခြင်းမရှိဘဲ မွန်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားခဲ့ရာတွင် မွန်ပြည်နယ်တရားရုံးက ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့သည့်အမိန့်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရချမှတ်ရမည့်အမိန့်မျိုးဖြစ်၍ ယင်းလုပ်ပိုင်ခွင့်မှာ တရားရုံးချုပ်တွင်သာ လုပ်ပိုင်ခွင့်ရှိသည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ မြို့နယ်တရားရုံးတွင် စစ်ဆေးဆောင်ရွက်သည့်အမှုကို တိုင်းတရားရုံးက ပယ်ဖျက်နိုင်သည့်အာဏာမရှိဘဲ အမှုကိုပယ်ဖျက်ခြင်းကို တရားရုံးချုပ်ကသာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရပြုလုပ်နိုင်ကြောင်း၊ **ဒေါ်ခသီတာဘီဘီ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၁] နှင့် **ဦးလှိုခဲဝါ ပါ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၂] တို့တွင် ညွှန်ပြဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားမှုအပေါ် သင့်လျော်သည့်အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

---

(၁) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၁၅

(၂) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၂၀

ဤပြင်ဆင်မှုတွင် အဓိကသုံးသပ်ရမည့်အချက်မှာ မော်လမြိုင်ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့သည့် မွန်ပြည်နယ်တရားရုံး၏အမိန့်သည် မှန်ကန်မှုရှိ မရှိဆိုသည့်အချက်ဖြစ်သည်။

မူလရုံးအမှုတွဲကိုလေ့လာရာ မူလမော်လမြိုင်မြို့နယ်တရားရုံးတွင် တရားလိုဦးစိန်လှက ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန်နှင့် ဒေါ်သန်းသန်းတို့အပေါ် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဒေါ်သန်းသန်းအေးပါ (၄) ဦးတို့ ချုပ်ဆိုခဲ့သည့်မေတ္တာဖြင့်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်အမှတ် ၁၁၆/၂၀၀၀ သည်တရားလိုအတွက် နစ်နာမှုဖြစ်စေ၍ ဒေါ်သန်းသန်းအေးပါ (၄) ဦးတို့အပေါ် ပြစ်မှုကြောင်းအရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ မူလရုံးက တရားလိုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရစစ်ဆေးပြီးနောက် တရားလို၏ဦးတိုက်လျှောက်လွှာသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟုသုံးသပ်ကာ ယင်းဥပဒေပုဒ်မ ၂၀၃ အရ အမှုကိုပလပ်ခဲ့ခြင်းဖြစ်သည်။

မူလရုံး၏အမိန့်ကိုမကျေနပ်၍ ဦးစိန်လှက မော်လမြိုင်ခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုလျှောက်ထားခဲ့ရာ ခရိုင်တရားရုံးက နှစ်ဘက်လျှောက်လဲချက်ကြားနာပြီးနောက် တရားလို၏ဦးတိုက်လျှောက်ထားမှုကို ဆီလျော်သောပုဒ်မဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် မူလရုံးသို့ညွှန်ကြားခဲ့သည်။ ခရိုင်တရားရုံး၏ညွှန်ကြားချက်အရ မူလရုံးက ဒေါ်သန်းသန်းအေးပါ (၄) ဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရအရေးယူမည်ဖြစ်ကြောင်းဆုံးဖြတ်ပြီး တရားခံများကိုဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ တရားခံများရုံးရှေ့သို့ရောက်ရှိပြီး အမှုကိုဆက်လက်ဆောင်ရွက်နေစဉ် တရားခံဒေါ်သန်းသန်းအေးပါ (၄) ဦးတို့က မွန်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားခဲ့ရာတွင် မွန်ပြည်နယ်တရားရုံးက နှစ်ဘက်လျှောက်လဲချက်ကြားနာပြီးနောက် ခရိုင်တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံးအမိန့်ကို အတည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် မူလမြို့နယ်တရားရုံးက အမှုကိုပိတ်သိမ်းခဲ့ကြောင်းတွေ့ရသည်။

မွန်ပြည်နယ်တရားရုံးက ယခုအမှုသည် မူလရုံးတရားခံများ အား အရေးယူခြင်းမရှိသည့်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရမော်လမြိုင်ခရိုင်တရားရုံးသို့ ပြင်ဆင်မှုတက်ရောက်လာရာမှ

၂၀၀၃
ဦးစိန်လှ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

မော်လမြိုင်ခရိုင်တရားရုံး၏အမိန့်အပေါ် ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှုတက်ရောက်လာခြင်းဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၅ အရခရိုင်တရားရုံးက ချမှတ်သောအမိန့်အပေါ် ပြည်နယ်တရားရုံးက ဤပြင်ဆင်မှုကိုစီရင်နိုင်ကြောင်း သုံးသပ်ပြီး ဒေါ်သန်းသန်းအေးပါ (၄) ဦးတို့ လျှောက်ထားသည့်ပြင်ဆင်မှုကို လက်ခံကာအဆုံးအဖြတ်ပြုခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် မူလရုံးတရားလိုဦးစိန်လှ ဦးတိုက်လျှောက်ထားစွဲဆိုသည့်အမှုကို မူလမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရပလပ်သည့်အမိန့်အပေါ် မော်လမြိုင်ခရိုင်တရားရုံးက ဆီလျော်ရာပုဒ်မဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရညွှန်ကြားခဲ့သဖြင့် မူလရုံးက ဒေါ်သန်းသန်းအေးပါ (၄) ဦးတို့အပေါ်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရဆက်လက်အရေးယူဆောင်ရွက်နေသည့်အဆင့်တွင် မွန်ပြည်နယ်တရားရုံးမှ ခရိုင်တရားရုံး၏အမိန့်ကို ပြင်ဆင်မှုတွင်ပယ်ဖျက်ခဲ့သဖြင့် မူလရုံးကတရားလိုဦးစိန်လှ စွဲဆိုသည့်အမှုကို ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။ အဆိုပါမွန်ပြည်နယ်တရားရုံး၏အမိန့်သည် ဒေါ်သန်းသန်းအေးပါ (၄) ဦးတို့အပေါ် မူလရုံးကပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရအရေးယူဆောင်ရွက်နေသည့်ကိစ္စကို ပယ်ဖျက်ခြင်းပင်ဖြစ်ကြောင်းမြင်သာသည်။ တစ်နည်းအားဖြင့်ဆိုသော် ပြစ်မှုဆိုင်ရာမူလမှုကြီးအား ချေဖျက်သည့်သဘောမျိုးလည်း သက်ရောက်နေပေသည်။

တရားရုံးသို့တိုင်လျှောက်လွှာ သို့မဟုတ် တိုင်လျှောက်သူ၏ရုံးရှေ့အစစ်ခံချက်ပါ အကြောင်းအရာများကို လေ့လာစိစစ်ပြီးနောက် ယင်းအချက်အလက်များသည် ပြစ်မှုမမြောက်ကြောင်း တွေ့ရှိသည့်အခါတွင်ဖြစ်စေ၊ ပေါ်ပေါက်လာသည့်သက်သေခံချက် တစ်စုံတစ်ရာကြောင့် ပြစ်မှုမမြောက်နိုင်ကြောင်း အထင်အရှားတွေ့ရသည့်အခါတွင်ဖြစ်စေ တရားရုံးချုပ်သည် မူလဘူတအာဏာကိုကျင့်သုံး၍ စစ်ဆေးဆဲအမှုတစ်ခုကို ချေဖျက်ပေးနိုင်ပေသည်။ **ဦးအပ္ပလဿတွန်ဟာပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ အမှု**[၃] ကိုကြည့်ပါ။

---

(၃) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၉၅

**ဦးကြည်လွင်အောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝါ၂ အမှုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဒေါ်ကျင်စိုး အမှု**(၇) တွင်" တိုင်းတရားရုံး၏အမိန့်အရ မူလရုံးကအမှုကို ပိတ်သိမ်းလိုက်သဖြင့် တိုင်းတရားရုံးက အမှုကိုချေဖျက်လိုက်ခြင်းပင်ဖြစ်သည်။ တိုင်းတရားရုံး၏အမိန့်မှာ အမှုချေဖျက်ခြင်းဟုတ် မဟုတ်အနှစ်သာရကိုကြည့်ရမည် ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) အရစီရင်ပိုင်ခွင့်ရှိကြောင်း အကြောင်းပြရုံဖြင့် တိုင်းတရားရုံး၏အမိန့်သည် အမှုကို ချေဖျက်ခြင်းမဟုတ်ဟုမဆိုနိုင် " ကြောင်းထုံးဖွဲ့ညွှန်ပြထားသည်။

အချင်းဖြစ်အမှုတွင် မွန်ပြည်နယ်တရားရုံး၏အမိန့်အရ မူလရုံးက အမှုကိုပိတ်သိမ်းလိုက်သဖြင့် အထက်ပါစီရင်ထုံးလမ်းညွှန်ချက်အရ မွန်ပြည်နယ်တရားရုံးသည် အမှုကိုချေဖျက်လိုက်ခြင်းပင်ဖြစ်ပေသည်။ ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေးဥပဒေပုဒ်မ ၁၅ အရပြည်နယ်သို့မဟုတ် တိုင်းတရားရုံးသည် ခရိုင်တရားရုံးက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကိုစီရင်နိုင်သည်မှာမှန်သော်လည်း အမှု၏အနှစ်သာရအရ မွန်ပြည်နယ်တရားရုံး၏ ပြင်ဆင်မှုတွင်ချမှတ်ခဲ့သောအမိန့်သည် ပြစ်မှုဆိုင်ရာမူလမှုကြီးကို ချေဖျက်ရာရောက်ကြောင်း ထင်ရှားပေါ်လွင်နေသည့် အခြေအနေတွင် မွန်ပြည်နယ်တရားရုံးအနေဖြင့် မိမိအား အပ်နှင်းထားခြင်းမရှိသည့် စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာရောက်နေပေသည်။ အမှုချေဖျက်သည့်အာဏာကို ပြည်နယ်၊ တိုင်းတရားရုံးများသို့ အပ်နှံထားခြင်းမရှိပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရအမှုချေဖျက်သည့်အာဏာကို တရားရုံးချုပ်ကသာလျှင် ကျင့်သုံးပိုင်ခွင့်ရှိပေသည်။

အထက်ပါအမှုတွဲပေါ်ပေါက်ချက်များနှင့် စီရင်ထုံးလမ်းညွှန်ချက်တို့အရ မော်လမြိုင်ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်သည့် မွန်ပြည်နယ်တရားရုံး၏ အမိန့်သည် မှန်ကန်သည်ဟုဆိုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြုသည်။ မွန်ပြည်နယ်တရားရုံး၏ ၃၁-၁၀-၂၀၀၂ ရက်စွဲပါ အမိန့်ကိုပယ်ဖျက်လိုက်ပြီး မော်လမြိုင်ခရိုင်တရားရုံး၏ ၂၉-၅-၂၀၀၂ ရက်စွဲပါအမိန့်ကို ပြန်လည်အတည်ပြုသည်။

---

(၇) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၁

+ ၂၀၀၃
ဧပြီလ
၂၇ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်အေးနှင့်
ဒေါက်တာတင်အောင်အေးတို့၏ရှေ့တွင်**

**ဦးသန်းဝင်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ***

**သက်သေခံအဖြစ် တင်ပြသည့်စာတမ်းအမှတ်အသားများနှင့် စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှုအတွက် သက်ဆိုင်ရာ တရားရုံး သို့မဟုတ် အခွန်ရုံးက ရေးသားတိုင်တန်းမှသာ အရေးယူခွင့်ရှိခြင်း။**
**တရားရုံးချုပ်ကချမှတ်ခဲ့သော အပြီးသတ်အမိန့်များအပေါ်တွင်သာ အထူးအယူခံမှုဖြင့် ပြန်လည်စိစစ်ခွင့်ရှိခြင်း၊ စွဲချက်မတင်မီလွှတ်သည့်အမိန့်မှာ အပြီးအပြတ် အမိန့်ဖြစ်သည်ဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်-၁။** ။ အယူခံတရားခံဦးမောင်မောင်အား စွဲချက်မတင်မီလွှတ်ခဲ့ခြင်းမှာ ဤအမှုကို တရားစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါမှုသဘောနှင့်အညီ ဆောင်ရွက်နိုင်စေရန် အမိန့်ချမှတ်ကြားခဲ့ခြင်းသာဖြစ်သည်။ လိမ်လည်ခြင်းခံရသော အခွင့်ရအာဏာပိုင်များကသာလျှင် ဤအမှုမျိုးကိုစွဲဆိုခွင့်ရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ကပြဋ္ဌာန်းထားသည်။ ဤအမှုတွင်ဦးမောင်မောင်အပေါ် အခွင့်ရအာဏာပိုင်တစ်စုံတစ်ဦးက စာဖြင့်ရေးသားတိုင်တန်းမှုမရှိသည်

---

* ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၆

\+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၉ (ခ) တွင် ချမှတ်သော ၁၉-၈-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု။

မှာလည်း ထင်ရှားသည်။

**ဆုံးဖြတ်ချက်-၂။** ။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ တွင် " တရားရုံးချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံး၍ အပြီးသတ်စီရင်သောအမှုကိုဖြစ်စေ၊ တရားရုံးတစ်ရုံးရုံး၏ အပြီးအပြတ်ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က အပြီးသတ်စီရင်ထားသောအမှုကိုဖြစ်စေ၊ အထူးခုံရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအယူခံဝင်ခွင့်ပြုပါက အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်ပါသည်။ "ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အပြီးသတ်စီရင်ဆုံးဖြတ်ထားသော အမိန့်များအပေါ်တွင်သာ အထူးအယူခံခုံရုံးဖြင့် ဖြေကြားပေးသဖြင့် ယခုကဲ့သို့ စွဲချက်မတင်မီ လွှတ်သောအမိန့်အပေါ်တွင် အထူးအယူခံဝင်ခွင့်မပြုသင့်ဟု သုံးသပ်ရရှိသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | အယူခံတရားလို ဦးသန်းဝင်း ကိုယ်တိုင်ရေးသားလျှောက်လဲ ချက်တင်သည်။ |
| အယူခံတရားခံများအတွက် | - | ၁။ ဒေါ်ကျင်စန်း ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး<br>၂။ ဦးကျော်မြင့် တရားရုံးချုပ်ရှေ့နေ |

ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၇၈၈/၂၀၀၁ တွင် ဦးသန်းဝင်းက ဦးမောင်မောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ နှင့် ၂၁၁ တို့အရ တရားစွဲဆိုရာ တရားခံအပေါ် အဆိုပါပြစ်မှုများဖြင့် စွဲချက်တင်ခဲ့သည်။ စွဲချက်ပယ်ဖျက်ပေးရန် အတွက် တရားခံဦးမောင်မောင်က ဧရာဝတီတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၈/၂၀၀၂ ကိုလျှောက်ထားသော်လည်း အမှုပလပ်ခံခဲ့ရသည်။ ထို့ကြောင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှု

၂၀၀၃
ဦးသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အမှတ် ၂၉၉ (ခ)/၂၀၀၂ ဖြင့်လျှောက်ထားခဲ့ရာတွင် ပြင်ဆင်မှုကို ခွင့်ပြုပြီး ဦးမောင်မောင်အပေါ် စွဲချက်တင်ထားသည့်အမိန့်များကို ပယ်ဖျက်ပေးခဲ့သည်။ ထို့ကြောင့်မူလရုံးတရားလို ဦးသန်းဝင်းက အထူးအယူခံဝင်ခွင့်ရရှိရန် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) ၁၆၀/၂၀၀၂ ဖြင့်လျှောက်ထားသည့်အခါတွင် အောက်ဖေါ်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

> " အမှုတွင်ပေါ်ပေါက်နေသောအခြေအနေအရ ဦးမောင်မောင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရစွဲချက်တင်ဖြေရှင်းစေရန်သင့် မသင့် "

အမှုမှာ ဘိုကလေးမြို့၊ (ဂ) ရပ်ကွက်၊ (၅) လမ်းထိပ်ရှိ မြေကွက်တွင် တရားလို ဦးသန်းဝင်းနှင့် ဖခင်ဦးဥာဏ်ရှိန်တို့မိသားစုနှင့် တရားခံ ဦးမောင်မောင်တို့မိသားစုတို့က နှစ်အတန်ကြာအတူနေထိုင်လာခဲ့ကြသည်။ ထို့နောက်အဆိုပါ မြေကွက်အတွက် လ-န ၃၉ နှင့် မြေငှားဂရန်များကို ဦးမောင်မောင်က ၎င်းတို့မိသားစုအမည်ဖြင့် လျှောက်ထားရယူခဲ့သည်။ ထို့ပြင်အချင်းဖြစ်မြေပေါ်တွင် နေထိုင်လျက်ရှိသော ဦးသန်းဝင်းတို့၏ ကျူးကျော်နေထိုင်မှုအတွက် ရာဇဝတ်မကင်းသောကျော်နင်းမှုဖြင့် တရားစွဲဆိုခဲ့သည်။ ထို့ကြောင့်ဦးသန်းဝင်းက ဤအမှုကို ဦးမောင်မောင်အပေါ် ပြန်လည်စွဲဆိုခြင်းဖြစ်သည်။ ဦးမောင်မောင်သည် မြေဂရန်ကို လိမ်လည်လျှောက်ထားခဲ့သည်ဟုလည်းကောင်း၊ ဦးသန်းဝင်းတို့အပေါ် မမှန်မကန်သတင်းပေးတိုင်တန်းခဲ့သည်ဟုလည်းကောင်း၊ ဤအမှုတွင် ဦးသန်းဝင်းကစွပ်စွဲခြင်းဖြစ်သည်။ ဦးမောင်မောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ နှင့် ၂၁၁ တို့အရမူလတရားရုံးက စွဲချက်တင်ခြင်း၊ ထိုအမိန့်ကို ရောဝတီတိုင်းတရားရုံးက အတည်ပြုခဲ့ခြင်းများရှိခဲ့သော်လည်း ဦးသန်းဝင်းသည် ဤအမှုကိုစွဲဆိုခွင့်မရှိကြောင်း တရားရုံးချုပ်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ သုံးသပ်ခဲ့သည်။ ထို့နောက်ဦးမောင်မောင်အပေါ် ချမှတ်ထားသည့်စွဲချက်အမိန့်များကို တရားရုံးချုပ်က ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုဦးသန်းဝင်းမှ လျှောက်လဲရာတွင် ယင်းမြေကွက်အတွက် လ န ၃၉ နှင့်စက်မှုလက်မှုမြေငှားဂရန်ကို ဦးမောင်မောင်က လိမ်လည်လျှောက်ထားရရှိပြီးနောက် မြေကွက်ပေါ်တွင်နေထိုင်သူ

၂၀၀၃
ဦးသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဦးသန်းဝင်းတို့မိသားစုအားကျော်နင်းမှုဖြင့် တရားစွဲဆိုခဲ့ကြောင်း၊ ဦးမောင်မောင်၏မတရားပြုလုပ်မှုများကြောင့် ၄င်းရရှိထားသည့် လန ၃၉ နှင့်ဂရန်ကိုလည်း သက်ဆိုင်ရာအာဏာပိုင်များက ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်မြေပေါ်တွင် ဦးသန်းဝင်းရသင့်သောအပိုင်းနှင့် ဦးမောင်မောင်ရသင့်သောအပိုင်းများကိုလည်း သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခွဲဝေသတ်မှတ်ပေးပြီးဖြစ်ကြောင်း၊ ဂရန်လျှောက်ထားရာတွင် ဦးမောင်မောင်က လိမ်လည်လျှောက်ထားခဲ့သောကြောင့် ဦးမောင်မောင်အပေါ် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၂၁၁ တို့အရ ဤအမှုကိုတရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ဦးမောင်မောင်၏အပြုအမူများကြောင့် အယူခံတရားလိုဦးသန်းဝင်းတွင် နစ်နာမှုများဖြစ်ခဲ့ရကြောင်း၊ ထိုကဲ့သို့နစ်နာသူက တရားစွဲဆိုခွင့်မရှိဟု သုံးသပ်ခဲ့ခြင်းမှာ တရားမျှတသည်ဟု မဆိုနိုင်ကြောင်း၊ ဦးဉာဏ်ရှိန် (ဦးသန်းဝင်း၏ဖခင်) ၏မြေကွက်ကိုပါ ဦးမောင်မောင်တစ်ဦးတည်းအမည်ပေါက်ရရှိအောင် ဂရန်လျှောက်ထားခဲ့သည်မှာ ထင်ရှားကြောင်း၊ ထိုကဲ့သို့လိမ်လည်လျှောက်ထားမှုကြောင့် ဦးမောင်မောင်အပေါ် စွဲချက်တင်ဖြေရှင်းစေသင့်သည်ဟု တရားရုံးချုပ်ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) မှုအမှတ်၊ ၁၆၀/၂၀၀၂ တွင်တရားသူကြီးများက သုံးသပ်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း၊ ထို့ကြောင့် စွဲချက်မတင်မီလွှတ်ခဲ့သည့် တရားရုံးချုပ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၉၉ (ခ)/၂၀၀၂ ၏အမိန့်ကိုပယ်ဖျက်ပြီး စွဲချက်တင်ထားသည့်မြို့နယ်တရားရုံးအမိန့်နှင့် တိုင်းတရားရုံးတို့၏အမိန့်များကိုအတည် ပြုသင့်ကြောင်း လျှောက်လဲသည်။

အမှတ် (၂) အယူခံတရားလိုဦးမောင်မောင်၏ရှေ့နေမှ လျှောက်လဲရာတွင် အချင်းဖြစ်မြေသည် မူလကမြို့တွင်းလယ်မြေဖြစ်ပြီး ထိုမြေပေါ်တွင်လူ ၇ ဦးခန့်ကျူးကျော်နေထိုင်ခဲ့ကြကြောင်း၊ ကျူးကျော်နေထိုင်သူ ၂ ဦးထံမှ ဦးမောင်မောင်က မြေအချို့ကို ၁၉၈၀ မှ ၁၉၈၃ ခုနှစ်ခန့်အတွင်းက ဝယ်ယူရရှိခဲ့ကြောင်း၊ ထို့အတူအခြားကျူးကျော်နေသူတစ်ဦးထံမှမြေကို ဦးဉာဏ်ရှိန် (ဦးသန်းဝင်း၏ဖခင်) ကလည်း ၁၉၈၂ တွင်ဝယ်ယူရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဦးမောင်မောင် လ န ၃၉ ရရှိသောမြေအတွင်းသို့ ဦးသန်းဝင်းတို့က ကျူးကျော်သဖြင့် ဦးသန်းဝင်းတို့အပေါ်

၂၀၀၃
ဦးသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရတရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ဦးမောင်မောင် လ န ၃၉ လျှောက်ထားစဉ်အခါက ဦးဉာဏ်ရှိန်အား အသိပေးမှုရှိခဲ့ကြောင်း၊ သို့သော်လည်းဦးဉာဏ်ရှိန်က လိုက်ပါလျှောက်ထားမှုမရှိခဲ့ကြောင်း၊ လ န ၃၉ ရရှိလာသောအခါတွင် အခြားသူများမြေမှထွက်ခွာပေးသော်လည်း ဦးဉာဏ်ရှိန်တထွက်ခွာပေးခြင်းမရှိခဲ့ကြောင်း၊ ဘိုကလေးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၁၀၂၅/၉၉ တွင်ဦးသန်းဝင်းမိသားစုများသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရကြောင်း၊ လ န ၃၉ နှင့်ဂရန်များထုတ်ပေးရာတွင် သက်ဆိုင်ရာအာဏာပိုင်များက နည်းလမ်းတကျစုံစမ်းစိစစ်ပြီးမှ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရရှိထားသည့် လ န ၃၉ နှင့်မြေဂရန်များမှာ ယခုအထိတည်မြဲလျှက်ရှိကြောင်း၊ လ န ၃၉ နှင့် ဂရန်လျှောက်ထားရာတွင် ဦးမောင်မောင်က ဦးသန်းဝင်းအား လိမ်လည်မှုမရှိခဲ့သည်မှာထင်ရှားကြောင်း၊ လိမ်လည်မှုပြုမည်ဆိုလျှင်လည်း ဂရန်ထုတ်ပေးသည့်အာဏာပိုင်အဖွဲ့အား လိမ်လည်ခဲ့မည်ဖြစ်သည်ဟုလည်းကောင်း၊ သို့ဖြစ်၍ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရ ဤအမှုကိုသက်ဆိုင်ရာအာဏာပိုင်အဖွဲ့ကသာ စွဲဆိုခွင့်ရှိမည်ဖြစ်သည်ဟုလည်းကောင်း၊ ဦးသန်းဝင်းအနေဖြင့် ဤအမှုကိုစွဲဆိုခွင့်မရှိဟုလည်းကောင်း၊ တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း၊ ဦးမောင်မောင်အား စွဲချက်မတင်မီလွှတ်ခဲ့သည့် တရားရုံးချုပ်၏အမိန့်သည် အပြီးအပြတ်အမိန့်မဟုတ်သဖြင့် အဆိုပါအမိန့်အပေါ် အထူးအယူခံခုံရုံးက ဝင်ရောက်စွက်ဖက်ရန်သင့်မည်မဟုတ်ကြောင်း၊ ဦးသန်းဝင်း၏အထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးမှ လျှောက်လဲရာတွင် မူလရုံးအမှုတွဲရှိ ရုံးခေါ်သက်သေ ဦးမောင်မောင်အေး (မြို့နယ်မြေစာရင်းဦးစီးမှူး) ထွက်ဆိုချက်အရ အချင်းဖြစ်မြေကွက်သည် မြို့တွင်းလယ်မြေအမျိုးအစားဖြစ်ပြီး ၁၉၈၂-၈၃ တွင် ဦးမောင်မောင်နှင့် ဦးဉာဏ်ရှိန်တို့နှစ်ဦးအမည်ဖြင့် အခွန်ထမ်းဆောင်ခဲ့ကြောင်း၊ ဦးမောင်မောင်က မြေငှားဂရန်ဆက်လက်လျှောက်ထားသဖြင့် အာရ်ပီအင်န်အို (RPNO) ၂၃/၉၅-၉၆ အရ ၂၃-၂-၉၆ နေ့တွင် (၁၀) နှစ်ဂရန်ထုတ်ပေးခဲ့ကြောင်း၊ ဂရန်ကိုဖျက်သိမ်းခဲ့ပြီးဖြစ်သည်ဟုမဆိုနိုင်ကြောင်းတို့ကို ရှေ့ဦးစွာလျှောက်လဲသည်။

ထို့နောက်အမှုတွဲပါသက်သေခံချက်များအရ ဦးမောင်မောင်၏မြေဂရန်လျှောက်ထားချက်ကို အယူခံတရားလိုဦးသန်းဝင်း၏ဖခင် ဦးဉာဏ်ရှိန်က ကန့်ကွက်ခဲ့သော်လည်း သက်ဆိုင်ရာဌာနက လုပ်ထုံးလုပ်နည်းအရ စိစစ်ပြီးမှ ဦးမောင်မောင်အား လ န ၃၉ နှင့်မြေဂရန်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် မြေငှားဂရန်အား ဖျက်သိမ်းပြီးဖြစ်သည်ဟု ဦးသန်းဝင်းကတင်ပြထွက်ဆိုထားသော်လည်း တိကျခိုင်လုံသည့်သက်သေခံအထောက်အထားတင်ပြနိုင်ခြင်းမရှိဘဲ ဦးမောင်မောင်ကသာ ၎င်းအားထုတ်ပေးထားသော (၁၀) နှစ်သက်တမ်းမြေငှားဂရန်သည် ဖျက်သိမ်းခြင်းမရှိဘဲ တရားဝင်ဆဲဖြစ်သည်ဟူသော အကြောင်းကြားချက်ကိုတင်ပြထားကြောင်း၊ " ဦးမောင်မောင်သည် ဦးသန်းဝင်းစွပ်စွဲသကဲ့သို့ လ န ၃၉ နှင့်ဂရန်တို့လိမ်လည်ရယူလျှောက်ထားခဲ့သည်မှာ မှန်စေဦး (မှန်သည်ဟုဆိုလိုခြင်းမဟုတ်) ဦးမောင်မောင်လိမ်လည်သည်မှာ အာဏာပိုင်အဖွဲ့သို့သာဖြစ်သည်။ ဦးသန်းဝင်းကိုလိမ်လည်ခြင်းမဟုတ်ပေ။ " ဟုတရားရုံးချုပ်ကသုံးသပ်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း၊ အမှုကိစ္စကိုသက်ဆိုင်ရာအစိုးရဌာနဆိုင်ရာများနှင့် တရားရုံးများက တိုင်တန်းမှသာအရေးယူပိုင်ခွင့်ရှိသဖြင့် ဦးမောင်မောင်အား စွဲချက်တင်ထားခြင်းမှာတရားမဝင်ကြောင်း၊ မူလမြို့နယ်တရားရုံးက ဦးမောင်မောင်အားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ နှင့်ပုဒ်မ ၂၁၁ အရစွဲချက်တင်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော ဧရာဝတီတိုင်းတရားရုံး၏အမိန့်များကို တရားရုံးချုပ်က ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေနှင့်အညီဖြစ်ကြောင်းကို ခံလျှောက်လဲသည်။

ထို့နောက်ရှေ့နေချုပ်ရုံးမှ ဆက်လက်လျှောက်လဲရာတွင် အယူခံတရားလိုဦးသန်းဝင်းအပေါ် ဦးမောင်မောင်က မည်သို့လိမ်လည်လှည့်ဖြားခဲ့သည်ဟုလည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ခဲ့သည်ဟုလည်းကောင်း၊ ဦးသန်းဝင်းက သက်သေထင်ရှားမပြနိုင်ခဲ့ကြောင်း၊ ဦးသန်းဝင်းတင်ပြသကဲ့သို့ ဦးမောင်မောင်ထံသို့ ထုတ်ပေးခဲ့သော လ န ၃၉ နှင့်မြေဂရန်ကိုဖျက်သိမ်းပြီးဖြစ်သည်ဆိုပါက ဦးသန်းဝင်းသည် မိမိအမည်ဖြင့် လ န ၃၉ နှင့်မြေဂရန်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနသို့ လျှောက်ထားရယူရန်သာဖြစ်ကြောင်း၊ ဦးမောင်မောင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရအရေးယူပေးရန်အတွက် ဦးသန်းဝင်းက တိုင်တန်းနိုင်မည်မဟုတ်ကြောင်း၊

၂၀၀၃
ဦးသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဦးမောင်မောင်၏လိမ်လည်တင်ပြမှုကြောင့် လ ‌ န ၃၉ နှင့်မြေဂရန်ကို မှားယွင်းထုတ်ပေးမိကြောင်း အမှန်တကယ်ပေါ်ပေါက်ပါက လိမ်လည် လှည့်ဖြားခံရသော သက်ဆိုင်ရာဌာနကသာလျှင် တိုင်တန်းအရေးယူရ မည်ဖြစ်ကြောင်း၊ အမှုတွဲပါသက်သေခံချက်များအရ ဦးမောင်မောင်သည် ဦးသန်းဝင်းအား လိမ်လည်လှည့်ဖြား၍ မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ကြောင်းပေါ်ပေါက်ခြင်းမရှိ၍ ဦးမောင်မောင်အား ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရစွဲချက်တင်ခဲ့သောအမိန့်ကိုပယ်ဖျက်ပြီး စွဲချက်မတင်မီ တရားရှင်လွှတ်ခဲ့သော တရားရုံးချုပ်၏အမိန့်သည် ဥပဒေအရမှားယွင်းမှုမရှိကြောင်း၊ ယင်းအမိန့်ကိုပြန်လည်သုံးသပ်ရန် ဥပဒေဆိုင်ရာပြဿနာပေါ်ပေါက်ခြင်းမရှိကြောင်း၊ သို့ဖြစ်ပါ၍ ဦးသန်းဝင်း၏ အထူးအယူခံလျှောက်လွှာကို ခွင့်ပြုရန်မသင့်ဘဲပလပ် သင့်ကြောင်း လျှောက်လဲတင်ပြသည်။

ဤအမှုတွင်အဓိကစိစစ်သည့်အချက်မှာ အမှုတွဲတွင်ပေါ်ပေါက် သောသက်သေခံချက်များအရ ဦးမောင်မောင်အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၂၀ အရစွဲချက်တင်ဖြေရှင်းစေရန်သင့် မသင့်ဆိုသည့်အချက် ပင်ဖြစ်သည်။ တရားခံဦးမောင်မောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရစွဲချက်တင်ထားသည့်အမိန့်ကို ပယ်ဖျက်ခဲ့သောတရားရုံးချုပ် ၏စီရင်ချက်တွင် အောက်ပါအတိုင်း သုံးသပ်ထားသည်ကိုတွေ့ရှိရသည်-

"ဦးမောင်မောင်သည်အချင်းဖြစ်မြေကွက်အတွက် လ န ၃၉ ရရှိခဲ့သလို ၁၀ နှစ်စက်မှုလက်မှုဂရန်ရရှိထားကြောင်း အငြင်း မပွားပေ။ တရားလိုဦးသန်းဝင်းကိုယ်တိုင် လျှောက်ထားတိုင် တန်းရာ၌ လ န ၃၉ နှင့်ဂရန်ကိုလိမ်လည်ရယူသွားကြောင်း ဖြစ်သည်။ ၎င်းကိုလိမ်လည်ခြင်းတစ်စုံတစ်ရာ ဦးမောင်မောင် ကပြုကြောင်းမတွေ့ရပေ။ အမှုတစ်မှုလုံးကိုလေ့လာကြည့်သည့် အခါ သိမ်မွေ့သောဥပဒေဆိုင်ရာပြဿနာ ပေါ်ပေါက်နေ ကြောင်းတွေ့ရသည်။ ဦးမောင်မောင်သည် လ န ၃၉ နှင့် စက်မှုလက်မှုဂရန်တို့ကို အလွယ်တကူရရှိခဲ့သည်မဟုတ်ပေ။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှလည်း သေချာစွာစိစစ် ၍ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ လ န ၃၉ ထုတ်ပေးခြင်း၊ ဂရန် ထုတ်ပေးခြင်းတို့မှာ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းဖြစ်သည်။ ဦးသန်းဝင်းက ဦးမောင်မောင်သည် လ န ၃၉ နှင့်ဂရန်တို့

ရရှိအောင် လိမ်လည်၍လျှောက်ထားခဲ့သည်ဟု တင်ပြသည်။ ဦးမောင်မောင်သည် ဦးသန်းဝင်းစွပ်စွဲသကဲ့သို့ လ န ၃၉ နှင့် ဂရန်တို့ကို လိမ်လည်၍ရယူလျှောက်ထားခဲ့သည်မှာ မှန်စေဦး (မှန်သည်ဟုဆိုလိုခြင်းမဟုတ်)၊ ဦးမောင်မောင်လိမ်လည်သည်မှာ အာဏာပိုင်အဖွဲ့သို့သာဖြစ်သည်။ ဦးသန်းဝင်းကိုလိမ်လည်ခြင်းမဟုတ်ပေ " ဟုဖေါ်ပြထားသည်။

ထို့နောက် **ဒေါ်တင်ကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂** စီရင်ထုံးကိုလည်း တရားရုံးချုပ်က ကိုးကားထားကြောင်း တွေ့ရှိရသည်။ ထိုစီရင်ထုံးတွင် " ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနသည် မြေဂရန်ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယခင်ကော်လိတ်တော်၏အခွင့်အာဏာများကို လွှဲပြောင်းရရှိသောအနေဖြစ်သဖြင့်လည်းကောင်း၊ ဂရန်ထုတ်ပေးရာတွင်လည်း ယခင်လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သဖြင့်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (၂) တွင်ပြဌာန်းထားသော အခွန်ရုံးဖြစ်သည်မှာ ယုံမှားဘွယ်မရှိပေ။ သို့ဖြစ်၍ဂရန်လိမ်လည်လျှောက်ထားရယူသည့်ကိစ္စသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) အရငှင်းရုံးကသာစာဖြင့်ရေးသားတိုင်တန်းလျှောက်ထားရမည်ဖြစ်သည်× × × ဤအမှုတွင် ထိုသို့လိမ်လည်အတုပြုမှု မပေါ်ပေါက်ခဲ့၍သာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စာဖြင့်ရေးသားတိုင်ကြားခဲ့ခြင်းမရှိဟုဆိုရမည်ဖြစ်သည် " ဟုဆုံးဖြတ်လမ်းညွှန်ခဲ့ကြောင်း တွေ့ရှိရသည်။

အယူခံတရားလို ဦးသန်းဝင်းအား အယူခံတရားခံ ဦးမောင်မောင်က လိမ်လည်ခဲ့မှုမတွေ့ရကြောင်း၊ ဂရန်ရရှိရန်အတွက် ဦးမောင်မောင်ကဆက်သွယ်ဆောင်ရွက်ခဲ့သူမှာ ဦးသန်းဝင်းမဟုတ်ဘဲ မြေစာရင်းအာဏာပိုင်များကိုသာ ဆက်သွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားရုံးချုပ်က ဖေါ်ထုတ်သုံးသပ်ထားခြင်းဖြစ်သည်။ မြေဂရန်တစ်ခုကို အခွင့်ရအာဏာပိုင်က ထုတ်ပေးရာတွင် နည်းလမ်းတကျစုံစမ်းစစ်ဆေးပြီးမှသာ ထုတ်ပေးလေ့ရှိသည်။ သို့ဖြစ်၍မြေဂရန်ရရှိရန်အတွက် အယူခံတရားခံဦးမောင်မောင်သည် ဦးသန်းဝင်းအား လိမ်လည်ခြင်းမဟုတ်ဘဲ လိမ်လည်မည်ဆိုပါက အခွင့်ရအာဏာပိုင်ကိုသာ ဦးမောင်မောင်က လိမ်လည်ခြင်းပြုရာရောက်မည်ဖြစ်သည်။ မည်သို့ဖြစ်စေ ဦးမောင်မောင်

၂၀၀၃
ဦးသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

က ဂရန်လျှောက်ထားသည့်အခါက ဦးသန်းဝင်းတို့ဖက်မှလည်း ကန့်ကွက်မှုများပြုခဲ့ကြောင်း ဦးသန်းဝင်းတို့သိရှိခဲ့ကြောင်း သက်သေခံချက်များ တွေ့ရှိနေရသည်။ ထို့ကြောင့်ဦးမောင်မောင်က မြေဂရန်လျှောက်ထားမှုတွင် ဦးသန်းဝင်းတို့အနေဖြင့် ခုခံချေပခွင့်ရရှိခဲ့ကြောင်း တွေ့ရှိရသည်။ ဦးသန်းဝင်းအပေါ် လိမ်လည်ပြောဆိုမှုရှိခဲ့ကြောင်း၊ ထိန်ချန်မှုပြုခဲ့ကြောင်း မတွေ့ရပေ။

မူလရုံးအမှုတွဲသက်သေခံချက်များအရ ဦးမောင်မောင်က ဦးသန်းဝင်းကို မည်သို့လိမ်လည်ခဲ့ကြောင်း၊ ဦးသန်းဝင်းက သက်သေထွက်ဆိုနိုင်ခြင်းမရှိချေ။ နှစ်ဦးပိုင်မြေကွက်ကို ဦးမောင်မောင်၏ဇနီးတစ်ဦးတည်းပိုင်မြေအဖြစ် ဂရန်လျှောက်ထားရာတွင် မသမာသောနည်းလမ်းများကို သုံးစွဲခဲ့ပါသည်ဆိုသော စွပ်စွဲချက်များကိုသာ ဦးသန်းဝင်းက ထွက်ဆိုထားသည်။ ဦးမောင်မောင်၏အပြုအမူများသည် ဦးသန်းဝင်းအပေါ် လိမ်လည်မှုမြောက်နိုင်မည်ဟု ဦးသန်းဝင်းက အယူအဆလွဲခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိသည်။

ဤအမှုတွင် အယူခံတရားခံဦးမောင်မောင်အား စွဲချက်မတင်မီလွှတ်ခဲ့ခြင်းမှာ ဤအမှုကို တရားစွဲဆိုရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါမူသဘောနှင့်အညီ ဆောင်ရွက်နိုင်စေရန် အမိန့်ချမှတ်ကြားခဲ့ခြင်းသာဖြစ်သည်။ လိမ်လည်ခြင်းခံရသော အခွင့်ရအာဏာပိုင်များကသာလျှင် ဤအမှုမျိုးကိုစွဲဆိုခွင့်ရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) ကပြဋ္ဌာန်းထားသည်။ ဤအမှုတွင်ဦးမောင်မောင် အပေါ် အခွင့်ရအာဏာပိုင်တစ်စုံတစ်ဦးက စာဖြင့်ရေးသားတိုင်တန်း မှုမရှိသည်မှာလည်း ထင်ရှားသည်။ ဦးသန်းဝင်းအနေဖြင့် တရားစွဲဆို လိုပါက ဦးမောင်မောင်သည် ဦးသန်းဝင်း သို့မဟုတ် ၎င်း၏ဖခင်တို့ အပေါ် လိမ်လည်မှုပြုလုပ်ခဲ့ခြင်းရှိသည်ဆိုသောအချက်ကို ဦးသန်းဝင်းက သက်သေပြရမည်ဖြစ်သည်။ ထိုအချက်မှာ ဦးသန်းဝင်းတင်ပြသော သက်သေခံချက် များတွင် ပေါ်လွင်မှုမရှိခဲ့ပေ။ ထို့ကြောင့်ဦးမောင်မောင်သည် ဦးသန်းဝင်းအား လိမ်လည်ပြီးဂရန်လျှောက်ထားခဲ့သည်ဟု ပေါ်ပေါက်ခြင်းမရှိဟုလည်းကောင်း၊ ဦးမောင်မောင်သည် ဂရန်ထုတ်ပေး သည့်အာဏာပိုင်များသာ လိမ်လည်ခြင်းဖြစ်မည်ဟုလည်းကောင်း တရားရုံးချုပ်က သုံးသပ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၃
ဦးသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဤအမှုတွင် ဦးမောင်မောင်သည် ၄င်းပြုမှုခဲ့သောအပြုအမူများအတွက် တာဝန်မှကင်းလွတ်သည်ဟု တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ပေ။ သက်ဆိုင်ရာအခွင့်ရအာဏာပိုင်များက ဦးမောင်မောင်အပေါ် တရားစွဲဆိုခွင့်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့်ဦးမောင်မောင်အပေါ် စွဲချက်မတင်မီလွှတ်ခဲ့သောအမိန့်မှာလည်း အပြီးသတ်အမိန့်ဟု မဆိုနိုင်ကြောင်း သုံးသပ်ရရှိသည်။ တရားရုံးတစ်ခုခုက ချမှတ်ပြီးသည့်အပြီးသတ်အမိန့်ပေါ်တွင်သာ အထူးအယူခံခုံရုံးက စိစစ်ဆုံးဖြတ်လေ့ရှိသည်။ တင်ပြလာသည့်ပြဿနာရပ်အပေါ် အခြားတရားရုံးတစ်ခုခုက ကုစားခွင့် ဆုံးဖြတ်ခွင့်ရှိနေမည်ဆိုပါက အထူးအယူခံတရားရုံးက ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ တွင် " တရားရုံးချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံး၍အပြီးသတ်စီရင်ထားသောအမှုကိုဖြစ်စေ၊ တရားရုံးတစ်ရုံးရုံး၏ အပြီးအပြတ်ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က အပြီးသတ်စီရင်ထားသောအမှုကိုဖြစ်စေ၊ အထူးခုံရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအယူခံဝင်ခွင့်ပြုပါက " အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးနိုင်ပါသည် " ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့်အပြီးသတ်စီရင်ဆုံးဖြတ်ထားသောအမိန့်များအပေါ်တွင်သာ အထူးအယူခံခုံရုံးဖြင့် ဖြေကြားပေးသဖြင့် ယခုကဲ့သို့ စွဲချက်မတင်မီလွှတ်သောအမိန့်အပေါ်တွင် အထူးအယူခံခုံရုံးဖြင့် ဖြေကြားပေးရန်သင့်မည်မဟုတ်ဟု သုံးသပ်ရရှိသည်။ သက်သေခံချက်များအရလည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) နှင့် ၁၉၅ (၂) ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက်လည်းကောင်း၊ ဦးမောင်မောင်အား စွဲချက်မတင်မီလွှတ်ကြောင်း တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်အမှုတွင်ပေါ်ပေါက်နေသော အခြေအနေအရ ဦးမောင်မောင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရစွဲချက်တင်ဖြေရှင်းစေရန်မသင့်ကြောင်း ဤအထူးအယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။

+ ၂၀၀၃
မေလ
၂၃ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများဖြစ်ကြသော ဦးသက်ထွန်းနှင့် ဦးကျော်ဝင်းတို့၏ရှေ့တွင်**

**ဦးအောင်ငွေဦး**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော် ***

**လောင်းကစားဥပဒေအရ အရေးယူသောအမှုများတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သောပစ္စည်းများမှာ လောင်းကစားကိရိယာများ၊ ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းများနှင့်ငွေများဖြစ်သည်။**

**ဆုံးဖြတ်ချက်။** ။ ဤအမှုတွင် သက်သေခံပစ္စည်း ဆိုင်ကယ်သည် လောင်းကစားရာ၌ အသုံးပြုသောပစ္စည်းမဟုတ်သဖြင့် လောင်းကစားကိရိယာဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ လောင်းကစားအိမ်ကို ဖမ်းဆီးစဉ်က ကြီးကြပ်ကွပ်ကဲသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်လှတို့၏ ထွက်ဆိုချက်အရ အချင်းဖြစ်ဆိုင်ကယ်ကို လောင်းကစားအိမ်မှတွေ့ရှိခြင်းမဟုတ်ဘဲ၊ လောင်းကစားအိမ်နှင့်ကပ်လျက်ရှိ နှစ်ထပ်အိမ်ကြားမှတွေ့ရှိသိမ်းဆည်းကြောင်း ပေါ်ပေါက်သည်ဖြစ်ရာ ပြစ်မှုနှင့်အကျုံးဝင်သောပစ္စည်းဟု ယူဆရန်မဖြစ်နိုင်ချေ။

---

* ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၀
+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၄၁ (ခ) တွင် ချမှတ်သော ၉-၁၀-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏အမိန့်ကို အထူးအယူခံမှု။

အယူခံတရားလိုအတွက် - ဦးသိန်းထွန်း
တရားရုံးချုပ်ရှေ့နေ
အယူခံတရားခံအတွက် - ဦးချစ်ဆွေ
ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့

ကျောက်ပန်းတောင်းမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၁၆၁/၂၀၀၂ တွင် တရားခံသောင်းလှိုင်ပါ (၅) ဦးအပေါ် လောင်းကစားဥပဒေပုဒ်မ ၁၃ (က) နှင့် ၁၄ (က) တို့အရ စွဲဆိုရာ (၁) တရားခံသောင်းလှိုင်၊ (၂) တရားခံထွေးသိန်း၊ (၃) တရားခံကျော်မြိုင်၊ (၄) တရားခံမသိန်းဌေးတို့ (၄) ဦးအပေါ် လောင်းကစားဥပဒေပုဒ်မ ၁၃ (က) အရ ထောင်ဒဏ် (၁) နှစ်စီကျခံစေရန်လည်းကောင်း၊ (၅) တရားခံကြည်ဝင်းအပေါ် ယင်းဥပဒေပုဒ်မ ၁၄ (က) အရ ထောင်ဒဏ် (၂) နှစ်ကျခံစေရန်လည်းကောင်း၊ ပြစ်မှုထင်ရှားစီရင်၍ သက်သေခံပစ္စည်းဖြစ်သည့်ယာဉ်အမှတ်၊ ၁ယ/၃၄၄၉၀ အစိမ်းရောင်စူပါကပ်မော်တော်ဆိုင်ကယ်တစ်စီး၊ နံပါတ်မပါ အစိမ်းရောင်တရုတ်ဆိုင်ကယ်တစ်စီး၊ စက်ဘီး (၂) စီး၊ သက်သေခံငွေ ၁၁၇၄၆၅/- ကျပ်နှင့် ရွှေထည်ပစ္စည်း (၅) မျိုးတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်သည်။

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရသော သက်သေခံပစ္စည်းများအနက် ယာဉ်အမှတ်၊ ၁ယ/၃၄၄၉၀ အစိမ်းရောင်စူပါကပ်မော်တော်ဆိုင်ကယ်၏ ပိုင်ရှင်ဖြစ်သူ ဦးအောင်ဌေးဦးက ယင်းအမိန့်ကို မကျေနပ်၍ မန္တလေးတိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ပြင်ဆင်မှုအမှတ်၊ ၄၄၁ (ခ)/၂၀၀၂ ကိုတင်သွင်းရာ တရားရုံးချုပ်က ပြင်ဆင်မှုကိုပလပ်သည်။ ထို့ကြောင့်ဦးအောင်ဌေးဦးက တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့်ပြုရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) ၃၂၁/၂၀၀၂ တွင်လျှောက်ထားရာ တရားရုံးချုပ်က အောက်ဖော်ပြပါပြဿနာကို စုံညီခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

" သက်သေခံအမှတ် (က) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သော

ယာဉ်အမှတ်၊ ၁ယ/၃၄၄၉၀ စူပါကပ်မော်တော်ဆိုင်ကယ်သည် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေအရ ပြစ်မှုနှင့်အကျုံးဝင်သော ပစ္စည်းဟုတ် မဟုတ်။ "

အမှုမှာလွန်ခဲ့သော (၅-၂-၂၀၀၂) ရက်နေ့ (၁၁း၄၅) နာရီခန့်တွင် ကျောက်ပန်းတောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ပါဝင်သောအဖွဲ့သည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သတင်းအရ ကျောက်ပန်းတောင်းမြို့နယ်၊ ကြံစို့ရွာနေ မောင်ကြည်ဝင်းနေအိမ်ကို သက်သေလူကြီးများနှင့် ဝင်ရောက်ရှာဖွေဖမ်းဆီးရာ ၄င်းအိမ်မှ လေးကောင်ဂျင်ကစားနေသူလူ (၅၀) ခန့်ထွက်ပြေးလွတ်မြောက်သွားပြီး သောင်းလှိုင်၊ ထွေးသိန်း၊ ကျော်မြိုင်တို့ကို လောင်းကစားရာတွင် အသုံးပြုသောလောင်းကစားကိရိယာများ၊ လောင်းကြေးငွေများ၊ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဒုရဲအုပ်ကြည်လှက ကျောက်ပန်းတောင်းရဲစခန်းတွင် လောင်းကစားဥပဒေပုဒ်မ ၁၃ (က)၊ ၁၄ (က) အရတိုင်ချက်ရေးဖွင့်ခဲ့သောအမှုဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက ဦးအောင်ငွေဦးသည် ကျောက်ပန်းတောင်းမြို့တွင်နေထိုင်ပြီး ကြံစို့ရွာရှိ ဦးအေးလွင်၏အလှူပွဲသို့ အချင်းဖြစ်ဆိုင်ကယ်နှင့်သွားခဲ့ကြောင်း၊ အလှူအိမ်အနီးရှိ အိမ်နှစ်အိမ်အကြားတွင် ဆိုင်ကယ်ကိုအပ်ထားစဉ် ထန်းသီးကြွေနိုက်၊ ကျေးနင်းနိုက်သဘောဖြင့် လောင်းကစားမှုတွင် အသိမ်းခံရခြင်းဖြစ်ကြောင်း၊ လောင်းကစားမှုတွင် ဦးအောင်ငွေဦးသည် သက်သေမျှသာဖြစ်ပြီး တရားခံအဖြစ် အပြစ်ပေးခံရသူမဟုတ်ကြောင်း၊ သက်သေခံဆိုင်ကယ်ကို အသိမ်းခံရပြီးနောက် ရဲစခန်းတွင် သွားရောက်ဖြေရှင်းရန်ဖြစ်သော်လည်း လောင်းကစားသူအဖြစ် အဖမ်းခံရမည်ကို ထိတ်လန့်ကြောက်ရွံ့သဖြင့် (၁၁) ရက်အကြာ (၁၆-၂-၂၀၀၂) ရက်နေ့တွင် သွားရောက်ခဲ့ကြောင်း၊ အချင်းဖြစ်ဆိုင်ကယ်၏ပိုင်ရှင်ဖြစ်ကြောင်း ထင်ရှားစေရန် ဆိုင်ကယ်နှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် အလှူဖိတ်စာတို့ကိုရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့ကြောင်း၊ အချင်းဖြစ်ဆိုင်ကယ်မှာ လောင်းကစားသူတစ်ဦးဦးစီးလာသော ဆိုင်ကယ်ဖြစ်ကြောင်းလည်း ထွက်ချက်တစ်စုံတစ်ရာမရှိကြောင်း၊ အချင်းဖြစ်ဆိုင်ကယ်မှာ လောင်းကစားပစ္စည်းလည်းမဟုတ်ကြောင်း၊ အလှူရှင် ဦးအေးလွင် (လိုပြ-၄) က

ဌင်း၏အလှူသို့ အယူခံတရားလို လာရောက်ကြောင်းကိုလည်း ထောက်ခံထွက်ဆိုထား ကြောင်း၊ လောင်းကစားအိမ်သို့ လောင်းကစားသူစီးလာသော ယာဉ် တစ်စုံတစ်ရာကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်ဖြစ်ရပ်မျိုး မရှိ ခဲ့ဘူးကြောင်း၊ လောင်းကစားဝိုင်းမှာ (၅) တရားခံကြည်ဝင်း၏အိမ်ပေါ် တွင်ဖြစ်ပြီး သက်သေခံဆိုင်ကယ်ကို ဦးကြည်ဝင်းအိမ်နှင့် မြောက်ဘက် နှစ်ထပ်အိမ်ကြား မြေကြီးပေါ်မှ သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း၊ လောင်း ကစားပစ္စည်းမဟုတ်ဘဲ အမှုနှင့်မသက်ဆိုင်သော ဆိုင်ကယ်ကို သိမ်း ဆည်းခဲ့ခြင်းဖြစ်ကြောင်း တင်ပြလျှောက်လဲသည်။

ရွှေနေချုပ်ရုံးခွဲမှ ညွှန်ကြားရေးမှူးက ကျောက်ပန်းတောင်းမြို့ နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်း နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်လှတို့ပါဝင်သောအဖွဲ့က သတင်းအရ ကြံ့ခိုင်ရွာနေ ဦးကြည်ဝင်းနေအိမ်သို့ ဝင်ရောက်ဖမ်းဆီးရာတွင် ဂျင်ကစား နေသူ (၅၀) ခန့်ထွက်ပြေးသွားကြပြီး သောင်းလှိုင်ပါ (၃) ဦးကို လက်ရ ဖမ်းဆီးရမိကြောင်း၊ လောင်းကစားဝိုင်းအနီးနားတွင် တွေ့ရသော မော်တော်ဆိုင်ကယ်နှစ်စီး၊ စက်ဘီးနှင့် လောင်းကစားကိရိယာများကို တွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းကြောင်း၊ အယူခံတရားလိုအနေဖြင့် အလှူအိမ်သို့လာရင်း ဆိုင်ကယ်ကို ဦးသိန်းဟန်အိမ်တွင်ထားခဲ့ရာမှ အဖမ်းခံရသည်ဆိုပါက သိမ်းဆည်းခံရသည့် (၅-၂-၂၀၀၂) ရက်နေ့ တွင်ပင် ရှင်းလင်းတင်ပြသင့်ကြောင်း၊ ယခုမှ (၁၆-၂-၂၀၀၂) ရက်နေ့ တွင်မှ ရဲစခန်းသို့ရောက်ရှိလာပြီး တင်ပြခြင်းဖြစ်ကြောင်း၊ ဤသို့ရက် ကွာရခြင်းမှာ မေ့နေ၍ဟုအကြောင်းပြခဲ့ကြောင်း၊ သိမ်းဆည်းထားသည့် ပစ္စည်းများသည် လောင်းကစားသူများထွက်ပြေး၍ ကျန်ရစ်သောပစ္စည်း များအဖြစ် သိမ်းဆည်းခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မူလမြို့နယ်တရား ရုံးနှင့် မန္တလေးတိုင်းတရားရုံးတို့က လောင်းကစားသူများ ထွက်ပြေး၍ ကျန်ရစ်သောပစ္စည်းအဖြစ် လက်ခံသုံးသပ်ခြင်းဖြစ်ကြောင်း၊ လောင်း ကစားဝိုင်းတွင် သိမ်းဆည်းထားသည့်ပစ္စည်းများသည် လောင်းကစား ကိရိယာမဟုတ်သည့်တိုင်အောင် လောင်းကစားဝိုင်းတွင် ပါဝင်နိုင်ရေး အတွက် အထောက်အပံ့ပြုသည့်ပစ္စည်းအဖြစ် ကောက်ယူနိုင်ပါကြောင်း၊ သို့ဖြစ်၍ အထူးအယူခံမှုကို ပလပ်သင့်ပါကြောင်း တင်ပြလျှောက်လဲ သည်။

ရှာဖွေရေးအဖွဲ့သည် သတင်းအရ (၅) တရားခံကြည်ဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ လေးကောင်ဂျင်ကစားနေသူများ အနက် (၁) တရားခံသောင်းလှိုင်၊ (၂) တရားခံထွေးသိန်း၊ (၃) တရားခံ ကျော်မြိုင်တို့ကို ဖမ်းဆီးရမိကြောင်း၊ လေးကောင်ဂျင်ကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ရွှေထည်ပစ္စည်းများနှင့် ငွေများကို လောင်းကစားအိမ်၌တွေ့ရှိသိမ်းဆည်းကြောင်း၊ အချင်းဖြစ်သက်သေခံ ပစ္စည်း ယာဉ်အမှတ်၊ ၁ဃ/၃၄၄၉၀ စူပါကပ်ဆိုင်ကယ်တစ်စီး အပါ အဝင် သက်သေခံပစ္စည်းများကို လောင်းကစားဝိုင်းဖမ်းစဉ်က တွေ့ရှိ သိမ်းဆည်းခဲ့ကြောင်း အငြင်းမပွားပေ။

မြို့နယ်တရားရုံး အမှုတွဲပါစာရွက်စာတမ်းများအရ သိမ်းဆည်း ရရှိသော လောင်းကစားပစ္စည်းများ၊ ငွေများ၊ ရွှေများနှင့် အချင်းဖြစ် ဆိုင်ကယ်အပါအဝင် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံတစ်စောင် တည်းဖြင့် ပြုလုပ်ထားသည်။ ရှာဖွေပုံစံတွင် ဂျင်လှည့်သူ မြဦး၊ ဒိုင်ပြု လုပ်သူ၊ ငွေသိမ်းသူအပါအဝင် လူအများထွက်ပြေးသွားရာမှ ကျန်ရစ် သောပစ္စည်းများဖြစ်ကြောင်း၊ တရားခံများက ပြောဆိုအပ်ပေး၍ သိမ်း ဆည်းသည်ဟု ဖော်ပြပြီး တရားခံများက လက်မှတ်ရေးထိုးထားသည် ကိုတွေ့ရသည်။

သို့ဖြစ်ရာ အချင်းဖြစ်ဆိုင်ကယ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်း ဆည်းရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့်ကိုက်ညီခြင်းရှိ မရှိ စိစစ်ရန် ဖြစ်သည်။

လောင်းကစားဥပဒေပုဒ်မ ၁၃ (က) တွင်အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" ၁၃ (က) မည်သူမဆိုပုဒ်မ ၈ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် အနည်းဆုံးထောင်ဒဏ် (၆) လမှ အများဆုံးထောင် ဒဏ် (၁) နှစ်အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေ ဒဏ်ကျပ် ၁၀၀၀ အထိချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရ မည်။ "

လောင်းကစားဥပဒေပုဒ်မ ၁၄ (က) တွင်အောက်ပါအတိုင်း

ပြဋ္ဌာန်းထားသည်-

" ၁၄ (က) မည်သူမဆိုပုဒ်မ ၉ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် (၁) နှစ်မှ အများဆုံး ထောင်ဒဏ်(၃) နှစ်အထိ သို့မဟုတ် ထိုထောင်ဒဏ် နှင့်ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှု နှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ "

ယခုအမှုတွင် သက်သေခံပစ္စည်းအဖြစ် လောင်းကစားကိရိယာ များ၊ ဆိုင်ကယ်နှစ်စီး၊ စက်ဘီးနှင့် ရွှေ ငွေတို့ကို ပြစ်မှုနှင့်အကျုံးဝင် သောပစ္စည်းအဖြစ် ရှာဖွေပုံစံဖြင့် သိမ်းဆည်းတင်ပြထားသည်။

လောင်းကစားဥပဒေပုဒ်မ ၂ (ဃ) တွင်လောင်းကစားကိရိယာ ၏အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖော်ပြထားသည်-

" လောင်းကစားကိရိယာဆိုသည်မှာ လောင်းကစားခြင်းပြုလုပ် ရာ၌ အသုံးပြုသောဖဲ၊ အန်စာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားခွက်၊ ဇယား၊ ကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်၊ စာရင်း၊ လောင်းကစားခြင်းအတွက် ကြံစည် ပြုလုပ်ထားသော၊ သို့မဟုတ် အသုံးပြုနိုင်သော အခြားအရာ များ၊ လောင်းကစားခြင်း၌ အသုံးပြုသော တီရှစ္စာန်၊ ယာဉ်ကို ဆိုသည်။ "

သို့ဖြစ်၍ လောင်းကစားဥပဒေအရ အရေးယူသောအမှုများ တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သောပစ္စည်းများမှာ လောင်း ကစားကိရိယာများ၊ ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းများ နှင့် ငွေများဖြစ်သည်။

ဤအမှုတွင် သက်သေခံပစ္စည်းဆိုင်ကယ်သည် လောင်းကစား ရာ၌ အသုံးပြုသောပစ္စည်းမဟုတ်သဖြင့် လောင်းကစားကိရိယာဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်မည်မဟုတ်ပေ။ သက်သေခံဆိုင်ကယ် ကို ပြစ်မှုနှင့်အကျုံးဝင်သောပစ္စည်းဟု ယူဆနိုင်ခြင်းရှိ မရှိဆက်လက် စိစစ်ရန်ဖြစ်သည်။

အယူခံတရားလိုဦးအောင်ငွေဦးက မိမိသည် လောင်းကစားရာ

၌ ပါဝင်သူမဟုတ်သည့်ပြင် ၎င်းကျေးရွာရှိအလျှုအိမ်သို့ လာရောက်စဉ် လောင်းကစားအိမ်အနီးရှိ ဦးသိန်းဟန် (လိုပြ-၅) ၏နေအိမ်၌ အချင်းဖြစ်ဆိုင်ကယ်ကိုခေတ္တအပ်နှံထားစဉ် ယင်းသို့သိမ်းဆည်းခဲ့ခြင်းဖြစ်သည် ဟုထွက်ဆိုခဲ့သည်။

အယူခံတရားလို၏ထွက်ဆိုချက်ကို ဖခင်ဦးသစ် (လိုပြ-၂)၊ အလှူရှင် ဦးအေးလွင် (လိုပြ-၄)၊ ဦးသိန်းဟန် (လိုပြ-၅) တို့က ထောက်ခံ ထွက်ဆိုသည်။

အယူခံတရားလိုဦးအောင်ဌေးဦးသည် လောင်းကစားဝိုင်း၌ ပါဝင်သူမဟုတ်သဖြင့် ၎င်းကိုတရားခံတစ်ဦးအဖြစ် အမှုတွင်ထည့်သွင်းခြင်းမရှိဘဲ တရားလိုပြသက်သေတစ်ဦးအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ပေသည်။

မူလရုံးအမှုတွဲရှိ သက်သေခံချက်များအရ အချင်းဖြစ်ဆိုင်ကယ်မှာတစ်စုံတစ်ယောက် လောင်းကစားရာတွင် လောင်းကြေးသဘော အသုံးပြုခဲ့ကြောင်းလည်း ပေါ်ပေါက်ခဲ့ခြင်းမရှိပေ။ သက်သေခံပစ္စည်း တွေ့ရှိပုံနှင့်ပတ်သက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းက အချင်းဖြစ်ဆိုင်ကယ်ကို တရားခံ ဦးကြည်ဝင်းအိမ်ဝိုင်း မြောက်ဘက်ကပ်လျက်နေအိမ်မှ စခန်းမှူး ကိုယ်တိုင် ကစားဝိုင်းဖမ်းစဉ်မှာ သိမ်းဆည်းရမိပါသည်ဟု ထွက်ဆိုသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်လှက အချင်းဖြစ် ၁ယ/၃၄၄၉၀ ဆိုင်ကယ် ကို တရားခံဦးကြည်ဝင်း၏နေအိမ်နှင့် မြောက်ဘက်ကပ်လျက် နှစ်ထပ် အိမ်ကြားမှတွေ့ရှိပါသည်ဟု ထွက်ဆိုသည်။ ထို့ကြောင့် အချင်းဖြစ် ဆိုင်ကယ်ကို ကစားဝိုင်းအိမ်ဥပစာမှ သိမ်းဆည်းခဲ့ခြင်းမဟုတ်ကြောင်း ထင်ရှားသည်။

လောင်းကစားအိမ်ကို ဖမ်းဆည်းစဉ်က ကြီးကြပ်ကွပ်ကဲသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်း နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်လှတို့၏ ထွက်ဆိုချက်အရ အချင်းဖြစ် ဆိုင်ကယ်ကို လောင်းကစားအိမ်မှ တွေ့ရှိခြင်းမဟုတ်ဘဲ လောင်းကစား အိမ်နှင့်ကပ်လျက်ရှိ နှစ်ထပ်အိမ်ကြားမှ တွေ့ရှိသိမ်းဆည်းကြောင်း ပေါ် ပေါက်သည်ဖြစ်ရာ ပြစ်မှုနှင့်အကျုံးဝင်သောပစ္စည်းဟု ယူဆရန်မဖြစ် နိုင်ချေ။

**ဦးတင်အောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**(၁)

(၁) ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး။ စာ-၇၀

၂၀၀၁
ဦးအောင်ဌေးဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တွင် ပထမလောင်းကစားပြုလုပ်သည့်နေရာမှ ဖဲချပ်နှင့်ငွေများက သိမ်းဆည်းသည်။ ဒုတိယအချင်းဖြစ်အိမ်ခန်းအထပ်ခိုးမှ ငွေများကို ရှာဖွေသိမ်းဆည်းသည်။ ယင်းငွေများအနက် အထပ်ခိုးမှ သိမ်းဆည်းရမိသောငွေများသည် လောင်းကစားရာ၌ အသုံးပြုသည်ဟုယူဆရသည့် ငွေကြေးနှင့်အလှမ်းဝေးသောငွေကြေးများဖြစ်နေ၍ ပိုင်ရှင်ဦးတင်အောင်အား ပြန်လည်ပေးခြင်းသည်သာ တရားမျှတမှန်ကန်သည်ဟု ညွှန်ပြခဲ့သည်။

သို့ဖြစ်ရာသက်သေခံဆိုင်ကယ်သည် ပြစ်မှုနှင့်အကျုံးဝင်သော ပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားမရှိသည့် အခြေအနေတွင် အချင်းဖြစ်ယာဉ်အမှတ်၊ ၁ယ/၃၄၄၉၀ စူပါကပ်မော်တော်ဆိုင်ကယ်အား သိမ်းဆည်းရန်ချမှတ်ခဲ့သော မြို့နယ်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တိုင်းတရားရုံးအမိန့်၊ တရားရုံးချုပ်အမိန့်တို့သည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် သက်သေခံပစ္စည်းယာဉ်အမှတ်၊ ၁ယ/၃၄၄၉၀ စူပါကပ်မော်တော်ဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ချမှတ်ခဲ့သော ကျောက်ပန်းတောင်းမြို့နယ်တရားရုံးအမိန့်၊ ယင်းအမိန့်ကိုအတည်ပြုခဲ့သော မန္တလေးတိုင်းတရားရုံးအမိန့်နှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) အမိန့်တို့ကို ပယ်ဖျက်၍ သက်သေခံဆိုင်ကယ်အား အယူခံတရားလို ဦးအောင်ဌေးဦးသို့ ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၃
ဧပြီလ
၂၅ ရက်

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်အေးနှင့် ဒေါက်တာတင်အောင်အေးတို့၏ရှေ့တွင်**

**ဦးအောင်ဝင်းကြည်**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော် ***

**ပြစ်မှုမတင်းသောကျော်နင်းမှုဖြင့် တရားစွဲဆိုအပြစ်ပေးခံရသူသည် အချင်းဖြစ်ဥပစာမှ ထွက်ခွာမပေးဘဲ ပြစ်မှုမတင်းသော ကျော်နင်းမှုကိုဆက်လက်ကျူးလွန်ပါက ထိုသူအပေါ်တွင် ပြစ်မှုမတင်းသောကျော်နင်းမှုဖြင့် နောက်ထပ်တရားစွဲဆိုခြင်း။**

**အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်း၍ တရားမရုံးကချမှတ်သော အမိန့်တစ်စုံတစ်ရာသည် ပြစ်မှုကြောင်းအရ အရေးယူ အပြစ်ပေးခွင့်ကို ထိခိုက်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်-၁။** ။ အချင်းဖြစ်ဥပစာကို အယူခံတရားလို ဦးအောင်ဝင်းကြည်က ဝယ်ယူလက်ရောက်ရရှိခဲ့သည့်အချက် ဥပစာအတွင်း အခွင့်မဲ့ဝင်ရောက်ကျော်နင်းနေထိုင်သူ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ နှင့် ၄၄၈ တို့အရ နှစ်ကြိမ်တိုင်တိုင် ပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ခြင်းခံရသည့် အချက်နှင့် ယခုပြစ်မှုကြီးအမှတ်၊ ၂၇၉/၂၀၀၁ စွဲဆိုသည့်အချိန်အထိ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့က အချင်းဖြစ်ဥပစာမှထွက်ခွာ မပေးဘဲ ဆက်လက်နေထိုင်လျက်ရှိသည့်အချက်များမှာ နှစ်ဖက်အငြင်း

---

* ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁

\+ ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁ (ခ) တွင် ချမှတ်သော ၂၄-၅-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု။

မပွားသည့်အချက်များဖြစ်သည်။ ပြစ်မှုမကင်းသောကျော်နင်းမှုကျူးလွန်ပြီး အချင်းဖြစ်ဥပစာအတွင်း ဝင်ရောက်နေထိုင်သောတရားခံအား ထိုသူကအချင်းဖြစ်ဥပစာတွင် ဆက်လက်ကျူးကျော်နေထိုင်သမျှ ကာလပတ်လုံး ထိုတရားခံအပေါ် ပြစ်မှုကြောင်းအရကျော်နင်းမှုဖြင့် ဆက်လက်တရားစွဲဆိုခွင့်ရှိနေကြောင်း တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်-၂။** ။ ပြစ်မှုကြောင်းအရ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်မှုရှိ မရှိစိစစ်ရာတွင် အဓိကဖော်ထုတ်ရမည့် အချက်မှာတရားခံ၏အပြုအမူနှင့်ကြံရွယ်ချက်တို့ပင်ဖြစ်သည်။ အပြုအမူနှင့် ကြံရွယ်ချက်များက ပြစ်မှုမြောက်နိုင်သည့်အကြောင်းရှိလျှင် ပြစ်မှုတစ်ခုကို နိုင်ငံတော်က တရားလိုပြုလုပ်၍သော်လည်းကောင်း၊ နစ်နာသူကတရားလိုပြုလုပ်၍သော်လည်းကောင်း တရားစွဲဆိုခွင့်ရှိမည်ဖြစ်သည်။ တရားမရုံးက အချင်းဖြစ်ဥပစာကို အယူခံတရားလို (မူလမှုတရားလို) လက်ရောက်ရခွင့်မရှိဟု သုံးသပ်ခဲ့သောအကြောင်းကြောင့် အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်းသည့် ပြစ်မှုများအပေါ် အယူခံတရားလို၏ ပြစ်မှုကြောင်းအရ တရားစွဲဆိုခွင့်ကို မထိခိုက်နိုင်ပေ။

| | | |
|---|---|---|
| **အယူခံတရားလိုအတွက်** | - | ဒေါ်ခင်မြင့်<br>(တရားရုံးချုပ်ရှေ့နေ) |
| **အယူခံတရားခံအတွက်** | - | ဒေါ်ကျင်စန်း<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |

ပေါင်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ်၊ ၂၇၉/၂၀၀၁ တွင် တရားလိုဦးအောင်ဝင်းကြည်က တရားခံဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရဦးတိုက်လျှောက်ထားတရားစွဲဆိုခဲ့ရာတွင် မြို့နယ်တရားရုံးက တရားလို၏ဦးတိုက်လျှောက်လွှာကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရပလပ်ခဲ့သည်။ တရားလိုဦးအောင်ဝင်းကြည်က သထုံခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၁၇/၂၀၀၁ ဖြင့်လျှောက်ထားရာတွင်လည်း

အမှုပလပ်ခံခဲ့ရသည်။ တရားလိုဦးအောင်ဝင်းကြည်က မွန်ပြည်နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၆၂/၂၀၀၁ ဖြင့် လျှောက်ထားသည့်အခါတွင် ပြင်ဆင်မှုကိုခွင့်ပြုပြီး ခရိုင်နှင့်မြို့နယ်တရားရုံးများ၏အမိန့်များကို ပယ်ဖျက်ကြောင်း၊ အမှုကိုဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ပြည်နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် တရားခံဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့က တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၁၁ (ခ)/ ၂၀၀၂ ဖြင့်လျှောက်ထားကြသည်။ ပြင်ဆင်မှုကို ခွင့်ပြုကြောင်း၊ ပြည်နယ်တရားရုံး၏အမိန့်ကိုပယ်ဖျက်ကြောင်း၊ ဦးအောင်ဝင်းကြည်၏ဦးတိုက်လျှောက်ထားမှုကို ပလပ်ကြောင်း တရားရုံးချုပ်က အမိန့်ချခဲ့သည်။ ထို့ကြောင့်ဦးအောင်ဝင်းကြည်က အထူးအယူခံဝင်ခွင့်ရရှိရန်အတွက် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံ) ၁၇၂/ ၂၀၀၂ ကိုလျှောက်ထားခဲ့သည်။ ထိုအခါ တရားရုံးချုပ်က ဦးအောင်ဝင်းကြည်၏လျှောက်ထားမှုကို ခွင့်ပြုပြီးအောက်ဖော်ပြပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

> " ကျော်နင်းမှုဆက်တိုက်ကျူးလွန်နေသူအပေါ် အဆိုပါပြစ်မှုဖြင့် ဆက်လက်တရားစွဲဆိုနိုင်သော တရားလိုမှာအချင်းဖြစ်ပစ္စည်းကိုလက်ရောက်ရခွင့်မရှိကြောင်း၊ တရားမရုံးက ဆုံးဖြတ်လိုက်သဖြင့် အဆိုပါတရားလိုသည် ပြစ်မှုကြောင်းအရ ကျော်နင်းမှုအပေါ် ဆက်လက်စွဲဆိုခွင့်ရှိ မရှိ "

ပေါင်မြို့နယ်၊ ဇင်းကျိုက်ရွာမှ ဦးအောင်ဝင်းကြည်သည် ဒေါ်ထွန်းကျွေ၏အိမ်နှင့်ခြံကို ငွေနှစ်သိန်းရှစ်ထောင်ကျပ်ဖြင့် ဝယ်ယူရန်သဘောတူခဲ့ပြီး စရန်ငွေနှစ်သောင်းကျပ်ပေးချေ၍ ဥပစာကိုလက်ရောက်ရယူခဲ့သည်။ အဆိုပါဥပစာတွင် ဦးအောင်ဝင်းကြည်နှင့် အစောင့်အလုပ်သမားတို့မရှိခိုက်တွင် ၁၉-၄-၉၆ ရက်နေ့၌ ဒေါ်ထွန်းကျွေ၏သမီး ဒေါ်သန်းမေချစ်နှင့် ဦးလှအောင်တို့က ဝင်ရောက်ပြီးတဲဆောက်ခြင်း၊ နေထိုင်ခြင်း၊ အုန်းသီးများဆွတ်ခူးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့်ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့သည် ပေါင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၅၈၄/၉၆ တွင် ၃၁-၇-၉၇ ရက်နေ့က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ နှင့် ၄၄၇ တို့အရပြစ်မှုပြစ်ဒဏ်များ

စီရင်ချမှတ်ခြင်းခံခဲ့ရသည်။ ထို့နောက်ဒေါ်သန်းမေချစ်တို့က နေအိမ်ပေါ်သို့ကျော်နင်းနေထိုင်သဖြင့် ၎င်းတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၈ အရ ဒဏ်ငွေ ၁၀၀ဝိ/- စီပေးဆောင်စေရန်၊ ပေါင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၉၄/၉၇ တွင်ထပ်မံအမိန့်ချခဲ့သည်။ သို့သော်လည်း ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့က အချင်းဖြစ်ဥပစာမှ ထွက်ခွာမပေးဘဲ ဆက်လက်ကျူးကျော်နေထိုင်မြဲနေထိုင်လျှက်ရှိကြသဖြင့် ၎င်းတို့အပေါ်ပေါင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၂၇၉/၂၀၀၁ တွင်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရ ဦးအောင်ဝင်းကြည်က ထပ်မံတရားစွဲဆိုခဲ့သည်။ ထိုအချိန်တွင် ဦးအောင်ဝင်းကြည်က ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့အပေါ် မွန်ပြည်နယ်တရားရုံး (သထုံခရိုင်) တွင်တရားမကြီးမှုအမှတ်၊ ၆/၂၀၀၀ ဖြင့် “ ခြံနှင့်အိမ်ပေါ်တွင် ကျူးကျော်နေထိုင်သူများအားနှင်ထုတ်၍ လက်ရောက်ပေးရန်နှင့် အမြတ်အစွန်းများရရန် ” တရားမကြီးမှုကိုလည်း တစ်ပြိုင်တည်းစွဲဆိုခဲ့သည်။ တရားမကြီးမှုမှာ အမှုပုံစံမှန်ကန်မှုမရှိဟုဖြေကြားပြီးအမှုကိုပလပ်ကြောင်း ပြည်နယ်တရားရုံးက အမိန့်ချခဲ့သည်။ ပြည်နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ဦးအောင်ဝင်းကြည်က တရားရုံးချုပ်သို့ တရားမပထမအယူခံမှုအမှတ်၊ ၁၉၃/၂၀၀၁ ဖြင့် အယူခံဝင်သောအခါ ဦးအောင်ဝင်းကြည်၏ အယူခံမှုကိုပလပ်ကြောင်း တရားရုံးချုပ်ကအမိန့်ချခဲ့သည်။ ထိုအယူခံမှုတွင် “ အချင်းဖြစ်အိမ်နှင့်မြေကို အယူခံတရားလို ဦးအောင်ဝင်းကြည်က ပိုင်ဆိုင်ကြောင်း သို့မဟုတ် လက်ရှိထားပိုင်ခွင့်ရှိကြောင်း မပေါ်ပေါက်ဟုလည်း တရားရုံးချုပ်၏စီရင်ချက်တွင် ဖော်ပြခဲ့သည်။

တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ်၊ ၁၉၃/၂၀၀၁ စီရင်ချက်တွင်ရေးသားထားသည့် ဖော်ပြချက်ကို အကြောင်းပြုပြီး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၂၇၉/၂၀၀၁ မှ ဦးအောင်ဝင်းကြည်၏ ဦးတိုက်လျှောက်လွှာကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရမြို့နယ်တရားရုံးကပလပ်ခဲ့သည်။ မြို့နယ်တရားရုံး၏အမိန့်ကို ခရိုင်တရားရုံးက အတည်ပြုခဲ့သည်။ ခရိုင်တရားရုံး၏အမိန့်ကို ပြည်နယ်တရားရုံးက ပယ်ဖျက်ပြီး အမှုကိုဆက်လက်ဆောင်ရွက်စေခဲ့သည်။ သို့သော်လည်း တရားရုံးချုပ်က ပြည်နယ်တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး မြို့နယ်နှင့် ခရိုင်တရားရုံးတို့၏အမိန့်များကို အတည်ပြုပေးခဲ့သည်။ ထို့ကြောင့်

ဦးအောင်ဝင်းကြည်က အထူးအယူခံဝင်ခွင့်ရရှိရန် လျှောက်ထားရာတွင် အထူးအယူခံဝင်ခွင့်ရရှိခဲ့သည့်အမှုဖြစ်သည်။

အယူခံတရားလိုဦးအောင်ဝင်းကြည်၏ရှေ့နေမှ လျှောက်လဲရာတွင် ဥပစာ၏ပိုင်ရှင်ဒေါ်ထွန်းကျွေက ရယကလူကြီးများရှေ့တွင် စာချုပ်ချုပ်ပြီး ဥပစာကိုအယူခံတရားလိုအား ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ဥပစာကို အယူခံတရားလိုနှင့် အစောင့်ဖြစ်သူတို့က လက်ရောက်ရယူခဲ့ကြောင်း၊ ၁၉-၄-၉၆ ရက်နေ့တွင် ဒေါ်ထွန်းကျွေ၏သမီး ဒေါ်သန်းမေချစ်တို့က ကျော်နင်းမှုပြုခဲ့သဖြင့် ပေါင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၅၈၄/၉၆ တွင်တရားခံတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရပြစ်မှုထင်ရှားစီရင်ခဲ့ကြောင်း၊ ထို့နောက် ဆက်လက်ပြီး ပြစ်မှုကျူးလွန်သဖြင့် ပေါင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၉၄/၉၇ ဖြင့်တရားခံတို့အား ထပ်မံတရားစွဲဆိုအပြစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့နောက်ဦးအောင်ဝင်းကြည်က ဥပစာကိုလက်ရောက်ရလိုကြောင်း တရားမကြီးမှုကိုလည်းစွဲဆိုခဲ့ကြောင်း၊ ဒေါ်သန်းမေချစ်တို့က ဆက်လက်ကျူးကျော်သဖြင့် ၎င်းတို့အပေါ် ပြစ်မှုကြီးအမှတ်၊ ၂၇၉/၂၀၀၁ ဖြင့်တတိယအကြိမ်စွဲဆိုသောအခါ မြို့နယ်တရားရုံးက အဆိုပါပြစ်မှုကြီးအမှတ်၊ ၂၇၉/၂၀၀၁ ကိုပလပ်ခဲ့ကြောင်း၊ အထက်ပါတရားမကြီးမှုမှပေါ်ပေါက်လာသည့် တရားရုံးချုပ် တရားမပထမအယူခံအမှတ်၊ ၁၉၇/၂၀၀၁ တွင်ဥပစာကို ဦးအောင်ဝင်းကြည်က လက်ရောက်ရထိုက်ခွင့်မရှိဟု သုံးသပ်ဖော်ပြခဲ့သဖြင့် အဆိုပါဖော်ပြချက်ကို အကြောင်းပြုပြီး ဦးအောင်ဝင်းကြည်၏ ပြစ်မှုဆိုင်ရာအမှုကို ပလပ်ခဲ့ခြင်းမှာ မှန်ကန်မျှတမှုမရှိကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုမှုကို ခွင့်ပြု မပြုစိစစ်ရာတွင် တရားခံ၏အပြုအမူသည် ပြစ်မှုအင်္ဂါရပ်များနှင့်ညီ မညီကိုသာ စိစစ်ရန်လိုကြောင်း၊ ယခုအမှုတွင် အချင်းဖြစ်ဥပစာကို တရားလိုလက်ရှိဟုတ် မဟုတ်ဆိုသည့်အချက်ကို အဓိကစဉ်းစားရမည်ဖြစ်ကြောင်း၊ ပြစ်မှုမကင်းသောကျော်နင်းမှု ဆက်လက်ကျူးလွန်သူအား ထိုသူကဥပစာမှထွက်ခွာမပေးမချင်း ပြစ်မှုကြောင်းအရ တရားစွဲဆိုခွင့်ရှိသည်ဆိုသောမူမှာ အခြေတကျရှိနေပြီးဖြစ်ကြောင်း၊ တရားမမှုတွင်ဖော်ထုတ်သုံးသပ်မှုကို အခြေပြုပြီး ပြစ်မှုကိုစွဲဆိုခွင့်မရှိဟုဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း ဒေါ်သန်းမေချစ်တို့အပေါ် တရားစွဲဆိုခွင့်ပြုခဲ့သည့်အမိန့်ကို အတည်ပြုပေးသင့်ကြောင်း ဤအယူခံ

၂၀၀၃
ဦးအောင်ဝင်းကြည်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ကိုခွင့်ပြုသင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးမှ လျှောက်လဲရာတွင် ဦးအောင်ဝင်းကြည်၏တိုင်လျှောက်ချက်နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ စစ်ဆေးချက် အစီရင်ခံစာတို့အရ အချင်းဖြစ်ခြံအတွင်းသို့ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့ ကျော်နင်းဝင်ရောက်နေထိုင်သည်မှာ ထင်ရှားကြောင်း၊ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့သည် ကျော်နင်းမှုအတွက် ပြစ်ဒဏ်များအကြိမ်ကြိမ်ကျခံရပြီး နောက်ဆက်လက်ကျူးကျော်နေသဖြင့် ဦးအောင်ဝင်းကြည်က ပေါင်မြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၂၇၉/၂၀၀၁ ဖြင့်တရားစွဲဆိုခဲ့ကြောင်း၊ အယူခံတရားလိုသည် ဥပစာကိုလက်ရှိထားခွင့်မရှိဟု တရားရုံးက သုံးသပ်ပြီးအမှုကိုပလပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအမိန့်တွင် " ဦးအောင်ဝင်းကြည်သည် အချင်းဖြစ်မြေနှင့်အိမ်အား စရံငွေကျပ်နှစ်သောင်းသာပေး၍ လက်ဝယ်ထားခြင်းသည် ယင်းအိမ်နှင့်မြေကိုလက်ရှိထားပိုင်ဆိုင်ရာရောက်သည်ဟု ကောက်ယူရန်သင့်မည်မဟုတ်ပေ။ အချင်းဖြစ်မြေအတွင်းသို့ ဦးလှအောင်တို့ကျူးကျော်သည့်အချိန်တွင် အချင်းဖြစ်မြေနှင့်အိမ်ကို ဦးအောင်ဝင်းကြည် လက်ရှိထားသည်မှာ ၂၂ ရက်သာရှိသေးကြောင်း ပေါ်ပေါက်သည်။ ဦးအောင်ဝင်းကြည်က ပိုင်ဆိုင်ကြောင်း သို့မဟုတ် လက်ရှိထားပိုင်ခွင့်ရှိကြောင်း မပေါ်ပေါက်၍ ဦးလှအောင်တို့အပေါ် ပြစ်မှုကြောင်းအရ အရေးယူရန်မပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရတိုင်တန်းချက်ကိုပလပ်သည် ဟုသုံးသပ်ဖော်ပြထားကြောင်း၊ ထိုအမိန့်အရပင် အချင်းဖြစ်မြေနှင့်အိမ်သည် ဦးအောင်ဝင်းကြည်၏လက်ရှိဖြစ်ခဲ့သည်မှာပေါ်လွင်ကြောင်း၊ ပြစ်မှုမတင်းသောကျော်နင်းမှုတွင် ပိုင်ဆိုင်မှုသည်အဓိကမဟုတ်ဘဲ ပစ္စည်းလက်ရှိဖြစ်ခြင်းသာ အဓိကဖြစ်သည်ဟု စီရင်ထုံးများက ဆုံးဖြတ်ထုံးဖွဲ့ထားပြီးဖြစ်ကြောင်း၊ ဦးလှအောင်တို့သည် ပြစ်မှုမကင်းသော ကျော်နင်းမှုဖြင့် ပြစ်မှုထင်ရှား စီရင်ခံရပြီး ဆက်လက်ကျူးကျော်နေခြင်းဖြစ်ကြောင်း၊ အယူခံတရားလို ဦးအောင်ဝင်းကြည်၏ ထပ်မံတိုင်လျှောက်ချက်အားပလပ်ခဲ့သော မြို့နယ်ရုံး၏အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော ခရိုင်တရားရုံး၏အမိန့်တို့သည် ဥပဒေအရလည်းကောင်း၊ လမ်းညွှန်စီရင်ထုံးများအရ လည်းကောင်း လွဲမှားနေ

ကြောင်းလျှောက်လဲသည်။

တရားရုံးချုပ်၏တရားမပထမအယူခံမှုအမှတ်၊ ၁၉၇/၂၀၀၁ အမှုတွင် ဦးအောင်ဝင်းကြည်သည် မြေတန်ဖိုးအပြည့်မပေးဘဲ စရံငွေမျှသာပေးသဖြင့် ပိုင်ဆိုင်ကြောင်းမပေါ်ပေါက်ဟု သုံးသပ်ခဲ့သော်လည်း အချင်းဖြစ်မြေနှင့်အိမ်သည် ဦးအောင်ဝင်းကြည်၏လက်ဝယ်သို့ရောက်ရှိသည်မှာ ၂၂ ရက်ရှိကြောင်းကို လက်ခံသုံးသပ်ထားကြောင်း၊ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၁၁ (ခ)/၂၀၀၂ တွင်အချင်းဖြစ်မြေနှင့်အိမ်သည် ဦးအောင်ဝင်းကြည် (အယူခံတရားလို) ၏လက်ဝယ်သို့ ၂၂ ရက်ရောက်ရှိနေပြီးဖြစ်သည်ဆိုသောအချက်ကို ထည့်သွင်းသုံးသပ်ခြင်းမပြုခဲ့ကြောင်း၊ အဆိုပါအမိန့်တွင် ပိုင်ဆိုင်ခွင့်နှင့်လက်ရှိဖြစ်ခြင်းကိုလည်းကောင်း၊ တရားမမှုနှင့် ပြစ်မှုတို့ကိုလည်းကောင်း ရောနှောသုံးသပ်ပြီး ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း၊ ပေါင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၊ ၅၈၄/၉၆ နှင့် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၉၄/၉၇ တို့တွင် အချင်းဖြစ်မြေနှင့်အိမ်ကို ဦးအောင်ဝင်းကြည်လက်ရှိဖြစ်သည်ဟု တစ်ညီတည်းလက်ခံထားကြောင်း၊ အယူခံရုံးကလည်း ထိုအမိန့်များကို အတည်ပြုထားကြောင်း၊ တရားမရုံး၏အဆုံးအဖြတ်ကြောင့် ထိုအမိန့်များမှာ ပျက်ပြယ်ခြင်းမရှိနိုင်ကြောင်း၊ ဦးလှအောင်တို့သည် ဆက်လက်ကျူးကျော်သူများသာဖြစ်သောကြောင့် ၎င်းတို့အပေါ် ကျော်နင်းမှုဖြင့် ဦးအောင်ဝင်းကြည်က ထပ်မံတရားစွဲဆိုနိုင်ကြောင်း၊ လက်ရောက်ရခွင့်မရှိဟု တရားမရုံးက ဆုံးဖြတ်ချက်ကို အကြောင်းပြု၍ ကျော်နင်းမှုဆက်လက်ကျူးလွန်သူများအား ပြစ်မှုကြောင်းအရ တရားစွဲဆိုခွင့်ရှိမည်မဟုတ်ဟု ဆုံးဖြတ်ခဲ့သော တရားရုံးချုပ်၏အမိန့်သည် ဥပဒေနှင့်အညီဖြစ်သည်ဟု မဆိုနိုင်ကြောင်းတို့ကို လျှောက်လဲသည်။

အချင်းဖြစ်ဥပစာကို အယူခံတရားလို ဦးအောင်ဝင်းကြည်က ဝယ်ယူလက်ရောက်ရရှိခဲ့သည့်အချက်၊ ဥပစာအတွင်း အခွင့်မဲ့ဝင်ရောက်ကျော်နင်းနေထိုင်သူ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ နှင့် ၄၄၈ တို့အရ နှစ်ကြိမ်တိုင်တိုင် ပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ခြင်းခံရသည့်အချက်နှင့် ယခုပြစ်မှုကြီးအမှတ်၊ ၂၇၉/၂၀၀၀ စွဲဆိုသည့်အချိန်အထိ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့က အချင်းဖြစ်ဥပစာမှထွက်ခွာမပေးဘဲ ဆက်လက်နေထိုင်လျက်ရှိသည့်အချက်များမှာ နှစ်ဖက်အငြင်းမပွားသည့်အချက်များဖြစ်သည်။

၂၀၀၁
ဦးအောင်ဝင်းကြည်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော် နှင့် ဦးသောင်းညွန့်အမှု**(၁) နှင့် **မောင်လှငွေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော်ပါအမှု**(၂) တို့တွင် စီရင်ဆုံးဖြတ် ထုံးဖွဲ့ထားသည့်မှုများအရ ပြစ်မှုမကင်းသော ကျော်နင်းမှုကျူးလွန်ပြီး အချင်းဖြစ် ဥပစာအတွင်း ဝင်ရောက်နေထိုင်သောတရားခံအား ထိုသူက အချင်းဖြစ်ဥပစာတွင် ဆက်လက်ကျူးကျော်မြဲကျူးကျော်နေထိုင်သမျှ ကာလပတ်လုံး ထိုတရားခံအပေါ် ပြစ်မှုကြောင်းအရ ကျော်နင်းမှုဖြင့် ဆက်လက်တရားစွဲဆိုခွင့်ရှိနေကြောင်း တွေ့ရသည်။ အဆိုပါစီရင်ထုံးပါမူသဘောကို တရားရုံးအဆင့်ဆင့်က လက်ရှိလိုက်နာကျင့်သုံးလျက်ရှိကြသည်။ လက်ရှိစွဲဆိုထားသည့်ပြစ်မှုကြီးအမှတ်၊ ၂၇၉/၂၀၀၁ ကို အယူခံတရားလို ဦးအောင်ဝင်းကြည်က စွဲဆိုခွင့်မရှိတော့ဟု သုံးသပ်ဆုံးဖြတ်လိုက်မည်ဆိုပါက အခြေတကျရှိနေပြီးသော စီရင်ထုံးပါမူသဘောများနှင့် ကွဲလွဲမှုဖြစ်ပေါ်လာနိုင်သည်ဟု သုံးသပ်ရရှိသည်။

ထို့နောက်အယူခံတရားလို ဦးအောင်ဝင်းကြည်က အချင်းဖြစ် ဥပစာနှင့်စပ်လျဉ်း၍ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့အပေါ် စွဲဆိုသည့် မွန်ပြည်နယ်တရားရုံး၊ တရားမကြီးအမှုအမှတ်၊ ၆/၂၀၀၀ မှာလည်း အမှုပုံစံမှားယွင်းမှုကြောင့် ပလပ်ခံခဲ့ရခြင်းဖြစ်သည်ကို တွေ့ရှိရသည်။ အမှု၏အရည်အသွေးကြောင့် ပလပ်ခံခဲ့ရခြင်းမဟုတ်ပေ။ ထို့ပြင် အဆိုပါအမိန့်ကို ဦးအောင်ဝင်းကြည်က တရားရုံးချုပ်သို့ တရားမပထမ အယူခံမှုအမှတ်၊ ၁၉၃/၂၀၀၁ ဖြင့်အယူခံသည့်အခါ အယူခံမှုပလပ်ခံခဲ့ရသည်။ သို့သော် တရားရုံးချုပ်က ၎င်း၏စီရင်ချက်တွင် " အချင်းဖြစ်အိမ်နှင့်မြေကို အယူခံတရားလိုဦးအောင်ဝင်းကြည်က ပိုင်ဆိုင်ကြောင်း သို့မဟုတ် လက်ရှိတားပိုင်ခွင့်ရှိကြောင်းမပေါ်ပေါက် " ဆိုသည့်စကားရပ်များကို ထည့်သွင်းဖော်ပြထားသည်။ တရားမမှုတွင် အဓိကဆုံးဖြတ်ရန်ပေါ်ပေါက်သည့်အချက်မှာ အမှုပုံစံမှန် မမှန်ဆိုသည့်အချက်သာဖြစ်သည်။ လက်ရောက်ရခွင့်ကိစ္စဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်မှုမရှိသေးဟုသုံးသပ်ရရှိသည်။ ထို့ကြောင့်မွန်ပြည်နယ်တရားရုံး (သထုံခရိုင်) တရားမကြီးမှုအမှတ်၊ ၆/၂၀၀၀နှင့် တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ်၊ ၁၉၃/၂၀၀၁ တို့၏အမိန့်များကြောင့် ဦးအောင်ဝင်းကြည်

(၁) ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ဗဟိုတရားရုံး) စာ-၆၈
(၂) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ဗဟိုတရားရုံး) စာ-၄၆

၂၀၀၃
ဦးအောင်ဝင်းကြည်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

က တရားစွဲဆိုခွင့်သည် ပြောင်းလဲမှုမရှိနိုင်ဟုလည်းကောင်း၊ ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့၏တာဝန်သည် ပြောင်းလဲသွားခြင်းမရှိနိုင်ဟုလည်းကောင်း ကောက်ယူရမည်ဖြစ်သည်။

ပြစ်မှုကြောင်းအရ တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်မှုရှိ မရှိ စိစစ်ရာတွင် အဓိကဖော်ထုတ်ရမည့်အချက်မှာ တရားခံ၏အပြုအမူနှင့် ကြံရွယ်ချက်တို့ပင်ဖြစ်သည်။ အပြုအမူနှင့် ကြံရွယ်ချက်များက ပြစ်မှုမြောက်နိုင်သည့်အကြောင်းရှိလျှင် ပြစ်မှုတစ်ခုကို နိုင်ငံတော်က တရားလိုပြုလုပ်၍သော်လည်းကောင်း၊ နစ်နာသူက တရားလိုပြုလုပ်၍သော်လည်းကောင်း တရားစွဲဆိုခွင့်ရှိမည်ဖြစ်သည်။ တရားမရုံးက အချင်းဖြစ်ဥပစာကို အယူခံတရားလို (မူလမှုတရားလို) လက်ရောက်ရခွင့်မရှိဟု သုံးသပ်ခဲ့သောအကြောင်းကြောင့် အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်းသည့် ပြစ်မှုများအပေါ် အယူခံတရားလို၏ ပြစ်မှုကြောင်းအရ တရားစွဲဆိုခွင့်ကို မထိခိုက်နိုင်ပေ။ အချင်းဖြစ်ဥပစာအပေါ် ကျော်နင်းမှုဆက်လက်ကျူးလွန်နေသော ဦးလှအောင်နှင့် ဒေါ်သန်းမေချစ်တို့အပေါ် ပြစ်မှုမကင်းသောကျော်နင်းမှုအတွက် အယူခံတရားလိုက တရားစွဲဆိုခွင့်မရှိတော့ဟုသုံးသပ်ခဲ့သည့် တရားရုံးချုပ်၏အမိန့်မှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

" ကျော်နင်းမှုဆက်တိုက်ကျူးလွန်နေသူအပေါ် အဆိုပါပြစ်မှုဖြင့် ဆက်လက်တရားစွဲဆိုနိုင်သော တရားလိုမှာ အချင်းဖြစ်ပစ္စည်းကိုလက်ရောက်ရခွင့်မရှိကြောင်း၊ တရားမရုံးကဆုံးဖြတ်လိုက်သော်လည်း အဆိုပါတရားလိုသည် ပြစ်မှုကြောင်းအရ ကျော်နင်းမှုအပေါ် ဆက်လက်စွဲဆိုခွင့်ရှိကြောင်း " ဖြေကြားလိုက်သည်။

ထို့ကြောင့်လျှောက်ထားသူ ဦးအောင်ဝင်းကြည်၏ အထူးအယူခံမှုကို ခွင့်ပြုကြောင်း၊ တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၁၁ (ခ)/ ၂၀၀၂ အမိန့်ကို ပယ်ဖျက်ကြောင်း၊ မွန်ပြည်နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၆၂/ ၂၀၀၁ အမိန့်ကို အတည်ပြုပြီး မူလပေါင်မြို့နယ်တရားရုံးက ပြစ်မှုကြီးအမှတ်၊ ၂၇၉/ ၂၀၀၁ ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

# ၂၀၀၃ ခုနှစ်

# တရားမဆိုင်ရာအမှုများ

စာမျက်နှာ

# တရားမဆိုင်ရာအမှုများ

ဥပဒေများ-

- တရားမကျင့်ထုံးဥပဒေ
- ကာလစည်းကမ်းသတ်ဥပဒေ
- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- ကုန်စည်ရောင်းချခြင်းအက်ဥပဒေ
- ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ
- အမွေဆက်ခံခြင်းအက်ဥပဒေ
- အင်ဆော်လဝင် (လူမွဲ) အက်ဥပဒေ
- သီးခြားသက်သာခွင့်အက်ဥပဒေ
- ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ

**တရားရုံးတစ်ရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ချမှတ်သောအမှုအား အဆင့်မြင့်တရားရုံးသို့ထပ်မံ၍ အယူခံမှုသော်လည်းကောင်း၊ ပြင်ဆင်မှုသော်လည်းကောင်း တင်သွင်းခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၁) တွင် တရားရုံးတစ်ရုံးက မူလစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ချမှတ်သော ဒီကရီအရပ်ရပ်ကို အယူခံဝင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ မန္တလေးတိုင်းတရားရုံးက ပြင်ဆင်မှုအာဏာကိုကျင့်သုံး၍ ချမှတ်သောအမိန့်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၁) အရ အယူခံဝင်ခွင့်ရှိသည်ဟု မဆိုနိုင်ပေ။ **ဒေါ်ထိုက် နှင့် ဦးပေါ်ထွန်း** ပါ-၂[၈] အမှုကိုရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အယူခံဝင်ခွင့်မရှိသောအမိန့်ကို ပြင်ဆင် စာမျက်နှာ မှုလျှောက်ထားနိုင်သည်။ တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၈(ခ) အရ ဖြည့်စွက်ထားသည့် ယင်းဥပဒေပုဒ်မ၏ခြွင်းချက်တွင် အဆိုပါဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်များသည် တရားရုံးတစ်ရုံးရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍သော်လည်းကောင်း၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံး၍သော်လည်းကောင်း ဆုံးဖြတ်သည့် အမှုများနှင့်မသက်ဆိုင်စေရဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်အယူခံ တရားလိုများသည် မန္တလေးတိုင်းတရားရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာဖြင့်ချမှတ်သည့်အမိန့်ကို အယူခံမှုသော်လည်းကောင်း၊ ပြင်ဆင်မှုသော်လည်းကောင်း လျှောက်ထားပိုင်ခွင့်မရှိပေ။

ဦးခင်မောင်လင်း ပါ ၁၀ နှင့် ဦးလှမြင့် ပါ ၂　　　　၂၁၀

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့်အမိန့် ၄၇ အရ လျှောက်ထားသည့်ပြန်လည်သုံးသပ်ပေးစေလိုမှု၊ မည်သည့်အချက်များအရ ပြန်လည်သုံးသပ်ပေးစေလိုမှုကို လျှောက်ထားနိုင်ခြင်း၊ မူလရုံးနှင့်အယူခံရုံးတို့က ပြည့်ပြည့်စုံစုံဝေဖန်သုံးသပ်ခဲ့သည့် ပြဿနာသည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁(၁) တွင် ဖော်ပြထားသည့်အရေးကြီးသောအကြောင်းအရာသစ် ဟုတ်မဟုတ်၊ မည်သည့်အခါ မူလတရားသူကြီးချမှတ်ခဲ့သည့် အမိန့်ကို ၎င်းအားဆက်ခံသည့် တရားသူကြီးက ပြန်လည်သုံးသပ်နိုင်သနည်း။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁(၁) တွင် ပြန်လည်သုံးသပ်ပေးစေလိုမှုကို အောက်ပါအချက်များအရ လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်-

နည်းဥပဒေ ၁(၁) တစ်ဦးတစ်ယောက်သောသူသည်-

(က) အယူခံဝင်ခွင့်ပြုထားသော်လည်း အယူခံဝင်ခဲ့ခြင်းမရှိသည့် ဒီကရီ သို့မဟုတ် အမိန့်ကြောင့်ဖြစ်စေ၊

(ခ) အယူခံဝင်ခွင့်မပြုသော ဒီကရီ သို့မဟုတ် အမိန့်ကြောင့်ဖြစ်စေ၊

(ဂ) စမော်တော်တရားရုံးက တင်သွင်းသော လွှဲအပ်မှုတွင် ချမှတ်သော ဆုံးဖြတ်ချက်ကြောင့်ဖြစ်စေ၊ စာမျက်နှာ

နစ်နာသည်ဟုထင်မြင်ယူဆသည့်အပြင် ယင်းဒီကရီ သို့မဟုတ် အမိန့်ကိုချမှတ်သည့်အချိန်က လုံးလစိုက်ထုတ်ရှာဖွေခဲ့သော်လည်း မသိနိုင်ခဲ့သော သို့မဟုတ် မတင်ပြနိုင်ခဲ့သောအရေးကြီးသည့်အကြောင်းအရာအသစ်ကို သို့မဟုတ် သက်သေခံအသစ်ကို တွေ့ရှိခြင်းကြောင့် ဖြစ်စေ အမှုတွဲတွင်ပေါ်လွင်ထင်ရှားသော အမှားအယွင်း တစ်စုံတစ်ရာပါရှိခြင်းကြောင့်ဖြစ်စေ၊ အခြားလုံလောက်သောအကြောင်းတစ်ခုခု ကြောင့်ဖြစ်စေ၊ မိမိအပေါ် ချမှတ်ထားသော ဒီကရီ သို့မဟုတ် အမိန့်ကို ပြန်လည်သုံးသပ်စေလိုလျှင် ထိုဒီကရီ သို့မဟုတ် အမိန့်ကိုချမှတ်သော တရားရုံးသို့ သက်ဆိုင်ရာစီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားနိုင်သည်။

ယင်းလျှောက်ထားချက်အပေါ် တရားရုံးကသင့်သည် ထင်မြင်သည့်အမိန့်တစ်ရပ်ချမှတ်နိုင်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ တွင်ပြဋ္ဌာန်းထားသည်။

မူလရုံးတရားပြိုင် (၄) ဒေါ်အိုင်ဗွီက တိုင်းတရားရုံး၏ ၂၇-၁၁-၂၀၀၂ ရက်စွဲဖြင့်ချမှတ်ခဲ့သည့်အမိန့်အား တရားမကျင့်ထုံးဥပဒေအမိန့် ၄၇ နည်း ၁ နှင့် ပုဒ်မ ၁၁၄ တို့အရ ပြန်လည်သုံးသပ်ပေးရန် တင်ပြရာ၌ အထက်တွင်ဆိုခဲ့သည့်အတိုင်း ရန်ကုန်တိုင်းတရားရုံး၏ ၂၇-၁၁-၂၀၀၂ ရက်စွဲပါအမိန့်ချမှတ်ခဲ့စဉ်က ထိုက်သင့်သောလုံလဝိရိယဖြင့်ရှာဖွေခဲ့သော်လည်း တိုင်းတရားရုံးသို့တင်ပြနိုင်ခဲ့ခြင်းမရှိသည့် စာရွက်စာတမ်း (သို့မဟုတ်) သက်သေခံချက်အသစ်ရှိကြောင်း တစ်စုံတစ်ရာတင်ပြထားခြင်းမရှိချေ။ ယခင်ချမှတ်ခဲ့သောတိုင်းတရားရုံး၏ အမိန့်မှာ ဥပဒေနှင့်မညီကြောင်းကိုသာ ထပ်မံတင်ပြထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ရာဒေါ်အိုင်ဗွီ၏ (၁၈-၁၂-၂၀၀၂) ရက်စွဲပါ ပြန်လည်သုံးသပ်ပေးရန်လျှောက်လွှာမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁ ပါပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိပါဘဲလျက် ရန်ကုန်တိုင်းတရားရုံးကလက်ခံခွင့်ပြုခဲ့ခြင်းမှာ အထင်အရှားမှားယွင်းနေပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍မူလရုံးနှင့်အယူခံရုံးတို့က ပြည့်ပြည့်စုံစုံဝေဖန်သုံးသပ်ခဲ့ကြောင်း

တွေ့ရှိရသဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၁၂၃ စာမျက်နှာ နှင့်ပတ်သက်သည့်ပြဿနာမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁(၁) ဖော်ပြထားသော နစ်နာသည်ဆိုသူက မတင်ပြခဲ့ရသည့် အရေးကြီးသော အကြောင်းအရာသစ်မဟုတ်ပေ။ အမှုတွဲတွင် ပေါ်လွင်ထင်ရှားသောအမှားအယွင်းလည်း မဟုတ်ပေ။ ပြန်လည်သုံးသပ်ကြားနာလောက်သည့်အကြောင်းအရာသစ် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ် ၃၅၆/၂၀၀၂ အမှုကို လျှောက်ထားသူဒေါ်အိုင်ဗွီက ရန်ကုန်တိုင်းတရားရုံးတွင် ၁၈-၁၂-၂၀၀၂ နေ့က လျှောက်ထားခဲ့သည်။ ၁၉-၁၂-၂၀၀၂ နေ့ရုံးချိန်းတွင် အမှုစစ်ဆေးသူတွဲဖက်တိုင်းတရားသူကြီး (၁၆) က ဒေါ်အိုင်ဗွီ၏ လျှောက်လွှာကို လက်ခံ သင့် မသင့် လျှောက်လဲချက်ကြားနာပြီးနောက် လက်ခံကြောင်းအမိန့်ချပြီး၊ လျှောက်ထားခံရသူများထံအကြောင်းကြားစာထုတ်ရန်နှင့် လျှောက်ထားခံရသူများလာရန် ၈-၁-၂၀၀၃ နေ့ချိန်းဆိုသည်။ အမှုစစ်ဆေးသူတွဲဖက်တိုင်းတရားသူကြီးမှာ တရားရုံးချုပ်၏အမိန့်အရ ပြောင်းရွှေ့ရသဖြင့် ၁-၁-၂၀၀၃ နေ့တွင်ဆက်ခံသူတွဲဖက်တိုင်းတရားသူကြီးအား လွှဲပြောင်းပေးခဲ့သည်။ အမှုချိန်းဆိုထားသည့် ၈-၁-၂၀၀၃ ရုံးချိန်းနေ့တွင် လျှောက်ထားခံရသူများလာရောက်ခြင်းမရှိသဖြင့် ၎င်းတို့ထံအကြောင်းကြားစာ ထပ်မံထုတ်ခြင်းဖြစ်သောကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၄(၂) ခြွင်းချက် (က) အရဆောင်ရွက်ခြင်းဖြစ်ရာ တိုင်းတရားရုံးက ပြန်လည်သုံးသပ်ပေးစေလိုမှုလက်ခံဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

ဒေါ်ခင်မေရင် နှင့် ဒေါ်အိုင်ဗွီ ပါ ၉　　　　　၉၁

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၁၀၃ အရစွဲဆိုမှု၊ ထိုကဲ့သို့စွဲဆိုသည့်အမှုမျိုးတွင် မည်သူလက်ရှိဆိုသောအချက်မှာ အဓိကမဟုတ်ဘဲ လက်ရှိရရန်ပိုင်ဆိုင်ခွင့် ရှိ မရှိ ဆိုသောအချက်ကို အဓိကထား၍ စဉ်းစားဆုံးဖြတ်ရခြင်း၊ အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့် နေထိုင်သူတရားရုံးထံမှ မှတ်ပုံမတင်သောစာချုပ်ဖြင့်**

**အချင်းဖြစ်ဥပစာအား ဝယ်ယူသူသည် အချင်းဖြစ်ဥပစာအား လက်ရှိရရန်ပိုင်ဆိုင်ခွင့် ရှိသူ ဟုတ် မဟုတ်။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ မြွက်ဟချက်ဒီကရီရလိုကြောင်း စွဲဆိုသည့်အမှုမှာ မည်ကဲ့သို့သောအမှု ဖြစ်သည်ဆိုခြင်းကို ဆန်းစစ်ရန်လိုသည်။

ထိုကဲ့သို့အမှုမျိုးတွင် တရားလိုသည် အချင်းဖြစ် ဥပစာကို လက်ရှိရရန်ပိုင်ခွင့်ရှိကြောင်း ထင်ရှားအောင်ပြသနိုင်မှသာ ဒီကရီရှိနိုင်မည်ဖြစ်သည်။ နည်းဥပဒေ ၉၈၊ ၉၉ နှင့် ၁၀၁ တို့အရ စုံစမ်းစစ်ဆေးရာ၌ လက်ရှိ ဟုတ် မဟုတ် ဆိုသောအချက်ကိုသာ အဓိကထား၍ ဆုံးဖြတ်ရမည်ဖြစ်သော်လည်း နည်းဥပဒေ ၁၀၃ အရစွဲဆိုသည့် အမှုတွင်မူ မည်သူ လက်ရှိဆိုသောအချက်မှာ အဓိကမဟုတ်ဘဲ လက်ရှိရရန် ပိုင်ဆိုင်ခွင့် ရှိ မရှိ ဆိုသောအချက်ကို အဓိကထား၍ စဉ်းစားဆုံးဖြတ် ရကြောင်း **မသန်းသန်းဆင့် (အရွယ်မရောက်သူ) ၄င်း၏အနီးစပ် ဆုံးမိတ်ဆွေဒေါ်အုန်းခင်နှင့် ရှုရစ်ဂွမ်အမှု** (၁) တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဤအမှုမှမူလတရားရုံး တရားပြိုင် (၄) ဦးသိန်းလွင်သည် ရန်ကုန်တိုင်းတရားရုံးတရားမကြီးမှုအမှတ် ၂၉၀/၉၇ အမှုမှ တရားပြိုင်တစ်ဦးဖြစ်ပြီး အဆိုပါရုံးတရားမဇာရီမှုအမှတ် ၁၆၃/၂၀၀၁ မှ တရားရှုံးတစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့်မူလရုံးတရားလိုများသည် အချင်းဖြစ်မြေကို ရောင်းချခွင့်ရှိသူတစ်ဦး မဟုတ်သည့်အပြင် တရားရှုံးတစ်ဦးဖြစ်သော ဦးသိန်းလွင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့်နေထိုင်သူ တရားရှုံးထံမှ မှတ်ပုံမတင်သောစာချုပ်ဖြင့် အချင်းဖြစ်ဥပစာအား ဝယ်ယူခြင်းဖြင့် ဝယ်ယူသူမူလရုံးတရားလိုတို့သည် အချင်းဖြစ်ဥပစာအား တရားဝင်ပိုင်ဆိုင်မှု ရှိနိုင်မည်မဟုတ်ပေ၊ ထိုအခြေအနေတွင် အယူခံတရားလိုသည် အချင်းဖြစ်ဥပစာအား လက်ရှိရရန်ပိုင်ခွင့်ရှိသည်ဟု ယူဆခြင်းမပြုနိုင်ပေ။

ဦးကျော်ခိုင်စင်း ပါ ၂ နှင့် ဦးကျော်စိန် ပါ.၅ ၂၀၂

**ဇာရီမှုတွင် မရွှေ့မပြောင်းနိုင်သောအပေါင်ပစ္စည်းကို ရောင်းချခြင်း၊ ရောင်းချပြီးအပေါင်ပစ္စည်းကို ရွေးနုတ်ခွင့်ပြုရန်လျှောက်ထားခြင်း၊ အပေါင်ရွေးနုတ်ခွင့်ပြုရန်လျှောက်ထားသူက ပစ္စည်းဝယ်ယူထားသူ (purchaser) သို့ပေးရမည့်နစ်နာကြေး (Compansatory amount) ကို တရားရုံးသို့ တင်သွင်းရခြင်း၊ နစ်နာကြေးတွက်ချက်ရာ၌ လိုက်နာရမည့် ပြဋ္ဌာန်းချက်များ။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ တွင် ပြဋ္ဌာန်းထားသည့်နည်းဥပဒေများမှာ ယေဘူယျပြဋ္ဌာန်းချက်များသာဖြစ်ပြီး အပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချခြင်း အတွက်ပြဋ္ဌာန်းထားသောအမိန့် ၃၄ မှာ အပေါင်မှုများအတွက် သီးခြားပြဋ္ဌာန်းချက်ဖြစ်ရာ အပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သောပစ္စည်း ရောင်းချခြင်းကိစ္စတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄ ပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာရန်ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လေလံတင်ရောင်းချပြီးနောက် ရောင်းချခြင်းကို အတည်ပြုသည့်လက်မှတ် (Sale Certificate) မထုတ်ပေးရသေးမီ အဆိုပါရောင်းချသည့် ပစ္စည်းပိုင်ဆိုင်သူ (သို့မဟုတ်) ယင်းပစ္စည်းတွင် အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်က ရောင်းချခြင်းကို ပယ်ဖျက်စေလိုပါက လေလံဆွဲဝယ်ရရှိသူ (Auction purchaser) သို့ ဝယ်ယူသည့်ငွေ (Purchase-mon ey) အပေါ် ၅% ပေးသွင်းခြင်းဖြင့် အရောင်းပယ်ဖျက်ပေးရန် လျှောက်ထားနိုင်ခွင့်ရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၈၉(၁)(က) တွင် ယေဘူယျပြဋ္ဌာန်းထားသကဲ့သို့ အပေါင်ဒီကရီအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချသည့်ကိစ္စ၌ ရောင်းချခြင်းကို အတည်မပြုမီ (before the confirmation of the sale) ပေါင်သူက ဖြစ်စေ၊ အပေါင်ပစ္စည်းအား ရွေးနုတ်ပိုင်ခွင့်ရှိသူတစ်ဦးဦးကဖြစ်စေ အပေါင်ရွေးနုတ်ခွင့်ပြုပါရန် လျှောက်ထားနိုင်ခွင့်ရှိပြီး ယင်းသို့လျှောက်ထားရာတွင် လေလံဆွဲဝယ်သူက ဝယ်ယူသည့်ငွေ (Purchase-mon ey) များအနက်အမှန်တကယ် တရားရုံးသို့ပေးသွင်းပြီးဖြစ်သောငွေ၏ ၅% (Five precent of the purchase-

mor ey (if any) paid into Court by the purchaser) ကို ဇာရီရုံးသို့ ပေးသွင်းရမည်ဖြစ်ကြောင်း၊ အပေါင်ပစ္စည်းရောင်းချမှုများအတွက် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်း ၃(၂) ၏ ခြွင်းချက်တွင်ပြဋ္ဌာန်းထားရာ အဆိုပါသီးခြားပြဋ္ဌာန်းချက်ကို လိုက်နာရန်လိုအပ်ကြောင်း တရားရုံးများက သတိပြုရန်လိုအပ်ပေသည်။ စာမျက်နှာ

ဦးထွန်းထွန်း ပါ ၃ နှင့် မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ ဟင်္သာတမြို့) ၂၄၂

**သေသူအပေါ်လျှောက်ထားသောအယူခံမှုတွင် တရားရုံးသည် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းစေရန် အခွင့်အာဏာ ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားခံရသူသည် တရားမကြီးမှု သို့မဟုတ် အယူခံမှု သို့မဟုတ် လျှောက်ထားမှုမပြီးဆုံးမီသေဆုံးလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၄ နှင့်သက်ဆိုင်မည်ဖြစ်သည်။ အယူခံမှု မစွဲဆိုမီ သို့မဟုတ် တရားမကြီးမှုမစွဲဆိုမီသေဆုံးလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၄ နှင့်မသက်ဆိုင်ပေ။ **ဦးသက်ပြင်း နှင့် ဒေါ်တုတ်တုတ်[၁] အမှု** ကိုရည်ညွှန်းသည်။ ထိုသို့တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၄ နှင့် မသက်ဆိုင်လျှင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းကိစ္စ၊ အမှုရပ်စဲခြင်းကိစ္စ ဆောင်ရွက်ရန်မလိုအပ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုများတွင်လျှောက်ထားခံရသူ ဦးဟေမာလ် (ခ) ဦးသန်းထွန်းအောင်သည် ၁၃-၁၀-၂၀၀၂ နေ့တွင် သေဆုံးကြောင်း လျှောက်ထားသူဘက်က တင်ပြသည့်တရားဝင်ကိုယ်စားလှယ်လျှောက်လွှာအရတွေ့ရသည်။ ဤတရားမအထွေထွေလျှောက်လွှာ (အထူး) အမှုများကို ၂၂-၁၀-၂၀၀၂ နေ့တွင်မှ လျှောက်ထားခြင်းဖြစ်ရာ လျှောက်ထားခံရသူသေဆုံးပြီးမှ လျှောက်ထားခံရသူအပေါ် အမှုစွဲဆိုလျှောက်ထားခြင်းဖြစ်ကြောင်းမှာ အငြင်းမပွားဘဲပေါ်ပေါက်သည်။ သေသူအပေါ်လျှောက်ထားသော အယူခံမှုတွင် တရားရုံးသည် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းစေရန် အခွင့်အာဏာမရှိပေ။ ကွယ်လွန်သူအပေါ် တရားဘက်ပြုရာရောက်၍တရားမဝင်ချေ။ **ဒေါ်အေးခင် နှင့် ဒေါ်လှခင်[၂] အမှု** ကိုညွှန်းသည်။

ကွယ်လွန်သူအပေါ် တင်သွင်းသောအယူခံသည် တရားမဝင်ပေ။ မဖြညွှန့် ပါ ၂ နှင့် မောင်သန်းဝင်း[၅]အမှုကို ရည်ညွှန်းသည်။ ဤတရားမ အထွေထွေ လျှောက်လွှာ (အထူး) တင်သွင်းစဉ်က ကွယ်လွန်ပြီးဖြစ်သော၊ မရှိတော့ သည့်ပုဂ္ဂိုလ်ဖြစ်သော လျှောက်ထားခံရသူ ဦးဟေမာလ် (ခ) ဦးသန်းထွန်း အောင်အပေါ် လျှောက်ထားသော တရားမအထွေထွေ လျှောက်လွှာ (အထူး) အမှုများမှာ တရားမဝင်ကြောင်းမှာ မြင်သာထင်ရှားနေသော အချက်ဖြစ်သည်။ စာမျက်နှာ

ဦးအမ်အစ္စလမ်း နှင့် ဦးဟေမာလ် (ခ) ဦးသန်းထွန်းအောင် ပါ ၂ ၂၅၈

တရားလိုက တရားပြိုင်တို့အပေါ် ချေးငွေရလိုမှုစွဲဆိုခြင်း လာမည့် တစ်ဆယ့်နှစ်လကာလအတွင်း ပေးဆပ်ရန်ရှိသည့် ချေးငွေ၏ ထက်ဝက်ကို ပေးဆပ်သွားမည်ဖြစ်ပါသည်ဟု ဝန်ခံ ကတိပြု သည့်စာသည် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၂(ဧ) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ငွေပေးကတိစာချုပ်ဖြစ်ခြင်း၊ ငွေပေး ကတိစာချုပ်အရ သို့မဟုတ် ခံဝန်ချုပ်အရ ငွေရလိုမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၇၄ တွင် အကျုံးဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂ (ဧ) တွင် " ငွေပေးကတိစာချုပ် " ဆိုသည်မှာ ချုပ်ဆိုသူကအတိအကျ ဖော်ပြထား သောငွေကို သူတပါးအား ကန့်သတ်ထားသည့်အချိန်တွင် ဖြစ်စေ၊ တောင်း ဆိုသည့်အခါဖြစ်စေ ပေးဆပ်ရန်ချွင်းချက်မရှိ ဝန်ခံသောစာချုပ်ကို ဆိုလို သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

နှင်းသဇင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က ပေးပို့သော ၂-၅-၉၈ ရက်စွဲပါစာသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂ (ဧ) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားချက်အရ ငွေပေးကတိစာချုပ်ဖြစ်သည်။

ထိုသို့သောစာမျိုးသည် ငွေပေးကတိစာချုပ်ဖြစ်ကြောင်း ဆက် သွယ်ရေးဘဏ် နှင့် ခွန်ကုမ္ပဏီအမှု [၂] တွင် ပြဆိုသည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ၂ - ၅ - ၉၁ ရက်စွဲပါ စာသည် ကြွေးမြီအတွက် တာဝန်ရှိပါသည်ဟု ဝန်ခံရုံသက်သက်

မဟုတ်ချေ။ သတ်မှတ်ဖော်ပြထားသည့်အချိန်တွင် ငွေပေးဆပ်ပါမည်ဟု ကတိပြုသည့် ကတိစာချုပ်ဖြစ်သည်။ စာမျက်နှာ

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ၂-၅-၉၈ ရက်စွဲပါစာတွင် လာမည့်တစ်ဆယ့်နှစ်လကာလအတွင်း နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒေါ်အေးအေးသန်းအား ပေးဆပ်ရန်ရှိသည့် ချေးငွေ၏ ထက်ဝက်ကို ပေးဆပ်သွားမည်ဖြစ်ကြောင်း လေးလေးနက်နက်ဝန်ခံ ကတိပြုထားရာ ဒေါ်အေးအေးသန်းအနေဖြင့် ၂-၅-၉၈ နေ့မှ တစ်ဆယ့်နှစ်လကာလကုန်ဆုံးချိန်နှင့် ချေးငွေ၏ထက်ဝက်ကို ရထိုက်ခွင့်ရှိမည် ဖြစ်သည်။ ထိုအချိန်တွင် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ချေးငွေ၏ထက်ဝက်ကို မပေးဆပ်ပါက ထိုအချိန်မှစ၍ ဒေါ်အေးအေးသန်းက တရားစွဲဆိုခွင့်ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၇၄ တွင် အရစ်ကျပေးဆပ်ရန်ဖြစ်သော ငွေပေးကတိစာချုပ်အရ သို့မဟုတ် ခံဝန်ချုပ်အရ ရလိုမှုကို ပထမအရစ်ပေးရန် ချိန်းရက်စေ့ကုန်သည့်အခါစ၍ ထို့ပြင်ကျန်ပေးရန် အရစ်ကျငွေများအတွက်မှာလည်း အသီးသီးချိန်းရက်စေ့ကုန်သည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ဒေါ်အေးအေးသန်းထံ ပေးပို့သည့် ၂-၅-၉၈ နေ့စွဲပါစာတွင် ပေးဆပ်ရန်ရှိသည့် ချေးငွေ၏ ထက်ဝက်ကို ထိုနေ့တစ်ဆယ့်နှစ်လကာလအတွင်း ပေးဆပ်ရန် ကတိပြုထားရာ ၁-၅-၉၉ နေ့တွင် ပထမအရစ်ပေးရန် ရက်ချိန်းစေ့ကုန်ကြောင်း တွေ့မြင်နိုင်သည်။ ထိုနေ့မှစ၍ ၃ နှစ်ဖြစ်သော ၁-၅-၂၀၀၂ အတွင်း တရားစွဲဆိုနိုင်သည်ဖြစ်၍ ၂၀-၆-၂၀၀၁ နေ့တွင် ဒေါ်အေးအေးသန်း စွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း ပေါ်ပေါက်သည်။



**ပိုင်ရှင်သတ်ရှိမဟုတ်သော မြေကွက်ထဲသို့ကျူးကျော်ဝင်ရောက် ပြီး နောက် ၁၂ နှစ်ကျော်လွန်ပြီးမှ ပိုင်ရှင်ဖြစ်သူများက ကျူးကျော်သူများအား**

(ကည)                ညွှန်းချက်

**နှင်ထုတ်၍မြေလက်ရောက်ရလိုကြောင်း စွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၂ နှင့် သက်ဆိုင်ကြောင်း ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်း ရှိ မရှိ။**                စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်ပစ္စည်းကို လက်လွတ်ဖြစ်သွားခြင်းသည် လက်ရှိဖြစ်သောသူကို အခြားသူတစ်ဦးက အမှန်တကယ်ဖယ်ထုတ်ခြင်း ဖြစ်သည်။ လက်မဲ့ဖြစ်စေသူအနေဖြင့် ပြတ်ပြတ်သားသားနှင်ထုတ်ခြင်း၊ ဖယ်ထုတ်ခြင်းမရှိလျှင် လက်လွတ်ဖြစ်သွားခြင်းမရှိနိုင်ပေ။ ထိုသို့ဖယ်ရှားခြင်း၊ နှင်ထုတ်ခြင်းသည် ပစ္စည်းအပေါ်တွင် သီးသီးသန့်သန့်ထိန်းချုပ်မှုရရန်ရည်ရွယ်ချက်ဖြင့်သာလျှင် ပြုလုပ်ရမည့်ဖြစ်သည်။ လက်ရှိဖြစ်သူ၏ ဆန္ဒနှင့်ဆန့်ကျင်၍ လက်ရှိဖြစ်သူကိုမောင်းထုတ်ခြင်းကို သက်သေထင်ရှားပြသရန်မှာ အရေးဆိုသူ၏တာဝန်သာဖြစ်သည်။ လက်ရှိဖြစ်ခြင်းကို စွန့်လွှတ်ခြင်းသည် အချင်းဖြစ်ပစ္စည်းကို တစ်ဦးတစ်ယောက်က စွန့်ပစ်လိုသောကြံရွယ်ချက်ဖြင့် အမှန်တကယ်ထွက်ခွာသွားခြင်း၊ ထိုသို့ထွက်ခွာသွားပြီးနောက် အခြားသူကဝင်ရောက်နေခြင်းဖြစ်သည်။

ယခုအမှုတွင် မြေပိုင်ရှင်ဒေါ်ဖွားရင်နှင့်အမွေဆက်ခံသူ အယူခံတရားလိုများအား အယူခံတရားပြိုင်များနှင့် ၎င်းတို့မတိုင်မီ အဆက်ဆက်နေထိုင်သူတို့က အတင်းဖယ်ရှားကြောင်း၊ မြေပိုင်ရှင်ဒေါ်ဖွားရင်သည်လည်းကောင်း၊ အယူခံတရားလိုများသည်လည်းကောင်း အချင်းဖြစ်မြေမှ လက်ရှိဖြစ်ခြင်းကို စွန့်လွှတ်ကြောင်း အဆိုအချေများအရ ပေါ်ပေါက်ခြင်းမရှိချေ။ ထို့ပြင်အယူခံတရားလိုအနေဖြင့် မိမိပိုင်မြေကို အသုံးမပြုရုံမျှဖြင့် လက်လွတ်ဖြစ်သွားသည်ဟုဆိုနိုင်မည် မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ **ဦးချစ်ထွန်း နှင့် ဒေါ်ငွေသောင်း၊ ကိုကျော်ကြီး ပါ-၂ ဒေါ်မြရွှေအမှု**(၂) တွင် အချင်းဖြစ်မြေပေါ်တွင် ယခုပိုင်ဆိုင်သူ တရားလိုကသော်လည်းကောင်း၊ ယခင်ပိုင်ဆိုင်သူများသော်လည်းကောင်းနေထိုင်ခြင်းမရှိသဖြင့် ထိုမြေပေါ်မှ တရားလိုကိုသော်လည်းကောင်း၊ ယခင်ပိုင်ဆိုင်သူများကိုသော်လည်းကောင်း၊ တရားပြိုင်များကဖယ်ရှားခြင်းပြုသည်ဟု မဆိုနိုင်သည့် ပြင်ထိုပိုင်ရှင်များသည် အချင်းဖြစ်မြေလက်ရှိကိုစွန့်လွှတ်ခဲ့သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့်အချင်းဖြစ်မြေမှ တရားပြိုင်များထွက်ခွာသွားစေရန် စွဲဆိုသောအမှုသည် ကာလစည်း

ကမ်းသတ်ဥပဒေပထမဇယား အမှတ်စဉ် ၁၄၂ တွင် အကျုံးမဝင်ပေဟု စာမျက်နှာ သမ်းညွှန်ထုံးပြုထားသည်။

အယူခံတရားပြိုင်များအနေဖြင့် မိမိတို့ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်ကြောင်း ဖော်ထုတ်ထုချေနိုင်ခြင်း မရှိသည့်ပြင် အချင်းဖြစ် နေအိမ်တွင် နေအိမ်အခိုင်အမာဆောက်လုပ်၍ အဆက်ဆက် နေထိုင်လာ ရုံမျှဖြင့် မြေပိုင်ရှင်အားဖယ်ရှားသည် သို့မဟုတ် မြေပိုင်ရှင်ကလက်ရှိ ဖြစ်ခြင်းကိုစွန့်လွှတ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့်ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အမှတ်စဉ် ၁၄၂ နှင့် သက်ဆိုင်ခြင်းရန် အကြောင်း မရှိချေ။

ဒေါ်ခင်လှမူ ပါ ၄ နှင့် ဒေါ်စိန် ပါ ၁၁ ၁၀၅

**အချင်းဖြစ်မြေ၏ အမည်ပေါက်ပိုင်ရှင်က ယာယီမှတ်ပုံတင်စာချုပ်ဖြင့် အချင်းဖြစ်မြေကို တူမဖြစ်သူအားပေးကမ်းခဲ့သည်၊ မှတ်ပုံ မတင်သောအပိုင်ပေးစာချုပ်အရ အပိုင်ရသူကလက်ရှိထား ခြင်းသည် အပိုင်ပေးသူအားဆန့်ကျင်လက်ရှိထားရာ ရောက် မရောက်**

**ဆုံးဖြတ်ချက်။** ။ သက်သေခံအမှတ် ၁ အပိုင်ပေးစာချုပ်သည် ယာယီ မှတ်ပုံတင်စာချုပ်သာဖြစ်၍ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၂၃ အရ ပေးကမ်းခြင်းမမြောက်ပေ။ သို့ရာတွင်ယင်းစာချုပ်အရ အချင်းဖြစ်ပစ္စည်း ကို လက်ဝယ်ရသူအနေဖြင့် မည်သို့အကျိုးသက်ရောက်သည်ကို စိစစ်ရန် ဖြစ်သည်။

ပျက်ပြယ်သောအပိုင်ပေးစာချုပ်အရ ပေးသောပစ္စည်းကို အပိုင် ရသူ (donee) ကလက်ရှိထားခြင်းသည် ပိုင်ရှင်အားဆန့်ကျင်လက်ရှိ ထားခြင်းဖြစ်သည်။ **ဒေါ်လွန်းပါ -၅ နှင့် ဒေါ်သိန်းရင်အမှု**[၁] ကို ကြည့်ပါ။

ထိုဥပဒေသဘောအရမှတ်ပုံမတင်သော အပိုင်ပေးစာချုပ်အရ အပိုင်ရသူလက်ရှိထားခြင်းသည်လည်း အပိုင်ပေးသူ၏ဆက်ခံသူတို့အား ဆန့်ကျင်လက်ရှိထားရာရောက်သည်။ ဤမူသဘောကို **N. Varada Pillai and another** နှင့် **Jeevarathnammal** အမှု[၂] **Gayani Sahu** နှင့် **Balchand Sahu and others** အမှု[၃] တို့တွင်တွေ့ရသည်။

အချင်းဖြစ်မြေ၏အမည်ပေါက်ပိုင်ရှင်ဦးပျော့က ၉-၁၂-၇၅ ရက်စွဲပါ အပိုင်ပေးစာချုပ် (ယာယီမှတ်ပုံတင်စာချုပ်အမှတ် ၉၁၅/၇၅) ဖြင့် အချင်းဖြစ်မြေကို တမအရင်းဖြစ်သူအမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှအားပေးခဲ့သည်။ ထို့ကြောင့်အမှတ် ၃ အယူခံတရားလို ဒေါ်ဒွေး လှသည် ထိုအချိန်မှစ၍ ဦးပျော့အား ဆန့်ကျင်လက်ရှိထားရာရောက်သည်။ အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှက ဒေါ်ညွန့်စိန်တို့ အပေါ်ခွင့်ပြု ချက်ဖြင့်နေသူအား ဖယ်ရှားပေးစေလိုမှု စွဲဆိုသည့်အခါမှ ဒေါ်ကျင်ရွှေ အား အတိအလင်း ဆန့်ကျင်လာခြင်းဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူခြင်းမှာ မှန်ကန်မှုမရှိချေ။ စာမျက်နှာ

ဒေါ်သီတာပါ ၃ နှင့် ဦးကျင်ရွှေ (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်ဦး) ၁၄၀

**ဗုဒ္ဓဘာသာဝင်လင်နှင့်မယားတို့သည် နှစ်ဦးသဘောတူလျှင် အချိန်မရွေး ကွာရှင်းနိုင်ခြင်း၊ မယားဖြစ်သူက ကွာရှင်းစာလက်မှတ်ထိုးပေး ရုံမျှဖြင့် လင်ဖြစ်သူ၏ သဘောတူညီမှုမပါရှိပါက ကွာရှင်းပြီး ဖြစ်သည်ဟု ဆိုနိုင် မဆိုနိုင်။**

**ဆုံးဖြတ်ချက်။** ။ ဗုဒ္ဓဘာသာဝင်များအဖို့ လင်နှင့်မယား သဘောတူ ညီလျှင်အချိန်မရွေး ကွာရှင်းနိုင်သည်။ လင်မယားနှစ်ဦးသဘောတူညီ ချက်အရ ကွာရှင်းလျှင် လင်ခန်းမယားခန်း လုံးဝပြတ်စဲသည့် **ဒေါ်အမ နှင့် ဒေါ်ခင်တင် အမှု**[၁] ကို ရည်ညွှန်းသည်။ သို့ဖြစ်ရာအယူခံတရားလို ဒေါ်လှကြည်က ကွာရှင်းစာလက်မှတ်ရေးထိုးပေးရုံမျှဖြင့် ဦးပီတာ ခင်မောင် ၏သဘောတူညီမှုမပါသဖြင့် ကွာရှင်းပြီးဖြစ်သည်ဟု **မဆိုနိုင်** ပေ။ ဦးပီတာခင်မောင်သည် ကွာရှင်းစာရရှိပါလျက် မယားခေါ်လိုမှု စွဲဆိုခြင်းမှာ ၄င်းအနေဖြင့် လင်ခန်းမယားခန်း ပြတ်စဲလိုသည့် ဆန္ဒမရှိ ကြောင်း ကောက်ယူနိုင်ပေသည်။ ဒေါ်လှကြည် တစ်ဦးတည်းက ကွာရှင်း စာလက်မှတ်ထိုးပေးလိုက်ခြင်းကြောင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ကွာရှင်းခြင်း မဟုတ်ကြောင်း မြင် သာသည်။

ဒေါ်လှကြည် နှင့် ဒေါ်ဟယ်လင် ၁၂၇

**မေတ္တာဖြင့်ပေးကမ်းခြင်း၊ ဥပဒေနှင့်အညီချုပ်ဆိုထားသည့် ပေးကမ်းစာချုပ်ကိုအနိုင်အထက်ပြုမှု၊မတရားသြဇာလွှမ်းမိုးမှု၊ လိမ်လည်မှု သို့မဟုတ် အလွဲပြောဆိုမှုတစ်ခုခုကြောင့် ချုပ်ဆိုခဲ့ရခြင်းဖြစ်၍တရားမဝင်ပါဟု စွပ်စွဲပြောဆိုလာပါက ထိုစွပ်စွဲချက်ကိုထင်ရှားအောင်သက်သေပြရန် မည်သူ့တွင်တာဝန်ရှိသနည်း၊ မိဘသည်သားသမီးတစ်ဦးအား ပစ္စည်းပေးကမ်းရာ၌ အမွေပစ္စည်းအားလုံးပေးကမ်းခြင်းမဟုတ်လျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အဆိုပါပစ္စည်းပေးကမ်းခြင်းသည် တရားဝင် မဝင်၊** — စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ အဆိုပါစာချုပ်တွင် ပေးကမ်းသူ လက်ခံသူနှင့်အသိသက်သေ (၃) ဦးလက်မှတ်ရေးထိုးထားသည့်အပြင် မှတ်ပုံတင်ထားရှိသဖြင့် ဥပဒေနှင့်အညီပေးကမ်းသောစာချုပ်တစ်ရပ်ဖြစ်သည်မှာ ပေါ်လွင်သည်။

မူလရုံးတရားလိုက ယင်းစာချုပ်ကိုဦးထွန်းမင်းတို့က မွေးစားမိခင်ကြီးအား ဖြားယောင်းသွေးဆောင်၍ချုပ်ဆိုသည်ဟု အဆိုပြုဖော်ပြထားရာဦးထွန်းမင်းတို့က ယင်းအချက်ကိုငြင်းဆိုထားသည်။ တစ်ဦးတစ်ယောက်သည် မိမိပိုင်ပစ္စည်းကို မိမိသဘောအတိုင်း သူတစ်ပါးအားမေတ္တာဖြင့်ပေးကမ်းခဲ့ပါမူ ထိုသို့ပေးကမ်းခြင်းသည် ထိုသူအပေါ်အတည်ဖြစ်သည့်အလျောက် အနိုင်အထက်ပြုမှု၊ မတရားသြဇာလွှမ်းမိုးမှု၊ လိမ်လည်မှု သို့မဟုတ် အလွဲပြောဆိုမှုတစ်ရပ်ကြောင့် မေတ္တာဖြင့် ပေးကမ်းခြင်းပြုသည် စွပ်စွဲလျှင် စွပ်စွဲချက်ထင်ရှားအောင် သက်သေပြရန်တာဝန်မှာ ထိုသူအပေါ်ကျရောက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီး၏ ကြေညာစာတမ်းဖော်ပြချက်အရပင် ဒေါ်သောင်းသည် ဦးပိုင်အမှတ် ၂၀။ မြေကွက်နှင့်မြေကွက်ပေါ်ရှိအဆောက်အအုံကို ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့အား မပေးကမ်းမီ ဒေါ်စိန်စိန်ဝင်း (ခ) မလှကြီးအမည်လွှဲပြောင်းရယူသောအထက်ဖော်ပြပါဦးပိုင်အမှတ် ၂၉ မြေကွက်နှင့် အဆောက်အအုံသည် ဒေါ်သောင်း၏အမွေဆိုင်ပစ္စည်းအဖြစ် တည်ရှိနေကြောင်းထင်ရှားပေါ်လွင်သည်။ ဤသို့ဆိုလျှင် ဒေါ်သောင်းသည်မိမိပိုင်ပစ္စည်းများအနက် ဦးပိုင်အမှတ် ၂၀ မြေကွက်နှင့် အဆောက်အအုံကို ဦးထွန်းမင်း

တို့အားပေးကမ်းခဲ့ခြင်းဖြစ်ရာ အမွေပစ္စည်းအားလုံးပေးကမ်းသည်ဟု စာချုပ်မှာ ကောက်ယူ၍မရနိုင်ပေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိသဖြင့် အဆိုပါပစ္စည်းပေးကမ်းခြင်းသည် တရားဝင်တည်မြဲလျက် ရှိသည်။

ဒေါ်တုတ်တုတ် ပါ ၄ နှင့် ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီး ပါ ၃ ၁၁၅

**ကိတ္တိမမွေးစားမှတ်ပုံတင်စာချုပ်အား ပယ်ဖျက်ပေးစေလိုမှုနှင့်အမွေပုံ ပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်း။**

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေးစားခြင်းသည်ပဋိညာဉ် ဖွဲ့ခြင်းဖြစ်၍ ပဋိညာဉ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် နှင့်ငြိစွန်းလျှင် မွေးစားစာချုပ်ချုပ်ဆိုသူက ပယ်ဖျက်ပေးရန် တရားစွဲဆိုနိုင်ခြင်း။**

**၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နှင့်ထိုနေ့နောက်ပိုင်း ကိတ္တိမ မွေးစားခြင်း၊ တရားဝင် မဝင်စိစစ်ရာ၌ ကိတ္တိမသားသမီးမှတ်ပုံ တင်ရေးအက်ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုမွေးစား ခြင်း ဟုတ် မဟုတ်၊ မွေးစားစာချုပ်ချုပ်ဆိုရာတွင် ပဋိညာဉ် အက်ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ တို့သာအဓိကထား၍ ဆုံးဖြတ် ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေးစားခြင်းသည် ပဋိညာဉ်ဖွဲ့ခြင်းဖြစ်သည်။ ကိတ္တိမသားသမီးမွေးစားခြင်း မှတ်ပုံတင်ရေး အက်ဥပဒေအရ မွေးစားခြင်းမှာ ပဋိညာဉ်ပြုခြင်းဖြစ်သည်ဟုပို၍ အခိုင် အမာဆိုနိုင်သည်။ **ဒေါ်မြမေ နှင့် ဒေါ်လှရင်ပါ ၇ ဦးအမှု**[၀] ကိုကြည့်ပါ။ ထို့ကြောင့်မွေးစားစာချုပ်သည် မလျော်ဩဇာသုံးခြင်းစသည့် ပဋိညာဉ် အက်ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် မွေးစားစာချုပ်ချုပ် ဆိုသူက ပယ်ဖျက်ပေးရန် တရားစွဲဆိုနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နှင့်ထိုနေ့ နောက်ပိုင်းကိတ္တိမမွေးစားခြင်း တရားဝင် မဝင် စိစစ်ရာ၌ ကိတ္တိမသား သမီးမှတ်ပုံတင်ရေးအက်ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆို

မေးစားခြင်း ဟုတ် မဟုတ်၊ မွေးစားစာချုပ်ချုပ်ဆိုရာတွင် ပရိုဘိတ်ညာဉ် စာမျက်နှာ အက်ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိကိုသာ အဓိကထား၍ ဆုံးဖြတ်ရန် ဖြစ်ပေသည်။ သေတမ်းစာမြောက်သော အကြောင်းအရာများမှာ မွေးစား စာချုပ်၌ပါသဖြင့် မွေးစားစာချုပ်ပျက်ပြယ်သည်ဟုဆိုလျှင် အထက်ဖော်ပြ ပါဥပဒေများကို ကျော်လွန်ဆုံးဖြတ်ရာ ရောက်မည်ဖြစ်သည်။

စာချုပ်ပထမပိုင်းမှာ ကိတ္တိမမွေးစားခြင်းနှင့်သက်ဆိုင်ပြီး ဒုတိယ ပိုင်း၌ဦးဇော်ဝင်းဇော်က မိမိသဘောလျောက် စီမံဆောင်ရွက်ပေးရန်ကိစ္စ ပါရှိရာ တစ်ပိုင်းက ကျန်တစ်ပိုင်းအပေါ် တည်ရှိခြင်းမရှိပေ။ မွေးစားခြင်း စာချုပ်ကို အထက်တွင်ဖော်ပြထားသည့်အတိုင်း တရား ဥပဒေနှင့်အညီ ပြုလုပ်ထားသည်ဖြစ်၍ တရားဝင်မွေးစားစာချုပ်ဖြစ်ကြောင်း ထင်ရှား ပေသည်။ ဒေါ်မြင့်မြင့်ပိုင်သည့်ပစ္စည်းအချို့ကို ၎င်း၏ ဆန္ဒနှင့်အညီ ဦးဇော်ဝင်းဇော်က စီမံခန့်ခွဲပေးသတ်မှတ်ခြင်းသည် ထိုတရားဝင်ခိုင်မာ မှုကို ထိခိုက်ရန်အကြောင်းမရှိချေ။ သီးခြားကိစ္စရပ်များဖြစ်သည်။ ထိုပစ္စည်း များကို မွေးစားသားအမွေဆက်ခံစေလိုသော ဆန္ဒမရှိဟုဆိုစေ ဒေါ်မြင့်မြင့် ကွယ်လွန်သောအခါ ဦးဇော်ဝင်းဇော်သည် အခြားပစ္စည်းများကို အမွေ ဆက်ခံရရှိမည်ဖြစ်ရာ ကိတ္တိမသားအဖြစ်မွေးစားကြောင်း သက်သေခံ စာချုပ်၌ အတိအလင်း ဖော်ပြထားချက်သည် ဒေါ်မြင့်မြင့်ဆန္ဒအမှန် ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ပစ္စည်းအချို့ကို လှူဒါန်းရန်စီမံခြင်းကြောင့် ထိုဆန္ဒကိုမှေးမှိန်စေရန် အကြောင်းမရှိချေ။

ဦးတင်အောင် နှင့် ဦးဇော်ဝင်းဇော် (ခ) ဦးဇော်ဝင်း ပါ ၄ ၂၂၆

**မော်တော်ကားကိုအဆင့်ဆင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာတွင် တရားရုံး ကပြစ်မှုနှင့်ပတ်သက်၍ နောက်ဆုံးဝယ်ယူသူထံမှ မော်တော် ကားကို သိမ်းဆည်းသွားပြီး ပိုင်ရှင်ဆိုသူအားပြန်ပေးခဲ့သည့် အတွက် နောက်ဆုံးဝယ်ယူသူက ၎င်းအားနောက်ဆုံးရောင်းသူ နှင့် ပထမရောင်းသူတို့အပေါ် အချင်းဖြစ်မော်တော်ကားနှင့် အလားတူကား သို့မဟုတ် ကားတန်ဖိုးနှင့်နစ်နာကြေးငွေ ရလိုမှု စွဲဆိုခြင်း၊ ဝယ်ယူသူကကားကို လက်လွတ်ဆုံးရှုံးမှုအတွက် ရောင်းသူတွင်တာဝန် ရှိ မရှိ၊ အချင်းဖြစ်ကားနှင့်အလားတူ ကား သို့မဟုတ် ကား၏ကာလတန်ဖိုးငွေကို ရထိုက်ခွင့် ရှိ မရှိ၊**

**အရောင်းအဝယ်ပြုလုပ်သည့်ကားတန်ဖိုးအဖြစ် နှစ်နာကြေးငွေ ပါရခွင့် ရှိ မရှိ၊ ပထမဆုံးကားရောင်းချခဲ့သူတွင်လည်း တာဝန် ရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ ၉က/၅၀၉၇ မော်တော်ယာဉ်မှာ တရားရုံးအမိန့် အရ ဦးမျိုးကျော်ငြိမ်းက ဦးအေဝမ်းပေးအပ်လိုက်ရခြင်းကြောင့် ဦးမျိုး ကျော်ငြိမ်းနှင့်ဦးကိုကိုအောင်တို့ ချုပ်ဆိုခဲ့သော ကားအရောင်းအဝယ် စာချုပ်သက်သေခံ (က) မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ကတိ ပြုသူကတားဆီးပိတ်ပင်ခြင်းမပြုနိုင်သောအကြောင်း ပေါ်ပေါက်ခြင်း ကြောင့် ဥပဒေနှင့်ဆန့်ကျင်သော ပဋိညာဉ်ဖြစ်၍ ပျက်ပြယ် (Void) သွားပေသည်။

ဦးမျိုးကျော်ငြိမ်းအား ဦးကိုကိုအောင် ရောင်းချခဲ့သည့် ၉က/ ၅၀၉၇ မော်တော်ယာဉ်မှာ မူလကပင် ဦးကိုကိုအောင်ပိုင်ဆိုင်ခြင်း မရှိဘဲ အဆင့်ဆင့် လွှဲပြောင်းရောင်းချခဲ့ခြင်းဖြစ်ရာ ပဋိညာဉ်တွင် အခြား ဆန့်ကျင်ကွဲလွဲချက်မရှိလျှင် ရောင်းသူပိုင်ထိုက်ခွင့်မရှိခြင်းကြောင့် ဝယ်သူ ကရောင်းချပြီးပစ္စည်းကို လက်လွှတ်လိုက်ရသဖြင့် ဆုံးရှုံးသည့်အတွက် ရောင်းသူအပေါ်တွင် တာဝန်ရှိကြောင်း **မောင်ဗန္ဓု နှင့် မလုံး** (၀) အမှုလမ်းညွှန်စီရင်ထုံးရှိသည်။ ထို့ကြောင့်သက်သေခံ(က) စာချုပ်တွင် ပါရှိသည့် ၉က/၅၀၉၇ အားအရောင်းအဝယ်ပြုထားသောတန်ဖိုးငွေ ၂၅ သိန်းစသောင်းကို ဦးမျိုးကျော်ငြိမ်းအနေဖြင့် ပြန်လည်ရထိုက်ခွင့် ရှိမည်ဖြစ်သော်လည်း ကုန်စည်ရောင်းချခြင်း အက်ဥပဒေပုဒ်မ ၆၁(၁) အရ အချင်းဖြစ်ကားနှင့် အလားတူလက်ခံနိုင်သော ကားတစ်စီး သို့မဟုတ် ငွေကျပ်သိန်း ၉၀ ပေးစေရန် တိုင်းတရားရုံးကချမှတ်ခြင်းမှာ မှန်ကန် သည်ဟုမဆိုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တစ်ဖန်ကားအရောင်းအဝယ် စာချုပ် သက်သေခံ (က) ၏ ဒုတိယစာပိုဒ်တွင် အောက်ပါအတိုင်းဖော်ပြထား သည်-

" အဆိုပါကားကို ရောင်းချသူ ဦးကိုကိုအောင်က ပိုင်ဆိုင်ပြီး အပေါင်အနှံအချုပ်အချယ်လုံးဝကင်းရှင်း ရှင်းကြောင်းနှင့် ၎င်းကား ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍

အရှုတ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက ရောင်းချ သူကပင် မိမိ၏စရိတ်ဖြင့် လုံးဝပြေလည်သည့် တိုင် အောင်ဖြေရှင်းပေးရန်ကိုလည်း သဘောတူကတိ ပြုပါ သည်။" စာမျက်နှာ

ဟုဖော်ပြထားပါသည်။

ယင်းသို့ဖော်ပြထားခြင်းမှာ အာမခံချက်ပေးထားခြင်းဖြစ်သည်။ ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၁၂(၃) တွင် "အာမခံချက် ဟူသည် ပဋိညာဉ်၏အဓိကကိစ္စနှင့်သွယ်ဝိုက်၍ ဆက်စပ်လျက်ရှိသော စည်းကမ်းချက်ဖြစ်၍ ၎င်းစည်းကမ်းချက်ကိုချိုးဖောက်ခြင်းသည် နစ်နာ ကြေးတောင်းဆိုခွင့်ရရှိစေသည်" ဟုပြဋ္ဌာန်းထားသည်။

ပုဒ်မ ၅၉(၁)(ခ) တွင် "အာမခံချက်အားချိုးဖောက်မှုအတွက် နစ်နာကြေး (damages) ရလိုကြောင်း ရောင်းသူအားတရားစွဲဆိုနိုင်သည်" ဟုပြဋ္ဌာန်းထားပြီး ပုဒ်မ ၆၁(၁) တွင် "ဤဥပဒေပါမည်သည့် ပြဋ္ဌာန်း ချက်မှ တရားဥပဒေအရအတိုးဖြစ်စေ၊ အထူးနစ်နာကြေးဖြစ်စေရနိုင် သော မည်သည့်ကိစ္စတွင်မဆို ရောင်းသူ၏ သို့မဟုတ် ဝယ်သူ၏ အထူး နစ်နာကြေးရခွင့်ကို မထိခိုက်စေရ သို့မဟုတ် ပေးချေထားသောငွေ အတွက် အဖိုးစားနားပျက်ယွင်းသည့်ကိစ္စတွင် အဆိုပါငွေတောင်းခံခွင့်ကို မထိခိုက်စေရ" ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့်တိုင်းတရားရုံးက နစ်နာ ကြေး (damages) ငွေကျပ် ၅ သိန်းကို ဦးမျိုးကျော်ငြိမ်းအား ပေးစေရန် ချမှတ်သည့်အမိန့်မှာ မှားယွင်းခြင်းမရှိပေ။

**ဦးကိုကိုအောင် နှင့် ဦးမျိုးကျော်ငြိမ်း ပါ ၂** ၁၈၇

**ပစ္စည်းလက်ရောက်ရလိုမှုစွဲဆိုခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် တွင်ဝယ်သူနှစ်ဦး၏အမည်ကို ဖော်ပြထားရာတွင် မည်သူက မည်မျှအကျိုးသက်ဆိုင်သည်ဟူ၍လည်းကောင်း၊ အချိုးကျငွေ မည်သူကမည်မျှပေးခဲ့သည်ဟူ၍လည်းကောင်း မပါရှိလျှင် ၎င်းတို့သည်ဝယ်ယူသည့်ပစ္စည်းအပေါ် ညီတူမျှတူအကျိုး ဆက်ခံ ပိုင်ဆိုင်ကြသည်ဟုမှတ်ယူရခြင်း၊ ပူးတွဲပိုင်ဆိုင်သူတစ်ဦး က မိမိ တစ်ဦးတည်းပိုင်ကြောင်း မထင်ရှားဘဲ ကျန်ပူးတွဲ ပိုင်ဆိုင်သူ အပေါ်ပစ္စည်းလက်ရောက်ရလိုမှု စွဲဆိုခွင့် ရှိ မရှိ၊**

**ဆုံးဖြတ်ချက်။** ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၄၅ အရ အသီးသီးပိုင်ဆိုင်ကြသည့်ငွေတွင် မည်သို့မည်ပုံအကျိုးသက်ဆိုင်မှုရှိသည်ဟုသော်လည်းကောင်း၊ အချိုးကျငွေမည်၍မည်မျှထုတ်ပေးခဲ့သည်ဟုသော်လည်းကောင်း၊ သက်သေမရှိလျှင် ၎င်းတို့သည်ပစ္စည်းအပေါ် ညီတူမျှတူအကျိုးဆက်ခံပိုင်ဆိုင်ကြသည်ဟု မှတ်ယူရမည်ဖြစ်သည်။ စာမျက်နှာ

ယခုအမှုတွင်အယူခံတရားလို ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်နှင့် အယူခံတရားပြိုင်ဒေါ်ကြည်ကြည်တို့သည် ၎င်းတို့အမည်ဖြင့်အချင်းဖြစ်မြေနှင့်အဆောက်အအုံကို မှတ်ပုံတင်စာချုပ်ချုပ်ဆို၀ယ်ယူရာတွင် မည်သူကငွေမည်မျှထည့်ဝင်ဝယ်ယူကြောင်း ပေါ်ပေါက်ခြင်းမရှိသည်အတွက် အချင်းဖြစ်ပစ္စည်းအပေါ်တွင် အညီအမျှအကျိုးဆက်ခံပိုင်ဆိုင်ကြသည်ဟုသာကောက်ယူရန်ရှိသည်။ ညီတူမျှတူပူးတွဲပိုင်ဆိုင်ခွင့်ရှိသည့် အခြေအနေတွင် ပူးတွဲပိုင်ဆိုင်သူတစ်ဦးက မိမိတစ်ဦးတည်းပိုင်ကြောင်း မထင်ရှားဘဲ ကျန်ပူးတွဲပိုင်ဆိုင်သူအပေါ် ပစ္စည်းလက်ရောက်ရလိုမှုစွဲဆိုခွင့်ရှိမည်မဟုတ်ချေ။

ဦးစိုးညွန့် (ခ) ဦးစိန်ညွန့် ပါ ၂ နှင့် ဒေါ်ကြည်ကြည် ၂၁၄

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၆၃ အရအမွေထိန်းလက်မှတ်စာပယ်ဖျက်ပေးရန်လျှောက်ထားမှုတွင် ကန့်ကွက်မှုပေါ်ပေါက်လာပါက ယင်းဥပဒေပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်အရ အဆိုပါလျှောက်ထားမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် လိုမလို။**

**ဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

" In any case before the District Judge in which there is contention, the proceedings shall take, as nearly as may be, the form of a regular suit according to the provision of the Code of Civil Procedure, in which the petitioner for probate or letters of administration, as the case may be, shall be the plaintiff, and the person who has appeared to oppose the grant shall be

**the defendant;"**

စာမျက်နှာ

အထက်ဖော်ပြပါပြဋ္ဌာန်းချက်ကိုကြည့်လျှင် ကန့်ကွက်ချက်ပေါ်ပေါက်သောမည်သည့်အမှုတွင်မဆို တရားမကျင့်ထုံးဥပဒေတွင်ပါရှိသည့်ပြဋ္ဌာန်းချက်များအရ တရားမကြီးမှုတွင်ဆောင်ရွက်သည့် အတိုင်းလိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်းတွေ့ရသည်။

ထို့ပြင်အဆိုပါပြဋ္ဌာန်းချက်၏ နောက်ပိုင်း၌သေတမ်းစာ အတည်ပြုလက်မှတ် သို့မဟုတ် အမွေထိန်းစာ လျှောက်ထားမှုများတွင် လျှောက်ထားသူသည် တရားလိုဖြစ်ပြီး ကန့်ကွက်မည့်သူသည် တရားပြိုင်ဖြစ်သည်ဟုဖော်ပြ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

အဆိုပါအမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်၏နောက်ပိုင်းဖော်ပြချက်အရဆိုလျှင် ကန့်ကွက်ချက်ပေါ်ပေါက်သဖြင့် တရားမကြီးမှုအဖြစ်ပြောင်းလဲဆောင်ရွက်ရမည့်အမှုများမှာ သေတမ်းစာအတည်ပြုလက်မှတ်လျှောက်ထားမှုနှင့်အမွေထိန်းစာ ရရှိရေးအတွက် လျှောက်ထားမှုမျိုးသာဖြစ်ကြောင်း သိသာထင်ရှားသည်။ လျှောက်ထားရရှိပြီးသော အမွေထိန်းစာကို ပယ်ဖျက်ပေးရန်လျှောက်ထားမှုများနှင့် အကျုံးမဝင်ဟု ကောက်ယူနိုင်သည်။

သို့ဖြစ်ပေရာ အယူခံတရားလိုက မူလရုံးတွင် တင်သွင်းသည့် အမွေထိန်းစာပယ်ဖျက်ပေးရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၆၃ အရ လျှောက်ထားမှုကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်အရ တရားမကြီးမှုအဖြစ် ပြောင်းလဲဆောင်ရွက်ရန်လိုမည် မဟုတ်ချေ။

ဦးလှစော နှင့် ဦးစံသိန်း ပါ ၃ ၂၅၀

**အင်ဆော်လဝင် (လူမွဲ), အဖြစ်သတ်မှတ်ပေးရန်လျှောက်ထားမှု၊ လူမွဲအဖြစ်ခံယူမှုကို စီရင်ပိုင်ခွင့်ရှိသည့်တရားရုံး၊ တရားမကျင့်ထုံးဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း သက်ဆိုင်သမျှ လိုက်နာလျှက် လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စိစစ်လက်ခံရခြင်း၊ တရားရုံးသည်မြန်မာနိုင်ငံလူမွဲအဖြစ် ခံယူခြင်းအက်ဥပဒေပုဒ်မ ၁၈၊ ၁၉၊ ၂၄၊ ၂၅ နှင့် ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စိစစ်လက်ခံခြင်း၊**

**အကြောင်းကြားစာထုတ်ဆင့်ခြင်း၊ သက်သေခံ အထောက်အထားများရယူခြင်း၊ စစ်ဆေးခြင်း၊ အမိန့်ချမှတ်ခြင်းများပြုလုပ်ရခြင်း၊ လိုအပ်သည့်သက်သေခံချက်များ မယူဘဲ အမှုကိုပလပ်သည့်အမိန့်ချမှတ်ခြင်းသည် မှန်ကန်မှု မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ လူမွဲအဖြစ်ခံယူမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးမှာ မြန်မာနိုင်ငံလူမွဲအဖြစ်ခံယူမှုအက်ဥပဒေ (Myanmar Insolvency Act) ပုဒ်မ ၃(၁) ပါပြဋ္ဌာန်းချက်အရ ခရိုင်တရားရုံးများ ဖြစ်သည်။ ထို့ပြင်တရားရုံးချုပ်၏ ၄-၇-၇၃ ရက်စွဲပါစာအမှတ် ၄၂/၂၀-၁၄၈ (၇၂) အရ ပြည်နယ်နှင့်တိုင်းတရားရုံးများသည်လည်း လူမွဲအဖြစ်ခံယူမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ ဖြစ်သည်။ သို့ဖြစ်ရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက် အရစီရင်ပိုင်ခွင့် အနိမ့်ဆုံးအဆင့်ရှိ တရားရုံးတွင်စတင်စွဲဆိုရန်ဖြစ်သည်ကို ဂရုပြုရန်လိုသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မြန်မာနိုင်ငံလူမွဲအဖြစ်ခံယူခြင်းအက်ဥပဒေပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်အရ လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးသို့ တင်သွင်းသည့်အခါ အဆိုလွှာကို လက်ခံသည့်ကိစ္စတွင် လိုက်နာကျင့်သုံးရသည့် တရားမကျင့်ထုံးဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း သက်ဆိုင်နိုင်သမျှလိုက်နာလျက် ယင်းလူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စိစစ်လက်ခံရမည်ဖြစ်သည်။ တရားရုံးသည် အဆိုပါပုဒ်မ ၁၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လူမွဲအဖြစ်ခံယူမှု လျှောက်လွှာကိုစိစစ်ပြီးနောက် လျှောက်လွှာကိုလက်ခံလျှင် ယင်းအက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်အရ အမှုကိုသတ်မှတ်သည့်နေ့ရက်၌ ကြားနာစစ်ဆေးမည့်အကြောင်း အမိန့်တစ်ရပ်ချမှတ်ရမည်၊ မြီရှင်သို့ လည်း အကြောင်းကြားစာထုတ်ဆင့်ရမည်ဖြစ်သည်။ ဤသို့ကြားနာ စစ်ဆေးရန်ချိန်းဆိုသည့်နေ့တွင် အဆိုပါအက်ဥပဒေပုဒ်မ ၂၄(၁) (၂)(၃)(၄) ပါပြဋ္ဌာန်းချက်အရ တရားရုံးကသက်သေခံအထောက်အထား များရယူခြင်း၊ လူမွဲအဖြစ် ခံယူသူမြီစားအား စစ်ဆေးခြင်းတို့ကို ပြုလုပ်ရ မည်ဖြစ်သည်။ ယင်းသို့စစ်ဆေးပြီးနောက် လူမွဲအဖြစ်လျှောက်ထားသူ မြီစားကလူမွဲအဖြစ် ခံယူထိုက်ကြောင်း တရားရုံးကကျေနပ်လက်ခံသည် အထိမတင်ပြနိုင်လျှင် ၎င်း၏စွဲဆိုမှုကို လူမွဲအဖြစ်ခံယူမှုအက်ဥပဒေ ပုဒ်မ ၂၅(၂) အရပလပ်ရန်ဖြစ်သည်။

အဆိုလွှာကိုပလပ်ခြင်း မပြုပါက ယင်းဥပဒေပုဒ်မ ၂၇(၁) အရလူမွဲအဖြစ် စီရင်ဆုံးဖြတ်ချက်ချမှတ်ရမည် ဖြစ်သည်။

ဒေါ်အမာတင် နှင့် ဦးတင်ထွေး ပါ ၂ ၁၇၀

**သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရအိမ်ငှားဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်စွဲဆိုမှု၊ မူလအိမ်ငှားဖြစ်သူသည် ငှားရမ်းထားသောဥပစာတွင် မိမိကိုယ်တိုင်မနေဘဲ အခြားသူအား နေခွင့်ပြုခဲ့ရာ နေထိုင်သူက အိမ်ရှင်အား အိမ်လခပေး၍ နေထိုင်သည့် အခြေအနေတွင် မူလအိမ်ငှားအား အိမ်ငှားအဖြစ် ဆက်လက်အတည်ပြုရန် သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ တရားရုံးချုပ်က မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်အနေဖြင့် ဒေါ်အမီနာအား အိမ်ငှားအဖြစ် အသိအမှတ်ပြု၍ ငှားရမ်းခပေးသွင်းခွင့်ပြုထားကြောင်း ကောက်ယူသုံးသပ်ခဲ့သည်။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံးအနေဖြင့် အိမ်ရှင်ကငြင်းပယ်သည့် ငှားရမ်းခများကို လက်ခံနိုင်သော်လည်း မည်သူအိမ်ရှင် မည်သူအိမ်ငှား ဖြစ်သည်ကို ဆုံးဖြတ်ခွင့် မရှိချေ။ ဤမူသဘောကို **ဒေါ်သိန်းဟန် နှင့် ဦးဘဘွား ပါ၂ အမှု**[၇] တွင် တွေ့မြင်နိုင်သည်။ သို့ဖြစ်၍ တရားရုံးချုပ်က အိမ်လခပေးသူ ဒေါ်အမီနာကို အိမ်ငှားအဖြစ် သတ်မှတ်ခြင်းသည်လည်း မှန်ကန်ခြင်းမရှိပေ။

တရားလိုများသည် သေဆုံးသူမူလအိမ်ငှား ဦးရှိတ်မိုဟာမက်၊ ဒေါ်အုန်းတင်တို့၏ သားသမီးများဖြစ်ကြသဖြင့် ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဆ) အရ အိမ်ငှားဆိုသည်မှာ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှတစ်ဆင့်ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူ တစ်ဦးတစ်ယောက်ကိုဆိုလိုကြောင်း၊ ထိုစကားရပ်တွင် တရားမကျင့်ထုံးဥပဒေ၌ အဓိပ္ပါယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ အယူခံတရားလိုများသည် မူလအိမ်ငှား၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သဖြင့် အချင်းဖြစ်အခန်း၏

အိမ်ငှားများအဖြစ် ဆက်လက်တည်ရှိကြောင်း ပေါ်ပေါက်သည်။

မိမိငှားရမ်းထားသောအိမ်ခန်းတွင် အိမ်ငှားသည်ကိုယ်တိုင် ဆက်လက်၍နေထိုင်ခြင်း မပြုသော်လည်း အိမ်ငှားချထားခြင်းကို ရပ်စဲခြင်းမရှိသေးလျှင် အိမ်ငှားအဖြစ် ဆက်လက်တည်ရှိသည်။ **ဝုဏ္ဏွေမိုး (ခ) ဝုတီဆွေ နှင့် လီရှုပ်လန်ပါ-၃အမှု**[၄] ကိုကြည့်ပါ။ သို့ဖြစ်၍ အယူခံတရားလိုများသည် အချင်းဖြစ်အခန်းတွင် နေထိုင်ခြင်းမပြုသော်လည်း အိမ်ငှားအဖြစ်သာ ဆက်လက်တည်ရှိနေသည်မှာ မြင်သာသည်။

တိုင်းတရားရုံးက အယူခံတရားလိုများသည် အချင်းဖြစ်ဥပစာ၏ အိမ်ငှားများဖြစ်ကြောင်း မြွက်ဟဒီကရီချမှတ်ခြင်းအပေါ် တရားရုံးချုပ်ကပယ်ဖျက်ခဲ့ခြင်းသည် မှန်ကန်သည်ဟုမဆိုနိုင်ပေ။

ဒေါ်သန်းသန်းမေ ပါ ၄ နှင့် ဒေါ်အမိနာ ပါ ၂ ၁၅၁

**အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု၊ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ၊ မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦးကွယ်လွန်သောအခါ ကျန်ရစ်သည့်အမွေပုံတွင် သားဖြစ်သူအစ္စလာမ်ဘာသာဝင်က အမွေဆက်ခံခွင့် ရှိမရှိ**

**ဆုံးဖြတ်ချက်။** ။ အစ္စလာမ်ဘာသာဝင် ဦးအသိန်းကွယ်လွန်သော အခါ ဇနီးဖြစ်သူဗုဒ္ဓဘာသာဝင်ဒေါ်မမလေးက ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ အမွေဆက်ခံပြီး ဒေါ်မမလေးကွယ်လွန်သောအခါ ဒေါ်မမလေး၏ သားသမီးများက အမွေဆက်ခံကြရမည်ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေတွင် မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦး၏ အမွေကို အခြားဘာသာကွဲသောအမွေဆိုင်တစ်ဦးက အမွေဆက်ခံခွင့်မရှိကြောင်း ပြဋ္ဌာန်းချက် မရှိချေ။ ထို့ကြောင့် မြန်မာ ဗုဒ္ဓဘာသာဝင်မိခင်ဒေါ်မမလေး ကွယ်လွန် သောအခါ ကျန်ရစ်သောအမွေပုံတွင် သားတစ်ဦးဖြစ်သည့် အစ္စလာမ်ဘာသာဝင် ဦးခင်မောင်သန်းက အမွေဆက်ခံခွင့်ရှိမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလမှုသည် ကွယ်လွန်သူဗုဒ္ဓဘာသာဝင်

ဒေါ်မမလေး၏ ကျန်ပစ္စည်းအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ ၂၄ (၂) နှင့် ၂၆ တို့တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

၂၄(၂)။ ဤပုဒ်မနှင့်ပုဒ်မ ၂၆ ပါကိစ္စများအလို့ငှာ "မိသားစု" ဆိုသည့် စကားရပ်တွင် တရားဝင်လင်၊ တရားဝင်မယား သို့တည်းမဟုတ် မယားများနှင့် တရားဝင်သားသမီးများပါဝင်သည်။

၂၆။ ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးကို ထိုသူတို့နှင့်ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။"

သို့ဖြစ်၍ အမွေရှင်မိခင်ဒေါ်မမလေး၏ မိသားစုအနေဖြင့် သားဖြစ်သူဦးခင်မောင်သန်းလည်း ပါဝင်သည်။ တို့ကြောင့် ဦးခင်မောင်သန်းသည် အမွေဆက်ခံခွင့်ရှိသည်။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ ပုဒ်မ ၂၆ အရ အမွေဆက်ခံမှုနှင့်စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်ဖြစ်ရာ ဦးခင်မောင်သန်းသည် မိခင်ဒေါ်မမလေးကွယ်လွန်ပြီးနောက်မှ ကွယ်လွန်သောကြောင့် ကွယ်လွန်သူဦးခင်မောင်သန်းအမွေကို ဇနီးဒေါ်လှတင့်က ဆက်ခံမည်ဖြစ်သည်။

+ ၂၀၀၃
နှစ်လ
၁၀ ရက်

## တရားမအထူးအယူခံမှု

## တရားရုံးချုပ်တရားသူကြီးဦးတင်အေး၏ရှေ့တွင်

**ဒေါ်ခင်မေရင်**

**နှင့်**

**ဒေါ်အိုင်ဗွီ ပါ ၉ ***

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့်အမိန့် ၄၇ အရ လျှောက်ထားသည့်ပြန်လည်သုံးသပ်ပေးစေလိုမှု၊ မည်သည့်အချက်များအရ ပြန်လည်သုံးသပ်ပေးစေလိုမှုကို လျှောက်ထားနိုင်ခြင်း၊ မူလရုံးနှင့်အယူခံရုံးတို့က ပြည့်ပြည့်စုံစုံဝေဖန်သုံးသပ်ခဲ့သည့် ပြဿနာသည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁(၁) တွင် ဖော်ပြထားသည့်အရေးကြီးသောအကြောင်းအရာသစ် ဟုတ်မဟုတ်၊ မည်သည့်အခါ မူလတရားသူကြီးချမှတ်ခဲ့သည့် အမိန့်ကို ၎င်းအားဆက်ခံသည့် တရားသူကြီးက ပြန်လည်သုံးသပ်နိုင်သနည်း။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁(၁) တွင် ပြန်လည်သုံးသပ်ပေးစေလိုမှုကို အောက်ပါအချက်များအရ လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်-

နည်းဥပဒေ ၁(၁) တစ်ဦးတစ်ယောက်သောသူသည်-

(က) အယူခံဝင်ခွင့်ပြုထားသော်လည်း အယူခံဝင်ခဲ့ခြင်းမရှိသည့် ဒီကရီ သို့မဟုတ် အမိန့်ကြောင့်ဖြစ်စေ၊

(ခ) အယူခံဝင်ခွင့်မပြုသော ဒီကရီ သို့မဟုတ် အမိန့်ကြောင့်ဖြစ်စေ၊

(ဂ) စခော်တော်တရားရုံးကတင်သွင်းသော လွှဲအပ်မှုတွင် ချမှတ်သော ဆုံးဖြတ်ချက်ကြောင့်ဖြစ်စေ၊

---

* ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၇

\+ ၂၀၀၂ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် ၃၅၆ တွင်ချမှတ်သော ၃-၃-၂၀၀၃ ရက်စွဲပါရန်ကုန်တိုင်းတရားရုံး၏ အယူခံမှု

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

နစ်နာသည်ဟုထင်မြင်ယူဆသည့်အပြင် ယင်းဒီကရီ သို့မဟုတ် အမိန့်ကိုချမှတ်သည့်အချိန်က လုံ့လစိုက်ထုတ်ရှာဖွေခဲ့သော်လည်း မသိနိုင်ခဲ့သော သို့မဟုတ် မတင်ပြနိုင်ခဲ့သောအရေးကြီးသည့်အကြောင်းအရာအသစ်ကို သို့မဟုတ် သက်သေခံအသစ်ကို တွေ့ရှိခြင်းကြောင့်ဖြစ်စေ အမှုတွဲတွင်ပေါ်လွင်ထင်ရှားသော အမှားအယွင်း တစ်စုံတစ်ရာပါရှိခြင်းကြောင့်ဖြစ်စေ၊ အခြားလုံလောက်သောအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ မိမိအပေါ် ချမှတ်ထားသော ဒီကရီ သို့မဟုတ် အမိန့်ကို ပြန်လည်သုံးသပ်စေလိုလျှင် ထိုဒီကရီ သို့မဟုတ် အမိန့်ကို ချမှတ်သော တရားရုံးသို့သက်ဆိုင်ရာစီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားနိုင်သည်။

ယင်းလျှောက်ထားချက်အပေါ် တရားရုံးကသင့်သည် ထင်မြင်သည့်အမိန့်တစ်ရပ်ချမှတ်နိုင်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ တွင်ပြဋ္ဌာန်းထားသည်။

မူလရုံးတရားပြိုင် ( ၄ ) ဒေါ်အိုင်ဗွီက တိုင်းတရားရုံး၏ ၂၇-၁၁-၂၀၀၂ ရက်စွဲဖြင့်ချမှတ်ခဲ့သည့်အမိန့်အား တရားမကျင့်ထုံးဥပဒေအမိန့် ၄၇ နည်း ၁ နှင့် ပုဒ်မ ၁၁၄ တို့အရ ပြန်လည်သုံးသပ်ပေးရန်တင်ပြရာ၌ အထက်တွင်ဆိုခဲ့သည့်အတိုင်း ရန်ကုန်တိုင်းတရားရုံး၏ ၂၇-၁၁-၂၀၀၂ ရက်စွဲပါအမိန့်ချမှတ်ခဲ့စဉ်က ထိုက်သင့်သောလုံ့လဝိရိယဖြင့်ရှာဖွေခဲ့သော်လည်း တိုင်းတရားရုံးသို့တင်ပြနိုင်ခဲ့ခြင်းမရှိသည့် စာရွက်စာတမ်း (သို့မဟုတ်) သက်သေခံချက်အသစ်ရှိကြောင်း တစ်စုံတစ်ရာတင်ပြထားခြင်းမရှိချေ။ ယခင်ချမှတ်ခဲ့သောတိုင်းတရားရုံး၏ အမိန့်မှာ ဥပဒေနှင့်မညီကြောင်းကိုသာ ထပ်မံတင်ပြထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ရာဒေါ်အိုင်ဗွီ၏ (၁၈-၁၂-၂၀၀၂) ရက်စွဲပါ ပြန်လည်သုံးသပ်ပေးရန်လျှောက်လွှာမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁ ပါပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိပါဘဲလျက် ရန်ကုန်တိုင်းတရားရုံးကလက်ခံခွင့်ပြုခဲ့ခြင်းမှာ အထင်အရှားမှားယွင်းနေပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကာလစည်းကမ်းသတ်ပြဿနာနှင့်စပ်လျဉ်း၍မူလရုံးနှင့်အယူခံရုံးတို့က ပြည့်ပြည့်စုံစုံဝေဖန်သုံးသပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ်

၁၂၃ နှင့်ပတ်သက်သည့်ပြဿနာမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁(၁) ဖော်ပြထားသော နစ်နာသည်ဆိုသူက မတင်ပြခဲ့ရသည့် အရေးကြီးသော အကြောင်းအရာသစ်မဟုတ်ပေ။ အမှုတွဲတွင် ပေါ်လွင်ထင်ရှားသောအမှားအယွင်းလည်း မဟုတ်ပေ။ ပြန်လည်သုံးသပ်ကြားနာလောက်သည့်အကြောင်းအရာသစ် မဟုတ်ပေ။

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

**ထပ်မံဆုံးဖြတ်ချက်။** ။ ရန်ကုန်တိုင်းတရားရုံးတရားမအထွေထွေမှုအမှတ် ၃၅၆/၂၀၀၂ အမှုကို လျှောက်ထားသူဒေါ်အိုင်ဗွီက ရန်ကုန်တိုင်းတရားရုံးတွင် ၁၈-၁၂-၂၀၀၂ နေ့ကလျှောက်ထားခဲ့သည်။ ၁၉-၁၂-၂၀၀၂ နေ့ရုံးချိန်းတွင် အမှုစစ်ဆေးသူတွဲဖက်တိုင်းတရားသူကြီး (၁၆) က ဒေါ်အိုင်ဗွီ၏လျှောက်လွှာကို လက်ခံသင့်မသင့် လျှောက်လဲချက်ကြားနာပြီးနောက် လက်ခံကြောင်းအမိန့်ချပြီး၊ လျှောက်ထားခံရသူများထံအကြောင်းကြားစာထုတ်ရန်နှင့် လျှောက်ထားခံရသူများလာရန် ၈-၁-၂၀၀၃ နေ့ချိန်းဆိုသည်။ အမှုစစ်ဆေးသူတွဲဖက်တိုင်းတရားသူကြီးမှာ တရားရုံးချုပ်၏အမိန့်အရ ပြောင်းရွှေ့ရသဖြင့် ၁-၁-၂၀၀၃ နေ့တွင်ဆက်ခံသူတွဲဖက်တိုင်းတရားသူကြီးအား လွှဲပြောင်းပေးခဲ့သည်။ အမှုချိန်းဆိုထားသည့် ၈-၁-၂၀၀၃ ရုံးချိန်းနေ့တွင် လျှောက်ထားခံရသူများလာရောက်ခြင်းမရှိသဖြင့် ၎င်းတို့ထံအကြောင်းကြားစာ ထပ်မံထုတ်ခြင်းဖြစ်သောကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၄(၂) ခြွင်းချက် (က) အရဆောင်ရွက်ခြင်းဖြစ်ရာ တိုင်းတရားရုံးက ပြန်လည်သုံးသပ်ပေးစေလိုမှုလက်ခံဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

| | |
|---|---|
| အယူခံတရားလိုများအတွက် - | ဦးလှကြည်<br>(တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်များအတွက် - | (၁) ဦးကျော်မြင့်<br>(တရားရုံးချုပ်ရှေ့နေ)<br>(၂) မှ (၈) ထိ ဒေါ်ခင်မေသန်း<br>(တရားရုံးချုပ်ရှေ့နေ)<br>(၉) ကိုယ်တိုင် |

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၆ အမှုတွင် တရားလိုဒေါ်ခင်မေရင်က တရားပြိုင်ဦးမြင့်ဝင်း၊ ဦးစိန်မြင့်၊ ဒေါ်ဆေးလ်ဗီယာ၊ ဒေါ်အိုင်ဗွီ၊ ဒေါ်မြတ်တီပိုပို၊ ဒေါ်အေးအေးမြင့်၊ ဦးအောင်နိုင်၊ ဒေါ်ကလျာဝင်းတင်၊ ဒေါ်ခင်မေသန်း တို့အပေါ် ဖခင်ဦးအိုက်မောင်ညာ ကျန်ရစ်သောအမွေပုံပစ္စည်းကို စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ဒေါ်ခင်မေရင်သည် အမွေပုံပစ္စည်းများ၏ ၁၀ ပုံ ၁ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်အိုင်ဗွီ (မူလရုံးတရားပြိုင်-၄) ကမကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး ၂၀၀၂ ခုနှစ် တရားမအယူခံမှုအမှတ် ၂၃၇ တွင်အယူခံဝင်ရောက်ရာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ပဏာမဒီကရီကို အတည်ပြုပြီး အယူခံကိုစရိတ်နှင့်တကွ ပလပ်သည်။

ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်အိုင်ဗွီက မကျေနပ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့် ၄၇၊ နည်း ၁ အရ ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားရာ တိုင်းတရားရုံးကလျှောက်ထားချက်ကိုခွင့်ပြုပြီး ပြန်လည်ကြားနာဆုံးဖြတ်မည်ဖြစ်ကြောင်း အမိန့်ချသည်။ ယင်းအမိန့်ကို ဒေါ်ခင်မေရင် (မူလရုံးတရားလို) ကမကျေနပ်၍ ဤအထွေထွေအယူခံမှု လျှောက်ထားခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက အယူခံမှုတွင် အဓိကဆုံးဖြတ်ရန်ပြဿနာဖြစ်သော ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိ မရှိ သုံးသပ်ရာ၌ အယူခံတရားလို (မူလရုံးတရားပြိုင်-၄) ဘက်မှတင်ပြသည့် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၁၂၃ အရရေတွက်ရန်သင့် မသင့် စိစစ်ရာတွင် အပိုဒ် ၁၂၃ ၏ ဆိုလိုရင်းအပေါ် တိုင်းတရားရုံးကမိမိယူဆထားချက်အား ထည့်သွင်းသုံးသပ်ဖော်ပြကြောင်း၊ မူလရုံးက ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၁၄၄ အရ ကောက်ယူသုံးသပ်ခြင်းကို မှားယွင်းသည်ဟုဖော်ပြထားခြင်းသည်လည်း မရှိကြောင်း၊ အပိုဒ် ၁၂၃ သည် အမွေပုံကိုစီမံခန့်ခွဲသူထံမှ ရသင့် ရထိုက်သောအမွေဝေစုကို စွဲဆိုသည့်အမှုနှင့်သာသက်ဆိုင်သည်ဟု **မမြကြည်နှင့် မအေးတင်ပါ ၂** [(၁)] အမှု တွင်ထုံးဖွဲ့ထားကြောင်း၊ အမွေဆိုင်တစ်ဦးသည် မခွဲဝေရသေးသည့် အမွေပုံပစ္စည်းပေါ်လက်ရှိနေထိုင်ခြင်းမှာ

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ရုံးချုပ်) စာ ၉၈၃

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

အခြားအမွေဆိုင်များ၏ပိုင်ရေးဆိုင်ခွင့်ကို ဆန့်ကျင်နေထိုင်သည်ဟု မဆိုနိုင်သဖြင့် အပိုဒ် ၁၄၄ အရ ဆန့်ကျင်ပိုင်ဆိုင်သူတစ်ယောက်ဖြစ်လာသည်ဟုမယူဆနိုင်ကြောင်း၊ ၎င်း၏ပိုင်ဆိုင်မှုသည် အမွေဆိုင်အားလုံးအတွက်ဖြစ်သည်ဟု **ဦးဘဖေပါ ၆ နှင့် မချိုတီး (ခ) မညွန့်**[၂] အမှုလမ်းညွှန်စီရင်ထုံးရှိကြောင်း၊ ယခုစွဲဆိုသောအမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် မူလရုံးကကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၁၄၄ အရ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိဟုဆုံးဖြတ်ခြင်းကို အယူခံရုံးက လက်ခံအတည်ပြုခြင်းမှာ အမှုတွဲတွင်ထင်ရှားသောအမှားအယွင်းပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

ထို့ပြင်အမွေခွဲဝေပေးကြောင်း မှတ်တမ်းလွှာသက်သေခံ (၂) သည် နှုတ်ဖြင့်သဘောတူခွဲဝေပြီးနောက်မှ မှတ်တမ်းပြုလုပ် မှတ်တမ်းတင်ခြင်း ဟုတ် မဟုတ်၊ မှတ်ပုံတင်ရန် လို မလို ပြန်လည်သုံးသပ်သင့်သည်ဆိုသည်အချက်နှင့်ပတ်သက်၍ အမွေခွဲဝေပေးကြောင်း မှတ်တမ်းတွင် အမွေပေးသူသော်လည်းကောင်း အမွေဆက်ခံသူများသော်လည်းကောင်း လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း၊ ယင်းမှတ်တမ်းနှင့်ပူးတွဲထားသောလက်ဝတ်ရတနာ (၂၃) မျိုး၏ပစ္စည်းစာရင်းပါရှိပြီး ရွှေတစ်ကျပ်သားလျှင်တန်ဖိုး ၈၀၀၀၀ ကျပ်ဟုဖော်ပြထားကြောင်း၊ အမွေခွဲပေးသည်ဆိုသော ၁၉၇၀ ခုနှစ်ကာလက ရွှေတစ်ကျပ်သားလျှင် တန်ဖိုး ၁၀၀၀ ကျပ်ပင်မကျော်ကြောင်း၊ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်သက်သေခံ (၁) သည် မှတ်ပုံတင်မထားသဖြင့် စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ အရ တရားဝင်ပိုင်ဆိုင်ခွင့်ကို ပြသရန်အတွက်သက်သေခံမဝင်သော်လည်း ယင်းပုဒ်မခြွင်းချက်အရ အယူခံတရားလို (မူလရုံးတရားပြိုင်-၄) သည် အမွေပစ္စည်းကို မည်သို့မည်ပုံလက်ဝယ်ရရှိခဲ့ကြောင်း၊ အမွေဆိုင်တစ်ဦးအတွက်မဟုတ်ဘဲ အမွေဝေစုရယူသူအဖြစ် ဆန့်ကျင်လက်ရှိထားနေထိုင်ခြင်းဖြစ်ကြောင်း စသည့်အချက်အလက်များကို သက်သေထင်ရှားပြသရန်အတွက် သက်သေခံဝင် မဝင်သုံးသပ်သင့်သည့်အချက်နှင့်စပ်လျဉ်း၍ သက်သေခံ (၁) စာချုပ်တွင်လက်မှတ်ရေးထိုးကြသော ဦးအိုက်မောင်ညာ၊ ဦးမောင်မောင်သောင်းနှင့်အသိသက်သေဦးမန်ဂျူ ဒေါ်သက်တို့အားလုံး ကွယ်လွန်ပြီးဖြစ်၍

(၂) ၁၉၆၆ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ ၇၂၇

သက်သေအဖြစ်တင်ပြနိုင်ခြင်းမရှိကြောင်း၊ မူလရုံးကယင်းသက်သေခံစာရွက်စာတမ်းများကို ဒေါ်အိုင်ဗွီက သက်သေထင်ရှားတင်ပြနိုင်ခြင်းမရှိဟုသုံးသပ်ထားပြီး အယူခံရုံးကလည်း တရားလိုနှင့်တရားပြိုင်များအကြားအမွေဝေစုခွဲဝေပြီးခြင်းမရှိသေးဟု ကောက်ယူဆုံးဖြတ်ခဲ့ကြောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မေတ္တာဖြင့်ပေးကမ်းခြင်းကို မှတ်ပုံမတင်သည့်အပေးစာချုပ်အရ လက်ရောက်ရယူသူသည် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကိုရခွင့်မရှိဟု **ဦးဥမားပသီး နှင့် ဦးဘိစနပ် ပါ ၂**[၃] အမှုတွင်ဆုံးဖြတ်ထားကြောင်း။ မူလဒီကရီချမှတ်သည့်အခါ ဝီရိယစိုက်ထုတ်သင့်သမျှ စိုက်ထုတ်၍ရှာဖွေခဲ့သော်လည်း မသိ၊ မရှိ၊ မတင်ပြနိုင်၍နောက်မှအရေးကြီးသည့်အကြောင်းအချက် သက်သေခံချက်အသစ်ဖြစ်စေ၊ အမှုတွင်ထင်ရှားသည့်အမှားအယွင်းတစ်စုံတစ်ရာဖြစ်စေတွေ့ရှိလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့်အမိန့် ၄၇ နည်း ၁(၁) အရပြန်လည်သုံးသပ်ရန်ဖြစ်ကြောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့ကချမှတ်ခဲ့သောဒီကရီ၌ အရေးကြီးသောသက်သေခံချက်အကြောင်းအရာသစ်တင်ပြနိုင်ခြင်းမရှိသည့်ပြင် အမှားအယွင်းပေါ်ပေါက်မှုမတွေ့ရဘဲ ပြန်လည်သုံးသပ်ပေးစေလိုမှုကို လက်ခံခွင့်ပြုခဲ့ခြင်းမှာ မှန်ကန်သည်ဟုဆိုနိုင်မည်မဟုတ်ကြောင်း၊ တရားမအထွေထွေမှုလျှောက်ထားရာတွင် နို့တစ်စာချအပ်အတည်မပြုမီ တရားသူကြီးပြောင်းရွှေ့သွားသဖြင့် နောက်ဆက်ခံတရားသူကြီးက နှစ်ဖက်ကြားနာလျှက်လက်ခံခွင့်ပြုသည့်အမိန့်ချမှတ်ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇ နည်း ၂ နှင့်ကိုက်ညီမှုရှိသည်ဟု မဆိုနိုင်သဖြင့် ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် (၁) ၏ရှေ့နေက ဦးအိုက်မောင်ညွှာသည်ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်၍ ၄င်းကွယ်လွန်သောအခါကျန်ရစ်သောပစ္စည်းကိုအမွေဆက်ခံခြင်းအက်ဥပဒေအရ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဦးအိုက်မောင်ညွှာသည် ၁၅-၂-၇၃ နေ့တွင်ကွယ်လွန်ကြောင်း၊ ၁၂ နှစ်အတွင်းအမွေတောင်းခံရမည်ကို ၁၆ နှစ် ၂ လ ၁၃ ရက်ကြာမှအမွေတောင်းခံခြင်းဖြစ်ကြောင်း၊ အမွေဆိုင်တစ်ဦးကကျန်အမွေဆိုင်တစ်ဦးအပေါ် အမွေရလိုကြောင်းစွဲဆိုသည့်အမှုတွင်

(၃) ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄၉ (စုံညီ)

ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယားအပိုဒ် ၁၂၃ အရ ရေတွက်ရမည်ဖြစ်ကြောင်း၊ အမွေတောင်းခံရာတွင်စောလျှင်စွာ တောင်းခံရမည်ကို လုံလောက်သောအကြောင်းပြချက်မရှိဘဲ ကြန့်ကြာပါက အခွင့်အရေးဆိတ်သုန်းသွားမည်ဖြစ်၍ ရုံးတော်သို့အထောက်အထားခိုင်လုံစွာတင်ပြခြင်းမရှိသည်သည့်အချက်ကို ရန်ကုန်တိုင်းတရားရုံးက သုံးသပ်ဝေဖန်ထားခြင်းမရှိကြောင်း၊ မေတ္တာဖြင့်အပိုင်ပေးသည့်စာချုပ်သက်သေခံ (၁) နှင့် ဦးအိုက်မောင်ညာက သားသမီး (၁၀) ဦးအား လက်ဝတ်ရတနာပစ္စည်းနှင့်အိမ်ခွဲဝေပေးသည့်မှတ်တမ်းသက်သေခံ (၂) တို့မှာ သားချင်းတစ်စုစီမံမှုဖြစ်၍နှုတ်ဖြင့်စီမံနိုင်ကြောင်း၊ **မကျော့ နှင့် ဒေါ်ကျေးအု** [၄] **အမှု နှင့် ဦးဘဖေပါ ၆ နှင့် မချိုတီး (ခ) မညွန့်**[၂] အမှုစီရင်ထုံးများရှိပါကြောင်း အမိကကျသည့်ဥပဒေအချက်အလက်များကိုသုံးသပ်သင့်ပါလျက် အထောက်အထားခိုင်လုံစွာစဉ်းစားဝေဖန်သုံးသပ်ခဲ့ခြင်းမပြုသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏အမိန့်နှင့်ယင်းအမိန့်ကိုအတည်ပြုသည့် ရန်ကုန်တိုင်းတရားရုံး၏အမိန့်တို့ကို ပြန်လည်သုံးသပ်ရန်လိုအပ်သောကြောင့် ပြန်လည်သုံးသပ်ရန်အမိန့်ချမှတ်ခြင်းမှာမှန်ကန်မျှတပါကြောင်း၊ အမှုကိုပြန်လည်သုံးသပ်ပေးရန်အတွက် တရားမအထွေထွေလျှောက်လွှာအမှတ် ၃၅၆/၂၀၀၂ ကို ၁၈-၁၂-၂၀၀၂ နေ့ကလျှောက်ထားကြောင်း၊ ၁၉-၁၂-၂၀၀၂ နေ့တွင် လက်ခံသင့်မသင့် လျှောက်လဲချက်ကြားနာပြီး လက်ခံကြောင်းအမိန့်ချကြောင်း လျှောက်ထားခံရသူများထံအကြောင်းကြားစာထုတ်ဆင့်ပြီး လျှောက်ထားခံရသူများလာရောက်ရန် ၈-၁-၂၀၀၃ နေ့ချိန်းဆိုကြောင်း။ အမှုစစ်ဆေးသူတွဲဖက်တိုင်းတရားသူကြီးမှာ တရားရုံးချုပ်အမိန့်အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သဖြင့် ဆက်ခံသူတွဲဖက်တိုင်းတရားသူကြီးက ၈-၁-၂၀၀၃ ရုံးချိန်းနေ့တွင် လျှောက်ထားခံရသူများမလာရောက်သဖြင့်အကြောင်းကြားစာထပ်ထုတ်ခြင်းဖြစ်ကြောင်း၊ ၂၂-၁-၂၀၀၃ နေ့တွင် နှစ်ဖက်အမှုသည်စုံလင်သဖြင့် လျှောက်လဲချက်ကြားနာရန် ၄-၂-၂၀၀၃ နေ့ချိန်းဆိုခြင်းဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၈ အရပြန်လည်ကြားနာဆုံးဖြတ်ရန် အမိန့်ချခြင်းဖြစ်၍ တစ်စုံတစ်ရာမှားယွင်းချွတ်ချော်ခြင်း မရှိကြောင်း လျှောက်ထားတင်ပြသည်။

---

(၄) ၁၉၃၅ ,အေအိုင်အာရ် ၃၅၅

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

အယူခံတရားပြိုင် (၂) မှ (၉) ထိ ကိုယ်တိုင်လာရောက်ပြီး နှုတ်ဖြင့်လျှောက်လဲတင်ပြရာတွင် ၎င်းတို့၏ဖခင်မှာ ဝန်ထမ်းဖြစ်၍ ပညာအမွေသာပေးနိုင်ကြောင်း၊ အတွင်းပစ္စည်းခွဲဝေပေးသည်ဆိုခြင်းမှာ မမှန်ကြောင်း အယူခံတရားလို၏လျှောက်ထားချက်ကို ထောက်ခံပါကြောင်းလျှောက်လဲတင်ပြသည်။

တရားမမှုများစစ်ဆေးစီရင်ရာ၌ တရားမကျင့်ထုံးဥပဒေတွင် ဒီကရီကို အယူခံဝင်ခွင့်ပြုပြီး အယူခံဝင်ခွင့်ရှိသောအမိန့်ကိုလည်း အယူခံဝင်ခွင့်ပြုထားသည်။ အယူခံဝင်ခွင့်မရှိသောအမိန့်ကို ပြင်ဆင်မှုလျှောက်ထားခွင့်ပြုထားသည်။ ထို့ပြင်တရားမမှုခင်းများတွင် အမှားအယွင်းများကိုအယူခံသည့်နည်းဖြင့်လည်းကောင်း၊ ပြင်ဆင်မှုလျှောက်ထားသည့်နည်းဖြင့်လည်းကောင်း ပြင်ဆင်စေမည်ဆိုလျှင် အချိန်ကုန်လူပမ်းဖြစ်နိုင်သည့်အတွက် တရားသူကြီးတစ်ဦးသည် မိမိအမိန့်ကို မိမိပြန်လည်သုံးသပ်နိုင်ရန်တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့်အမိန့် ၄၇ ကို ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ အမှုတွင်ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကြောင့် နစ်နာသူသည် ယင်းဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားနိုင်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၄၇ နည်း ၁(၁) တွင်ပြန်လည်သုံးသပ်ပေးစေလိုမှုကို အောက်ပါအချက်များအရ လျှောက်ထားနိုင်ကြောင်းပြဋ္ဌာန်းထားသည်-

နည်းဥပဒေ ၁(၁) တစ်ဦးတစ်ယောက်သောသူသည်-

(က) အယူခံဝင်ခွင့်ပြုထားသော်လည်း အယူခံဝင်ခဲ့ခြင်း မရှိသည့် ဒီကရီ သို့မဟုတ် အမိန့်ကြောင့်ဖြစ်စေ၊

(ခ) အယူခံဝင်ခွင့်မပြုသောဒီကရီ သို့မဟုတ် အမိန့်ကြောင့်ဖြစ်စေ၊

(ဂ) စမော်တော်တရားရုံးကတင်သွင်းသောလွှဲအပ်မှုတွင် ချမှတ်သောဆုံးဖြတ်ချက်ကြောင့်ဖြစ်စေ၊

**နစ်နာသည်ဟုထင်မြင်ယူဆသည့်အပြင် ယင်းဒီကရီ သို့မဟုတ် အမိန့်ကိုချမှတ်သည့်အချိန်က လုံ့လစိုက်ထုတ်ရှာဖွေခဲ့သော်လည်း မသိနိုင်ခဲ့သော သို့မဟုတ် မတင်ပြနိုင်ခဲ့သော အရေးကြီးသည့်အကြောင်းအရာအသစ်ကို သို့မဟုတ် သက်သေခံအသစ်ကို တွေ့ရှိခြင်းကြောင့်ဖြစ်စေ** အမှုတွဲတွင်ပေါ်လွင်

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

ထင်ရှားသော အမှားအယွင်း တစ်စုံတစ်ရာပါရှိခြင်းကြောင့် ဖြစ်စေ၊ အခြားလုံလောက်သော အကြောင်းတစ်ခုခုကြောင့် ဖြစ်စေ၊ မိမိအပေါ်ချမှတ်ထားသော ဒီကရီ သို့မဟုတ် အမိန့်ကိုပြန်လည်သုံးသပ်စေလိုလျှင် ထိုဒီကရီ သို့မဟုတ် အမိန့်ကို ချမှတ်သောတရားရုံးသို့ သက်ဆိုင်ရာစီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားနိုင်သည်။

ယင်းလျှောက်ထားချက်အပေါ် တရားရုံးကသင့်သည်ထင်မြင့်သည့်အမိန့်တစ်ရပ်ချမှတ်နိုင်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ တွင် ပြဋ္ဌာန်းထားသည်။

မူလရုံးတရားပြိုင် (၄) ဒေါ်အိုင်ဗွီက တိုင်းတရားရုံး၏ ၂၇-၁၁-၂၀၀၂ ရက်စွဲဖြင့်ချမှတ်ခဲ့သည့်အမိန့်အား တရားမကျင့်ထုံးဥပဒေအမိန့် ၄၇ နည်း ၁ နှင့် ပုဒ်မ ၁၁၄ တို့အရ ပြည်လည်သုံးသပ်ပေးရန်တင်ပြရာ၌ အထက်တွင်ဆိုခဲ့သည့်အတိုင်း ရန်ကုန်တိုင်းတရားရုံး၏ ၂၇-၁၁-၂၀၀၂ ရက်စွဲပါအမိန့်ချမှတ်ခဲ့စဉ်က ထိုက်သင့်သောလုံလဝီရိယဖြင့်ရှာဖွေခဲ့သော်လည်း တိုင်းတရားရုံးသို့တင်ပြနိုင်ခဲ့ခြင်းမရှိသည့် စာရွက်စာတမ်း (သို့မဟုတ်) သက်သေခံချက်အသစ်ရှိကြောင်း တစ်စုံတစ်ရာတင်ပြထားခြင်းမရှိချေ။ ယခင်ချမှတ်ခဲ့သောတိုင်းတရားရုံး၏ အမိန့်မှာ ဥပဒေနှင့်မညီကြောင်းကိုသာထပ်မံတင်ပြထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ရာဒေါ်အိုင်ဗွီ၏ (၁၈-၁၂-၂၀၀၂) ရက်စွဲပါပြန်လည်သုံးသပ်ပေးရန်လျှောက်လွှာမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇ နည်း ၁ ပါပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိဘဲလျက် ရန်ကုန်တိုင်းတရားရုံးက လက်ခံခွင့်ပြုခဲ့ခြင်းမှာ အထင်အရှားမှားယွင်းနေပေသည်။

ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာကိုးကွယ်သူဦးအိုက်မောင်ညှာနှင့်ဒေါ်ဥတို့တွင် သားသမီး (၁၀) ဦးမွေးဖွားခဲ့သည်။ ဒေါ်ဥသည် ၁၉၅၀ ခုနှစ်တွင် ကွယ်လွန်ပြီး ဦးအိုက်မောင်ညှာသည် ဒေါ်ပွားနှင့်ထပ်မံအိမ်ထောင်ပြုခဲ့ပြီး သားသမီးမထွန်းကားခဲ့ပေ။ ဦးအိုက်မောင်ညှာသည် ကြည့်မြင်တိုင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် (၇) (ဒီ-၁)၊ ဦးပိုင်အမှတ် ၂၊ ဧရိယာ (၀. ၀၈၆) ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်ကို မှတ်ပုံတင်စာချုပ်အမှတ် ၈၄၉/၅၉ ဖြင့် နေထိုင်ခဲ့သည်။ ဒေါ်ပွားသည် ၂၀-၁၀-၇၀ နေ့တွင်လည်းကောင်း၊

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

ဦးအိုက်မောင်ညာသည် ၁၅-၂-၇၃ နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့သည်။ ဦးအိုက်မောင်ညာသည် သေတမ်းစာရေးသားခဲ့ခြင်းမရှိသဖြင့် ဖခင်ကွယ်လွန်စဉ်ကျန်ရစ်ခဲ့သောအမွေပစ္စည်းကို လက်ရှိထားသူ ဦးမောင်မောင်သောင်း (ခ) ဦးမာတင်ညာ ထံမှကျန်ညီအစ်ကိုမောင်နှမ (၉) ဦးကအမွေဆက်ခံခြင်းအက်ဥပဒေအရ ဆောင်ရွက်ပေးရန် တောင်းဆိုသော်လည်း ၁၇-၁-၂၀၀၁ ရက်စွဲပါစာဖြင့်ငြင်းဆိုခဲ့သည်။ ဦးမောင်မောင်သောင်း (ခ) ဦးမာတင်ညာသည် ၂၅-၃-၂၀၀၁ နေ့တွင် ကွယ်လွန်သွားသဖြင့် ဦးအိုက်မောင်ညာ၏အငယ်မမြောက်သမီးဖြစ်သူ ဒေါ်ခင်မေရင်က ကျန်ညီအစ်ကိုမောင်နှမ (၉) ဦးအပေါ် ဖခင်ဦးအိုက်မောင်ညာကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းများကိုစီမံခန့်ခွဲပေးစေလိုမှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၈၆/၂၀၀၁ တွင်စွဲဆိုသည်။ တရားပြိုင် (၉) ဦးအနက် ဦးမောင်မောင်သောင်း (ခ) ဦးမာတင်ညာ၏ဇနီးဒေါ်အိုင်ဗွီ (တရားပြိုင်-၄) မှအပကျန်တရားပြိုင် (၈) ဦးကဖြောင့်ဆိုလွှာတင်သွင်းသည်။

မူလရုံးတွင်အဓိကထားအငြင်းပွားသည်မှာ ဖခင်ဦးအိုက်မောင်ညာမကွယ်လွန်မီက အချင်းဖြစ်မြေနှင့်အိမ်အား မေတ္တာဖြင့်ပေးကမ်းသည့်စာချုပ်သက်သေခံ (၁) ဖြင့် ဦးမောင်မောင်သောင်းနှင့် ဒေါ်အိုင်ဗွီတို့အားအမွေခွဲဝေပေးပြီး ကျန်သားသမီးများအားအမွေဝေစုအဖြစ် ရွှေငွေလက်ဝတ်လက်စားများကိုခွဲဝေပေးကြောင်း သက်သေခံအမှတ် (၂) မှတ်တမ်းကို ဒေါ်အိုင်ဗွီ (တရားပြိုင်-၄) ကတင်ပြပြီး အချင်းဖြစ်ပစ္စည်းကိုလက်ရှိထား၍ဆန့်ကျင်ပိုင်ဆိုင်ခဲ့သည်မှာ ၁၂ နှစ်ကျော်ပြီးဖြစ်၍ ကာလစည်းကမ်းသတ်အက်ဥပဒေအပိုဒ် ၁၂၃ အရဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဒေါ်အိုင်ဗွီကတင်ပြသည်။

မူလရုံးကအမွေဆိုင်တစ်ဦးသည် အမွေပုံပစ္စည်းကိုလက်ရှိထားခြင်းမှာသာမန်အားဖြင့်ဆိုလျှင် ထားရှိသည်ဟုယူဆရမည်ဖြစ်ကြောင်း၊ မခွဲဝေရသေးသည့် အမွေပုံပစ္စည်းအပေါ် လက်ရှိထိုပစ္စည်းကို အမွေဆိုင်အားလုံးအတွက်လက်ရှိနေထိုင်ခြင်းမှာ အခြားအမွေဆိုင်များ၏ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်နေထိုင်သည်ဟုမဆိုနိုင်ကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အပိုဒ် ၁၄၄ အရဆန့်ကျင်ပိုင်ဆိုင်သူတစ်ဦးတစ်ယောက်ဖြစ်လာသည်ဟု မဆိုနိုင်ကြောင်း၊ လက်ရှိနေထိုင်သူ၏ ပိုင်ဆိုင်မှုမှာ အမွေဆိုင်အားလုံးအတွက်ဖြစ်သည်ဟု

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

းကောက်ယူရမည်ဖြစ်ကြောင်း၊ **မမြကြင် နှင့် မအေးတင်ပါ**[၈] **အမှုနှင့်**
**ီးဘဖေပါ ၆ နှင့် မချိုတီး (ခ) မညွှန့်ပါ၂**[၂] အမှုစီရင်ထုံးများကို
ကိုးကားသုံးသပ်ပြီးကာလစည်းကမ်းသတ် (၁၂) နှစ် ကျော်လွန်ခြင်းမရှိ
းကြောင်းဆုံးဖြတ်သည်။

တရားမအယူခံမှုအမှတ် ၂၃၇ / ၂၀၀၂ တွင် ကာလ
ည်းကမ်းသတ်ပြဿနာနှင့်စပ်လျဉ်း၍ ဒေါ်အိုင်ဗွီနှင့်ဦးမောင်မောင်
းသောင်း (ခ) ဦးမာတင်ညွှာတို့သည် ဖခင်ဦးအိုက်မောင်ညွှာကျန်ရစ်ခဲ့
းသာအမွေပစ္စည်းကိုလက်ရှိထားနေထိုင်ခြင်းဖြစ်၍ အခြားအမွေဆိုင်
ျားဏ်ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်နေထိုင်ခဲ့ခြင်းမဟုတ်ကြောင်း ဦးဘဖေ
**ါ၆ နှင့် မချိုတီး (ခ) မညွှန့်ပါ၂** [၂] အမှုစီရင်ထုံးကိုပင် ကိုးကားသုံးသပ်
ားသည်။ ထို့ပြင်ဒေါ်အိုင်ဗွီ (မူလရုံးတရားပြိုင်-၄) ဘက်မှတင်ပြသည့်
အမွေရှင်ဦးအိုက်မောင်ညွှာကွယ်လွန်သည့် ၁၉၇၃ ခုနှစ်မှစတင်၍
ာလစည်းကမ်းသတ်ရေတွက်ရမည်ဆိုခြင်းကို လက်မခံနိုင်ကြောင်း၊
အမွေပုံပစ္စည်းကို အမွေဆိုင်များကခွဲဝေပေးရန် တောင်းဆိုသည့်
ာက်သေခံ (၉) နို့တစ်စာပေးပို့သော ၂၈-၉-၈၉ နေ့မှစတင်၍ ရေတွက်
ရမည်ဖြစ်ကြောင်း၊ ထိုအချိန်သည်ကာလစည်းကမ်းသတ်အက်ဥပဒေ
ပထမဇယားအပိုဒ် ၁၂၃ အရပေးသင့်သော သို့တည်းမဟုတ် ပေးအပ်
သင့်သောအချိန်ရောက်ကြောင်းသုံးသပ်ထားသည်။

ထို့ကြောင့်ကာလစည်းကမ်းသတ်ပြဿနာနှင့်စပ်လျဉ်း၍ မူလ
ုံးနှင့်အယူခံရုံးတို့က ပြည့်ပြည့်စုံစုံဝေဖန်သုံးသပ်ခဲ့ကြောင်းတွေ့ရှိရ
ာဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၁၂၃ နှင့်
ပတ်သက်သည့်ပြဿနာမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၇ နည်း
၁(၁) ဖော်ပြထားသောနစ်နာသည်ဆိုသူက မတင်ပြခဲ့ရသည့်အရေးကြီး
သောအကြောင်းအရာသစ်မဟုတ်ပေ။ အမှုတွဲတွင်ပေါ်လွင်ထင်ရှား
သောအမှားအယွင်းလည်းမဟုတ်ပေ။ ပြန်လည်သုံးသပ်ကြားနာလောက်
သည့်အကြောင်းအရာသစ်မဟုတ်ပေ။

တစ်ဖန်အမွေရှင်ဦးအိုက်မောင်ညွှာသက်ရှိထင်ရှားရှိစဉ်က
ပြုလုပ်ခဲ့သည်ဆိုသောမေတ္တာဖြင့်အပိုင်ပေးကမ်းစာချုပ် သက်သေခံ (၁)
နှင့်လက်ဝတ်လက်စားရတနာများကို ခွဲဝေပေးသည့်မှတ်တမ်းသက်သေခံ
(၂) မှာနှုတ်ဖြင့်သဘောတူခွဲဝေပြီးနောက် မှတ်တမ်းပြုလုပ်မှတ်တမ်း
ာင်ထားခြင်း ဟုတ် မဟုတ်၊ ပြန်လည်သုံးသပ်သင့်သည်ဆိုခြင်းနှင့်

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

ပတ်သက်၍ဦးအိုက်မောင်ညာက အချင်းဖြစ်မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့်မြေနှင့်အိမ်ကို သားဖြစ်သူဦးမောင်မောင်သောင်း (ခ) ဦးမာတင်ညာအား မေတ္တာဖြင့်အပိုင်ပေးသည့် စာချုပ်ဖြစ်ကြောင်း ဒေါ်အိုင်ဗွီ (မူလရုံးတရားပြိုင်-၄) က ထွက်ဆိုတင်ပြခြင်းကြောင့် သက်သေထင်ရှားပြသရန်တာဝန်မှာ ဒေါ်အိုင်ဗွီ၏တာဝန်ဖြစ်သည်။ မေတ္တာဖြင့်အပိုင်ပေးကမ်းစာချုပ်သက်သေခံ (၁) မှာ မရွှေ့မပြောင်း နိုင်သောပစ္စည်းကို မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းဖြစ်သောကြောင့် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၂၃ နှင့် စာချုပ်စာတမ်းမှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ အရ မှတ်ပုံတင်စာချုပ်ပြုလုပ်မှသာ တရားဝင် သည်။ **ဦးအောင်ထွန်းပါ ၆ နှင့် ဦးထွန်းတင်**[၅] အမှုကိုကြည့်ပါ။

ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားမှုကိုလက်ခံရာတွင် သက်သေခံ (၁) စာချုပ်မှာစာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ခြွင်းချက်အရအယူခံတရားလိုသည် အမွေပုံပစ္စည်းကို မည်သို့မည်ပုံ လက်ဝယ်ရရှိကြောင်း၊ အမွေဆိုင်တစ်ဦးအဖြစ်မဟုတ်ဘဲ အမွေဝေစုရသူ အဖြစ် ဆန့်ကျင်လက်ရှိထားနေထိုင်ခြင်းဖြစ်ကြောင်း စသည့်အချက်များ ကို သက်သေထင်ရှားပြသရန်အတွက် သက်သေခံ ဝင် မဝင် သုံးသပ်သင့် သည့်အချက်တွေ့ရှိရကြောင်း ဖော်ပြထားသည်။

စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ခြွင်းချက်မှာ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃-ကအရ တစ်ပိုင်းတစ်စဆောင်ရွက် ပြီးသည့်အခြေအနေတွင် ပစ္စည်း၏တစ်စိတ်တစ်ဒေသကို လက်ရှိရယူ ထားသူအား အကာအကွယ်ပေးရန်ဖြစ်သည်။

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃-က မှာအောက်ပါ အတိုင်းဖြစ်သည်-

> " Where any person contracts to transfer for consid eration any immoveable property by writing signed by him or on his behalf from which the terms necessary to constitute the transfer can be ascertained which reasonable certainty."

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏အကာ အကွယ်ရရှိရန်မှာ ပစ္စည်းကိုအဖိုးစားနားဖြင့် လွှဲပြောင်းပေးရမည်ဖြစ်

(၅) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ရုံးချုပ်) စာ ၇၅၅

၂၀၀၃
ဒေါ်ခင်မေရင်
နှင့်
ဒေါ်အိုင်ဗွီ
ပါ ၉

သည်။ သက်သေခံ (၁) မှာ မေတ္တာဖြင့်အပိုင်ပေးစာချုပ်ဖြစ်သော ကြောင့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇(၁) (က) အရ မှတ်ပုံတင်ရမည်ဖြစ်သည်။

ဦးအိုက်မောင်ညွှာက ၎င်း၏သားသမီး (၉) ဦးအားလက်ဝတ် ရတနာများခွဲဝေပေးသည့်မှတ်တမ်းသက်သေခံ (၂) တွင်ပစ္စည်းလက်ခံ ရရှိသည်ဆိုသူသားသမီး (၉) ဦးနှင့် ဦးအိုက်မောင်ညွှာတို့လက်မှတ် ရေးထိုးခြင်းမရှိသည့်ပြင် ထိုသို့ပစ္စည်းခွဲဝေပေးခြင်းမရှိကြောင်းလည်း ငြင်းဆိုထားကြသည်။ မူလရုံးကသက်သေခံ (၁) နှင့် (၂) စာရွက်စာတမ်း များသည် ကျန်ရှိသောအမွေဆိုင်များအပေါ် အကျိုးသက်ရောက်မှု မရှိ ကြောင်းဆုံးဖြတ်ခြင်းမှာ မှားယွင်းခြင်းမရှိပေ။

ရန်ကုန်တိုင်းတရားရုံးက တရားမအထွေထွေမှုအမှတ် ၃၅၆/၂၀၀၂ အမှုကို လျှောက်ထားသူဒေါ်အိုင်ဗွီက ရန်ကုန်တိုင်းတရား ရုံးတွင် ၁၈-၁၂-၂၀၀၂ နေ့ကလျှောက်ထားခဲ့သည်။ ၁၉-၁၂-၂၀၀၂ နေ့ရုံးချိန်းတွင် အမှုစစ်ဆေးသူတွဲဖက်တိုင်းတရားသူကြီး (၁၆) က ဒေါ်အိုင်ဗွီ၏လျှောက်လွှာကို လက်ခံသင့်မသင့် လျှောက်လဲချက်ကြားနာ ပြီးနောက်လက်ခံကြောင်းအမိန့်ချပြီး၊ လျှောက်ထားခံရသူများထံ အကြောင်းကြားစာထုတ်ရန်နှင့် လျှောက်ထားခံရသူများ လာရန် ချိန်းဆိုသည် အမှုစစ်ဆေးသူတွဲဖက်တိုင်းတရားသူကြီးမှာ တရားရုံးချုပ်၏ အမိန့်အရပြောင်းရွှေ့ရသဖြင့် ၁-၁-၂၀၀၃ နေ့တွင် ဆက်ခံသူတွဲဖက် တိုင်းတရားသူကြီးအား ပြောင်းပေးခဲ့သည်၊ အမှုချိန်းဆိုထားသည့် ၈-၁-၂၀၀၃ ရုံးချိန်းနေ့တွင် လျှောက်ထားခံရသူများလာရောက်ခြင်း မရှိသဖြင့် ၎င်းတို့ထံ အကြောင်းကြားစာထပ်မံထုတ်ခြင်း ဖြစ်သော ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၄(၂) ခြွင်းချက် (က) အရဆောင်ရွက် ခြင်းဖြစ်ရာ တိုင်းတရားရုံးက ပြန်လည်သုံးသပ်ပေးစေ လိုမှု လက်ခံဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

ဒေါ်အိုင်ဗွီသည် ရန်ကုန်တိုင်းတရားရုံးတရားမအထွေထွေမှု အမှတ် ၃၅၆/၂၀၀၂ တွင် ရန်ကုန်တိုင်းတရားမအယူခံမှု အမှတ် ၂၃၇ /၂၀၀၂ ၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားသည့် အကြောင်းပြချက်များမှာ အကြောင်းအရာသစ်များ မဟုတ်ပေ။ အမှုတွဲတွင်ပေါ်လွင်ထင်ရှားသော အမှားအယွင်းတစ်စုံ

တစ်ရာလည်းမတွေ့ရှိရသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၇၊ နည်း ၁ ပါ ပြဋ္ဌာန်းထားသည့်အချက်များနှင့်ညီညွတ်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့်ဤအယူခံမှုကိုခွင့်ပြုသည်။ ရန်ကုန်တိုင်းတရားရုံးက တရားမအယူခံမှုအမှတ် ၂၃၇/၂၀၀၂ အမှုအား ပြန်လည်ကြားနာဆုံးဖြတ်ရန်ချမှတ်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏စီရင်ချက်နှင့်ပဏာမဒီကရီကိုအတည်ပြုလိုက်သည်။

ရှေ့နေခကျပ် ၂၀၀/- သတ်မှတ်သည်။

+ ၂၀၀၃
ဩဂုတ်လ
၂၉ ရက်

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်တရားသူကြီးချုပ်ဦးအောင်တိုး တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဒေါက်တာတင်အောင်အေးတို့၏ရှေ့တွင်

### ဒေါ်ခင်လှမူ ပါ ၄
### နှင့်
### ဒေါ်စိန် ပါ ၁၁ *

**ပိုင်ရှင်လက်ရှိမဟုတ်သော မြေကွက်ထဲသို့ကျူးကျော်ဝင်ရောက် ပြီးနောက် ၁၂ နှစ်ကျော်လွန်ပြီးမှ ပိုင်ရှင်ဖြစ်သူများက ကျူးကျော်သူများအား နှင်ထုတ်၍မြေလက်ရောက်ရလိုကြောင်း စွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၂ နှင့်သက်ဆိုင်ကြောင်း ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ အချင်းဖြစ်ပစ္စည်းကို လက်လွတ်ဖြစ်သွားခြင်းသည် လက်ရှိဖြစ်သောသူကို အခြားသူတစ်ဦးက အမှန်တကယ်ဖယ်ထုတ်ခြင်း ဖြစ်သည်။ လက်မဲ့ဖြစ်စေသူအနေဖြင့် ပြတ်ပြတ်သားသားနှင်ထုတ်ခြင်း၊ ဖယ်ထုတ်ခြင်းမရှိလျှင် လက်လွတ်ဖြစ်သွားခြင်းမရှိနိုင်ပေ။ ထိုသို့ဖယ်ရှားခြင်း၊ နှင်ထုတ်ခြင်းသည် ပစ္စည်းအပေါ်တွင် သီးသီးသန့်သန့်ထိန်းချုပ်မှု ရရန်ရည်ရွယ်ချက်ဖြင့်သာလျှင် ပြုလုပ်ရမည်ဖြစ်သည်။ လက်ရှိဖြစ်သူ၏ ဆန္ဒနှင့်ဆန့်ကျင်၍ လက်ရှိဖြစ်သူကိုမောင်းထုတ်ခြင်းကို သက်သေထင်ရှားပြသရန်မှာ အရေးဆိုသူ၏တာဝန်သာဖြစ်သည်။ လက်ရှိဖြစ်ခြင်းကို စွန့်လွှတ်ခြင်းသည် အချင်းဖြစ်ပစ္စည်းကို တစ်ဦးတစ်ယောက်က စွန့်ပစ်လိုသောကြံရွယ်ချက်ဖြင့် အမှန်တကယ်ထွက်ခွာသွားခြင်း၊ ထိုသို့ထွက်ခွာသွားပြီးနောက် အခြားသူကဝင်ရောက်နေခြင်းဖြစ်သည်။

---

* ၂၀၀၃ ခုနှစ်၊ တရားမအထူးအယူခံအမှတ် ၂၂

\+ ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၈၄ တွင် ချမှတ်သော ၁၀-၁၂-၂၀၀၂ ရက်စွဲပါတရားရုံးချုပ် (ရန်ကုန်) ၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု ။

၂၀၀၃
ဒေါ်ခင်လှမူ
ပါ ၄
နှင့်
ဒေါ်စိန်
ပါ ၁၁

ယခုအမှုတွင် မြေပိုင်ရှင်ဒေါ်ဖွားရင်နှင့်အမွေဆက်ခံသူ အယူခံတရားလိုများအား အယူခံတရားပြိုင်များနှင့် ၎င်းတို့မတိုင်မီ အဆက်ဆက် နေထိုင်သူတို့က အတင်းဖယ်ရှားကြောင်း၊ မြေပိုင်ရှင်ဒေါ်ဖွားရင်သည်လည်းကောင်း၊ အယူခံတရားလိုများသည်လည်းကောင်း အချင်းဖြစ်မြေ မှလက်ရှိဖြစ်ခြင်းကို စွန့်လွှတ်ကြောင်း အဆိုအချေများအရ ပေါ်ပေါက် ခြင်းမရှိချေ။ ထို့ပြင်အယူခံတရားလိုအနေဖြင့် မိမိပိုင်မြေကို အသုံးမပြု ရုံမျှဖြင့် လက်လွှတ်ဖြစ်သွားသည်ဟုဆိုနိုင်မည် မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** **။ ဦးချစ်ထွန်း နှင့် ဒေါ်ငွေသောင်း၊ ကိုကျော်ကြီး ပါ-၂ ဒေါ်မြရွှေအမှု**[၂] တွင် အချင်းဖြစ်မြေပေါ်တွင် ယခုပိုင်ဆိုင်သူ တရားလိုကသော်လည်းကောင်း၊ ယခင်ပိုင်ဆိုင်သူများသော်လည်းကောင်းနေထိုင်ခြင်းမရှိသဖြင့် ထိုမြေပေါ်မှ တရားလိုကိုသော်လည်းကောင်း၊ ယခင်ပိုင်ဆိုင်သူများကိုသော်လည်းကောင်း၊ တရားပြိုင်များကဖယ်ရှားခြင်းပြုသည်ဟု မဆိုနိုင်သည့် ပြင်ထိုပိုင်ရှင်များသည် အချင်းဖြစ်မြေလက်ရှိကိုစွန့်လွှတ်ခဲ့သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့်အချင်းဖြစ်မြေမှ တရားပြိုင်များထွက်ခွာသွားစေရန် စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အမှတ်စဉ် ၁၄၂ တွင် အကျုံးမဝင်ပေဟု လမ်းညွှန်ထုံးပြုထားသည်။

အယူခံတရားပြိုင်များအနေဖြင့် မိမိတို့ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်ကြောင်း ဖော်ထုတ်ထုချေနိုင်ခြင်း မရှိသည့်ပြင် အချင်းဖြစ်နေအိမ်တွင် နေအိမ်အခိုင်အမာဆောက်လုပ်၍ အဆက်ဆက်နေထိုင်လာရုံမျှဖြင့် မြေပိုင်ရှင်အားဖယ်ရှားသည် သို့မဟုတ် မြေပိုင်ရှင်ကလက်ရှိဖြစ်ခြင်းကိုစွန့်လွှတ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့်ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အမှတ်စဉ် ၁၄၂ နှင့် သက်ဆိုင် ရန်အကြောင်းမရှိချေ။

အယူခံတရားလိုများအတွက် - ဦးစံတင်
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်များအတွက် - ဦးအုန်းမြင့်
(တရားရုံးချုပ်ရှေ့နေ)

၂၀၀၃
ဒေါ်ခင်လှမူ
ပါ ၄
နှင့်
ဒေါ်စိန်
ပါ ၁၁

ပဲခူးတိုင်းတရားရုံး ၂၀၀၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၆ တွင် အယူခံတရားလို ဒေါ်ခင်လှမူ (ခ) ဒေါ်မူမူ ပါ ၄ ဦးက ၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရသူဒေါ်ဆွေဆွေမင်းမှတစ်ဆင့် အယူခံတရားပြိုင်ဒေါ်စိန်ပါ-၁၁ ဦးအပေါ် ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာ မရှိဘဲ ဆောက်လုပ်ထားသောအဆောက်အအုံများအား ဖျက်သိမ်းဖယ်ရှား၍ မြေကွက်အားလက်ရောက်ပေးအပ်စေလိုမှုစွဲဆိုရာ ပလပ်ခြင်းခံရသည်။ တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုဒေါ်ခင်လှမူ (ခ) ဒေါ်မူမူတို့က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ၂၀၀၂ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၂၈၄ အရ အယူခံဝင်ရောက်ရာ မအောင်မြင်ခဲ့ပေ။ တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို ဒေါ်ခင်လှမူ (ခ) ဒေါ်မူမူတို့က ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးအယူခံရုံးကအောက်ပါပြဿနာကို ကြားနာရန်အထူးအယူခံဝင်ခွင့်ပြုသည်-

> " ပိုင်ရှင်လက်ရှိမဟုတ်သော မြေကွက်ထဲသို့ကျူးကျော်ဝင်ရောက်ပြီးနောက် ၁၂ နှစ်ကျော်လွန်ပြီးမှ ပိုင်ရှင်ဖြစ်သောလျှောက်ထားသူများက ကျူးကျော်သူများအား နှင်ထုတ်၍ မြေလက်ရောက်ရလိုကြောင်း စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၂ နှင့် သက်ဆိုင်ကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်း ရှိ မရှိ။"

အဆိုလွှာအရပဲခူးတိုင်း၊ သနပ်ပင်မြို့၊ ရပ်ကွက်အမှတ် (၄)၊ စက်ကုန်းပိုင်းရပ်ကွက်၊ ဦးပိုင်အမှတ် ၉၀၊ မြေချိန်ဧရိယာ ၀. ၂၇၆၆ ဧကရှိမြေကွက်မှာ ဒေါ်ဖွားရင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ ဒေါ်ဖွားရင်တွင် ဒေါ်ခင်လှမူ (ခ) ဒေါ်မူမူ၊ ဦးခင်မောင်မြင့်၊ ဒေါ်ခင်လှရီစသည့် သားသမီး ၃ ဦးရှိကြောင်း။ ဒေါ်ခင်လှရီကွယ်လွန်သည့်အခါ ဦးသန်းဆွေ၊ ဒေါ်နိုင်နိုင်မြင့်နှင့်ဦးသိန်းဆွေစသည့်သားသမီးများ ကျန်ရစ်ကြောင်း၊ သို့ဖြစ်၍အဆိုပါမြေကွက်မှာ ဒေါ်ဖွားရင်၏သမီးနှင့်မြေးများဖြစ်ကြသော အယူခံတရားလိုများက အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အယူခံတရားပြိုင်များသည်ယင်းမြေကွက်ပေါ်၌ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာမရှိဘဲ နေအိမ်အဆောက်အအုံအသီးသီး ဆောက်လုပ်နေထိုင်လျက်ရှိကြောင်း၊

၂၀၀၃
ဒေါ်ခင်လှမူ
ပါ ၄
နှင့်
ဒေါ်စိန်
ပါ ၁၁

အမှတ် (၁) အယူခံတရားပြိုင်ဒေါ်စိန်က အဆိုပါမြေကွက် အစိတ်အပိုင်းများကို ၄င်းအမည်သို့ပြောင်းလဲပေးရန် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနတွင်လျှောက်ထားသဖြင့် အယူခံတရားလိုများက ၂၂-၂-၂၀၀၀ ရက်နေ့တွင် ကန့်ကွက်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍အယူခံတရားပြိုင်တို့က ပိုင်ရှင်ဖြစ်သူအယူခံတရားလိုတို့အား အချင်းဖြစ်မြေကွက်နှင့်စပ်လျဉ်း၍ ဆန့်ကျင်လာခဲ့ကြောင်း၊ အယူခံတရားလိုများက ရှေ့နေမှတစ်ဆင့် အယူခံတရားပြိုင်များထံ မိမိတို့အဆောက်အအုံများဖျက်သိမ်း၍ ဖယ်ရှားထွက်ခွာပေးရန်အကြောင်းကြားခဲ့သော်လည်း အယူခံတရားပြိုင်များကလိုက်နာခြင်းမရှိကြောင်းစသည်ဖြင့် အဆိုပြုသည်။

အမှတ် (၁) အယူခံတရားပြိုင်ဒေါ်စိန်က အချင်းဖြစ်မြေပေါ်တွင်နေအိမ်အခိုင်အမာဆောက်လုပ်နေထိုင်ခဲ့ကြောင်း၊ အချင်းဖြစ်မြေကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်သူများထံမှ ဝယ်ခဲ့ကြောင်း၊ မြေစာရင်းမှတ်တမ်းတွင် မိမိအမည်ပေါက်နေကြောင်း၊ မိမိလက်ထက်မတိုင်မီက နေထိုင်သူကိုပါမည်သူမျှကန့်ကွက်ပြောဆိုခြင်း မရှိကြောင်း၊ အယူခံတရားလိုများစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း ချေပသည်။ အမှတ် (၂) အယူခံတရားပြိုင်ဦးချစ်မောင်ကလည်း မိမိနေအိမ်မှာဦးပိုင်အမှတ် ၈၉ᵃ တွင် ဆောက်လုပ်ထားကြောင်း၊ နှစ်ပေါင်း ၂၀ ကျော်နေထိုင်လာရာ မည်သူမျှကန့်ကွက်ခြင်း မရှိကြောင်း ချေပပြီး အမှတ် (၃) အယူခံတရားပြိုင်ဦးတင်မောင်က အချင်းဖြစ်မြေကို ဒေါ်လှရင်ဆိုသူထံမှ ဝယ်ယူခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့် ကပင် ၃ ပင် × ၂ ပင် ပျဉ်ထောင်၊ ပျဉ်ခင်းနေအိမ်ကို အခိုင်အမာ ဆောက်လုပ်ထားကြောင်းချေပသည်။ ကျန်အယူခံတရားပြိုင်များကလည်း မိမိတို့ဘိုးဘွားလက်ထက်ကပင်နှစ်ပေါင်း ၇၀ ကျော် ၈၀ နီးပါးစဉ်ဆက်မပြတ်နေထိုင်ခဲ့ကြောင်း အသီးသီးချေပကြသည်။

တိုင်းတရားရုံးကအယူခံတရားလိုများသည် အချင်းဖြစ်မြေအတွင်းသို့ အယူခံတရားပြိုင်များမည်သည့်အချိန်က ကျူးကျော်ဝင်ရောက်နေထိုင်သည်ကို တင်ပြနိုင်ခြင်း မရှိကြောင်း၊ တရားမစွဲဆိုမီ ၁၂ နှစ်ကာလအတွင်း မိမိတို့လက်ရှိဖြစ်ကြောင်းကိုလည်း မတင်ပြနိုင်ကြောင်း၊ အယူခံတရားပြိုင်များသည် တရားမစွဲဆိုမီလွန်ခဲ့သော ၁၂ နှစ်ကျော်ကာလအတွင်းကပင် အချင်းဖြစ်မြေ၌ ရောက်ရှိနေထိုင်သည်မှာထင်ရှားကြောင်း၊ သို့ဖြစ်၍အယူခံတရားလိုများ စွဲဆိုသောအမှု

သည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း သုံးသပ်ဆုံးဖြတ်သည်။

၂၀၁၃ ဒေါ်ခင်လှမူ ပါ ၄ နှင့် ဒေါ်စိန် ပါ ၁၁

တရားရုံးချုပ်ကအယူခံတရားပြိုင်များသည် အချင်းဖြစ်ဥပစာသို့ရောက်ရှိနေခြင်းသည် ဒေါ်ဖွားရင်ကိုဖြစ်စေ၊ အယူခံတရားလိုများကိုဖြစ်စေဖယ်ရှား၍နေခြင်းဟုတ် မဟုတ်ကို အယူခံတရားလိုများဘက်မှ သက်သေပြရန်လိုအပ်ကြောင်း၊ အယူခံတရားလိုတို့က အဆိုပါအချက်ကို အဆိုလွှာတွင်ဖော်ပြထားခြင်း မရှိသည့်ပြင် သက်သေကင်ရှားလည်း မပြနိုင်ကြောင်း၊ ထိုသို့သက်သေထင်ရှားမပြနိုင်ဘဲ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်သည်ဟုဆုံးဖြတ်နိုင်မည်မဟုတ်ဘဲ အမှတ်စဉ် ၁၄၂ နှင့်သာသက်ဆိုင်ကြောင်း သုံးသပ်ကာ တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအတည်ပြုခဲ့သည်။

အယူခံတရားလိုများ၏ ရှေ့နေကဒေါ်ဖွားရင်ကိုဖြစ်စေ၊ အယူခံတရားလိုများကိုဖြစ်စေ၊ အယူခံတရားပြိုင်များက အတင်းဖယ်ရှားခဲ့ကြောင်းကိုသော်လည်းကောင်း၊ ဒေါ်ဖွားရင် သို့မဟုတ် အယူခံတရားလိုများက မိမိတို့၏သဘောဆန္ဒအလျောက် လက်ရှိထားခြင်းကိုစွန့်လွှတ်ခဲ့ကြောင်းကိုသော်လည်းကောင်း၊ အဆိုပြုစွဲဆိုသောအမှုမဟုတ်ကြောင်း၊ တစ်ဘက်တွင်အယူခံတရားပြိုင်များဘက်မှလည်း ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၂ ၏ အဓိပ္ပါယ်အရအယူခံတရားလိုများမှာ မြေကိုလက်လွှတ်ခဲ့သည် သို့မဟုတ် မြေလက်ရှိဖြစ်ခြင်းကို မိမိတို့၏သဘောအတိုင်း စွန့်လွှတ်ခဲ့သည်ဟု ချေလွှာတွင်ထုချေထားခြင်း မရှိကြသဖြင့် စွဲဆိုသောအမှုမှာ အမှတ်စဉ် ၁၄၂ ၌ အကျုံးမဝင်ကြောင်း၊ အယူခံတရားပြိုင်များသည် အချင်းဖြစ်မြေကွက်ကြီး၏ပိုင်ရှင် မည်သူမည်ဝါဖြစ်သည်ကိုမသိဘဲ ယခင်ကငှင်းမြေပေါ်တွင်နေထိုင်ခဲ့ဘူးသူ၏အခွင့်အရေးကိုဆက်ခံကာ အဆိုပါမြေကွက်ထွင် ဆက်လက်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ ဒေါ်ဖွားရင်ကမြေကိုအသုံးမပြုဘဲထားရုံမျှဖြင့် မြေလက် လွှတ်သွားခြင်းမဟုတ်ကြောင်း၊ အဆင့်ဆင့်နေထိုင်လာကြသူများသည် မြေပိုင်ရှင်ဒေါ်ဖွားရင်နှင့်ဆက်ခံသူတို့အား မြေမှဖယ်ထုတ်ကာလက်ရှိဖြစ်လာကြောင်းပေါ်ပေါက်မှသာ ဒေါ်ဖွားရင်သည် အမှတ်စဉ် ၁၄၂ ၏ အဓိပ္ပါယ်အရမြေလက်လွှတ်ဖြစ်သွားသည်ဟု ကောက်ယူနိုင်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်နေထိုင်လာသူများသည် ဒေါ်ဖွားရင်၏ပိုင်ဆိုင်ခွင့်ကိုထိပါးကာ မိမိတို့အသီးသီးနေထိုင်သော မြေကိုမိမိတို့

၂၀၀၃
ဒေါ်ခင်လှမူ
ပါ ၄
နှင့်
ဒေါ်စိန်
ပါ ၁၁

အမည်များသို့ ပြောင်းပေးရန်ဖြစ်စေ၊ မြေခွန်ကိုမိမိတို့အမည်ဖြင့် ကောက်ခံရန်ဖြစ်စေ။ တရားမစွဲဆိုမီ (၁၂) နှစ်ကျော်ကာလက အရေးယူဆောင်ရွက်ခြင်းမျိုးမရှိ၍ဒေါ်ဖွားရင်၏ပိုင်ဆိုင်ခွင့်ကို ငြင်းရန်အားထုတ်ခဲ့ခြင်းမရှိခဲ့ကြကြောင်း၊ ဒေါ်ဖွားရင်သည်မြေကို လက်တွေ့အားဖြင့်အသုံးပြုရန် အကြောင်းမရှိ၍ မြေကိုလက်မလွှတ်ဘဲ ကွက်လပ်အဖြစ်ထားခိုက် အဆင့်ဆင့်နေသူများက ဝင်ရောက်နေထိုင်ခြင်းမျှသာဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက အယူခံတရားပြိုင်များသည် အခင်းဖြစ်မြေပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်းများစွာ တစ်ဆက်တည်းနေထိုင်ခဲ့ခြင်းဖြင့် ကာလစည်းကမ်းသတ် (၁၂) နှစ်ကျော်နေထိုင်ခဲ့ကြောင်း၊ အယူခံတရားပြိုင်ဦးချစ်မောင်သည်လည်းကောင်း၊ ဒေါ်စိန်တို့သည်လည်းကောင်း သနပ်ပင်မြို့နယ်မြေစာရင်းဌာနတွင် အမည်ပြောင်းလျှောက်ထားပါသဖြင့် ဦးချစ်မောင်နှင့်ဒေါ်စိန်တို့၏အမည်ပေါက်ပိုင်ဆိုင်ပြီးဖြစ်ကြောင်း၊ အယူခံတရားပြိုင်ဒေါ်စိန်သည် လွန်ခဲ့သော ၁၉၇၇ ခုနှစ်ကတည်းက ရွာလေ့ထုံးစံအရ ဝယ်ယူပိုင်ဆိုင်ခဲ့သောအိမ်နှင့်မြေပေါ်တွင်လက်ရှိနေထိုင်ခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၂၆ နှစ်ကတည်းကတစ်ဆက်တည်းအိမ်ဆောက်ပြီးနေထိုင်ခဲ့ကြောင်း၊ မြေစာရင်းမှတ်တမ်းများတို့တွင် အမည်ပြောင်းပြီးဖြစ်ခြင်း၊ လူမြင်ကွင်းတွင် အထင်အရှားနှစ်ထပ်တိုက်အိမ်ဆောက်ပြီးနေထိုင်ခြင်းများတို့ကို ထောက်ရှုခြင်းအားဖြင့်မူလမြေပိုင်ရှင်ဒေါ်ဖွားရင်သည် မိမိပိုင်မြေကိုလက်လွှတ်ခြင်းနှင့်စွန့်လွှတ်ခြင်းများပြုလုပ်ထားပြီးဖြစ်သောကြောင့်လည်းကောင်း၊ အယူခံတရားပြိုင်များလွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက နေထိုင်ခြင်းမှာလည်း ပေါ်လွင်ပြီးဖြစ်သောကြောင့်လည်းကောင်း ကာလစည်းကမ်းသတ်ဥပဒေအမှတ်စဉ် ၁၄၂ အရနှစ်ပေါင်း (၁၂) နှစ်ကျော်မှ တရားစွဲဆိုလာခြင်းဖြစ်ကြောင်းမှာ ထင်ရှားပေါ်လွင်နေကြောင်း၊ အယူခံတရားပြိုင်များသည် အောက်မြန်မာပြည်မြို့နှင့်ကျေးရွာများအက်ဥပဒေပုဒ်မ ၁၅(၁) အရလက်ရှိထားပိုင်ခွင့် ရရှိပြီးဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲအား စိစစ်ရာတွင် ပဲခူးတိုင်း၊ သနပ်ပင်မြို့၊ ရပ်ကွက်အမှတ် (၄)၊ စက်ကုန်းပိုင်းရပ်ကွက်၊ ဦးပိုင်အမှတ် ၉၀၊ မြေချိန်ဧရိယာ ၀. ၂၇၆၆ ဧကရှိမြေကွက်မှာ သက်ဆိုင်ရာမြေစာရင်းပုံစံ ၁၀၅

၂၀၀၃
ဒေါ်ခင်လှမူ
ပါ ၄
နှင့်
ဒေါ်စိန်
ပါ ၁၁

သက်သေခံအမှတ် (င) အရ ဒေါ်ဖွားရင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း ပေါ်ပေါက်သည်။ ဒေါ်ဖွားရင်နှင့်ခင်ပွန်းဦးအုန်းတို့မှာ ကွယ်လွန်ကြပြီး ဖြစ်သည်။ အမှတ် (၁) အယူခံတရားလိုဒေါ်ခင်လှမူ (ခ) ဒေါ်မူမူမှာ ဒေါ်ဖွားရင်၏သမီးဖြစ်ပြီး ကျန်အယူခံတရားလိုများမှာ ဒေါ်ဖွားရင်၏ မြေးများဖြစ်ကြသည်။ ၎င်းတို့သည်ဒေါ်ဖွားရင်၏အမွေဆက်ခံသူများ ဖြစ်ကြောင်းအမှုတွင်ပေါ်လွင်သဖြင့် အချင်းဖြစ်မြေကွက်ကြီးကို အမွေဆက်ခံပိုင်ဆိုင်ကြသည်။ အယူခံတရားပြိုင်များအနေဖြင့် အချင်းဖြစ် မြေကွက်ပေါ်တွင် ပိုင်ရေးဆိုင်ခွင့်မရှိဘဲနေအိမ်အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခဲ့ကြသဖြင့် အယူခံတရားလိုများက အယူခံတရား ပြိုင်များအား အဆောက်အအုံများကိုဖျက်သိမ်းဖယ်ရှား၍ မြေလက် ရောက်ပေးအပ်စေရန်စွဲဆိုခြင်းဖြစ်သည်။

တိုင်းတရားရုံးကအယူခံတရားလိုဘက်မှ အယူခံတရားပြိုင်များ အပေါ်ယခုအမှုစွဲဆိုသည်မှာ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ စွဲဆို ခြင်းဖြစ်သည်မှာမှန်သလားဟူသော ပဏာမငြင်းချက်ကို ဦးစွာကြားနာ လျက်အမှုကို ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ စွဲဆိုခြင်းဖြစ်ကြောင်း ကောက်ယူသုံးသပ်ကာ အမှုကိုပလပ်ခဲ့သည်။ တရားရုံးချုပ်ကလည်း အယူခံတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၂ နှင့်အကျုံးဝင်ကြောင်း ကောက်ယူ၍မူလရုံး စီရင်ချက်နှင့်ဒီကရီကို အတည်ပြုကြောင်းတွေ့ရသည်။

ထို့ကြောင့်အယူခံတရားလိုများ စွဲဆိုသောအမှုသည် ကာလ စည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၂ နှင့်သက်ဆိုင်ခြင်း ရှိ မရှိ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၂ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်

| စဉ် | တရားမကြီးမှုအမျိုးမည် | ကန့်သတ်သည့် ကာလ | အစပြု၍ရေတွက် ရမည့်အချိန်ကာလ |
|---|---|---|---|
| ၁၄၂ | မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းသည်တရားလို လက်တွင်ရှိနေသည့် အတွင်းလက်လွတ်သွား သည့်အခါသို့တည်းမဟုတ် | ၁၂ နှစ် | လက်လွတ်ဖြစ်သည့် နေ့ရက်က စ၍ သို့တည်းမဟုတ် လက်ရှိဖြစ်ခြင်းကို ဆက်လက်မပြု |

၂၀၀၃
ဒေါ်ခင်လှမူ
ပါ ၄
နှင့်
ဒေါ်စိန်
ပါ ၁၁

| စဉ် | တရားမကြီးမှုမျိုးမည် | ကန့်သတ်သည့်ကာလ | အစပြု၍ရေတွက်ရမည့်အချိန်ကာလ |
|---|---|---|---|
| | လက်ရှိဖြစ်ခြင်းကိုဆက်လက်မပြုသည့်အခါ ထိုပစ္စည်းလက်ရောက်ရလိုမှု | | သည့်နေ့ရက်ကစ၍ |

တရားလိုအဖြစ်တရားစွဲဆိုသူသည် အချင်းဖြစ်မြေကိုလက်ရှိထားစဉ်အခြားသူတစ်ဦးက အတင်းဖယ်ရှားလျှင်သော်လည်းကောင်း၊ မိမိ၏သဘောအတိုင်းထိုလက်ရှိကိုစွန့်လွှတ်လိုက်လျှင်သော်လည်းကောင်း၊ ပြန်လည်လက်ရောက်ရလိုမှုတရားစွဲဆိုသည့်အခါ၌ အမှတ်စဉ် ၁၄၂ အရ ဖယ်ရှားခြင်းခံရသည့်နေ့ သို့တည်းမဟုတ် လက်ရှိစွန့်လွှတ်သည့်နေ့မှ (၁၂) နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း **ဒေါ်ကျင်ငွေး နှင့် ဦးသိန်းတင်ပါ-၅ အမှု**[၁] တွင် ဆုံးဖြတ်ထားသည်။

အချင်းဖြစ်ပစ္စည်းကိုလက်လွှတ်ဖြစ်သွားခြင်းသည် လက်ရှိဖြစ်သောသူကိုအခြားသူတစ်ဦးကအမှန်တကယ်ဖယ်ထုတ်ခြင်းဖြစ်သည်။ လက်မဲ့ဖြစ်စေသူအနေဖြင့် ပြတ်ပြတ်သားသားနှင်ထုတ်ခြင်း၊ ဖယ်ထုတ်ခြင်းမရှိလျှင် လက်လွှတ်ဖြစ်သွားခြင်းမရှိနိုင်ပေ။ ထိုသို့ဖယ်ရှားခြင်း၊ နှင်ထုတ်ခြင်းသည် ပစ္စည်းအပေါ်တွင် သီးသီးသန့်သန့်ထိန်းချုပ်မှုရရန် ရည်ရွယ်ချက်ဖြင့်သာလျှင် ပြုလုပ်ရမည်ဖြစ်သည်။ လက်ရှိဖြစ်သူ၏ဆန္ဒနှင့်ဆန့်ကျင်၍ လက်ရှိဖြစ်သူကိုမောင်းထုတ်ခြင်းကို သက်သေထင်ရှားပြသရန်မှာ အရေးဆိုသူ၏တာဝန်ဖြစ်သည်။ လက်ရှိဖြစ်ခြင်းစွန့်လွှတ်ခြင်းသည်အချင်းဖြစ်ပစ္စည်းကို တစ်ဦးတစ်ယောက်က စွန့်ပစ်လိုသောကြံရွယ်ချက်ဖြင့် အမှန်တကယ်ထွက်ခွာသွားခြင်း၊ ထိုသို့ထွက်ခွာသွားပြီးနောက် အခြားသူကဝင်ရောက်နေခြင်းဖြစ်သည်။

ယခုအမှုတွင် မြေပိုင်ရှင်ဒေါ်ဖွားရင်နှင့်အမွေဆက်ခံသူအယူခံတရားလိုများအား အယူခံတရားပြိုင်များနှင့်၎င်းတို့မတိုင်မီ အဆက်ဆက်နေထိုင်သူတို့က အတင်းဖယ်ရှားကြောင်း၊ မြေပိုင်ရှင်ဒေါ်ဖွားရင်သည်လည်းကောင်း၊ အယူခံတရားလိုများသည်လည်းကောင်း အချင်းဖြစ်မြေမှ လက်ရှိဖြစ်ခြင်းကို စွန့်လွှတ်ကြောင်းအဆိုအချေများအရ ပေါ်ပေါက်ခြင်းမရှိချေ။ ထို့ပြင်အယူခံတရားလိုအနေဖြင့် မိမိပိုင်မြေကို အသုံးမပြုနိုင်မှုဖြင့်လက်လွှတ်ဖြစ်သွားသည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

---

(၁) ၁၉၅၈၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၁၉၅ (၁၉၉၉)

အယူခံတရားပြိုင်တို့က ထုချေရာတွင် အချင်းဖြစ်မြေကို ဒေါ်ဖွားရင်ပိုင်သည်ကိုမသိကြောင်း၊ အယူခံတရားပြိုင်များမတိုင်ခင် နေထိုင်သူများလက်ထက်ကပင် အယူခံတရားလိုများဘက်မှ ၄င်းတို့ပိုင်ဆိုင်ကြောင်းကန့်ကွက်ပြောဆိုမှုမရှိခဲ့ကြောင်း၊ မည်သူပိုင်ဆိုင်သည်ကိုပင် မကြားဘူးပဲ ပိုင်ရှင်ဆိုသူများက အချင်းဖြစ်မြေကွက်ကို မလာဖူးကြောင်း၊ တရားစွဲဆိုမှသာသိရခြင်းဖြစ်ကြောင်း စသည့်ချေပချက်များကိုသာ တွေ့ရပေသည်။

၂၀၀၃ ဒေါ်ခင်လှမူ ပါ ၄ နှင့် ဒေါ်စိန် ပါ ၁၁

**ဦးချစ်ထွန်း နှင့် ဒေါ်ငွေသောင်း၊ ကိုကျော်ကြီးပါ-၂၊ ဒေါ်မြရွှေ အမှု**[၂] တွင် အချင်းဖြစ်မြေပေါ်တွင် ယခုပိုင်ဆိုင်သူတရားလိုသော်လည်းကောင်း၊ ယခင်ပိုင်ဆိုင်သူများသော်လည်းကောင်း နေထိုင်ခြင်းမရှိသဖြင့် ထိုမြေပေါ်မှ တရားလိုကိုသော်လည်းကောင်း၊ ယခင်ပိုင်ဆိုင်သူများကိုသော်လည်းကောင်း တရားပြိုင်များကဖယ်ရှားခြင်းပြုသည်ဟု မဆိုနိုင်သည့်ပြင် ထိုပိုင်ရှင်များသည်အချင်းဖြစ်မြေလက်ရှိကို စွန့်လွှတ်ခဲ့သည်ဟုမဆိုနိုင်ပေ။ ထို့ကြောင့်အချင်းဖြစ်မြေမှ တရားပြိုင်များထွက်ခွာသွားစေရန် စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၂ တွင်အကျုံးမဝင်ပေဟုလမ်းညွှန်ထုံးပြုထားသည်။

အယူခံတရားပြိုင်များအနေဖြင့် မိမိတို့ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်ကြောင်းဖော်ထုတ်ထုချေနိုင်ခြင်းမရှိသည့်ပြင် အချင်းဖြစ်နေအိမ်တွင်နေအိမ်အခိုင်အမာဆောက်လုပ်၍ အဆက်ဆက်နေထိုင်လာရုံမျှဖြင့် မြေပိုင်ရှင်အားဖယ်ရှားသည် သို့မဟုတ် မြေပိုင်ရှင်ကလက်ရှိဖြစ်ခြင်းကို စွန့်လွှတ်သည်ဟုမဆိုနိုင်ပေ။ ထို့ကြောင့်ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၂ နှင့်သက်ဆိုင်ရန် အကြောင်းမရှိချေ။

တစ်ဖန်အယူခံတရားပြိုင်များသည် တရားမစွဲဆိုမီ ၁၂ နှစ်ကျော်ကာလက မိမိတို့အသီးသီးလက်ရှိထားသော မြေကွက်များကိုပိုင်ရှင်အဆက်ဆက်တို့အားဆန့်ကျင်လက်ရှိထား မထားဆိုသည့် ပြဿနာကို စိစစ်ရန်ဖြစ်သည်။

မြေကိုသာမန်လက်ရှိထားခြင်းနှင့်ပိုင်ရှင်အားဆန့်ကျင်၍ လက်ရှိထားခြင်းမှာခြားနားသည်။ ကာလစည်းကမ်းသတ်ပြဿနာနှင့် စပ်လျဉ်း၍သာမန်လက်ရှိထားခြင်းကို စဉ်းစားရန်မလိုဘဲ တရားလိုအားဆန့်ကျင်လက်ရှိထားခြင်းမျိုးကိုသာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

---

(၂) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၄၂

၂၀၀၃
ဒေါ်ခင်လှမူ
ပါ ၄
နှင့်
ဒေါ်စိန်
ပါ ၁၁

ဦးချစ်ထွန်း နှင့် ဒေါ်ငွေသောင်း၊ ကိုကျော်ကြီး ပါ-၂၊ ဒေါ်မြရွှေအမှု[၂] ကိုကြည့်ပါ။

ယခုအမှုတွင် အယူခံတရားပြိုင်များသည် အချင်းဖြစ်မြေကွက်ကို ပိုင်ရှင်မည်သူမည်ဝါဖြစ်သည်ကိုပင်မသိဘဲ ယခင်ကမြေပေါ်တွင်နေထိုင်ခဲ့ဘူးသူတို့၏အခွင့်အရေးကို ဆက်ခံ၍ အဆိုပါမြေကွက်တွင် သာမန်လက်ရှိထား၍ နေထိုင်ခြင်းဖြစ်ပေရာ အယူခံတရားပြိုင်များသည်မြေရှင်အားဆန့်ကျင်လက်ရှိထားသည်ဟုလည်း ဆိုနိုင်မည်မဟုတ်ချေ။

တရားရုံးချုပ်က အယူခံတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၂ အရ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း ကောက်ယူသုံးသပ်ဆုံးဖြတ်ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟုမဆိုနိုင်ချေ။

သို့ဖြစ်၍ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသောပြဿနာကိုအောက်ပါအတိုင်းဖြေဆိုလိုက်သည်-

> " ပိုင်ရှင်လက်ရှိမဟုတ်သော မြေကွက်ထဲသို့ကျူးကျော်ဝင်ရောက်ပြီးနောက် ၁၂ နှစ်ကျော်လွန်ပြီးမှ ပိုင်ရှင်ဖြစ်သောလျှောက်ထားသူများက ကျူးကျော်သူများအား နှင်ထုတ်၍ မြေလက်ရောက်ရလိုကြောင်း စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၂ နှင့် သက်ဆိုင်ကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်းမရှိကြောင်း။"

ထို့ကြောင့်ဤတရားမအထူးအယူခံကိုခွင့်ပြုပြီး ပဲခူးတိုင်းတရားရုံးနှင့်တရားရုံးချုပ်တို့၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်သည်။

ပဲခူးတိုင်းတရားရုံးသည် အယူခံတရားလိုများစွဲဆိုသောအမှုကို မူလအမှတ်ဖြင့်ပြန်လည်ဖွင့်လှစ်၍ ကျန်ငြင်းချက်များကို နှစ်ဖက်သက်သေခံချက်များရယူပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန် တိုင်းတရားရုံးအားညွှန်ကြားလိုက်သည်။

ဤအယူခံတွင် အယူခံတရားလိုများထမ်းဆောင်ထားသော ရုံးခွန်ပြန်အမ်းရန်အတွက် လိုအပ်သည့်သက်သေခံလက်မှတ်ကို အယူခံတရားလိုများအား ထုတ်ပေးစေ။

ရှေ့နေခကျပ် ၃၀၀၀/- သတ်မှတ်သည်။

၂၀၀၃
အောက်တိုဘာလ
၃၁ ရက်

**တရားမအထူးအယူခံမှု**

**တရားရုံးချုပ်တရားသူကြီးချုပ်ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ်ဦးခင်မောင်လတ်နှင့်
တရားသူ ကြီးဦးကျော်ဝင်းတို့ရှေ့တွင်**

**ဒေါ်တုတ်တုတ် ပါ ၄
နှင့်
ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီး ပါ ၃ ***

**မေတ္တာဖြင့်ပေးကမ်းခြင်း၊ ဥပဒေနှင့်အညီချုပ်ဆိုထားသည့် ပေးကမ်းစာချုပ်ကိုအနိုင်အထက်ပြုမှုမတရားသြဇာလွှမ်းမိုးမှု၊ လိမ်လည်မှု သို့မဟုတ် အလွဲပြောဆိုမှုတစ်ခုခုကြောင့် ချုပ်ဆိုခဲ့ရခြင်းဖြစ်၍တရားမဝင်ပါဟု စွပ်စွဲပြောဆိုလာပါက ထိုစွပ်စွဲချက်ကို ထင်ရှားအောင်သက်သေပြရန် မည်သူ့တွင်တာဝန်ရှိသနည်း။ မိဘသည်သားသမီးတစ်ဦးအား ပစ္စည်းပေးကမ်းရာ၌ အမွေပစ္စည်းအားလုံးပေးကမ်းခြင်းမဟုတ်လျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အဆိုပါပစ္စည်းပေးကမ်းခြင်းသည် တရားဝင် မဝင်။**

**ဆုံးဖြတ်ချက်။** ။ အဆိုပါစာချုပ်တွင် ပေးကမ်းသူ လက်ခံသူနှင့်အသိသက်သေ (၃) ဦးလက်မှတ်ရေးထိုးထားသည့်အပြင် မှတ်ပုံတင်ထားရှိသဖြင့် ဥပဒေနှင့်အညီပေးကမ်းသောစာချုပ်တစ်ရပ်ဖြစ်သည်မှာ ပေါ်လွင်သည်။

မူလရုံးတရားလိုက ယင်းစာချုပ်ကိုဦးထွန်းမင်းတို့က မွေးစားမိခင်ကြီးအား ဖြားယောင်းသွေးဆောင်၍ချုပ်ဆိုသည်ဟု အဆိုပြုဖော်ပြထားရာဦးထွန်းမင်းတို့က ယင်းအချက်ကိုငြင်းဆိုထားသည်။ တစ်ဦးတစ်ယောက်သည် မိမိပိုင်ပစ္စည်းကို မိမိသဘောအတိုင်း သူတစ်ပါးအား

---

* ၂၀၀၃ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၆

+ ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၉၉ တွင် ချမှတ်သော ၂၀-၁၂-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

မေတ္တာဖြင့်ပေးကမ်းခဲ့ပါမူ ထိုသို့ပေးကမ်းခြင်းသည် ထိုသူအပေါ်အတည်ဖြစ်သည့်အလျောက် အနိုင်အထက်ပြုမှု၊ မတရားသြဇာလွှမ်းမိုးမှု၊ လိမ်လည်မှု သို့မဟုတ် အလွဲပြောဆိုမှုတစ်ရပ်ကြောင့် မေတ္တာဖြင့်ပေးကမ်းခြင်းပြုသည် စွပ်စွဲလျှင် စွပ်စွဲချက်ထင်ရှားအောင် သက်သေပြရန်တာဝန်မှာ ထိုသူအပေါ်ကျရောက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီး၏ ကြေညာစာတမ်းဖော်ပြချက်အရပင် ဒေါ်သောင်းသည် ဦးပိုင်အမှတ် ၂၀။ မြေကွက်နှင့်မြေကွက်ပေါ်ရှိအဆောက်အအုံကို ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့အား မပေးကမ်းမီ ဒေါ်စိန်စိန်ဝင်း (ခ) မလှကြီးအမည်လွှဲပြောင်းရယူသောအထက်ဖော်ပြပါဦးပိုင်အမှတ် ၂၉ မြေကွက်နှင့် အဆောက်အအုံသည် ဒေါ်သောင်း၏အမွေဆိုင်ပစ္စည်းအဖြစ် တည်ရှိနေကြောင်းထင်ရှားပေါ်လွင်သည်။ ဤသို့ဆိုလျှင် ဒေါ်သောင်းသည်မိမိပိုင်ပစ္စည်းများအနက် ဦးပိုင်အမှတ် ၂၀ မြေကွက်နှင့် အဆောက်အအုံကို ဦးထွန်းမင်းတို့အားပေးကမ်းခဲ့ခြင်းဖြစ်ရာ အမွေပစ္စည်းအားလုံးပေးကမ်းသည်ဟုကောက်ယူ၍မရနိုင်ပေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသဖြင့် အဆိုပါပစ္စည်းပေးကမ်းခြင်းသည် တရားဝင်တည်မြဲလျက်ရှိသည်။

အယူခံတရားလိုများအတွက် - ဦးဇမာ
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်များအတွက် - (၁) ဦးထိန်လင်း
(တရားရုံးချုပ်ရှေ့နေ)
(၂ နှင့် ၃) ဦးတိုး
(တရားရုံးချုပ်ရှေ့နေ)

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀ တွင် ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးက ဦးထွန်းမင်းပါ-၆ ဦးတို့အပေါ်အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ ပလပ်ခြင်းခံရသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးကကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ် ( မန္တလေးရုံးထိုင် ) တွင်

၂၀၀၂
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (၁)
ဒေါ်လှကြီး
ပါ ၉

၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၉၉ အရအယူခံဝင်ရောက်ရာ တရားရုံးချုပ်က မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်စိန်စိန်ဝင်းသည် အမွေပုံပစ္စည်း၏ ၃ ပုံ ၁ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ဒေါ်တုတ်တုတ်ပါ-၄ ဦးတို့က မကျေနပ်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာကိုအထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " တရားရုံးချုပ်က မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံရပ်ကွက်၊ အကွက်အမှတ် ၆၀၄၊ ဦးပိုင်အမှတ် ၂၀ ဘိုးဘွားပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကို ဒေါ်သောင်းက ဦးထွန်းမင်းနှင့် ဒေါ်ဝါဝါတို့အား မှတ်ပုံတင်စာချုပ်အမှတ် ၁၄၃၂/၉၄ ဖြင့် ပေးကမ်းမှုသည်အတည်မဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်၍ ဒေါ်သောင်းကျန်ရစ်သောအမွေပုံပစ္စည်းဖြစ်သည်ဟုသတ်မှတ်ကာ ပဏာမဒီကရီချမှတ်ပေးခဲ့ခြင်းသည် ဥပဒေအရမှန်ကန်ခြင်း ရှိ မရှိ။"

အဆိုလွှာအရ မူလရုံးတရားလိုက ၄င်းသည်ကွယ်လွန်သူဦးကိုလေး၊ ဒေါ်သောင်းတို့မှမွေးဖွားသည့် တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၊ ဦးကိုလေးကွယ်လွန်ပြီးနောက်ဒေါ်သောင်းသည် ၁၃-၁၀-၉၇ နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးကိုလေးနှင့်ဒေါ်သောင်းတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း၊ ဒေါ်သောင်းသည်ဦးထွန်းမင်းနှင့် ဒေါ်ဝါဝါတို့ကိုကိတ္တိမသားသမီးများအဖြစ်မွေးစားခြင်း၊ ထို့နောက်ပိုင်းတွင် တရား လိုကသိရှိခဲ့ကြောင်း၊ ဒေါ်သောင်းမကွယ်လွန်မီ ဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့သည် ဒေါ်သောင်းအားဖြားယောင်း သွေးဆောင်ပြီး ချမ်းအေးသာစံ မြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်၊ အကွက်အမှတ် ၆၀၄၊ ဦးပိုင်အမှတ် ၂၀၊ ဘိုးဘွားပိုင်မြေနှင့် မြေပေါ်ရှိ တိုက်တို့ကို ပေးကမ်းသည့်အပေးစာချုပ် ကို ၅-၈-၉၄ နေ့တွင် ပြုလုပ် သွားခဲ့ကြောင်း၊ အပေးစာချုပ်သည် သမီးအရင်းကို အမွေဆုံးရှုံးမှုဖြစ်စေသဖြင့် ဥပဒေအရတည်မြဲခိုင်မာသည့် ပေးကမ်းမှုမမြောက်ကြောင်း၊ ထိုပစ္စည်း

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လုံကြီး
ပါ ၉

မှာမိခင်ကွယ်လွန်သည့်အချိန်ကစ၍ အမွေပစ္စည်းအဖြစ်တည်ရှိလာကြောင်း၊ တရားပြိုင်ဒေါ်တုတ်တုတ်သည် အချင်းဖြစ်ဥပစာတွင် ငှားရမ်းနေထိုင်သူဖြစ်ပြီး တရားပြိုင်ဒေါ်တင်တင်အေးသည် ဒေါ်တုတ်တုတ်အား အမှီပြုလျက်နေထိုင်သူဖြစ်ကြောင်း၊ ဦးထွန်းမင်းနှင့် ဒေါ်ဝါဝါတို့သည် အချင်းဖြစ်မြေနှင့် အဆောက်အအုံကိုဒေါ်တုတ်တုတ်၊ ဒေါ်တင်တင်အေး၊ ဦးသောင်းတင်နှင့် ဦးဝင်းမောင်တို့အား သိန်း ၃၀ကျပ်တိတိဖြင့် လွှဲပြောင်းရောင်းချပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ယာယီစာချုပ်အမှတ် ၇၁၃/၂၀၀၀ ဖြင့် မှတ်ပုံတင်ပေးရန် တင်သွင်းထားသည်ဟုသိရှိရကြောင်း၊ ထိုသို့ရောင်းချခြင်းမှာ ဥပဒေနှင့်အညီမဟုတ်ပဲ အချင်းချင်းနားလည်မှုရယူ၍ အရောင်းအဝယ်ပြုလုပ်ခြင်းသာဖြစ်ကြောင်း၊ ဒေါ်သောင်းကွယ်လွန်ချိန်တွင် ထိုမြေနှင့် အဆောက်အအုံသည် အမွေပစ္စည်းအဖြစ်တည်ရှိကြောင်း၊ ယင်းသို့ စာချုပ်စာတမ်းဖြင့် လွှဲပြောင်းခြင်းသည် ဥပဒေအရတည်မြဲနိုင်မာခြင်း မရှိသည့်ပြင် တရားလိုအပေါ်တွင် အကျိုးသက်ရောက်ခြင်းမရှိကြောင်း၊ အချင်းဖြစ်မြေနှင့် အဆောက်အအုံတွင် တရားလိုသည် အမွေဝေစု ၃ ပုံ ၁ ပုံ ရထိုက်ကြောင်းစသည်ဖြင့်အဆိုပြုသည်။

မူလရုံးတရားပြိုင်ဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့က ၅-၈-၉၄ နေ့စွဲပါ မှတ်ပုံတင်အပေးစာချုပ်မှာ ဒေါ်သောင်းအား ဖြားယောင်းသွေးဆောင်၍ချုပ်ဆိုခြင်းမဟုတ်ကြောင်း၊ မွေးစားမိခင်ဒေါ်သောင်း၏ သဘောဆန္ဒအရ တရားလိုအားအသိမပေးဘဲပေးကမ်းခဲ့ခြင်းကို ၎င်းတို့ကလိုက်နာဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ဒေါ်သောင်းကွယ်လွန်ပြီးနောက်ထိုမြေနှင့်အဆောက်အအုံတွင် တရားလိုနှင့်၎င်းတို့သည် အမွေဆိုင်အဖြစ်အတူနေထိုင်ခဲ့ကြကြောင်း၊ တရားလိုနှင့်မိမိတို့က ထိုမြေနှင့် အဆောက်အအုံကိုလက်ရောက်ပေးအပ်ခြင်းမရှိပဲ အပေါင်ထားရှိလျက် ဦးသောင်းတင်ထံမှ ငွေသိန်း ၃၀ကိုမူရာခိုင်နှုန်းဖြင့် ချေးယူခဲ့ရာ ဦးသောင်းတင်၏သဘောဆန္ဒအတိုင်း. ဟန်ဆောင်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုပေးခဲ့ရကြောင်း ချေးငွေနှင့်အတိုးများကိုပေးဆပ်နိုင်ခြင်းမရှိ၍လည်းကောင်း၊ မိမိတို့က ဒေါ်တုတ်တုတ်ထံမှလည်း ငွေများချေးယူထားပြီး ပြန်မဆပ်နိုင်၍လည်းကောင်း၊ ၆-၇-၂၀၀၀ ရက်စွဲပါ ယာယီမှတ်ပုံတင်စာချုပ် ၇၁၃/၂၀၀၀ ကိုအရောင်းအဝယ်ဟန်ဆောင်စာချုပ်အဖြစ် မိမိတို့ကရောင်းသူအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ပြီး

ဒေါ်တုတ်တုတ်၊ ဒေါ်တင်တင်အေးနှင့်ဦးသောင်းတင်တို့က ဝယ်သူအဖြစ် လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ၇-၃-၂၀၀၁ နေ့တွင် ချေးငွေနှင့်အတိုးများကိုမပေးဆပ်နိုင်၍ ထိုမြေနှင့်အဆောက်အအုံကို အပေါင်အဖြစ်ဖြင့် ဒေါ်တုတ်တုတ်၊ ဒေါ်တင်တင်အေး၊ ဦးသောင်းတင်နှင့်ဦးဝင်းမောင်တို့အား မိမိတို့ကတရားလိုအားအသိမပေးဘဲ လက်ရောက်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းစသည်ဖြင့်ချေပသည်။

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

မူလရုံးတရားပြိုင် ဒေါ်တုတ်တုတ်၊ ဒေါ်တင်တင်အေး၊ ဦးသောင်းတင်နှင့်ဦးဝင်းမောင်တို့က ဒေါ်သောင်းအနေဖြင့် ဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့အားပေးကမ်းသည့်စာချုပ်သည် တရားဥပဒေနှင့်အညီပြုလုပ်ချုပ်ဆိုထားသည့်စာချုပ်ဖြစ်ကြောင်း၊ ဒေါ်သောင်းကွယ်လွန်ချိန်တွင် အချင်းဖြစ်မြေနှင့်အိမ်သည်အမွေပစ္စည်းဟု ကောက်ယူ၍မရကြောင်း၊ ဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့သည် မိမိတို့အားအချင်းဖြစ်အိမ်နှင့်မြေကိုလွှဲပြောင်းရောင်းချသဖြင့် ထိုစာချုပ်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်ပေးရန်အတွက် တင်သွင်းထားရာ ယာယီစာချုပ်အမှတ် ၇၁၃/၂၀၀၀ အရလက်ခံထားရှိပြီးဖြစ်ကြောင်း၊ မိမိတို့သည် အချင်းဖြစ်ပစ္စည်းကို ကာလတန်ဘိုးဖြင့် ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်း၊ ထိုပစ္စည်းကို လွှဲပြောင်းရောင်းချသည့် စာချုပ်သည် တရားဥပဒေနှင့်ညီညွတ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့ပိုင်ဆိုင်သည့်ပစ္စည်းဖြစ်နေကြောင်းချေပသည်။ တိုင်းတရားရုံးကဒေါ်သောင်းကွယ်လွန်သောအခါ အမွေဆိုင်တစ်ဦးဖြစ် သောဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးကအမွေ ပစ္စည်းဖြစ်သည့် အောင်နန်းရိပ်သာအရှေ့အကွက်အမှတ် ၅၇၃ ဦးပိုင် အမှတ် ၂၉ ကိုပိုင်ဆိုင်ကြောင်း မြွတ်ဟကြေညာစာတမ်းပြုလုပ်ပြီး အမည်ပြောင်းရယူခဲ့ကြောင်း၊ ဒေါ်သောင်းက ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့ကို အချင်းဖြစ်မြေကွက်နှင့် တိုက်ပေးကမ်းသည့်စာချုပ်မှာ တရားဝင်အတည်ဖြစ်ကြောင်း၊ ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့က အချင်းဖြစ်မြေနှင့်တိုက်ကို ဒေါ်တုတ်တုတ်တို့အား တရားဝင်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်ပစ္စည်းအပေါ် ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးအနေဖြင့် အရေးဆိုခွင့်မရှိကြောင်းသုံးသပ်၍ အမှုကိုပလပ်ခဲ့သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဒေါ်သောင်းကွယ်လွန်ချိန်တွင် မန္တလေးမြို့အောင်နန်းရိပ်သာအရှေ့ အကွက်အမှတ် ၅၇၃၊

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

ဦးပိုင်အမှတ် ၂၉ မြေကွက်နှင့်ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့အားပေးကမ်းခဲ့သည့်အချင်းဖြစ်မြေနှင့်အိမ်တို့မှာ အမွေဆိုင်ပစ္စည်းအဖြစ်ကျန်ရစ်သဖြင့် အချင်းဖြစ်ပစ္စည်းပေးကမ်းခြင်းမှာ တရားဝင်ကြောင်းဖြင့်မူလရုံးကသုံးသပ်ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်းမရှိကြောင်း၊ ယင်းပစ္စည်းမှာ အမွေရှင်ဒေါ်သောင်းပိုင်ပစ္စည်းအဖြစ်တည်ရှိကြောင်း၊ သို့ဖြစ်၍ ဒေါ်စိန်စိန်ဝင်းသည် ဒေါ်သောင်း၏ကိတ္တိမမွေးစားသမီးများဖြစ်ကြသော ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့နှင့်အတူ ယင်းပစ္စည်းအပေါ်တွင် အညီအမျှရထိုက်ခွင့်ရှိကြောင်း သုံးသပ်ဆုံးဖြတ်သည်။

အယူခံတရားလိုများ၏ရှေ့နေက မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူဒေါ်သောင်းသည် ခင်ပွန်းဦးကိုလေး၏နောက်မှ ကွယ်လွန်ခဲ့ပြီး၄င်းတွင်သမီးရင်း ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးနှင့်ကိတ္တိမမွေးစားသားသမီးဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့ ၃ ဦးရှိခဲ့ကြောင်း၊ ၄င်းမကွယ်လွန်မီကမိဘနှစ်ပါးထံမှအမွေဆက်ခံပိုင်ဆိုင်သည့် မန္တလေးမြို့၊ အောင်နန်းရိပ်သာအရှေ့ရပ်၊ အကွက် (၅၇၃) ဦးပိုင် ၂၉ ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံတို့အပြင် ကိတ္တိမသားသမီးများသို့ပေးခဲ့ သောချမ်းအေးသာစံ၏အရှေ့ရပ်၊ အကွက် (၆၀၄)၊ ဦးပိုင် (၂၀) ဟုခေါ် တွင်သောမြေနှင့်အဆောက်အအုံတို့ကို ပိုင်ဆိုင်ခဲ့ကြောင်း၊ ၄င်းတို့အနက် ချမ်းအေးသာစံအရှေ့ရပ်၊ အကွက်အမှတ် (၆၀၄)၊ ဦးပိုင် (၂၀) ဟုခေါ်တွင်သောမြေနှင့်မြေပေါ်ရှိ အဆောက်အအုံကို မှတ်ပုံတင်အပေးစာချုပ်အမှတ် ၁၄၃၂/၉၄ ဖြင့်မွေးစားသားသမီးများသို့ ၅-၈-၉၄ နေ့ကပေးကမ်းခဲ့ကြောင်း၊ ဒေါ်သောင်းကွယ်လွန်ပြီးနောက် အောင်နန်းရိပ်သာအရှေ့ရပ်၊ အကွက်အမှတ် (၅၇၃)၊ ဦးပိုင် (၂၉) ဟုခေါ်သောမြေကို ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးက အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာတမ်းဖြင့် အမည်ပြောင်းထားကြောင်း၊ ထို့ကြောင့်ဒေါ်သောင်းသည် မိမိမကွယ်လွန်မီက သမီးရင်းတစ်ဦးဖြစ်သည့် ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးအား အမွေဆက်ခံမှုဆုံးရှုံးလောက်အောင်ရှိသည့်ပစ္စည်းအားလုံးကို မွေးစားသားနှင့်သမီးအားပေးကမ်းခဲ့ခြင်းမဟုတ်ကြောင်း၊ အဆိုပါပေးကမ်းမှုမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပျက်ပြယ်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ တရားရုံးချုပ်ကပေးကမ်းမှုမှာအတည်မဖြစ်ကြောင်း ကောက်ယူ၍ စာချုပ်ပါပစ္စည်းကိုအမွေပုံအဖြစ်သတ်မှတ်ကာခွဲဝေယူရန်အမိန့်ချခဲ့ခြင်းသည် မှန်ကန်မှု

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

မရှိကြောင်းလျှောက်လဲသည်။

အမှတ် (၁) အယူခံတရားပြိုင်ရှေ့နေက မိခင်ဒေါ်သောင်း အနေဖြင့် ဦးထွန်းမင်းတို့ကိုမွေးစားချိန်က သမီးရင်းဒေါ်စိန်စိန်ဝင်းမှာ ဖခင်ဦးကိုလေး၏အမွေဆိုင်တစ်ဦးအဖြစ်ကျန်ရှိနေသည်ဆိုသည့် အချက်မှာမြန်မာဓလေ့ထုံးတမ်းအရ အငြင်းမပွားနိုင်ကြောင်း၊ ထိုသို့ ဆိုလျှင်မိခင်ဒေါ်သောင်းတစ်ဦးတည်း၏ဆန္ဒဖြင့် ပေးကမ်းခဲ့ခြင်းမှာ တရားမဝင်ကြောင်း၊ ဒေါ်စိန်စိန်ဝင်းအမည်ပြောင်းယူခဲ့သည်ဆိုသည့် ကျောက်ဝင်းရပ်ရှိ မြေကွက်မှာ ဒေါ်စိန်စိန်ဝင်းအိမ်ထောင်ကျစဉ် အဘွားဖြစ်သူဒေါ်မှိုက လက်ဖွဲ့အဖြစ်ပေးကမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ဒေါ်သောင်းတွင် အခြားအမွေဆိုင်ပစ္စည်းရှိသည်ဟု ကောက်ယူရန်မသင့်ကြောင်း၊ ယခုအချင်းဖြစ်မြေနှင့်အဆောက်အအုံသာ အမွေပစ္စည်းအဖြစ်ကျန်ရစ်ကြောင်း၊ တရားရုံးချုပ်ကယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိအဆောက်အအုံတို့ကို ဒေါ်သောင်းကဦးထွန်းမင်းနှင့် ဒေါ်ဝါဝါတို့အား မှတ်ပုံတင်စာချုပ်အမှတ် ၁၄၃၂/၉၄ ဖြင့်ပေးကမ်းမှုသည် အတည်မဖြစ်ကြောင်းကောက်ယူ၍ ဒေါ်သောင်းကျန်ရစ် သော အမွေပုံပစ္စည်းဖြစ်သည်ဟု သတ်မှတ်ကာပဏာမဒီကရီချမှတ်ပေးခဲ့ခြင်းသည်ဥပဒေအရမှန်ကန်ကြောင်းလျှောက်လဲသည်။

အမှတ် (၂) (၃) အယူခံတရားပြိုင်များ၏ရှေ့နေက အယူခံတရားပြိုင်ဦးထွန်းမင်းနှင့် ဒေါ်ဝါဝါတို့ မောင်နှမနှစ်ဦးတို့အား ဒေါ်သောင်းကမကွယ်လွန်မီကတည်းက အတူနေထိုင်လာခဲ့ပြီး ကိတ္တိမသားသမီးများအဖြစ်မွေးစားခဲ့ကြောင်း မိခင်ဒေါ်သောင်းစိတ်ကျေနပ်ရန်အတွက် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၆၀၄) ဘိုးဘွားပိုင်မြေကွက်နှင့်တိုက်တို့ကို ပေးကမ်းခဲ့သည်ကိုဟန်ဆောင်လက်ခံခဲ့ခြင်းသာဖြစ်ကြောင်း၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာရပ်ကွက်အတွင်းရှိ အကွက်အမှတ် (၅၇၃)၊ ဦးပိုင်အမှတ် (၂၉) မြေကွက်မှာလည်း အဖွားဖြစ်သူဒေါ်မှိုက မြေးဖြစ်သူဒေါ်စိန်စိန်ဝင်းကို ပေးအပ်ခဲ့သောပစ္စည်းဖြစ်ပြီး အမွေဆိုင်ပစ္စည်းမဟုတ်ကြောင်း၊ အကွက်အမှတ် (၆၀၄)၊ ဦးပိုင်အမှတ် (၂၀) ဘိုးဘွားပိုင်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိအဆောက်အအုံတို့ကို ဒေါ်သောင်းကျန်ရစ်သော အမွေပုံပစ္စည်းဖြစ်သည်ဟု သတ်မှတ်ကာ ပဏာမဒီကရီချမှတ်ပေးခဲ့ခြင်းသည် ဥပဒေအရမှန်ကန်ကြောင်း၊ တရား

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

ရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်ကို ဆက်လက်အတည်ပြုသင့်ကြောင်း လျှောက်လဲသည်။

မူလရုံးတရားလိုဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးမှာ ကွယ်လွန်သူဦးကိုလေး၊ ဒေါ်သောင်းတို့မှမွေးဖွားခဲ့သည့် တစ်ဦးတည်းသောသမီးဖြစ်သည်။ ဦးကိုလေးကွယ်လွန်ပြီးနောက် ဒေါ်သောင်းကဦးထွန်းဝင်းနှင့် ဒေါ်ဝါဝါတို့အားမွေးစားခဲ့ကြောင်းမှာ တရားလို၏အဆိုလွှာအရလည်းကောင်း၊ ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့၏ဖြောင့်ဆိုဝန်ခံချက်အရ လည်းကောင်း အငြင်းပွားမှုမရှိပေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်သောင်းကွယ်လွန်ချိန်တွင် အမွေခွဲဝေရန်ပစ္စည်းကျန်ရှိနေလျှင် ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီး၊ ဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့သည် အညီအမျှရရှိမည်ဖြစ်သည်။

တရားလိုဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးကဒေါ်သောင်းသည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၆၀၄၊ ဦးပိုင်အမှတ် ၂၀ ဟုခေါ်တွင်သော ဘိုးဘွားပိုင်မြေနှင့်မြေပေါ်ရှိတိုက်တို့ကို ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့အား စာချုပ်ချုပ်ဆိုပေးကမ်းခဲ့ကြောင်း၊ ယင်းသို့အပေးစာချုပ်ချုပ်ဆိုစဉ်က ဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့က ဒေါ်သောင်းအားဖြားယောင်းသွေးဆောင်ခဲ့ကြောင်း၊ ဒေါ်သောင်းအနေဖြင့်သမီးအရင်းဖြစ်သူမိမိအား အမွေဆုံးရှုံးစေရန်ရည်ရွယ်၍ပစ္စည်းအားလုံးပေးကမ်းခြင်းဖြစ်သဖြင့် ယင်းအပေါ်စာချုပ်မှာဥပဒေအရတည်မြဲခိုင်မာခြင်းမရှိကြောင်း၊ သို့ဖြစ်၍အချင်းဖြစ်မြေနှင့်တိုက်သည်အမွေဆိုင်အဖြစ်တည်ရှိနေကြောင်း အဆိုပြုတင်ပြသည်။

ထို့ကြောင့်ယင်းသို့ပေးကမ်းခြင်းသည် တရားဝင်အတည်ဖြစ်မဖြစ် စိစစ်ရန်ဖြစ်သည်။

အမွေရှင်ဒေါ်သောင်းက အချင်းဖြစ်ဦးပိုင်အမှတ် ၂၀ မြေကွက်နှင့်မြေကွက်ပေါ်ရှိအဆောက်အအုံများကို ၅-၈-၉၄ ရက်နေ့တွင် မှတ်ပုံတင်အပေးစာချုပ်အမှတ် ၁၄၃၂/၉၄ အရ ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့အားပေးကမ်းခဲ့သည်။

မေတ္တာဖြင့်ပေးကမ်းခြင်းနှင့်စပ်လျဉ်း၍ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၂၂ နှင့် ၁၂၃ တို့တွင်အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

ပုဒ်မ ၁၂၂။ မေတ္တာဖြင့် ပေးကမ်းခြင်းဆိုသည်မှာ လက်ရှိရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့မ

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

ပြောင်းနိုင်သည့်ပစ္စည်းတစ်ခုကို ပေးသူခေါ်တွင် သူက ရယူသူခေါ်တွင်သူသို့ အဖိုးစားနားမရှိဘဲ အလိုအလျောက် လွှဲပြောင်းပေးရာ ရယူသူက ဖြစ်စေ၊ ၎င်းအတွက်ဖြစ်စေ လက်ခံရယူခြင်း ဖြစ်သည်။

ပုဒ်မ ၁၂၃။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို မေတ္တာဖြင့် ပေးလျှင် အနည်းဆုံးသက်သေနှစ်ဦးနှင့်ပေးသူ ကဖြစ်စေ၊ ပေးသူအတွက်ဖြစ်စေ လက်မှတ် ရေးထိုးထားသည့် မှတ်ပုံတင်စာချုပ်ဖြင့် လွှဲ ပြောင်းပေးရမည်။

အဆိုပါစာချုပ်တွင် ပေးကမ်းသူ လက်ခံသူနှင့်အသိသက်သေ (၃) ဦးလက်မှတ်ရေးထိုးထားသည့်အပြင် မှတ်ပုံတင်သားရှိသဖြင့် ဥပဒေ နှင့်အညီပေးကမ်းသောစာချုပ်တစ်ရပ်ဖြစ်သည်မှာ ပေါ်လွင်သည်။

မူလရုံးတရားလိုကယင်းစာချုပ်ကို ဦးထွန်းမင်းတို့က မွေးစား မိခင်ကြီးအားဖြားယောင်းသွေးဆောင်၍ ချုပ်ဆိုသည်ဟု အဆိုပြုဖော်ပြ ထားရာဦးထွန်းမင်းတို့က ယင်းအချက်ကိုငြင်းဆိုထားသည်။ တစ်ဦး တစ်ယောက်သည်မိမိပိုင်ပစ္စည်းကို မိမိသဘောအတိုင်း သူတစ်ပါးအား မေတ္တာဖြင့်ပေးကမ်းခဲ့ပါမူ ထိုသို့ပေးကမ်းခြင်းသည် ထိုသူအပေါ်အတည် ဖြစ်သည့်အလျောက် အနိုင်အထက်ပြုမှု၊ မတရားသြဇာလွှမ်းမိုးမှု၊ လိမ် လည်မှု သို့မဟုတ် အလွဲပြောဆိုမှုတစ်ရပ်ကြောင့် မေတ္တာဖြင့်ပေးကမ်း ခြင်းပြုသည်စွပ်စွဲလျှင် စွပ်စွဲချက်ထင်ရှားအောင်သက်သေပြရန်တာဝန် မှာထိုသူအပေါ်ကျရောက်သည်။

အမှုတွင်တရားလို၏အဆိုလွှာအရပင် အချင်းဖြစ်မြေနှင့်တိုက် ပေးကမ်းသည်ကို တရားလိုကနောက်မှသိရခြင်းဖြစ်ရာ ဒေါ်သောင်းက ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့အား အချင်းဖြစ်မြေနှင့်တိုက်ပေးကမ်းချိန်တွင် ဦးထွန်းမင်းတို့ကမည်သို့ဖြားယောင်းသွေးဆောင်ခဲ့ကြောင်း၊ မည်သို့ မနလျော်သြဇာသုံးကြောင်း၊ တရားလိုအနေဖြင့်သိရှိနိုင်မည်မဟုတ်ပေ။ ထို့ပြင်ပေးကမ်းစာချုပ်ပျက်ပြယ်စေနိုင်သည့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၉၊ ၁၉(က) တို့နှင့်ငြိစွန်းသောအချက်ကိုလည်း တရားလိုကတင်ပြနိုင် ခြင်းမရှိချေ။

တစ်ဖန်မိဘသည် သားသမီးတစ်ဦးအားအခြားအမွေဆိုင်များ

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

အမွေဆက်ခံခွင့်ဆုံးရှုံးလောက်အောင်ရှိသမျှပစ္စည်းအားလုံးကို ပေးကမ်းခြင်းဖြစ်ပါက မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်ဆန့်ကျင်သည်။ ထိုသို့ ပေးကမ်းခြင်းမှာပျက်ပြယ်ပြီး ပေးကမ်းသည့်ပစ္စည်းကိုအမွေပစ္စည်းအဖြစ်မှတ်ယူကာ အမွေဆိုင်အချင်းချင်းခွဲဝေယူရန်အတွက် အမွေပုံတွင် ထည့်သွင်းရန်ဖြစ်သည်။ **ဒေါ်သိုင်း နှင့် ဒေါ်ငွတ်အမှု** [၁] **ဒေါ်လွန်း ပါ ၅ နှင့် ဒေါ်သိန်းရင်အမှု** [၂] ကိုကြည့်ပါ။

ယခုဒေါ်သောင်းက ဦးထွန်းမင်းတို့အား အချင်းဖြစ်ပစ္စည်းများ ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်ဆန့်ကျင်ခြင်း ရှိ မရှိ၊ ပေးကမ်းခြင်း ပျက်ပြယ်ခြင်း ရှိ မရှိ ဆက်လက်စဉ်စားရန်ဖြစ်သည်။

ဒေါ်သောင်းကွယ်လွန်ပြီးနောက် ဒေါ်စိန်စန်ဝင်း (ခ) ဒေါ်လှကြီးသည်မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့၊ အကွက်အမှတ် ၅၇၃၊ ဦးပိုင်အမှတ် ၂၉ ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းသက်သေခံအမှတ် (၁) အရ မိမိအမည်သို့လွှဲပြောင်း၍ရယူခဲ့သည်။

ယင်းကြေညာစာတမ်းတွင် အဆိုပါဘိုးဘွားပိုင်မြေကွက်ကို ဦးထွန်း၊ ဒေါ်မှိုတို့ပိုင်ဆိုင်ကြောင်း၊ ဦးထွန်း၊ ဒေါ်မှိုတို့မှဒေါ်သောင်းတို့ မွေးဖွားခဲ့ရာတစ်ဦးတည်းသောအမွေစားအမွေခံသမီးအရင်းဖြစ်ကြောင်း၊ ဒေါ်သောင်းမှာဦးကိုလေးနှင့်အိမ်ထောင်ကျပြီး မစိန်စိန်ဝင်း (ခ) မလှကြီးကိုမွေးဖွားကြောင်း ဦးထွန်း၊ ဒေါ်မှို၊ ဦးကိုလေး၊ ဒေါ်သောင်းတို့မှာ အဆိုပါမြေပေါ်တွင် နေထိုင်ခဲ့ကြောင်း၊ ဦးထွန်း၊ ဒေါ်မှို၊ ဦးကိုလေး၊ ဒေါ်သောင်းတို့ကွယ်လွန်ကြပြီးဖြစ်၍ အဆိုပါမြေနှင့်အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို တစ်ဦးတည်းသောအမွေစား အမွေခံသမီးအရင်းဖြစ်သည့် မစိန်စိန်ဝင်း (ခ) မလှကြီးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစသည်ဖြင့် ဖော်ပြထားသည်။

ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီး၏ ကြေညာစာတမ်းဖော်ပြချက် အရပင်ဒေါ်သောင်းသည် ဦးပိုင်အမှတ် ၂၀ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံကို ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့အား မပေးကမ်းမီ ဒေါ်စိန်စိန်ဝင်း (ခ) မလှကြီးအမည်လွှဲပြောင်းရယူသော အထက်ဖော်ပြပါဦးပိုင်အမှတ် ၂၉ မြေကွက်နှင့်အဆောက်အအုံသည် ဒေါ်သောင်း၏

(၁) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်) စာ-၄၇၀

(၂) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၄၉

အမွေဆိုင်ပစ္စည်းအဖြစ်တည်ရှိနေကြောင်း ထင်ရှားပေါ်လွင်သည်။ ဤသို့ဆိုလျှင်ဒေါ်သောင်းသည် မိမိပိုင်ပစ္စည်းများအနက်ဦးပိုင်အမှတ် ၂၀ မြေကွက်နှင့်အဆောက်အအုံကို ဦးထွန်းမင်းတို့အားပေးကမ်းခဲ့ခြင်း ဖြစ်ရာ အမွေပစ္စည်းအားလုံးပေးကမ်းသည်ဟုကောက်ယူ၍မရနိုင်ပေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသဖြင့် အဆိုပါပစ္စည်း ပေးကမ်းခြင်းသည် တရားဝင်တည်မြဲလျက်ရှိသည်။

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

မှတ်ပုံတင်စာချုပ်အရပေးကမ်းပြီး ၂ နှစ်ခန့်အကြာတွင် ဒေါ်စိန်စိန်ဝင်း (ခ) ဒေါ်လှကြီးကအချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ လွှဲပြောင်းခြင်းမပြုရန် ၃-၂-၉၆ ရက်နေ့ထုတ် ရတနာပုံသတင်းစာတွင် ကြေညာခဲ့ရာဒေါ်သောင်းက ရှေ့နေကမှတစ်ဆင့် ၇-၂-၁၉၉၆ ရက်နေ့ ထုတ်ရတနာပုံသတင်းစာတွင် အောက်ပါအတိုင်းပြန်လည်ရှင်းလင်း ကြေညာခဲ့သည်-

" ဒေါ်သောင်း (၉/မရမ (နိုင်) ဝ၆၃၃၆၀) တွင် သမီး ဒေါ်စိန်စိန်ဝင်းနှင့်ကိတ္တိမသားဦးထွန်းမင်း၊ သမီးဒေါ်ဝါဝါ တို့ရှိရာဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့ကသာလျှင် မန္တလေး ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်၊ အကွက်အမှတ် ၆ဝ၄၊ ဦးပိုင်အမှတ် ၂၀၊ မြေနှင့် အဆောက်အအုံတွင် ဒေါ်သောင်းနှင့်အတူ နေထိုင်ပြီး သားသမီးဝတ္တရားနှင့်အညီ လုပ်ကိုင်ကျွေးမွေး စောင့် ရှောက်လျက်ရှိပါသည်။

ထို့ကြောင့်မိခင်၏ကျေးဇူးကိုသိပြီး လုပ်ကိုင်ကျွေးမွေးပြုစု စောင့်ရှောက်နေသည့် ဦးထွန်းမင်းနှင့် ဒေါ်ဝါဝါတို့ကို ဒေါ်သောင်းကလက်ရှိနေထိုင်ပိုင်ဆိုင်သည့် ဦးပိုင်အမှတ် ၂၀၊ မြေနှင့်အဆောက်အအုံကိုအပေးစာချုပ် (မှတ်ပုံတင်) ပြုလုပ်၍တရားဝင်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါသည်။ မှတ် ပုံတင်အပေးစာချုပ်အရ ဒေါ်သောင်းအမည်မှ ဦးထွန်း မင်း၊ ဒေါ်ဝါဝါတို့ အမည်သို့ ဦးပိုင်မြေပုံတွင် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြောင်းထားခြင်းဖြစ်ပါ သည်။ ယခုလက်ရှိအခြေအနေတွင် အဆိုပါဦးပိုင်အမှတ် ၂၀ မြေနှင့် အဆောက်အအုံ၏ တရားဝင်ပိုင်ရှင်မှာ ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့သာဖြစ်ကြောင်း အသိပေး

၂၀၀၃
ဒေါ်တုတ်တုတ်
ပါ ၄
နှင့်
ဒေါ်စိန်ဝင်း (ခ)
ဒေါ်လှကြီး
ပါ ၉

ကြေညာအပ်ပါသည်။"

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် အချင်းဖြစ်မြေနှင့် အဆောက်အအုံကိုဒေါ်သောင်းက ဦးထွန်းမင်းနှင့်ဒေါ်ဝါဝါတို့အား မိမိ၏လွတ်လပ်သောသဘောဆန္ဒဖြင့်ပေးကမ်းခဲ့ကြောင်း ထင်ရှားသဖြင့် ယင်းသို့ပေးကမ်းခြင်းသည် တရားဝင်ပေသည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် အချင်းဖြစ်ပစ္စည်း ပေးကမ်းခြင်းသည် ဥပဒေနှင့်အညီဖြစ်ပြီး တရားဝင်တည်မြဲခိုင်မာကြောင်းပေါ်ပေါက်လျက်ရှိရာ ယင်းပစ္စည်းအပေါ်အမွေခွဲဝေပေးရန် အကြောင်းမရှိသဖြင့် မူလရုံးက တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်း ဖြစ်သည်။

ဤအခြေအနေတွင် မူလရုံးတရားလိုက ဦးပိုင်အမှတ် ၂၀ မြေနှင့်မြေပေါ်ရှိအဆောက်အအုံကို အမွေပုံပစ္စည်းအဖြစ်အဆိုပြု တောင်းဆိုရာတွင် ယင်းပစ္စည်းများကိုဒေါ်သောင်းက ဦးထွန်းမင်း၊ ဒေါ်ဝါဝါတို့အားပေးကမ်းသည်ဆိုသော်လည်း တရားဝင်အတည်မဖြစ်ကြောင်းသုံးသပ်၍ မူလရုံး၏စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ကာ ယင်းပစ္စည်းကိုအမွေခွဲဝေပေးရန် တရားရုံးချုပ်က ပဏာမဒီကရီချမှတ်ပေးခြင်းသည် မှန်ကန်မျှတသည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

ထို့ကြောင့်ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာကိုအောက်ပါအတိုင်းဖြေဆိုလိုက်သည်-

> " တရားရုံးချုပ်က မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံရပ်ကွက်၊ အကွက်အမှတ် ၆၀၄၊ ဦးပိုင်အမှတ် ၂၀ ဘိုးဘွားပိုင်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကို ဒေါ်သောင်းက ဦးထွန်းမင်းနှင့် ဒေါ်ဝါဝါတို့အား မှတ်ပုံတင်စာချုပ်အမှတ် ၁၄၃၂/၉၄ ဖြင့်ပေးကမ်းမှုသည် အတည်မဖြစ်ကြောင်းကောက်ယူဆုံးဖြတ်၍ ဒေါ်သောင်းကျန်ရစ်သောအမွေပုံပစ္စည်းဖြစ်သည်ဟု သတ်မှတ်ကာ ပဏာမဒီကရီချမှတ်ပေးခဲ့ခြင်းသည် ဥပဒေအရမှန်ကန်ခြင်းမရှိကြောင်း။"

ဤတရားမအထူးအယူခံကိုခွင့်ပြုပြီး တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ကာ တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို စရိတ်နှင့်တကွပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၃
မေလ
၉ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသောဒေါက်တာတင်အောင်အေး နှင့်
ဦးတင်အေးတို့၏ရှေ့တွင်**

ဒေါ်လှကြည်
နှင့်
ဒေါ်ဟယ်လင် *

**ဗုဒ္ဓဘာသာစင်လင်နှင့်မယားတို့သည် နှစ်ဦးသဘောတူလျှင် အချိန်မရွေး ကွာရှင်းနိုင်ခြင်း၊ မယားဖြစ်သူက ကွာရှင်းစာလက်မှတ်ထိုးပေးရုံမျှဖြင့် လင်ဖြစ်သူ၏ သဘောတူညီမှုမပါရှိပါက ကွာရှင်းပြီးဖြစ်သည်ဟု ဆိုနိုင် မဆိုနိုင်။**

**ဆုံးဖြတ်ချက်။** ။ ဗုဒ္ဓဘာသာဝင်များအဖို့ လင်နှင့်မယား သဘောတူညီလျှင်အချိန်မရွေး ကွာရှင်းနိုင်သည်။ လင်မယားနှစ်ဦးသဘောတူညီချက်အရ ကွာရှင်းလျှင် လင်ခန်းမယားခန်း လုံးဝပြတ်စဲသည့် **ဒေါ်အမ နှင့် ဒေါ်ခင်တင် အမှု**(၁) ကို ရည်ညွှန်းသည်။ သို့ဖြစ်ရာအယူခံတရားလို ဒေါ်လှကြည်က ကွာရှင်းစာလက်မှတ်ရေးထိုးပေးရုံမျှဖြင့် ဦးပီတာခင်မောင် ၏သဘောတူညီမှုမပါသဖြင့် ကွာရှင်းပြီးဖြစ်သည်ဟု မဆိုနိုင်ပေ။ ဦးပီတာခင်မောင်သည် ကွာရှင်းစာရရှိပါလျက် မယားခေါ်လိုမှုစွဲဆိုခြင်းမှာ ၎င်းအနေဖြင့် လင်ခန်းမယားခန်း ပြတ်စဲလိုသည့် ဆန္ဒမရှိကြောင်း ကောက်ယူနိုင်ပေသည်။ ဒေါ်လှကြည်တစ်ဦးတည်းက ကွာရှင်းစာလက်မှတ်ထိုးပေးလိုက်ခြင်းကြောင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကွာရှင်းခြင်း မဟုတ်ကြောင်း မြင်သာသည်။

---

* ၂၀၀၃ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၉

+ ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၀ တွင် ချမှတ်သော ၂၄-၅-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု

| | | |
|---|---|---|
| ၂၀၀၃<br>ဒေါ်လှကြည်<br>နှင့်<br>ဒေါ်ဟယ်လင် | အယူခံတရားလိုအတွက် - | ဦးခင်ဇော်<br>(တရားရုံးချုပ်ရှေ့နေ) |
| | အယူခံတရားပြိုင်အတွက် - | ဦးမင်းစိန်<br>(တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၃၂၆ တွင် တရားလိုဒေါ်လှကြည်က ၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူဒေါ်ယုယုမိုး (ခ) မဒေါ်လီမှတစ်ဆင့် တရားပြိုင်ဒေါ်ဟယ်လင်အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ တိုင်းတရားရုံးကတရားလို၏အမှုကို ပလပ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။ ဒေါ်လှကြည်ကတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ် ၂၀၀၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၆၀ တွင် အယူခံဝင်ရောက်ရာ မူလတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအတည်ပြုပြီးအယူခံမှုကို ပလပ်ခဲ့သည်။ ဒေါ်လှကြည်က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ကျေနပ်မှုမရှိသဖြင့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့်ပြုပါရန် လျှောက်ထားရာ အောက်ဖော်ပြပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာစစ်ဆေးစီရင်နိုင်ရန်အတွက် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်-

> " ဦးပီတာခင်မောင်နှင့် ဒေါ်လှကြည်တို့သည် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးသည်ဟု တရားရုံး၊ ပ်၏ ကောက်ယူဆုံးဖြတ်ချက်သည် အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ။ "

မူလရုံးအဆိုလွှာတွင် မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သူတရားလိုဒေါ်လှကြည်သည် ဟိန္ဒူလူမျိုး၊ ဗုဒ္ဓဘာသာဝင် ဦးပီတာခင်မောင်နှင့် ၂-၅-၆၃ နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီထိမ်းမြားလက်ထပ်ပေါင်းသင်းလာခဲ့ရာ ၁၀-၆-၆၄ နေ့တွင် မယုယုမိုး (ခ) မဒေါ်လီအမည်ရှိသမီးတစ်ဦး ထွန်းကားခဲ့ကြောင်း၊ ဦးပီတာခင်မောင်သည် ၁၉၆၆ ခုနှစ်၊ ဧပြီလတွင် ဒေါ်ဟယ်လင်နှင့် ဒုတိယအိမ်ထောင်ပြုခဲ့ကြောင်း၊ ခင်ပွန်းဦးပီတာခင်မောင်သည် ၂၁-၆-၂၀၀၀ နေ့တွင် ကွယ်လွန်သွားကြောင်း၊ ထို့ကြောင့်တရားလိုနှင့် တရားပြိုင်တို့သည် ဦးပီတာခင်မောင်၏ ဇနီးများအဖြစ် ကွယ်လွန်သူဦးပီတာခင်မောင်

ကျန်ရစ်သောရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အမွေဆက်ခံသဖြင့် အမွေပစ္စည်း၏ထက်ဝက်ကို တရားလိုကရထိုက်ကြောင်း၊ အမွေပစ္စည်းများမှ တရားပြိုင်၏ လက်ဝယ်တွင်ရှိ၍ တရားလိုကခွဲဝေပေးရန် တောင်းဆိုသော်လည်း တရားပြိုင်က ခွဲဝေပေးရန်ငြင်းဆန်လျက်ရှိကြောင်းဖြင့် ဖော်ပြအဆိုပြုသည်။

ချေလွှာတွင်တရားလို ဒေါ်လှကြည်နှင့် ကွယ်လွန်သူဦးပီတာခင်မောင်တို့သည် လွန်ခဲ့သော ၃၅ နှစ်ကျော်ကပင် ဥပဒေအရ လင်မယားခန်းပြတ်စဲခဲ့ကြပြီးဖြစ်၍ တရားလိုသည် ကွယ်လွန်သူဦးပီတာခင်မောင်ကျန်ရစ်သောပစ္စည်းတွင် မည်သည့်အခွင့်အရေးမျှမရှိတော့ကြောင်း၊ တရားပြိုင်သည်ဦးပီတာခင်မောင်နှင့် လက်ထပ်စဉ်က ဦးပီတာခင်မောင်မှာ လူလွတ်ဖြစ်၍ ဦးပီတာခင်မောင် ကွယ်လွန်သည့်အခါ ကျန်ရစ်သူတစ်ဦးတည်းသောဇနီးဖြစ်သည့် တရားပြိုင်ကသာ ဦးပီတာခင်မောင်၏ ကျန်ရစ်သောပစ္စည်းများကိုဆက်ခံ၍ လက်ဝယ်ထားခြင်းဖြစ်ကြောင်း၊ တရားလိုသည် ကွယ်လွန်သူဦးပီတာခင်မောင်၏ ပစ္စည်းအပေါ်တွင်မည်သည့်အခွင့်အရေးမျှမရှိသဖြင့် တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်ခြင်းမရှိကြောင်း ချေပသည်။

မူလတိုင်းတရားရုံးက တရားလိုဒေါ်လှကြည်နှင့် ကွယ်လွန်သူဦးပီတာခင်မောင်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ကြောင်း၊ ဦးပီတာခင်မောင်ကွယ်လွန်ချိန်တွင် တရားလိုနှင့်ဦးပီတာခင်မောင်တို့မှာ လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်ကြောင်း၊ ဤအခြေအနေတွင် တရားလိုဒေါ်လှကြည်နှင့် တရားပြိုင်ဒေါ်ဟယ်လင်တို့သည် အမွေဆိုင်များ မဟုတ်ကြတော့သဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုနိုင်မည်မဟုတ်ကြောင်း သုံးသပ်၍ မူလရုံးတရားလို ဒေါ်လှကြည်၏ စွဲဆိုမှုကို ပလပ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။

တရားရုံးချုပ်က ရန်ကုန်မြို့တော်တရားမတရားရုံး ၁၉၆၆ ခု တရားမကြီးမှုအမှတ် ၄၅၊ မယားခေါ်လိုမှုတွင် အယူခံတရားလို ဒေါ်လှကြည်၏ချေလွှာအရ အဆိုပါမယားခေါ်လိုမှု မတိုင်မီကပင် ဒေါ်လှကြည်သည် ဦးပီတာခင်မောင်၏ တောင်းဆိုချက်အရ လင်မယား ကွာရှင်းစာကို မိမိသဘောဆန္ဒဖြင့် လက်မှတ်ရေးထိုးလျက် ဦးပီတာခင်မောင်အား ပေးအပ်ခဲ့ပြီးဖြစ်သည်မှာ ပေါ်ပေါက်ကြောင်း၊ ယင်းသို့ကွာရှင်းစာတွင်

လက်မှတ်ရေးထိုးပေးလိုက်သည်နှင့် ဦးပီတာခင်မောင် နှင့် ဒေါ်လှကြည်တို့သည် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ ယင်းသို့ ကွာရှင်းပြီးနောက်ပိုင်းတွင် ဦးပီတာခင်မောင်ကအယူခံ တရားလိုအပေါ် မယားခေါ်လိုမှုစွဲဆိုခြင်း၊ ဦးပီတာခင်မောင်က သူနာပြုအပျိုဆောင်သို့သွား၍ အယူခံတရားလိုဒေါ်လှကြည်နှင့် သွားရောက်တွေ့ဆုံပြီး အပြင်သို့ညအိပ်ထွက်ခြင်း၊ တစ်ခါတစ်ရံ ငွေကြေးပေးခြင်းတို့ရှိကြောင်း အယူခံတရားလိုကတင်ပြသော်လည်း လူသိရှင်ကြားပြန်လည် ပေါင်းသင်းခြင်း မဟုတ်၍လက်ခံနိုင်ရန်အကြောင်း မရှိကြောင်းသုံးသပ်ပြီး အယူခံမှုကို ပလပ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက အမှုတွင် တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ချက်များအရ ဦးပီတာခင်မောင်သည် ဒေါ်ဟယ်လင်နှင့် နောက်အိမ်ထောင်ပြုခဲ့သော်လည်း ပထမဇနီး ဒေါ်လှကြည် သမီးမယုယုမိုး (ခ) မဒေါ်လီတို့နှင့် ဆက်သွယ်မှုရှိကြောင်း၊ ဒေါ်လှကြည်နှင့် လင်မယားအဖြစ် မင်္ဂလာအခမ်းအနား သွားရောက်ခြင်း၊ အများပြည်သူရှေ့တွင် မိသားစုအတူတကွ သွားရောက်လည်ပတ်ခြင်း၊ ညအိပ်ညနေအတူနေခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ ကျောင်းကန်ဘုရားသွား၍ အလှူဒါနပြုခြင်းများ ပြုလုပ်ခဲ့သည့်ပြင် ဦးပီတာခင်မောင် ကွယ်လွန်သည့်အခါတွင်လည်း သက်ပျောက်ဆွမ်းကျွေးခြင်း၊ (၁) လပြည့်ဆွမ်းကျွေးခြင်း၊ ဒါနကုသိုလ်များပြုလုပ်ပေးခဲ့ခြင်းဖြင့် အထင်အရှားပေါ်လွင်ပြီးဖြစ်ကြောင်း၊ ဦးပီတာခင်မောင် ကွယ်လွန်ကြောင်း သတင်းစာတွင် ကြော်ငြာထည့်ရန် ငွေသွင်းပြီးသော်လည်း တရားပြိုင်ဒေါ်ဟယ်လင်၏ ကန့်ကွက်ချက်အရသာ ထည့်သွင်းဖော်ပြခဲ့ရခြင်း မရှိကြောင်း၊ သို့ဖြစ်၍ ဦးပီတာခင်မောင်သည် ကွယ်လွန်သည့်အချိန်ကို ပထမဇနီး ဒေါ်လှကြည်အား လင်မယားအဖြစ် လူသိရှင်ကြားအတူ ပေါင်းသင်းနေထိုင်ခဲ့ကြောင်းမှာ အပြန်အလှန် ပြုမူပြောဆိုဆောင်ရွက်မှုတို့အရ ပေါ်လွင်ထင်ရှားနေကြောင်း၊ ဒေါ်ဟယ်လင်အနေဖြင့် ဦးပီတာခင်မောင်၏ အမွေပစ္စည်း အားလုံးကို မိမိတစ်ဦးတည်းသာ ရထိုက်ကြောင်း၊ တရားရုံး၏ အဆုံးအဖြတ်ပေးစေလိုလျှင် ဦးပီတာခင်မောင်နှင့် ဒေါ်လှကြည်တို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း သက်သေထင်ရှားပြရန်တာဝန်သည် ဒေါ်ဟယ်လင်အပေါ်၌ အဓိကကျရောက်

၂၀၀၃
ဒေါ်လှကြည်
နှင့်
ဒေါ်ဟယ်လင်

ကြောင်း၊ ထို့အတူ ဒေါ်ဟယ်လင်သည် ဦးပီတာခင်မောင်နှင့် ဒေါ်လှကြည်တို့မှာ လွန်ခဲ့သော ၃၅ နှစ်ကျော်ကတည်းက ဥပဒေအရ ပြတ်စဲခဲ့ကြပြီးဟု ခုခံချေပထားသဖြင့် ယင်းအကြောင်းခြင်းရာတည်ရှိကြောင်း တရားရုံးမှ ယုံကြည်စေရန် သက်သေထင်ရှားပြရန်တာဝန်သည် တရားပြိုင်ဒေါ်ဟယ်လင်အပေါ် ကျရောက်ကြောင်း၊ သို့ရာတွင်ဒေါ်ဟယ်လင်အနေဖြင့် ယင်းသို့ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကို သက်သေထင်ရှားမပြနိုင်ခဲ့ကြောင်း၊ အယူခံတရားပြိုင် ဒေါ်ဟယ်လင်က ဦးပီတာခင်မောင်နှင့် ဒေါ်လှကြည်တို့ တရားဝင်ကွာရှင်းပြတ်စဲကြောင်းကို ယခင်ရန်ကုန်မြို့တော်တရားမရုံး တရားမကြီးမှုအမှတ် ၄၅/၆၆ အမှု တွင် ဦးပီတာခင်မောင်က ဒေါ်လှကြည်အပေါ် မယားခေါ်လိုမှု စွဲဆိုခဲ့သည့်အမှုမှအမှုနေ့စဉ်မှတ်တမ်းများနှင့် အဆိုအချေများကို သက်သေခံ (၂) မှ (၂-ခ) အဖြစ်တင်သွင်းခဲ့ကြောင်း၊ ဦးပီတာခင်မောင်သည် မယားခေါ်လိုမှုကို တရားရုံးသို့ ၃၁-၁-၆၆ နေ့တွင် တရားစွဲဆိုခြင်းဖြစ်သဖြင့် ယင်းအချိန်အထိ ဒေါ်လှကြည်သည် ၎င်း၏ ဇနီးမယားဖြစ်နေသည်ဟု ဖော်ပြဝန်ခံထားသည်မှာ မြင်သာကြောင်း၊ ၎င်းအပေါ်တွင်လည်းကောင်း၊ ၎င်း၏အမွေကိုဆက်ခံသော ဒေါ်ဟယ်လင်အပေါ်တွင်လည်းကောင်း သက်သေခံအက်ဥပဒေပုဒ်မ ၂၁ အရ သက်သေခံဝင်သည့် အချက်ဖြစ်ကြောင်း၊ ယင်းအမှုတွင် ဒေါ်လှကြည်၏ ချေလွှာအပိုဒ် (၁၀) အရ ကွာရှင်းစာကို လက်မှတ်ရေးထိုးပေးလိုက်ခြင်းသည် ဒေါ်လှကြည်တစ်ဦးတည်းက လက်မှတ်ရေးထိုးခြင်းဖြစ်သည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ နှစ်ဦးသဘောတူလက်မှတ်ရေးထိုး ကွာရှင်းခြင်းမဟုတ်ကြောင်း၊ ဒေါ်လှကြည် ၏ချေပလွှာအပိုဒ် (၁၀) ပါ ခံဝန်ချက်တစ်ရပ်ကိုသာ အလေးထား၍ လင်မယား ကွာရှင်းပြီးဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ပါက ပထမမယား၏ အခွင့်အရေးများ များစွာမှနစ်နာဆုံးရှုံးမည်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက မူလရုံးတွင် ပထမပိုင်း၌ အယူခံတရားလိုနှင့် ဦးပီတာခင်မောင်တို့သည် ဦးပီတာခင်မောင် ကွယ်လွန်သည့်အချိန်အထိ လင်မယားများပင်ဖြစ်သည်ဟု အဆိုလွှာတွင် အဆိုပြုခဲ့ကြောင်း၊ သို့ရာတွင် သက်သေခံအမှတ် ၂ နှင့် အမှတ် ၂(ခ) တို့ကို အယူခံတရားပြိုင်ဘက်မှ တင်သွင်းပြီးသောအခါ ပြန်ပေါင်းသည့် လမ်းကြောင်းကို ရွေးချယ်လာကြောင်း၊ အကယ်၍မည်သည့်အခါကမျှ

ကွာရှင်းခြင်းမရှိခဲ့ဟုဆိုလျှင် ယင်းအချက်ကိုအစဉ်တစ်စိုက် အဆိုပြုရမည်သာဖြစ်ကြောင်း၊ သို့ရာတွင် ဦးပီတာခင်မောင်သည် ဒေါ်လှကြည်၏ သူနာပြုအပျိုဆောင်တန်းလျားသို့လာ၍ အပြင်သို့ညအိပ်ထွက်ကြောင်း၊ ငွေကြေးများတစ်ခါတစ်ရံပေးကြောင်း၊ သမီးကိုလည်းထောက်ပံ့ကြောင်း၊ မင်္ဂလာဆောင်သို့ တစ်ခေါက်သွားကြောင်း၊ ဘုန်းတော်ကြီးကျောင်းသို့တစ်ခေါက်သွားကြောင်းတို့ကို သက်သေပြထားကြောင်း၊ အမှန်စစ်စစ် မယားပြိုင်သာဖြစ်လျှင် ချမ်းသာကြွယ်ဝသော ဦးပီတာခင်မောင်သည် မိမိ၏ငယ်ပေါင်းမယားကို တန်းလျားတွင်နေစေမည်မဟုတ်ကြောင်း၊ အနည်းဆုံးအိမ်ငှားပေးထားမည်ဖြစ်ကြောင်း၊ ယခုအမှုတွင် သက်သေခံအမှတ် (၂) နှင့်ပတ်သက်၍ ဦးပီတာခင်မောင်က လင်မယားကွာရှင်းပြီးဖြစ်သည်ဟု အဆိုပြုခဲ့လျှင် မယားခေါ်လိုမှုသည် လင်မယားမကွာသေးသော အထောက်အထားဖြစ်သည်ဟုဆိုနိုင်ကောင်း ဆိုနိုင်မည်ဖြစ်ကြောင်း၊ သို့သော်ယခုအမှုတွင် တရားလိုသည် ဒေါ်လှကြည်ဖြစ်ကြောင်း၊ ၎င်းကသက်သေခံအမှတ် (၂) တွင် ကွာရှင်းပြီးဖြစ်ကြောင်းဖော်ပြခဲ့ရာ ထိုအချိန်ကို ဆန့်ကျင်လျက် မကွာရှင်းရသေးပါဟု ဒေါ်လှကြည်ကပြောဆိုခွင့်ရှိမည် မဟုတ်ကြောင်း၊ အမှုတွင် တရားလိုဒေါ်လှကြည်သည် ရုံးရှေ့သို့မှန်မှန်လာရောက်သော်လည်း အကြောင်းမဲ့သမီးဖြစ်သူ မယုယုမိုး (ခ) မဒေါ်လီအား ကိုယ်စားလှယ်စာပေး၍ အစစ်ခံစေခဲ့ကြောင်း၊ ကိုယ်စားလှယ်နှင့် အစစ်ခံခွင့်ရှိသည်မှန်သော်လည်း ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်သည့်အမှုတွင် အကြောင်းမဲ့သက်သက် အခြားတစ်ဦးကို အဘယ့်ကြောင့် အစစ်ခံစေသည်ကို ရှင်းလင်းမထားကြောင်း၊ မိမိကိုယ်တိုင်သိ၍ ဖြေဆိုနိုင်မည့်ကိစ္စများကို သမီးဖြစ်သူကိုယ်စားလှယ်က မသိပါဟု ရှောင်တိမ်းနိုင်အောင် အစစ်ခံစေသည်ဟု ကောက်ယူရန်သာရှိကြောင်း၊ တရားလို ဒေါ်လှကြည်၏ သမီးဖြစ်သူ မယုယုမိုး (ခ) မဒေါ်လီ ၁၉၉၁ ခုနှစ်တွင် လက်ထပ်စဉ်က သတင်းစာတွင်ကြော်ငြာရာ ဖခင်ဖြစ်သူ ဦးပီတာခင်မောင်သည် မိမိနှင့်ဒေါ်လှကြည်တို့ မည်သို့မျှပတ်သက်ခြင်း မရှိကြောင်း သက်သေခံအမှတ် (၃) သတင်းစာတွင် ကြော်ငြာခဲ့ကြောင်း၊ သို့သော်ဒေါ်လှကြည်က ယင်းကိစ္စကိုမည်သို့မျှ ပြန်လည်ကြော်ငြာခြင်း ဖြေရှင်းခြင်းမရှိကြောင်း၊ တရားလိုနှင့် လိုပြသက်သေတို့သည် တစ်ဦးနှင့်တစ်ဦး ညီညွတ်စွာထွက်ဆိုနိုင်ခြင်းမရှိဘဲ တစ်ယောက်တစ်မျိုး အစစ်ခံနေကြခြင်းဖြစ်

ကြောင်း၊ ကွယ်လွန်သူ ဦးပီတာခင်မောင်က မိမိနှင့်ဒေါ်လှကြည်တို့ ကွာရှင်းပြီးကြောင်း ပြောဆိုချက်သည် ယခုအမှုအတွက် စပ်ဆိုင်သော အကြောင်းအရာဖြစ်ကြောင်း၊ ဦးပီတာခင်မောင် ကွယ်လွန်စဉ်က အယူခံ တရားလိုသည်နာရေးသတင်းကို သတင်းစာတွင်ဖော်ပြခွင့်မရခဲ့ကြောင်း၊ ဒေါ်လှကြည်နှင့် မည်သည့်အခွင့်အရေးမျှမရှိ၍သာ မကြော်ငြာခြင်း ဖြစ်ကြောင်း၊ တစ်သက်လုံးကွာရှင်းထားပြီးမှ သေသည့်အခါ အခွင့် ကောင်းလာယူခြင်းဖြစ်၍ ကြော်ငြာခွင့်မရခဲ့ကြောင်း၊ မူလရုံးနှင့် တရား ရုံးချုပ်တို့က ဒေါ်လှကြည်နှင့် ဦးပီတာခင်မောင်တို့သည် ကွာရှင်းပြတ်စဲ ပြီးပြန်လည်ပေါင်းသင်းခြင်း မရှိဟု တစ်ညီတစ်ညွတ်တည်း ကောက် ယူခဲ့ပြီး ဖြစ်၍ အထူးအယူခံရုံးက ဝင်ရောက်စွက်ဖက်ရန် မသင့်ကြောင်း လျှောက်လဲတင်ပြသည်။

ဤအယူခံမှုတွင် အဓိကဆုံးဖြတ်ရန်ပြဿနာမှာ ဦးပီတာခင် မောင်ကွယ်လွန်ချိန်တွင် အယူခံတရားလိုဒေါ်လှကြည်နှင့် ဦးပီတာ ခင်မောင်တို့က လင်မယားအဖြစ်မှကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်သည်ဟု တရားရုံးချုပ်၏ကောက်ယူဆုံးဖြတ်ချက် မှန်ကန်မှု ရှိ မရှိ ဖြစ်သည်။

ကွယ်လွန်သူဦးပီတာခင်မောင်သည် မြန်မာနိုင်ငံသား ဟိန္ဒူ လူမျိုးဖြစ်ပြီး အယူခံတရားလိုဒေါ်လှကြည်နှင့်အယူခံတရားပြိုင် ဒေါ်ဟယ်လင်တို့မှာ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည်။ အယူခံ တရားလိုနှင့် အယူခံတရားပြိုင်တို့မှာ ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြ သဖြင့် ၎င်းတို့နှင့်သက်ဆိုင်သော အမွေခန်းကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရသာ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

အယူခံတရားလိုဒေါ်လှကြည်နှင့် ကွယ်လွန်သူဦးပီတာခင် မောင်တို့သည် ၅-၅-၆၃ နေ့တွင် သက်သေခံအမှတ် (စ) မင်္ဂလာ ဖိတ်ကြားစာဖြင့် ထိမ်းမြားမင်္ဂလာပြုပြီး အကြင်လင်မယားအဖြစ် ပေါင်း သင်းခဲ့ကြသည်။ လက်ထပ်ပေါင်းသင်းစဉ်က အယူခံတရားလို ဒေါ်လှ ကြည်သည် သူနာပြုဆရာမတစ်ဦးဖြစ်ပြီး ဦးပီတာခင်မောင်မှာ ပါကစ္စ တန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း၊ ရန်ကုန်ရုံးတွင် စာရင်းကိုင် အဖြစ်အမှုထမ်းနေသူဖြစ်သည်။

အယူခံတရားလို ဒေါ်လှကြည်က ဦးပီတာခင်မောင်နှင့် ဒေါ်လှကြည်တို့လက်ထပ်ပေါင်းသင်းပြီးနောက် ၁၀-၆-၆၄ နေ့တွင် ယုယုမိုး (ခ) မဒေါ်လီ အမည်ရှိသမီးတစ်ဦးထွန်းကားခဲ့ကြောင်း၊ ဦးပီတာ

၂၀၃
ဒေါ်လှကြည်
နှင့်
ဒေါ်ဟယ်လင်

ခင်မောင်သည် ၁၉၆၆ ခုနှစ်၊ ဧပြီလတွင် အယူခံတရားပြိုင် ဒေါ်ဟယ်လင်နှင့်ဒုတိယအိမ်ထောင်ပြုကြောင်း၊ မိမိနှင့်ဒေါ်ဟယ်လင်သည် ဦးပီတာခင်မောင်ကွယ်လွန်သည့်အခါ ကျန်ရစ်သည့်ပစ္စည်းများ အပေါ် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများ ဖြစ်ကြောင်း အဆိုပြု၍ ယခုအမှုကို စွဲဆိုခြင်းဖြစ်သည်။

ဦးပီတာခင်မောင်မှာ အယူခံတရားပြိုင် ဒေါ်ဟယ်လင်နှင့် ၁၈-၄-၆၆ နေ့က တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သားသမီး ၅ ဦးထွန်းကားခဲ့သည်။ ဦးပီတာခင်မောင်သည် ကွယ်လွန်ချိန်အထိ ဒေါ်ဟယ်လင်နှင့်အတူ နေထိုင်ပေါင်းသင်းခဲ့ပြီး အတူပေါင်းသင်းသည့် နေအိမ်၌ ကွယ်လွန်ခဲ့သည်။

အယူခံတရားပြိုင်ဒေါ်ဟယ်လင်က ဦးပီတာခင်မောင်သည် မိမိနှင့် အိမ်ထောင်ပြုသည့်အချိန်က ကင်းကင်းရှင်းရှင်း လူလွတ်တစ်ယောက်ဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၃၅ နှစ်ကျော်ကတည်းက အယူခံတရားလိုနှင့် ဦးပီတာခင်မောင်တို့သည် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ကြောင်းတင်ပြခဲ့သည်။

သို့ဖြစ်၍အယူခံတရားလိုဒေါ်လှကြည်က မိမိမှာကွယ်လွန်သူ ဦးပီတာခင်မောင်နှင့် လက်ထပ်ပေါင်းသင်းခဲ့၍ ဇနီးတစ်ဦး ဖြစ်ကြောင်း အဆိုပြုထားရာ ဦးပီတာခင်မောင်နှင့် လက်ထပ် ပေါင်းသင်းလျက်ရှိသောဇနီးတစ်ဦးဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

အမှုတွင်အယူခံတရားလိုက ဦးပီတာခင်မောင်၏ဇနီးတစ်ဦးဖြစ်ကြောင်း မင်္ဂလာအခမ်းအနားဖိတ်စာ၊ သက်သေခံအမှတ် (စ) ကို တင်ပြထားသည်။ ၁၉၆၆ ခုနှစ် ဒေါ်ဟယ်လင်နှင့်လက်ထပ်ပြီးနောက်ပိုင်းဦးပီတာခင်မောင်နှင့် အယူခံတရားလိုတို့က လင်မယားအဖြစ် ပေါင်းသင်းခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ မယုယုမိုး (ခ) မဒေါ်လီက အောက်ပါအတိုင်းထွက်ဆိုထားသည်-

" ဦးပီတာခင်မောင် နှင့် ဒေါ်လှကြည်တို့လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြရာ ကျွန်မမွေးသည်အထိမည်သည့်ပြဿနာမှုမရှိခဲ့ပါ။ သို့သော်ဒေါ်ဟယ်လင် နှင့် ဒုတိယ အိမ်ထောင် ထပ်မံပြုသည့်အခါ အဆင်မပြေမှု အနည်းငယ်ဖြစ်ပေါ်ကြောင်းသိရှိရပါသည်။ ဦးပီတာခင်မောင်က ဒေါ်လှကြည်ကို ယခင် ရန်ကုန်မြို့တော်တရားရုံး တရားမမှုအမှတ် ၄၅/၆၆

တွင် မယားခေါ်လိုမှုနှင့်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ × × × × ထိုအမှုနောက်ပိုင်းတွင် ဦးပီတာခင်မောင်သည် ဒေါ်လှကြည်အား လာရောက်တွေ့ဆုံခြင်း ဆက်ဆံပေါင်းသင်းခြင်း၊ ကျွန်မကိုလည်းခေါ်ယူ ကျွေးမွေးထောက်ပံ့ခြင်း စသည်တို့ကို ပြုစုဆောင်ရွက်ခဲ့ပါသည်။ ဒေါ်လှကြည်သည် ရန်ကုန်မြို့တော် ရန်ကုန်ဆေးရုံကြီး၊ သံဃာဆေးရုံနှင့် အလုပ်သမားဆေးရုံကြီးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ဘူးပါသည်။ × × × × ထိုသို့တာဝန်ထမ်းဆောင်စဉ် ကာလများတွင်လည်း ဦးပီတာခင်မောင်အနေဖြင့် ဒေါ်လှကြည်အား တွေ့ဆုံခြင်း ထောက်ပံ့ခြင်းများပြုခဲ့ပါသည်။ × × × ဦးပီတာခင်မောင် ကွယ်လွန်သည့်အခါ ဒေါ်လှကြည်သည် ဇနီးတစ်ဦးအနေဖြင့် ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်တွင် နောက်ဆုံးဂါရဝပြုပါသည်။ ကျွန်မလည်း ဂါရဝပြုပါသည်။ ဦးပီတာခင်မောင် ကွယ်လွန်သည့်အခါ ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးတင်ရွှေသည် ကြေးမုံသတင်းစာ၌ နာရေးကြော်ငြာ ထည့်သွင်းရန် ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် တရားပြိုင်တို့ဘက်မှ တားမြစ်သဖြင့် သတင်းစာတွင် ပါလာခြင်းမရှိပါ။ × × × × ကွယ်လွန်သူဦးပီတာခင်မောင်နှင့် မိခင်ဒေါ်လှကြည်တို့သည် လင်ခန်းမယားခန်း လုံးဝကွာရှင်းပြတ်စဲခဲ့ခြင်း မရှိပါ။"

ထိုသို့နာရေးသတင်းစာတွင် ထည့်သွင်းစဉ်က ငွေပေးသွင်းကြောင်း ငွေရပြေစာကို သက်သေခံအမှတ် (၅) အရတင်ပြသည့်ပြင် ဦးပီတာခင်မောင် ကွယ်လွန်ပြီးနောက် ၁ လပြည့်ဆွမ်းကျွေး ပြုလုပ်ချိန်တွင် ရိုက်ကူးသည့်ဓါတ်ပုံများ သက်သေခံအမှတ် (ဇ) နှင့် (ဇ-၁ မှ ၁၇ ထိ) တင်ပြထားသည်။

ဦးကျော်ဒင် (လိုပြ-၁) ကသာရေးနာရေးကိစ္စများအတွက် သွားသည့်အခါ ဒေါ်လှကြည်နှင့် ဦးပီတာခင်မောင်တို့လင်မယား တွေ့ရကြောင်း၊ သမီးဖြစ်သူဒေါ်လီကိုလည်း ၎င်းတို့လင်မယားနှင့်အတူ တွေ့ရကြောင်း ထောက်ခံထွက်ဆိုသည်။ ဦးသန်းမြင့် (လိုပြ-၃)၊ ဒေါ်ကြည်အေးရွှေ (လိုပြ-၆) တို့က ဒေါ်လှကြည်နှင့်အတူ အလုပ်သမား ဆေးရုံတွင်တာဝန်ကျကြောင်း၊ ၎င်းတို့အတူနေစဉ် ဒေါ်လှကြည်၏ ခင်ပွန်း ဦးပီတာခင်မောင် လာရောက်ကြောင်း၊ ရုံးပိတ်ရက်များတွင် ညအိပ်

ညဉ့်နေ အပြင်ထွက်လေ့ရှိကြောင်း၊ ငွေကြေးထောက်ပံ့ ကြောင်းစသည် ဖြင့်ထွက်ဆိုသည့်ပြင် ဒေါ်ခင်နှင်းဖြူ (လိုပြ-၇)၊ ဒေါ်မြင့်မြင့်သန်း (လိုပြ-၅)၊ ကိုအောင်မြင့်ထူး (လိုပြ-၉) တို့ကလည်း အလားတူထောက်ခံ ထွက်ဆိုသည်။

အထက်ပါ ထွက်ချက်များအရ ဦးပီတာခင်မောင်သည် ဒေါ်ဟယ်လင်နှင့် နောက်အိမ်ထောင်ပြုပြီးသော်လည်း ဒေါ်လှကြည်နှင့် တရားဝင်ပြတ်စဲခြင်းမရှိဘဲ လင်မယားအဖြစ် ကွယ်လွန်သည်အထိ ဆက်ဆံပေါင်းသင်းခဲ့ကြောင်း ထင်ရှားသည်။

အယူခံတရားပြိုင်ဒေါ်ဟယ်လင်က ၁၉၆၆ ခုနှစ်တွင် ဦးပီတာခင်မောင်သည် မိမိဖခင်ထံလာပြီးလက်ထပ်ခွင့်တောင်းကြောင်း၊ ယင်းသို့ ခွင့်တောင်းရာတွင် ယခင်ဒေါ်လှကြည်နှင့်ပေါင်းသင်းခဲ့ဘူးသော်လည်း ဒေါ်လှကြည်ကကွာရှင်းစာပေးထားကြောင်း အထောက်အထားများ တင်ပြသဖြင့် ၁၈-၄-၆၆ နေ့က ထားဝယ်မြို့တွင် ထိမ်းမြားမင်္ဂလာ ညည့်ခံပွဲပြုလုပ်ခဲ့သည်ဟုတင်ပြခဲ့သည်။ သို့သော်လည်း ယင်းအထောက် အထားကို တရားရုံးသို့တင်ပြနိုင်ခြင်းမရှိချေ။

ထို့ပြင်အယူခံတရားပြိုင်ဒေါ်ဟယ်လင်က ရန်ကုန်မြို့တော် တရားမရုံးတရားမကြီးမှုအမှတ် ၄၅/၆၆ ၏ အဆိုလွှာနှင့် အချေလွှာ တို့ကို သက်သေခံအမှတ် (၂) မှ (၂-ခ) အဖြစ်တင်ပြခဲ့သည်။

ရန်ကုန်မြို့တော်တရားမရုံး၊ တရားမကြီးမှုအမှတ် ၄၅/၆၆ ၏ အဆိုအချေတို့အရ အဆိုပါအမှုမှာဦးပီတာခင်မောင်က ဒေါ်လှကြည် အပေါ် မယားခေါ်လိုမှုစွဲဆိုခြင်းဖြစ်ပြီး အဆိုလွှာအရ အယူခံတရား လိုဒေါ်လှကြည်မှာ ကလေးနှင့်အတူ မော်လမြိုင်သို့လျှို့ဝှက်စွာထွက်ခွာ သွားသဖြင့် လင်မယားအဖြစ် ပေါင်းသင်းလို၍ မယားခေါ်လိုမှုကို ၃၁-၁-၁၉၆၆ ရက်စွဲဖြင့် စွဲဆိုခြင်းဖြစ်သည်။

အယူခံတရားလိုဒေါ်လှကြည်က ၁၂-၄-၁၉၆၆ ရက်စွဲဖြင့် ချေပလွှာတင်ပြရာတွင် စာပိုဒ် ၁၀ ၌အောက်ပါအတိုင်း ဖော်ပြထား သည်-

> " နောက်ဆုံးအဖြစ် တရားပြိုင်က လျှောက်ထားတင်ပြလို သည်မှာ တရားလိုက တရားပြိုင်အား မိမိသဘောဆန္ဒအရ လင်မယားကွာရှင်းစာ လက်မှတ်ရေးထိုးပေးရမည်ဟု အတိ အကျတောင်းဆိုခဲ့သည်ကို တရားပြိုင်က သက်သေလူကြီးများ

ရွှေ့တွင် ရေးထိုးပြုလုပ်ကာ တရားလိုထံသို့ပေးခဲ့ပြီးနောက် မရိုးမဖြောင့်ဘဲ ကောက်ကျစ်သောသဘောဖြင့် ယခုတရားမမှုကိုစွဲဆိုခြင်းဖြစ်ပါသည်။"

ဒေါ်လှကြည်၏ချေလွှာအရ မယားခေါ်လိုမှုမတိုင်မီကပင် ဒေါ်လှကြည်သည် ဦးပီတာခင်မောင်၏ တောင်းဆိုချက်အရ လင်မယားကွာရှင်းစာကို ဦးပီတာခင်မောင်အား ပေးအပ်ခဲ့ကြောင်းပေါ်ပေါက်သည်။

ဗုဒ္ဓဘာသာဝင်များအဖို့ လင်နှင့်မယား သဘောတူညီလျှင် အချိန်မရွေးကွာရှင်းနိုင်သည်။ လင်မယားနှစ်ဦးသဘောတူညီချက်အရ ကွာရှင်းလျှင် လင်ခန်းမယားခန်း လုံးဝပြတ်စဲသည့် **ဒေါ်အမ နှင့် ဒေါ်ခင်တင်အမှု**(၁) ကိုရည်ညွှန်းသည်။ သို့ဖြစ်ရာအယူခံတရားလို ဒေါ်လှကြည်က ကွာရှင်းစာလက်မှတ်ရေးထိုးပေးရုံမျှဖြင့် ဦးပီတာခင်မောင်၏ သဘောတူညီမှုမပါသဖြင့် ကွာရှင်းပြီးဖြစ်သည်ဟု မဆိုနိုင်ပေ။ ဦးပီတာခင်မောင်သည် ကွာရှင်းစာရရှိပါလျှက် မယားခေါ်လိုမှု စွဲဆိုခြင်းမှာ ၄င်းအနေဖြင့် လင်ခန်းမယားခန်းပြတ်စဲလိုသည့်ဆန္ဒမရှိကြောင်းကောက်ယူနိုင်ပေသည်။ ဒေါ်လှကြည်တစ်ဦးတည်းက ကွာရှင်းစာလက်မှတ်ရေးထိုးပေးလိုက်ခြင်းကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကွာရှင်းခြင်း မဟုတ်ကြောင်းမြင်သာသည်။

ထို့ပြင် အယူခံတရားပြိုင်ဒေါ်ဟယ်လင်ဘက်မှ တင်ပြသည့် ၂၂-၅-၉၁ ရက်စွဲပါ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ သက်သေခံအမှတ် (၃) ပါ ဖြေရှင်းချက်တွင် ဦးခင်မောင်သည် ဒေါ်လှကြည် (ခ) မေလားဒေဝီသည် သက်ဆိုင်ခြင်းမရှိကြောင်း၊ ၄င်း၏ရှေ့နေမှတစ်ဆင့် ကြော်ငြာခဲ့သည်။ ယင်းသို့ကြော်ငြာခြင်းမှာ သမီးမယုယုမိုး (ခ) မဒေါ်လီနှင့်မောင်တင်ရွှေတို့ လက်ထပ်ပြီးစီးကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာခြင်းအပေါ် ပြန်လည်ဖြေရှင်းခြင်းဖြစ်သည်။ အယူခံတရားပြိုင်ဘက်မှ ယင်းကိစ္စကို အယူခံတရားလိုက ပြန်လည်ကြော်ငြာဖြေရှင်းခြင်းမရှိသဖြင့် ကွာရှင်းပြီးဖြစ်သည်ကို သဘောတူရာရောက်ကြောင်း တင်ပြထားသည်။

---

(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၃၁၄

၂၀၀၃
ဒေါ်လှကြည်
နှင့်
ဒေါ်ဟယ်လင်

ဒေါ်မြကျင် (ခ) ဒေါ်ကြင်ပါ - ၇ နှင့် ဒေါ်ကြင်မြိုင် (ခ) **ဒေါ်နန်းအောင်အမှု**[၂] တွင် လင်မယားကွာရှင်းပြတ်စဲလိုသူက သတင်းစာတွင် အကြိမ်ကြိမ်ကြေညာတိုင်း မပြတ်လိုသူက တုန့်ပြန်ဖြေကြားရန်အကြောင်းမရှိကြောင်း၊ တုန့်ပြန်ခြင်းမပြု၍ သဘောတူရာရောက်သည်ဟုကောက်ယူပါက မှုတမှန်ကန်သည်ဟုမဆိုနိုင်ကြောင်း လမ်းညွှန်ထုံးပြုထားပါသည်။သို့ဖြစ်၍အယူခံတရားလိုအနေဖြင့် ဦးပီတာခင်မောင်က ၄င်းနှင့်ပတ်သက်ခြင်းမရှိဟု ကြေညာချက်ကို အယူခံတရားလိုက ပြန်လည်မရှင်းရုံမျှဖြင့် လင်မယားကွာရှင်းခြင်းကို သဘောတူရာရောက်သည်ဟု မဆိုနိုင်ချေ။

အမှုတွင်ဦးပီတာခင်မောင်နှင့် ဒေါ်လှကြည်တို့ကွာရှင်းပြတ်စဲကြောင်း ကိုယ်တိုင်ကိုယ်ကျသိရှိသည့် သက်သေမရှိသည့်ပြင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲကြောင်း ကတိစာချုပ်ဖြစ်စေ၊ တရားရုံးဒီကရီတစ်ရပ်ရပ်ဖြစ်စေတင်ပြခြင်း မရှိကြောင်းထင်ရှားသည်။

ထို့ကြောင့်အယူခံတရားလိုနှင့် ဦးပီတာခင်မောင်တို့သည် ကွာရှင်းပြတ်စဲခြင်းမရှိသည့်အတွက် အယူခံတရားလိုသည် ဦးပီတာခင်မောင်၏တရားဝင်ဇနီးဖြစ်ကြောင်း ပေါ်ပေါက်သည်။

ယင်းသို့ဆိုလျှင် မူလတိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က ဦးပီတာခင်မောင်ကွယ်လွန်ချိန်တွင် ဒေါ်လှကြည်နှင့်ဦးပီတာခင်မောင်တို့လင်မယားကွာရှင်းပြတ်စဲခဲ့ကြပြီးကြောင်း ကောက်ယူဆုံးဖြတ်ခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ကြားနာလျှက်ရှိသည့် ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> " ဦးပီတာခင်မောင်နှင့် ဒေါ်လှကြည်တို့သည် လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူဆုံးဖြတ်ချက်သည် အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များနှင့်ညီညွတ်ခြင်း မရှိကြောင်း။"

ဤအထူးအယူခံမှုကို ခွင့်ပြုပြီးတိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့၏စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်သည်။

အယူခံတရားလိုဒေါ်လှကြည်သည်အထက်ပါပစ္စည်း (ရှိခဲ့လျှင်)

---

(၂) ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၃၀၂

$\frac{၂၀၀၃}{\text{ဒေါ်လှကြည်}}$
နှင့်
ဒေါ်ဟယ်လင်

၂/၃ ပုံနှင့် ဦးပီတာခင်မောင်နှင့် ဒေါ်ဟယ်လင်တို့ပေါင်းသင်းစဉ်ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းများ၏ ၁/၃ ပုံရထိုက်ခွင့်ရှိကြောင်း ပဏ္ဏာမဒီကရီချမှတ်လိုက်သည်။

တရားစရိတ်ကို အမွေပုံမှကျခံစေရမည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/- သတ်မှတ်သည်။

* ၂၀၀၃
ဇန်နဝါရီလ
၂၁ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသန်းဦး
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့်
ဦးချစ်လွင်တို့၏ရှေ့တွင်

ဒေါ်သီတာ ပါ ၃
နှင့်
ဦးကျော်ရွှေ
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်တင်တင်ဦး) *

**အချင်းဖြစ်မြေ၏ အမည်ပေါက်ပိုင်ရှင်က ယာယီမှတ်ပုံတင်စာချုပ်ဖြင့် အချင်းဖြစ်မြေကို တူမဖြစ်သူအားပေးကမ်းခဲ့သည်၊ မှတ်ပုံမတင်သောအပိုင်ပေးစာချုပ်အရ အပိုင်ရသူကလက်ရှိထားခြင်းသည် အပိုင်ပေးသူအားဆန့်ကျင်လက်ရှိထားရာ ရောက်မရောက်**

**ဆုံးဖြတ်ချက်။** ။ သက်သေခံအမှတ် ၁ အပိုင်ပေးစာချုပ်သည် ယာယီမှတ်ပုံတင်စာချုပ်သာဖြစ်၍ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၂၃ အရ ပေးကမ်းခြင်းမမြောက်ပေ၊ သို့ရာတွင်ယင်းစာချုပ်အရ အချင်းဖြစ်ပစ္စည်းကို လက်ဝယ်ရသူအနေဖြင့် မည်သို့အကျိုးသက်ရောက်သည်ကိုစိစစ်ရန်ဖြစ်သည်။

မှုကိပြယ်သောအပိုင်ပေးစာချုပ်အရ ပေးသောပစ္စည်းကို အပိုင်ရသူ (donee) ကလက်ရှိထားခြင်းသည် ပိုင်ရှင်အားဆန့်ကျင်လက်ရှိထားခြင်းဖြစ်သည်။ **ဒေါ်လွန်းပါ -၅ နှင့် ဒေါ်သိန်းရင်အမှု**[၁] ကို ကြည့်ပါ။

ထိုဥပဒေသဘောအရမှတ်ပုံမတင်သော အပိုင်ပေးစာချုပ်အရ အပိုင်ရသူလက်ရှိထားခြင်းသည်လည်း အပိုင်ပေးသူ၏ဆက်ခံသူတို့အား

---

* ၂၀၀၂ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၃၆
* ၂၀၀၂ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၅၇ တွင် ချမှတ်သော ၂၆-၇-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

+ ၂၀၀၃
ဇန်နဝါရီလ
၂၁ ရက်

ဆန့်ကျင်လက်ရှိထားရာရောက်သည်။ ဤမူသဘောကို **N . Varada Pillai and another** နှင့် **Jeevarathnammal** အမှု[၂] **Gayani Sahu** နှင့် **Balchand Sahu and others** အမှု[၃] တို့တွင်တွေ့ရသည်။

အချင်းဖြစ်မြေ၏အမည်ပေါက်ပိုင်ရှင်ဦးပျော့က ၉-၁၂-၇၅ ရက်စွဲပါ အပိုင်ပေးစာချုပ် (ယာယီမှတ်ပုံတင်စာချုပ်အမှတ် ၉၁၅/၇၅) ဖြင့် အချင်းဖြစ်မြေကို တူမအရင်းဖြစ်သူအမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှအားပေးခဲ့သည်။ ထို့ကြောင့်အမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှသည် ထိုအချိန်မှစ၍ ဦးပျော့အားဆန့်ကျင်လက်ရှိထားရာ ရောက်သည်။ အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှက ဒေါ်ညွန့်စိန်တို့ အပေါ် ခွင့်ပြုချက်ဖြင့် နေသူအား ဖယ်ရှားပေးစေလိုမှု စွဲဆိုသည့်အခါမှ ဒေါ်ကျင်ရွှေအား အတိအလင်းဆန့်ကျင်လာခြင်းဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူခြင်းမှာ မှန်ကန်မှုမရှိချေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးစိန်ဝင်း<br>(တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်များအတွက် | - | ဦးအေးဝင်း<br>(တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၂ တွင် အယူခံတရားပြိုင်ဒေါ်ကျင်ရွှေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်ဦး) က အယူခံတရားလိုများဖြစ်ကြသော ဒေါ်သီတာ၊ ဦးတင်မောင်ဆွေနှင့် ဒေါ်ဒွေးလှတို့အပေါ် အချင်းဖြစ်မြေပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး လက်ရောက်ရလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးကအယူခံတရားပြိုင်ဒေါ်ကျင်ရွှေစွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံတရားလို ဒေါ်သီတာပါ ၃ ဦးတို့က မကျေနပ်၍ တရားရုံးချုပ်တွင်အယူခံတင်သွင်းသော်လည်း မအောင်မြင်ပေ။ တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် အယူခံတရားလိုဒေါ်သီတာပါ ၃ ဦးတို့ကလျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့်ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

၂၀၀၃
ဒေါ်သီတာ
ပါ၃
နှင့်
ဦးကျင်ရွှေ
(၄င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်တင်တင်ဦး)

ဒေါ်ကျင်ရွှေ စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အမှတ်စဉ် ၁၄၄ အရ ကာလစည်းကမ်း သတ်မကျော်လွန်ကြောင်း တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ် ခဲ့ခြင်းမှာ မှန်ကန်မှု ရှိ မရှိ။ "

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကမ်းနားလမ်း၊ အထက်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အကွက်အမှတ် ၂ (ဘီ) ပေါက်တော၊ မြေကွက် အမှတ် ၄၊ ဧရိယာ ၀. ၁၈၀ ဧကရှိ မြေကွက်သည် ၄-၁၂-၄၈ နေ့မှစ၍ အယူခံတရားပြိုင်၏ ခင်ပွန်းဦးပျော့အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ ဦးပျော့သည် ၉-၇-၈၂ နေ့တွင် ကွယ်လွန်ရာအယူခံတရားပြိုင်သည် အချင်းဖြစ်မြေကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အမှတ် ၃ အယူခံ တရားလိုဒေါ်ဒွေးလှသည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၀/၂၀၀၀ တွင် အချင်းဖြစ်မြေ၌နေထိုင်သူ ဦးကျော်ညွန့်နှင့် ဒေါ်ညွန့်စိန်တို့အပေါ် ခွင့်ပြုချက်ဖြင့်နေသူအား ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ယင်းအနိုင်ဒီကရီကို ရန်ကုန်မြောက် ပိုင်းခရိုင်တရားရုံး ဇာရီမှုအမှတ် ၃၅/၂၀၀၀ တွင် အတည်ပြုဆောင်ရွက်သောအခါမှ အမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှသည် အယူခံ တရားပြိုင်၏ ပိုင်ဆိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်လာသည်ကို သိရှိရကြောင်း၊ အယူခံ·တရားပြိုင်ကအမှတ် ၃ အယူခံ တရားလိုဒေါ်ဒွေးလှအား အချင်းဖြစ်မြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာမပြုလုပ်ရန်တားမြစ်ခဲ့ကြောင်း၊ ထိုအခါအမှတ် ၃ အယူခံတရား လိုဒေါ်ဒွေးလှက ဦးပျော့သည် အချင်းဖြစ်မြေကွက်ကို အမည်ခံဝယ်ယူခြင်းဖြစ်ကြောင်း၊ ဦးပျော့မကွယ်လွန်မီ ၉-၁၂-၇၅ နေ့စွဲဖြင့် အချင်းဖြစ်မြေကွက်အား အပိုင်ပေးစာချုပ်ချုပ်ဆို၍ ယာယီမှတ်ပုံတင်ဖြင့်အမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှသို့ ပြန်လည်ပေးအပ်ခဲ့သည်ဟုလည်းကောင်း၊ အချင်းဖြစ်မြေမှာ အမှတ် ၃ အယူခံ တရားလိုဒေါ်ဒွေးလှပိုင် ဖြစ်သည်ဟုလည်းကောင်း၊ အယူခံတရားပြိုင်ထံ ပြန်ကြားခဲ့ကြောင်း၊ အယူခံတရားပြိုင်က အယူခံ တရားလိုတို့အား အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် အကြောင်းကြားခဲ့သော်လည်း ဖယ်ရှားပေးခြင်း မရှိသည့်ပြင် အယူခံတရားပြိုင်၏ ပိုင်ရေးပိုင်ခွင့်ကို ထိပါးနှောက်ယှက်လာသဖြင့် အမှုစွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုသည်။

အယူခံတရားလိုတို့က အချင်းဖြစ်မြေကွက်မှာ ဒေါ်ဒွေးလှ၏

၂၀၀၃
ဒေါ်သီတာ
ပါ၃
နှင့်
ဦးကျင်ရွှေ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်တင်တင်ဦး)

မိခင်ဒေါ်မယ်စီကဦးပျော့အမည်ဖြင့် အမည်ခံဝယ်ယူထားသော မြေကွက်ဖြစ်ကြောင်း၊ ခရစ်ယာန်ဘာသာဝင်ဦးပျော့သည် ဗုဒ္ဓဘာသာဝင်အယူခံတရားပြိုင်အား တရားဥပဒေနှင့်အညီ ထိမ်းမြားခဲ့ခြင်းမဟုတ်သဖြင့် အယူခံတရားပြိုင်သည် ဦးပျော့၏တရားဝင်ဇနီးမဟုတ်ကြောင်း၊ ဒေါ်ဒွေးလှသည် အချင်းဖြစ်မြေကွက်ကို ပိုင်ဆိုင်ပြီးစီမံခန့်ခွဲလျက်ရှိကြောင်း၊ အယူခံတရားလိုများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင်ဦးပျော့အားဆန့်ကျင်လျက် မိမိတို့ပိုင်မြေအဖြစ် နေထိုင်လာကြသူများဖြစ်ကြောင်း၊ ဦးပျော့သည်လည်းကောင်း၊ အယူခံတရားပြိုင်သည်လည်းကောင်း အချင်းဖြစ်မြေကို လက်ရှိရယူခဲ့ဘူးခြင်းမရှိကြောင်း၊ အယူခံတရားပြိုင်စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်များစွာ ကျော်လွန်နေပြီဖြစ်ကြောင်း ချေပသည်။

တိုင်းတရားရုံးက အယူခံတရားပြိုင်ဒေါ်ကျင်ရွှေစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ အချင်းဖြစ်မြေကွက်သည် ဦးပျော့အမည်ပေါက်ပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း၊ အချင်းဖြစ်မြေကွက်ကို အယူခံတရားပြိုင်ဒေါ်ကျင်ရွှေ၏မိခင် ဒေါ်မယ်စီက ဦးပျော့အမည်ဖြင့် အမည်ခံ၍ဝယ်ယူခြင်းဆိုသည်မှာ မမှန်ကန်ကြောင်း၊ ဗုဒ္ဓဘာသာဝင်အယူခံတရားပြိုင်ဒေါ်ကျင်ရွှေသည် ခရစ်ယာန်ဘာသာဝင်ဦးပျော့၏ တရားဝင်ဇနီးဖြစ်၍ ဦးပျော့၏အမွေကို ဆက်ခံခွင့်ရှိကြောင်းကောက်ယူ၍ အယူခံတရားပြိုင်ဒေါ်ကျင်ရွှေ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည်။

တရားရုံးချုပ်က ရန်ကုန်တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုသည်။

အယူခံတရားလိုတို့၏ရှေ့နေက အချင်းဖြစ်မြေကွက်ကို မူလပိုင်ရှင်ဦးပျော့သည် ၁၉၄၈ ခုနှစ်ကစ၍ အမည်ပေါက်ပိုင်ဆိုင်ခဲ့သော်လည်း မြေကွက်ကိုမည်သည့်အချိန်ကမျှ လက်ရောက်ရယူခဲ့ဖူးခြင်း မရှိကြောင်း၊ တရားဝင်နေထိုင်ခဲ့ဖူးခြင်းလည်း မရှိကြောင်း၊ အယူခံတရားလိုဒေါ်ဒွေးလှနှင့် မိခင်ဒေါ်မယ်စီတို့ကသာ အချင်းဖြစ်မြေကွက်ကို မိမိတို့ခြံနှင့်တစ်ဆက်တည်း၊ တစ်ဝင်းတည်းခတ်ထားပြီး အချင်းဖြစ် ခြံဝင်းထဲတွင်မိမိတို့သဘောအလျောက် တခြားသူများအား ခွင့်ပြုချက်နှင့်ထားခြင်း၊ ဆိုင်ခန်းများငှားရမ်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သက်သေခံချက်ရှိကြောင်း၊ ထိုသို့ရှိနေစဉ် မူလပိုင်ရှင်ဦးပျော့သည်တူမဖြစ်သူ ဒေါ်ဒွေးလှ

(ယခုအယူခံတရားပြိုင်အမှတ်-၃) အား အချင်းဖြစ်မြေကွက်ကို မေတ္တာဖြင့် အပိုင်ပေးသောစာချုပ်ကို ယာယီမှတ်ပုံတင်စာချုပ်အမှတ် ၉၁၅/၇၅ စာချုပ် (သက်သေခံအမှတ်-၁) ဖြင့် ၉-၁၂-၇၅ နေ့တွင် ချုပ်ဆို၍ပေးခဲ့ကြောင်း၊ ထို့ကြောင့်အဆိုပါမေတ္တာဖြင့် အပိုင်ပေးသည့် စာချုပ်ကို ချုပ်ဆိုပေးသည့် ၉-၁၂-၇၅ နေ့မှစ၍ ဒေါ်ဒွေးလှသည် အချင်းဖြစ်မြေကွက်ကို ပိုင်ရှင်တစ်ဦးကဲ့သို့ ပွင့်ပွင့်လင်းလင်းလက်ရှိထားခဲ့ကြောင်း၊ ထိုကဲ့သို့မေတ္တာဖြင့်အပိုင်ပေးစာချုပ်ကိုချုပ်ဆိုချိန်မှစ၍ ဒေါ် ဒွေးလှသည် ဦးပျော့နှင့်တကွ ၄င်းအားဆက်ခံသူ အားလုံးကိုဥပဒေအရ ဆန့်ကျင်လက်ရှိထားကြောင်းပေါ်ပေါက်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ယခုအမှုအားသုံးသပ်ကြည့်လျှင် အကွက်အမှတ် ၃ နှင့် အကွက်အမှတ် ၄ တို့မှာ တစ်စပ်တစ်ဆက်တည်းဖြစ်ပြီး ခြံစည်းရိုးမရှိကြောင်း၊ အကွက်အမှတ် ၃ ပေါ်တွင် အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှ စဉ်ဆက်မပြတ် နေထိုင်လာခဲ့ကြောင်း၊ အချင်းဖြစ်အကွက်အမှတ် ၄ ပေါ်တွင် ဦးပြုံးမိသားစု၊ ဦးကျော်ညွန့်၊ ဒေါ်ညွန့်စိန်တို့ အဆက်မပြတ်နေလာခဲ့ကြောင်း၊ ၄င်းဦးပြုံးမိသားစု၊ ဦးကျော်ညွန့်၊ ဒေါ်ညွန့်စိန်တို့ကို ဦးပျော့မှ အခမဲ့ခြံစောင့်အဖြစ် ထားခဲ့ကြောင်း၊ ဦးပျော့ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူအယူခံတရားပြိုင်ဒေါ်ကျင်ရွှေက ခြံစောင့်အဖြစ် ဆက်လက်ထားခဲ့ကြောင်း ပေါ်ပေါက်လျက်ရှိသဖြင့် အယူခံတရားပြိုင်ဒေါ်ကျင်ရွှေသည် ဦးပျော့ကွယ်လွန်သည့် ၁၉၈၂ ခုနှစ် အချိန်တွင် အချင်းဖြစ်ခြံကွက်အမှတ် ၄ ၏ ပိုင်ရှင်ဖြစ်သည်မှာထင်ရှားကြောင်း၊ ထို့ကြောင့်အယူခံတရားလို ဒေါ်ဒွေးလှက ဦးပျော့ကွယ်လွန်သည့် ၁၉၈၂ မှစ၍ဆန့်ကျင်ဘက်လက်ရှိထားခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ အချင်းဖြစ်အကွက်အမှတ် ၄ တွင် ဒေါ်ညွန့်စိန်တို့ လက်ရှိနေထိုင်လျက်ရှိနေသည့်အတွက် သို့မဟုတ် ဒေါ်ညွန့်စိန်တို့ လက်ရှိပစ္စည်းဖြစ်နေသည့်အတွက် ဒေါ်ဒွေးလှအနေဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၂၀၀၀ ကိုစွဲဆိုလျှက် အချင်းဖြစ်မြေကွက်အတွင်းမှ ဖယ်ရှားခဲ့ရကြောင်း ပေါ်ပေါက်ပြီးဖြစ်ကြောင်း၊ အပေးစာချုပ်ကို မှတ်ပုံတင်မထား၍ အထမမြောက်သော လွှဲပြောင်းမှုအရ ဒေါ်ဒွေးလှက ပစ္စည်းကိုလက်ရောက်ရပြီး လက်ရှိထားသည်ဟုမဆိုနိုင်ကြောင်း၊ ဒေါ်ဒွေးလှအနေဖြင့် ပိုင်ရှင်တစ်ဦးကဲ့သို့

၂၀၀၃
ဒေါ်သီတာ
ပါ၃
နှင့်
ဦးကျင်ရွှေ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်တင်တင်ဦး)

၉-၁၂-၇၅ နေ့မှစ၍ ပွင့်ပွင့်လင်းလင်းလက်ရှိထားခဲ့သည်ဟုဆိုသော်လည်း ၂၀၀၀ ပြည့်နှစ်တွင် အချင်းဖြစ် မြေကွက်ပေါ်တွင် လက်ရှိနေထိုင်လျက်ရှိသော ဦးကျော်ညွန့်၊ ဒေါ်ညွန့်စိန်တို့ကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ တရားစွဲဆိုဖယ်ရှားခဲ့ရခြင်းသည်ပင်လျှင် ဒေါ်ဒွေးလှအနေဖြင့် အချင်းဖြစ်မြေကွက်အမှတ် ၄ တွင်ပစ္စည်းလက်ရှိဖြစ်သူမဟုတ်ဘဲ အထမမြောက်သောလွှဲပြောင်းမှုဒဿရလည်း လက်ရောက်ရရှိထားခြင်းမရှိဆိုသည်မှာ အထင်အရှားပေါ်လွင်လျက်ရှိကြောင်း၊ ဆန့်ကျင်ဘက်လက်ရှိထားသည်ဆိုသည်မှာ အမှန်တကယ် လက်ရှိထားခြင်းရှိရမည့်အပြင် ပိုင်ရှင်ကဲ့သို့ ထင်ထင်ပေါ်ပေါ် ကျူးကျော်လက်ရှိဖြစ်ခြင်းကိုဆိုလိုကြောင်း၊ အယူခံတရားလိုများသည် အယူခံတရားပြိုင်၏ လက်ရှိပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်ဘက်လက်ရှိဖြစ်အောင် ဆောင်ရွက်လာခြင်းမှာရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ဇာရီမှုအမှတ် ၃၅/၂၀၀၀ ကို ဒီကရီပြုသည့်အချိန်မှ အချင်းဖြစ်အကွက်အမှတ် ၄ ခြံအတွင်းလက်ရှိနေထိုင်သူ ဒေါ်ညွန့်စိန်တို့အားဖယ်ရှားလျက် လုံးလုံး လျားလျားအယူခံတရားလိုများလက်ရှိအဖြစ် နေထိုင်ခဲ့ကြောင်းပေါ်လွင်ပြီးဖြစ်သဖြင့် ဒေါ်ကျင်ရွှေသည် ယခုအမှုကို အယူခံတရားလိုများကဒေါ်ကျင်ရွှေ၏ လက်ရှိပိုင်ဆိုင်ခွင့်နှင့် ဆန့်ကျင်လာသည့် ၁၂ နှစ် ကာလအတွင်း တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း ဒေါ်ကျင်ရွှေစွဲဆိုသောအမှုသည်ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄ အရ ကာလစည်းကမ်းသတ်မကျော်လွန်ကြောင်း တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်မှုရှိကြောင်း လျှောက်လဲတင်ပြသည်။

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကမ်းနားလမ်း၊ အလယ်ရပ်လှိုင်မြစ်လမ်း၊ အကွက်အမှတ် ၂ (ဘီ) ပေါက်တော၊ မြေကွက်အမှတ် ၄၊ ဧရိယာ ၀. ၁၈၀ ဧကသည် ဦးပျော့အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ အယူခံတရားပြိုင်ဒေါ်ကျင်ရွှေက အထောက်အထားတင်ပြထားခြင်း မရှိစေကာမူ အိုးအိမ်ဦးစီးဌာနမြေတိုင်း ၄ ဦးထွန်းဟန် (လိုပြ) ၏ ထွက်ချက်နှင့် အယူခံတရားလိုဘက်မှတင်ပြသော ဦးပျော့က ဒေါ်ဒွေးလှသို့ အချင်းဖြစ်မြေကို ပေးကမ်းသည့်အပိုင်ပေးစာချုပ် (သက်သေခံအမှတ်-၁) တို့အရ အချင်းဖြစ်မြေသည် ဦးပျော့အမည်ဖြင့် ယနေ့တိုင်ရှိနေကြောင်း အငြင်းမပွားချေ။

အမှုတွင်အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှ၏ မိခင်ဒေါ်

၂၀၀၃
ဒေါ်သီတာ
ပါ၃
နှင့်
ဦးကျင်ရွှေ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်တင်တင်ဦး)

မယ်စီနှင့် ဦးပျော့တို့သည် မောင်နှမများဖြစ်ကြ၍ အမှတ် ၃ အယူခံ တရားလိုဒေါ်ဒွေးလှမှာ ဦးပျော့၏တူမအရင်းဖြစ်သည်။ ဦးပျော့က အချင်းဖြစ်မြေကို တူမအရင်းတော်စပ်သူအမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှအား ၉-၁၂-၇၅ ရက်စွဲပါ အပိုင်ပေးစာချုပ်ဖြင့် ပေးခဲ့ သော်လည်း ယင်းစာချုပ်မှာ ယာယီစာချုပ်အဖြစ်တည်ရှိခဲ့ပြီး မှတ်ပုံတင် စာချုပ်မဖြစ်သေးပေ။

အချင်းဖြစ်ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကမ်းနားလမ်း၊ အလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အကွက်အမှတ် ၂ (ဘီ) ပေါက်တော၊ မြေကွက်အမှတ် ၄ နှင့် ကပ်လျက်ရှိသော မြေကွက်အမှတ် ၃ မှာ အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှ၏ မိခင်ဒေါ်မယ်စီ၏အမည်ဖြင့် ဝယ်ယူခဲ့ပြီး ဒေါ်မယ်စီနှင့်သမီးဒေါ်ဒွေးလှတို့ အစဉ်တစ်စိုက် နေထိုင် လာခဲ့သည်။

ဤအမှုမတိုင်မီရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၀၀ ပြည့် နှစ်တရားမကြီးမှုအမှတ် ၁၀ တွင် အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှ က ဦးကျော်ညွန့်နှင့် ဒေါ်ညွန့်စိန်တို့အပေါ် ယခုအချင်းဖြစ်မြေမှ အခမဲ့ ခွင့်ပြုချက်ဖြင့်ထားသူအနေဖြင့်ဖယ်ရှားပေးစေလိုမှု စွဲဆိုရာအနိုင် ဒီကရီ ရရှိသည်။ ယင်းအမှုတွင် ဦးကျော်ညွန့်နှင့် ဒေါ်ညွန့်စိန်တို့က ခရိုင် တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး ၂၀၀၀ ပြည့်နှစ် တရားမအယူခံမှု အမှတ် ၇၁ တွင် အယူခံဝင်သော် လည်း မအောင်မြင်ခဲ့ပေ။ အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှ စွဲဆို ခဲ့သောဖော်ပြပါအမှုတွင် အချင်းဖြစ် မြေကွက်အမှတ် ၄ နှင့်ကပ်လျက် ရှိသောမြေကွက်အမှတ် ၃ ကို အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှ၏ မိခင်ဒေါ်မယ်စီက ဝယ်ယူခဲ့ပြီး မြေကွက်အမှတ် ၄ ကို ဦးပျော့အမည်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ မြေကွက်အမှတ် ၃ တွင် ဒေါ်မယ်စီနှင့် အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှတို့ အစဉ်တစ်စိုက်နေထိုင်၍ မြေကွက် အမှတ် ၄ တွင် ဒေါ်မယ်စီက ၎င်း၏အလုပ်သမား ဦးပြုံးတို့အား အခမဲ့ ထားခဲ့ကြောင်း၊ ဒေါ်မယ်စီကွယ်လွန်သောအခါ အမှတ် ၃ အယူခံ တရားလိုဒေါ်ဒွေးလှက အမွေဆက်ခံခဲ့ကြောင်း၊ ဦးပြုံး၏သမီး ဒေါ်ညွန့် စိန်သည် ဦးကျော်ညွန့်နှင့် အိမ်ထောင်ကျပြီး ဦးပြုံး၏ အိမ်ဘေးတွင် ဆက်လက်နေထိုင်ကြောင်း၊ ဦးပြုံးကွယ်လွန်ပြီးနောက် အမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှက ဦးကျော်ညွန့်နှင့် ဒေါ်ညွန့်စိန်တို့အား

၂၀၀၃
ဒေါ်သီတာ
ပါ၃
နှင့်
ဦးကျင်ရွှေ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်တင်တင်ဦး)

ဖယ်ရှားပေးရန်တောင်းဆိုကြောင်း၊ ဦးကျော်ညွန့်နှင့်ဒေါ်ညွန့်စိန်တို့ ကဖယ်ရှားမပေးသဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၀/၂၀၀၀ ကိုစွဲဆိုရကြောင်း၊ အယူခံတရားလိုတို့တင်ပြသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၀/၂၀၀၀ မှ စီရင်ချက်နှင့်ဒီကရီ (သက်သေခံအမှတ်-၂) နှင့် ရန်ကုန်တိုင်းတရားရုံး တရားမပထမအယူခံမှုအမှတ် ၇၁ / ၂၀၀၀ မှ စီရင်ချက်နှင့်ဒီကရီ (သက်သေခံ အမှတ်-၃) တို့အရ ထင်ရှားပေါ်ပေါက်သည်ကို တွေ့ရသည်။

အမှုတွင်အဓိကအငြင်းပွားသည့်အချက်မှာ အယူခံတရားပြိုင်ဒေါ်ကျင်ရွှေစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းရှိ မရှိ ဖြစ်သည်။

အချင်းဖြစ်မြေတွင် အယူခံတရားပြိုင်ဒေါ်ကျင်ရွှေ၏ခင်ပွန်း ဦးပျော့သည် မည်သည့်အခါကမျှ နေထိုင်ခဲ့ဘူးခြင်းမရှိပေ။ အယူခံတရားပြိုင်ဒေါ်ကျင်ရွှေက အချင်းဖြစ်မြေကွက်တွင် ဦးပြုံးမိသားစုနှင့် သမီးဒေါ်ညွန့်စိန်တို့ကို ခြံစောင့်အဖြစ် ဦးပျော့ရှိစဉ်က အခမဲ့ထားခဲ့ကြောင်း၊ ဦးပျော့ကွယ်လွန်သောအခါတွင်လည်း ဦးပြုံးမိသားစုအား ခြံစောင့်အဖြစ် မိမိက အခမဲ့ဆက်လက်ထားရှိကြောင်း ထွက်ဆိုသည်။

တရားရုံးချုပ်က အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှသည် ဦးကျော်ညွန့်နှင့် ဒေါ်ညွန့်စိန်တို့အပေါ် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် အခမဲ့ခွင့်ပြုချက်ဖြင့်နေထိုင်သူများအဖြစ် ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ ယင်းအမှုတွင် ဒေါ်ညွန့်စိန်တို့က ၎င်းတို့သည် မြေပိုင်ရှင်ဦးပျော့၏ ခွင့်ပြုချက်ဖြင့်နေထိုင်သူများ ဖြစ်ကြောင်းချေပခဲ့ကြောင်း၊ အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှ၏ အဆိုပြုချက်အရ အချင်းဖြစ်မြေမှာ ဒေါ်ညွန့်စိန်တို့လက်ရှိဖြစ်နေ၍ ဖယ်ရှားရခြင်းဖြစ်ကြောင်း၊ အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှသည် ယခုအမှုတွင် ၎င်းချေပသကဲ့သို့ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ဦးပျော့အားဆန့်ကျင်လျက် မိမိတို့မိသားစုပိုင် မြေအဖြစ်လက်ရှိနေထိုင် လျှက်ရှိကြသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း၊ အမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှက ဒေါ်ညွန့်စိန်တို့အပေါ် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၀/၂၀၀၀ တွင် ခွင့်ပြုချက်ဖြင့် နေထိုင်သူအား ဖယ်ရှားပေးစေလိုမှုစွဲဆိုသောအခါမှသာ ပိုင်ရှင်ဖြစ်သူဒေါ်ကျင်ရွှေအား

၂၀၀၃
ဒေါ်သီတာ
ပါ၃
နှင့်
ဦးကျင်ရွှေ
(၄င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်တင်တင်ဦး)

အတိအလင်းဆန့်ကျင်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ဒေါ်ကျင်ရွှေ စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိကြောင်း ကောက်ယူခဲ့သည်။

အချင်းဖြစ်မြေမှာ ဦးပျော့အမည်ပေါက်ပိုင်ဆိုင်ကြောင်း အိုးအိမ်ဦးစီးဌာနမြေတိုင်း ၄ ဦးထွန်းဟန် (လိုပြ) ထွက်ချက်နှင့်အယူခံတရားလိုတို့တင်ပြသော သက်သေခံအမှတ် ၁ ယာယီ မှတ်ပုံတင်စာချုပ်တို့အရထင်ရှားသည်။ အချင်းဖြစ်မြေတွင် ဦးပြုံးမိသားစု နှင့်ဒေါ်ညွန့်စိန်တို့ နေထိုင်ခြင်းနှင့် ပတ်သက်၍ ဦးပျော့ကထားခဲ့သလား၊ ဒေါ်မယ်စီကထားခဲ့သလား အငြင်းပွားခဲ့ရာတွင် ယခင်ဆုံးဖြတ်ခဲ့သော မြောက်ပိုင်းခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့က အချင်းဖြစ်မြေတွင် ဦးပြုံးမိသားစုအား ဒေါ်မယ်စီက အခမဲ့ထားခဲ့ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ဦးပြုံးမိသားစုအား အချင်းဖြစ်မြေတွင် ဒေါ်မယ်စီက ထားခဲ့ခြင်းဖြစ်ကြောင်းကို ဦးပြုံး၏သမီးတစ်ဦးဖြစ်သူ အသက် ၆၉ နှစ်ရှိ ဒေါ်သန်းအေး (ပြိုင်ပြ) ကထောက်ခံထွက်ဆိုထားသည်။

အချင်းဖြစ်မြေ၏အမည်ပေါက်ပိုင်ရှင်ဦးပျော့သည် အချင်းဖြစ်မြေတွင်နေထိုင်ခဲ့ဘူးခြင်း မရှိသည့်ပြင် ၉-၁၂-၇၅ ရက်စွဲပါ သက်သေခံအမှတ် ၁ အပိုင်ပေးစာချုပ် (ယာယီမှတ်ပုံတင်စာချုပ် ၉၁၅/၇၅)ဖြင့် တူမအရင်းဖြစ်သူအမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှအားပေးခဲ့သည်ကိုထောက်ရှုလျှင် အချင်းဖြစ်မြေသည် ဒေါ်မယ်စီနှင့်သမီး ဒေါ်ဒွေးလှတို့၏ စီမံခန့်ခွဲမှုအောက်တွင်ရှိကြောင်း ကောက်ယူနိုင်သည်။

သက်သေခံအမှတ် ၁ အပိုင်ပေးစာချုပ်သည် ယာယီမှတ်ပုံတင်စာချုပ်သာဖြစ်၍ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၂၃ အရပေးကမ်းခြင်းမမြောက်ပေ။ သို့ရာတွင်ယင်းစာချုပ်အရ အချင်းဖြစ်ပစ္စည်းကိုလက်ဝယ်ရသူအနေဖြင့် မည်သို့အကျိုးသက်ရောက်သည်ကို စိစစ်ရန်ဖြစ်သည်။

ပျက်ပြယ်သောအပိုင်ပေးစာချုပ်အရ ပေးသောပစ္စည်းကို အပိုင်ရယူ (donee) ကလက်ရှိထားခြင်းသည် ပိုင်ရှင်အားဆန့်ကျင် လက်ရှိထားခြင်းဖြစ်သည်။ **ဒေါ်လွန်းပါ-၅ နှင့် ဒေါ်သိန်းရင်အမှု**[၁] ကိုကြည့်ပါ။

ထိုဥပဒေသဘောအရ မှတ်ပုံမတင်သောအပိုင်ပေးစာချုပ်အရ အပိုင်ရသူလက်ရှိထားခြင်းသည်လည်း အပိုင်ပေးသူ၏ဆက်ခံသူတို့အား

(၁) ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၄၉

၂၀၀၃
ဒေါ်သီတာ
ပါ၃
နှင့်
ဦးကျင်ရွှေ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်တင်တင်ဦး)

ဆန့်ကျင်လက်ရှိထားရာရောက်သည်။ ဤမှုသဘောကို **N. Varada Pillai and another** နှင့် **Jeevarathnammal** အမှု[၂] **Gayani Sahu** နှင့် **Balchand Sahu and others** အမှု[၃] တို့တွင် တွေ့ရသည်။

အချင်းဖြစ်မြေ၏အမည်ပေါက်ပိုင်ရှင်ဦးပျော့က ၉-၁၂-၇၅ ရက်စွဲပါအပိုင်ပေးစာချုပ် (ယာယီမှတ်ပုံတင်စာချုပ်အမှတ် ၉၁၅/၇၅) ဖြင့် အချင်းဖြစ်မြေကို တမအရင်းဖြစ်သူအမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှအားပေးခဲ့သည်။ ထို့ကြောင့်အမှတ် ၃ အယူခံတရားလို ဒေါ်ဒွေးလှသည် ထိုအချိန်မှစ၍ ဦးပျော့အား ဆန့်ကျင်လက်ရှိထားရာရောက်သည်။ အမှတ် ၃ အယူခံတရားလိုဒေါ်ဒွေးလှက ဒေါ်ညွန့်စိန်တို့အပေါ် ခွင့်ပြုချက်ဖြင့်နေသူအား ဖယ်ရှားပေးစေလိုမှုစွဲဆိုသည့်အခါမှ ဒေါ်ကျင်ရွှေအား အတိအလင်းဆန့်ကျင်လာခြင်းဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူခြင်းမှာ မှန်ကန်ခြင်းမရှိချေ။

ဦးပျော့သည် ၉-၇-၈၂ နေ့တွင် ကွယ်လွန်ရာ တရားစွဲဆိုနိုင်သော အခွင့်အရေးသည် ဦးပျော့၏ဇနီး အယူခံတရားပြိုင်ဒေါ်ကျင်ရွှေသို့ တိုက်ရိုက်သက်ဆင်းသည်။ ထို့ကြောင့်ဦးပျော့အား ဆက်ခံသူ အယူခံတရားပြိုင်ဒေါ်ကျင်ရွှေကအယူခံတရားလိုအပေါ် စွဲဆိုသောအမှုမှာ ယာယီမှတ်ပုံတင်စာချုပ်ချုပ်ဆိုသည့် ၉-၁၂-၇၅ နေ့မှစ၍ စည်းကမ်းသတ်ကာလကို ရေတွက်ရမည်ဖြစ်သည်။ ထိုအချိန်မှစ၍ ရေတွက်ပါက ဒေါ်ကျင်ရွှေစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ပြီး ဖြစ်ကြောင်းထင်ရှားသည်။

ထို့ကြောင့်ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

> " ဒေါ်ကျင်ရွှေ စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၄ အရ ကာလစည်းကမ်းသတ်မကျော်လွန်ကြောင်း တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်မှု မရှိကြောင်း။ "

ထို့ကြောင့်ဤအထူးအယူခံကိုခွင့်ပြုပြီး တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့အား ပယ်ဖျက်၍ အယူခံ

---

(2) AIR 1919 (PC) 44

(3) AIR 1924 Patna 341

| | |
|---|---|
| ၂၀၀၃<br>ဒေါ်သီတာ<br>ပါ၃<br>နှင့်<br>ဦးကျင်ရွှေ<br>(၄င်း၏အခွင့်ရ<br>ကိုယ်စားလှယ်<br>ဒေါ်တင်တင်ဦး) | တရားပြိုင်ဒေါ်ကျင်ရွှေစွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့် တကွပလပ်လိုက်သည်။<br>ရှေ့နေခကျပ် ၃၀၀၀/- သတ်မှတ်သည်။ |

**တရားမအထူးအယူခံမှု**

၂၀၀၃
မတ်လ
၁၄ ရက်

**တရားရုံးချုပ်၊ တရားသူကြီးချုပ်ဦးအောင်တိုး**
**ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး နှင့်**
**တရားသူကြီး ဦးမြင့်သိန်းတို့၏ရှေ့တွင်**

**ဒေါ်သန်းသန်းမေ ပါ ၄**
**နှင့်**
**ဒေါ်အမိနာ ပါ ၂**
**(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်သန်းဌေး)**

**သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ အိမ်ငှားဖြစ်ကြောင်း မြွက်ဟ ကြေညာပေးရန်စွဲဆိုမှု၊ မူလအိမ်ငှားဖြစ်သူသည် ငှားရမ်းထားသော ဥပစာတွင် မိမိကိုယ်တိုင်မနေဘဲ အခြားသူအား နေခွင့်ပြုခဲ့ရာ နေထိုင်သူက အိမ်ရှင်အား အိမ်လခပေး၍နေထိုင်သည့်အခြေအနေ တွင် မူလအိမ်ငှားအား အိမ်ငှားအဖြစ် ဆက်လက်အတည်ပြုရန် သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ တရားရုံးချုပ်က မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန် အနေ ဖြင့် ဒေါ်အမိနာအား အိမ်ငှားအဖြစ် အသိအမှတ်ပြု၍ ငှားရမ်းခပေးသွင်းခွင့် ပြုထားကြောင်း ကောက်ယူသုံးသပ်ခဲ့သည်။ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဝန်ရုံးအနေဖြင့် အိမ်ရှင်ကပြေငြင်းပယ်သည့် ငှားရမ်းခများကို လက်ခံနိုင်သော်လည်း မည်သူအိမ်ရှင် မည်သူအိမ်ငှားဖြစ်သည်ကို ဆုံးဖြတ်ခွင့် မရှိချေ။ ဤမူသဘောကို **ဒေါ်သိန်းဟန် နှင့်ဦးဘဘွား ပါ ၂ အမှု** (၇) တွင် တွေ့မြင်နိုင်သည်။ သို့ဖြစ်၍တရားရုံးချုပ်ကအိမ်လခပေးသူဒေါ်အမိနာကိုအိမ်ငှားအဖြစ်သတ်မှတ်ခြင်းသည်လည်း မှန်ကန်ခြင်းမရှိပေ။

ဘုရားလိုများသည် ရှေ့သေဆုံးသူမူလအိမ်ငှား ဦးရှိတ်မိုဟာမက်၊

---

* ၁၉၃၂ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄၆

** ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၁ တွင် ချမှတ်သော ၃၁-၇-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ်၏စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၂၀၀၃
ဒေါ်သန်းသန်းမေ
ပါ ၄
နှင့်
ဒေါ်အမိနာ
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်သန်းဌေး)

ဒေါ်အုန်းတင်တို့၏သားသမီးများဖြစ်ကြသဖြင့်၎င်းတို့၏တရားဝင်ကိုယ်စား လှယ် များဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ) အရ အိမ်ငှားဆိုသည်မှာ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှ တစ်ဆင့် ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူ တစ်ဦးတစ်ယောက်ကိုဆိုလိုကြောင်း ထိုစကားရပ်တွင် တရားမကျင့်ထုံး ဥပဒေ၌ အဓိပ္ပါယ်ဖော်ပြထားသည့် တရားဝင် ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ အယူခံ တရားလိုများသည် မူလအိမ်ငှား၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သဖြင့် အချင်းဖြစ် အခန်း၏ အိမ်ငှားများအဖြစ် ဆက်လက်တည်ရှိကြောင်း ပေါ်ပေါက်သည်။

မိမိငှားရမ်းထားသောအိမ်ခန်းတွင် အိမ်ငှားသည်ကိုယ်တိုင် ဆက်လက်၍ နေထိုင်ခြင်းမပြုသော်လည်း အိမ်ငှားချထားခြင်းကို ရပ်စဲခြင်းမရှိသေးလျှင် အိမ်ငှားအဖြစ် ဆက်လက်တည်ရှိသည်။ ဝုဇ္ဇလွှမ်ပိုး (ခ) ဝုတိလွှေ နှင့် ယီရှုပ်လန်ပါ-၃အမှု[7] ကိုကြည့်ပါ။ သို့ဖြစ်၍ အယူခံတရားလိုများသည် အချင်းဖြစ်အခန်း တွင် နေထိုင်ခြင်း မပြုသော်လည်း အိမ်ငှားအဖြစ်သာ ဆက်လည်တည်ရှိနေသည် မှာ မြင်သာသည်။

တိုင်းတရားရုံးက အယူခံတရားလိုများသည် အချင်းဖြစ်ဥပစာ၏ အိမ်ငှား များဖြစ်ကြောင်း မြွက်ဟဒီကရီချမှတ်ခြင်းအပေါ် တရားရုံးချုပ်က ပယ်ဖျက် ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးခင်မောင်မောင် (တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်များအတွက် | - | (၁) ဦးတင်မောင်သိန်း (တရားရုံးချုပ်ရှေ့နေ) |
| | | (၂) ကိုယ်တိုင် (မလာ) |

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၉၆ တွင် အယူခံ တရားလိုဒေါ်သန်းသန်းမေပါ ၄ဦးတို့က အယူခံ တရားပြိုင်ဒေါ်အမိနာပါ ၂ ဦးအပေါ် ဒေါ်သန်းသန်းမေတို့သည် အိမ်ငှားများဖြစ် ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှုစွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံ

၂၀၀၃
ဒေါ်သန်းသန်းမေ ပါ ၄ နှင့် ဒေါ်အမိနာ ပါ ၂ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းဌေး)

တရားပြိုင်ဒေါ်အမိနာက မကျေနပ်၍ တရားရုံးချုပ်တွင် ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၁ အရ အယူခံဝင်ရောက်ရာ တရားရုံးချုပ်က တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး အယူခံတရားလို မသန်းသန်းမေပါ ၄ဦးတို့စွဲဆိုသော အမှုကိုပလပ်ခဲ့သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ၂၀၀၀ ပြည့်နှစ် တရား စီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပြန်လည် စစ်ဆေးပေးရန် အယူခံ တရားလို တို့က လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

၁။ မူလအိမ်ငှားဖြစ်သူသည် ငှားရမ်းထားသော ဥပစာတွင် မိမိကိုယ်တိုင်မနေဘဲ အခြားသူအားနေထိုင်ခွင့်ပြုခဲ့ရာ နေထိုင်သူက အိမ်ရှင်အား အိမ်လခပေး၍ နေထိုင်သည့် အခြေအနေတွင် မူလ အိမ်ငှားအား အိမ်ငှားအဖြစ် ဆက်လက် အတည်ပြုရန် သင့် မသင့်။

၂။ တရားရုံးချုပ်က မူလအိမ်ငှားအား အိမ်ငှားအဖြစ် မြွက်ဟ ကြေညာမပေးခြင်းသည် မှန်ကန်ခြင်း ရှိ မရှိ။

အဆိုလွှာအရ အယူခံတရားလိုဒေါ်သန်းသန်းမေပါ ၄ ဦးတို့၏ ဖခင် ဦးရှိတ်မိုဟာမက်သည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၉ရပ်ကွက်၊ လမ်း ၄၀၊ အမှတ် ၂၁၆၊ မြေညီထပ် (ယာခန်း) ကို မူလ ပိုင်ရှင် ဟာဂျီလသစ်နှင့် ဟာဂျီတိုင်ယွတ်တို့ထံမှ အပျောက်ဝယ်ယူငှား ရမ်းပြီး တစ်လလျှင် ငှားရမ်းခ ၃၃ ကျပ် ၇၅ပြားပေးဆောင်ကာ လိုင်စင်ရရေပိုက်နှင့် ရေသန့်လုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ အချင်းဖြစ် အခန်းအပါအဝင် အဆောက်အအုံကို မူလပိုင်ရှင်တို့က မော်လမြိုင် စူရ်ရတီဗလီသို့ လှူဒါန်းခဲ့ ကြောင်း၊ အယူခံ တရားလိုများ၏ မိဘများက မိခင် ဒေါ်အုန်းတင်၏ ညီမ ဖြစ်သူ အမှတ် (၁) အယူခံတရားပြိုင် ဒေါ်အမိနာအား အချင်းဖြစ်ဥပစာ၏ နောက်ဘက်ပိုင်း၌ ၁၉၆၈ ခုနှစ် တွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြောင်း ၊ ဦးရှိတ်မိုဟာမက်သည် ၂၂. ၇. ၇၀ ရက်နေ့တွင် ကွယ်လွန်ပြီးဒေါ်အုန်းတင် သည် ၂၀. ၃. ၈၈ ရက်နေ့တွင် ကွယ်လွန်ကြောင်း၊ မိဘများကွယ်လွန် သော အခါ အယူခံ တရားလို များ သည် အချင်းဖြစ် အခန်း ကို အမွေဆက်ခံ ပိုင်ဆိုင်ပြီး အိမ်ငှားများဖြစ်လာ ကြောင်း၊ အယူခံ တရားပြိုင်များက အယူခံတရားလိုတို့အား အချင်းဖြစ်

၂၀၀၃
ဒေါ်သန်းသန်းမေ
ပါ ၄
နှင့်
ဒေါ်အမီနာ
ပါ ၂
(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်သန်းငွေး)

အခန်း၏အိမ်ငှားဖြစ်သည်ကို ငြင်းဆန်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးတွင် တရားမ ကြီးမှုအမှတ်၃၅၁/၉၉အရအယူခံတရားပြိုင် ဒေါ်အမီနာအပေါ် ခွင့်ပြုချက်ဖြင့် ထားသူအား နှင်လိုမှုစွဲဆိုထား၍ အကျိုးဆက်သက်သာခွင့်မတောင်းတော့ကြောင်းစသည်ဖြင့်အဆိုပြုသည်။

အမှတ် (၁) အယူခံတရားပြိုင်ဒေါ်အမီနာက ဦးရှိတ်မိုဟာမက်နှင့် ဦးဘီဒီရော့သ်တို့ထံမှ ၁၉၆၄ ခုနှစ်ကပင် ငွေကျပ် ၃၀၀၀ဝ/- ဖြင့် ဝယ်ယူ ပိုင်ဆိုင်ပြီးတိုက်ပိုင်ရှင်အဆက်ဆက်အားတရားဝင်သတ်မှတ်သည့် အိမ်လခ များပေး၍ ယနေ့ တိုင်စဉ်ဆက်မပြတ်နေခဲ့ကြောင်း၊ အဆိုပါ အခန်းသည် အယူခံ တရားလိုများနှင့် လုံးဝ ပတ်သက်ခြင်းမရှိကြောင်း၊ မိမိကိုယ်ပိုင်ဝယ်ယူ၍ တရားဝင် အိမ်ငှားအဖြစ်နေထိုင်ခြင်း ဖြစ်ကြောင်း စသည်ဖြင့် ချေပသည်။

အမှတ် (၂) အယူခံတရားပြိုင်လာရောက်ခြင်းမရှိပေ။

တိုင်းတရားရုံးက အယူခံတရားလိုများသည် အချင်းဖြစ် အခန်းအား အပျောက်ငွေဖြင့် ဝယ်ယူငှားရမ်းခဲ့သဖြင့် ၎င်းအိမ်ခန်း၏ တရားဝင်အိမ်ငှားများ ဖြစ်ကြောင်း သုံးသပ်၍အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်။

တရားရုံးချုပ်က အချင်းဖြစ်အခန်းကို ၁၉၇၀ ခုနှစ်ခန့်အထိ ဦးရှိတ်မိုဟာမက်အမည်ဖြင့် ပေးသွင်းထားကြောင်း၊ ၁၉၇၀ ခုနှစ်နောက်ပိုင်းတွင် အခန်းငှားရမ်းခ ပေးချေခြင်းမရှိကြောင်း၊ ၁၉၉၅ ခုနှစ်မှစ၍ ဒေါ်အမီနာ အမည်ဖြင့် ပေးသွင်းခဲ့ကြောင်း မသန်းသန်းမေတို့က အချင်းဖြစ်အခန်း၏ အိမ်ရှင်ဖြစ်သော မော်လမြိုင်စူရ်ရတီဗလီ ဂေါပကအဖွဲ့မှ တာဝန်ရှိသူကို သက်သေပြထားခြင်း မရှိကြောင်း၊ ၎င်းတို့သည် တရားဝင်အိမ်ငှားဖြစ်ကြောင်း ကို သက်သေပြရန် တာဝန်ပျက်ကွက် ကြောင်း၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဝန်က ဒေါ်အမီနာအား အိမ်ငှားအဖြစ် အသိအမှတ်ပြု၍ ငှားရမ်းခများ ပေးသွင်းခွင့်ပြုထားကြောင်း၊ သို့ပါလျက် အယူခံတရားလိုတို့အား အချင်းဖြစ် အခန်း၏တရားဝင်အိမ်ငှားဖြစ်ကြောင်း ဆုံးဖြတ်သည့် မူလရုံးအမိန့်သည် မှန်ကန်ခြင်းမရှိကြောင်း သုံးသပ် ဆုံးဖြတ်ခဲ့သည်။

အယူခံ တရားလိုများ ရှေ့နေက အချင်းဖြစ်ရန်ကုန်မြို့၊ လမ်း ၄၀၊ အမှတ် ၂၁၆ မြေညီထပ်အခန်း၏ မူလအိမ်ငှားဖြစ်သူသည် အယူခံ တရားလို မသန်းသန်းမေ ပါ၄ဦး၏ ဖခင်ရှိတ်မိုဟာမက် ဖြစ်ကြောင်း၊ အိမ်လခကို မူရှိတ်မိုဟာမက်၏အမည်ဖြင့်၁၉၅၇-၅၈ ခုနှစ်ခန့်မှ

၂၀၀၃
ဒေါ်သန်းသန်းမေ
ပါ ၄
နှင့်
ဒေါ်အမိနာ
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်သန်းဌေး)

စ၍ ၁၉၇၀ ပြည့်နှစ် ကွယ်လွန်ချိန် အထိပေးသွင်းခဲ့ကြောင်း၊ ဒေါ်အမိနာနှင့်ခင်ပွန်းဦးအနုများတို့သည်နေထိုင်ရေးပြဿနာပေါ်ပေါက်၍ ဒေါ်အုန်းတင် အား ထိုအခန်းတွင် နေထိုင်ခွင့် တောင်းရာ ဒေါ်အုန်းတင်က ခင်ပွန်း ရှိတ်မိုဟာမက်အား အကျိုးသင့်အကြောင်း သင့်ပြောပြီး ထိုအခန်းတွင် အခမဲ့ နေခွင့်ပြုခဲ့ကြောင်း၊ ထိုသို့ နေထိုင်လာကြရာ အိမ်ငှားဦးရှိတ်မိုဟာမက် ၏အမည်ဖြင့်ပင် ဒေါ်အမိနာက အိမ်ရှင်ထံ အိမ်လခ များပေးသွင်း လာခဲ့ခြင်း ဖြစ်ကြောင်း။ အိမ်လခပေးသွင်းတာ နေထိုင်သည်ဟု ဆိုကာမျှဖြင့် ဒေါ်အမိနာသည်အိမ်ငှား အဖြစ်သို့ မရောက်ရှိကြောင်း၊ တရားဝင် အိမ်ငှား အတွက် အိမ်လခပေးသွင်း၍ နေထိုင်ခြင်းသာဖြစ်ကြောင်း၊ အိမ်ငှား အတွက် အိမ်ငှား ကိုယ်စား ပေးဆောင် ခြင်းဖြစ်ကြောင်း၊ ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ)အရ မူလအိမ်ငှား ဦးရှိတ်မိုဟာမက်သည်ပင် အိမ်ငှား အဖြစ် ဆက်လက်တည်ရှိနေပါ၍ ၎င်း၏ သားသမီးအမွေစား အမွေခံ အယူခံ တရားလိုမသန်းသန်းမေပါ (၄)ဦးအား အိမ်ငှားအဖြစ် မြွက်ဟ ကြေညာသည့် ဒီကရီ ရထိုက်ကြောင်း လျှောက်လဲသည်။

အမှတ် (၁) အယူခံတရားပြိုင်ရှေ့နေက ယခုအခါတွင် ရန်ကုန်မြို့၌ မူလအိမ်ငှားအမည်မပြောင်းဘဲ အိမ်လခဆက်ပေးကာ ဝယ်ယူသူအဆက်ဆက် နေထိုင်လေ့ရှိကြောင်း၊ မူလအိမ်ငှားဆိုသူမှာ ယခုအမှုတွင် အိမ်ငှားမဟုတ်တော့ ကြောင်း ပေါ်လွင်ထင်ရှားနေသဖြင့် လက်ခံစဉ်းစားရန်မလိုအပ်ကြောင်း၊ အယူခံ တရားပြိုင် ဒေါ်အမိနာ အမည်ဖြင့် အိမ်ငှားအမည်ပြောင်းခဲ့ရကြောင်းကို ရှင်းလင်းထားပြီး ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေါ်အမိနာသည် အိမ်ငှားဖြစ်နေသဖြင့် ပြဿနာ(၁)မှာ အကြောင်းခြင်းရာသက်သက်သာလျှင်ဖြစ်ကြောင်း၊ အယူခံတရားလိုများ၏ ကိုယ်စားလှယ် ဦးကျော်မြင့်ကိုယ်တိုင် အယူခံတရားပြိုင်မှ အိမ်လခပေး ကြောင်း၊အမည်ပြောင်းကြောင်း နှင့် အိမ်ဖြင်ဆင်ခွင့်အရ တစ်အိမ်လုံး ပြင်ဆင်ကြောင်းကို သိကြောင်းဖြင့် ဝန်ခံထားပြီး ဖြစ်ကြောင်း၊ အိမ်ငှားသေလျှင် ၎င်း၏တရားဝင် ကိုယ်စားလှယ်သည် အိမ်ငှားဖြစ်သည်ဟု ဆိုနိုင်သော်လည်း ဤအမှုတွင် အကြောင်းခြင်းရာအရ အိမ်ခန်းလွှဲပြောင်းရယူ၍ အယူခံ တရားပြိုင်၏အမည်ဖြင့် အိမ်လခပြေစာ၌ အမည်ပြောင်းခဲ့သည်မှာ နှစ်ဖက် အငြင်းမပွားကြောင်း၊ ဤအခြေအနေတွင် နှစ်ပေါင်း (၄၀)မျှ

၂၀၀၃
ဒေါ်သန်းသန်းမေ
ပါ ၄
နှင့်
ဒေါ်အမီနာ
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်သန်းဌေး)

နေထိုင်လာသူအယူခံတရားပြိုင်အား ဘိမ်ငှားမဟုတ်ဟု ယူဆခြင်းသည် အကျိုးသင့် အကြောင်းသင့်မဟုတ်ကြောင်း၊ **ဒေါ်ကြည်စိန်လွင် (ခ) ဒေါ်မာမာကြီး နှင့် ဒေါက်တာ မောင်မောင်ကြီး** အမှု[၁] လမ်းညွှန်ချက်အရ အိမ်ရှင်က အိမ်လခပြေစာကိုကွယ်လွန်ပြီးသူ မူလအိမ်ငှားအမည်ဖြင့် ဖော်ပြခဲ့ရုံမျှဖြင့် နောက် ဆက်ခံသူအိမ်ငှားသည် တရားဝင် အိမ်ငှားဖြစ်မလာဟု မဆိုနိုင်ကြောင်း၊ အမှုတွင် ဥပဒေအရ အခွင့်အရေးရပိုင်ခွင့်နှင့် ပစ္စည်းနှင့်ပတ်သက်သော အခွင့် အရေးရပိုင်ခွင့်တို့မှာ သတ်သေခံချက်များအရ အယူခံတရားပြိုင် ဒေါ်အမီနာသာ လျှင်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပြီးဖြစ်၍ တရားရုံးချုပ်မှ အယူခံတရားလို များအား အိမ်ငှားအဖြစ် မြွက်ဟကြေညာ မပေးခြင်းသည် ဥပဒေနှင့်ညီညွတ် မှန်ကန်ကြောင်း လျှောက်လဲသည်။

အမှတ် (၂) အယူခံတရားပြိုင်ကိုယ်တိုင်မလာ။

အယူခံတရားလိုဒေါ်သန်းသန်းမေတို့က အယူခံတရားပြိုင် ဒေါ်အမီနာ ပါ-၂ဦးအပေါ် အယူခံတရားလိုတို့သည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် အမှတ် ၉ရပ်ကွက်၊ လမ်း ၄၀၊ အမှတ် ၂၁၆၊ မြေညီထပ် (ယာခန်း)၏ အိမ်ငှားဖြစ် ကြောင်း သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

> ပုဒ်မ ၄၂။ တရားဝင်အနေအထားကိုဖြစ်စေ၊ ပစ္စည်းနှင့်စပ်လျဉ်း သည့် အခွင့်အရေးကိုဖြစ်စေ ရထိုက်ခွင့်ရှိ သူ တစ်ဦးဦး သည် မိမိအနေအထားကို သို့မဟုတ် မိမိအခွင့်အရေးကို ငြင်းဆိုသူ သို့မဟုတ် ငြင်းဆိုရန် အကျိုးလိုလားသူအပေါ် တရားစွဲဆိုနိုင်သည်။ တရားရုံးသည် ထိုသို့ရထိုက်ခွင့် ရှိကြောင်း မိမိ၏ သဘောအတိုင်း မြွက်ဟကြေညာ နိုင်သည်။ ထို့ပြင် တရားလိုသည် ထိုအမှုတွင်နောက် ထပ်သက်သာခွင့် တောင်းရန်မလို၊ သို့ရာတွင် တရားလိုသည် ပိုင်ဆိုင် ခွင့်ရှိကြောင်း မြွက်ဟကြေငြာချက်သက်သက် အပြင်နောက်ထပ်သက်သာခွင့် တောင်းခံနိုင် ပါလျက်တောင်းခံရန် ပျက်ကွက်လျှင် မည်သည့် တရားရုံး ကမျှ ထိုသို့မြွက်ဟကြေငြာခြင်းမပြုရ။

---

(၁) ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၁၅၈

၂၀၀၃
ဒေါ်သန်းသန်းမေ
ပါ ၄
နှင့်
ဒေါ်အမိနာ
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်သန်းဌေး)

သို့ဖြစ်၍ အယူခံတရားလိုများသည် ပစ္စည်းအခွင့်အရေးနှင့် စပ်လျဉ်း၍ ယင်းအခန်းတွင် တရားဝင်အိမ်ငှား ဟုတ်မဟုတ် စိစစ်ရန် လိုသည်။

အယူခံတရားလိုများက ဖခင်ဦးရှိတ်မိုဟာမက်သည် မူလ တိုက်ပိုင်ရှင် ဟာဂျီလသစ်၊ ဟာဂျီတိုင်ယွတ်ထံမှ အချင်းဖြစ်အခန်းကို အပျောက်စနစ်ဖြင့် ဝယ်ယူ၍တစ်လလျှင် အိမ်လခ ၃၃ ကျပ် ၇၅ ပြား ဖြင့် ငှားရမ်းခဲ့ကြောင်း၊ မူလပိုင်ရှင်များက မော်လမြိုင်မြို့ရှိ စူရီရတီ ဗလီကြီးအား အဆိုပါ အဆောက်အအုံ နှင့် မြေကိုလှူဒါန်းခဲ့ကြောင်း၊ အယူခံတရားလို မိဘများက မူလအိမ်ရှင် ဟာဂျီလသစ်၊ ဟာဂျီ တိုင်ယွတ်တို့ထံတွင်လည်းကောင်း၊ အိမ်လခကောက်ခံသူ အမ်အိုင်မိုဒန်၊ ဂျီအမ်အီဂျဝါးနှင့် အင်န်းအီးဗာယက်စ် တို့ထံတွင်လည်းကောင်း၊ အိမ်လခများပေးသွင်းခဲ့ကြောင်း၊ မိဘများက အချင်းဖြစ်အခန်း၏ နောက်ဘေး ပိုင်းတွင် မိခင်ဒေါ်အုန်းတင်၏ညီမ ဖြစ်သူအမှတ် (၁) အယူခံတရားပြိုင် ဒေါ်အမိနာအား အခွင့်အမိန့်ဖြင့်အခမဲ့ နေထိုင် ခွင့်ပြုခဲ့ကြောင်း၊ ဒေါ်အမိနာက အိမ်လခများ ဆက်လက်ပေးသွင်း နေခဲ့ကြောင်း၊ သို့ရာတွင် အယူခံတရားလိုများသည် တရားဝင်အိမ်ငှား အနေဖြင့် ဆက်လက်တည်ရှိနေကြောင်း စသည်ဖြင့် အဆိုပြုစွဲဆိုခဲ့ပြီး အယူခံတရားလိုများကိုယ်စား ဦးကျော်မြင့်က အိမ်လခများကို ၁၉၇၀ ခုနှစ်အထိပေးခဲ့ကြောင်း၊ အခွင့်အမိန့်ဖြင့် နေထိုင်သူဒေါ်အမိနာက အိမ်လခများကို ဖခင်ဦးရှိတ်မိုဟာမက်အမည်ဖြင့် ဆက်လက်၍ ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ၁၉၉၄-၉၅ ခုနှစ်တွင် အိမ်လခကောက်ခံသူ ဆဲလ်မန်းဘိုင် (ခ) ဦးမောင်အေးနှင့် နားလည်မှုယူကာ အိမ်ငှားအမည် ကို ဒေါ်အမိနာအမည်သို့ ပြောင်းလဲခဲ့ကြောင်း ထွက်ဆိုသည်။

ဦးမောင်ကို (လိုပြ-၂) ဦးချစ်ဆွေ (လိုပြ-၃)တို့က အချင်းဖြစ် အိမ်ငှားမှာ ဦးရှိတ်မိုဟာမက် (ခ) ရှိတ်အာမက်ဖြစ်ကြောင်း ထောက်ခံထွက်ဆို ထားသည်။ ထို့ပြင် ယင်းအမှုတွင် ဦးအဘ်ဒူဘိုင် (လိုပြ-၄) က အောက်ပါ အတိုင်း ထွက်ဆိုသည် -

"တရားလို တရားပြိုင်များအား သိပါသည်။ တရားလိုတို့၏ အမေဒေါ်အုန်းတင်မှာကျနော်၏ မရီးတော်စပ်ပါသည်။တရားလို တို့၏ အဖေ ရှိတ်အာမက်မှာ ကျနော်၏ အစ်ကိုအရင်းတော်စပ် ပါသည်။ တရားပြိုင် ဒေါ်အမိနာမှာ ဒေါ်အုန်းတင်၏ ညီမ တော်စပ်ပါသည်။ အချင်းဖြစ်အခန်း ကိစ္စများကို သိသမျှ ပြောပြ ပါ့ဆိုလျှင် လမ်း ၄၀၊ အမှတ် ၂၁၆၊ မြေညီထပ် အခန်းမှာ ကျနော် အစ်ကိုရှိတ်အာမက်မှ ငှားရမ်းပြီးရေပိုက်လုပ်ငန်းကိစ္စများ လုပ်ကိုင်ခဲ့ပါသည်ယင်းအခန်း၏အထပ်မိုးတွင်ရေပိုက်ပစ္စည်းများ

၂၀၀၃
ဒေါ်သန်းသန်းမေ
ပါ ၄
နှင့်
ဒေါ်အမိနာ
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်သန်းငွေး)

ထားရှိပြီး အခန်း ရှေ့တွင် စားပွဲ၊ ကုလားထိုင်ဖြင့် အလုပ် သမား များကို ခိုင်းစေသည့် အလုပ် လုပ်ပါသည်။ ယင်းအခန်းအား ကျနော့် အစ်ကိုမှ ငှားရမ်းလျက် အိမ်လခများကိုလည်း အစ်ကိုကပင် ပေးခဲ့ပါ သည်။ ၁၉၆၃ ခုနှစ်ခန့်တွင် တရားပြိုင်ဒေါ်အမိနာ နှင့် သူမ၏ခင်ပွန်း ဦးအနုများအား နေထိုင်ရန်အခက်အခဲရှိသည်ဆို၍ ယင်းအခန်းတွင် နေထိုင်ခွင့်ပေးခဲ့ပါသည်။ ဒေါ်အုန်းတင်၏အမေလည်း ယင်းအခန်း တွင်နေပါသည်။

ထိုသက်သေသည် အသက် ၆၇ နှစ်ရှိပြီး ရှေ့မီနောက်မီပုဂ္ဂိုလ် ဖြစ် သည်။ ကွယ်လွန်သူဦးရှိတ်မိုဟာမက်၏ ညီတော်သူဖြစ်ပြီး အချင်းဖြစ်စဉ်ကို အမှန် တကယ် သိရှိနိုင်သူတစ်ဦးလည်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ ၎င်း၏ထွက်ဆိုချက်များမှာ မှန်ကန်ခြင်းမရှိကြောင်း အယူခံတရားပြိုင်ဘက်မှ ချေဖျက်နိုင်ခြင်း မရှိပေ။

အယူခံတရားပြိုင်ဘက်မှ အချင်းဖြစ်အခန်းကို ဦးရှိတ်မိုဟာမက်နှင့် ဦးဘီဒီရော့သ်တို့ထံမှ ငွေကျပ် ၃၀၀၀ိ/-ဖြင့် ဝယ်ယူထားကြောင်း တင်ပြသော် လည်း အထောက်အထားမရှိချေ။ အယူခံတရားပြိုင်က လျှပ်စစ်အခွန်အခနှင့် စည်ပင် သာယာအခွန်အခပြေစာများ တင်ပြထားသည်။ သို့ရာတွင် ယင်း အထောက်အထားများ သည် အချင်းဖြစ်ဥပစာ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ခိုင်မာသည့်အထောက်အထား မဟုတ်ပေ။

အယူခံတရားလိုများ၏ မိဘများက ဒေါ်အမိနာအားခွင့်ပြုချက်ဖြင့် ထားရှိခဲ့ရာ ၁၉၇၀ ခုနှစ်အထိ ဦးရှိတ်မိုဟာမက်က အိမ်လခများပေးသွင်းပြီး နောက်ပိုင်းတွင် ဒေါ်အမိနာက ဦးရှိတ်အာမက်အမည်ဖြင့်ပင် အိမ်လခများ ဆက်လက်ပေးသွင်းခဲ့သည်။ ၁၉၉၅ ခုနှစ် တွင်မှ ဒေါ်အမိနာက ၎င်းအမည် ပြောင်း၍ပေးသွင်းခဲ့သည်။

ဦးကျော်ပွင့်ပါ ၂ နှင့် ဦးသန်းတင်အမှု(၁) တွင် အချင်းဖြစ်ဥပစာတွင် ဦးဘကြီးဆိုသူက အိမ်ငှားအဖြစ် ငှားရမ်းနေထိုင်ခဲ့ပါသည်။ ဦးဘကြီး ကွယ်လွန် သောအခါ ဦးသန်းတင်က ဦးကျော်ပွင့်တို့အား အချင်းဖြစ်အခန်း တွင် အခကြေးငွေမဟုတ်ခေတ္တနေထိုင်ခွင့်ပြုပါသည်။ထို့နောက် ဦးကျော်ပွင့် တို့က အချင်းဖြစ် ဥပစာအတွက် ငှားရမ်းခများကို ဥပစာပိုင်ရှင်သို့ ပေးသွင်း ပါသည်။ အဆိုပါအမှုတွင် တရားရုံးချုပ်က ဦးကျော်ပွင့်တို့ သည် အချင်းဖြစ် ဥပစာတွင် နေထိုင်ကြစဉ် အိမ်ငှားအား တရားဝင်အိမ်ငှား ဦးဘကြီးအမည် ဖြင့် ငှားရမ်းခများပေးသွင်းလာခဲ့သည်ဆိုရုံမျှဖြင့် ဦးကျော်ပွင့်တို့သည် အချင်း ဖြစ်ဥပစာ၏တရားဝင်အိမ်ငှားဖြစ်မလာကြောင်း၊ ဦးကျော်ပွင့်တို့သည်အချင်း

(၁) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၄

၂၀၀၃
ဒေါ်သန်းသန်းမေ ပါ ၄ နှင့် ဒေါ်အမီနာ ပါ ၂ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်သန်းငွေး)

ဖြစ်ဥပစာတွင်နေထိုင်ခြင်းမှာ အိမ်ငှားအဖြစ်နေထိုင်ခြင်း မဟုတ်ဘဲ ဦးသန်းတင်၏ ခွင့်ပြုချက်ဖြင့် နေထိုင်ကြခြင်းသာဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

အယူခံတရားပြိုင်ရှေ့နေက မူလအိမ်ငှားအမည်ဖြင့် အိမ်လခများကို အိမ်ရှင်ကလက်ခံစေကာမူအိမ်ရှင်အနေဖြင့်ဒေါ်အမီနာအားအိမ်ငှားအဖြစ်အသိအမှတ်ပြုကြောင်း ထင်ရှားပေါ်လွင်ပါက တရားဝင်အိမ်ငှားသာဖြစ်ကြောင်းဖေါ်ကြည်စိန်လွင် (ခ) ဒေါ်မာမာကြီး နှင့် ဒေါက်တာမောင်မောင်ကြီး အမှု[၁] ကို ကိုးကား၍တင်ပြသည်။

သို့ရာတွင်ဒေါ်အမီနာကအိမ်လခများ ဆက်လက်ပေးသွင်းခြင်း၊ ၎င်းအမည် ပြောင်းခြင်းနှင့်စပ်လျဉ်း၍ စူရိရတီဗလီအတွက် အိမ်ငှားခများ ကောက်ခံသူတို့အနေဖြင့် ဒေါ်အမီနာနှင့် ဒေါ်သန်းသန်းငွေးတို့က ဦးရှိတ်မိုဟာမက်၏အမွေခံဟုပြောသဖြင့် ဒေါ်အမီနာအမည်ပြောင်း ရေးပေးခဲ့ခြင်းသာဖြစ်ပြီး မူလအိမ်ငှားအမည်ဖြင့် ဆက်လက်ကောက်ခံမည်ဖြစ်သဖြင့် ဒေါ်အမီနာတို့က မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဝန်ရုံးသို့ လျှောက်ထားကာအိမ်လခများဆက်လက်ပေးခဲ့ရသည်။ အိမ်ငှားအမည်ပြောင်းခြင်းကိစ္စတွင်အယူခံတရားလိုများနှင့်အယူခံတရားပြိုင်တို့အငြင်းပွားကြရာကျောက်တံတားမြို့နယ် အမှတ် (၉)ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင် ညှိနှိုင်းခဲ့ကြသည်။ ထိုစဉ်ကဒေါ်အမီနာက "ကိုယ်နေသောအိမ်ဖြစ်၍ ကိုယ့်အမည်ပြောင်း ရတာပေါ့" ဟုပြောကြောင်း ရယကမှတ်တမ်းသက်သေ အမှတ် (ဈ)တွင်တွေ့ရသည်။ ယင်းအချက်ကို ထောက်ရှုခြင်းအားဖြင့် ဒေါ်အမီနာအား အိမ်ငှားအနေဖြင့် အသိအမှတ်ပြု၍အိမ်လခကောက်ခံခြင်းမဟုတ်ကြောင်း ပေါ်ပေါက်သည့်ပြင် ဒေါ်အမီနာ သည် တရားဝင်အိမ်ငှားမဟုတ်ကြောင်းလည်း ထင်ရှားသည်။ သို့ဖြစ်၍ အယူခံတရားပြိုင် ရှေ့နေတင်ပြသည့်စီရင်ထုံးသည် အယူခံတရားလိုများစွဲဆိုသည့်ယခုအမှုနှင့် ဖြစ်ရပ်ခြင်းမတူချေ။

တရားရုံးချုပ်က မြို့ပြဆိုင်ရာငှားရမ်းကြီးကြပ်ရေးဝန်အနေဖြင့် ဒေါ်အမီနာအား အိမ်ငှားအဖြစ် အသိအမှတ်ပြု၍ ငှားရမ်းခပေးသွင်းခွင့်ပြုထားကြောင်း ကောက်ယူသုံးသပ် ခဲ့သည်။ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံးအနေဖြင့် အိမ်ရှင်ကငြင်းပယ်သည့် ငှားရမ်းခများကို လက်ခံနိုင်သော် လည်း မည်သူအိမ်ရှင် မည်သူအိမ်ငှားဖြစ်သည်ကို ဆုံးဖြတ်ခွင့်မရှိချေ။ ဤမူ သဘောကို ဒေါ်ဆိန်းဟန်နှင့် ဦးဘဇွားပါ ၂ အမှု[၂] တွင် တွေ့မြင်နိုင် သည်။ သို့ဖြစ်၍ တရားရုံးချုပ်က အိမ်လခဆက်ပေးသူဒေါ်အမီနာကို အိမ်ငှား အဖြစ် သတ်မှတ်ခြင်းသည်လည်း မှန်ကန်ခြင်းမရှိပေ။

(၁) ၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၅၅၈

(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ -၅၅၈

၂၀၀၃
ဒေါ်သန်းသန်းမေ
ပါ ၄
နှင့်
ဒေါ်အမီနာ
ပါ ၂
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်သန်းငွေး)

တရားလိုများသည် သေဆုံးသူ မူလအိမ်ငှားဦးရှိတ်မိုဟာမက်၊ ဒေါ်အုန်းတင်တို့ ၏ သားသမီးများဖြစ်ကြသဖြင့် ၎င်းတို့၏တရားဝင် ကိုယ်စားလှယ်များဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဆ) အရ အိမ်ငှားဆိုသည်မှာ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှ တစ်ဆင့်ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူ တစ်ဦးတစ်ယောက်ကို ဆိုလိုကြောင်း၊ ထိုစကားရပ်တွင် တရားမကျင့်ထုံးဥပဒေ၌ အဓိပ္ပါယ်ဖော်ပြထားသည့် တရားဝင် ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်းပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ အယူခံ တရားလိုများသည် မူလအိမ်ငှား၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သဖြင့် အချင်းဖြစ်အခန်း၏ အိမ်ငှားများအဖြစ် ဆက်လက်တည်ရှိကြောင်း ပေါ်ပေါက်သည်။

မိမိငှားရမ်းထားသောအိမ်ခန်းတွင် အိမ်ငှားသည်ကိုယ်တိုင်ဆက်လက်၍ နေထိုင်ခြင်းမပြုသော်လည်း အိမ်ငှားချထားခြင်းကို ရပ်စဲခြင်းမရှိသေးလျှင် အိမ်ငှားအဖြစ် ဆက်လက်တည်ရှိသည်။ ဝုလွေပိုး(ခ)ဝုတိလွေနှင့် လီရှုပ်လန်ပါ-၃ အမှု[၄] ကို ကြည့်ပါ။ သို့ဖြစ်၍ အယူခံတရားလိုများသည် အချင်းဖြစ်အခန်းတွင်နေထိုင်ခြင်းမပြုသော်လည်း အိမ်ငှားအဖြစ်သာ ဆက်လက်တည်ရှိနေသည်မှာ မြင်သာသည်။

တိုင်းတရားရုံးက အယူခံတရားလိုများသည် အချင်းဖြစ်ဥပစာ၏ အိမ်ငှားများဖြစ်ကြောင်း မြွက်ဟဒီကရီချမှတ်ခြင်းအပေါ် တရားရုံးချုပ်က ပယ်ဖျက်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ ကြားနာလျှောက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည် -

၁။ မူလအိမ်ငှားဖြစ်သူသည် ငှားရမ်းထားသောဥပစာတွင် မိမိကိုယ်တိုင်မနေဘဲ အခြားသူအား နေထိုင်ခွင့်ပြုခဲ့ရာ နေထိုင်သူက အိမ်ရှင်အား အိမ်လခပေး၍နေထိုင်သည့် အခြေအနေတွင် မူလအိမ်ငှားအား အိမ်ငှားအဖြစ် ဆက်လက် အတည်ပြုသင့်ကြောင်း၊

၂။ တရားရုံးချုပ်က မူလအိမ်ငှားအား အိမ်ငှားအဖြစ် မြွက်ဟကြေငြာ မပေးခြင်းသည် မှန်ကန်ခြင်း မရှိကြောင်း။

ထို့ကြောင့် ဤတရားမ အထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ကာ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀/- သတ်မှတ်သည်။

---

(၄) ၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ - ၂၂၂

+ ၂၀၀၃
မေလ
၂၇ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ်ဦးအောင်တိုး
တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့်
ဦးကျော်ဝင်းတို့၏ရှေ့တွင်

ဒေါ်အမာ
နှင့်
ဒေါ်လှတင့် ပါ ၈ *

**အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု၊ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ၊ မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦးကွယ်လွန်သောအခါ ကျန်ရစ်သည့်အမွေပုံတွင် သားဖြစ်သူအစ္စလာမ်ဘာသာဝင်က အမွေဆက်ခံခွင့် ရှိ မရှိ**

**ဆုံးဖြတ်ချက်။** ။ အစ္စလာမ်ဘာသာဝင် ဦးဘသိန်းကွယ်လွန်သောအခါ ဇနီးဖြစ်သူဗုဒ္ဓဘာသာဝင်ဒေါ်မမလေးက ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ အမွေဆက်ခံပြီးဒေါ်မမလေးကွယ်လွန်သောအခါ ဒေါ်မမလေး၏ သားသမီးများက အမွေဆက်ခံကြရမည်ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦး၏ အမွေကို အခြားဘာသာကွဲသောအမွေဆိုင်တစ်ဦးက အမွေဆက်ခံခွင့်မရှိကြောင်း ပြဌာန်းချက်မရှိချေ။ ထို့ကြောင့်မြန်မာဗုဒ္ဓဘာသာဝင်မိခင်ဒေါ်မမလေး ကွယ်လွန်သောအခါ ကျန်ရစ်သောအမွေပုံတွင် သားတစ်ဦးဖြစ်သည့် အစ္စလာမ်ဘာသာဝင် ဦးခင်မောင်သန်းက အမွေဆက်ခံခွင့်ရှိမည်ဖြစ်သည်။

---

* ၂၀၀၂ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၃

\+ ၂၀၀၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၉ တွင် ချမှတ်သော ၄-၃-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု

၂၀၀၃
ဒေါ်အမာ
နှင့်
ဒေါ်လှတင့်
ပါ-၈

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလမှုသည် ကွယ်လွန်သူဗုဒ္ဓဘာသာဝင် ဒေါ်မမလေး၏ ကျန်ပစ္စည်းအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ ၂၄ (၂) နှင့် ၂၆ တို့တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

> ၂၄(၂)။ ဤပုဒ်မနှင့်ပုဒ်မ ၂၆ ပါကိစ္စများအလို့ငှာ "မိသားစု" ဆိုသည့် စကားရပ်တွင် တရားဝင်လင်၊ တရားဝင်မယား သို့တည်းမဟုတ် မယားများနှင့် တရားဝင်သားသမီးများပါဝင်သည်။
>
> ၂၆။ ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။"

သို့ဖြစ်၍ အမွေရှင်မိခင်ဒေါ်မမလေး၏ မိသားစုအနေဖြင့် သားဖြစ်သူဦးခင်မောင်သန်းလည်း ပါဝင်သည်။ ထို့ကြောင့် ဦးခင်မောင်သန်းသည် အမွေဆက်ခံခွင့်ရှိသည်။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ ပုဒ်မ ၂၆ အရ အမွေဆက်ခံမှုနှင့်စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်ဖြစ်ရာ ဦးခင်မောင်သန်းသည် မိခင်ဒေါ်မမလေးကွယ်လွန်ပြီးနောက်မှ ကွယ်လွန်သောကြောင့် ကွယ်လွန်သူဦးခင်မောင်သန်းအမွေကို ဇနီးဒေါ်လှတင့်က ဆက်ခံမည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးကျော်ညွန့် (တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် - ၁။ ဦးခင်မောင်ဝင်း (တရားရုံးချုပ်ရှေ့နေ)
၂။ ကိုယ်တိုင် (မလာ)

၂၀၀၃
ဒေါ်အမာ
နှင့်
ဒေါ်လှတင့်
ပါ-၈

မန္တလေးခရိုင်တရားရုံး၊ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၀၁ တွင် မူလရုံးတရားလိုဒေါ်အမာက မူလရုံးတရားပြိုင်ဒေါ်လှတင့် ပါ ၈ ဦးတို့အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ကွယ်လွန်သူဒေါ်မမလေးကျန်ရစ်သောအမွေပုံပစ္စည်းများတွင် တရားလိုသည် ၃ ပုံ ၁ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။ ယင်းစီရင်ချက်နှင့်ဒီကရီတို ဒေါ်လှတင့်က မကျေနပ်၍မန္တလေးတိုင်းတရားရုံးတွင် တရားမအယူခံမှုအမှတ် ၇၄/၂၀၀၁ အရအယူခံဝင်ရောက်ခဲ့ရာ တိုင်းတရားရုံးက ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ခဲ့သည်။ ဒေါ်အမာက တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုမကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် တရားမဒုတိယအယူခံမှုအမှတ် ၁၉/၂၀၀၁ ဖြင့်အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်က တိုင်းတရားရုံး၏ဒီကရီကိုဖြည့်စွက်ပြင်ဆင်အတည်ပြုပြီး အယူခံကိုပလပ်ခဲ့သည်။ ထို့ကြောင့်ဒေါ်အမာက တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးပေးရန်လျှောက်ထားသည့် အခါတရားရုံးချုပ် ( မန္တလေးရုံးထိုင် ) အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန်အတွက် အထူးအယူခံ ဝင်ခွင့်ပြုခဲ့သည်-

> " ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ ၂၆ အရ ဗုဒ္ဓဘာသာဝင်အမွေရှင် ဒေါ်မမလေး၏အမွေကို စီမံခန့်ခွဲပေးရန်စွဲဆိုရာတွင်သားဖြစ်သူ အစ္စလာမ်ဘာသာဝင် ဦးခင်မောင်သန်း (ကွယ်လွန်) ၏ ဇနီးဒေါ်လှတင့်က တရားပြိုင်အဖြစ် ပါဝင်ပြီးဖြစ်သည့် အခြေအနေတွင် ဦးခင်မောင်သန်း နှင့် ဒေါ်လှတင့်တို့၏ သားသမီးများက အမှုသည်များအဖြစ် ပါဝင်မှု မရှိခြင်းကြောင့် အမွေဆိုင်များ မစုံလင်ဟု တရားရုံးချုပ်၏ တရားမဒုတိယအယူခံမှုတွင် ကောက်ယူဆုံးဖြတ်ချက်သည် ဥပဒေအရ မှန်ကန်မှု ရှိ မရှိ။"

မူလရုံးတရားလိုဒေါ်အမာက ၄င်း၏အဆိုလွှာတွင် မြန်မာဗုဒ္ဓဘာသာဝင်ဒေါ်မမလေးနှင့် အစ္စလာမ်ဘာသာဝင်ဦးဘသိန်းတို့သည် လွန်ခဲ့သော ၇၅ နှစ်ခန့်က လက်ထပ်ပေါင်းသင်းခဲ့ရာ ဦးခင်မောင်သန်း (ကွယ်လွန်)၊ ဒေါ်ညွှန့်ညွှန့်၊ ဒေါ်အမာနှင့်ကိုမောင်မောင်တို့ ၄ ဦးကို

၂၀၀၃
ဒေါ်အမာ
နှင့်
ဒေါ်လှတင့်
ပါ-၈

မွေးဖွားခဲ့ကြောင်း၊ ဦးဘသိန်းသည် ၁၉၇၃ ခုနှစ်တွင်ကွယ်လွန်ရာ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေအရ ဒေါ်မမလေး အမွေဆက်ခံခဲ့ပြီးနောက် ဒေါ်မမလေးသည် ၁၉၇၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း၊ သို့အတွက်ဗုဒ္ဓဘာသာဝင် သားသမီးများ ဖြစ်သော ဒေါ်အမာ၊ ဒေါ်ညွန့်ညွန့်နှင့်သားကိုမောင်မောင်တို့က ဒေါ်မမလေး၏ အမွေကို ၃ ပုံ ၁ ပုံစီရထိုက်ကြောင်း၊ သားဖြစ်သူ ဦးခင်မောင်သန်းမှာ အစ္စလာမ်ဘာသာဝင်ဖြစ်ပြီး ကွယ်လွန်ရာဇနီး ဒေါ်လှတင့်ကျန်ရစ်၍ အချင်းဖြစ်အမွေဆိုင်ပစ္စည်းတွင် လက်ရှိဖြစ်သဖြင့်လည်းကောင်း၊ ဦးဘသိန်းသည်ဒုတိယအိမ်ထောင် အစ္စလာမ်ဘာသာဝင်ဒေါ်ဘီ (ခ) ဒေါ်ခင်သန်းနှင့်ပေါင်းသင်း၍ သားသမီး ၄ ဦးထွန်းကားပြီး ဒေါ်ဘီ (ခ) ဒေါ်ခင်သန်း ကွယ်လွန်သောအခါ မယားပါသားဦးသန်းဖေနှင့် အမှတ် (၅) (၆) (၇) (၈) တရားပြိုင်တို့ကျန်ရစ်ရာ ၎င်းတို့မှာအစ္စလာမ်ဘာသာဝင်များဖြစ်၍ ဒေါ်မမလေး၏ အမွေကိုဆက်ခံခွင့်မရှိသော်လည်း အမွေဆိုင်ဟုပြောဆိုဟန်ရှိသဖြင့်လည်းကောင်း တရားပြိုင်များအဖြစ် ထည့်သွင်းစွဲဆိုရခြင်းဖြစ်ကြောင်း ဖော်ပြအဆိုပြုသည်။

အမှတ် ၁ တရားပြိုင်ဒေါ်လှတင့်ကၟင်း၏ချေလွှာတွင် ဒေါ်မမလေးသည်ဦးဘသိန်းနှင့် လက်ထပ်ပြီးဦးဘသိန်းမကွယ်လွန်မီကပင် အစ္စလာမ်ဘာသာဝင်ဖြစ်ခဲ့သဖြင့် ဦးဘသိန်းကွယ်လွန်သောအခါ အမွေအားလုံးကိုဆက်ခံခွင့်မရှိကြောင်း၊ ဦးဘသိန်းရှိစဉ်ကပင် အမှတ် (၄) (၅) (၆) (၇) (၈) တရားပြိုင်တို့ကိုအမွေခွဲပေးပြီးဖြစ်ကြောင်း၊ ဒေါ်မမလေး၏ သားသမီးများမှာအစ္စလာမ်ဘာသာဝင်ဖြစ်၍၊ အစ္စလာမ်တရားဥပဒေအရ အမွေဆက်ခံခွင့်ရှိသဖြင့် ဦးခင်မောင်သန်း၏ဇနီး ဒေါ်လှတင့်ကလည်းဆက်ခံခွင့်ရှိကြောင်း၊ ထို့ကြောင့်တရားလိုအဆိုပြုသည့်အတိုင်း အမွေပုံ ၃ ပုံ ၁ ပုံ မရထိုက်ကြောင်း၊ အစ္စလာမ်ဘာသာဝင်များဖြစ်၍ အစ္စလာမ်တရားဥပဒေအရသာ စီရင်ဆုံးဖြတ်သင့်ကြောင်း ဖော်ပြချေပခဲ့သည်။

အမှတ် (၂) တရားပြိုင်ဒေါ်ညွန့်ညွန့်က အဆိုလွှာအပေါ် ဝန်ခံလွှာတင်သွင်းခဲ့ပြီး ကျန်တရားပြိုင်များရုံးရှေ့လာရောက်ခဲ့ခြင်းမရှိချေ။

ခရိုင်တရားရုံးကအစ္စလာမ်ဘာသာဝင်ဦးဘသိန်းနှင့် ဗုဒ္ဓဘာသာဝင်ဒေါ်မမလေးတို့ပေါင်းသင်း၍ သားသမီး ၄ ဦးထွန်းကား

၂၀၀၃
ဒေါ်အမာ
နှင့်
ဒေါ်လှတင့်
ပါ-၈

ခဲ့ကြောင်း၊ ဦးဘသိန်းကွယ်လွန်သောအခါ ဒေါ်မမလေးက အမွေဆက်ခံကြောင်း ဒေါ်မမလေးကွယ်လွန်သောအခါ ဗုဒ္ဓဘာသာဝင် သားသမီးများ ဖြစ်သောဒေါ်ညွန့်ညွန့်၊ ဒေါ်အမာနှင့်ကိုမောင်မောင်တို့က ဆက်ခံ၍ အမွေပုံ၏ ၃ ပုံ ၁ ပုံစီခံစားထိုက်ကြောင်း၊ အစ္စလာမ်ဘာသာဝင်သားဖြစ်သူဦးခင်မောင်သန်းက ခံစားခွင့်မရှိကြောင်း သုံးသပ်ကာ ဒီကရီ ချမှတ်ပေးခဲ့သည်။

ခရိုင်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို ဒေါ်လှတင့်ကမကျေနပ်၍ မန္တလေးတိုင်းတရားရုံးသို့အယူခံဝင်ရောက်ရာ တိုင်းတရားရုံးက ဦးဘသိန်းရှိစဉ်ကပင်အမွေများခွဲဝေပြီးဖြစ်၍ အမွေပစ္စည်းများမကျန်တော့ဟုသုံးသပ်ကာ ခရိုင်တရားရုံး၏ဒီကရီကို ပယ်ဖျက်ခဲ့သည်။

တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို ဒေါ်အမာကမကျေနပ်၍ တရားရုံးချုပ်တွင် တရားမဒုတိယအယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဒေါ်မမလေး၏အမွေကို သားသမီးအားလုံးခံစားခွင့်ရှိသဖြင့် သားဖြစ်သူဦးခင်မောင်သန်း၏အမွေကို ဇနီးဖြစ်သူနှင့်အစ္စလာမ်ဘာသာဝင်သားသမီးများက အချိုးကျခံစားခွင့်ရှိကြောင်း၊ ထို့အတွက်ဦးခင်မောင်သန်း၏ သားသမီးများသည် အမွေဆိုင်များဖြစ်၍ အမှုသည်များအဖြစ် မပါလျှင်မဖြစ်သော အမွေစားအမွေခံများဖြစ်ကြောင်း၊ အမွေဆိုင်အားလုံးသည်အမှုသည်အဖြစ်ပါဝင်ခြင်းမရှိသည့်အတွက် အမွေပုံပစ္စည်းစီမံခန့်ခွဲရန် ဒီကရီချမှတ်နိုင်မည်မဟုတ်ကြောင်း သုံးသပ်ကာတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးအယူခံကို ပလပ်ခဲ့သည်။

အယူခံတရားလိုရှေ့နေက ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှု အက်ဥပဒေပုဒ်မ ၂၄(၂) နှင့် ၂၆ တို့တွင် ပြဋ္ဌာန်းချက်အရ ကွယ်လွန်သူမြန်မာဗုဒ္ဓဘာသာဝင် ဒေါ်မမလေး၏အမွေကို ဆက်ခံခွင့်ရှိသူမှာ သားဖြစ်သူဦးခင်မောင်သန်းသာဖြစ်ကြောင်း၊ ဦးခင်မောင်သန်း၏ သားသမီးများကအမွေဆက်ခံခွင့်ရှိကြောင်းပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ဦးခင်မောင်သန်း၏သားသမီးများသည် ဒေါ်မမလေး၏မြေးများသာဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၂၄(၂) တွင်ပါသည့် "မိသားစု" ဟူသောစကားရပ်၏ အဓိပ္ပါယ်ကို ကောက်ယူရာတွင် အစ္စလာမ်ဘာသာဝင်တစ်ဦးနှင့် ထိမ်းမြားလက်ထပ်သည့်ဗုဒ္ဓဘာသာဝင်အမျိုးသမီး၏ အစ္စလာမ်ဘာသာဝင်မြေးများအထိ

၂၀၀၃
ဒေါ်အမာ
နှင့်
ဒေါ်လှတင့်
ပါ-၈

အမွေဆက်ခံခွင့်အကြုံးဝင်စေရန် ဆွဲဆန့်ပြီးအဓိပ္ပါယ်ကောက်ယူရန် မသင့်ကြောင်း၊ အမှု၌ဦးခင်မောင်သန်း (ကွယ်လွန်) ၏ ဇနီးအမှတ် (၁) တရားပြိုင်ဒေါ်လှတင့်သည် အမှုသည်အဖြစ်ပါဝင်နေသည့် အခြေအနေတွင် ဦးခင်မောင်သန်းနှင့်ဒေါ်လှတင့်တို့၏ သားသမီးများက အမှုသည်များအဖြစ်ပါဝင်မှုမရှိခြင်းကြောင့် အမွေဆိုင်များမစုံလင်ဟု တရားရုံးချုပ်ကကောက်ယူဆုံးဖြတ်ချက်သည် ဥပဒေအရမှန်ကန်မှု မရှိကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၁) အယူခံတရားပြိုင်၏ ရှေ့နေက ဒေါ်လှတင့်မှာ ဦးခင်မောင်သန်း၏ဇနီးဖြစ်ကြောင်း၊ အမွေဆက်ခံမည့်သူများထဲတွင် ဇနီးဒေါ်လှတင့်နှင့်သားသမီး (၁၀) ဦးမှာ အစ္စလာမ်သာသနာဝင်များဖြစ်၍ အစ္စလာမ်တရားဥပဒေအမွေခန်းမှုအရ ၄င်းတို့ထံတစ်ပြိုင်တည်း အမွေသက်ဆင်းကြောင်း၊ ကိုယ်စားဆက်ခံခွင့်ကို အစ္စလာမ်တရားဥပဒေကလက်မခံကြောင်း၊ ၄င်းတို့သည်တစ်ပြိုင်တည်းအမွေခံများ ဖြစ်ကြ၍ အမှုတွင်အမှုသည်အဖြစ် မဖြစ်မနေပါဝင်ရမည့်သူများဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၂) မှ (၈) အယူခံတရားပြိုင်များ ကိုယ်တိုင်မလာ။

မူလမှုအားလေ့လာစိစစ်ရာ အစ္စလာမ်ဘာသာဝင်ဦးဘသိန်းနှင့် ဗုဒ္ဓဘာသာဝင် ဒေါ်မမလေးတို့ လက်ထပ်ပေါင်းသင်းရာ ဦးခင်မောင်သန်း၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်အမာနှင့် ကိုမောင်မောင်ဟူ၍ သားသမီး ၄ ဦးထွန်းကားခဲ့ကြောင်း၊ ဦးဘသိန်းသည်အစ္စလာမ် ဘာသာဝင်တစ်ဦးအနေဖြင့် ၁၉၇၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ဒေါ်မမလေးသည် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ၁၉၇၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း၊ သားဖြစ်သူဦးခင်မောင်သန်းသည် အစ္စလာမ် ဘာသာဝင်အဖြစ် ၁၉၈၅ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ ၄င်းတွင်အစ္စလာမ်ဘာသာဝင် ဇနီးဒေါ်လှတင့် (အမှတ် (၁) တရားပြိုင်) နှင့် သားသမီးများ ကျန်ရစ်ခဲ့ကြောင်း၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်အမာနှင့် ကိုမောင်မောင်တို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြကြောင်း စသည့်အချက်များသည်အမှုတွင် အငြင်းမပွားပေါ်ပေါက်လျက်ရှိသည်။

မူလရုံးတရားပြိုင်ဒေါ်လှတင့်က ဒေါ်မမလေးသည် ဦးဘသိန်းနှင့်လက်ထပ်ပြီး အစ္စလာမ်ဘာသာဝင်ဖြစ်ခဲ့ကြောင်း ချေဆိုထားသော်လည်းအမှုတွင်ပေါ်ပေါက်သည့်သက်သေခံချက်များအရ ဒေါ်မမလေး

၂၀၀၃
ဒေါ်အမာ
နှင့်
ဒေါ်လှတင်
ပါ-၈

သည် အစ္စလာမ်ဘာသာသို့ အတိအလင်းကူးပြောင်း ကိုးကွယ်ကြောင်း ထင်ရှား ပေါ်ပေါက်ခြင်း မရှိသဖြင့် ဒေါ်မမလေးသည် ဗုဒ္ဓဘာသာဝင် ဖြစ်သည်ဟုသာ ကောက်ယူရန်ရှိသည်။ ဗုဒ္ဓဘာသာမြန်မာ အမျိုးသမီး တစ်ဦးသည် အစ္စလာမ်ဘာသာဝင်တစ်ဦးအား လက်ထပ်ကာမျှဖြင့် ဘာသာကူးပြောင်းပြီးဟုမဆိုနိုင်ပေ။ **ဒေါ်ရတီမာပါ-၃ နှင့် ဒေါ်သီအမှု**[၁] ကိုရည်ညွှန်းသည်။ အဆိုပါအချက်နှင့်စပ်လျဉ်း၍ တင်သွင်းခဲ့သော အယူခံမှုများတွင် နှစ်ဘက်အငြင်းမပွားခဲ့ကြသကဲ့သို့ ဤအထူးအယူခံ ဝင်ခွင့်ပြုရန် လျှောက်ထားမှုတွင်လည်း အငြင်းပွားတင်ပြခဲ့ခြင်းမရှိပေ။ ထို့ကြောင့်အစ္စလာမ်ဘာသာဝင်ဦးဘသိန်းနှင့် ဗုဒ္ဓဘာသာဝင်ဒေါ်မမ လေးတို့သည် ၁၉၂၀ ပြည့်နှစ်ခန့်က လက်ထပ်ခဲ့ကြသည်ဆိုသော်လည်း ၁၉၅၄ ခုနှစ်ဗုဒ္ဓဘာသာဝင်မိန်းမများအထူး ထိမ်မြားမှုနှင့်အမွေဆက်ခံ မှုအက်ဥပဒေပုဒ်မ ၂၆ အရအမွေဆက်ခံမှုကိစ္စကို မြန်မာ့ဓလေ့ထုံး တမ်းဥပဒေအရသာလျှင် ဆုံးဖြတ်ရမည်ဖြစ်သည်။ **ဒေါ်စော နှင့် ကွယ်လွန်သူအီးအမ်မက်ကွန်ပစ္စည်းကိစ္စအမှု**[၂] တွင် ကြည့်ပါ။

သို့ဖြစ်၍အစ္စလာမ်ဘာသာဝင်ဦးဘသိန်းကွယ်လွန်သော အခါ ဇနီးဖြစ်သူဗုဒ္ဓဘာသာဝင်ဒေါ်မမလေးက ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရအမွေ ဆက်ခံပြီး ဒေါ်မမလေးကွယ်လွန်သောအခါ ဒေါ်မမလေး၏ သားသမီး များက အမွေဆက်ခံကြရမည်ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦး၏အမွေကို အခြားဘာသာကွဲသော အမွေ ဆိုင်တစ်ဦးက အမွေဆက်ခံခွင့် မရှိကြောင်းပြဋ္ဌာန်းချက် မရှိချေ။ ထို့ကြောင့်မြန်မာဗုဒ္ဓဘာသာဝင်မိခင်ဒေါ်မမလေးကွယ်လွန်သောအခါ ကျန်ရစ်သောအမွေပုံ တွင်သားတစ်ဦးဖြစ်သည့် အစ္စလာမ်ဘာသာဝင် ဦးခင်မောင်သန်းက အမွေဆက်ခံခွင့်ရှိမည်ဖြစ်သည်။

မူလမှုသည်ကွယ်လွန်သူဗုဒ္ဓဘာသာဝင်ဒေါ်မမလေး၏ ကျန် ရစ်ပစ္စည်းအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပ ဒေပုဒ်မ ၂၄(၂) နှင့် ၂၆ တို့တွင် အောက်ပါအတိုင်းပြဋ္ဌာန်း ထားသည်-

၂၄(၂)။ ဤပုဒ်မနှင့်ပုဒ်မ ၂၆ ပါကိစ္စများအလို့ငှာ "မိသားစု"

---

(၁) ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၇၉

(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၈၁

၂၀၀၃
ဒေါ်အမာ
နှင့်
ဒေါ်လှတင်
ပါ-၈

ဆိုသည့်စကားရပ်တွင် တရားဝင်လင်၊ တရားဝင် မယား သို့တည်းမဟုတ် မယားများနှင့် တရားဝင်သား သမီးများပါဝင်သည်။

၂၆။ ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏ သို့တည်း မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓ ဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ ဗုဒ္ဓ ဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။"

သို့ဖြစ်၍ အမွေရှင်မိခင်ဒေါ်မမလေး၏မိသားစုအနေဖြင့် သားဖြစ်သူဦးခင်မောင်သန်းလည်းပါဝင်သည်။ ထို့ကြောင့်ဦးခင်မောင် သန်းသည်အမွေဆက်ခံခွင့်ရှိသည်။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမ များအထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ ၂၆ အရ အမွေ ဆက်ခံမှုနှင့်စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့်ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်ဖြစ်ရာ ဦးခင်မောင်သန်း သည်မိခင်ဒေါ်မမလေးကွယ်လွန်ပြီးနောက်မှ ကွယ်လွန်သောကြောင့် ကွယ်လွန်သူဦးခင်မောင်သန်းအမွေကို ဇနီးဒေါ်လှတင်က ဆက်ခံမည် ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မိခင်ကိုကျော်လွန်၍ သား သမီးများက ဆက်ခံခွင့်မရှိသောကြောင့် ဦးခင်မောင်သန်း၏ သားသမီး များသည်မိခင်ဒေါ်လှတင် သက်ရှိထင်ရှားရှိနေစဉ်တွင် အမှုတွင်မပါ လျှင်မဖြစ်သော အမွေဆိုင်များ မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားသည်။

သို့ဖြစ်ရာတရားရုံးချုပ်က တရားမဒုတိယအယူခံမှုတွင် အစ္စ လာမ်ဘာသာဝင်ဦးခင်မောင်သန်း၏ အမွေကိုဇနီးဒေါ်လှတင်နှင့် သား သမီးများဆက်ခံကြောင်း၊ မူလမှုတွင်ဦးခင်မောင်သန်း၏ သားသမီးများ သည်အမှုသည်အဖြစ်မပါလျှင်မဖြစ်သောအမွေဆိုင်များဖြစ်၍ ၎င်းတို့ မပါဘဲ အမွေပုံပစ္စည်းစီမံခန့်ခွဲရန်အတွက် ဒီကရီချမှတ်နိုင်မည် မဟုတ် ဟုသုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေအရမှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ချေ။

အထက်ပါအကြောင်းများကြောင့် ကွယ်လွန်သူဦးဘသိန်း၊ ဒေါ်မမလေးတို့၏ သားသမီးများဖြစ်ကြသော ဦးခင်မောင်သန်း၊

၂၀၀၃
ဒေါ်အမာ
နှင့်
ဒေါ်လှတင့်
ပါ-၈

ဒေါ်ညွန့်ညွန့်၊ ဒေါ်အမာ နှင့် ဦးမောင်မောင်တို့သည် မိခင်ကျန်ရစ်သော အမွေပုံပစ္စည်းတွင်အညီအမျှ ⅓ စီရရှိကြမည်ဖြစ်သည်။ သို့ဖြစ်၍အယူခံ တရားလိုဒေါ်အမာသည် အမွေပုံပစ္စည်း၏ ⅓ ကို ရထိုက်ခွင့်ရှိသည်။ သို့ဖြစ်၍အထူးအယူခံ ရုံးကကြားနာလျက်ရှိသောပြဿနာကို အောက်ပါ အတိုင်းဖြေဆိုလိုက်သည်-

"၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှု နှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ ၂၆ အရ ဗုဒ္ဓဘာသာဝင် အမွေရှင် ဒေါ်မမလေး၏အမွေကို စီမံခန့်ခွဲပေးရန်စွဲဆိုရာ တွင် သားဖြစ်သူ အစ္စလာမ်ဘာသာဝင် ဦးခင်မောင်သန်း (ကွယ်လွန်) ၏ ဇနီး ဒေါ်လှတင့်ကတရားပြိုင်အဖြစ် ပါဝင်ပြီး ဖြစ်သည့် အခြေအနေတွင် ဦးခင်မောင်သန်း နှင့်ဒေါ်လှတင့် တို့၏ သားသမီးများက အမှုသည်အဖြစ် ပါဝင်မှု မရှိခြင်း ကြောင့် အမွေဆိုင်များ မစုံလင်ဟု တရားရုံးချုပ်၏ တရားမ ဒုတိယ အယူခံမှုတွင် ကောက်ယူဆုံးဖြတ်ချက်သည် ဥပဒေ အရမှန်ကန်မှု မရှိကြောင်း။"

ထို့ကြောင့်ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ အယူခံတရားလို ဒေါ်အမာသည် အမွေပုံပစ္စည်း၏ ⅓ ပုံကို ရထိုက်ခွင့်ရှိကြောင်း ပဏာမ ဒီကရီချမှတ်လိုက်သည်။

တရားစရိတ်ကို အမွေပုံမှ ကျခံစေ။

ရှေ့နေစရိတ်ငွေကျပ် ၃၀၀၀/- သတ်မှတ်သည်။

၂၀၀၂
ဒေါက်တိုဘာလ
၂၅ ရက်

## တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်တရားသူကြီးဦးထွန်းရှင်၏ရှေ့တွင်

ဒေါ်အမာတင်
နှင့်
ဦးတင်ထွေး ပါ ၂ *

အင်ဆော်လဝင် (လူမွဲ) အဖြစ်သတ်မှတ်ပေးရန်လျှောက်ထားမှု၊ လူမွဲအဖြစ်ခံယူမှုကို စီရင်ပိုင်ခွင့်ရှိသည့်တရားရုံး၊ တရားမကျင့်ထုံးဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း သက်ဆိုင်သမျှ လိုက်နာလျှက် လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စိစစ်လက်ခံရခြင်း၊ တရားရုံးသည်မြန်မာနိုင်ငံလူမွဲအဖြစ် ခံယူခြင်းအက်ဥပဒေပုဒ်မ ၁၈၊ ၁၉၊ ၂၄၊ ၂၅ နှင့် ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စိစစ်လက်ခံခြင်း၊ အကြောင်းကြားစာထုတ်ဆင့်ခြင်း၊ သက်သေခံ အထောက်အထားများရယူခြင်း၊ စစ်ဆေးခြင်း၊ အမိန့်ချမှတ်ခြင်းများပြုလုပ်ရခြင်း၊ လိုအပ်သည့်သက်သေခံချက်များ မယူဘဲ အမှုကိုပလပ်သည့်အမိန့်ချမှတ်ခြင်းသည် မှန်ကန်မှု မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ လူမွဲအဖြစ်ခံယူမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့်တရားရုံးမှာ မြန်မာနိုင်ငံလူမွဲအဖြစ်ခံယူမှုအက်ဥပဒေ (Myanmar Insolvency Act) ပုဒ်မ ၃(၁) ပါပြဋ္ဌာန်းချက်အရ ခရိုင်တရားရုံးများဖြစ်သည်။ ထို့ပြင်တရားရုံးချုပ်၏ ၄-၇-၇၃ ရက်စွဲပါစာအမှတ် ၄၂/၂၀-၁၄၈ (၇၂) အရ ပြည်နယ်နှင့်တိုင်းတရားရုံးများသည်လည်း လူမွဲအဖြစ်ခံယူမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများဖြစ်သည်။ သို့ဖြစ်ရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်အရစီရင်ပိုင်ခွင့် အနိမ့်ဆုံးအဆင့်ရှိ တရားရုံးတွင်စတင်စွဲဆိုရန်ဖြစ်

* ၂၀၀၂ ခုနှစ်၊ တရားမပထမအထွေထွေအယူခံမှုအမှတ် ၃၀

+ ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၆ တွင်ချမှတ်သော ၂၁-၅-၂၀၀၂ ရက်စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ အယူခံမှု

၂၀၀၂
ဩဂုတ်လ
၂၅ ရက်

သည်ကို ဂရုပြုရန်လိုသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မြန်မာနိုင်ငံလူမွဲအဖြစ်ခံယူခြင်းအက်ဥပဒေပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်အရ လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးသို့ တင်သွင်းသည့်အခါ အဆိုလွှာကို လက်ခံသည့်ကိစ္စတွင် လိုက်နာကျင့်သုံးရသည့်တရားမကျင့်ထုံးဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း သက်ဆိုင်နိုင်သမျှလိုက်နာလျက် ယင်းလူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စိစစ်လက်ခံရမည်ဖြစ်သည်။ တရားရုံးသည် အဆိုပါပုဒ်မ ၁၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စိစစ်ပြီးနောက် လျှောက်လွှာကိုလက်ခံလျှင် ယင်းအက်ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်အရ အမှုကို သတ်မှတ်သည့်နေ့ရက်၌ ကြားနာစစ်ဆေးမည့်အကြောင်း အမိန့်တစ်ရပ်ချမှတ်ရမည်၊ မြို့ရှင်သို့လည်း အကြောင်းကြားစာထုတ်ဆင့်ရမည်ဖြစ်သည်။ ဤသို့ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့တွင် အဆိုပါအက်ဥပဒေပုဒ်မ ၂၄(၁)(၂)(၃)(၄) ပါပြဋ္ဌာန်းချက်အရ တရားရုံးကသက်သေခံအထောက်အထားများရယူခြင်း၊ လူမွဲအဖြစ်ခံယူသူမြို့စားအား စစ်ဆေးခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ ယင်းသို့စစ်ဆေးပြီးနောက် လူမွဲအဖြစ်ခံယူမှု လျှောက်ထားသူမြို့စားက လူမွဲအဖြစ်ခံယူထိုက်ကြောင်း တရားရုံးကကျေနပ်လက်ခံသည်အထိ မတင်ပြနိုင်လျှင် ၎င်း၏စွဲဆိုမှုကို လူမွဲအဖြစ်ခံယူမှုအက်ဥပဒေပုဒ်မ ၂၅(၂) အရပလပ်ရန်ဖြစ်သည်။ အဆိုလွှာကို ပလပ်ခြင်းမပြုပါက ယင်းဥပဒေပုဒ်မ ၂၇(၁) အရလူမွဲအဖြစ် စီရင်ဆုံးဖြတ်ချက်ချမှတ်ရမည် ဖြစ်သည်။

**အယူခံတရားလိုများအတွက်** - ဦးမြင့်
(တရားရုံးချုပ်ရှေ့နေ)

**အယူခံတရားပြိုင်များအတွက်** - ဦးဝင်းအောင်
(တရားရုံးချုပ်ရှေ့နေ)

ပဲခူးတိုင်းတရားရုံး၏ ၂၀၀၂ ခုနှစ်၊ တရားမအဲထွေအထွေမှုအမှတ် ၆ တွင် ဒေါ်အမာတင်က အင်ဆော်လဝင် (လူမွဲ) အဖြစ်သတ်မှတ်ပေးရန် လျှောက်ထားရာ ဦးတင်ထွေးနှင့်ဒေါ်ခင်မျိုးအေးတို့က

၂၀၀၃
ဒေါ်အမာတင်
နှင့်
ဦးတင်ထွေး
ပါ ၂

ကန့်ကွက်ကြသည်။ မူလတိုင်းတရားရုံးက နှစ်ဘက်ကြားနာပြီးနောက် ဒေါ်အမာတင်၏လျှောက်ထားမှုကို ပလပ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏အမိန့်ကို ဒေါ်အမာတင်က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် တရားမအထွေထွေအယူခံမှုကိုတင်သွင်းလာသည်။

ဒေါ်အမာတင်၏ အင်ဆော်လဝင်အဖြစ်သတ်မှတ်ပေးရန် လျှောက်လွှာ၌ ဒေါ်အမာတင်သည်လိုအပ်သည့်ငွေအရင်းအနှီးအတွက် ဝေါမြို့ရှိ မိမိပိုင်နှစ်ထပ်တိုက်အိမ်ကို ဝေါမြို့ မြန်မာ့စီပွားရေးဘဏ်တွင် အပေါင်ထား၍ ငွေကျပ် ၁၇ သိန်းကိုလည်းကောင်း၊ ဒေါ်ခင်မျိုးအေးထံမှ ငွေကျပ် ၅ သိန်းနှင့် ဦးတင်ထွေးထံမှ ငွေကျပ် ၅ သိန်းတို့ကိုလည်းကောင်း အတိုးဖြင့်ချေးယူပြီး ဆန်လုပ်ငန်းလုပ်ကိုင်ခဲ့ကြောင်း၊ သို့ရာတွင် ၁၉၉၇ ခုနှစ်တွင် ဝေါမြို့၌ရေကြီးသဖြင့် ၄င်း၏ဆန်လုပ်ငန်းမှာ များစွာထိခိုက်ဆုံးရှုံးခဲ့ရကြောင်း၊ ထို့နောက်ကိုဝင်းနိုင်နှင့် မမြင့်ဝါတို့ထံမှ အတိုးဖြင့်ငွေကျပ် ၃၂၇၈၉၃၀/- ကိုအလီလီချေးယူ၍ ဆန်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခဲ့သော်လည်း ဆက်လက်လုပ်ကိုင်နိုင်စွမ်းမရှိတော့ဘဲ ၁၉၉၉ ခုနှစ်တွင် လုပ်ငန်းရပ်စဲခဲ့ကြောင်း၊ ဒေါ်အမာတင်က ချေးယူငွေများကို ပြန်မဆပ်နိုင်တော့သဖြင့် ကြွေးရှင်များကတရားရုံးတွင် အသီးသီးတရားစွဲဆိုကာ အနိုင်ဒီကရီများရရှိခဲ့ကြကြောင်း၊ ထို့ကြောင့်ဒေါ်အမာတင်က မိမိပိုင်တိုက်အိမ်ကို ငွေကျပ် ၆၂ သိန်းဖြင့်ရောင်းချခဲ့ပြီး၊ ယင်းငွေဖြင့်မြန်မာ့စီးပွားရေးဘဏ်နှင့် ကိုဝင်းနိုင်၊မမြင့်ဝါတို့ထံငွေများပေးသွင်းနိုင်ခဲ့သော်လည်း၊ ဦးတင်ထွေးသို့ပေးရန် တရားစရိတ်အပါအဝင် ဒီကရီကျငွေကျပ် ၅၀၉၁၁၀/- နှင့် ဒေါ်ခင်မျိုးအေးသို့ပေးရန် တရားစရိတ်အပါအဝင် ဒီကရီကျငွေ ၂၄၆၉၆၀/-ကျပ်တို့ကိုမူ ငွေမကျန်တော့သဖြင့် ပေးဆပ်နိုင်ခြင်း မရှိတော့ကြောင်း၊ ဒေါ်အမာတင်သည် ညီမဖြစ်သူထံခိုကပ်နေရသည့်အဆင့်တွင်ရှိပြီး ပညာရေးကောလိပ်တွင် ပညာသင်ယူလျက်ရှိသောသမီးဖြစ်သူမနန္ဒာအောင်ကိုလည်း မောင်ဖြစ်သူမောင်သန့်ဇင်က လိုအပ်သည်များကို ထောက်ပံ့နေကြောင်း လျှောက်ထားသူဒေါ်အမာတင် ပိုင်ဆိုင်သည့်ပစ္စည်းများမှာ စုစုပေါင်းတန်ဘိုးကျပ် ၁၂၃၀၀၀/-တန်ဘိုးရှိသည့် သစ်သားဘီဒို ၃ လုံး၊ သစ်သားစားပွဲ ၃ လုံးနှင့် ကုလားထိုင် ၂ လုံးတို့သာ ကျန်ရှိတော့ကြောင်း၊ ဦးတင်ထွေးနှင့် ဒေါ်ခင်မျိုးအေးသို့ ပေးဆပ်ရမည့်ကြွေးမြီစုစုပေါင်းမှာ ငွေကျပ် ၇၅၆၀၇၀/- ကိုပေးဆပ်နိုင်ခြင်း

၂၀၀၃
ဒေါ်အမာတင်
နှင့်
ဦးတင်ထွေး
ပါ ၂

မရှိတော့သဖြင့် ၎င်းအားအင်ဆော်လဝင်အဖြစ် အသိအမှတ်ပြုထိုက်ပါကြောင်း ဖော်ပြထားသည်။

ဦးတင်ထွေးနှင့်ဒေါ်ခင်မျိုးအေးတို့က သီးခြားစီကန့်ကွက်လွှာတင်သွင်းကြရာ ယင်းကန့်ကွက်လွှာများတွင် ဒေါ်အမာတင်သည် ၎င်းပိုင်အိမ်နှင့်မြေကို ၆၂ သိန်းကျပ်ဖြင့်ရောင်းချခြင်း မဟုတ်ဘဲ ငွေကျပ် ၈၂ သိန်းဖြင့်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုသည့်အခါတွင် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအားလိမ်လည်တင်ပြ၍ တန်ဘိုးငွေကျပ် ၁၄ သိန်းဖြင့် စာချုပ်ချုပ်ဆိုခဲ့သည်ဟုသိရကြောင်း၊ ထို့ကြောင့်ဒေါ်အမာတင်သည် ၎င်းပိုင်တိုက်အိမ်ရောင်းရငွေမှ ဘဏ်နှင့်မမြင့်ဝါသို့ ငွေပေးဆပ်ပြီးသည့်တိုင်အောင်ငွေကျပ် ၁၄ သိန်းကျော် လက်ဝယ်ကျန်ရှိနေဦးမည်ဖြစ်ကြောင်း၊ ထိုကျန်ငွေဖြင့် ဦးတင်ထွေးနှင့်ဒေါ်ခင်မျိုးအေးသို့ ငွေပေးဆပ်ရန်လုံလောက် ပါကြောင်း၊ ဒေါ်အမာတင်သည် ငွေမပေးဆပ်လို၍ အမျိုးမျိုးလိမ်လည်တင်ပြနေခြင်းဖြစ်ကြောင်း၊ ဒေါ်အမာတင်က ၎င်း၏တိုက်နှင့်မြေကိုတန်ဘိုးငွေကျပ် ၆၂ သိန်းဖြင့် ရောင်းချခဲ့သည်ဟုဆိုခြင်းမှာတန်ဘိုးကိုလိမ်လည်တင်ပြနေခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေါ်အမာတင်၏ လူမွဲအဖြစ်လျှောက်ထားခြင်းကို ခွင့် မပြုသင့်ပါကြောင်း ဖော်ပြထားသည်။

မူလတိုင်းတရားရုံးက လျှောက်ထားသူဒေါ်အမာတင်သည် ၎င်း၏တိုက်အိမ်နှင့်မြေကို မည်သည့်တန်ဘိုးအမှန်ဖြင့်ရောင်းချ၍ ငွေမည်မျှရရှိခဲ့သည်ကို တရားရုံးက ယုံကြည်လက်ခံနိုင်လောက်အောင်တင်ပြနိုင်ခြင်းမရှိကြောင်း၊ ငွေကျပ် ၁၄ သိန်းဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုသည့်ကိစ္စအတွက်လည်းရှင်းလင်းတင်ပြနိုင်မှုမရှိကြောင်း၊ ထို့ပြင်အင်ဆော်လဝင်အဖြစ်သတ်မှတ်ပေးရန် တရားရုံးမှ ကျေနပ်လက်ခံသည့်အထိထင်ရှားပြသနိုင်ခြင်းမရှိကြောင်း သုံးသပ်လျက် ဒေါ်အမာတင်၏လျှောက်ထားမှုကိုပလပ်ခဲ့သည်။

မူလတိုင်းတရားရုံးက ဒေါ်အမာတင်၏အင်ဆော်လဝင် (လူမွဲ) အဖြစ် အသိအမှတ်ပြုပေးရန်လျှောက်လွှာဦးတင်မောင်ထွေးနှင့်ဒေါ်ခင်မျိုးအေးတို့၏ ကန့်ကွက်လွှာများအပေါ်တွင်သာ စိစစ်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ လျှောက်ထားလွှာနှင့်ကန့်ကွက်လွှာတို့အရ အမှုတွင်

၂၀၀၃
ဒေါ်အမာတင်
နှင့်
ဦးတင်ထွေး
ပါ ၂

ပေါ်ပေါက်သည့်အငြင်းပွားချက်အပေါ် စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ခြင်း မရှိချေ။

လူမွဲအဖြစ်ခံယူမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့်တရားရုံးမှာ မြန်မာနိုင်ငံလူမွဲအဖြစ်ခံယူမှုအက်ဥပဒေပုဒ်မ (Myanmar Insolvency Act) ပုဒ်မ ၃(၁) ပါပြဋ္ဌာန်းချက်အရ ခရိုင်တရားရုံးများဖြစ်သည်။ ထို့ပြင် တရားရုံးချုပ်၏ ၄-၇-၇၃ ရက်စွဲပါစာအမှတ်၊ ၄၂/ ၂၀-၁၄၈(၇၂) အရ ပြည်နယ်နှင့်တိုင်းတရားရုံးများသည်လည်း လူမွဲအဖြစ်ခံယူမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့်တရားရုံးများဖြစ်သည်။ သို့ဖြစ်ရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်အရ စီရင်ပိုင်ခွင့် အနိမ့်ဆုံးအဆင့်ရှိ တရားရုံးတွင်စတင်တရားစွဲဆိုရန်ဖြစ်သည်ကို ဂရုပြုရန်လိုသည်။

မြန်မာနိုင်ငံလူမွဲအဖြစ်ခံယူခြင်း အက်ဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်အရ လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ တင်သွင်းသည့်အခါ အဆိုလွှာကို လက်ခံသည့်ကိစ္စတွင် လိုက်နာကျင့်သုံးရသည့် တရားမကျင့်ထုံးဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း သက်ဆိုင်နိုင်သမျှ လိုက်နာလျက် ယင်းလူမွဲအဖြစ်ခံယူမှုလျှောက်လွှာကို စိစစ်လက်ခံရမည်ဖြစ်သည်။ တရားရုံးသည် အဆိုပါပုဒ်မ ၁၈ တွင်ပြဋ္ဌာန်းထားသည့်အတိုင်း လူမွဲအဖြစ်ခံယူမှုလျှောက်လွှာကိုစိစစ်ပြီးနောက် လျှောက်လွှာကိုလက်ခံလိုက်လျှင် ယင်းအက်ဥပဒေပုဒ်မ ၁၉ ပါပြဋ္ဌာန်းချက်အရအမှုကို သတ်မှတ်သည့်နေ့ရက်၌ ကြားနာစစ်ဆေးမည့်အကြောင်း အမိန့်တစ်ရပ်ချမှတ်ရမည်။ မြီရှင်သို့လည်း အကြောင်းကြားစာထုတ်ဆင့်ရမည်ဖြစ်သည်။ ဤသို့ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့တွင် အဆိုပါအက်ဥပဒေပုဒ်မ ၂၄(၁)(၂)(၃)(၄) ပါ ပြဋ္ဌာန်းချက်အရ တရားရုံးက သက်သေခံအထောက်အထားများ ရယူခြင်း၊ လူမွဲအဖြစ်ခံယူသူမြီစားအား စစ်ဆေးခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ ယင်းသို့စစ်ဆေးပြီးနောက် လူမွဲအဖြစ်ခံယူမှုလျှောက်ထားသူမြီစားက လူမွဲအဖြစ်ခံယူထိုက်ကြောင်း တရားရုံးက ကျေနပ်လက်ခံသည် အထိမတင်ပြနိုင်လျှင် ၎င်း၏စွဲဆိုမှုကိုလူမွဲအဖြစ်ခံယူမှုအက်ဥပဒေပုဒ်မ ၂၅(၂) အရ ပလပ်ရန်ဖြစ်သည်။ အဆိုလွှာကိုပလပ်ခြင်းမပြုပါက ယင်းအက်ဥပဒေပုဒ်မ ၂၇(၁) အရ လူမွဲအဖြစ်စီရင်ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်သည်။

၂၀၀၃
ဒေါ်အမာတင်
နှင့်
ဦးတင်ထွေး
ပါ ၂

သို့ဖြစ်ရာမူလတိုင်းတရားရုံးက မြန်မာနိုင်ငံလူမွဲအဖြစ်ခံယူမှု အက်ဥပဒေပုဒ်မ ၂၄ အရ လိုအပ်သည့်သက်သေခံချက်မယူဘဲ ယင်း အက်ဥပဒေပုဒ်မ ၂၅(၂) အရအမှုကိုပလပ်သည့်အမိန့်ချမှတ်ခြင်းသည် မှန်ကန်ခြင်းမရှိချေ။

ထို့ကြောင့်မူလတိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ မူလတိုင်းတရားရုံးသည် မူလမှုအမှတ်ဖြင့်ပင် အမှုကိုအစမှ ပြန်လည် စစ်ဆေးစီရင်စေရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၃' အရ မူလတိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။

စရိတ်မသတ်မှတ်။

+ ၂၀၀၃
ဇန်နဝါရီလ
၂၄ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသန်းဦး
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့်
ဦးချစ်လွင်တို့၏ရှေ့တွင်

**နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ပါ ၂**
**နှင့်**
**ဒေါ်အေးအေးသန်း ***

တရားလိုက တရားပြိုင်တို့အပေါ် ချေးငွေရလိုမှုစွဲဆိုခြင်း လာမည့် တစ်ဆယ့်နှစ်လကာလအတွင်း ပေးဆပ်ရန်ရှိသည့် ချေးငွေ၏ ထက်ဝက်ကို ပေးဆပ်သွားမည်ဖြစ်ပါသည်ဟု ဝန်ခံ ကတိပြု သည့်စာသည် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၂(၉) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ငွေပေးကတိစာချုပ်ဖြစ်ခြင်း၊ ငွေပေး ကတိစာချုပ်အရ သို့မဟုတ် ခံဝန်ချုပ်အရ ငွေရလိုမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၇၄ တွင် အကျုံးဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂ (၉) တွင် " ငွေပေးကတိစာချုပ် " ဆိုသည်မှာ ချုပ်ဆိုသူကအတိအကျ ဖော်ပြထားသောငွေကို သူတပါးအား ကန့်သတ်ထားသည့်အချိန်တွင် ဖြစ်စေ၊ တောင်းဆိုသည့်အခါဖြစ်စေ ပေးဆပ်ရန်ချွင်းချက်မရှိ ဝန်ခံ သော စာချုပ်ကိုဆိုလိုသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

နှင်းသဇင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က ပေးပို့သော ၂-၅-၉၈ ရက်စွဲပါစာသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂ (၉) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားချက်အရ ငွေပေးကတိစာချုပ်ဖြစ်သည်။

ထိုသို့သောစာမျိုးသည် ငွေပေးကတိစာချုပ်ဖြစ်ကြောင်း

* ၂၀၀၂ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၃၅
+ ၂၀၀၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၁၉ တွင် ချမှတ်သော ၁၁-၃-၂၀၀၂ ရက်စွဲပါတရားရုံးချုပ် (ရန်ကုန်) ၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၂၀၀၃ / နှင်းသဇင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ပါ၂ နှင့် ဒေါ်အေးအေးသန်း

**ဆက်သွယ်ရေးဘဏ် နှင့် ခွန်ကုမ္ပဏီအမှု** [၂] တွင် ပြဆိုသည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ၂-၅-၉၁ ရက်စွဲပါစာသည် ကြွေးမြီအတွက် တာဝန်ရှိပါသည်ဟု ဝန်ခံရုံသက်သက် မဟုတ်ချေ။ သတ်မှတ်ဖော်ပြထားသည့်အချိန်တွင် ငွေပေးဆပ်ပါမည်ဟု ကတိပြုသည့် ကတိစာချုပ်ဖြစ်သည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ၂-၅-၉၈ ရက်စွဲပါစာတွင် လာမည့်တစ်ဆယ့်နှစ်လကာလအတွင်း နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒေါ်အေးအေးသန်းအား ပေးဆပ်ရန်ရှိသည့် ချေးငွေ၏ထက်ဝက်ကို ပေးဆပ်သွားမည်ဖြစ်ကြောင်း လေးလေးနက်နက်ဝန်ခံကတိပြုထားရာ ဒေါ်အေးအေးသန်းအနေဖြင့် ၂-၅-၉၈ နေ့မှ တစ်ဆယ့်နှစ်လကာလကုန်ဆုံးချိန်နှင့် ချေးငွေ၏ထက်ဝက်ကို ရထိုက်ခွင့်ရှိမည်ဖြစ်သည်။ ထိုအချိန်တွင် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ချေးငွေ၏ထက်ဝက်ကို မပေးဆပ်ပါက ထိုအချိန်မှစ၍ ဒေါ်အေးအေးသန်းက တရားစွဲဆိုခွင့်ရရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၇၄ တွင် အရစ်ကျပေးဆပ်ရန်ဖြစ်သော ငွေပေးကတိစာချုပ်အရ သို့မဟုတ် ခံဝန်ချုပ်အရ ရလိုမှုကို ပထမအရစ်ပေးရန်ချိန်းရက်စေ့ကုန်သည့်အခါစ၍ ထို့ပြင်ကျန်ပေးရန် အရစ်ကျငွေများအတွက်မှာလည်း အသီးသီးချိန်းရက်စေ့ကုန်သည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း ပြဌာန်းထားသည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ဒေါ်အေးအေးသန်းထံ ပေးပို့သည့် ၂-၅-၉၈ နေ့စွဲပါစာတွင် ပေးဆပ်ရန်ရှိသည့် ချေးငွေ၏ထက်ဝက်ကို ထိုနေ့တစ်ဆယ့်နှစ်လကာလအတွင်း ပေးဆပ်ရန် ကတိပြုထားရာ ၁-၅-၉၉ နေ့တွင် ပထမအရစ်ပေးရန် ရက်ချိန်းစေ့ကုန်ကြောင်း တွေ့မြင်နိုင်သည်။ ထိုနေ့မှစ၍ ၃ နှစ်ဖြစ်သော ၁-၅-၂၀၀၂ အတွင်း တရားစွဲဆိုနိုင်သည်ဖြစ်၍ ၂၀-၆-၂၀၀၁ နေ့တွင် ဒေါ်အေးအေးသန်း စွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း ပေါ်ပေါက်သည်။

၂၀၀၃
နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ပါ၂ နှင့် ဒေါ်အေးအေးသန်း

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးအောင်ချို (တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်များအတွက် | - | ဦးအောင်သစ် (တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄၁ တွင် အယူခံတရားပြိုင်ဒေါ်အေးအေးသန်းက အယူခံတရားလိုများဖြစ်ကြသော နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် နှင့် ဦးအောင်သန်းတို့အပေါ် ငွေကျပ် ၃၉၇၀၀၀၀/- (သုံးဆယ်ကိုးသိန်းခုနှစ်သောင်းတိတိ) ရလိုမှုစွဲဆိုရာ တိုင်းတရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ စွဲဆိုခြင်းဖြစ်သည်ဟု ပဏာမငြင်းချက်ကိုဖြေဆို၍ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၇ နည်း ၁၁ (က) အရပယ်ကြောင်း အမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံတရားပြိုင်ဒေါ်အေးအေးသန်းက မကျေနပ်၍ တရားရုံးချုပ် ၂၀၀၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၁၉ တွင် အယူခံ ဝင်ရောက်ရာ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး အမှုအား မူလအမှတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ကျန်ငြင်းချက်များကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးစေရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားခဲ့သည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ဦးအောင်သန်းတို့က ကျေနပ်မှုမရှိ၍ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားရာ တရားရုံးချုပ် အထူးခုံရုံးက အောက်ဖော်ပြပါ ပြဿနာများအား အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

(၁) ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ ( ၁ ) ပါ ပြဋ္ဌာန်းချက်အရ စည်းကမ်းသတ်ကာလ အပိုင်းအခြားအသစ်ကိုစာဖြင့် လက်မှတ်ရေးထိုးဝန်ခံချက်ပြုသည့်နေ့မှစ၍ ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားပါလျက်တရားရုံးချုပ်က ၂-၅-၉၈ ရက်စွဲပါ ဝန်ခံချက်ပြုသည့် စာအရ ငွေချေးသူက ချေးငွေပေးဆပ်မည်ဟု ဖော်ပြသည့် နေ့ရက် များဖြစ်သော ၁-၅-၉၉ နေ့နှင့် ၁-၅-၂၀၀၀

၂၀၀၃
နှင်းသဇင်
ဆောက်လုပ်ရေး
ကုမ္ပဏီလီမိတက်
ပါ၂
နှင့်
ဒေါ်အေးအေးသန်း

ရက်နေ့များတွင် စည်ကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်တွက်ရမည်ဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် ပုဒ်မ ၁၉ (၁) အရပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(၂) ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) အရ အပိုင်းအခြား အသစ်ကို ဝန်ခံချက်ပြုသည့်နေ့မှစ၍ ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားသောကြောင့် ငွေချေးယူသူများ/(မူလရုံးတရားပြိုင်များ) က ၂-၅-၉၈ ရက်စွဲဖြင့် ဝန်ခံချက်ပြုလုပ်ခဲ့သဖြင့် ထိုနေ့မှစ၍ရေတွက်လျှင် ၂၀-၆-၂၀၀၀ ရက်နေ့မှ စွဲဆိုသော ငွေရလိုမှုသည် ကာလစည်းကမ်းသတ်ကာလ ၃ နှစ်ကျော်လွန်နေသဖြင့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် ဥပဒေအရ မှန်ကန်မှု ရှိ မရှိ။

မူလရုံးတရားလိုဖြစ်သည့်အယူခံတရားပြိုင် ဒေါ်အေးအေးသန်း၏ အဆိုလွှာတွင် မိမိသည်အယူခံတရားလိုအမှတ် (၂) ဦးအောင်သန်းမှ တစ်ဆင့် အယူခံတရားလိုအမှတ် (၁) နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ ငွေများအလီလီချေးခဲ့ရာ ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ထုတ်ချေးခဲ့သောငွေ စုစုပေါင်းမှာကျပ် ၃၉၇၀၀၀၀ ဖြစ်ကြောင်း၊ နှင်းသဇင်ကုမ္ပဏီသည် ၂-၅-၉၈ ရက်စွဲဖြင့် ချေးငွေပေးဆပ်ရန်အတွက် အကြောင်းကြားစာ တစ်စောင်ကို ပေးပို့ခဲ့သော်လည်း ကတိပြုသည့်အတိုင်းငွေများကို ပေးဆပ်ခြင်းမပြုသည့်အပြင် တရားလိုအားရောင်းချရန် သဘောတူညီသော အခန်းပါသည့် တိုက်ကိုလည်း မဆောက်ဖြစ်၍ တိုက်ခန်းလည်းမရကြောင်း၊ တိုက်ခန်းဖိုးအတွက် အမှန်တကယ်ပေးရငွေကျပ် ၃၉၇၀၀၀၀/- သို့မဟုတ် ကုမ္ပဏီအား ထုတ်ပေးသည့်ငွေကျပ် ၃၉၇၀၀၀၀/- ကို အတိုးနှင့်တကွ ပြန်ရလိုကြောင်းဖော်ပြထားသည်။

မူလရုံးအမှတ် ၁ တရားပြိုင်ဖြစ်သည့် အမှတ် ၁ အယူခံတရားလိုနှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ချေးယူထားသော ငွေများအနက် တိုးရင်းပေါင်းငွေကျပ် ၁၅၀၀၀၀၀/- သာ ပေးဆပ်ရန်ကျန်ရှိကြောင်း၊ ဒေါ်အေးအေးသန်းနှင့် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည့် ၂၅-၂-၉၈ ရက်စွဲပါ ငွေချေးယူခြင်း ကတိစာချုပ်နှင့်

၂၅-၂-၉၈ ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်စာချုပ်တို့မှာ တစ်နေ့တည်း၊ တစ်ပြိုင်တည်းချုပ်ဆိုခဲ့သော စာချုပ်များဖြစ်ပြီး ချေးယူထားသောငွေများ ကိုပြန်မဆပ်နိုင်သေး၍ ပြန်ဆပ်ရန်အတွက် အာမခံသဘောဖြင့် ဟန်ဆောင်ချုပ်ဆိုပေးရသော စာချုပ်များဖြစ်ကြောင်း၊ ယခုစွဲဆိုသော အမှုမှာကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်းချေပခဲ့သည်။

မူလရုံးအမှတ် ၂ တရားပြိုင်ဖြစ်သည့် အမှတ် ၂ အယူခံတရားလိုဦးအောင်သန်းကလည်း မိမိသည် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးဖြစ်ခဲ့သည်မှာ မှန်သော်လည်း ၁၄-၇-၂၀၀၀ နေ့မှစ၍ ဒါရိုက်တာအဖြစ်မှ နုတ်ထွက်ခဲ့ပြီးဖြစ်ကြောင်း၊ နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီသည် အယူခံတရားလိုဒေါ်အေးအေးသန်းနှင့် ဦးထွန်းနိုင်တို့ထံမှ ၂၅-၁-၉၇ နေ့မှစ၍ ငွေကျပ် ၁၀၀ဝ/- လျှင် ၅/- အတိုးနှုန်းဖြင့် အလီလီချေးယူခဲ့ပြီးနောက် အချို့ကိုပြန်ဆပ်ခဲ့ပြီးဖြစ်ရာ တိုးရင်းပေါင်းငွေကျပ် ၁၅၀၀၀၀၀/- သာကျန်ကြောင်း၊ ၂၅-၂-၉၈ နေ့တွင်ချုပ်ဆိုခဲ့သောစာချုပ်မှာ ချေးယူထားသောငွေများအပေါ် ပြန်ဆပ်ရန်အတွက် အာမခံသဘောဖြင့် ဟန်ဆောင်ချုပ်ဆိုပေးရသော ဟန်ဆောင်စာချုပ်များသာဖြစ်ပြီး စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်များစွာကျော်လွန်နေကြောင်းဖြင့် ဖော်ပြထားသည်။

တိုင်းတရားရုံးကအဆိုလွှာ၊ ချေလွှာများအရ ထုတ်နုတ်ထားသောငြင်းချက် ၃ ရပ်အနက် အမှတ် ၂ ငြင်းချက်ဖြစ်သည့် " ယခုတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်သည့်အပြင် အမှုပုံစံမှားနေသည်ဆိုသည်မှာ မှန်သလား "ဟူသောငြင်းချက်အား ပဏာမငြင်းချက်အဖြစ် သတ်မှတ်ပြီး ဦးစွာကြားနာခဲ့သည်။ ပဏာမငြင်းချက်အပေါ်ဦးစွာကြားနာပြီးနောက် တိုင်းတရားရုံးက ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ စွဲဆိုခြင်းမှာ မှန်ကန်သည်ဟုဖြေဆိုပြီးတရားလို၏ အဆိုလွှာကိုတရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်း ၁၁(က) အရပယ်ကြောင်း အမိန့်ချမှတ်သည်။

တရားရုံးချုပ်က အယူခံတရားလိုများပြုလုပ်ခဲ့သော ၂-၅-၉၈ ရက်စွဲပါ စာတွင် " လာမည့် ၁၂ လအတွင်း၊ နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လူကြီးမင်းအား ပေးဆပ်ရန်ရှိသည့် ချေးငွေ၏ ထက်ဝက်ကို ပေးဆပ်သွားမည်ဖြစ်ပါသည်။ ကျန်ထက်ဝက်ကို နောက်

၂၀၀၃
နှင်းသဇင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ပါ၂ နှင့် ဒေါ်အေးအေးသန်း

၁၂ လအတွင်း ဆက်လက်ပြီးပေးဆပ်သွားမည်ဖြစ်ကြောင်း " ဝန်ခံကတိပြုခဲ့သဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ ( ၁ ) အရ ၁-၅-၉၉ ရက်နေ့တွင်လည်းကောင်း၊ ၁-၅-၂၀၀၀ ရက်နေ့တွင်လည်းကောင်း၊ စည်းကမ်းသတ်ကာလအပိုင်းအခြားကို ရေတွက်ရမည်ဖြစ်သဖြင့် အယူခံတရားပြိုင် ဒေါ်အေးအေးသန်း စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိကြောင်းသုံးသပ်ဆုံးဖြတ်သည်။

အထူးအယူခံခုံရုံးက ဤအထူးအယူခံမှုကို ကြားနာသောအခါ အောက်ပါပြဿနာများကိုလည်း တစ်ပါတည်းလျှောက်ထားရန် နှစ်ဘက်ရှေ့နေများအား ညွှန်ကြားခဲ့သည်-

" အယူခံတရားပြိုင်စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မဇယားအမှတ်စဉ် ၅၇ တွင် အကျုံးဝင်ခြင်း ရှိ မရှိ နှင့် ကာလစည်းကမ်းသတ် ကျော် မကျော်။ "

အယူခံတရားလိုတို့၏ တရားရုံးချုပ်ရှေ့နေကအမှုတွင် တရားလိုဒေါ်အေးအေးသန်းသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ (၁) နှင့်အညီဆောင်ရွက်ထားကြောင်း၊ ၂-၅-၉၈ ရက်စွဲပါ ကုမ္ပဏီမှ ချေးယူထားသောငွေကြေးကိစ္စတင်ပြခြင်း၊ ဝန်ခံကတိပြုချက်အရ ဝန်ခံချက်ပြုသည့် ၁ -၅ -၉၉ ရက်နေ့တွင်သော်လည်းကောင်း၊၁-၅-၂၀၀၀ ရက်နေ့တွင်သော်လည်းကောင်း၊ စည်းကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်ရေတွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ကာလ စည်းကမ်းသတ်ကျော်လွန်ခြင်း မရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ **ဦးရမ်ဂျာရီ နှင့် မခမ်းစိန် (ခ) လင်ကျင်ရွှန်းအမှု**(၁) ၏ သုံးသပ်ဆုံးဖြတ်ချက် နှင့်ဆန့်ကျင်ရာရောက်ကြောင်း၊ ဦးရမ်ဂျာရီ နှင့် မခမ်းစိန် (ခ) လင်ကျင် ရွှန်းအမှု၏ သုံးသပ်ဆုံးဖြတ်ချက်အရဆိုလျှင် ယခုအမှု အယူခံတရားလိုများ၏ ၂-၅-၉၈ ရက်စွဲပါ ကုမ္ပဏီမှ ချေးယူထားသော ငွေကြေးကိစ္စ တင်ပြခြင်း၊ စသည့်ကာလစည်းကမ်းသတ်အက်ဥပဒေ ၁၉ (၁) ပါ ပြဋ္ဌာန်းချက် အမှတ် ၃ ချက်နှင့် ညီညွတ်မှုန်ကန်နေပါ၍ ကာလစည်းကမ်းသတ်အပိုင်းအခြားအသစ်ကို ဝန်ခံချက်ပြုသည့် ၂-၅-၉၈ ရက်နေ့မှစတင်ရေတွက်ပါက ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အမှတ်စဉ် ၅၇ အရချေးယူသည့်အခါကစ၍ ၃ နှစ်အတွင်း တရားစွဲဆို ရမည်ဟု ပြဋ္ဌာန်းထားရာအယူခံတရားပြိုင်က အယူခံတရားလိုများအပေါ် ချေးငွေ

(၁) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၂၀

၃၉၇၀၀၀၀ိ/- ရလိုမှုဖြင့် ၂၀-၆-၂၀၀၁ ရက်နေ့တွင် တရားစွဲ ဆိုခြင်းကြောင့် မူလရုံးတော်က ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တရားစွဲဆိုခဲ့ကြောင်း သုံးသပ်ဆုံးဖြတ်ချက်မှာ မှန်ကန်ကြောင်း၊ တရားရုံးချုပ်က ၂-၅-၉၈ ရက်စွဲဖြင့် ဝန်ခံချက်စာအရ ချေးငွေပေးဆပ်ရမည့် နေ့ရက်များဖြစ်သော ၁-၅-၉၉ ရက်နေ့နှင့် ၁-၅-၂၀၀၀ ရက်နေ့များမှ စတင်၍ ကာလစည်းကမ်းသတ်အသစ် အပိုင်းအခြားကို ရေတွက်ရမည်ဟု သုံးသပ်ဆုံးဖြတ်ချက်သည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ (၁) ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှန်ကန်မှု မရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေကအယူခံတရားလိုကုမ္ပဏီသည် အယူခံတရားပြိုင်ထံမှ ငွေကျပ် ၃၉သိန်းနှင့်၇သောင်းကို ချေးယူထားကြောင်း အတိအလင်းဖော်ပြထားသည့်ကတိစာချုပ်ကို ၂၅-၂-၉၈ နေ့တွင် ချုပ်ဆိုပြီးနောက် ၃ လမကြာမီ ၂-၅-၉၈ ရက်စွဲပါစာကို အယူခံတရားပြိုင်အား လိပ်မူပေးပို့ခဲ့ရာ ထိုစာပါအရေးအသားသည် အယူခံတရားလိုကုမ္ပဏီက ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ ၏ အဓိပ္ပါယ်အရ ကြွေးမြီပေးဆပ်ရန်တာဝန်ရှိကြောင်း ဝန်ခံချက်သက်သက်ပြုလုပ်ခြင်းမဟုတ်ကြောင်း၊ ၂၅-၂-၉၈ နေ့စွဲပါ ကတိစာချုပ်၌ ဖော်ပြထားပြီးဖြစ်သော ကြွေးမြီကျပ် ၃၉သိန်းနှင့်၇သောင်းကို ပေးဆပ်ပါမည်ဟု အတိအလင်းလေးလေးနက်နက် ဝန်ခံကတိပြုခြင်းလည်းဖြစ်ကြောင်း၊ တစ်နည်းဆိုရပါက အယူခံတရားလို ကုမ္ပဏီပေးပို့သော ၂-၅-၉၈ ရက်စွဲပါစာသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂ (၉) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော ငွေပေးကတိစာချုပ် ဖြစ်ကြောင်း၊ ထိုစာပါကတိပဋိညာဉ်အပေါ် အခြေခံ၍ စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေအမှတ်စဉ် ၇၄ တွင် အကျုံးဝင်ကြောင်း၊ အကယ်၍အကျုံးမဝင်ဟုကောက်ယူပါလျှင် အမှတ်စဉ် ၅၇ အပါအဝင် ပထမဇယား၏ အခြားအမှတ်စဉ်များတွင် သတ်မှတ်ထားသော စည်းကမ်းကာလအပိုင်းအခြားများတွင် အကျုံးမဝင်သည့် အလျောက် အမှတ်စဉ် ၁၂၀ နှင့်သာသက်ဆိုင်ရမည်ဖြစ်ကြောင်း၊ ဤရှုဒေါင့်မှ ဆင်ခြင်ပါလျှင်လည်း အယူခံတရားပြိုင်စွဲဆိုသောအမှုမှာ ထိုအမှတ်စဉ် ၁၂၀ အရ သတ်မှတ်ထားသော ၆ နှစ်ကာလကျော်လွန် ရန်အကြောင်းမရှိကြောင်း၊ အယူခံတရားလိုသည် ၂၅-၂-၉၈ ရက်စွဲပါ ပဋိညာဉ်ကို

၂၀၀၃
နှင်းသဇင်
ဆောက်လုပ်ရေး
ကုမ္ပဏီလီမိတက်
ပါ၂
နှင့်
ဒေါ်အေးအေးသန်း

၂-၅-၉၈ ရက်စွဲပါ ပဋိညာဉ်နှင့်အစားထိုးခဲ့ရာ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၆၂ အရ အယူခံတရားလိုသည် ၂-၅-၉၈ ရက်စွဲပါ ပဋိညာဉ် အတိုင်းဆောင်ရွက်ရန် တာဝန်ရှိလာကြောင်း၊ ပဋိညာဉ်အသစ်အရ အယူခံတရားလိုကုမ္ပဏီသည် ကြွေးမြီများကို မည်သို့မည်ပုံပေးဆပ် မည်ဖြစ်ကြောင်း ၎င်း၏သဘောဆန္ဒအလျောက် လိုလိုချင်ချင် သတ်မှတ်ခဲ့ခြင်းဖြစ်ရာ ထိုစည်းကမ်းချက်တို့အရ စွဲဆိုသော၍အမှုသည်ကာလစည်းကမ်းသတ်ကျော်လွန်ရန် အကြောင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးတရားလို၏အဆိုလွှာအပိုဒ် ၆ တွင် အမှတ် ၁ တရားပြိုင်ကုမ္ပဏီက ၂-၅-၉၈ နေ့စွဲပါစာဖြင့် တရားလိုမှ ယူထားသောကြွေးမြီပြန်ဆပ်ရေးအဆိုတစ်ရပ်ကို ဖော်ပြပြီးအကြောင်းကြားခဲ့ကြောင်း အဆိုပြု၍ ယင်းအကြောင်းကြားစာကို အဆိုလွှာ၏တစ်စိတ်တစ်ဒေသအဖြစ် ပူးတွဲတင်ပြထားသည်။ မူလရုံးတရားပြိုင်တို့က အဆိုလွှာအပိုဒ် ၆ ပါ အဆိုပြုချက်ကို ငြင်းဆိုခြင်းမပြုကြချေ။

အဆိုလွှာနှင့်ပူးတွဲတင်ပြထားသည့် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ဒေါ်အေးအေးသန်းသို့ ပေးပို့သည့်၂-၅-၉၈ နေ့စွဲပါကုမ္ပဏီမှ ချေးယူထားသောငွေကြေးများကိုစွတင်ပြစာတွင် အောက်ပါအတိုင်းဖော်ပြထားသည်-

> " လာမည့်တစ်ဆယ့်နှစ်လကာလအတွင်း နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီမှ လူကြီးမင်းအားပေးဆပ်ရန်ရှိသည့်ချေးငွေ၏ ထက်ဝက်ကို ပေးဆပ်သွားမည် ဖြစ်ပါသည်။ ကျန်ထက်ဝက်ကို နောက်တစ်ဆယ့်နှစ်လကာလအတွင်း ဆက်လက်ပြီးပေးဆပ်သွားမည်ဖြစ်ပါကြောင်း လေးလေးနက်နက် ဝန်ခံကတိပြုပါသည်။ "

အဆိုပါစာတွင် နှင်းသဇင်ဆောက်လုပ်ရေး ကုမ္ပဏီက ၎င်းပေးဆပ်ရန်ရှိသည့် ချေးငွေများကို သတ်မှတ်ဖော်ပြထားသည့်အချိန်ကာလအတွင်း ပေးဆပ်မည်ဖြစ်ကြောင်း ချွင်းချက်မရှိ ဝန်ခံကတိပြုထားကြောင်းတွေ့ရှိရသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂ (၉) တွင် " ငွေပေးကတိစာချုပ် " ဆိုသည်မှာချုပ်ဆိုသူအတိအကျဖော်ပြထားသော ငွေကိုသူတစ်ပါးအားကန့်သတ်ထားသည့်အချိန်တွင်ဖြစ်စေ၊ တောင်းဆိုသည့်

၂၀၀၃
နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ပါ၂ နှင့် ဒေါ်အေးအေးသန်း

အခါဖြစ်စေပေးအပ်ရန် ချွင်းချက်မရှိဝန်ခံသောစာချုပ်ကို ဆိုလိုသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ပေးပို့သော ၂-၅-၉၈ ရက်စွဲပါစာသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂ (၉) တွင် **အဓိပ္ပါယ်ဖွင့်ဆိုထားချက်အရ ငွေပေးကတိစာချုပ်ဖြစ်သည်။**

ထိုသို့သောစာမျိုးသည် ငွေပေးကတိစာချုပ်ဖြစ်ကြောင်း **ဆက်သွယ်ရေးတပ် နှင့် ခွန်ကုမ္ပဏီအမှု**[၂] တွင်ပြဆိုသည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ၂-၅-၉၈ ရက်စွဲပါစာသည် ကြွေးမြီအတွက်တာဝန်ရှိပါသည်ဟု ဝန်ခံရုံသက်သက် မဟုတ်ချေ။ သတ်မှတ်ဖော်ပြထားသည့်အချိန်တွင် ငွေပေးဆပ်ပါမည်ဟု ကတိပြုထားသည့် ကတိစာချုပ်ဖြစ်သည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ၂-၅-၉၈ ရက်စွဲပါစာတွင် လာမည့်တစ်ဆယ့်နှစ်လကာလအတွင်း နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒေါ်အေးအေးသန်းအား ပေးဆပ်ရန်ရှိသည့် ချေးငွေ၏ ထက်ဝက်ကို ပေးဆပ်သွားမည်ဖြစ်ကြောင်း လေးလေးနက်နက် ဝန်ခံကတိပြုထားရာ ဒေါ်အေးအေးသန်းအနေဖြင့် ၂-၅-၉၈ နေ့မှ တစ်ဆယ့်နှစ်လ ကာလကုန်ဆုံးချိန်တွင် ချေးငွေ၏ထက်ဝက်ကို ရပိုင်ခွင့်ရှိမည်ဖြစ်သည်။ ထိုအချိန်တွင် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ချေးငွေ၏ ထက်ဝက်ကို မပေးဆပ်ပါက ထိုအချိန်မှစ၍ ဒေါ်အေးအေးသန်းက တရားစွဲဆိုခွင့်ရရှိသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၇၄ တွင် အရစ်ကျပေးဆပ်ရန်ဖြစ်သော ငွေပေးကတိစာချုပ်အရ သို့မဟုတ် ခံဝန်ချုပ်အရ ရလိုမှုကို ပထမအရစ်ပေးရန်ချိန်းရက်စေ့ကုန်သည့်အခါစ၍ ထို့ပြင်ကျန်ပေးရန်အရစ်ကျငွေများအတွက်မှာလည်း အသီးသီးချိန်းရက်စေ့ကုန်သည့်အခါကစ၍ ၃ နှစ်အတွင်းစွဲဆိုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီက ဒေါ်အေးအေးသန်းထံ ပေးပို့သည့် ၂-၅-၉၈ နေ့စွဲပါစာတွင် ပေးဆပ်ရန်ရှိသည့်ချေးငွေ၏ ထက်ဝက်ကို ထိုနေ့မှတစ်ဆယ့်နှစ်လကာလအတွင်းပေးဆပ်ရန် ကတိပြုထားရာ ၁-၅-၉၉ နေ့တွင် ပထမအရစ်ပေးရန် ရက်ချိန်းစေ့ကုန်

(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ- ၂၅၂

၂၀၀၃
နှင်းသဇင်
ဆောက်လုပ်ရေး
ကုမ္ပဏီလီမိတက်
ပါ၂
နှင့်
ဒေါ်အေးအေးသန်း

ကြောင်းတွေ့မြင်နိုင်သည်။ထိုနေ့မှစ၍ ၃ နှစ်ဖြစ်သော ၁-၅-၂၀၀၂ ကာလအတွင်း တရားစွဲဆိုနိုင်သည်ဖြစ်၍ ၂၁-၆-၂၀၀၁ နေ့တွင် ဒေါ်အေးအေးသန်း စွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်းပေါ်ပေါက်သည်။

တရားရုံးချုပ်က ဒေါ်အေးအေးသန်းစွဲဆိုသော အမှုသည် ချေးငွေပေးဆပ်စေလိုမှုဖြစ်သည့်အတွက် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၅၇ နှင့် သက်ဆိုင်သည်ဟု ကောက်ယူခဲ့ခြင်းမှာ မှန်ကန်သည်ဟုဆိုနိုင်မည်မဟုတ်ပေ။

မူလတရားလိုဒေါ်အေးအေးသန်း၏အဆိုလွှာအပိုဒ် ၉ နှင့် ၁၂ တို့အရ ဒေါ်အေးအေးသန်းသည် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်၏ ၂-၅-၉၈ ရက်စွဲပါစာအပေါ် အခြေပြု၍ တရားစွဲဆိုခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။

နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီသည် ၂၅-၂-၉၈ ရက်စွဲပါ ပဋိညာဉ်ကို ၂-၅-၉၈ ရက်စွဲပါ ဝန်ခံချက်ဖြင့်ဖြည့်စွက်ခဲ့သည်ဖြစ်ရာ ထိုဖြည့်စွက်သည့်ခံဝန်ချက်အရ ဆောင်ရွက်ရန် တာဝန်ယူရာရောက်သဖြင့် ဒေါ်အေးအေးသန်းက ၂-၅-၉၈ ရက်စွဲပါစာကိုအခြေပြု၍ တရားစွဲဆိုခြင်းသည် ကာစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

ဤအထူးအယူခံခုံရုံးကဖြည့်စွက်သတ်မှတ်ပေးသည့် ဥပဒေပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> " အယူခံတရားပြိုင်စွဲဆိုသောအမှုသည်ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၅၇ တွင် အကျုံးမဝင်ကြောင်း အမှတ်စဉ် ၇၄ နှင့်သက်ဆိုင်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း။ "

တရားရုံးချုပ်က ဒေါ်အေးအေးသန်းစွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၅၇ တွင် အကျုံးဝင်သည်ဟု ကောက်ယူခြင်းမှာ မှန်ကန်သည်ဟုမဆိုနိုင်သော်လည်း ဒေါ်အေးအေးသန်းစွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်မကျော်လွန်ဟုဆုံးဖြတ်ခြင်းမှာ မှားယွင်းခြင်းမရှိကြောင်း တွေ့ရှိရသည်။

အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးခုံရုံးက ထုတ်နှုတ်ထားသည့်ပြဿနာများမှာ ဒေါ်အေးအေးသန်းစွဲဆိုသော အမှု

၂၀၀၃
နှင်းသဇင်
ဆောက်လုပ်ရေး
ကုမ္ပဏီလီမိတက်
ပါ၂
နှင့်
ဒေါ်အေးအေးသန်း

သည် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၅၇ တွင်အကျုံးဝင်သည်ဟုယူဆပြီး ထုတ်နှုတ်ထားခြင်းဖြစ်၍ ယင်းပြဿနာများကို ဖြေဆိုရန်မလိုတော့ပေ။

ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ် လိုက်သည်။

ရှေ့နေခကျပ် ၃၀၀၀/- သတ်မှတ်သည်။

+ ၂၀၀၃
အောက်တိုဘာလ
၈ ရက်

## တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီးဦးထွန်းရှင်၏ရှေ့တွင်

**ဦးကိုကိုအောင်**
**နှင့်**
**ဦးမျိုးကျော်ငြိမ်း ပါ ၂ ***

**မော်တော်ကားကိုအဆင့်ဆင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာတွင် တရားရုံးကပြစ်မှုနှင့်ပတ်သက်၍ နောက်ဆုံးဝယ်ယူသူထံမှ မော်တော်ကားကို သိမ်းဆည်းသွားပြီး ပိုင်ရှင်ဆိုသူအားပြန်ပေးခဲ့သည့်အတွက် နောက်ဆုံးဝယ်ယူသူက ၎င်းအားနောက်ဆုံးရောင်းသူနှင့် ပထမရောင်းသူတို့အပေါ် အချင်းဖြစ်မော်တော်ကားနှင့်အလားတူကား သို့မဟုတ် ကားတန်ဖိုးနှင့်နစ်နာကြေးငွေ ရလိုမှုစွဲဆိုခြင်း၊ ဝယ်ယူသူကကားကို လက်လွှတ်ဆုံးရှုံးမှုအတွက် ရောင်းသူတွင်တာဝန် ရှိ မရှိ၊ အချင်းဖြစ်ကားနှင့်အလားတူကား သို့မဟုတ် ကား၏ကာလတန်ဖိုးငွေကို ရထိုက်ခွင့် ရှိ မရှိ၊ အရောင်းအဝယ်ပြုလုပ်သည့်ကားတန်ဖိုးအဖြစ် နစ်နာကြေးငွေ ပါရခွင့် ရှိ မရှိ၊ ပထမဆုံးကားရောင်းချခဲ့သူတွင်လည်း တာဝန် ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ၉က/၅၀၉၇ မော်တော်ယာဉ်မှာ တရားရုံးအမိန့်အရ ဦးမျိုးကျော်ငြိမ်းက ဦးအေဝမ်းပေးအပ်လိုက်ရခြင်းကြောင့် ဦးမျိုးကျော်ငြိမ်းနှင့်ဦးကိုကိုအောင်တို့ ချုပ်ဆိုခဲ့သော ကားအရောင်းအဝယ်စာချုပ်သက်သေခံ (က) မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရကတိပြုသူကတားဆီးပိတ်ပင်ခြင်းမပြုနိုင်သောအကြောင်း ပေါ်ပေါက်ခြင်းကြောင့် ဥပဒေနှင့်ဆန့်ကျင်သော ပဋိညာဉ်ဖြစ်၍ ပျက်ပြယ် (Void) သွားပေသည်။

---

* ၂၀၀၂ ခုနှစ်၊ တရားမပထမပထမအယူခံမှုအမှတ် ၃၂၁

+ ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၇၃ တွင်ချမှတ်သော ၂၃-၇-၂၀၀၃ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုမကျေနပ်၍အယူခံမှု

၂၀၀၇
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

ဦးမျိုးကျော်ငြိမ်းအား ဦးကိုကိုအောင် ရောင်းချခဲ့သည့် ၉က/၅၀၉၇ မော်တော်ယာဉ်မှာ မူလကပင် ဦးကိုကိုအောင်ပိုင်ဆိုင်ခြင်း မရှိဘဲ အဆင့်ဆင့်လွှဲပြောင်းရောင်းချခဲ့ခြင်းဖြစ်ရာ ပဋိညာဉ်တွင် အခြား ဆန့်ကျင်ကွဲလွဲချက်မရှိလျှင် ရောင်းသူပိုင်ထိုက်ခွင့်မရှိခြင်းကြောင့် ဝယ်သူ ကရောင်းချပြီးပစ္စည်းကို လက်လွှတ်လိုက်ရသဖြင့် ဆုံးရှုံးသည့်အတွက် ရောင်းသူအပေါ်တွင် တာဝန်ရှိကြောင်း **မောင်ဗန္ဓု နှင့် မလုံး** (၈) အမှုလမ်းညွှန်စီရင်ထုံးရှိသည်။ ထို့ကြောင့်သက်သေခံ(က) စာချုပ်တွင် ပါရှိသည့် ၉က/၅၀၉၇ အားအရောင်းအဝယ်ပြုထားသောတန်ဖိုးငွေ ၂၅ သိန်းစသောင်းကို ဦးမျိုးကျော်ငြိမ်းအနေဖြင့် ပြန်လည်ရထိုက်ခွင့် ရှိမည်ဖြစ်သော်လည်း ကုန်စည်ရောင်းချခြင်း အက်ဥပဒေပုဒ်မ ၆၁(၁) အရ အချင်းဖြစ်ကား နှင့် အလားတူလက်ခံနိုင်သော ကားတစ်စီး သို့မဟုတ် ငွေကျပ်သိန်း ၉၀ ပေးစေရန်တိုင်းတရားရုံးကချမှတ်ခြင်းမှာ မှန်ကန်သည်ဟုမဆိုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တစ်ဖန်ကားအရောင်းအဝယ် စာချုပ် သက်သေခံ (က) ၏ ဒုတိယစာပိုဒ်တွင် အောက်ပါအတိုင်းဖော်ပြထား သည်-

> " အဆိုပါကားကို ရောင်းချသူ ဦးကိုကိုအောင်က ပိုင်ဆိုင်ပြီး အပေါင်အနှံအချုပ်အချယ်လုံးဝကင်းရှင်း ရှင်းကြောင်းနှင့် ၄င်းကားပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ အရှုတ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက ရောင်းချ သူကပင် မိမိ၏ စရိတ်ဖြင့် လုံးဝပြေလည်သည့် တိုင်အောင်ဖြေရှင်းပေးရန်ကိုလည်း သဘောတူကတိ ပြုပါသည်။"
>
> ဟုဖော်ပြထားပါသည်။

ယင်းသို့ဖော်ပြထားခြင်းမှာ အာမခံချက်ပေးထားခြင်းဖြစ်သည်။ ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၁၂(၃) တွင် "အာမခံချက် ဟူသည် ပဋိညာဉ်၏အဓိကကိစ္စနှင့်သွယ်ဝိုက်၍ ဆက်စပ်လျက်ရှိသော စည်းကမ်းချက်ဖြစ်၍ ၄င်းစည်းကမ်းချက်ကိုချိုးဖောက်ခြင်းသည် နစ်နာ ကြေးတောင်းဆိုခွင့်ရရှိစေသည်" ဟုပြဌာန်းထားသည်။

ပုဒ်မ ၅၉(၁)(ခ) တွင် "အာမခံချက်အားချိုးဖောက်မှုအတွက်

၂၀၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

နစ်နာကြေး (damages) ရလိုကြောင်း ရောင်းသူအားတရားစွဲဆိုနိုင်သည်" ဟုပြဋ္ဌာန်းထားပြီး ပုဒ်မ ၆၁(၁) တွင် "ဤဥပဒေပါမည်သည့်ပြဋ္ဌာန်းချက်မှ တရားဥပဒေအရအတိုးဖြစ်စေ၊ အထူးနစ်နာကြေးဖြစ်စေရနိုင်သောမည်သည့်ကိစ္စတွင်မဆို ရောင်းသူ၏ သို့မဟုတ် ဝယ်သူ၏အထူးနစ်နာကြေးရခွင့်ကို မထိခိုက်စေရ သို့မဟုတ် ပေးချေထားသောငွေအတွက် အဖိုးစားနားပျက်ယွင်းသည့်ကိစ္စတွင် အဆိုပါငွေတောင်းခံခွင့်ကို မထိခိုက်စေရ" ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့်တိုင်းတရားရုံးကနစ်နာကြေး (damages) ငွေကျပ် ၅ သိန်းကို ဦးမျိုးကျော်ငြိမ်းအားပေးစေရန်ချမှတ်သည့်အမိန့်မှာ မှားယွင်းခြင်းမရှိပေ။

| | |
|---|---|
| အယူခံတရားလိုများအတွက် - | ဦးအောင်သစ်<br>(တရားရုံးချုပ်ရှေ့နေ) |
| အယူခံတရားပြိုင်များအတွက် - | (၁) ဒေါ်ခင်မာမာလတ်<br>(တရားရုံးချုပ်ရှေ့နေ)<br>(၂) ဒေါ်လှလှလွင်<br>(တရားရုံးချုပ်ရှေ့နေ) |

ရန်ကုန်တိုင်းတရားရုံး ၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၃ တွင် တရားလိုဦးမျိုးကျော်ငြိမ်းက တရားပြိုင်ဦးကိုကိုအောင်နှင့်ဦးစိုးဝင်းတို့ ရောင်းချလိုက်သော မော်တော်ကားမှာပြဿနာဖြစ်လာပြီး၊ ဝယ်ယူသူတရားလိုတွင် နစ်နာဆုံးရှုံးရသောကြောင့် တရားပြိုင်တို့၏ကတိအတိုင်း တရားလိုပြေလည်စေမည့်အမိန့်ဒီကရီချမှတ်ပေးစေလိုမှုစွဲဆိုရာ တရားလိုဦးမျိုးကျော်ငြိမ်းသို့ ရောင်းချခဲ့သောအချင်းဖြစ်ကားနှင့်အလားတူလက်ခံနိုင်သောကားတစ်စီး သို့မဟုတ် ငွေကျပ်သိန်း ၉၀ ကိုနစ်နာကြေးငွေကျပ် ၅ သိန်းနှင့်အတူ (၁) တရားပြိုင်ဦးကိုကိုအောင်ကပေးအပ်စေရန် ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုဦးကိုကိုအောင်ကကျေနပ်မှုမရှိသဖြင့် ဤတရားမပထမအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင်တရားလိုနှင့်တရားပြိုင်များမှာ ယခင်ကသိကျွမ်းခြင်းမရှိဘဲ တရားလိုကမော်တော်ကားဝယ်ယူလိုသဖြင့် ရန်ကုန်မြို့ကြံတောရှိကားပွဲစားတန်းသို့ သွားရောက်ခဲ့ရာ ပွဲစားဖြစ်သူ (၁) တရား

၂၀၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

ပြိုင်ဦးကိုကိုအောင်နှင့် သိကျွမ်းခဲ့ကြောင်း၊ ဦးကိုကိုအောင်က တိုယိုတာ လီမိတက်ဆလွန်း ၉က/၅၀၉၇ မှာ ၎င်းကိုယ်ပိုင်ကားဖြစ်ကြောင်း အရွတ်အရှင်းကင်းကြောင်း၊ စိတ်ချရကြောင်းပြောသဖြင့် တန်ဖိုးငွေကျပ် ၂၅ သိန်းစသောင်းဖြင့် ၁၉-၄-၉၈ ရက်နေ့ကဝယ်ယူခဲ့ပြီး ကားနှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ တစ်ပါတည်း လွှဲပြောင်းရရှိခဲ့ကြောင်း၊ ၁၂-၁၀-၉၈ ရက်နေ့တွင် မူလအမည်ပေါက်သူ ဦးအောင်ကျော်ထွန်းက အမည်ပြောင်းလဲပေးသဖြင့် ယာဉ်လိုင်စင်စာအုပ်တွင် တရားလိုအမည် ပေါက်ကြောင်း၊ ယင်းကားမှာမဟာအောင်မြေမြို့နယ်တရားရုံး၊ ပြစ်မှုကြီး အမှတ် ၁၂၃၂/၉၉ အမှုနှင့်ပတ်သက်သည်ဆိုကာ ၁၉-၈-၉၉ ရက်နေ့ တွင် မန္တလေးမြို့၊ အမှတ် (၉) ရဲစခန်းသို့ သွားရောက်အပ်နှံခဲ့ရကြောင်း၊ အမှုအတွင်းခံဝန်ဖြင့်ထိန်းသိမ်းထားနိုင်ရန်အတွက် ဆောင်ရွက်ရခြင်း၊ မန္တလေးတိုင်းတရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၇၉/၉၉ နှင့် တရားရုံးချုပ် (မန္တလေး) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၃၉(ခ)/၂၀၀၀ အမှုများကို ရင်ဆိုင်ရခြင်းတို့ကြောင့် စရိတ်စကကုန်ကျကြောင်း၊ အဆိုပါ အမှုတွင်တရားခံမောင်ကျော်ဌေးအား ပြစ်ဒဏ်ချမှတ်ပြီး ယင်းကားကို ဦးအေဝမ်းအား ပြန်ပေးစေရန်အမိန့်ချမှတ်သဖြင့် တရားလိုတွင် နစ်နာ ကြောင်း၊ ကားပြန်လည်ရရှိရေးအတွက် မန္တလေးတိုင်းတရားရုံး ပြစ်မှု ဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၀/၂၀၀၀၊ တရားရုံးချုပ် (မန္တလေး) ပြစ်မှု ဆိုင်ရာ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၈/၂၀၀၁ တို့တွင် အမှုများ အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရသဖြင့် မန္တလေးသို့အကြိမ်ကြိမ် သွားရောက်သောစရိတ်၊ ခရီးစရိတ်၊ ရှေ့နေစရိတ်၊ တရားရုံးစရိတ်တို့ ကုန်ကျကြောင်း၊ မန္တလေးအမှတ် (၉) ရဲစခန်းသို့ အချင်းဖြစ်ကား သွားရောက်အပ်နှံခြင်းမပြုမီ အမှတ် (၁) တရားပြိုင်ကိုကား အရွတ် အရှင်းပြဿနာပေါ်ပေါက်နေသဖြင့် ဖြေရှင်းပေးရန်ပြောသော်လည်း ကူညီဖြေရှင်းပေးခြင်း မရှိကြောင်း၊ တရားလိုကထပ်မံသွားရောက် ပြောဆိုသောအခါ အမှတ် (၁) တရားပြိုင်က မော်တော်ကားရောင်းချ ခဲ့သူအမှတ် (၂) တရားပြိုင်ထံခေါ်သွားကြောင်း၊ အမှတ် (၂) တရားပြိုင် က၎င်းတွင်တာဝန်ရှိကြောင်း သင့်သလိုလျော်ပေးမည်ဟု အသိသက်သေ များရှေ့တွင် ပြောသော်လည်း တရားပြိုင် (၂) ဦးလုံးသည် တရားလိုနှင့် လုံးဝအဆက်အသွယ်မလုပ်တော့ကြောင်း၊ အမှတ် (၁) တရားပြိုင်က အရွတ်အရှင်းပြဿနာမရှိဟု ပြောဆိုသည်ကို ယုံကြည်၍ ကားကိုဝယ်ယူ

၂၀၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

ခဲ့ခြင်းဖြစ်ပြီး အမှတ် (၂) တရားပြိုင်မှာ အမှတ် (၁) တရားပြိုင်အား ကားရောင်းချခဲ့သူဖြစ်သည့်ပြင် တရားလိုထံမှ ကားသိမ်းဆည်းခံရသည်ကိုသိလျှက်ဖြေရှင်းမပေးခြင်းကြောင့် တာဝန်ရှိသူဖြစ်ကြောင်း၊ ကားဝယ်ယူစဉ်က ကျပ် ၂၅သိန်းစသောင်းဖြစ်သော်လည်း ကာလပေါက်ဈေး ကျပ်သိန် ၉၀ ကျော်နေသဖြင့် တရားလိုဆုံးရှုံးခဲ့သောကားအမျိုးအစားနှင့် မျိုးတူဖြစ်ပြီး တရားလိုကလက်ခံနိုင်သော ကားတစ်စီးကို တရားပြိုင်တို့က လက်ရောက်ပေးအပ်ထိုက်ကြောင်း သို့မဟုတ်ပါက ကာလတန်ဖိုးငွေကျပ်သိန်း ၉၀ ကိုဖြစ်စေ ပြန်ရထိုက်ကြောင်း၊ အမှုအတွက် ကုန်ကျစရိတ်နှင့်နစ်နာကြေးငွေကျပ် ၁၀ သိန်းကိုလည်း တရားပြိုင်များထံမှ ပြန်ရထိုက်ကြောင်း အဆိုပြုထားသည်။

အမှတ် (၁) တရားပြိုင်ဦးကိုကိုအောင်က ချေလွှာတင်ရာတွင် အချင်းဖြစ်ကားကို ကာလတန်ဖိုးဖြင့် ဦးမိုးကျော်အောင်ထံမှ ဝယ်ယူပြီး ပိုင်ဆိုင်မှုအထောက်အထားဖြင့် တရားလိုကို ရောင်းချခြင်းဖြစ်ကြောင်း၊ အဆိုပါကားကိုဦးမိုးကျော်အောင်အား ရောင်းချသူအမှတ် (၂) တရားပြိုင်ဦးစိုးဝင်းထံ တရားလိုကိုခေါ်သွားကြောင်း၊ အမှတ် (၂) တရားပြိုင်က အဆိုပါကားကို ရောင်းချခဲ့ခြင်းကြောင့် ၄င်းတွင်တာဝန်ရှိကြောင်း၊ သင့်သလိုလျော်ပေးမည်ဟု ပြောခဲ့သည်မှာမှန်ကြောင်း၊ အမှတ် (၁) တရားပြိုင်သည် ပြစ်မှုနှင့်ဆက်နွယ်သူထံမှ ဝယ်ယူခြင်းမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲစာချုပ်ဖြင့် ဝယ်ယူသူထံမှ ဝယ်ယူခဲ့ခြင်းဖြစ်၍ တရားလိုတောင်းဆိုသောငွေကိုပေးချေရန် အမှတ် (၁) တရားပြိုင်တွင် တာဝန်မရှိကြောင်းချေပထားသည်။

အမှတ် (၂) တရားပြိုင်ဦးစိုးဝင်းက ချေပရာတွင် တရားလိုသည်အမှတ် (၁) တရားပြိုင်နှင့်သာ ကားရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကားအရောင်းအဝယ်ပြုလုပ်ရာတွင်လည်း အမှတ် (၂) တရားပြိုင်ပါဝင်ခြင်း မရှိကြောင်း၊ တရားလိုထံမှ ကားအရောင်းအဝယ်တန်ဖိုးကို အမှတ် (၁) တရားပြိုင်ကသာ လက်ခံရယူခဲ့ခြင်းဖြစ်၍ အမှတ် (၂) တရားပြိုင်သည် အဆိုပါကားရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ တာဝန်ရှိကြောင်း၊ ပေးလျော်မည်ဖြစ်ကြောင်း လုံးဝပြောဆိုခဲ့ခြင်း မရှိကြောင်း၊ အချင်းဖြစ်ကားနှင့်ပတ်သက်၍ အမှတ် (၂) တရားပြိုင်တွင် မည်သည့်တာဝန်မျှမရှိသဖြင့် မည်သည့်ငွေကြေးမျှပေးရန်တာဝန် မရှိကြောင်း အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်ပေးရန်ချေပထားသည်။

တိုင်းတရားရုံးက အမှတ် (၂) တရားပြိုင်ဦးစိုးဝင်းအနေဖြင့် တရားလိုဦးမျိုးကျော်ငြိမ်းအပေါ် တာဝန်မရှိကြောင်း၊ အရောင်းအဝယ် ပြုလုပ်စဉ်ကကာလပေါက်ဈေးနှင့်ရောင်းပြီးနောက် ကာလပေါက်ဈေး အတက်အကျခြားနားတတ်ကြောင်း၊ အချင်းဖြစ်ကားတန်ဖိုးကို ကျပ်သိန်း ၉၀ ထားရှိစွဲဆိုသည့်အမှုတွင် ကားမှာဤမျှတန်ဖိုးမရှိဟု တရားပြိုင်တို့ ကငြင်းဆိုထားခြင်းမရှိကြောင်း၊ (၁) တရားပြိုင်က တရားလိုအား ရောင်းချခဲ့သော အချင်းဖြစ်ကားနှင့်အလားတူ တရားလိုလက်ခံနိုင်သော ကားတစ်စီး သို့မဟုတ် ငွေကျပ်သိန်း ၉၀ နှင့် နစ်နာကြေးငွေကျပ် ၅ သိန်းကို (၁) တရားပြိုင်ဦးကိုကိုအောင်က တရားလိုဦးမျိုးကျော်ငြိမ်း အားပေးအပ်စေရန် စရိတ်နှင့်တကွ ဒီကရီချမှတ်သည်။

အယူခံတရားလို၏ရှေ့နေက ကားအမှတ် ၉က/၅၀၉၇ မှာ မူလဦးအောင်ကျော်ထွန်း အမည်ပေါက်ကြောင်း၊ ဦးအောင်ကျော်ထွန်းက ဦးစိုးဝင်းအားလည်းကောင်း၊ ဦးစိုးဝင်းက ဦးမိုးကျော်အောင်အား လည်းကောင်း၊ ဦးမိုးကျော်အောင်က ဦးကိုကိုအောင်အားလည်းကောင်း အဆင့်ဆင့်ရောင်းချခဲ့သော်လည်း ရန်ကုန်မြို့တွင် ကားအရောင်းအဝယ် လောက၌ ကားစီရန်အမိကမရည်ရွယ်ဘဲ အမြတ်အစွန်းရလျှင် ပြန် ရောင်းရန်အတွက် အရောင်းအဝယ်ပြုလုပ်ရာတွင် ဖြစ်ထွန်းလျက် ရှိသောထုံးတမ်း (USAGE) အရ အဆင့်ဆင့်ဝယ်ယူသူများသည်ကားကို မိမိတို့အမည်အသီးသီးဖြင့် မှတ်ပုံတင်ခြင်းမပြုကြောင်း၊ ဦးကိုကိုအောင် က ဦးမျိုးကျော်ငြိမ်းအား ၁၉-၄-၉၈ ရက်စွဲပါစာချုပ်အရ တန်ဖိုးငွေ ကျပ် ၂၅ သိန်းစသောင်းဖြင့် ရောင်းချသောအခါ ဦးမျိုးကျော်ငြိမ်း၏ တောင်းဆိုချက်အရ ဦးအောင်ကျော်ထွန်းနှင့် ဆက်သွယ်ပေးခဲ့ပြီး ဦးအောင်ကျော်ထွန်းနှင့်ဦးမျိုးကျော်ငြိမ်းတို့ ကားအရောင်းအဝယ်စာချုပ် အသစ်ပြုလုပ်ကြောင်း၊ သက်ဆိုင်ရာဌာနက ဦးမျိုးကျော်ငြိမ်းအမည်ဖြင့် ကားလိုင်စင်ထုတ်ပေးပြီးဖြစ်ကြောင်း၊ ယင်းကားကို မန္တလေးမြို့၊ အမှတ် (၉) ရဲစခန်းက သိမ်းဆည်းပြီး မဟာအောင်မြေမြို့နယ်တရားရုံးက ပြစ်မှု ကြီးအမှတ် ၁၂၃၂/၉၉ အမှုမှ တရားလိုအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရပေးလိုက်သဖြင့် ဦးမျိုးကျော်ငြိမ်းမှာ ကား လက်လွှတ်ဆုံးရှုံးခဲ့ရသည့်အချက်ကို အငြင်းမပွားပါကြောင်း၊ ဦးမျိုးကျော် ငြိမ်းက ကား၏ကာလတန်ဖိုးနှင့်ပြစ်မှုများတွင် အမှုရင်ဆိုင်ဖြေရှင်း ရခြင်းကြောင့် ကုန်ကျသည့်စရိတ်စကများရလိုကြောင်း စွဲဆိုခဲ့ရာ တိုင်း

၂၀၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

တရားရုံးက အချင်းဖြစ်ကားနှင့်အလားတူ တရားလိုလက်ခံနိုင်သော ကားတစ်စီး သို့မဟုတ် ကျပ်သိန်း ၉၀ နှင့်နစ်နာကြေးငွေကျပ်သိန်း ၅ သိန်းပေးရန် ဒီကရီချမှတ်ခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း၊ ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၆၁(၁) ပါပြဋ္ဌာန်းချက်အရ ကားအရောင်းအဝယ် အဖိုးစားနားပျက်ယွင်းသွားသည်ဖြစ်၍ ဝယ်သူဦးမျိုးကျော်ငြိမ်းသည် ပေးချေထားသော ငွေကျပ် ၂၅ သိန်းစသောင်း ပြန်ရခွင့်ရှိသော်လည်း၊ တိုင်းတရားရုံးက ကောက်ယူသကဲ့သို့ အလားတူကားပေးရန်တာဝန်ရှိကြောင်း ညွှန်ပြသည့်တရားဥပဒေဖြစ်စေ၊ ထုံးသာဓကဖြစ်စေ မရှိကြောင်း၊ တရားစွဲဆိုသည့်နေ့၌ရှိသော ကား၏ပေါက်ဈေးကိုပေးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း ပေးချေထားသောငွေအပေါ် အတိုးပေးရန် ဖြစ်စေ၊ အထူးနစ်နာကြေးပေးရန်ဖြစ်စေ ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် လျော်ကြေးငွေကျပ် ၅ သိန်းပေးစေရာ၌ ဥပဒေပါပြဋ္ဌာန်းချက်ကို ကိုးကားဆုံးဖြတ်ခြင်းမဟုတ်ကြောင်း တင်ပြသည်။

ထို့ပြင်အချင်းဖြစ်ကားအရောင်းအဝယ်မှာ ပြီးမြောက်သော (Complete) ပဋိညာဉ်ဖြစ်ပြီး ရောင်းသူကဝယ်သူအား ရောင်းသော ကားကို လက်ရောက်ပေးအပ်၍ ဝယ်သူကကာလအတန်ကြာ သုံးခွင့်ရခဲ့သည်မှာ အငြင်းမပွားကြောင်း၊ အရောင်းအဝယ်ပြီးမြောက်ပြီးဖြစ်၍ ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု စွဲဆိုရန်အကြောင်းမရှိကြောင်း၊ ရောင်းသူပိုင်ကားမဟုတ်ကြောင်း ပေါ်ပေါက်သည့်အတွက် အရောင်းအဝယ်ပဋိညာဉ်မှာ ပျက်ပြယ် (Void) သည်ဖြစ်၍ ပဋိညာဉ်အတိုင်း မဆောင်ရွက်နိုင်တော့ကြောင်း၊ အလားတူကားပေးစေရန် အမိန့်ချမှတ်ခွင့်မရှိသဖြင့် ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၆၁(၁) အရ လက်ခံထားသည့်အဖိုးငွေကို ပြန်အမ်းစေရန်သာဖြစ်ကြောင်း တင်ပြသည်။

ဆက်လက်လျှောက်ထားရာတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၀ အရစွဲဆိုပါက လက်ရောက်ရလိုသောကားကို ကားအမှတ်ဖော်ပြပြီးစွဲဆိုမှသာ (Specific) ဟူသောစကားတွင် အကျုံးဝင်မည်ဖြစ်ကြောင်း မည်သည့်ကားဖြစ်ကြောင်း တိတိကျကျ ရေရေရာရာ ဖော်ပြခြင်းမပြုဘဲ စွဲဆိုသောအမှုသည် ပုဒ်မ ၁၀ တွင် အကျုံးမဝင်သဖြင့် လက်ရောက်ပေးအပ်ရန် ဒီကရီချမှတ်ခြင်းမှာ ပုဒ်မ ၁၀ နှင့် ဆန့်ကျင်ကြောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း လက်ရောက်ရလိုမှုတွင်

၂၀၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်သည့်ပစ္စည်းကို လက်ရောက် မပေးနိုင်ပါက တရားမကျင့်ထုံးဥပဒေအမိန့် ၂၀ နည်း ၁၀ အရ ပေးချေထားသောတန်ဖိုးကို အစားထိုးပေးရန်ဖြစ်ကြောင်း၊ ထိုငွေထက် ၃ ဆကျော် ငွေကိုပေးစေရန်ဆုံးဖြတ်ခြင်းမှာ ပြဋ္ဌာန်းချက် နှင့်ဆန့်ကျင်ကြောင်း၊ ပြစ်မှုဆိုင်ရာအမှုတွင် ဦးမျိုးကျော်ငြိမ်းအမှုရင်ဆိုင်ရခြင်းကြောင့် ၄င်းကုန်ကျသည့်ငွေနှင့်စပ်လျဉ်း၍ တောင်းခံသောလျော်ကြေးသည် အရောင်းအဝယ်ပျက်ခြင်းနှင့်အလှမ်းဝေးပြီး သွယ်ဝိုက်သောဆုံးရှုံးမှုဖြစ်၍ ခွင့်ပြုရန်မဟုတ်ကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၃ သည် ပဋိညာဉ်ဖောက်ဖျက်မှုနှင့်သက်ဆိုင်ကြောင်း၊ လျော်ကြေး (Compensation) နှင့် နစ်နာကြေး (Damage) သည် မတူကြောင်း၊ ကားလက်လွှတ်ရသည်ကို အကြောင်းပြု၍ ကားဖိုးငွေပြန်တောင်းသည်ဖြစ်ရာ စရိတ်ကုန်ကျခြင်းမှာ ဦးမျိုးကျော်ငြိမ်းတာဝန်သာဖြစ်ပြီး ၄င်း၏စွန့်စားမှု (Risk) သာဖြစ်ကြောင်း၊ အချင်းဖြစ်ကားလိုင်စင်ရရှိသူ ဦးအောင်ကျော်ထွန်းထံမှ တတိယမြောက်ဝယ်ယူသူ ဦးကိုကိုအောင်က ရောင်းသူပိုင်သည်ဟု သဘောရိုးဖြင့်ထင်မှတ်ကာ ဝယ်ယူပြီး ဦးမျိုးကျော်ငြိမ်းအားရောင်းချခြင်းဖြစ်၍ ဦးကိုကိုအောင်တစ်ဦးတည်းကားဖိုးငွေအားလုံးပြန်အမ်းရမည်ဆိုပါက များစွာနစ်နာကြောင်း၊ ဦးမျိုးကျော်ငြိမ်း၏ဆုံးရှုံးမှုအတွက် နှစ်ဦးစလုံးတွင်တာဝန်ရှိသည်ဟု မျှမျှတတ ကောက်ယူသင့်ကြောင်း၊ တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ ငွေကျပ် ၂၅ သိန်းစသောင်းကို ဦးမျိုးကျော်ငြိမ်းအား ပေးစေရန်နှင့် အယူခံတရားလိုအပေါ်တွင်ဖြစ်စေ အယူခံတရားလိုနှင့် အယူခံတရားပြိုင်ဦးစိုးဝင်းတို့က ထက်ဝက်စီပေးရန်ဖြစ်စေ ပြင်ဆင်ဒီကရီ ချမှတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၁) ၏ရှေ့နေက ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၁၄ (ခ) တွင် သီးခြားဆန့်ကျင်ကွဲလွဲသောစည်းကမ်းချက်မပါရှိပါက အရောင်းအဝယ်ပဋိညာဉ်တွင် ဝယ်သူသည် ကုန်စည်များကို လက်ဝယ်ရရှိ၍အေးချမ်းစွာခံစားစေရမည်ဟု သဘောသက်ရောက်စေခြင်းအားဖြင့် တာဝန်ခံသောအာမခံချက်ရှိကြောင်း ပြဋ္ဌာန်းထားရာ ကားအမှတ် ၉က/၅၀၃၇ ကို အယူခံတရားလိုက အယူခံတရားပြိုင် (၁) ကိုရောင်းချသောပဋိညာဉ်အရ ရောင်းသူသည် ဝယ်သူ၏လက်ဝယ် အရောင်းအဝယ်ပြုလုပ်သော မော်တော်ကားကို

၂၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

လက်ရောက်ပေးပြီးယုံ၊ အယူခံတရားပြိုင် (၁) ၏အမည်ဖြင့် ကား လိုင်စင်တွင် အမည်ပြောင်းပြီးယုံနှင့် ကားကိုအေးချမ်းစွာခံစားရသည်ဟု မဆိုနိုင်ကြောင်း။ ယခင်ကအရှုတ်အရှင်းရှိခဲ့သည့်အတွက် အယူခံတရား ပြိုင် (၁) တွင်ကား၏ပိုင်ဆိုင်မှုကို ခံစားခွင့်မရဘဲ လက်လွှတ်ခဲ့ရသည်မှာ အငြင်းမပွားသောအချက်ဖြစ်ကြောင်း၊ ပစ္စည်းလက်ရောက်ပေးပြီးဖြစ် သော်လည်းဝယ်ယူသူအား အာမခံ၍ဝယ်ယူထားရသော ပိုင်ဆိုင်ခွင့် **(Warranty of Title)**ရှိသည့်အတွက် ဝယ်သူနစ်နာဆုံးရှုံးမှုပေါ် ပေါက် ပါက ရောင်းသူသည်အာမခံတာဝန်ယူရသော သတ်မှတ်ချက်ကိုရှောင်လွှဲ ၍မရကြောင်း၊ ဥပဒေအရရောင်းသူတွင် တာဝန်ရှိကြောင်း၊ အမှုစွဲဆို ချိန်တွင် အဆိုပါကားမျိုးကို ပြန်လည်ဝယ်ယူမည်ဆိုပါက အနည်းဆုံး ကျပ်သိန်း ၉၀ ပေးရမည်ဖြစ်၍ တိုင်းတရားရုံးက ကာလတန်ကြေး နီးပါးသတ်မှတ်ပေးခြင်းမှာ ဝယ်သူ၏နစ်နာဆုံးရှုံးမှုအတွက် လုံးဝပြေ လည်သည့်တိုင် ဖြေရှင်းပေးရန် သဘောတူကြောင်း ကတိပြုထားသည့် အတိုင်းအလားတူကားတစ်စီးပြန်လည်ဝယ်ယူလိုက ဝယ်ယူနိုင်လောက် သောငွေကြေးကိုသတ်မှတ်ပေးခြင်းမှာ ဥပဒေအရ မှားယွင်းခြင်း မရှိကြောင်း တရားစွဲဆိုသောခေါင်းစီးမှာ လက်ရောက်ရလိုမှုမဟုတ်ဘဲ ရောင်းချလိုက်သော မော်တော်ကားမှာပြဿနာဖြစ်လာပြီး ဝယ်ယူသူ တရားလိုတွင် နစ်နာဆုံးရှုံးသောကြောင့် တရားပြိုင်များပေးအပ်ထား သည့်ကတိအတိုင်း တရားလိုပြေလည်စေမည့် အမိန့်ဒီကရီချပေးရန် စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း တရားရုံး၏အမိန့်အရ သက်သေခံကားအဖြစ် သိမ်းဆည်းသွားသဖြင့် အလားတူကားတစ်စီး သို့မဟုတ် တန်ဖိုးသိန်း ၉၀ တောင်းဆိုထားရာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၀ နည်း ၁၀ အရပစ္စည်းမပေးနိုင်လျှင် ပေးဆောင်ရမည့်ငွေမှာ ပစ္စည်းတန်ဖိုး နှင့်လျော်ကြေးဖြစ်ကြောင်း ပြဋ္ဌာန်းချက်နှင့်သဘော အားဖြင့် တူညီသဖြင့် ဥပဒေနှင့်ညီညွတ်ပါကြောင်း၊ အယူခံတရားလိုက ကားကိုငှင်းပိုင်သည်ဟု သဘောရိုးဖြင့် ယုံကြည်ပြီး အမှတ် (၁) အယူခံတရားပြိုင်အား ရောင်းချ ခဲ့သည့်တိုင် ဝယ်သူအတွက် လက်လွှတ်ဆုံးရှုံးခြင်းမရှိစေရန် အာမခံ တာဝန်ရှိသဖြင့် ရောင်းသူကလက်ခံခဲ့သော (၂၅) သိန်း (၈) သောင်းကို သာမက ပေါက်ဈေးဖြင့်လည်း ပြန်လည်ပေးလျော်စေခြင်းမှာ ဥပဒေအရ မှန်ကန်ကြောင်း၊ တိုင်းတရားရုံးက မောင်ဗန္ဓု နှင့် မလုံး [၁] စီရင်ထုံးမှု

(၁) ၁၈၉၂-၉၆ အထက်မြန်မာပြည်စီရင်ထုံးအတွဲ ၂ စာ ၃၀၆

သဘောကို လိုက်နာဆုံးဖြတ်ခြင်းဖြစ်၍ ဥပဒေအရမှားယွင်းခြင်းမရှိကြောင်း၊ အဆိုလွှာတွင်အချင်းဖြစ်ကားတန်ဖိုးကို ကျပ်သိန်း ၉၀ ဟုဖော်ပြခဲ့ရာ တရားပြိုင်ကငြင်းဆိုခြင်းမရှိသဖြင့် ဝန်ခံရာရောက်ကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၄ အရ တရားရုံးကသင့်လျော်သော နစ်နာကြေးပေးသဖြင့် တရားလိုတောင်းဆိုသော ၁၀ သိန်းမပေးဘဲ ၅ သိန်းသာပေးခြင်းမှာ ဥပဒေအရမှားယွင်းခြင်းမရှိကြောင်း၊ မူလရုံး၏စစ်ဆေးပေါ်ပေါက်ချက်အရ တရားလိုနှင့်ကားအရောင်းအဝယ်ပြုလုပ်သူမှာ တရားပြိုင်အမှတ် (၁) သာဖြစ်၍ ပဋိညာဉ်အရတာဝန်ရှိသူဖြစ်ကြောင်း၊ အချင်းဖြစ်ကားကို ရောင်းသူနှင့်စာချုပ်အရ အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်၍ ရောင်းချသူတွင်သာတာဝန်ရှိသည်ဟု သုံးသပ်ခြင်းမှာဥပဒေအရ မှားယွင်းခြင်းမရှိကြောင်း အယူခံကိုပလပ်သင့်ကြောင်းတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၂) ၏ရှေ့နေက မူလတိုင်းတရားရုံးကအမှုကိုဥပဒေနှင့်အညီစစ်ဆေးပြီးနောက် အမှုတွဲပေါ်ပေါက်ချက်နှင့် သက်သေခံစာရွက်စာတမ်းအထောက်အထားများအရ ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍မှန်ကန်ကြောင်း ရောင်းသူဦးကိုကိုအောင်နှင့်ဝယ်သူဦးမျိုးကျော်ငြိမ်းတို့နှစ်ဦး သဘောတူချုပ်ဆိုသော ကားအရောင်းအဝယ်စာချုပ်သက်သေခံ (က) အရအဆိုပါကားကို ဦးကိုကိုအောင်ပိုင်ဆိုင်ပြီး အရှုတ်အရှင်းကင်းကြောင်းဝန်ခံ၍ ဦးမျိုးကျော်ငြိမ်းအား ရောင်းချခြင်းဖြစ်ကြောင်း ဝယ်သူ၏ပိုင်ဆိုင်ခွင့်နှင့်အနှောက်အယှက်ကင်းမှုကို ရောင်းသူကအာမခံတာဝန်ယူထားကြောင်း၊ စာချုပ်အရ အယူခံတရားပြိုင်အမှတ် (၂) ဦးစိုးဝင်းကတာဝန်ခံ၍ ဦးကိုကိုအောင်အား ရောင်းချခဲ့ခြင်းမဟုတ်ကြောင်း၊ အချင်းဖြစ်ကားကိုဦးမိုးကျော်အောင်က မိမိပိုင်ကားဖြစ်ကြောင်းပြော၍ ဦးကိုကိုအောင်အား ရောင်းချခဲ့ခြင်းကြောင့် ဦးမိုးကျော်အောင်သည်သာ ကားပိုင်ဆိုင်ခွင့်အာမခံချက်တာဝန်ရှိသူဖြစ်ကြောင်း၊ ဦးကိုကိုအောင်ထံမှ ဦးမျိုးကျော်ငြိမ်းက ကားကိုဝယ်ယူခဲ့ခြင်းဖြစ်ပြီး အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေကို ဦးကိုကိုအောင်တစ်ဦးတည်း ခံစားကြောင်း၊ ဦးစိုးဝင်းသည် ဦးကိုကိုအောင်နှင့်လည်းကောင်း ဦးမျိုးကျော်ငြိမ်းနှင့်လည်းကောင်း ပတ်သက်ဆက်နွယ်ခြင်း မရှိကြောင်း၊ အချင်းဖြစ်ကားမှာ ဦးမျိုးကျော်ငြိမ်းအမည်ပေါက်ပြီး ဦးမျိုးကျော်ငြိမ်းလက်ဝယ်တွင် (၈) လခန့်သုံးစွဲပြီးမှ ပြဿနာပေါ်ပေါက်ခြင်းဖြစ်၍ သက်သေခံ

(က) စာချုပ်အရ အမှန်တကယ်တာဝန်ရှိသူမှာ ဦးကိုကိုအောင်သာဖြစ်ကြောင်း၊ ဦးကိုကိုအောင်အပေါ် ပေးလျော်စေရန် ချမှတ်ခဲ့ခြင်းမှာ မှုတမှန်ကန်ကြောင်း၊ ဦးစိုးဝင်းသည် မည်သည့်ငွေကြေးမျှပေးရန် တာဝန်မရှိသဖြင့် ဦးစိုးဝင်းနှင့်အယူခံတရားလိုအား ပူးတွဲတာဝန်ရှိကြောင်း ပြင်ဆင်ဒီကရီချမှတ်ပေးရန် လျှောက်ထားခြင်းမှာ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း တင်ပြသည်။

ယာဉ်အမှတ် ၉က / ၅၀၉၇ တိုယိုတာလီမီတက်ဆလွန်းကားကို အယူခံတရားပြိုင် (၂) ဦးစိုးဝင်းက ဦးမိုးကျော်အောင်အား ၁၄-၁၂-၉၇ ရက်နေ့တွင် သက်သေခံ (၁) စာချုပ်ဖြင့် ရောင်းချခဲ့ပြီး ဦးမိုးကျော်အောင်က ဦးကိုကိုအောင်အား ၃-၂-၉၈ ရက်နေ့တွင် သက်သေခံ (၂) စာချုပ်ဖြင့်ရောင်းချခဲ့သည်။ ဦးကိုကိုအောင်က ဦးမျိုးကျော်ငြိမ်းအား ၁၉-၄-၉၈ ရက်နေ့တွင် သက်သေခံ (က) စာချုပ်ဖြင့် ရောင်းချခဲ့သည်မှာ နှစ်ဖက်အငြင်းမပွားပေ။ မော်တော်ယာဉ်မှတ်ပုံတင်စာချုပ်သက်သေခံ (ဂ) တွင် မူလအမည်ပေါက်သူမှာ ဦးသိန်းဌေးဖြစ်ပြီး အချင်းဖြစ်ကားရောင်းဝယ်ချိန်တွင် အမည်ပေါက်သူမှာဦးအောင်ကျော်ထွန်းဖြစ်သည်။ ကားဝယ်သူဦးမျိုးကျော်ငြိမ်းက ကားအမည်ပေါက်လိုသဖြင့် အမည်ပေါက်သူဦးအောင်ကျော်ထွန်းနှင့် ကားအရောင်းအဝယ်စာချုပ်သက်သေခံ (ခ) ကို ၁၂-၈-၉၈ ရက်နေ့တွင် ထပ်မံချုပ်ဆိုခဲ့ကြသည်။ ထို့ကြောင့်မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်တွင် ဦးမျိုးကျော်ငြိမ်းအမည်ဖြင့် ၁၄-၁၀-၉၈ ရက်နေ့ကပင် အမည်ပေါက်ပြီးဖြစ်သည်။

ဦးမျိုးကျော်ငြိမ်းသည် အချင်းဖြစ်ကားကို အသုံးပြုနေစဉ် မန္တလေးမြို့၊ မဟာအောင်မြေရဲစခန်းမှ မဟာအောင်မြေမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၁၂၃၂/၉၉ အမှုနှင့်ပတ်သက်၍ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းသောကြောင့် ၁၉-၈-၉၉ ရက်နေ့တွင် အပ်နှံခဲ့ရသည်။ အမှုအတွင်းဦးမျိုးကျော်ငြိမ်းအားခံဝန်ဖြင့် မော်တော်ယာဉ်အားပေးအပ်ထားခြင်းကို ဦးအေးဝမ်းကမကျေနပ်၍ မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၇၉/၉၉၊ တရားရုံးချုပ် (မန္တလေး) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၃၉(ခ)/၂၀၀၀ တို့ကိုတင်သွင်းခဲ့သောကြောင့် ဦးမျိုးကျော်ငြိမ်းမှာအမှုများကို ဖြေရှင်းခဲ့ရသည်။

ထို့နောက်ပြစ်မှုကြီးအမှတ် ၁၂၃၂/၉၉ အမှုတွင် တရားခံမောင်ကျော်ဌေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်ပြီး

၂၀၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

၉က/၅၀၉၇ မော်တော်ယာဉ်ကို ဦးအေဝမ်းဆိုသူအား ပြန်လည်ပေးအပ်ခြင်းကြောင့် မော်တော်ယာဉ်ပြန်လည်ရရှိရေးအတွက် မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၀/၂၀၀၀၊ တရားရုံးချုပ် (မန္တလေး)၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၇၀(ခ)/၂၀၀၀၊ တရားရုံးချုပ် (မန္တလေး)၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၈/၂၀၀၁ တို့ကို ရင်ဆိုင်ဖြေရှင်းခဲ့ပြီးနောက် ဦးမျိုးကျော်ငြိမ်းရှုံးနိမ့်သဖြင့် မော်တော်ယာဉ်ကို လက်လွှတ်ဆုံးရှုံးခဲ့သည်မှာ အငြင်းမပွားပေ။

ဦးမျိုးကျော်ငြိမ်းတောင်းဆိုသောသက်သာခွင့်အရ ဦးကိုကိုအောင်က ဦးမျိုးကျော်ငြိမ်းသို့ ရောင်းချခဲ့သော အချင်းဖြစ်ကားနှင့်အလားတူလက်ခံနိုင်သောကားတစ်စီး သို့မဟုတ် ငွေကျပ်သိန်း ၉၀ ပေးစေရန်နှင့်ပတ်သက်၍ ဦးမျိုးကျော်ငြိမ်းနှင့်ဦးကိုကိုအောင်တို့ ချုပ်ဆိုသော ၁၉-၄-၉၈ ရက်စွဲပါ နှစ်ဦးသဘောတူမော်တော်ကားအရောင်းအဝယ်ကတိစာချုပ် သက်သေခံ(က) တွင် ၉က/၅၀၉၇ မော်တော်ယာဉ်ကို တန်ဖိုး ၂၅သိန်းစသောင်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။ စာချုပ်တွင်ပဋိညာဉ်ပျက်ယွင်းပါက အလားတူကားဖြစ်စေ၊ ကာလတန်ဖိုးဖြစ်စေပေးလျော်မည်ဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိပေ။ ပဋိညာဉ်စည်းကမ်းချက်ကို စာချုပ်စာတမ်းပြု၍ရေးသားထားလျှင် ထိုစာချုပ်စာတမ်းမှတစ်ပါးအခြားသက်သေခံချက်တင်သွင်း၍ ထိုပဋိညာဉ်စည်းကမ်းချက်များကို ထင်ရှားအောင်ပြသခွင့်မရှိပေ။ **ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင်**[၂] အမှုကိုကြည့်ပါ။

၉က/၅၀၉၇ မော်တော်ယာဉ်မှာ တရားရုံးအမိန့်အရ ဦးမျိုးကျော်ငြိမ်းက ဦးအေဝမ်းပေးအပ်လိုက်ရခြင်းကြောင့် ဦးမျိုးကျော်ငြိမ်းနှင့်ဦးကိုကိုအောင်တို့ချုပ်ဆိုခဲ့သော ကားအရောင်းအဝယ်စာချုပ်သက်သေခံ(က) မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရကတိပြုသူကတားဆီးပိတ်ပင်ခြင်း မပြုနိုင်သောအကြောင်းပေါ်ပေါက်ခြင်းကြောင့်ဥပဒေနှင့် ဆန့်ကျင်သောပဋိညာဉ်ဖြစ်၍ ပျက်ပြယ် (Void) သွားပေသည်။

ဦးမျိုးကျော်ငြိမ်းအား ဦးကိုကိုအောင်ရောင်းချခဲ့သည့် ၉က/၅၀၉၇ မော်တော်ယာဉ်မှာ မူလကပင်ဦးကိုကိုအောင်ပိုင်ဆိုင်ခြင်းမရှိဘဲ အဆင့်ဆင့်လွှဲပြောင်းရောင်းချခဲ့ခြင်းဖြစ်ရာ ပဋိညာဉ်တွင်အခြား

---
(၂) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ ၁

၂၀၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

ဆန့်ကျင်ကွဲလွဲချက်မရှိလျှင် ရောင်းသူပိုင်ထိုက်ခွင့်မရှိခြင်းကြောင့် ဝယ်သူကရောင်းချပြီးပစ္စည်းကို လက်လွှတ်လိုက်ရသဖြင့် ဆုံးရှုံးသည့်အတွက် ရောင်းသူအပေါ်တွင်တာဝန်ရှိကြောင်း **မောင်ဗန္ဓု နှင့် မလုံ**[၁] အမှုလမ်းညွှန်စီရင်ထုံးရှိသည်။ ထို့ကြောင့်သက်သေခံ (က) စာချုပ်တွင်ပါရှိသည့် ၉က/၅၀၉၇ အား အရောင်းအဝယ်ပြုထားသောတန်ဖိုးငွေ ၂၅ သိန်းဈေးသောင်းကို ဦးမျိုးကျော်ငြိမ်းအနေဖြင့် ပြန်လည်ရထိုက်ခွင့်ရှိမည်ဖြစ်သော်လည်း ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၆၁(၁) အရ အချင်းဖြစ်ကားနှင့်အလားတူလက်ခံနိုင်သော ကားတစ်စီး သို့မဟုတ် ငွေကျပ်သိန်း ၉၀ ပေးစေရန် တိုင်းတရားရုံးကချမှတ်ခြင်းမှာ မှန်ကန်သည်ဟုမဆိုနိုင်ပေ။

တစ်ဖန်ကားအရောင်းအဝယ်စာချုပ်သက်သေခံ (က) ၏ ဒုတိယစာပိုဒ်တွင် အောက်ပါအတိုင်းဖော်ပြထားသည်-

> " အဆိုပါကားကို ရောင်းချသူ ဦးကိုကိုအောင်က ပိုင်ဆိုင်ပြီး အပေါင်အနှံအချုပ်အချယ်လုံးဝကင်းရှင်းကြောင်းနှင့်၄င်းကားပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက ရောင်းချသူက မိမိ၏စရိတ်ဖြင့် လုံးဝပြေလည်သည့်တိုင်အောင်ဖြေရှင်းပေးရန်ကိုလည်း သဘောတူကတိပြုပါသည်။ "
> ဟုဖော်ပြထားပါသည်။

ယင်းသို့ဖော်ပြထားခြင်းမှာ အာမခံချက်ပေးထားခြင်းဖြစ်သည်။ ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၁၂(၃) တွင် "အာမခံချက်ဟူသည် ပဋိညာဉ်၏ အဓိကကိစ္စနှင့်သွယ်ဝိုက်၍ ဆက်စပ်လျက်ရှိသော စည်းကမ်းချက်ဖြစ်၍ ၄င်းစည်းကမ်းချက်ကို ချိုးဖောက်ခြင်းသည် နစ်နာကြေးတောင်းဆို ခွင့်ရရှိစေသည်" ဟုဖော်ပြပြဋ္ဌာန်းထားသည်။

ပုဒ်မ ၅၉(၁)(ခ) တွင် "အာမခံချက်အားချိုးဖောက်မှုအတွက် နစ်နာကြေး (damages) ရလိုကြောင်း ရောင်းသူအားတရားစွဲဆိုနိုင်သည်" ဟုပြဋ္ဌာန်းထားပြီး၊ ပုဒ်မ ၆၁(၁) တွင် "ဤဥပဒေပါမည်သည့်ပြဋ္ဌာန်းချက်မှ တရားဥပဒေအရအတိုးဖြစ်စေ၊ အထူးနစ်နာကြေးဖြစ်စေ ရနိုင်သောမည်သည့်ကိစ္စတွင်မဆို ရောင်းသူ၏ သို့မဟုတ် ဝယ်သူ၏ အထူးနစ်နာကြေးရခွင့်ကို မထိခိုက်စေရ သို့မဟုတ် ပေးချေထားသော

(၁) ၁၈၉၂-၉၆ အထက်မြန်မာပြည်စီရင်ထုံးအတွဲ ၂ စာ ၃၀၆

ငွေအတွက်အဖိုးစားနားပျက်ယွင်းသည့်ကိစ္စတွင် အဆိုပါငွေတောင်းခံခွင့်ကိုမထိခိုက်စေရ" ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တိုင်းတရားရုံးက နစ်နာကြေး Damage ငွေကျပ် ၅ သိန်းကို ဦးမျိုးကျော်ငြိမ်းအား ပေးစေရန်ချမှတ် သည့်အမိန့်မှာ မှားယွင်းခြင်းမရှိပေ။

ဦးမျိုးကျော်ငြိမ်းရထိုက်ခွင့်ရှိသောငွေနှင့်စပ်လျဉ်း၍ အယူခံတရားလိုဦးကိုကိုအောင်နှင့်အယူခံတရားပြိုင် (၂) ဦးစိုးဝင်းတို့အပေါ် မည်သို့တာဝန်ရှိကြောင်းသုံးသပ်လျှင် အချင်းဖြစ်ကားမှာဦးကျော်ဌေးဆိုသူကဦးမောင်မောင်အောင်အား ရောင်းချခဲ့ပြီးနောက် ဦးစိုးဝင်းထံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဦးစိုးဝင်းက ဦးမိုးကျော်အောင်အား ၁၄-၁၂-၉၇ ရက်စွဲပါသက်သေခံ (၁) စာချုပ်ဖြင့်လည်းကောင်း၊ ဦးမိုးကျော်အောင်က ဦးကိုကိုအောင်အား ၃-၂-၉၈ ရက်စွဲပါသက်သေခံ (၂) စာချုပ်ဖြင့်လည်းကောင်း၊ ဦးကိုကိုအောင်က ဦးမျိုးကျော်ငြိမ်းအား ၁၉-၄-၉၈ ရက်စွဲပါသက်သေခံ(က) စာချုပ်ဖြင့်လည်းကောင်း အဆင့်ဆင့်လွှဲပြောင်းရောင်းချခဲ့သည်။ ၁၂-၁၀-၉၈ ရက်နေ့တွင် ဦးမျိုးကျော်ငြိမ်းနှင့်ကားအမည်ပေါက်သူ ဦးအောင်ကျော်ထွဋ်တို့ ကားအရောင်းအဝယ်စာချုပ်သက်သေခံ(ခ) ချုပ်ဆိုပြီး ၁၄-၁၀-၉၈ ရက်နေ့တွင် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်သက်သေခံ (ဂ) ၌ ဦးမျိုးကျော်ငြိမ်းအမည်ပေါက်ခဲ့ပြီးနောက် ၁၉-၈-၉၉ ရက်နေ့တွင် မန္တလေးအမှတ် (၉) ရဲစခန်းသို့ကားအပ်နှံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့်အချင်းဖြစ်ကားကို ၁၄-၁၂-၉၇ ရက်နေ့တွင် ဦးစိုးဝင်းက ဦးမိုးကျော်အောင်အား ရောင်းချခဲ့ပြီး ဦးမိုးကျော်အောင်က ဦးကိုကိုအောင်အား ထပ်ဆင့်ရောင်းချခဲ့သည်။ ဦးမိုးကျော်အောင်က ဦးကိုကိုအောင်အား ကားရောင်းသည့် အရောင်းအဝယ်စာချုပ်သက်သေခံ (၂) တွင် ဦးစိုးဝင်းမှာ အသိသက်သေအဖြစ်လက်မှတ်ရေးထိုးထားခြင်းလည်း မရှိပေ။ ထို့ကြောင့် ဦးစိုးဝင်းနှင့်ဦးကိုကိုအောင်တို့အကြား ဆက်နွယ်မှုတစ်စုံတစ်ရာရှိကြောင်း ဦးမျိုးကျော်ငြိမ်းက အထောက်အထားတင်ပြနိုင်ခြင်း မရှိပေ။ ကားရောင်းစဉ်ကလည်း ဦးမိုးကျော်အောင်က မိမိပိုင်ကားဖြစ်ကြောင်း ပြော၍ရောင်းချခဲ့ခြင်းကြောင့် ဦးမိုးကျော်အောင်အနေဖြင့်သာ ကားကို ဝယ်ယူထားပိုင်ဆိုင်ခွင့် အာမခံချက်တာဝန်ရှိသူဖြစ်ကြောင်း တိုင်းတရားရုံး၏သုံးသပ်ဆုံးဖြတ်ချက်မှာ မှားယွင်းခြင်းမရှိပေ။

ထို့ကြောင့်ဤတရားမပထမအယူခံမှုကို တစ်စိတ်တစ်ဒေသ

၂၀၀၃
ဦးကိုကိုအောင်
နှင့်
ဦးမျိုးကျော်ငြိမ်း
ပါ ၂

ခွင့်ပြုသည်။ တိုင်းတရားရုံးကချမှတ်သည့် စီရင်ချက်နှင့်ဒီကရီအစား ဦးကိုကိုအောင်သည် ဦးမျိုးကျော်ငြိမ်းအား ရောင်းချခဲ့သော ၉က/၅၀၉၇ မော်တော်ယာဉ်ရောင်းဖိုးငွေကျပ် ၂၅ သိန်း ၈ သောင်းနှင့်နစ်နာကြေးငွေကျပ် ၅သိန်းကို စရိတ်နှင့်ပေးအပ်စေရန်ပြင်ဆင်ချက်ဖြင့် ဒီကရီ ချမှတ်လိုက်သည်။

ရှေ့နေခ ၃၀၀/-ကျပ်သတ်မှတ်သည်။

+ ၂၀၀၃
ဩဂုတ်လ
၃ ရက်

**တရားမပထမအယူခံမှု**

**တရားရုံးချုပ်တရားသူကြီးဦးထွန်းရှင်၏ရှေ့တွင်**

**ဦးကျော်နိုင်ဝင်း ပါ ၂**
**နှင့်**
**ဦးကျော်စိန် ပါ ၅ ***

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၁၀၃ အရစွဲဆိုမှု၊ ထိုကဲ့သို့စွဲဆိုသည့်အမှုမျိုးတွင် မည်သူလက်ရှိဆိုသောအချက်မှာ အဓိကမဟုတ်ဘဲ လက်ရှိရရန်ပိုင်ဆိုင်ခွင့် ရှိ မရှိ ဆိုသောအချက်ကို အဓိကထား၍ စဉ်းစားဆုံးဖြတ်ရခြင်း၊ အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့် နေထိုင်သူတရားရုံးထံမှ မှတ်ပုံမတင်သောစာချုပ်ဖြင့်အချင်းဖြစ်ဥပစာအား ဝယ်ယူသူသည် အချင်းဖြစ်ဥပစာအား လက်ရှိရရန်ပိုင်ဆိုင်ခွင့်ရှိသူ ဟုတ် မဟုတ်။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ မြွက်ဟချက်ဒီကရီရလိုကြောင်း စွဲဆိုသည့်အမှုမှာ မည်ကဲ့သို့သောအမှုဖြစ်သည်ဆိုခြင်းကို ဆန်းစစ်ရန်လိုသည်။

ထိုကဲ့သို့အမှုမျိုးတွင်တရားလိုသည် အချင်းဖြစ်ဥပစာကိုလက်ရှိရရန်ပိုင်ခွင့်ရှိကြောင်း ထင်ရှားအောင်ပြသနိုင်မှသာ ဒီကရီရှိနိုင်မည်ဖြစ်သည်။ နည်းဥပဒေ ၉၈၊ ၉၉ နှင့် ၁၀၁ တို့အရ စုံစမ်းစစ်ဆေးရာ၌ လက်ရှိဟုတ် မဟုတ် ဆိုသောအချက်ကိုသာ အဓိကထား၍ဆုံး ဖြတ်ရမည် ဖြစ် သော် လည်း နည်းဥပဒေ ၁၀၃ အရ စွဲဆိုသည့် အမှုတွင်မူ မည်သူ လက်ရှိဆိုသောအချက်ကို အဓိကမဟုတ်ဘဲ လက်ရှိရရန် ပိုင်ဆိုင်ခွင့် ရှိ မရှိ ဆိုသောအချက်ကို အဓိကထား၍ စဉ်းစားဆုံးဖြတ်ရကြောင်း မသန်းသန်းဆင့် **(အရွယ်မရောက်သူ) ၄င်း၏အနီးစပ်ဆုံး မိတ်ဆွေ ဒေါ်အုန်းခင်နှင့် ရှုရစ်ဝွမ်အမှု** [၁] တွင်လမ်းညွှန်ထုံးဖွဲ့ထားသည်။

---

* ၂၀၀၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၃၈

+ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ချမှတ်သော ၃၀-၄-၂၀၀၃ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

+ ၂၀၀၃
ဩဂုတ်လ
၇ ရက်

**ထပ်မံဆုံးဖြတ်ချက်။** ။ ဤအမှုမှမူလတရားရုံး တရားပြိုင် (၄) ဦးသိန်းလွင်သည် ရန်ကုန်တိုင်းတရားရုံးတရားမကြီးမှုအမှတ် ၂၉၀/၉၇ အမှုမှ တရားပြိုင်တစ်ဦးဖြစ်ပြီး အဆိုပါရုံးတရားမဇာရီမှုအမှတ် ၁၆၃/၂၀၀၁ မှ တရားရှုံးတစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့်မူလရုံး တရားလိုများသည် အချင်းဖြစ်မြေကို ရောင်းချခွင့်ရှိသူတစ်ဦး မဟုတ်သည့်အပြင်တရားရှုံးတစ်ဦးဖြစ်သော ဦးသိန်းလွင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။

အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့်နေထိုင်သူ တရားရှုံးထံမှ မှတ်ပုံမတင်သောစာချုပ်ဖြင့် အချင်းဖြစ်ဥပစာအား ဝယ်ယူခြင်းဖြင့် ဝယ်ယူသူမူလရုံးတရားလိုတို့သည် အချင်းဖြစ်ဥပစာအား တရားဝင်ပိုင်ဆိုင်မှုရှိနိုင်မည်မဟုတ်ပေ၊ ထိုအခြေအနေတွင် အယူခံတရားလိုသည် အချင်းဖြစ်ဥပစာအား လက်ရှိရရန်ပိုင်ခွင့် ရှိသည်ဟုယူဆခြင်း မပြုနိုင်ပေ။

အယူခံတရားလိုများအတွက် - ဦးအောင်သစ်
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်များအတွက် - ဦးမျိုးဟန်
(တရားရုံးချုပ်ရှေ့နေ)
(၄ နှင့် ၅ ) ကိုယ်တိုင်မလာ

ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုဒ်မှတ် ၂ တွင် ဦးကျော်ခိုင်ဝင်းပါ (၂) ဦးတို့က တရားပြိုင်ဦးကျော်စိန်ပါ (၅) ဦးတို့အပေါ် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၁၀၃ အရအမှုစွဲဆိုသည်။ တိုင်းတရားရုံးက တရားလိုဦးကျော်ခိုင်ဝင်းပါ (၂) ဦးတို့စွဲဆိုသောအဆိုလွှာကို ပယ်ကြောင်းအမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီအပေါ် မကျေနပ်၍ ဦးကျော်ခိုင်ဝင်းပါ (၂) ဦးတို့ကဤအယူခံကိုတင်သွင်းလာခြင်းဖြစ်ပါသည်။

တရားလိုကအဆိုလွှာတွင် အချင်းဖြစ်မြေကွက်သည် မူလက နိုင်ငံခြားသားပိုင်ဖြစ်ပြီ ယခုအခါဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနပိုင်ဖြစ်ကြောင်း၊ အဆိုပါမြေကွက်၏တစ်စိတ်တစ်ဒေသ ဖြစ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အခွန်စည်းကြပ်

လျက်ရှိသည့် အိမ်အမှတ် ၂၁(က) နှင့် အိမ်တည်ရှိရာမြေကို တရားလိုများက ( ၄ ) တရားပြိုင်ဦးသိန်းလွင်ထံမှ မှတ်ပုံမတင်သော ၁၇-၁-၉၇ ရက်စွဲပါစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပြီး ထိုနေ့မှာပင် အစောင့်များထားရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂၄၀/၉၇ တွင် (၁) မှ (၃) တရားပြိုင်တို့က (၄) (၅) တရားပြိုင်တို့အပေါ် နှင်လိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိကြောင်း၊ တရားပြိုင်များက ယင်းအနိုင်ဒီကရီကို ရန်ကုန်တိုင်းတရားရုံးက တရားမဇာရီမှုအမှတ် ၁၆၃/၂၀၀၁ တွင်အတည်ပြုကြောင်း၊ (၁) မှ (၃) တရားပြိုင်များက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၉၇ အရ တရားလိုများအပေါ် လျှောက်ထားရာ တိုင်းတရားရုံးကအမိန့် ၂၁ နည်း ၉၈ အရအမိန့်ချမှတ်ခဲ့ကြောင်း၊ တရားလိုများသည် အိမ်အမှတ် ၂၁(က) နှင့် တည်ရာမြေကို လက်ရှိထားပိုင်ခွင့်ရှိသောကြောင့် ထိုသို့လက်ရှိထားခွင့်ရှိကြောင်း ကြေညာသောဒီကရီကို ရထိုက်ကြောင်း အဆိုပြုတင်ပြသည်။

အမှတ် (၁) (၂) (၃) တရားပြိုင်တို့က ချေလွှာတွင် (၄) တရားပြိုင်ဦးသိန်းလွင်နှင့် (၅) တရားပြိုင်ဒေါ်စိန်စိန်တို့သည် (၁) (၂) (၃) တရားပြိုင်များ၏မိဘနှစ်ပါး၏ ခွင့်ပြုချက်အရခြံအမှတ် (၂၁) တွင်နေထိုင်ခြင်းဖြစ်ကြောင်း၊ ခြံအမှတ် ၂၁(က) သည် ခြံအမှတ် (၂၁) တွင် အကျုံးဝင်တည်ရှိသောဥပစာဖြစ်ကြောင်းကို ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၂၉၀/၉၇၊ တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၅၃/၂၀၀၁ နှင့် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၂၄/၂၀၀၁ တို့တွင် အထင်အရှားဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ တရားလိုတို့သည်အချင်းဖြစ်ဥပစာကို အမှုအတွင်း အနိမ့်ဆုံးဈေးဖြင့်ဝယ်ယူခဲ့ပြီး နောက်ကြောင်းပြန်စာချုပ်ရက်စွဲများ ဆောက်ရွက်ထားခြင်းဖြစ်ကြောင်း၊ တရားလိုများသည် (၄) (၅) တရားပြိုင်တို့ထံမှတစ်ဆင့် တရားမဝင်သော နည်းလမ်းဖြင့်တစ်ဆင့်ဝင်ရောက်နေထိုင်သူများဖြစ်သောကြောင့် (၄) (၅) တရားပြိုင်တို့ကျခံရမည့်ဒီကရီတွင် အကျုံးဝင်ကြောင်း၊ တရားလိုများသည် တရားမဝင်ဝယ်ယူကာ မမှန်မကန်ဆောင်ရွက်ထားကြောင်း၊ ဇာရီမှု၌ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ပေါ်ပေါက်ထင်ရှားသောကြောင့် တရားလိုများ၏ခုခံမှုကို တရားရုံးကပယ်ချခဲ့ခြင်းဖြစ်ကြောင်း၊ ဇာရီမှု၏ စုံစမ်းစစ်ဆေးမှုတွင် ချမှတ်သောအမိန့်အပေါ် တရားလိုများက တရားရုံးချုပ်သို့ တရားမ ပြင်ဆင်မှုအမှတ် ၁၆၂/၂၀၀၂ ဖြင့်လျှောက်ထားခဲ့သော်လည်း

၂၀၀၃
ဦးကျော်ခိုင်ဝင်
ပါ ၂
နှင့်
ဦးကျော်စိန်
ပါ ၅

ရှုံးနိမ့်ခဲ့ ပြီးဖြစ်ကြောင်း၊ တရားလိုများသည် အချင်းဖြစ်ဥပစာ၌ ဥပဒေနှင့်အညီမဟုတ်သောနည်းလမ်းဖြင့် ဝင်ရောက်နေထိုင်သူများ ဖြစ်သဖြင့် အမှုစွဲဆိုရန်အကြောင်း လုံးဝမပေါ်ပေါက်ကြောင်း၊ တရားလိုများသည် ရောင်းချပိုင်ခွင့် မရှိသူထံမှ ဥပဒေအရရောင်းချ၍မရသော ဥပစာကို ဥပဒေနှင့်အညီ မဟုတ်သောအရပ်စာချုပ်ဖြင့် ဝယ်ယူထားခြင်းကြောင့် တရားရုံးကဇာရီမှု ဆောင်ရွက်ခြင်းဖြင့် တရားလိုလက်လွှတ်ပြီးဖြစ်သည့် အချင်းဖြစ်ဥပစာကို ပြန်လည်လက်ရောက်ရရန် အလို့ငှာ အမှုစွဲဆိုခွင့် မရှိကြောင်း ခုခံတင်ပြသည်။

အမှတ် (၄) (၅) တရားပြိုင်တို့မှာ ရုံးရှေ့သို့လာရောက်ခြင်း၊ ချေလွှာတင်ခြင်း မရှိပေ။

ရန်ကုန်တိုင်းတရားရုံး တရားလိုများသည် အချင်းဖြစ်မြေကို ရောင်းချခွင့်ရှိသူတစ်ဦးမဟုတ်သည့်အပြင် တရားရုံးတစ်ဦးဖြစ်သော ဦးသိန်းလွင်ထံမှဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင်မြေကို ရောင်းချခွင့်မရှိသောသူထံမှ မှတ်ပုံမတင်သောစာချုပ်ဖြင့် ဝယ်ယူထားသော တရားလိုများသည်အချင်းဖြစ်ဥပစာအား လက်ရှိရရန်ပိုင်ခွင့်ရှိသည်ဟု ယူဆခြင်း မပြုနိုင်ကြောင်း၊ တရားလိုများသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၁၀၃ အရမြွက်ဟချက်ဒီကရီ ရထိုက်သူများမဟုတ်ကြောင်း အဆိုလွှာအရပင်ကောက်ယူနိုင်သောကြောင့် တရားလိုစွဲဆိုသောအမှုသည် အခြေအမြစ်ရှိသည်ဟုမဆိုနိုင်ကြောင်း၊ အဆိုလွှာ၌ဖော်ပြထားသော တရားစွဲဆိုရန်အကြောင်းခြင်းရာများသည် အမှုကိုဆက်လက်စစ်ရန် အတွက် အခြေခံရှိသည်ဟုထင်ရှားသိသာစေခြင်း မရှိသောကြောင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည်ဟု မဆိုနိုင်ကြောင်းသုံးသပ်၍ တရားလို၏ အဆိုလွှာကိုပယ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုများအကျိုးဆောင်က ဤအမှုကိုတရားစွဲဆိုရန် အကြောင်းရှိ မရှိ ဝေဖန်သုံးသပ်ရန်အတွက် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်း ၁၀၃ အရ မြွက်ဟချက်ဒီကရီရထိုက်ကြောင်း စွဲဆိုသည့်အမှုမှာ မည်ကဲ့သို့သောအမှုဖြစ်သည်ဆိုခြင်းကို ဆန်းစစ်ရန်လိုပေသည်ဟု သုံးသပ်ခြင်းဖြစ်သည်၊ တရားမကျင့်ထုံးဥပဒေအမိန့် ၇ နည်း ၁၁(က) ပါဘောင်ကို ကျော်လွန်ဆုံးဖြတ်ရာရောက်ကြောင်း၊ အဆိုလွှာပါအဆိုပြုချက်များသည် နည်း ၁၀၃ အရ တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်စေကြောင်း သိသာထင်ရှားစေခြင်း ရှိ မရှိ သာလျှင်စိစစ်ရန်ဖြစ်ကြောင်း၊ မူလရုံးကကိုးကား

၂၀၀၃
ဦးကျော်နိုင်ဝင်း
ပါ ၂
နှင့်
ဦးကျော်စိန်
ပါ ၅

သော ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၄၄ အမှုတွင် မည်သူလက်ရှိဆိုသောအချက်မှာ အဓိကမဟုတ်ဘဲလက်ရှိရရန်ပိုင်ခွင့် မရှိဆိုသောအချက်ကို အဓိကထား၍စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်ဟု လမ်းညွှန်ထားကြောင်း၊ ဤအမှုတွင်မူလရုံးတရားလိုတို့က အဆိုလွှာတွင် မြေလက်ရှိဆိုသောအချက်သက်သက်ကိုသာ အဆိုပြုထားခြင်း မဟုတ်ကြောင်း၊ ဒီကရီချမှတ်သည့်အခါ မစွဲဆိုမီကလက်ရှိဖြစ်ခဲ့၍ ဒီကရီကို လိုက်နာရန်တာဝန်မရှိခြင်း၊ အိုးအိမ်ဦးစီးဌာနပိုင်ဖြစ်၍ အယူခံတရားပြိုင်အမှတ် (၁) မှ (၃) တို့သည် ပိုင်ရှင်အစစ်များမဟုတ်၍ တရားလိုများလက်ရှိဖြစ်ခြင်းသည် ၄င်းတို့ထက်သာသော ဆိုင်ရေးဆိုင်ခွင့်ဖြစ်ခြင်း တို့ကိုလည်း အဆိုပြုထားရာ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ- ၁၄၄၄ နှင့် ဖြစ်ရပ်ချင်းမတူပါသဖြင့် ထိုစီရင်ထုံးသည်ဤအမှု အတွက်ထုံးသာမက မဟုတ်ကြောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၁၀၃ ပါ **"the right which he claims to present possession"** ဟူသောစကားရပ်သည် **(ownship)** ဟုအဓိပ္ပါယ် မရကြောင်း၊ လတ်တလောလက်ရောက်ရထိုက်ခွင့်ရှိသော အခွင့်အရေးကို ရည်ညွှန်းကြောင်း ယုံမှားဖွယ်မရှိကြောင်း၊ ထို့ကြောင့်ပစ္စည်းပိုင်ရှင်ဖြစ်မှသာနည်း ၁၀၃ အရ တရားစွဲဆိုပိုင်ခွင့်ရှိသည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခြင်း သည် နည်း ၁၀၃ ပါ အခွင့်အရေးကို ကျဉ်းကျဉ်းမြောင်းမြောင်း ကောက်ယူရာရောက်ကြောင်း၊ မူလရုံးတရားလိုများ၏ အဆိုပြုချက်များ ခိုင်လုံကြောင်း တွေ့ရှိခဲ့ရပါလျှင် ဒီကရီကိုလိုက်နာရန် တာဝန်မရှိသော တရားလိုများ မြေလက်ရှိထားမှုသည် ပိုင်ရှင်အစစ်မဟုတ်သော အယူခံ တရားပြိုင် (၁) မှ (၃) တို့အပေါ်သာလွန်သော ဆိုင်ရေးဆိုင်ခွင့် **(Title)** ဖြစ်သည့်အလျောက် ၄င်းတို့မှလက်လွှတ်ခဲ့ရသောမြေကို နည်း ၁၀၃ အရစွဲဆိုတောင်းခံခွင့်ရှိသည်မှာ ပေါ်လွင်ကြောင်းတင်ပြသည်။

အယူခံတရားပြိုင်များအကျိုးဆောင်က အယူခံတရားလိုများ၏ မူလအမှုရှိအဆိုလွှာအရ လွှဲပြောင်းရောင်းချခွင့် အခွင့်အရေးမရှိသော အယူခံတရားပြိုင် (၄) နှင့် (၅) ထံမှ တရားမဝင်သော အရပ်ကတိ စာချုပ်ဖြင့် နိုင်ငံတော်ပိုင်မြေကို ဝယ်ယူသည်ဆိုကာ တရားရုံးများနှင့် လက်ပြောင်းလက်လွှဲပြုပြီး ဝင်ရောက်နေထိုင်သူ တနည်းအားဖြင့် တရား မဝင်နည်းဖြင့်ဝင်လာသဖြင့် တရားနည်းလမ်းတကျဖယ်ရှားခံရသူက ဥပစာကို လက်ရှိထားပိုင်ခွင့် ပြန်လည်လျှောက်ထားခြင်းသည် အခြေ

၂၀၀၃ ဦးကျော်ခိုင်ဝင်း ပါ ၂ နှင့် ဦးကျော်စိန် ပါ ၅

အမြစ်မရှိသော အခြေအနေပေါ်ပေါက်နေ၍ တရားစွဲဆိုရန်ကြောင်း မပေါ်ပေါက်သည်မှာ ထင်ရှားနေကြောင်း၊ ထို့ပြင်၎င်း၏အဆိုလွှာအရ တရားစွဲဆိုရန် အခွင့်အလမ်းမရှိသည့် ရပ်တည်ချက်အထင်အရှား တွေ့နေရ၍ မူလရုံးမဏ္ဍာမငြင်းချက်အမှတ် (၁) ကို တရားပြိုင်ဘက်သို့ အသာပေးဖြေဆိုခြင်းသည် ဥပဒေအရ မှားယွင်းမှုမရှိကြောင်း၊ ယင်းသို့ သောအခြေအနေပေါ်ပေါက်နေသည့် အဆိုလွှာမျိုးကို တရားမကျင့်ထုံး ဥပဒေအမိန့် ၇ နည်း ၁၁(က) အရ တရားရုံးကပယ်ခွင့်ရှိကြောင်းကို ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၅၄၊ **ဦးညွန့်သိန်း ပါ (၅) နှင့် ဒေါ်အေဒါစန်းမောင်** စီရင်ထုံးတွင် လမ်းညွှန်ဆုံးဖြတ်ထား ကြောင်း၊ ပုဏ္ဏာမငြင်းချက်အမှတ် (၂) နှင့်ပတ်သက်၍ အထက်ဖော်ပြပါ နည်းလမ်းများအတိုင်း ဥပဒေအရရောင်းချပိုင်ခွင့်မရှိသူများထံမှ ဥပဒေ အရ အရောင်းအဝယ်ပြုလုပ်၍မရသော အချင်းဖြစ်မြေကို ဥပဒေနှင့် အညီမဟုတ်သည့် အရောင်းအဝယ်စာချုပ်ချုပ်၍ တရားမဝင်လက်ရှိ ဖြစ်ခဲ့ဘူးသောအယူခံတရားလိုများသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၁၀၃ ပါ အခွင့်အရေးကို ရထိုက်ခွင့်မရှိခြင်းကြောင့် မူလရုံး တရားလိုများသည် အမှုကိုစွဲဆိုပိုင်ခွင့် မရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရမှားယွင်းချွတ်ချော်မှု မရှိကြောင်းတင်ပြသည်။

တရားမကျင့်ထုံးအမိန့် ၂၁ နည်းဥပဒေ ၁၀၃ အရ မြွက်ဟချက် ဒီကရီရလိုကြောင်းစွဲဆိုသည့်အမှုမှာ မည်ကဲ့သို့သောအမှုဖြစ်သည် ဆိုခြင်းကိုဆန်းစစ်ရန်လိုသည်။

ထိုကဲ့သို့အမှုမျိုးတွင် တရားလိုသည် အချင်းဖြစ်ဥပစာကို လက်ရှိရရန်ပိုင်ဆိုင်ခွင့်ရှိကြောင်း ထင်ရှားအောင်ပြသနိုင်မှသာ ဒီကရီ ရှိနိုင်မည်ဖြစ်သည်။ နည်းဥပဒေ ၉၈၊ ၉၉ နှင့် ၁၀၁ တို့အရ စုံစမ်း စစ်ဆေးရာ၌လက်ရှိ ဟုတ် မဟုတ် ဆိုသောအချက်ကိုသာ အဓိကထား၍ ဆုံးဖြတ်ရသည်ဖြစ်သော်လည်း နည်းဥပဒေ ၁၀၃ အရစွဲဆိုသည့်အမှု တွင်မူ မည်သူလက်ရှိဆိုသောအချက်မှာ အဓိကမဟုတ်ဘဲ လက်ရှိရရန် ပိုင်ခွင့် ရှိ မရှိ ဆိုသောအချက်ကို အဓိကထား၍ စဉ်းစားဆုံးဖြတ်ရ ကြောင်း **မသန်းသန်းဆင့် (အရွယ်မရောက်သူ) ၎င်း၏အနီးစပ်ဆုံး မိတ်ဆွေဒေါ်အုန်းခင် နှင့် ရှုရပ်ဝွမ် အမှု** (၈) တွင် လမ်းညွှန်ထုံးဖွဲ့ ထားသည်။

(၈) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၄၄၊

၂၀၀၃
ဦးကျော်နိုင်ဝင်း
ပါ ၂
နှင့်
ဦးကျော်စိန်
ပါ ၅

အလားတူပင်ရှာတင်ခရာနတ် နှင့် နန်ဒါလားလ်စတ်အမှု [၂] တွင်လည်း အောက်ပါအတိုင်းစီရင်ထုံးဖွဲ့ထားသည်ကို တွေ့မြင်နိုင်ပေသည်-

" Although in the Summary Proceedings under order 21, Rules 98, 99 and 101 the inquiry is directed to question of possession, the scope of the suit under rule 103 is much wider. It is a suit based on the right to possession and not on more possession at the relevant date. The plaintiff cannot succeed by merely showing that he was in possession and had been dispossessed but must establish his right to possession on the assumption that he was not in possession on the date of order under rule 98, 99, 101.

ယခုအမှုပေါ်ပေါက်ပုံမှာ ရန်ကုန်တိုင်းတရားရုံးက တရားမကြီးမှုအမှတ် ၂၉၀/၉၇ တွင်ဤအမှုမှ (၁) (၂) (၃) တရားပြိုင်များဖြစ်ကြသောဦးကျော်စိန်၊ ဒေါ်မြတင် နှင့် ဦးတင်ကျော်လှိုင်တို့က တရားလိုပြုလုပ်၍ ဤအမှုမှ (၄) (၅) တရားပြိုင်များဖြစ်ကြသော ဦးသိန်းလွင်နှင့် ဒေါ်စိန်စိန်တို့အပေါ် အခွင့်အမိန့်အရနေထိုင်သော အချင်းဖြစ်ဥပစာမှဖယ်ရှားနှင်ထုတ်ပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးကအမှုကို ပလပ်ခဲ့သည်။ ဦးကျော်စိန်ပါ (၃) ဦးတို့က တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ် ၅၃/၂၀၀၁ တွင် အယူခံဝင်ရောက်ရာ တရားရုံးချုပ်က ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး တရားလိုများတောင်းဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားရုံးချုပ်က တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၂၄/၂၀၀၁ တွင်အတည်ပြုခဲ့သည်။

တရားရုံးချုပ်၏ဒီကရီကို တရားမဇာရီမှုအမှတ် ၁၆၃/၂၀၀၁ တွင်အတည်ပြုခဲ့ရာ (၁) တရားလိုဦးကျော်နိုင်ဝင်းက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၉၇ အရလျှောက်ထား၍ တိုင်းတရားရုံးက စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး အမိန့် ၂၁ နည်း ၉၈ အရ အမိန့်ချမှတ်ခဲ့သဖြင့် မူလရုံးတရားလိုများဖြစ်ကြသော ဦးကျော်နိုင်ဝင်းပါ (၂) သို့က တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၁၀၃ အရ ယခုအမှုကိုစွဲဆို

(၂) အေအိုင်အာရ် (၁၉၇၃) ကာလကတ္တား၊ ၄၃၄။

၂၀၀၃
ဦးကျော်ခိုင်ဝင်း
ပါ ၂
နှင့်
ဦးကျော်စိန်
ပါ ၅

**ခဲ့ခြင်းဖြစ်သည်။**

**ဤအမှုမှုမူလရုံးတရားပြိုင်** (၄) ဦးသိန်းလွင်သည် ရန်ကုန်တိုင်း **တရားရုံးတရားမကြီးမှုအမှတ်** ၂၉၀/၉၇ အမှုမှ တရားပြိုင်တစ်ဦး **ဖြစ်ပြီး** အဆိုပါရုံးတရားမဇာရီမှုအမှတ် ၁၆၃/၂၀၀၁ မှ တရားရှုံး **တစ်ဦးလည်းဖြစ်သည်။** ထို့ကြောင့်မူလရုံးတရားလိုများသည် အချင်းဖြစ် မြေကိုရောင်းချခွင့်ရှိသူတစ်ဦး မဟုတ်သည့်အပြင် တရားရှုံးတစ်ဦး **ဖြစ်သော**ဦးသိန်းလွင်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့်နေထိုင်သူတရားရှုံးထံမှ မှတ်ပုံမတင်သောစာချုပ်ဖြင့် အချင်းဖြစ်ဥပစာအား ဝယ်ယူခြင်းဖြင့် ဝယ်ယူသူမူလရုံးတရားလိုတို့သည် အချင်းဖြစ်ဥပစာအား တရားဝင် **ပိုင်ဆိုင်မှု ရှိနိုင်**မည်မဟုတ်ပေ။ ထိုအခြေအနေတွင် အယူခံတရားလိုသည် အချင်းဖြစ်ဥပစာအား လက်ရှိရရန်ပိုင်ခွင့်ရှိသည်ဟု ယူဆခြင်း မပြုနိုင် ပေ။

ထို့ကြောင့်အယူခံတရားလိုသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၁၀၃ အရ မြွက်ဟဒီကရီ မရနိုင်ကြောင်းအဆိုလွှာအရ ပင်ထင်ရှားပေါ်ပေါက်နေ၍ တိုင်းတရားရုံးက **ဦးညွန့်သိန်း ပါ ၅ နှင့် ဒေါ်အေးဝါစန်းမောင်အမှု** [၃] ကိုရည်ညွှန်းကာ တရားမကျင့်ထုံးအမိန့် ၇ နည်း ၁၁(က) အရ အဆိုလွှာကိုပယ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိကြောင်း တွေ့ရှိရသည်။

ထို့ကြောင့်တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး ဤအယူခံကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေခကျပ် ၂၀၀/- သတ်မှတ်သည်။

---

(၃) ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၅၄

+ ၂၀၀၃
မေလ
၂၇ ရက်

**တရားမအထွေထွေအယူခံမှု**

**တရားရုံးချုပ်တရားသူကြီးဦးစိန်လှိုင်၏ရှေ့တွင်**

**ဦးခင်မောင်လင်း ပါ ၁၀**
**နှင့်**
**ဦးလှမြင့် ပါ ၂ ***

**တရားရုံးတစ်ရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ချမှတ်သောအမှုအား အဆင့်မြင့်တရားရုံးသို့ထပ်မံ၍ အယူခံမှုသော်လည်းကောင်း၊ ပြင်ဆင်မှုသော်လည်းကောင်း တစ်သွင်းခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၁) တွင် တရားရုံးတစ်ရုံးက မူလစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ချမှတ်သော ဒီကရီအရပ်ရပ်ကို အယူခံဝင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ မန္တလေးတိုင်းတရားရုံးက ပြင်ဆင်မှုအာဏာကိုကျင့်သုံး၍ ချမှတ်သောအမိန့်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၁) အရ အယူခံဝင်ခွင့်ရှိသည်ဟု မဆိုနိုင်ပေ။ **ဒေါ်ထိုက် နှင့် ဦးပေါ်ထွန်း ပါ-၂**[၁] အမှုကိုရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အယူခံဝင်ခွင့်မရှိသောအမိန့်ကို ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၈(ခ) အရ ဖြည့်စွက်ထားသည့် ယင်းဥပဒေပုဒ်မ၏ခြွင်းချက်တွင် အဆိုပါဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်များသည် တရားရုံးတစ်ရုံးရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍သော်လည်းကောင်း၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍သော်လည်းကောင်း ဆုံးဖြတ်သည့်အမှုများနှင့်မသက်ဆိုင်စေရဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့်အယူခံတရားလိုများသည် မန္တလေးတိုင်းတရားရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာဖြင့်ချမှတ်သည့်အမိန့်ကို အယူခံမှုသော်လည်းကောင်း၊ ပြင်ဆင်

* ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၀
\+ ၂၀၀၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၃ တွင် ချမှတ်သော ၃၀-၁၂-၂၀၀၂ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။)

မှုသော်လည်းကောင်း လျှောက်ထားပိုင်ခွင့်မရှိပေ။

၂၀၀၃
ဦးခင်မောင်လင်း
ပါ ၁၀
နှင့်
ဦးလှမြင့်
ပါ ၂

အယူခံတရားလိုများအတွက် - ဦးညွန့်ဝေ
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် - (၁) ဦးဇမာ
(တရားရုံးချုပ်ရှေ့နေ)
(၂) ကိုယ်တိုင်မလာ

မန္တလေးတိုင်းတရားရုံး၏ တရားမပြင်ဆင်မှုအမှတ် (၆၃/၂၀၀၂) တွင် ပြင်ဆင်မှုလျှောက်ထားသူဦးလှမြင့်က ပြင်ဆင်မှုလျှောက်ထားခံရသူများ ဖြစ်ကြသောဦးခင်မောင်လင်းပါ (၁၁) ဦးတို့အပေါ်တွင် မန္တလေးခရိုင်တရားရုံး၏တရားမအထွေထွေမှုအမှတ် (၂၅/၂၀၀၁) တွင်ချမှတ်သောအမိန့်ကို မကျေနပ်၍ပြင်ဆင်မှုလျှောက်ထားရာ၊ မန္တလေးတိုင်းတရားရုံးက ပြင်ဆင်မှုကိုခွင့်ပြု၍ မန္တလေးခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့သည်။ အဆိုပါမန္တလေးတိုင်းတရားရုံး၏အမိန့်ကို အစဉ် (၁) မှ (၁၀) အထိပြင်ဆင်မှုလျှောက်ထားခံရသူများက မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ဤတရားမအထွေထွေအယူခံမှုကို တင်သွင်း လာကြခြင်းဖြစ်သည်။

မန္တလေးခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ် (၁၁/၂၀၀၁) တွင် တရားနိုင်ဦးလှမြင့်က တရားရှုံးဦးအီစမ်အင် (ခ) ဦးခင်မောင်ဦး အပေါ်တွင်တရားမကြီးမှုအမှတ် (၁၄၀/၉၉) တွင် ၎င်းရရှိသည့် အပေါင်ဒီကရီကို အတည်ပြုသည်။ အဆိုပါတရားမဇာရီမှုတွင် တရားနိုင်၏လျှောက်ထားချက်အရ မန္တလေးခရိုင်တရားရုံးက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ အကွက်အမှတ် (၁၇၈)၊ ဦးပိုင်အမှတ် (၁၀) ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံကိုရောင်းချရန် ဝရမ်းစွဲကပ်ခဲ့သည်။ ထိုအခါ တရားမကြီးမှုအမှတ် (၁၄၀/၉၉) မစွဲဆိုမီကပင် အဆိုပါမြေနှင့်အဆောက်အအုံ၏ အနောက်ဘက်ခြမ်းကို မှတ်ပုံတင်စာချုပ်အမှတ် (၅၁၂၀/၉၆) ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးခင်မောင်လင်းပါ (၂) ဦးတို့ ကလည်းကောင်း၊ အရှေ့ဘက်ခြမ်းကို မှတ်ပုံတင်စာချုပ်အမှတ် (၄၆၇၄/၉၆) ဖြင့်

*၂၀၀၃*
*ဦးခင်မောင်လင်း*
*ပါ ၁၀*
*နှင့်*
*ဦးလှမြင့်*
*ပါ ၂*

ဝယ်ယူထားသူ ဦးအာမက်မိုဟာမက်တဂါးရီတို့ကလည်းကောင်း၊ ၎င်းတို့သည်အဆိုပါမြေနှင့်အဆောက်အအုံကို ဥပဒေနှင့် အညီဝယ်ယူလက်ရှိနေထိုင်သူများဖြစ်၍ အရောင်းဝရမ်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၅၈(၁) အရ ဝရမ်းခွာပေးရန် မန္တလေးခရိုင်တရားရုံးတွင် တရားမအထွေထွေမှုအမှတ် (၂၅/၂၀၀၁) အရ လျှောက်ထားခဲ့ကြသည်။ မန္တလေးခရိုင်တရားရုံးသည် ဦးခင်မောင်လင်းပါ (၃) ဦးတို့၏လျှောက်ထားချက်များကို တစ်စုံတစ်ရာ စုံစမ်းစစ်ဆေးမှုမပြုဘဲ မလေဝ်ခဲ့သည်။ အဆိုပါအမိန့်ကို ဦးခင်မောင်လင်းပါ (၃) ဦးတို့က မကျေနပ်၍ မန္တလေးတိုင်းတရားရုံးသို့ တရားမအထွေထွေမှုအမှတ် (၆၅/၂၀၀၁) အရအယူခံဝင်ရောက်ခဲ့ကြရာ မန္တလေးတိုင်းတရားရုံးက အယူခံမှုကိုခွင့်ပြု၍ နှစ်ဖက်စုံစမ်းစစ်ဆေးပြီးလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၆၀ (သို့မဟုတ်) ၆၁ နှင့်အညီစီရင်ဆုံးဖြတ်ရန် အမိန့်ချမှတ်ခဲ့သည်။ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဦးလှမြင့်က တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ တရားမပြင်ဆင်မှုအမှတ် (၅၇ / ၂၀၀၁) အရ ပြင်ဆင်မှုလျှောက်ထားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

မန္တလေးခရိုင်တရားရုံးသည် တရားမအထွေထွေမှုအမှတ် (၂၅/၂၀၀၁) ကို စုံစမ်းစစ်ဆေး၍ အချင်းဖြစ်မြေနှင့်အဆောက်အအုံတွင်စွဲကပ်ထားသည့်ဝရမ်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၆၀ အရ ဝရမ်းခွာခွင့်ပြုခဲ့သည်။ မန္တလေးခရိုင်တရားရုံး၏အမိန့်ကို ဦးလှမြင့်က မန္တလေးတိုင်းတရားရုံးသို့ တရားမပြင်ဆင်မှုအမှတ် (၆၃/၂၀၀၂) အရ ပြင်ဆင်မှုလျှောက်ထားရာတွင် မန္တလေးတိုင်းတရားရုံးက မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူလိုသူသည် ထိုပစ္စည်းမှာပေါင်နှံခြင်း ကင်း မကင်း ဆိုသည့်အချက်ကိုစုံစမ်းရန်တာဝန်ရှိကြောင်း၊ ထိုသို့စုံးစမ်းခြင်းမပြုဘဲဝယ်ယူခဲ့လျှင် ဝယ်သူ၏တာဝန်သာဖြစ်ကြောင်း၊ ပေါင်နှံခြင်းမကင်းသည့်ပစ္စည်းဖြစ်လျှင် ဝယ်သူသည် ရောင်းသူ၏ အခွင့်အရေးကို ဆက်ခံသူအဖြစ် အပေါင်ရွေးနုတ်ရန် တာဝန်ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ဦးခင်မောင်ဦးက ဦးလှမြင့်ထံသို့ မြေကိုပေါင်နှံပြီးနောက်မှ ဦးခင်မောင်လင်းတို့က မြေကိုဝယ်ယူခြင်းဖြစ်၍ ဦးခင်မောင်လင်းတို့သည် ရောင်းသူဦးခင်မောင်ဦး၏အခွင့်အရေးနှင့်တာဝန်များကိုဆက်ခံသူများအဖြစ် အပေါင်ရွေးနုတ်ရန်တာဝန်ရှိကြောင်းဖြင့် ဆုံးဖြတ်ကာမန္တလေးခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ဇာရီမှုအမှတ် (၁၁/

၂၀၀၃
ဦးခင်မောင်လင်း
ပါ ၁၀
နှင့်
ဦးလှမြင့်
ပါ ၂

၂၀၀၁) ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်ခဲ့သည်။

နှစ်ဖက်လျှောက်လဲချက်ကြားနာရာတွင် အယူခံတရားလိုများ၏ရှေ့နေက အယူခံကိုခွင့်ပြုသင့်ပါကြောင်းတင်ပြပြီး အစဉ် (၁) အယူခံတရားပြိုင်၏ရှေ့နေက အယူခံကိုပလပ်သင့်ပါကြောင်းတင်ပြသည်။ အစဉ် (၂) အယူခံတရားပြိုင်သည် အကြောင်းကြားစာအတည်ဖြစ်သော်လည်း တရားရုံးချုပ်သို့ တစ်စုံတစ်ရာလာရောက်တင်ပြခြင်းမရှိပေ။

အယူခံတရားလိုက မန္တလေးတိုင်းတရားရုံး၏ တရားမပြင်ဆင်မှုတွင်ချမှတ်သောအမိန့်ကို အယူခံဝင်ရောက်လာခြင်းဖြစ်သည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၁) တွင် တရားရုံးတစ်ရုံးရုံးက မူလစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ချမှတ်သောဒီကရီအရပ်ရပ်ကို အယူခံဝင်ခွင့်ရှိသည်ဟုပြဋ္ဌာန်းထားသည်။ မန္တလေးတိုင်းတရားရုံးက ပြင်ဆင်မှုအာဏာကိုကျင့်သုံး၍ ချမှတ်သောအမိန့်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆(၁) အရ အယူခံဝင်ခွင့်ရှိသည်ဟု မဆိုနိုင်ပေ။ ဒေါ်ထိုက် နှင့် ဦးပေါ်ထွန်း ပါ-၂ အမှု[၁] ကိုရည်ညွှန်းသည်။ အယူခံဝင်ခွင့်မရှိသောအမိန့်ကို ပြင်ဆင်မှုလျှောက်ထားနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ တွင် ပြဋ္ဌာန်းထားသော်လည်း တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၈(ခ) အရ ဖြည့်စွက်ထားသည့် ယင်းဥပဒေပုဒ်မ၏ ခြွင်းချက်တွင် အဆိုပါဥပဒေပုဒ်မပါပြဋ္ဌာန်းချက်များသည် တရားရုံးတစ်ရုံးရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍သော်လည်းကောင်း၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍သော်လည်းကောင်း ဆုံးဖြတ်သည့်အမှုများနှင့် မသက်ဆိုင်စေရဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အယူခံတရားလိုများသည် မန္တလေးတိုင်းတရားရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာဖြင့် ချမှတ်သည့်အမိန့်ကို အယူခံမှုသော်လည်းကောင်း၊ ပြင်ဆင်မှုသော်လည်းကောင်း လျှောက်ထားပိုင်ခွင့်မရှိပေ။

သို့ဖြစ်၍ ဤတရားမအထွေထွေအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

စရိတ်သတ်မှတ်ခြင်းမပြု။

(၁) ၁၉၈၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၄၈

\+ ၂၀၀၃
အောက်တိုဘာလ
၃၁ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်တရားသူကြီးချုပ်ဦးအောင်တိုး၊
ဒုတိယတရားသူကြီးချုပ်ဦးခင်မောင်လတ်နှင့်
တရားသူကြီးဦးကျော်ဝင်းတို့ရှေ့တွင်

ဦးစိုးညွန့် (ခ) ဦးစိန်ညွန့် ပါ ၂
နှင့်
ဒေါ်ကြည်ကြည် *

ပစ္စည်းလက်ရောက်ရလိုမှုစွဲဆိုခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်တွင်ဝယ်သူနှစ်ဦး၏အမည်ကို ဖော်ပြထားရာတွင် မည်သူက မည်မျှအကျိုးသက်ဆိုင်သည်ဟူ၍လည်းကောင်း၊ အချိုးကျငွေ မည်သူကမည်မျှပေးခဲ့သည်ဟူ၍လည်းကောင်း မပါရှိလျှင် ၄င်းတို့သည်ဝယ်ယူသည့်ပစ္စည်းအပေါ် ညီတူမျှတူအကျိုးဆက်ခံ ပိုင်ဆိုင်ကြသည်ဟုမှတ်ယူရခြင်း၊ ပူးတွဲပိုင်ဆိုင်သူတစ်ဦးက မိမိ တစ်ဦးတည်းပိုင်ကြောင်း မထင်ရှားဘဲ ကျန်ပူးတွဲပိုင်ဆိုင်သူ အပေါ်ပစ္စည်းလက်ရောက်ရလိုမှု စွဲဆိုခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၄၅ အရ အသီးသီးပိုင်ဆိုင်ကြသည့်ငွေတွင် မည်သို့မည်ပုံအကျိုးသက်ဆိုင်မှုရှိသည်ဟုသော်လည်းကောင်း၊ အချိုးကျငွေမည်၍မည်မျှထုတ်ပေးခဲ့သည်ဟုသော်လည်းကောင်း၊ သက်သေမရှိလျှင် ၄င်းတို့သည်ပစ္စည်းအပေါ်ညီတူမျှတူအကျိုးဆက်ခံပိုင်ဆိုင်ကြသည်ဟု မှတ်ယူရမည်ဖြစ်သည်။

ယခုအမှုတွင်အယူခံတရားလိုဦးစိုးညွန့် (ခ) ဦးစိန်ညွန့်နှင့် အယူခံတရားပြိုင်ဒေါ်ကြည်ကြည်တို့သည် ၄င်းတို့အမည်ဖြင့်အချင်းဖြစ်မြေနှင့် အဆောက်အအုံကို မှတ်ပုံတင်စာချုပ်ချုပ်ဆို ဝယ်ယူရာတွင်

---

* ၂၀၀၂ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၄

\+ ၂၀၀၀ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ် ၀၃၆ တွင်ချမှတ်သော ၁၇-၁၀-၂၀၀၀ ပြည့်နှစ်၊ ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်နှင့် ဒီကရီကိုအထူးအယူခံမှု

၂၀၀၃
ဦးစိုးညွန့် (ခ)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

မည်သူကငွေမည်မျှထည့်ဝင်ဝယ်ယူကြောင်း ပေါ်ပေါက်ခြင်းမရှိသည့်အတွက် အချင်းဖြစ်ပစ္စည်းအပေါ်တွင် အညီအမျှအကျိုးဆက်ခံပိုင်ဆိုင်ကြသည်ဟုသာကောက်ယူရန်ရှိသည်။ ညီတူမျှတူပူးတွဲပိုင်ဆိုင်ခွင့်ရှိသည့်အခြေအနေတွင် ပူးတွဲပိုင်ဆိုင်သူတစ်ဦးက မိမိတစ်ဦးတည်းပိုင်ကြောင်း မထင်ရှားဘဲ ကျန်ပူးတွဲပိုင်ဆိုင်သူအပေါ် ပစ္စည်းလက်ရောက်ရလိုမှု စွဲဆိုခွင့်ရှိမည်မဟုတ်ချေ။

အယူခံတရားလိုများအတွက် - ကိုယ်တိုင်

အယူခံတရားပြိုင်များအတွက် - ဦးတင်အောင်
(တရားရုံးချုပ်ရှေ့နေ)

မန္တလေးတိုင်းတရားရုံး ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂၀ တွင်မူလရုံးတရားလိုဒေါ်ကြည်ကြည်က မူလရုံးတရားပြိုင်ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်နှင့် ဒေါ်နန်းခမ်းထွန်းတို့အပေါ် မြေနှင့်တိုက်မှဖယ်ရှားထွက်ခွာ၍ လက်ရောက်ရလိုမှုစွဲဆိုရာ ပလပ်ခြင်းခံရသည်။ မူလရုံးတရားလိုဒေါ်ကြည်ကြည်က တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၂၀၀၀ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၃၆ တွင် အယူခံဝင်ရောက်ရာ ဒေါ်ကြည်ကြည်စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိသည်။ မူလရုံးတရားပြိုင်ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်တို့က ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့်ပြုရန် တရားရုံးချုပ်တွင် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် ၄/၂၀၀၁ ကို တင်သွင်းသည့်အခါ ပလပ်ခြင်းခံရသည်။ သို့ရာတွင်တရားသူကြီးချုပ်က တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၂၀၀၀ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၃၆ အမှုတွင် အများပြည်သူအကျိုးငှာ အရေးယူလောက်သောပြဿနာပေါ်ပေါက်သည်ဟုယူဆသဖြင့် အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့်ပြန်လည်စစ်ဆေးစီရင်ရန် ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေးဥပဒေပုဒ်မ ၈ အရ ညွှန်ကြားခဲ့သည်-

" သက်သေခံအမှတ် (ခ) နှင့် (ဂ) အချင်းဖြစ်မြေနှင့် အဆောက်အအုံ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် အမှတ်

၂၀၀၃
ဦးစိုးညွန့် (ခ)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

၉၈၃/၈၃ တွင်ဝယ်ယူသူအဖြစ် ဒေါ်ကြည်ကြည်နှင့် မောင်စိုးညွန့်တို့အမည်ကို ဖော်ပြထားသော်လည်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဒေါ်ကြည်ကြည် တစ်ဦးတည်း မြေနှင့်အဆောက်အအုံကို ဝယ်ယူပိုင်ဆိုင်ကြောင်း သုံးသပ်ပြီး ယင်းမြေနှင့်အဆောက်အအုံကို ဒေါ်ကြည်ကြည်အား လက်ရောက်ပေးအပ်စေရန်ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေအရမှန်ကန်ခြင်းရှိ မရှိ။"

အဆိုလွှာတွင် အမှတ် (၁) တရားပြိုင်ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်နှင့် အမှတ် (၂) တရားပြိုင်ဒေါ်နန်းခမ်းထွန်းတို့မှာ တရားလို၏သားနှင့် ချွေးမတို့ဖြစ်ကြောင်း၊ တရားလိုသည်မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာရပ်၊ အကွက် (၅၈၀)၊ ဦးပိုင်အမှတ် (၆၁/၇) အမည်တွင်သော ဘိုးဘွားပိုင်မြေနှင့်မြေပေါ်ရှိအဆောက်အအုံကို မူလပိုင်ရှင်များထံမှ (၈-၉-၈၃) နေ့တွင် စရန်ငွေပေးစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီးနောက် မှတ်ပုံတင်စာချုပ်အမှတ် ၉၈၃/၈၃ ကိုချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါမှတ်ပုံတင်စာချုပ်တွင် ဝယ်ယူသူအဖြစ် ဒေါ်ကြည်ကြည်နှင့် သားဖြစ်သူအမှတ် (၁) တရားပြိုင်ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်တို့အမည်များ ကိုပူးတွဲဖော်ပြထားကြောင်း၊ တရားပြိုင်ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်ကို ဝယ်ယူသူအမည်နေရာ၌ထည့်ထားခြင်းမှာ အမည်ငှားအနေဖြင့် ပူးတွဲထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ တရားလိုသည် ၎င်းဝယ်ယူထားသည့်အချင်းဖြစ်မြေပေါ်ရှိအဆောက်အအုံ မီးလောင်ခံရပြီးနောက် ၁၉၈၄ ခုနှစ်တွင် (၃) ထပ်တိုက်တစ်လုံး ပြန်လည်ဆောက်လုပ်ခဲ့ပြီး တရားပြိုင်များအားနေထိုင်ခွင့်ပြုခဲ့ကြောင်း၊ တရားလိုအနေဖြင့် မန္တလေးသို့လာရောက်သည့်အခါမှသာအဆိုပါတိုက်တွင်နေထိုင်ကြောင်း၊ ၁၉၉၇ ခုနှစ်၊ နှစ်ဦးပိုင်းတွင် အချင်းဖြစ်မြေနှင့်တိုက်ကို တရားလိုသို့လက်ရောက်လွှဲပြောင်းပေးရန်ပြောကြားသည့်အခါ တရားပြိုင်များက ပေးအပ်ခြင်းမရှိကြောင်း၊ အချင်းဖြစ်မြေနှင့်တိုက်ကို တရားလိုမှလက်ရောက်ရထိုက်ကြောင်း အဆိုပြုသည်။

ချေပလွှာတွင် တရားပြိုင်များက အချင်းဖြစ်မြေနှင့်ယင်းမြေပေါ်ရှိအဆောက်အအုံကို ဝယ်ယူရန် (၈-၉-၈၃) နေ့တွင် တရားပြိုင်တို့၏ငွေကြေးဖြင့်စရန်ငွေပေးကတိစာချုပ်ပြုလုပ်ခဲ့ကြောင်း၊ ထိုစဥ်က တရားပြိုင်သည်နမ္မတူသတ္တုတွင်းမှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး မိခင်ဖြစ်သူ

တရားလိုမှာအခွန်ထမ်းတစ်ဦးဖြစ်သည့်အတွက် မိခင်အမည်ဖြင့်စရန်ငွေပေးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူအချင်းဖြစ်မြေနှင့်အိမ်ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၉၈၃/၈၃ ပြုလုပ်ဝယ်ယူသည့်အခါတွင်လည်း မိခင်မှာအခွန်ထမ်းဖြစ်သည့်အားလျော်စွာ မိခင်အမည်ကိုစာချုပ်တွင် ဝယ်ယူသူနေရာ၌ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်မြေပေါ်ရှိ မူလအိမ်ဟောင်းကို မီးလောင်သွားပြီးနောက်ပထမဦးစွာ အင်ဂျင်နီယာဦးကြင်သိန်းဖြင့် နှစ်ထပ်တိုက်ဆောက်လုပ်ခဲ့ကြောင်း၊ ထိုအဆောက်အအုံမပြီးမီ ဦးကြင်သိန်းမှထွက်ပြေးသွားသဖြင့် တရားပြိုင်တို့က လက်ရှိသုံးထပ်တိုက်ကို ဆောက်လုပ်ခဲ့ကြောင်း၊ ယခုအခါယင်းသုံးထပ်တိုက်တွင် တရားပြိုင်တို့က ရတနာရွှေစင်ဝင်း အမည်ဖြင့်တည်းခိုခန်းဖွင့်လှစ်လျက်ရှိကြောင်း၊ ထို့ကြောင့်တရားပြိုင်တို့ အချင်းဖြစ်တိုက်တွင်နေထိုင်ခြင်းသည် တရားလို၏ခွင့်ပြုချက်အရ နေထိုင်ခြင်းမဟုတ်ဘဲ မိမိတို့ပိုင်ရေးပိုင်ခွင့်အရ နေထိုင်ခြင်းသာဖြစ်ကြောင်း၊ တရားလိုသို့အချင်းဖြစ်တိုက်ကို လွှဲပြောင်းပေးရန်အကြောင်းမရှိကြောင်း၊ တရားလို၏စွဲဆိုမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်းချေပသည်။

တိုင်းတရားရုံးကအချင်းဖြစ်မြေနှင့်အိမ်ကို တရားပြိုင်ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်၏ငွေဖြင့်မှတ်ပုံတင်စာချုပ်အမှတ် ၉၈၃/၈၃ ပြုလုပ်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်သည် အချင်းဖြစ်မြေနှင့်အိမ်ကို အမည်ငှားအနေဖြင့် ဝယ်ယူခြင်းမဟုတ်ကြောင်း၊ အချင်းဖြစ်သုံးထပ်တိုက်ကိုလည်း ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်ကပင် ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင်ဒေါ်ကြည်ကြည်၏စွဲဆိုမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း ကောက်ယူလျက် ဒေါ်ကြည်ကြည်၏စွဲဆိုမှုကို ပလပ်ခဲ့သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဒေါ်ကြည်ကြည်သည် အချင်းဖြစ်မြေနှင့်အိမ်ကို ဝယ်ယူရန်ငွေအင်အားရှိသူဖြစ်ကြောင်း၊ ထိုအချိန်ကဦးစိုးညွန့် (ခ) ဦးစိန်ညွန့်သည် နမ္မတူသတ္တုတွင်းမှစာရေးအဖြစ်တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း၊ အချင်းဖြစ်မြေနှင့်အိမ်ကို ဝယ်ယူသည့် ၈-၉-၈၃ နေ့စွဲပါ စရန်ငွေပေးကတိစာချုပ် (သက်သေခံအမှတ်-က) တွင်စရန်ငွေပေးသူအမည်ကို ဒေါ်ကြည်ကြည်ဟုဖော်ပြထားကြောင်း၊ သို့ရာတွင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၉၈၃/၈၃

၂၀၀၃
ဦးစိုးညွန့် (ခ)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

၌ အချင်းဖြစ်မြေနှင့်အိမ်ကို ဝယ်ယူသူအဖြစ်ဒေါ်ကြည်ကြည်နှင့် မောင်စိုးညွန့်တို့နှစ်ဦး၏အမည်များကို ဖော်ပြထားကြောင်း၊ ယင်းစာချုပ်ကို မှတ်ပုံတင်သည့်အချိန်၌မူ ဦးစိုးညွန့်ကိုယ်စား ဒေါ်ကြည်ကြည်က လက်မှတ်ရေးထိုးခဲ့ကြောင်း၊ တရားလိုနှင့်တရားလိုပြသက်သေများ၏ ထွက်ဆိုချက်နှင့် တင်ပြသောသက်သေခံစာရွက်စာတမ်း အထောက်အထားများအရ အိမ်နှင့်မြေကို ဒေါ်ကြည်ကြည်ကသာဝယ်ယူခဲ့ခြင်းဖြစ်သည်ဟုဆိုနိုင်ကြောင်းသုံးသပ်လျက် တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ မူလရုံးတရားလိုဒေါ်ကြည်ကြည်အား အနိုင်ဒီကရီချမှတ်ပေးခဲ့သည်။

အမှတ် (၁) အယူခံတရားလိုက ဦးစိုးညွန့်နှင့်ဒေါ်ကြည်ကြည်၏အမည်ကို ဝယ်ယူသူများဟုဖော်ပြထားပြီး ပစ္စည်းကိုအဆုံးအပိုင်ဝယ်ယူသူများက အဖိုးငွေကိုလက်ငင်းအပြေအကြေပေးချေ၍ လက်ရောက်ဝယ်ယူလိုက်ကြောင်း၊ ရောင်းကြေးငွေကိုလက်ငင်းအပြေအကြေရရှိ၍ အဆောက်အအုံနှင့်ဘိုးဘွားပိုင်မြေကို လက်ရောက်လွှဲအပ် ရောင်းချလိုက်ကြောင်း အတိအလင်းရေးသားချုပ်ဆိုထားသောစာချုပ်သည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄၊ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ နှင့်အညီရေးသားချုပ်ဆိုထားသော စာချုပ်ဖြစ်ကြောင်း၊ ထို့ကြောင့်အယူခံတရားလိုဦးစိုးညွန့်သည် အယူခံတရားပြိုင်ဒေါ်ကြည်ကြည်နှင့်အတူ သက်သေခံ (ခ) နှင့် (၁) မှတ်ပုံတင်စာချုပ်အမှတ် ၉၈၃/၈၃ တွင် ဝယ်ယူသူအဖြစ် ဥပဒေအရထင်ရှားနေကြောင်း၊ တိုက်ဆောက်သည့်အချိန်မှာ ၁၅ နှစ်ကျော်ကာလပတ်လုံး အယူခံတရားလိုသည် ပစ္စည်းလက်ရှိထားပြီး အကျိုးအမြတ်အားလုံး စီမံခန့်ခွဲလျက်ရှိကြောင်း၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်း ၉၈၃/၈၃ သည်လည်း အယူခံတရားလို၏လက်ဝယ်၌သာရှိကြောင်း၊ မရွေ့မပြောင်းနိုင်သော ပစ္စည်းလက်ရောက်ရလိုမှုတွင် တရားပြိုင်သည်အခွင့်အရေးတစ်စုံတစ်ရာမရှိဘဲ နေထိုင်ကြောင်းသက်သေပြရန်လိုကြောင်း၊ အယူခံတရားပြိုင်တင်ပြထားသော သက်သေခံအမှတ် (ခ) အရဖူးတွဲပိုင်ရှင် ဦးစိုးညွန့်၊ ဒေါ်ကြည်ကြည်အမည်ပေါက်စာချုပ်အပေါ် အခြေခံ၍ဒေါ်ကြည်ကြည်တစ်ဦးတည်းသို့အချင်းဖြစ်မြေနှင့်အိမ်ကို လက်ရောက်ပေးပိုင်ခွင့်ရှိမည်မဟုတ်ကြောင်း၊ ဦးစိုးညွန့်သည်ပစ္စည်းပိုင်ဆိုင်မှု၊ အကျိုးခံစားမှုရှိသည့် ပြင်စာချုပ်စာတမ်းလက်ဝယ်ရှိသူ ပိုင်ရှင်တစ်ဦးဖြစ်နေသဖြင့် မှတ်ပုံတင်

၂၀၀၃
ဦးစိုးညွန့် (၁)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

စာချုပ်အမှတ် ၉၈၃/၈၃ သည်အမည်ငှား၊ အမည်ခံစာချုပ်တစ်ရပ် မဟုတ်ကြောင်း၊ ဒေါ်ကြည်ကြည်ကိုယ်တိုင်ကလည်း ယင်းစာချုပ်ကို အမည်ခံစာချုပ်အဖြစ် သက်သာခွင့်တောင်းဆိုခြင်း မရှိခြင်းကြောင့် ယင်းစာချုပ်အမှတ် ၉၈၃/၈၃ ကို မပယ်ဖျက်ဘဲ မူလရုံးတရားလို ဒေါ်ကြည်ကြည် တစ်ဦးတည်းလက်သို့ လက်ရောက်ပေးပိုင်ခွင့်မရှိကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက် အရဝယ်ယူသူနှစ်ဦးဖြစ်သော ဦးစိုးညွန့်နှင့်ဒေါ်ကြည်ကြည်တို့သည် အချိုးကျငွေစိုက်ထုတ်မှုမပေါ်လွင်သဖြင့် နှစ်ဦးအညီအမျှပိုင်ဆိုင်ကြောင်း၊ ထို့ကြောင့်တရားရုံးချုပ်ကအချင်းဖြစ်မြေနှင့် အဆောက်အအုံကိုအယူခံတရားပြိုင်ဒေါ်ကြည်ကြည် ဝယ်ယူပိုင်ဆိုင်ကြောင်းသုံးသပ်ချက်သည်ဥပဒေအရမှားယွင်းနေကြောင်း လျှောက်လဲသည်။

အယူခံတရားပြိုင်ရှေ့နေက သက်သေခံအမှတ် (ခ) နှင့် (ဂ) အချင်းဖြစ်မြေနှင့်အဆောက်အအုံ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် အမှတ် ၉၈၃/၈၃ တွင် ဝယ်သူအဖြစ်ဒေါ်ကြည်ကြည်နှင့် မောင်စိုးညွန့် အမည်ပါရှိခြင်း၊ မြေပုံတွင်အမည်ပေါက်ခြင်းဖြစ်သော်လည်း အချင်းဖြစ်မြေနှင့်အဆောက်အအုံကို ဝယ်ယူဆောက်လုပ်သည့်ငွေရှင် အစစ်အမှန် ပေါ်ပေါက်လာပါက ငွေရှင်သည်သာပစ္စည်းရှင်ဖြစ်လာမည်ဖြစ်ကြောင်း၊ စာချုပ်တစ်ခုသည် အမည်ငှားစာချုပ်သာဖြစ်သည်ဟု နှုတ်သက်သေတင်ပြခြင်းကို ပိတ်ပင်ခြင်းမရှိကြောင်း၊ စာချုပ်တွင်ဒေါ်ကြည်ကြည်က မြေဝယ်သည်ကိုမကြိုက်သောခင်ပွန်းဖြစ်သူ၏အမည်အား မထည့်ခြင်း၊ နမ္မတူတွင်နေသောသားနှစ်ဦး၏အမည်အားမထည့်ခြင်း၊ ရုံးကိစ္စနှင့် သက်ဆိုင်သည့်လုပ်ငန်းများပါဝင်နေသော စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ ရုံးကိစ္စအတွက် မန္တလေးသို့လိုက်လာသော သားဖြစ်သူဦးစိုးညွန့်၏အမည်ကို ထည့်ခြင်းသည် များစွာသဘာဝကျကြောင်း၊ အယူခံတရားလိုအနေဖြင့် အချင်းဖြစ်မြေနှင့်ပတ်သက်သော စာရွက်စာတမ်းများအားလုံး ၎င်းထံမရှိဘဲ စာချုပ်အမှတ် ၉၈၃/၈၃ တစ်ခုတည်းသာရှိနေခြင်းသည် အယူခံတရားပြိုင်မသိဘဲ ယူဆောင်သွား၍သာဖြစ်သည်ဟုယူဆသင့်ကြောင်း၊ အချင်းဖြစ်မြေနှင့်အဆောက်အအုံကို အမြင်အားဖြင့် အယူခံတရားလိုတို့၏ လက်ဝယ်တွင်ရှိကြောင်း၊ လက်ဝယ်ရှိခြင်းသည် ပိုင်ဆိုင်ခြင်းမဟုတ်ကြောင်း၊ ဦးစိုးညွန့်က တိုက်ပြီးလျှင်လာနေချင်သည်ဟုပြောသဖြင့် ဒေါ်ကြည်ကြည်က ၎င်းအားနေထိုင်

၂၀၀၃
ဦးစိုးညွန့် (ခ)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

ခိုင်းခြင်းဖြစ်ကြောင်း၊ အယူခံတရားပြိုင်သည် ကြွယ်ဝချမ်းသာသူဖြစ်သည့်အလျောက် အချင်းဖြစ်မြေကိုဝယ်နိုင်ပြီး တိုက်ဆောက်နိုင်သူဖြစ်ကြောင်း၊ တိုင်းတရားရုံးမှရောင်းကြေးငွေများကို ဦးစိုးညွန့်ကပေးချေကြောင်းသုံးသပ်ချက်သည် မှားယွင်းကြောင်း၊ အမည်ခံ၊ အမည်ငှားဖြစ်ကြောင်းထင်ရှားလာသည့်အခါ အမည်ခံအမည်ငှား၏ ဆိုင်ရေးဆိုင်ခွင့်များသည် ပျောက်ကွယ်သွားကြောင်း၊ ထိုကဲ့သို့သောအခြေအနေမျိုးတွင် ဒေါ်ကြည်ကြည်သည် လက်ရောက်ရလိုမှုစွဲဆိုခြင်းသည် မှန်ကန်ကြောင်း၊ အချင်းဖြစ်မြေနှင့်တိုက်ကို ဒေါ်ကြည်ကြည်ကသာ ဝယ်ယူဆောက်လုပ်ခဲ့သည်မှာ မှန်ကြောင်းသုံးသပ်ပြီး ဒေါ်ကြည်ကြည်သို့ လက်ရောက်ပေးအပ်စေရန် တရားရုံးချုပ်က ဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေအရမှန်ကန်မှုရှိကြောင်း လျှောက်လဲသည်။

အယူခံတရားလိုနှင့်အယူခံတရားပြိုင်တို့ အငြင်းပွားလျက်ရှိသည့်ပစ္စည်းမှာ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာရပ်၊ အကွက် (၅၈၀) ဦးပိုင်အမှတ် (၆၁/ခ) အမည်တွင်သော ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်ရှိ သုံးထပ်တိုက်အဆောက်အအုံဖြစ်သည်။ သုံးထပ်တိုက်အဆောက်အအုံမှာ မူလနေအိမ်အဟောင်းမီးလောင်ပြီးနောက်ဆောက်လုပ်ထားသည့်တိုက်အိမ်ဖြစ်သည်။

အချင်းဖြစ်မြေနှင့် ယင်းမြေပေါ်ရှိ မူလအိမ်ဟောင်းကို ၆-၁၀-၈၃ နေ့စွဲပါမှတ်ပုံတင်စာချုပ်အမှတ် ၉၈၃/၈၃ (သက်သေခံ-ခ) ပြုလုပ်ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းမှတ်ပုံတင်စာချုပ်မတိုင်မီက အချင်းဖြစ်မြေကိုဝယ်ယူရန် ၈-၉-၈၃ နေ့ပါ စရန်ငွေပေးစာချုပ် သက်သေခံအမှတ်-က စာချုပ်ချုပ်ဆိုခဲ့သည်။

အချင်းဖြစ်မြေကိုဝယ်ယူရန်ချုပ်ဆိုသည့် ၈-၉-၈၃ နေ့စွဲပါ စရန်ငွေပေးကတိစာချုပ်သက်သေခံအမှတ်-က တွင် အိမ်ဝယ်ယူသူ ဒေါ်ကြည်ကြည်ထံမှ စရန်ငွေကျပ် ၅၀၀၀၀/-ရရှိကြောင်းဖော်ပြထားသည်။

သို့ရာတွင်အချင်းဖြစ်မြေနှင့်ယင်းမြေပေါ်ရှိ အိမ်ဟောင်းကို အပြီးအပိုင်ဝယ်ယူသည့် (၆-၁၀-၈၃) နေ့စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင်မူအချင်းဖြစ်ပစ္စည်းကို ဝယ်ယူသူများမှာ ဒေါ်ကြည်ကြည်နှင့်သားဖြစ်သူမောင်စိုးညွန့် (ခ) မောင်စိန်ညွန့်တို့ဖြစ်ကြောင်း ရောင်းချသူများကဝယ်ယူသူများအား အဆုံးအပိုင်လက်ရောက်ရောင်းချ

၂၀၀၃
ဦးစိုးညွန့် (ခ) ဦးစိန်ညွန့် ပါ ၂ နှင့် ဒေါ်ကြည်ကြည်

လိုက်ကြောင်းဖော်ပြလျက် ရောင်းချသူများကအသီးသီးလက်မှတ်ရေးထိုးထားကြသည်။ သို့ဖြစ်ရာအချင်းဖြစ်မြေနှင့်မြေပေါ်ရှိအိမ်ဟောင်းကိုဝယ်ယူသူများမှာ မှတ်ပုံတင်စာချုပ်သက်သေခံအမှတ်-ခ အရ ဒေါ်ကြည်ကြည်နှင့်သားဖြစ်သူမောင်စိုးညွန့် (ခ) မောင်စိန်ညွန့်တို့နှစ်ဦးဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။

မူလမှုတွင်တရားပြိုင်ဦးစိုးညွန့်ကမိခင်ဖြစ်သူတရားလိုအားအရောင်းအဝယ်မှတ်ပုံတင်စာချုပ်တွင် အမည်ငှားအဖြစ်ထည့်သွင်းထားခြင်းဖြစ်သည်ဟုတင်ပြသကဲ့သို့ တရားလိုဒေါ်ကြည်ကြည်ကလည်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ်တွင် တရားပြိုင်ဦးစိုးညွန့်အား အမည်ငှားအဖြစ်ထည့်သွင်းခြင်းသာဖြစ်ကြောင်း အပြန်အလှန်စွပ်စွဲတင်ပြကြသည်ကိုတွေ့ရသည်။

အမည်ငှားအဖြစ်အရောင်းအဝယ်ပြုလုပ်ခြင်း ဟုတ် မဟုတ်စိစစ်ရာ၌ မည်သည့်အချက်များကိုစိစစ်သင့်ကြောင်း၊ **ဒေါ်အစုရာဘီ (ခ) ဒေါ်ချစ်တီးယား နှင့် ဒေါ်ဖာတူး (ခ) ဒေါ်မြမြဝင်းအမှု**[၁] တွင် အောက်ပါအတိုင်းညွှန်ပြထားသည်-

(က) အမည်ငှားစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရန်အကြောင်း ရှိ မရှိ၊

(ခ) နာမည်ငှားများနှင့်တကယ်တန်းဝယ်ယူသူတို့က ဆက်ဆံပုံအရ တကယ်တန်းဝယ်ယူသူက ထိုနာမည်ငှားများကိုရွေးချယ်ရန်အကြောင်း ရှိ မရှိ၊

(ဂ) ပစ္စည်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းများမည်သူ့ထံတွင်ရှိသနည်း၊

(ဃ) ပစ္စည်းသည်မည်သူ၏လက်ဝယ်တွင်ရှိသနည်း

(င) မည်သူ့ထံမှ အဖိုးငွေရရှိသနည်း။

အချင်းဖြစ်မြေနှင့်ယင်းမြေပေါ်ရှိ သုံးထပ်တိုက်တွင် ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်က ပထမဦးစွာဘော်ဒါဆောင်ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်းတွင် ရတနာရွှေစင်ဝင်းအမည်ဖြင့် တည်းခိုခန်းဖွင့်လှစ်လျက်လက်ရှိရယူထားကြောင်း အငြင်းမထွက်ပေ။ အချင်းဖြစ်မြေနှင့်ယင်းမြေပေါ်ရှိအိမ်ကိုဝယ်ယူသည့် ၆-၁၀-၈၃ နေ့စွဲပါမှတ်ပုံတင်အရောင်းအဝယ်စာချုပ်မူရင်းကို ဦးစိုးညွန့်က တရားရုံးသို့ သက်သေခံအထောက်အထား

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၈

၂၀၀၃
ဦးစိုးညွန့် (ခ)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

အဖြစ်တင်ပြနိုင်ခြင်းဖြင့် ယင်းစာချုပ်မူရင်းသည် ၎င်းတို့၏လက်ဝယ်တွင်ရှိသည်ဟု ယူဆနိုင်မည်ဖြစ်သည်။ ဒေါ်ကြည်ကြည်က အချင်းဖြစ်အိမ်နှင့်မြေကိုဝယ်ယူသည့် မှတ်ပုံတင်စာချုပ်မှာ ဘီဒိုထဲတွင်ထည့်၍သိမ်းဆည်းထားရာမှ ပျောက်သွားခဲ့ကြောင်းထွက်ဆိုထားသည်။ ၎င်း၏ထွက်ဆိုချက်အရအဆိုပါ မှတ်ပုံတင်စာချုပ်သည် မူလကင၎င်း၏လက်ဝယ်ရှိသည်ဟုဆိုလိုရာရောက်သည်။ သို့ရာတွင်မိမိ၏ဘီဒိုအတွင်း သိမ်းဆည်းထားသည့်မှတ်ပုံတင်စာချုပ် ပျောက်ဆုံးခြင်းနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုတစ်စုံတစ်ရာပြုလုပ်ခဲ့ကြောင်း မတွေ့ရပေ။ သို့ဖြစ်၍အဆိုပါစာချုပ်ပျောက်ဆုံးကြောင်း ဒေါ်ကြည်ကြည်၏တင်ပြချက်ကို အလွယ်တကူလက်ခံရန် သင့်မည်မဟုတ်ချေ။ ဤအခြေအနေတွင် အဆိုပါမှတ်ပုံတင်စာချုပ်သည် မူလကပင်ဒေါ်ကြည်ကြည်၏လက်ဝယ်တွင်ရှိနေခြင်းမဟုတ်ဘဲ ဦးစိုးညွန့်လက်ဝယ်၌သာရှိနေခြင်းဖြစ်သည်ဟုသာ ကောက်ယူရမည်ဖြစ်သည်။

အချင်းဖြစ်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်ဟောင်းကိုဝယ်ယူသည့်မှတ်ပုံတင်စာချုပ်တွင် ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်အား အမည်ငှားအဖြစ်ထည့်သွင်းရခြင်းမှာရုံးကိစ္စ၊ အိမ်ဆောက်သည့်ကိစ္စများတွင် လွယ်လင့်တကူဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ဒေါ်ကြည်ကြည်ကအဓိကအကြောင်းပြသည်။ သို့ရာတွင်အချင်းဖြစ်မြေနှင့်ယင်းမြေပေါ်ရှိ အိမ်ငယ်ကိုဝယ်ယူသည့်အချိန်က ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်သည် နမ္မတူသတ္တုတွင်းဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်နေဆဲဖြစ်ကြောင်း အငြင်းမပွားချေ။ သို့ဖြစ်ရာနမ္မတူသတ္တုတွင်းတွင် တာဝန်ထမ်းဆောင်နေသူဦးစိုးညွန့် (ခ) ဦးစိန်ညွန့်အား မန္တလေးရှိအချင်းဖြစ်မြေတွင် အိမ်ဆောက်ရန်ကိစ္စ၊ ရုံးကိစ္စများဆောင်ရွက်နိုင်ရန်အလို့ငှာ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်၌ အမည်ငှားအဖြစ်ထည့်သွင်းခဲ့ရပါသည်ဟူသောအကြောင်းပြချက်ကို ယုံကြည်လက်ခံနိုင်ရန်ခဲယဉ်းပေသည်။

အချင်းဖြစ်မြေနှင့်အိမ်ကိုဝယ်ယူရာ၌ မည်သူကငွေပေးချေခဲ့ရခြင်းနှင့်စပ်လျဉ်း၍ နှစ်ဘက်အပြိုင်အဆိုင်သက်သေထူကြသည်ကိုတွေ့ရသည်။ မြေနှင့်အိမ်တန်ဖိုးငွေကို ဒေါ်ကြည်ကြည်ပေးချေကြောင်း၊ ၎င်း၏တူအရင်းဖြစ်သူဦးမောင်မောင်လေးမှ ထွက်ဆိုသည်။ တစ်ဖက်တွင်အိမ်နှင့်မြေတန်ဖိုးငွေကို ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်မှ ပေးချေခဲ့ခြင်းဖြစ်ကြောင်း ဒေါ်သောင်းခင်နှင့်ဦးစိုးနိုင်တို့က ထွက်ဆိုကြသည်။ နှစ်ဖက်

၂၀၀၃
ဦးစိုးညွန့် (ခ)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

သက်သေများအနက်သက်သေဒေါ်သောင်းခင်မှာ တရားလိုတရားပြိုင်တို့နှင့်ခင်မင်ရင်းနှီးသည့်ပြင် ဆွေမျိုးတော်စပ်သည်ဟုလည်းမတွေ့ရသဖြင့်လွတ်လပ်သောသက်သေဟု ယူဆရန်ရှိပါသည်။ ၎င်း၏ထွက်ဆိုချက်အရ အချင်းဖြစ်အိမ်နှင့်မြေကို ဝယ်ယူရာ၌တန်ဘိုးငွေပေးချေသူမှာ ဦးစိုးညွန့် (ခ) ဦးစိန်ညွန့် ဖြစ်သည်ဟုကောက်ယူရန်ရှိပါသည်။

သို့ဖြစ်ရာ ၆-၁၀-၈၃ နေ့စွဲပါ ဘိုးဘွားပိုင်မြေနှင့်အိမ်ဟောင်းကိုလက်ရောက်အပိုင်အရောင်းအဝယ်စာချုပ်အရ အချင်းဖြစ်မြေနှင့်အိမ်ဟောင်းကိုဝယ်ယူရာ၌ ဝယ်ယူသူအဖြစ် ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်အမည်ကိုထည့်သွင်းထားခြင်းမှာ အမည်ငှားအဖြစ်ထည့်သွင်းခြင်းဖြစ်ကြောင်း ဒေါ်ကြည်ကြည်၏ တင်ပြချက်ကို လက်ခံရန်သင့်မည် မဟုတ်ချေ။

ဤအခြေအနေတွင် အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်တွင် ဝယ်ယူသူအဖြစ်ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်အမည်ပါဝင်နေပြီး ယင်းစာချုပ်ကိုစာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ နှင့်အညီမှတ်ပုံတင်ထားပြီးဖြစ်၍ ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်သည် အချင်းဖြစ်မြေ၏ပိုင်ရှင်မဟုတ်ဟုဆိုနိုင်မည် မဟုတ်ပေ။

အချင်းဖြစ်မြေကွက်တွင် မူလကရှိခဲ့သည့်အိမ်ဟောင်း မီးလောင်သွားပြီးနောက် ထိုနေရာတွင်သုံးထပ်တိုက်ဆောက်လုပ်ရာ၌ ဦးစိုးညွန့် (ခ) ဦးစိန်ညွန့်က ပြီးစီးသည့်အထိဆောက်လုပ်ခဲ့ရသည်ကို ဒေါ်ကြည်ကြည်ကဝန်ခံထားသည်။ ဤကဲ့သို့ဆောက်လုပ်ရာတွင် ဒေါ်ကြည်ကြည်က ငွေထုတ်၍ ဦးစိုးညွန့်အားဆောက်လုပ်စေခဲ့သည်ဆိုသော်လည်း ဒေါ်ကြည်ကြည်သည် အဆိုပါတိုက်၏ရှေ့မျက်နှာစာတွင် အခန်းမည်မျှရှိ၍ တိုက်၏ အရှေ့နှင့်နောက်ဘက်တွင် ဘယ်နှစ်ခန်းရှိသည်ကိုလည်းကောင်း၊ ငွေမည်မျှအကုန်အကျခံတည်ဆောက်ခဲ့သည်ကိုလည်းကောင်း ထွက်ဆိုနိုင်ခြင်းမရှိပေ။ ဤအခြေအနေတွင်အချင်းဖြစ် သုံးထပ်တိုက်သည်လည်းဒေါ်ကြည်ကြည် တစ်ဦးတည်းပိုင်တိုက်ဖြစ်ကြောင်း သက်သေအထောက်အထား ထင်ရှားခိုင်လုံမှုမရှိချေ။

အချင်းဖြစ်မြေနှင့်တိုက်တွင် နေထိုင်သူအား ဖယ်ရှားထွက်ခွာစေ၍ လက်ရောက်ရလိုကြောင်းစွဲဆိုမှုတွင် စွဲဆိုသူမူလရုံးတရားလို ဒေါ်ကြည်ကြည်သည်အချင်းဖြစ်မြေနှင့်တိုက်ကို ၎င်းတစ်ဦးတည်းပိုင်ဖြစ်ကြောင်း သက်သေထင်ရှားပြရန်လိုသည်။ **ဦးကြွားပါ-၇ နှင့် ဒေါ်တင်လှ**

၂၀၀၃
ဦးစိုးညွန့် (ခ)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

ပါ-၄ **အမှု** [၂] ကိုကြည့်ပါ။ ထိုသို့သက်သေထင်ရှားပြနိုင်ခြင်းမရှိလျှင် ၎င်းတောင်းဆိုသည့် သက်သာခွင့်ကိုရနိုင်ရန် အကြောင်းမရှိချေ။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၄၅ အရအသီးသီးပိုင်ဆိုင်ကြသည့်ငွေတွင် မည်သို့မည်ပုံအကျိုးသက်ဆိုင်မှုရှိသည်ဟုသော်လည်းကောင်း၊ အချိုးကျငွေမည်၍မည်မျှ ထုတ်ပေးခဲ့သည်ဟုသော်လည်းကောင်း၊ သက်သေမရှိလျှင်၎င်းတို့သည် ပစ္စည်းအပေါ် ညီတူမျှတူ အကျိုးဆက်ခံပိုင်ဆိုင်ကြသည်ဟု မှတ်ယူရမည်ဖြစ်သည်။

ယခုအမှုတွင်အယူခံတရားလိုဦးစိုးညွန့် (ခ) ဦးစိန်ညွန့်နှင့် အယူခံတရားပြိုင်ဒေါ်ကြည်ကြည်တို့သည် ၎င်းတို့အမည်ဖြင့်အချင်းဖြစ်မြေနှင့်အဆောက်အအုံကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူရာတွင် မည်သူက ငွေမည်မျှထည့်ဝင်ဝယ်ယူကြောင်း ပေါ်ပေါက်ခြင်းမရှိသည့်အတွက် အချင်းဖြစ်ပစ္စည်းအပေါ်တွင် အညီအမျှအကျိုးဆက်ခံပိုင်ဆိုင်ကြသည်ဟုသာကောက်ယူရန်ရှိသည်။ ညီတူမျှတူပူးတွဲပိုင်ဆိုင်ခွင့်ရှိသည့်အခြေအနေတွင် ပူးတွဲပိုင်ဆိုင်သူတစ်ဦးက မိမိတစ်ဦးတည်းပိုင်ကြောင်း၊ မထင်ရှားဘဲ ကျန်ပူးတွဲပိုင်ဆိုင်သူအပေါ် ပစ္စည်းလက်ရောက်ရလိုမှုစွဲဆိုခွင့်ရှိမည် မဟုတ်ချေ။

သို့ဖြစ်၍တရားရုံးချုပ်က အယူခံတရားပြိုင်ဒေါ်ကြည်ကြည်စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့်ဤအထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

" သက်သေခံအမှတ် (ခ) နှင့် (ဂ) အချင်းဖြစ်မြေနှင့်အဆောက်အအုံ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၉၈၃/၈၃ တွင်ဝယ်ယူသူအဖြစ် ဒေါ်ကြည်ကြည်နှင့် မောင်စိုးညွန့်တို့အမည်ကို ဖော်ပြထားသော်လည်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဒေါ်ကြည်ကြည်တစ်ဦးတည်း မြေနှင့်အဆောက်အအုံကို ဝယ်ယူပိုင်ဆိုင်ကြောင်း သုံးသပ်ပြီး ယင်းမြေနှင့်အဆောက်အအုံကို ဒေါ်ကြည်ကြည်အား လက်ရောက်ပေးအပ်စေရန်ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေအရမှန်ကန်ခြင်း မရှိပါ။"

(၂) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၃၉

ဤတရားမအထူးအယူခံကိုခွင့်ပြုပြီး တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ကာ တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်

ရှေ့နေစရိတ်ကျပ် ၃၀၀၀/-သတ်မှတ်သည်။

၂၀၀၃
ဦးစိုးညွန့် (ခ)
ဦးစိန်ညွန့်
ပါ ၂
နှင့်
ဒေါ်ကြည်ကြည်

+ ၂၀၀၃
စက်တင်ဘာလ
၁၉ ရက်

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး
### တရားသူကြီးများဖြစ်ကြသောဦးခင်မောင်အေးနှင့်
### ဦးထွန်းရှင်တို့၏ရှေ့တွင်

**ဦးတင်အောင်**

**နှင့်**

**ဦးဇော်ဝင်းဇော် (ခ) ဦးဇော်ဝင်း ပါ ၄ ***

ကိတ္တိမမွေးစားမှတ်ပုံတင်စာချုပ်အား ပယ်ဖျက်ပေးစေလိုမှုနှင့်အမွေပုံ ပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်း။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေးစားခြင်းသည်ပဋိညာဉ်ဖွဲ့ခြင်းဖြစ်၍ ပဋိညာဉ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် မွေးစားစာချုပ်ချုပ်ဆိုသူက ပယ်ဖျက်ပေးရန် တရားစွဲဆိုနိုင်ခြင်း။

၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နှင့်ထိုနေ့နောက်ပိုင်း ကိတ္တိမမွေးစားခြင်း တရားဝင် မဝင်စိစစ်ရာ၌ ကိတ္တိမသားသမီးမှတ်ပုံတင်ရေးအက်ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုမွေးစားခြင်း ဟုတ် မဟုတ်၊ မွေးစားစာချုပ်ချုပ်ဆိုရာတွင် ပဋိညာဉ်အက်ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ ကိုသာအဓိကထား၍ ဆုံးဖြတ်ရခြင်း။

ဆုံးဖြတ်ချက်။ ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေးစားခြင်းသည်ပဋိညာဉ်ဖွဲ့ခြင်းဖြစ်သည်။ ကိတ္တိမသားသမီးမွေးစားခြင်း မှတ်ပုံတင်ရေးအက်ဥပဒေအရ မွေးစားခြင်းမှာ ပဋိညာဉ်ပြုခြင်းဖြစ်သည်ဟု ပို၍အခိုင်အမာဆိုနိုင်သည်။ ဒေါ်မြမေ နှင့် ဒေါ်လှရင်ပါ ၇ ဦးအမှု(၁)

* ၂၀၀၃ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၀

\+ ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၄၆ တွင် ၉-၈-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု

ထိုကြည့်ပါ။ ထို့ကြောင့်မွေးစားစာချုပ်သည် မလျော်ဩဇာသုံးခြင်းစသည့် ပဋိညာဉ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် မွေးစားစာချုပ်ချုပ်ဆိုသူက ပယ်ဖျက်ပေးရန် တရားစွဲဆိုနိုင်သည်။

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

**ထပ်မံဆုံးဖြတ်ချက်။** ။ ၁၉၄၁ ခုနှစ်၊ မေြီလ ၁ ရက်နေ့နှင့်ထိုနေ့နောက်ပိုင်းကိတ္တိမမွေးစားခြင်း တရားဝင် မဝင် စိစစ်ရာ၌ ကိတ္တိမသားသမီးမှတ်ပုံတင်ရေးအက်ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုမွေးစားခြင်း ဟုတ် မဟုတ်၊ မွေးစားစာချုပ်ချုပ်ဆိုရာတွင် ပဋိညာဉ်အက်ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိကိုသာ အဓိကထား၍ ဆုံးဖြတ်ရန်ဖြစ်ပေသည်။ သေတမ်းစာမြောက်သော အကြောင်းအရာများမှာ မွေးစားစာချုပ်၌ပါသဖြင့် မွေးစားစာချုပ်ပျက်ပြယ်သည်ဟုဆိုလျှင် အထက်ဖော်ပြပါဥပဒေများကို ကျော်လွန်ဆုံးဖြတ်ရာ ရောက်မည်ဖြစ်သည်။

စာချုပ်ပထမပိုင်းမှာ ကိတ္တိမမွေးစားခြင်းနှင့်သက်ဆိုင်ပြီး ဒုတိယပိုင်း၌ဦးဇော်ဝင်းဇော်က မိမိသဘောလျောက် စီမံဆောင်ရွက်ပေးရန်ကိစ္စပါရှိရာ တစ်ပိုင်းက ကျန်တစ်ပိုင်းအပေါ် တည်ရှိခြင်းမရှိပေ။ မွေးစားခြင်းစာချုပ်ကို အထက်တွင်ဖော်ပြထားသည့်အတိုင်း တရားဥပဒေနှင့်အညီ ပြုလုပ်ထားသည်ဖြစ်၍ တရားဝင်မွေးစားစာချုပ်ဖြစ်ကြောင်းထင်ရှားပေသည်။ ဒေါ်မြင့်မြင့်ပိုင်သည့်ပစ္စည်းအချို့ကို ၎င်း၏ဆန္ဒနှင့်အညီ ီးဇော်ဝင်းဇော်က စီမံခန့်ခွဲပေးသတ်မှတ်ခြင်းသည် ထိုတရားဝင်နိုင်မှုကို ထိခိုက်ရန်အကြောင်းမရှိချေ။ သီးခြားကိစ္စရပ်များဖြစ်သည်။ ထိုပစ္စည်းများကို မွေးစားသားအမွေဆက်ခံစေလိုသောဆန္ဒမရှိဟုဆိုစေ ဒေါ်မြင့်မြင့်ကွယ်လွန်သောအခါ ဦးဇော်ဝင်းဇော်သည် အခြားပစ္စည်းများကို အမွေဆက်ခံရရှိမည်ဖြစ်ရာ ကိတ္တိမသားအဖြစ်မွေးစားကြောင်းသက်သေခံစာချုပ်၌ အတိအလင်း ဖော်ပြထားချက်သည် ဒေါ်မြင့်မြင့်ဆန္ဒအမှန်ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ပစ္စည်းအချို့ကို လှူဒါန်းရန်စီမံခြင်းကြောင့် ထိုဆန္ဒကိုမှေးမှိန်စေရန် အကြောင်းမရှိချေ။

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

အယူခံတရားလိုများအတွက် - ဒေါ်ခင်မေသန်း
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် - (၁) ဦးခင်ဇော်
(တရားရုံးချုပ်ရှေ့နေ)
(၂)(၃) ဦးဝင်းမြင့်
(တရားရုံးချုပ်ရှေ့နေ)
(၄) ဦးအောင်ကျော်မင်း
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၇၁ တွင် အယူခံတရားလိုဦးတင်အောင်က အယူခံတရားပြိုင် ဦးဇော်ဝင်းဇော် (ခ) ဦးဇော်ဝင်း ပါ-၄ ဦးတို့အပေါ် ကိတ္တိမမွေးစားမှတ်ပုံတင်စာချုပ်အားပယ်ဖျက်ပေးစေလိုမှုနှင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးကအမှုကိုပလပ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဦးတင်အောင်ကကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၄၆ အရအယူခံဝင်ရောက်ရာအောင်မြင်မှုမရခဲ့ပေ။ ထို့ကြောင့်ဦးတင်အောင်က တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့်ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

၁။ ဒေါ်မြင့်မြင့်က ဦးဇော်ဝင်းအား ကိတ္တိမသားအဖြစ်မှတ်ပုံတင်စာချုပ်ပြုလုပ်၍ မွေးစားခြင်းသည် အတည်မဖြစ်ကြောင်းအဆိုပြု၍ မွေးစားစာချုပ်ပယ်ဖျက်ပေးရန်နှင့် အမွေခွဲဝေပေးစေလိုမှုစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းသတ်ကာလရေတွက်ရာ၌ ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယားအမှတ်စဉ် ၉၁ နှင့်အကျုံးဝင်သည်ဟုသုံးသပ်ဆုံးဖြတ်ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်း ရှိ မရှိ၊

၂။ ဒေါ်မြင့်မြင့်က ဦးဇော်ဝင်းအား ကိတ္တိမသားအဖြစ် သက်သေခံ (၁) မှတ်ပုံတင်စာချုပ်ဖြင့်မွေးစားခြင်းသည်

ကိတ္တိမ မွေးစားခြင်း အက်ဥပဒေအရ လည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရလည်းကောင်း၊ မိမိ၏ အမွေပစ္စည်းကိုဆက်ခံစေရန်ရည်စူး၍ မွေးစားခြင်းဖြစ်သည်ဟုကောက်ယူနိုင်ခြင်း ရှိ မရှိ၊

၃။ တရားရုံးချုပ်က ကိတ္တိမမွေးစားခြင်းနှင့် သေတမ်းစာသဘောဆောင်သောသက်သေခံ (ခ) စာချုပ်အားနှစ်ပိုင်းခွဲခြား၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၇ နှင့် စပ်ဟပ်သုံးသပ်ကာကိတ္တိမမွေးစားခြင်း တရားဝင်ကြောင်းဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ၊

အဆိုလွှာအရ အယူခံတရားလိုဦးတင်အောင်က ၎င်း၏မိဘအရင်းများမှာ ဦးမောင်မောင်နှင့် ဒေါ်ကြည်ကြည်တို့ဖြစ်ကြကြောင်း၊ ဦးကျင်အောင်သည် ဦးဘထွန်းနှင့်ဒေါ်မြင့်မြင့်တို့၏ မွေးစားသားဖြစ်ပြီး ဦးမောင်မောင်မှာ ဦးဘထွန်း၏အစ်ကိုအရင်းဖြစ်ကြောင်း၊ အမှတ် (၁) အယူခံတရားပြိုင်ဦးဇော်ဝင်းသည် ဦးမောင်မောင်နှင့်ပထမအိမ်ထောင်မှ သားဖြစ်ကြောင်း၊ အမှတ် (၂) အယူခံတရားပြိုင်ဦးမြသွင်၏မိခင် ဒေါ်လှလှနှင့်အမှတ် (၃) အယူခံတရားပြိုင်ဒေါ်ရှင်ရှင်တို့သည် ဒေါ်မြင့်မြင့်၏ညီမအရင်းများဖြစ်ကြကြောင်း၊ ဦးဘထွန်းနှင့်ဒေါ်မြင့်မြင့်တို့၌ သားသမီး မထွန်းကားခဲ့သောကြောင့် ဦးတင်အောင်အား ၃/၄ နှစ်သားအရွယ်ကပင်ဦးဘထွန်း၊ ဒေါ်မြင့်မြင့်တို့ မွေးစားခဲ့ကြောင်း၊ ဦးတင်အောင်အားမောရစ်ဘထွန်းဟုအမည်ပေးကာ ကျောင်းအပ်စေပြီး မိဘအမည်မှာဦးဘထွန်း၊ ဒေါ်မြင့်မြင့်ဟုပြောစေခဲ့ကြောင်း၊ အလှူအတန်းလုပ်ရာတွင်လည်း အတွင်းဝန်ဦးဘထွန်း၊ ဒေါ်မြင့်မြင့်သား မောင်တင်အောင်ကောင်းမှုဟုကဗ္ဗည်းထိုးလှူဒါန်းခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ဦးဘထွန်း၊ ဒေါ်မြင့်မြင့်က ဦးတင်အောင်အား မသီဂီဆိုသောအမျိုးသမီးနှင့် အိမ်ထောင်ပြုပေးခဲ့ကြောင်း၊ ၁-၁-၈၀ နေ့တွင်ဦးဘထွန်းကွယ်လွန်ခဲ့ကြောင်း၊ ဒေါ်မြင့်မြင့်သည် မြရတနာဆေးခန်း၌ တက်ရောက်ကုသနေစဉ် တရားပြိုင်ဦးဇော်ဝင်းက မှတ်ပုံတင်အရာရှိအား ကော်မရှင်နာဖြင့် ဖန်တီး၍ကိတ္တိမမွေးစားစာချုပ်ကို ပြုလုပ်ပေးခဲ့ကြောင်း၊ ဦးတင်အောင်သည်ဦးဘထွန်း၊ ဒေါ်မြင့်မြင့်တို့၏ အပတိဋ္ဌသားဖြစ်၍ ထိုကိတ္တိမမွေးစားစာချုပ်သည် ဦးတင်အောင်အားများစွာ ထိခိုက်နစ်နာစေကြောင်း၊ သို့ဖြစ်၍ ၁၂-၉-၉၄ ရက်စွဲပါ ကိတ္တိမမွေးစားစာချုပ်ကို ပယ်ဖျက်ပေးပြီး

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(၁) ဦးဇော်ဝင်း
ပါ ၄

ဦးတင်အောင်အား အမွေဝေစု၏ ၂ ပုံ ၁ ပုံကိုခွဲဝေပေးရန်အဆိုပြုသည်။

အမှတ် (၁) အယူခံတရားပြိုင်ဦးဇော်ဝင်း၏ချေလွှာတွင် တရားလိုဦးတင်အောင်သည် ဦးဘထွန်း၊ ဒေါ်မြင့်မြင့်တို့အပေါ် မူးရူးရမ်းကားလေ့ရှိသဖြင့် အိမ်ထောင်ကျကတည်းက ဒေါ်မြင့်မြင့်ကနှင်ထုတ်ခဲ့၍ အိမ်ပေါ်မှဆင်းသွားခဲ့ရခြင်းဖြစ်ကြောင်း၊ ဒေါ်မြင့်မြင့်၏ဆန္ဒနှင့်အညီ ၁၂-၉-၉၄ နေ့တွင် ဦးဇော်ဝင်းအား ကိတ္တိမမွေးစားသားအဖြစ် မှတ်ပုံတင်အရာရှိရှေ့၌ မွေးစားစာချုပ်ကိုချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ဦးဇော်ဝင်းသည် ဒေါ်မြင့်မြင့်၏တစ်ဦးတည်းသော ကိတ္တိမသားဖြစ်ကြောင်းချေပသည်။

အမှတ် (၂)(၃) အယူခံတရားပြိုင်ဦးမြသွင်၊ ဒေါ်ရှင်ရှင်တို့က ချေလွှာတင်သွင်းခဲ့ခြင်း မရှိပေ။

အမှတ် (၄) အယူခံတရားပြိုင်ဦးမောင်မောင်ဦးက ဒေါ်မြင့်မြင့်သည်၎င်း၏ယာဉ်မောင်းအဖြစ် ဦးမောင်မောင်ဦးအားခန့်ထားခဲ့ရာမှ ဒေါ်မြင့်မြင့်နှင့်သိရှိခဲ့ကြောင်း၊ ဒေါ်မြင့်မြင့်ကသားအဖြစ် မွေးစားကာ တစ်အိုးတစ်အိမ်တည်းနေထိုင်စားသောက်ခဲ့ကြောင်းချေပသည်။

ရန်ကုန်တိုင်းတရားရုံးက တရားလိုဦးတင်အောင်သည် ဤအမှုကိုတရားစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း။ တရားလိုဦးတင်အောင်သည် ဒေါ်မြင့်မြင့်၏ အပတိဋ္ဌသားမဟုတ်သောကြောင့် တရားလိုဦးတင်အောင်စွဲဆိုအမှုအား ပလပ်ကြောင်းအမိန့်ချမှတ်သည်။

တရားရုံးချုပ်ကအမှုတွင် ပေါ်ပေါက်သည့်သက်သေခံချက်များအရဦးတင်အောင်သည် ဦးဘထွန်းနှင့်ဒေါ်မြင့်မြင့်တို့၏ အပတိဋ္ဌမွေးစားသားအဖြစ်ကောက်ယူနိုင်သော်လည်း မွေးစားမိဘနှင့်အတူ နေထိုင်ခြင်းမရှိ၍အမွေဆက်ခံခွင့်မရှိကြောင်း၊ သက်သေခံအမှတ် (၁) စာချုပ်သည် ကိတ္တိမမွေးစားခြင်းအပိုင်းနှင့်ဒေါ်မြင့်မြင့်၏ ကျန်ရစ်ပစ္စည်းများကို စီမံခန့်ခွဲသည့်အပိုင်းဟူ၍ နှစ်ပိုင်းရှိရာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၇ အရကိတ္တိမသားအဖြစ်မွေးစားခြင်း အစိတ်အပိုင်းမှာ တရားဝင်ကြောင်း၊ ဦးတင်အောင်သည် အပတိသားဖြစ်သည်ဟုယူဆနိုင်သည့်တိုင်အောင် ကိတ္တိမမွေးစားသားကျန်ရစ်သဖြင့် အမွေဆက်ခံခွင့်မရှိကြောင်း စသည်ဖြင့်သုံးသပ်ကာ မူလရုံးအမိန့်ကိုအတည်ပြု၍ အယူခံမှုကိုပလပ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက သက်သေခံအမှတ် (၁) မွေးစား

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

စာချုပ်ဆိုသည့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်သည်ဖြစ်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များနှင့်ငြိစွန်းသဖြင့် ယင်းစာချုပ်မှာပျက်ပြယ်၍ အတည်မဖြစ်သောစာချုပ် (Void) ဖြစ်ကြောင်း၊ တရားလိုက ကိတ္တိမမွေးစားစာချုပ်ပယ်ဖျက်ပေးစေလိုမှုဟုစွဲဆိုသော်လည်း အနှစ်သာရမှာ ယင်းမွေးစားစာချုပ်သည် ကနဦးကပင်ဥပဒေနှင့်မညီပျက်ပြယ်သော (Void) စာချုပ်ဖြစ်ကြောင်းဖြင့် စွဲဆိုခြင်းဖြစ်ကြောင်း၊ အမှု၏အနှစ်သာရမှာ ကွယ်လွန်သူမိခင်၏ကျန်ရစ်ပစ္စည်းများကိုအမွေပုံစီမံခန့်ခွဲပေးရန်သာဖြစ်ကြောင်း၊ ဤအမှုနှင့်သက်ဆိုင်သည့်ကာလစည်းကမ်းသတ်ဥပဒေမှာ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် (၉၁) ပါ အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိသည့်စာချုပ်စာတမ်းကို ပယ်ဖျက်ပေးစေလိုမှုတွင် အကျုံးမဝင်ဘဲအပိုဒ် ၁၄၄ ပါ ဤဇယားတွင် အခြားနည်းပြဋ္ဌာန်းချက်မပါသော မရွှေ့မပြောင်း နိုင်သောပစ္စည်းကိုဖြစ်စေ၊ အကျိုးခံစားခွင့်ကိုဖြစ်စေ ရလိုမှုတွင် ကျုံးဝင် လျှက်ရှိနေကြောင်းစသည်ဖြင့် လျှောက်လဲတင်ပြသည်။

အမှတ် (၁) အယူခံတရားပြိုင်ရှေ့နေက အယူခံတရားလို၏ အဆိုလွှာအရ စာချုပ်အားပယ်ဖျက်ပေးရန်စွဲဆိုထားမှုဖြစ်၍ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၉ နှင့်သက်ဆိုင်ပြီး ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ် ၉၁ နှင့်သာအကျုံးဝင်ကြောင်း၊ တရားလို၏တရားစွဲဆိုမှုမှာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၉ အရစွဲဆိုမှုဖြစ်ကြောင်းကို တရားရုံးချုပ်၏ ၁၉၉၈ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၃၄ တွင် အဆုံးအဖြတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပဋိညာဉ်ဥပဒေအရလည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ မကျန်းမာဖြစ်နေသူသည် ပဋိညာဉ်ပြုလုပ်ခွင့်မရှိဟု ပြဋ္ဌာန်းချက်မဟုတ်ကြောင်း၊ တစ်ဖန်တရားရုံးချုပ်ကလည်း ဒေါ်မြင့်မြင့်၏ လွတ်လပ်သောဆန္ဒအရ ချုပ်ဆိုခြင်းဖြစ်ကြောင်း၊ ဒေါ်မြင့်မြင့် မကျန်းမမာဖြစ်နေစဉ် ပြုလုပ်သည်ဆိုကာမျှဖြင့် ထိုစာချုပ်သည် မမှန်မကန်ပြုလုပ်ခဲ့သည်ဟုသုံးသပ်၍ မရနိုင်ပေဟု သုံးသပ်ဆုံးဖြတ်ခဲ့ကြောင်း၊ သက်သေခံအမှတ် (၁) ကိတ္တိမမွေးစားစာချုပ်မှာ ပဋိညာဉ်အက်ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ပြုလုပ်ခဲ့ကြောင်း၊ စာချုပ်၏ ပထမပိုင်းမှာ ဒေါ်မြင့်မြင့်က ဦးဇော်ဝင်းဇော်အား ကိတ္တိမသားအဖြစ် မွေးစားခြင်းဖြစ်ပြီး ဒုတိယပိုင်းဖြစ်သည့် စာချုပ်၏စာပိုဒ် (၄) မှာ ဦးဇော်ဝင်းဇော်က ဒေါ်မြင့်မြင့်

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

ကိုယ်တိုင်ရေစက်ချပြီးသည့်ကိစ္စကို တာဝန်ယူ၍ လှူဒါန်း ပေးရန်အပိုင်း ဖြစ်ရာ အဆိုပါအပိုင်း (၂) ရပ်တွင် တစ်ခုအပေါ် တစ်ခု တည်မှီနေခြင်း မရှိကြောင်း၊ သေတမ်းစာများမှာ သေတမ်းစာရေးသူ၏ဆန္ဒအရ ၄င်း ကွယ်လွန်ပြီးနောက်မှ သက်ဝင်အောင်ဆောင်ရွက် ရမည့်ကိစ္စရပ်များဖြစ်၍ သက်သေခံအမှတ် (၁) ကိတ္တိမမွေးစား စာချုပ်မှာ သေတမ်းစာ သဘောသက်ရောက်ခြင်း မရှိကြောင်းစသည်ဖြင့် လျှောက်လဲတင်ပြ သည်။

အမှတ် ၂၊ ၃ အယူခံတရားပြိုင်များ၏ရှေ့နေက ဤအထူး အယူခံမှုတွင် ကြားနာရန်ရှိသောဥပဒေပြဿနာများနှင့် ပတ်သက်၍ အယူခံတရားလိုဘက်သို့ အသာပေးဖြေဆိုဆုံးဖြတ်ပေးစေလိုကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြသည်။

အမှတ် ၄ အယူခံတရားပြိုင်၏ရှေ့နေက ဒေါ်မြင့်မြင့်က ဦးဇော်ဝင်းဇော်အား ကိတ္တိမသားအဖြစ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြုလုပ် ၍မွေးစားခြင်းသည် အတည်မဖြစ်ကြောင်းအဆိုပြု၍ မွေးစားစာချုပ် ပယ်ဖျက်ပေးရန်နှင့် အမွေခွဲဝေပေးရန်စွဲဆိုရာ ကာလစည်းကမ်းသတ် ရေတွက်ရာတွင် အမှတ်စဉ် ၉၁ နှင့်အကျုံးဝင်သည်ဟု တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်ခြင်းမှာ ဥပဒေအရမှန်ကန်မှုမရှိကြောင်း၊ ဒေါ်မြင့်မြင့် ကဦးဇော်ဝင်းဇော်အား ကိတ္တိမသားအဖြစ်သက်သေခံအမှတ် (၁) မှတ်ပုံ တင်စာချုပ်ဖြင့် မွေးစားခြင်းသည် ကိတ္တိမမွေးစားခြင်းအက်ဥပဒေအရ လည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ မိမိတို့၏ အမွေပစ္စည်းကိုဆက်ခံစေရန်ရည်စူး၍ မွေးစားခြင်းဖြစ်သည်ဟု ကောက်ယူနိုင်ခြင်းမရှိကြောင်း ပဋိညာဉ်ပြုလုပ်သူတို့သည် ပြဋ္ဌာန်း ဥပဒေကိုဖြစ်စေ၊ မိမိတို့နှင့်သက်ဆိုင်ရာဓလေ့ထုံးတမ်းမိသားစုဥပဒေ ကိုဖြစ်စေ၊ ပြောင်းလဲစေမည့်အဟောသိကံဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခု ကိုဆောင်ရွက်ခွင့်မရှိကြောင်း၊ သက်သေခံအမှတ် (၁) စာချုပ်မှာ ဥပဒေ နှင့်ဆန့်ကျင်သည့်ရည်ရွယ်ချက်ဖြင့် ဒေါ်မြင့်မြင့်နှင့်ဦးဇော်ဝင်းဇော်တို့ ပြုလုပ်ခဲ့ခြင်းဖြစ်ရာ မူလကပင်ပျက်ပြယ်နေသည့်စာချုပ်ဖြစ်ကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြသည်။

အယူခံတရားလိုဦးတင်အောင်က ကွယ်လွန်သူဦးဘထွန်း၊ ဒေါ်မြင့်မြင့်တို့၏ အပတိဋ္ဌသားအဖြစ် အဆိုပြု၍အမှတ် (၁) အယူခံ တရားပြိုင်ဦးဇော်ဝင်းဇော်အား ဒေါ်မြင့်မြင့်က မကွယ်လွန်မီကိတ္တိမ

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

သားအဖြစ်မွေးစားသည့် မှတ်ပုံတင်စာချုပ်ကို ပယ်ဖျက်ပေးရန်နှင့် ဒေါ်မြင့်မြင့်ကျန်ရစ်သော အမွေပုံပစ္စည်းစီမံခန့်ခွဲပေးရန် စွဲဆိုလာသည်။

အမှုတွင်တိုင်းတရားရုံးက "ဤအမှုကိုစွဲဆိုရန် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးဖြစ်သည်ဆိုခြင်းမှာ မှန်သလား၊" ဟူသော ပဏာမငြင်းချက်ထုတ်နုတ်ကြားနာ၍ အယူခံတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အမှတ်စဉ် ၉၁ နှင့် သက်ဆိုင်ခြင်းမရှိဘဲ အမှတ်စဉ် ၁၁၈ နှင့်အကျုံးဝင်သက်ဆိုင်ကြောင်း၊ သုံးသပ်ကာ ကာလစည်းကမ်းသတ် ၆ နှစ်ကျော်လွန်ခြင်းမရှိသေးကြောင်း၊ ဆုံးဖြတ်ခဲ့သည်။ တိုင်းတရားရုံး၏အမိန့်ကို မကျေနပ်၍ ဦးဇော်ဝင်းဇော်တို့က တရားရုံးချုပ်တွင် တရားမပြင်ဆင်မှုအမှတ် ၃၄၄/၉၈ တွင် ပြင်ဆင်မှုဝင်ရောက်သည့်အခါ တရားရုံးချုပ်က အယူခံတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၁၈ နှင့်မသက်ဆိုင်ဘဲ အမှတ်စဉ် ၉၁ နှင့်သာသက်ဆိုင်အကျုံးဝင်ကြောင်း၊ သို့ရာတွင်တရားစွဲဆိုရန်အကြောင်းစတင်ပေါ်ပေါက်သောနေ့ရက်ကို အယူခံတရားလိုနှင့်အယူခံတရားပြိုင်တို့က အငြင်းပွားလျက်ရှိရာ အဆိုအချေသက်သက်ဖြင့်ဆုံးဖြတ်ရန် မဖြစ်နိုင်ကြောင်း၊ နှစ်ဖက်သက်သေခံချက်များရယူပြီးမှ ကျန်ငြင်းချက်များနှင့်အတူ ဖြေဆိုဆုံးဖြတ်ရန်ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။

တိုင်းတရားရုံးက တရားရုံးချုပ်၏ညွှန်ကြားချက်နှင့်အညီ အဆိုပါ ကာလစည်းကမ်းသတ်ပြဿနာနှင့်စပ်လျဉ်း၍ သက်သေခံချက်ရယူပြီး နောက်ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အမှတ်စဉ် ၉၁ ၌ သတ်မှတ်ထားသောစည်းကမ်းသတ်ကာလ ၃ နှစ်ကျော်လွန်ပြီးမှစွဲဆိုခြင်း ဖြစ်ကြောင်းဆုံးဖြတ်ခဲ့သည်။

တရားရုံးချုပ်က ၂၀၀၂ ခုနှစ်၊ တရာမပထမအယူခံမှုအမှတ် ၁၇၆ တွင် တိုင်းတရားရုံးကချမှတ်သည့် စီရင်ချက်နှင့်ဒီကရီကို အတည်ပြုလိုက်ရာမှ ဤအထူးအယူခံမှုပေါ်ပေါက်လာခြင်းဖြစ်သည်။

အယူခံတရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၉၁ နှင့်သက်ဆိုင်ကြောင်း ချမှတ်သည့်ဆုံးဖြတ်ချက်ကို ထိုစဉ်ကအတည်ဖြစ်သောတရားစီရင်ရေးဥပဒေအရ အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းမရှိ၍ အတည်ဖြစ်လျက်ရှိသည်။ ထို့ပြင် တရားရုံးချုပ် ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး)

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

အမှတ် ၂၉ တွင် ၂၀၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၇၆ ကိုအပြီးအပြတ်ဆုံးဖြတ်သော စီရင်ချက်နှင့်ဒီကရီအပေါ် အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားမှုဖြစ်သည်။ ၁၉၉၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၃၄ တွင်ချမှတ်သောအဆုံးအဖြတ်အပေါ် အထူးအယူခံဝင်ခွင့်ပြုရန်လျှောက်သည့်အမှုမဟုတ်၍ ထိုပြင်ဆင်မှုတွင် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၉၁ နှင့်သက်ဆိုင်သည်ဟု ချမှတ်ထားသောအမိန့်ကို အထူးအယူခံဝင်ခွင့်ပြုခွင့်မရှိချေ။

ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၉၁ နှင့် ၁၁၈ တို့တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

| တရားမကြီးမှုအမျိုးအမည် | ကန့်သတ်သည့်ကာလ | အစပြု၍ရေတွက်ရမည့်အခါကာလ |
|---|---|---|
| ၉၁။ အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိသည့်စာချုပ်စာတမ်းကိုပယ်ဖျက်လိုမှု သို့တည်းမဟုတ် ပယ်ရှားလိုမှု | သုံးနှစ် | တရားလိုကစာချုပ်စာတမ်းကို ပယ်ဖျက်ပိုင်သော သို့တည်းမဟုတ် ပယ်ရှားပိုင်သော အကြောင်းအရာများကို တရားလိုက· သိရသည့်အခါမှစ၍ |
| ၁၁၈။ မွေးစားသည်ဟုအဆိုရှိသော မွေးစားခြင်းသည်အတည်မဖြစ်ကြောင်းကို သော်လည်းကောင်း မွေးစားဖူးခြင်းမရှိကြောင်းကို သော်လည်းကောင်း အတည့်အလင်း ထင်ရှားစေလိုမှု | ခြောက်နှစ် | မွေးစားသည်ဟုအဆိုရှိသော မွေးစားခြင်းကို တရားလိုသိသည်အခါက စ၍ |

ယင်းပြဋ္ဌာန်းချက်များအရ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၁၈ မှာ မွေးစားသည်ဟုအဆိုရှိသော မွေးစားခြင်းသည် အတည်မဖြစ်ကြောင်းကိုလည်းကောင်း၊ မွေးစားဖူးခြင်း မရှိကြောင်းကိုသော်လည်းကောင်း အတိအလင်းထင်ရှားစေလိုသည့် အမှု

များနှင့်သက်ဆိုင်သည်ဖြစ်ရာ ယခုအမှုနှင့်မသက်ဆိုင်ကြောင်း ယုံမှားဖွယ်မရှိချေ။ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၉၁ ပါ အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိသည့်စာချုပ်စာတမ်းကို ပယ်ဖျက်လိုမှုဟူသောစကားရပ်ကိုထောက်ချင့်၍ အခြားနည်းပြဋ္ဌာန်းထားသည့် အမှတ်စဉ် ၁၁၈ နှင့်မသက်ဆိုင်သည့်ကတစ်ကြောင်း၊ အခြားအမှတ်စဉ်နှင့်သက်ဆိုင်ကြောင်း တင်ပြနိုင်ခြင်းမရှိသည်ကတစ်ကြောင်းကြောင့် စွဲဆိုသောအမှုသည်အမှတ် ၉၁ နှင့်သက်ဆိုင်ကြောင်း တရားရုံးချုပ်ပြင်ဆင်မှုတွင်ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ကာလစည်းကမ်းသတ်ကို မည်သည့်နေ့ရက်တွင် စတင်ရေတွက်ရမည်ကို ဆက်လက်စိစစ်ရန်ဖြစ်သည်။

ဒေါ်မြင့်မြင့်က သက်သေခံအမှတ် (၁) ကိတ္တိမမွေးစားစာချုပ်ချုပ်ဆို၍ဦးဇော်ဝင်းဇော်အား မွေးစားခဲ့သည်ဆိုခြင်းမှာ အမှုတွင် အငြင်းမပွားပေ။ ဒေါ်မြင့်မြင့်မကျန်းမာ၍ ဆေးရုံတက်ရောက်ကုသနေစဉ် မကွယ်လွန်မီရက်ပိုင်းအလို၌ ကိတ္တိမမွေးစားစာချုပ်ချုပ်ဆိုကြောင်း အဆိုပြု၍မွေးစားစာချုပ်ပယ်ဖျက်ပေးရန် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၃၉ အရ စွဲဆိုခြင်းဖြစ်သည်။

သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၃ ၏ အောက်ဆုံးအပိုဒ်တွင် ပဋိညာဉ်အက်ဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော သီးခြားသက်သာခွင့်အက်ဥပဒေပါစကားအရပ်ရပ်သည် ထိုအက်ဥပဒေအရဖော်ပြထားသည့်အတိုင်းအဓိပ္ပါယ်အသီးသီးဆောင်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၃၉ ပါ ပျက်ပြယ် (Void) သို့မဟုတ် ဖျက်သိမ်းလိုက (Voidable) ဖျက်သိမ်းခွင့်ဟူသောစကားရပ်တို့၏ အဓိပ္ပါယ်များသည် ပဋိညာဉ်ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ အတိုင်းဖြစ်ပေသည်။

ယေဘူယျအားဖြင့် စာချုပ်တစ်ရပ်ကိုချုပ်ဆိုသူ တစ်ဘက်ဘက်ကသာလျှင် ပဋိညာဉ်အက်ဥပဒေအရ ပျက်ပြယ်စေသည့် သို့မဟုတ် ဖျက်သိမ်းလိုလျှင် ဖျက်သိမ်းခွင့်ရရှိစေသည်အကြောင်းအချက်အရ စာချုပ်ကိုပယ်ဖျက်ပေးရန် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၃၉ အရ တရားစွဲဆိုခွင့်ရှိသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေးစားခြင်းသည် ပဋိညာဉ်ဖွဲ့ခြင်းဖြစ်သည်။ ကိတ္တိမသားသမီးမွေးစားခြင်းမှတ်ပုံတင်ရေး အက်

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(၁) ဦးဇော်ဝင်း
ပါ ၄

ဥပဒေအရမွေးစားခြင်းမှာ ပဋိညာဉ်ပြုခြင်းဖြစ်သည်ဟုပို၍ အခိုင်အမာဆိုနိုင်သည်။ ဒေါ်မြမေ နှင့် ဒေါ်လှရင် ပါ-၇ ဦးအမှု(၁) ကိုကြည့်ပါ။ ထို့ကြောင့်မွေးစားစာချုပ်သည် မလျော်ကြဲဖဲ့သုံးခြင်းစသည့် ပဋိညာဉ်အက်ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် မွေးစားစာချုပ်ချုပ်ဆိုသူက ပယ်ဖျက်ပေးရန် တရားစွဲဆိုနိုင်သည်။

အဆိုလွှာပါ အဆိုပြုချက်များအရ အချင်းဖြစ်စာချုပ်ကိုပယ်ဖျက်ခွင့်ရှိသူမှာ စာချုပ်ချုပ်ဆိုသူ ဒေါ်မြင့်မြင့်ဖြစ်သည်။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၂(ဂ) တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

> " တရားလိုဆိုသည်မှာ တရားစွဲဆိုနိုင်သောအခွင့်အရေးကို တရားလိုအားတိုက်ရိုက်သော်လည်းကောင်း တစ်ဆင့်သော်လည်းကောင်း သက်ဆင်းစေသောသူပါဝင်သည်။"

အယူခံတရားလိုဦးတင်အောင်သည် အဆိုပြုစွဲဆိုသည့်အတိုင်းကွယ်လွန်သူဒေါ်မြင့်မြင့်၏အပတိဋ္ဌသားဖြစ်ခဲ့လျှင် မွေးစားမိခင်အားစာချုပ်ပယ်ဖျက်စေရန် တရားစွဲဆိုနိုင်သောအခွင့်အရေးကို ဆက်ခံရရှိသူဖြစ်သည်။ သို့ဖြစ်ရာအမှတ်စဉ် ၉၀ ပါ တရားလိုဟူသောစကားရပ်တွင် ဒေါ်မြင့်မြင့်လည်းပါဝင်သည့်အလျောက် ဒေါ်မြင့်မြင့်ကစွဲဆိုခွင့်ရသည့်နေ့မှစ၍ ကာလစည်းကမ်းသတ် ရေတွက်ရမည်ဖြစ်သည်။ သက်သေခံမွေးစားစာချုပ်ကို ၁၂-၉-၉၄ ရက်နေ့တွင် ချုပ်ဆိုခြင်းဖြစ်ရာ ဦးတင်အောင်သည် ယခုအမှုကို ၃၁-၁၀-၉၇ ရက်နေ့တွင်မှ စွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ် ၃ နှစ်ကျော်လွန်နေကြောင်း ထင်ရှားသည်။

သက်သေခံ ကိတ္တိမမွေးစားစာချုပ် ချုပ်ဆိုထားကြောင်းကိုဦးမြသွင်နှင့်ဒေါ်ရှင်ရှင်တို့က ဦးဇော်ဝင်းဇော်အပေါ် ရန်ကုန်တိုင်းတရားရုံး ၁၉၉၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၃ အရစွဲဆိုသည့်အခါ ၁၉၉၅ ခုနှစ်အတွင်း အယူခံတရားလိုက သိရှိသည့်နေ့သည် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၉၁ ၏ စာတိုင် ၃ ပါစာချုပ်စာတမ်းကို ပယ်ဖျက်ပိုင်သောအကြောင်းအရာများကို တရားလိုသိရှိသည့်နေ့မဟုတ်ချေ။

---

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၃၇

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

ထို့ကြောင့်၎င်းအထူးအယူခံရုံးကကြားနာလျက်ရှိသော အမှတ် (၁) ပြဿနာကို အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

၁။ ဒေါ်မြင့်မြင့်က ဦးဇော်ဝင်းအား ကိတ္တိမသားအဖြစ်မှတ်ပုံတင်စာချုပ်ပြုလုပ်၍ မွေးစားခြင်းသည် အတည်မဖြစ်ကြောင်းအဆိုပြု၍ မွေးစားစာချုပ်ပယ်ဖျက်ပေးရန်နှင့် အမွေခွဲဝေပေးစေလိုမှုစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းသတ်ကာလရေတွက်ရာ၌ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၉၁ နှင့်အကျုံးဝင်သည်ဟုသုံးသပ်ဆုံးဖြတ်ခြင်းသည် ဥပဒေအရမှန်ကန်ကြောင်း။"

တစ်ဖန်သက်သေခံအမှတ် (၁) အရ ဒေါ်မြင့်မြင့်က အမှတ် (၁) အယူခံတရားပြိုင်အား မွေးစားခြင်းသည် တရားဝင်မဝင် ဆက်လက်သုံးသပ်ရန်ဖြစ်သည်။

ဒေါ်မြင့်မြင့်က ဦးဇော်ဝင်းဇော်အား သက်သေခံအမှတ် (၁) အရ ၁၂-၉-၉၄ ရက်နေ့တွင် အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်ကိုချုပ်ဆိုခဲ့ကြောင်းပေါ်ပေါက်သည်။

အယူခံတရားလိုက ဒေါ်မြင့်မြင့်သည် မြရတနာဆေးခန်းတွင် ဆေးဝါးကုသနေစဉ် အသက်ရှင်ရန်မျှော်လင့်ချက်မရှိသည့်အချိန်၌ ဦးဇော်ဝင်းဇော်က အခွင့်ကောင်းယူ၍ မွေးစားစာချုပ်ချုပ်ဆိုကြောင်း၊ ဒေါ်မြင့်မြင့်အနီးတွင် အယူခံတရားလိုမရှိသည့်အချက်ကို အသုံးချခဲ့ကြောင်း ကော်မရှင်နာနှင့်ဖန်တီး၍ စာချုပ်ချုပ်ဆိုခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုအပါအဝင် ဆွေမျိုးသားချင်းများကို အသိပေးခြင်း မရှိဘဲ တိတ်တဆိတ်ချုပ်ဆိုခြင်း၊ စာချုပ်မှာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ သော်လည်းကောင်း၊ ပဋိညာဉ်ဥပဒေအရသော်လည်းကောင်း ညီညွတ်ခြင်းမရှိဘဲ သေတမ်းစာဆန်ဆန်ချုပ်ဆိုထား၍ တရားမဝင်ပျက်ပြယ်ကြောင်း စသည်ဖြင့်တင်ပြထားသည်။

**မကြိုင် နှင့် မအုန်းကြည် ပါ-၅ အမှု**[၂] တွင် အောက်ပါအတိုင်းထုံးပြုထားသည်။

" The customary Law relating to keittima adoption has now been erystalized in the Act, and once a deed of adoption, duly executed, attested, and registered under the Act is pro duced, the fact of keittima adoption is estab

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

lished, and that is the end of the matter."

ယခုအမှုတွင်ဦးဇော်ဝင်းဇော်အား ကိတ္တိမသားအဖြစ်မွေးစားရာတွင် ကိတ္တိမသားသမီးများ မွေးစားခြင်းမှတ်ပုံတင်ရေးအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်ကြောင်း တွေ့ရသည်။ သို့ဖြစ်၍အထက်ပါစီရင်ထုံး၌ပြဆိုထားသည့်အတိုင်း မွေးစားခြင်းအထမြောက်သည်။ စီရင်ထုံးပါ That is the end of the matter ဟူသောထုံးဖွဲ့ချက်ကိုထောက်ချင့်၍ ပဋိညာဉ်အက်ဥပဒေပြဋ္ဌာန်းချက်ပါ ပဋိညာဉ်ကိုဖျက်စေသည့်အကြောင်းတစ်ရပ်ရပ်နှင့်ငြိစွန်းသည့်ကိစ္စများမှတစ်ပါး အယူခံတရားလိုအဆိုပြုသော အခြားအချက်များကို စိစစ်ဆုံးဖြတ်ရန် မလိုတော့ချေ။

မွေးစားသူက တိတ်တဆိတ်မွေးစားသည်ဆိုသော ပြဿနာကို မကြိုင် နှင့် မအုန်းကြည် ပါ ၆ အမှု[၂] ၌ အခိုင်အမာထုံးဖွဲ့ပေးပြီးဖြစ်၍ထပ်မံဆုံးဖြတ်ရန်မလိုတော့ချေ။

သက်သေခံစာချုပ်အပိုဒ် (၃) ၌ အောက်ပါအတိုင်းဖော်ပြထားသည်-

> " ဦးဇော်ဝင်းဇော်အား ကျွန်မ၏သားအရင်းနှင့်မခြား ချစ်မြတ်နိုးသည့်အတွက် အမွေစားအမွေခံကိတ္တိမသားအဖြစ်မွေးစားဖြစ်ပါသည်။ မွေးစားခြင်းခံသူ ဦးဇော်ဝင်းဇော် အနေဖြင့်လည်း မိမိဦးလေးတော်သူနှင့်ဇနီးတို့က မိမိအပေါ် နှစ်ပေါင်း ၆၀ မျှ မိဘအရင်းသဖွယ် ချစ်ခြင်းမေတ္တာကြောင်းခံ၍ စောင့်ရှောက်ခဲ့ရာမှ ယခုကဲ့သို့ ကိတ္တိမသားအဖြစ်မွေးစားခြင်းကို ကျေနပ်ဝမ်းမြောက်စွာ လက်ခံပါကြောင်း ဝန်ခံကတိပြုပါသည်။ ဦးဇော်ဝင်းဇော်သည်အရွယ်ရောက်ပြီးဖြစ်သည့်အတိုင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်လည်းကောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေနှင့် လည်းကောင်း အညီအညွတ်ဖြစ်စေရန် အောက်တွင် ကိုယ်တိုင်ဝန်ခံလက်မှတ်ရေးထိုးပါသည်။"

ဤအချက်ကိုထောက်ရှုခြင်းအားဖြင့် ဒေါ်မြင့်မြင့်က သက်သေ

(၂) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၈၄

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(၁) ဦးဇော်ဝင်း
ပါ ၄

ခံအမှတ် (၁) ကိတ္တိမမွေးစားစာချုပ်ကို မိမိသဘောဆန္ဒအလျောက် အမွေပစ္စည်းကိုဆက်ခံစေရန်ရည်စူး၍ ချုပ်ဆိုကြောင်းပေါ်ပေါက်သည်။

ထို့ပြင်စာချုပ်ကို အသိသက်သေအဖြစ်လက်မှတ်ရေးထိုးသူ သက်သေများ၏ထွက်ဆိုချက်များအရ ဒေါ်မြင့်မြင့်သည် စာချုပ်ချုပ်ဆိုချိန်တွင်သတိကောင်းစွာရှိကြောင်း၊ ပေါ်လွင်သည့်အပြင် ဆရာဝန်ဒေါက်တာဒေါ်မြမြအေးက ဒေါ်မြင့်မြင့်သည် သတိကောင်းစွာရှိကြောင်းပြောပြသဖြင့် မှတ်ပုံတင်အရာရှိက စာချုပ်ကိုမှတ်ပုံတင်ပေးခြင်းဖြစ်ကြောင်း ထင်ရှားသည်။ အယူခံတရားလိုစွပ်စွဲသကဲ့သို့ ဦးဇော်ဝင်းဇော်ကမလျော်ကြံဇာသုံး၍ ဒေါ်မြင့်မြင့်မကျန်းမာစဉ် မွေးစားစာချုပ်ချုပ်ဆိုကြောင်း မပေါ်ပေါက်ပေ။ ထို့ကြောင့်မွေးစားစာချုပ်သည် ပဋိညာဉ်အက်ဥပဒေနှင့်လည်း ညီညွတ်ကြောင်းတွေ့ရသည်။

ကိတ္တိမမွေးစားစာချုပ်အပိုဒ် ၄ တွင် ဦးဇော်ဝင်းဇော်က ဒေါ်မြင့်မြင့်သို့ပစ္စည်းအချို့ကို မည်ကဲ့သို့စီစဉ်ဆောင်ရွက်ရမည်ကို ဖော်ပြထားသည်။ ထို့ကြောင့်သေတမ်းစာဆန်ဆန်ရေးသားချုပ်ဆိုထားသဖြင့် ယင်းစာချုပ်သည် တရားမဝင်ပျက်ပြယ်သည်ဟု အယူခံတရားလိုဘက်မှ အဆိုပြုထားသည်။

၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နှင့်ထိုနေ့နောက်ပိုင်း ကိတ္တိမမွေးစားခြင်း တရားဝင်မဝင် စိစစ်ရာ၌ ကိတ္တိမသားသမီးမှတ်ပုံတင်ရေးအက်ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုမွေးစားခြင်း ဟုတ် မဟုတ် မွေးစားစာချုပ်ချုပ်ဆိုရာတွင် ပဋိညာဉ်အက်ဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ ကိုသာအဓိထား၍ ဆုံးဖြတ်ရန်ဖြစ်ပေသည်။ သေတမ်းစာမြောက်သောအကြောင်းအရာများမှာ မွေးစားစာချုပ်၌ပါသဖြင့် မွေးစားစာချုပ်ပျက်ပြယ်သည်ဟုဆိုလျှင် အထက်ဖော်ပြပါ ဥပဒေများကို ကျော်လွန်ဆုံးဖြတ်ရာရောက်မည်ဖြစ်သည်။

စာချုပ်ပထမပိုင်းမှာ ကိတ္တိမမွေးစားခြင်းနှင့်သက်ဆိုင်ပြီး ဒုတိယပိုင်း၌ ဦးဇော်ဝင်းဇော်က မိမိသဘောဆန္ဒအလျောက် စီမံဆောင်ရွက်ပေးရန်ကိစ္စပါရှိရာ တစ်ပိုင်းကကျန်တစ်ပိုင်းအပေါ် တည်ရှိခြင်းမရှိပေ။ မွေးစားခြင်းစာချုပ်ကို အထက်တွင်ဖော်ပြထားသည့်အတိုင်းတရားဥပဒေနှင့်အညီ ပြုလုပ်ထားသည်ဖြစ်၍ တရားဝင်မွေးစားစာချုပ်ဖြစ်ကြောင်း ထင်ရှားပေသည်။ ဒေါ်မြင့်မြင့်ပိုင်သည့်ပစ္စည်း အချို့

ကို ၎င်း၏ဆန္ဒနှင့်အညီ ဦးဇော်ဝင်းဇော်က စီမံခန့်ခွဲပေးရန် သတ်မှတ်ခြင်းသည် ထိုတရားဝင်ခိုင်မာမှုကို ထိခိုက်ရန်အကြောင်းမရှိချေ။ သီးခြားကိစ္စရပ်များဖြစ်သည်။ ထိုပစ္စည်းများကိုမွေးစားသား အမွေဆက်ခံစေလိုသောဆန္ဒ မရှိဟုဆိုစေဦး ဒေါ်မြင့်မြင့်ကွယ်လွန်သောအခါ ဦး ဇော်ဝင်းဇော်သည် အခြားပစ္စည်းများကို အမွေဆက်ခံရရှိမည်ဖြစ်ရာ ကတ္တိမသားအဖြစ် မွေးစားကြောင်း သက်သေခံစာချုပ်ရာ၌ အတိအလင်းဖော်ပြထားချက်သည် ဒေါ်မြင့်မြင့် ဆန္ဒမှန်ဖြစ်ကြောင်း ပေါ်ပေါက် သည်။ ပစ္စည်းအချို့ကိုလှူဒါန်းရန်စီမံခြင်းကြောင့် ထိုဆန္ဒကို မှေးမှိန်စေရန်အကြောင်းမရှိနိုင်ပေ။

ထို့ကြောင့်အထူးအယူခံခုံရုံးက ကြားနာလျက်ရှိသောအမှတ် (၂) ပြဿနာကိုအောက်ပါအတိုင်းဖြေဆိုလိုက်သည်-

၂။ ဒေါ်မြင့်မြင့်က ဦးဇော်ဝင်းဇော်အားကိတ္တိမသားအဖြစ် သက်သေခံအမှတ် (၁) မှတ်ပုံတင်စာချုပ်ဖြင့် မွေးစားခြင်းသည် ကိတ္တိမမွေးစားခြင်း အက်ဥပဒေအပိုဒ် -၄ တွင် ပြဋ္ဌာန်းထားသည့်တိုင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိမိ၏အမွေပစ္စည်းကို ဆက်ခံစေရန်ရည်စူး၍ မွေးစားခြင်းဖြစ်သည် ဟုကောက်ယူနိုင်ကြောင်း။

အမှတ် ၃ ပြဿနာကို ဖြေဆိုရန်မလို အပ်တော့သဖြင့် ဖြေဆိုခြင်းမပြုတော့ပေ။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အယူခံတရားလိုသည် ဒေါ်မြင့်မြင့်၏အပတိဋ္ဌသားဖြစ်သည့်တိုင်အောင် ကိတ္တိမသားဖြစ်သည့် အမှတ် (၁) တရားပြိုင်ဦးဇော်ဝင်းဇော်နှင့်ယှဉ်၍ ဒေါ်မြင့်မြင့်၏အမွေကိုဆက်ခံခွင့်ရှိမည် မဟုတ်ချေ။ မွေးစားမိဘတွင် သားရင်းသမီးရင်း ကိတ္တိမသားသမီးများ မကျန်ရစ်မှသာ အပတိဋ္ဌသားသမီးများက မွေးစားမိဘအမွေကို မွေးစားမိဘ၏ဆွေမျိုးများနှင့် တစ်ဝက်စီခွဲဝေယူရန်ဖြစ်သည်။ **မသန်းညွန့် နှင့် ဒေါ်ရွှေတင်အမှု**[၃] ကိုကြည့်ပါ။ ကိတ္တိမမွေးစားသား ဦးဇော်ဝင်းဇော်ရှိနေသည့်အတွက် ဦးတင်အောင်အနေဖြင့် ဒေါ်မြင့်မြင့်၏အမွေကို ဆက်ခံခွင့်ရှိရန်အကြောင်း မရှိချေ။

အထက်ပါအကြောင်းများကြောင့် တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီသည် မှန်ကန်သဖြင့် ဤအထူးအယူခံခုံရုံးအနေဖြင့် ဝင်ရောက်

---

(၃) ရန်ကုန်အတွဲ ၁၄ စာ ၅၁၃

**စွက်ဖက်ရန်မရှိချေ။**

**ထို့ကြောင့်ဤတရားမအထူးအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွပလပ်လိုက်သည်။**

**ရှေ့နေစရိတ်ကျပ် ၃၀၀၀/- သတ်မှတ်သည်။**

၂၀၀၃
ဦးတင်အောင်
နှင့်
ဦးဇော်ဝင်းဇော်
(ခ) ဦးဇော်ဝင်း
ပါ ၄

+ ၂၀၀၃
ဒီဇင်ဘာလ
၃၁ ရက်

**တရားမပြင်ဆင်မှု**

**တရားရုံးချုပ်တရားသူကြီးဦးတင်အေး၏ရှေ့တွင်**

**ဦးထွန်းထွန်း ပါ ၃**
**နှင့်**
**မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ ဟင်္သာတမြို့)** *

**ဇာရီမှုတွင် မရွှေ့မပြောင်းနိုင်သောအပေါင်ပစ္စည်းကို ရောင်းချခြင်း၊ ရောင်းချပြီးအပေါင်ပစ္စည်းကို ရွေးနုတ်ခွင့်ပြုရန်လျှောက်ထားခြင်း၊ အပေါင်ရွေးနုတ်ခွင့်ပြုရန်လျှောက်ထားသူက ပစ္စည်းဝယ်ယူထားသူ (purchaser) သို့ပေးရမည့်နစ်နာကြေး (Compansatory amount) ကို တရားရုံးသို့ တင်သွင်းရ ခြင်း၊ နစ်နာကြေးတွက်ချက်ရာ၌ လိုက်နာရမည့် ပြဋ္ဌာန်းချက်များ။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ တွင် ပြဋ္ဌာန်းထားသည့်နည်းဥပဒေများမှာ ယေဘုယျပြဋ္ဌာန်းချက်များသာဖြစ်ပြီး အပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချခြင်းအတွက်ပြဋ္ဌာန်းထားသောအမိန့် ၃၄ မှာ အပေါင်မှုများအတွက် သီးခြားပြဋ္ဌာန်းချက်ဖြစ်ရာ အပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းချခြင်းကိစ္စတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄ ပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာရန်ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလေလံတင်ရောင်းချပြီးနောက် ရောင်းချခြင်းကို အတည်ပြုသည့်လက်မှတ် (Sale Certificate) မထုတ်ပေးရသေးမီ အဆိုပါရောင်းချသည့်ပစ္စည်းပိုင်ဆိုင်သူ (သို့မဟုတ်) ယင်းပစ္စည်းတွင် အကျိုးခံစားခွင့်ရှိသူ

---

* ၂၀၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်၊ ၂၃၀

\+ ၂၀၀၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀ တွင် ချမှတ်သော ၄-၇-၂၀၀၃ ရက်စွဲပါ ရေဝတီတိုင်းတရားရုံး၏အမိန့်ကို မကျေနပ်သဖြင့်ပြင်ဆင်မှု

၂၀၀၃
ဦးထွန်းထွန်း
ပါ ၃
နှင့်
မန်နေဂျာ
( မြန်မာ့
စီးပွားရေးဘဏ်
ဟင်္သာတမြို့)

တစ်ဦးတစ်ယောက်က ရောင်းချခြင်းကို ပယ်ဖျက်စေလိုပါက လေလံဆွဲဝယ်ရရှိသူ (Auction purchaser) သို့ဝယ်ယူသည့်ငွေ (Purchase-momey) အပေါ် ၅% ပေးသွင်းခြင်းဖြင့် အရောင်းပယ်ဖျက်ပေးရန် လျှောက်ထားနိုင်ခွင့်ရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၈၉(၁)(က) တွင် ယေဘူယျပြဋ္ဌာန်းထားသကဲ့သို့ အပေါင်ဒီကရီအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချသည့်ကိစ္စ၌ ရောင်းချခြင်းကို အတည်မပြုမီ (before the confirmation of the sale) ပေါင်သူက ဖြစ်စေ၊ အပေါင်ပစ္စည်းအားရွေးနုတ်ပိုင်ခွင့်ရှိသူတစ်ဦးဦးကဖြစ်စေ အပေါင်ရွေးနုတ်ခွင့်ပြုပါရန် လျှောက်ထားနိုင်ခွင့်ရှိပြီး ယင်းသို့လျှောက်ထားရာတွင် လေလံဆွဲဝယ်သူက ဝယ်ယူသည့်ငွေ (Purchase-momey) များအနက်အမှန်တကယ် တရားရုံးသို့ပေးသွင်းပြီးဖြစ်သောငွေ၏ ၅% (Five precent of the purchase-momey (if any) paid into Court by the purchaser) ကို ဇာရီရုံးသို့ပေးသွင်းရမည်ဖြစ်ကြောင်း၊ အပေါင်ပစ္စည်းရောင်းချမှုများအတွက် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်း ၃(၂) ၏ ခြွင်းချက်တွင်ပြဋ္ဌာန်းထားရာ အဆိုပါသီးခြားပြဋ္ဌာန်းချက်ကို လိုက်နာရန်လိုအပ်ကြောင်း တရားရုံးများက သတိပြုရန်လိုအပ်ပေသည်။

အယူခံတရားလိုများအတွက် - ဒေါ်စန္ဒာသိန်း
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် - ဦးခင်မောင်သန်း
လက်ထောက်ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး၊

ဧရာဝတီတိုင်းတရားရုံး၊ ၂၀၀၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ် ၁၀ တွင် တရားနိုင်ဟင်္သာတမြို့၊ မြန်မာစီးပွားရေးဘဏ်မန်နေဂျာက တရားရှုံးများဖြစ်ကြသော ဦးထွန်းထွန်း၊ ဒေါ်သန်းသန်းမိုးနှင့်ဦးဘသန့်တို့အပေါ် ဧရာဝတီတိုင်းတရားရုံး၊ ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁ တွင်ရရှိသည့်အပေါင်ပစ္စည်းရောင်းချရန်နှင့် အပြီးသတ်ဒီကရီကို အတည်ပြုဆောင်ရွက်ပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက တရားရှုံးများပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ဆန်စက်နှင့်မြေ

၂၀၀၃
ဦးထွန်းထွန်း
ပါ ၃
နှင့်
မန်နေဂျာ
( မြန်မာ
စီးပွားရေးဘဏ်၊
ဟင်္သာတမြို့)

တို့အား ၅-၁၂-၂၀၀၂ နေ့ကလေလံတင်ရောင်းချခဲ့ရာ ဦးသိန်းဝင်း ဆိုသူကငွေကျပ် ၇၈ သိန်းဖြင့်လေလံဆွဲဝယ်ယူခဲ့ပြီး လေလံဆွဲဝယ်ယူသည့်နေ့တွင် လေလံဆွဲဝယ်ငွေကျပ် ၇၈ သိန်း အနက်မှ ငွေကျပ် ၁၉၅၀၀၀၀/- ကိုရုံးသို့ပေးသွင်းခဲ့သည်။ ထို့နောက်တရားရှုံးများက ဒီကရီကျငွေများကိုပေးသွင်းပြီး တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၈၉ အရရောင်းချခြင်းအား ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက ၁၀-၁-၂၀၀၃ နေ့တွင် အချင်းဖြစ်ပစ္စည်းများ လေလံဆွဲဝယ်ငွေကျပ် ၇၈ သိန်းအပေါ် လျော်ကြေးငွေ ၅% ဖြင့် ငွေကျပ် ၃၉၀၀၀၀/-ပေးစေရန်အမိန့်ချမှတ်ခဲ့သည်။ တရားရှုံးများက တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ (၃)(၂) ခြွင်းချက်ပါပြဋ္ဌာန်းချက်အရ လေလံဆွဲဝယ်သူက အမှန်တကယ် တရားရုံးသို့ပေးသွင်းထားပြီးဖြစ်သောငွေကျပ် ၁၉၅၀၀၀၀/-အပေါ်တွင်သာ ၅%တွက်ချက်၍ ကျသင့်သည့်လျော်ကြေးငွေ ပေးသွင်းခွင့်ပြုရန်လျှောက်ထားရာ တိုင်းတရားရုံးက လျှောက်ထားချက်ကိုပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ တရားရှုံးများဖြစ်ကြသည့် ဦးထွန်းထွန်း၊ ဒေါ်သန်းသန်းမိုးနှင့် ဦးဘသန့်တို့က တိုင်းတရားရုံး၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့၍တရားမပြင်ဆင်မှုကိုတင်သွင်းသည်။

တိုင်းတရားရုံးကတရားရှုံးများမှ ဟင်္သာတမြို့၊ မြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းရမည့်ဒီကရီကျငွေကျပ် ၆၀၅၇၇၆၀ကျပ်၉၆ပြားကို ပေးဆပ်မည်ဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၈၉ နှင့်အညီ လေလံဆွဲဝယ်ယူခြင်းအား ရပ်ဆိုင်းပေးခဲ့ပြီးဖြစ်သည့်အပြင် တရားရှုံးများမှလေလံဆွဲဝယ်သူသို့ ဒီကရီကျငွေကျပ် ၇၈ သိန်းအပေါ် လျော်ကြေးငွေ ၅%ဖြစ်သည့်ငွေကျပ် ၃၉၀၀၀၀/- အားပေးစေရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခဲ့ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၃၄ နည်းဥပဒေ ၃(၂) နှင့်အညီဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားရှုံးများလျှောက်ထားသည့်အတိုင်း လျော်ကြေးငွေပြင်ဆင်သတ်မှတ်ပေးရန်မှာ ဥပဒေပြဋ္ဌာန်းချက်ကို ကျော်လွန်၍လွှမ်းဆောင်ရာရောက်သည့်အပြင် တရားရုံးကဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ တရားမျှတသဖြင့် လက်ခံရန်အကြောင်းမရှိကြောင်းသုံးသပ်ပြီးလျှောက်လွှာကိုပလပ်ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ရှေ့နေက တရားမကျင့်ထုံးဥပဒေအမိန့်

၃၄ နည်းဥပဒေ ၃(၂) တွင်ပြဌာန်းထားချက်အရ ဝယ်ယူသူက တရားရုံး တွင် ပေးသွင်းသောဝယ်ယူသည့်ငွေဆိုသည်မှာ အမှန်တကယ်ပေးသွင်း ငွေကိုဆိုလိုကြောင်း၊ တရားရုံးတွင်ပေးသွင်းသည်ဖြစ်စေ၊ မပေးသွင်း သည်ဖြစ်စေ၊ ဝယ်ယူသည့်ငွေတစ်ရပ်လုံးမဟုတ်ကြောင်း၊ ဝယ်ယူသူ၊ လူ တစ်စိမ်းသည် တရားရုံးတွင် အမှန်တကယ်ပေးသွင်းသည့်ငွေပမာဏ အပေါ်တွင်သာ ၅%ရနိုင်ပြီး အပြီးသတ်လေလံဆွဲငွေအဖြစ်လက်ခံသော ငွေပမာဏအပေါ်မရနိုင်ကြောင်း၊ ထို့ကြောင့်မူလရုံးသည် လေလံဆွဲဝယ် ယူသူမှ တရားရုံးတွင် အမှန်တကယ်ပေးသွင်းထားရှိပြီးဖြစ်သော ငွေကျပ် ၁၉၅၀၀၀၀/- အပေါ်လျော်ကြေးငွေပေးဆောင်ရန် အမိန့်ချမှတ်ခြင်း မပြုဘဲ လေလံဆွဲဝယ်ငွေတစ်ရပ်လုံးဖြစ်သည့် ငွေကျပ် ၇၈ သိန်းအပေါ် တွင် ၅%နှင့်ညီမျှသော လျော်ကြေးငွေကျပ် ၃၉၀၀၀၀/-ကိုတရားရုံး များက ပေးဆောင်ရန်အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ဆန့်ကျင် ကြောင်းလျှောက်လဲတင်ပြသည်။ | ၂၀၀၃ ဦးထွန်းထွန်း ပါ ၃ နှင့် မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ ဟင်္သာတမြို့)

လျှောက်ထားခံရသူ ဟင်္သာတမြို့၊ မြန်မာ့စီးပွားရေးဘဏ် အတွက် ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ယခုအမှုတွင် လျှောက်ထားသူများအနေဖြင့် ဒီကရီကျငွေများကို ပေးသွင်းပြီးဖြစ်၍ လျှောက်ထားခံရသူတွင် နစ်နာမှုတစ်စုံတစ်ရာမရှိကြောင်း၊ ဝယ်ယူသူက တရားရုံးတွင်ပေးသွင်းထားသော ဝယ်ယူသည့်အဖိုးငွေ (ရှိလျှင်) ၏ ၅%နှင့်ညီမျှသော လျော်ကြေးငွေဟူ၍ ဥပဒေတွင်ပြဌာန်းထားသည့် အတွက်လေလံဆွဲဝယ်ယူငွေကျပ် ၇၈ သိန်းအပေါ် ၅%တွက်ချက်၍ လျော်ကြေးပေးစေရန် ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းမှုမရှိသဖြင့် ပြင်ဆင် မှုကိုပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

ဤအမှုတွင် လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပြီးနောက် လေလံဆွဲဝယ်သူသို့လျော်ကြေးပေးရန်အတွက် လျော်ကြေးငွေတွက်ချက် သတ်မှတ်ရာတွင် လေလံဆွဲဝယ်ယူငွေတစ်ရပ်လုံး၏ ၅%အပေါ်၌ တွက်ချက်သတ်မှတ်ရန်လိုအပ်ခြင်း ရှိ မရှိ သို့မဟုတ် တရားရုံးသို့ အမှန် တကယ် ပေးသွင်းထားသော လေလံဆွဲဝယ်ငွေ၏ ၄ ပုံ ၁ ပုံဖြစ်သည့်ငွေ ကျပ် ၁၉၅၀၀၀၀/- အပေါ်တွင် ၅%တွက်ချက်တောင်းခံရန် လို မလို အဆုံးအဖြတ်ပြုရန်ဖြစ်သည်။

ဇာရီမှုတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်း ရောင်းချခြင်းနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၈၂ မှ

၂၀၀၃
ဦးထွန်းထွန်း
ပါ ၃
နှင့်
မန်နေဂျာ
( မြန်မာ့
စီးပွားရေးဘဏ်၊
ဟင်္သာတမြို့)

၁၀၃ အထိတွင်လည်းကောင်း၊ အပေါင်ဒီကရီအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းချမည့်ကိစ္စနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်းဥပဒေ ၁ မှ ၃ အထိတွင်လည်းကောင်း ပြဋ္ဌာန်းထားသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ တွင် ပြဋ္ဌာန်းထားသည့်နည်းဥပဒေများမှာ ယေဘူယျပြဋ္ဌာန်းချက်များ သာဖြစ်ပြီးအပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချခြင်းအတွက် ပြဋ္ဌာန်းထားသော အမိန့် ၃၄ မှာအပေါင်မှုများအတွက် သီးခြားပြဋ္ဌာန်းချက်ဖြစ်ရာ အပေါင်ဒီကရီပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းချခြင်းကိစ္စတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄ ပါပြဋ္ဌာန်းချက်များအရသာ လိုက်နာရန်ဖြစ်ပေသည်။

ဇာရီမှုများတွင်ဒီကရီပါပစ္စည်းကို လက်ရောက်ပေးအပ်ခြင်း၊ အချင်းဖြစ်ပစ္စည်းကို ဝရမ်းအပ်၍ဖြစ်စေ ဝရမ်းမအပ်ဘဲဖြစ်စေရောင်းချခြင်း၊ တရားရုံးအားဖမ်းဆီး၍ တရားမထောင်ချခြင်း၊ ပစ္စည်းထိန်းခန့်အပ်၍ဆောင်ရွက်စေခြင်းနှင့် အမှုအမျိုးအစားကိုလိုက်၍ အခြားနည်းလိုက်နာဆောင်ရွက်စေခြင်းအစရှိသော နည်းလမ်း ၅ သွယ်အနက် ဇာရီရုံးကသင့်လျော်ရာနည်းလမ်းဖြင့် ဆောင်ရွက်ခွင့်ရှိသည်။

သို့ဖြစ်ရာဇာရီရုံးအနေဖြင့် နည်းလမ်းရွေးချယ်ဆောင်ရွက်ရာ၌ အတည်ပြုရမည့်ဒီကရီအမျိုးအစားနှင့် မူလတရားမကြီးမှု၏သဘောသဘာဝ (nature of the suit) ကို အထူးသတိပြုရန်လိုအပ်ပေသည်။

ယခုအမှုမှာ မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများကို သက်ဆိုင်ရာဘဏ်တွင် အပေါင်ထား၍ငွေချေးသောအမှု (suit for mortgage by depositing the title deed) ဖြစ်ပြီး အပေါင်ခံသူဘဏ်က ပေါင်နှံသူအပေါ် တိုးရင်းငွေပေးဆပ်ရန် သို့တည်းမဟုတ် ပေါင်နှံထားသည့်မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချ၍ပေးအပ်စေရန်စွဲဆိုသည့်အတိုင်း ရရှိခဲ့သော အနိုင်ဒီကရီအား အတည်ပြုပေးရန်ဖွင့်လှစ်သောဇာရီမှုဖြစ်သည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လေလံတင်ရောင်းချပြီးနောက် ရောင်းချခြင်းကို အတည်ပြုသည့်လက်မှတ် (Sale certificate) မထုတ်ပေးရသေးမီ အဆိုပါရောင်းချသည့် ပစ္စည်းပိုင်ဆိုင်သူ (သို့မဟုတ်) ယင်းပစ္စည်းတွင်အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်က ရောင်းချခြင်းကို ပယ်ဖျက်စေလိုပါက လေလံဆွဲဝယ်ရရှိသူ (Auction purchaser)

သို့ဝယ်ယူသည့်ငွေ (purchase-money) အပေါ် ၅%ပေးသွင်းခြင်းဖြင့် အရောင်းပယ်ဖျက်ပေးရန် လျှောက်ထားနိုင်ခွင့်ရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၈၉(၁)(က) တွင် ယေဘူယျပြဋ္ဌာန်းထားသကဲ့သို့ အပေါင်ဒီကရီအရ မရွေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချသည့်ကိစ္စ၌ ရောင်းချခြင်းကိုအတည်မပြုမီ (before the confirmation of the sale) ပေါင်သူကဖြစ်စေ၊ အပေါင်ပစ္စည်းအား ရွေးနုတ်ပိုင်ခွင့်ရှိသူတစ်ဦးဦးကဖြစ်စေ အပေါင်ရွေးနုတ်ခွင့်ပြုပါရန် လျှောက်ထားနိုင်ခွင့်ရှိပြီး ယင်းသို့လျှောက်ထားရာတွင် လေလံဆွဲဝယ်သူက ဝယ်ယူသည့်ငွေ (purchase-money) များအနက်အမှန်တကယ် တရားရုံးသို့ပေးသွင်းပြီးဖြစ်သောငွေ၏ ၅% (five percent of the purchase-money (if any) paid into court by the purchaser) ကိုဇာရီရုံးသို့ ပေးသွင်းရမည်ဖြစ်ကြောင်း၊ အပေါင်ပစ္စည်းရောင်းချမှုများအတွက် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်း ၃(၂) ၏ ခြွင်းချက်တွင်ပြဋ္ဌာန်းထားရာ အဆိုပါသီးခြားပြဋ္ဌာန်းချက်ကို လိုက်နာရန်လိုအပ်ကြောင်း တရားရုံးများကသတိပြုရန်လိုအပ်ပေသည်။ အပေါင်ဒီကရီအရ အပေါင်ပစ္စည်းကိုရောင်းချသည့်ကိစ္စ၌ တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၁(င) ပါ ပြဋ္ဌာန်းချက်နှင့်တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၃(၂) ပါပြဋ္ဌာန်းချက်ကို ဆက်စပ်ယှဉ်တွဲဆောင်ရွက်ရန်ဖြစ်သည်။

၂၀၀၃
ဦးထွန်းထွန်း
ပါ ၃
နှင့်
မန်နေဂျာ
( မြန်မာ
စီးပွားရေးဘဏ်၊
ဟင်္သာတမြို့)

တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၃(၂) ခြွင်းချက်တွင်ပါရှိသော five percent of the purchase money (if any) paid into court by the purchaser စကားရပ်၌ purchase-money နောက်တွင် paid into court ဟူသောစကားရပ်ကပ်လျက်ပါရှိသည်ကို သတိပြုရန်လိုသည်။ purchase money ကို paid into court ကအဓိပ္ပာယ်ဖွင့်ထားခြင်းဖြစ်သည်။

တရားရုံးတွင်ပေးသွင်းသည်ဖြစ်စေ၊ မပေးသွင်းသည်ဖြစ်စေ ဝယ်ယူသည့်ငွေတစ်ရပ်လုံးအပေါ်တွင် လျော်ကြေးငွေပေးစေလိုပါက paid into court ဟူသောစကားရပ်ကို ထည့်သွင်းရန်အကြောင်းမရှိပေ။ တရားရုံးတွင် အမှန်တကယ်ပေးသွင်းငွေပေါ်တွင်သာ လျော်ကြေးငွေပေးစေလိုသောကြောင့် ယင်းစကားရပ်ကို purchases-money နှင့်ကပ်လျက်ထည့်သွင်းထားကြောင်းထင်ရှားသည်။

အမှန်အားဖြင့် ဝယ်ယူသူသည် ၄င်းအမှန်တကယ်ပေးသွင်း

၂၀၀၃
ဦးထွန်းထွန်း
ပါ ၃
နှင့်
မန်နေဂျာ
( မြန်မာ့
စီးပွားရေးဘဏ်၊
ဟင်္သာတမြို့)

ထားသည့်ငွေပေါ်တွင်သာ လျော်ကြေးငွေရထိုက်ခွင့်ရှိသည်။ အမှန်တကယ် မပေးသွင်းရသေးဘဲနှင့်ဝယ်ယူရန် သဘောတူသည့်ငွေပေါ်တွင် လျော်ကြေးပေးမည်ဆိုပါက ဝယ်ယူသူအတွက် မလျော်အခွင့်အရေးပေးရာရောက်ပေလိမ့်မည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၃(၂) ၏ ခြွင်းချက်ပါ ဝယ်သူက တရားရုံးတွင် ပေးသွင်းထားသော ဝယ်ယူသည့်အဖိုးငွေ ဆိုသည့်စကားရပ်နှင့်စပ်လျဉ်း၍ ဥပဒေပညာရှင် S.C SAHKAR ရေးသားသည့် THE LAW OF CIVIL PROCEDURE (ဒုတိယအကြိမ်ပုံနှိပ်ခြင်း) စာမျက်နှာ ၇၀၁ တွင် **National E.C နှင့် Manmoodinnissq** အမှု[၁] ကိုကိုးကားပြီး အောက်ပါအတိုင်းဖွင့်ဆိုထားသည်-

> " The words " purchase money paid into court by the purchaser " mean money actually so paid and not the entire purchase money wheather paid into court or not. The words do not also include purchase money set off against the amount of the decree in cases where the decree-holder is the purchaser.။"

သို့ဖြစ်၍တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၃(၂) ၏ ခြွင်းချက်ပါ " ဝယ်သူကတရားရုံးတွင်ပေးသွင်းသော ဝယ်ယူသည့်ငွေ" သည်အမှန်တကယ် ရုံးသို့ပေးသွင်းငွေကို ဆိုလိုသည်။ တရားရုံးတွင် ပေးသွင်းသည်ဖြစ်စေ၊ မပေးသွင်းသည်ဖြစ်စေ၊ ဝယ်ယူသည့်ငွေတစ်ရပ်လုံး မဟုတ်ချေ။ ဝယ်ယူသူ သူတစ်စိမ်းသည် နစ်နာကြေးအဖြစ် တရားရုံးတွင် အမှန်တကယ်ပေးသွင်းသည့်ငွေပမာဏ အပေါ်တွင်သာ ၅% ရရှိနိုင်သည်။ အပြီးသတ်လေလံဆွဲဝယ်ငွေအဖြစ် လက်ခံသောငွေပမာဏ အပေါ် ရနိုင်မည်မဟုတ်ချေ။

ထို့ကြောင့်ရောဝတီတိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၃၄၊ နည်း ၃(၂) ခြွင်းချက်ပါ ပြဋ္ဌာန်းချက်အရ လေလံဆွဲဝယ်သူ အမှန်တကယ်ရုံးတော်တွင် ပေးသွင်းထားပြီးဖြစ်သောငွေကျပ် ၁၉၅၀၀၀၀/-အပေါ်တွင် ၅% တွက်ချက်၍လျော်ကြေးပေးသွင်းခွင့်ပြုရန် တရားရုံးများကလျှောက်ထားခြင်းကို ပလပ်ခဲ့ခြင်း၊ လေလံဆွဲဝယ်

(1) 47 Calcutta peakly notes 247.

ငွေကျပ် ၇၈ သိန်းအပေါ် ၅% တွက်ချက်၍ ငွေကျပ် ၃၉၀၀၀၀/- ကို တရားရှုံးများက လေလံဆွဲဝယ်ယူသူသို့ လျော်ကြေးအဖြစ် ပေးစေရန် ဆုံးဖြတ်ခဲ့ခြင်းတို့သည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ တွင် ပြဋ္ဌာန်းထားချက်အရ တရားရုံးချုပ်သည် လက်အောက်ရုံး တစ်ရုံးရုံးက စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ဥပဒေနှင့်မညီဘဲဖြစ်စေ၊ အရေးပါသောနည်းလမ်းမကျ မှုဖြင့်ဖြစ်စေဆောင်ရွက်ခဲ့ကြောင်း ထင်မြင်လျှင် သင့်သည် ထင်မြင်သည့် အတိုင်းအမိန့်ချမှတ်နိုင်သည်။

အထက်ပါအကြောင်းများကြောင့် ဤတရားမပြင်ဆင်မှုကို စရိတ်နှင့်တကွခွင့်ပြုပြီးမူလဇရာဝတီတိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ လေလံဆွဲဝယ်သူက တရားရုံးသို့ အမှန်တကယ်ပေးသွင်းထားသည့် ငွေကျပ် ၁၉၅၀၀၀၀/- ၏ ၅% နှင့်ညီမျှသောငွေကိုသာ လျော်ကြေးအဖြစ် တရားရှုံးများက လေလံဆွဲဝယ်သူသို့ ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

ရှေ့နေခကျပ် ၁၀၀/- သတ်မှတ်သည်။

+ ၂၀၀၃
စက်တင်ဘာလ
၉ ရက်

## တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်တရားသူကြီးဒေါက်တာတင်အောင်အေး၏ရှေ့တွင်

ဦးလှစော
နှင့်
ဦးစံသိန်း ပါ ၃ *

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၆၃ အရအမွေထိန်းလက်မှတ်စာ ပယ်ဖျက်ပေးရန်လျှောက်ထားမှုတွင် ကန့်ကွက်မှုပေါ်ပေါက်လာပါက ယင်းဥပဒေပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်အရ အဆိုပါလျှောက်ထားမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် လို မလို။**

**ဆုံးဖြတ်ချက်။** ။ အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

> " In any case before the District Judge in which there is contention, the proceedings shall take, as nearly as may be, the form of a regular suit according to the provision of the Code of Civil Procedure, in which the petitioner for probate or letters of administration, as the case may be, shall be the plaintiff, and the person who has appeared to oppose the grant shall be the defendant;"

အထက်ဖော်ပြပါပြဋ္ဌာန်းချက်ကိုကြည့်လျှင် ကန့်ကွက်ချက်ပေါ်ပေါက်သောမည်သည့်အမှုတွင်မဆို တရားမကျင့်ထုံးဥပဒေတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များအရ တရားမကြီးမှုတွင်ဆောင်ရွက်သည့် အတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်းတွေ့ရသည်။

---

* ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၀

\+ ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၆၄ တွင် ချမှတ်ခဲ့သော ၉-၅-၂၀၀၃ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

၂၀၀၃
ဦးလှစော
နှင့်
ဦးစံသိန်း
ပါ ၃

ထို့ပြင်အဆိုပါပြဋ္ဌာန်းချက်၏ နောက်ပိုင်း၌သေတမ်းစာ အတည်ပြုလက်မှတ် သို့မဟုတ် အမွေထိန်းစာ လျှောက်ထားမှုများတွင် လျှောက်ထားသူသည် တရားလိုဖြစ်ပြီး ကန့်ကွက်မည့်သူသည် တရားပြိုင်ဖြစ်သည်ဟုဖော်ပြ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

အဆိုပါအမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်၏နောက်ပိုင်းဖော်ပြချက်အရဆိုလျှင် ကန့်ကွက်ချက်ပေါ်ပေါက်သဖြင့် တရားမကြီးမှုအဖြစ်ပြောင်းလဲဆောင်ရွက်ရမည့်အမှုများမှာ သေတမ်းစာအတည်ပြုလက်မှတ်လျှောက်ထားမှုနှင့်အမွေထိန်းစာ ရရှိရေးအတွက် လျှောက်ထားမှုမျိုးသာဖြစ်ကြောင်း သိသာထင်ရှားသည်။ လျှောက်ထားရရှိပြီးသော အမွေထိန်းစာကို ပယ်ဖျက်ပေးရန်လျှောက်ထားမှုများနှင့် အကျုံးမဝင်ဟု ကောက်ယူနိုင်သည်။

သို့ဖြစ်ပေရာ အယူခံတရားလိုက မူလရုံးတွင် တင်သွင်းသည့် အမွေထိန်းစာပယ်ဖျက်ပေးရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၆၃ အရ လျှောက်ထားမှုကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်အရ တရားမကြီးမှုအဖြစ် ပြောင်းလဲဆောင်ရွက်ရန်လိုမည် မဟုတ်ချေ။

အယူခံတရားလိုများအတွက် - ဦးစိုးဝင်း
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် - (၁) ဦးရဲထွန်း
(တရားရုံးချုပ်ရှေ့နေ)
(၂) ဒေါ်လှဲ့လှဲ့ရီ
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၆၃ တွင် ဦးလှစောက ဦးစံသိန်း၊ ဦးမောင်မောင်သန်းနှင့်ဒေါ်ကြည်ကြည်ဝင်းတို့အပေါ် ရန်ကုန်မြို့၊ တရားရုံးချုပ်၊ တရားမအထွေထွေလျှောက်လွှာအမှတ်၉၁/၇၂ တွင် ထုတ်ပေးထားသော အမွေထိန်းလက်မှတ်စာကို ပြန်လည်ရုပ်သိမ်းပေးရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၆၃ အရ လျှောက်ထားရာ တိုင်းတရားရုံးက ယင်း

၂၀၀၃
ဦးလှစော
နှင့်
ဦးစံသိန်း
ပါ ၃

လျှောက်ထားမှုမှာ မီးသေပြီးဖြစ်ကြောင်း အမိန့်ချမှတ်သည်။

တိုင်းတရားရုံး၏အမိန့်အပေါ် ဦးလှစောတမကျေနပ်၍ တရားရုံးချုပ်တွင် ဤတရားမအထွေထွေအယူခံမှုကို တင်သွင်းသည်။

မူလရုံးလျှောက်ထားလွှာအရ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် ၁၆ ဟုခေါ်တွင်သောမြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမြတ်ကြီး (ခ) ဦးမြကြည်နှင့်ဇနီးဒေါ်အမာတို့က အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ ဒေါ်အမာသည် ၁၂-၅-၆၃ ရက်နေ့တွင်ကွယ်လွန်ခဲ့ကြောင်း၊ လျှောက်ထားသူက ဦးမြတ်ကြီးကို မိဘနှင့်သားသမီးသဖွယ်စောင့်ရှောက်နေထိုင်လာခဲ့ကြောင်း၊ ၂၉-၃-၆၆ နေ့တွင် ဦးမြတ်ကြီးက လျှောက်ထားသူအား သားအဖြစ်အသိအမှတ်ပြုကြောင်း၊ စာချုပ်ချုပ်ဆို၍ အချင်းဖြစ်မြေနှင့်အိမ်ကို လျှောက်ထားသူအား ပေးအပ်ခဲ့ကြောင်း၊ ဦးမြတ်ကြီးသည် ၂၃-၇-၆၆ နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းကွယ်လွန်ခဲ့ပြီးနောက် ဦးစံသိန်းနှင့်ဦးမောင်မောင်သန်းတို့က ကွယ်လွန်သူဒေါ်အမာ၏တူအရင်းဖြစ်သည်ဆိုကာ ရန်ကုန်မြို့၊ တရားရုံးချုပ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၉၁/၇၂ တွင် အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာလျှောက်ထားခဲ့သဖြင့် တရားရုံးချုပ်က ဦးစံသိန်းနှင့်ဦးမောင်မောင်သန်းတို့ကို အမွေထိန်း လက်မှတ်စာထုတ်ပေးခဲ့ကြောင်း၊ ဦးစံသိန်းနှင့်ဦးမောင်မောင်သန်းတို့ သည် တရားရုံးချုပ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၉၁/၇၂ တွင် အမွေထိန်းလက်မှတ်စာလျှောက်ထားရာ၌ ဦးစံသိန်းသည် ဒေါ်အမာ၏တူအရင်းတော်စပ်သည်ဟု လိမ်လည်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဦးမောင်မောင်သန်းသည် ကွယ်လွန်သူဒေါ်အမာ၏ တူအရင်းတော်စပ်ပါသော်လည်း ဦးစံသိန်းသည် ဒေါ်အမာ၏တူအရင်းတော်စပ်ခြင်းမရှိကြောင်း၊ ဦးစံသိန်းနှင့်ဦးမောင်မောင်သန်းတို့သည် အမွေထိန်းလက်မှတ်စာအရ အချင်းဖြစ်မြေနှင့်အိမ်ကို ဒေါ်ကြည်ကြည်ဝင်းအား ရောင်းချခဲ့ကြောင်း၊ လျှောက်ထားသူသည် ကွယ်လွန်သူဦးမြတ်ကြီး၏ အပတိဋ္ဌသားဖြစ်၍ အချင်းဖြစ်ပစ္စည်းနှင့်စပ်လျဉ်းပြီး ပိုင်ရေးပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ တရားရုံးချုပ်က ဦးစံသိန်းနှင့်ဦးမောင်မောင်သန်းတို့ကို အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းသည် လျှောက်ထားသူအား နစ်နာစေကြောင်းဖော်ပြလျှောက်ထားသည်။

၂၀၀၃
ဦးလှစော
နှင့်
ဦးစံသိန်း
၅၁၃

လျှောက်ထားခံရသူအမှတ် (၁) နှင့် (၂) တို့၏ကန့်ကွက်လွှာအရ ယခုလျှောက်ထားသူသည် လျှောက်ထားခံရသူ ဦးစံသိန်းနှင့် ဦးမောင်မောင်သန်းတို့အပေါ် ရန်ကုန်မြို့၊ တရားရုံးချုပ်၏ တရားမအထွေထွေလျှောက်လွှာ အမှတ် ၉၁/၇၂ တွင် ၂၇-၂-၇၃ နေ့၌ ထုတ်ပေးသောအမွေထိန်း လက်မှတ်စာကိုပြန်လည်ရုပ်သိမ်းပေးရန် လျှောက်ထားခဲ့ကြောင်း၊ ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ် ၄၀၈/၉၅ ဖြစ်ကြောင်း၊ ထိုလျှောက်ထားချက်ကို ပလပ်ခံရသဖြင့် ဦးလှစောက တရားရုံးချုပ်အထွေထွေအယူခံမှုအမှတ် ၃၇/၉၈ တွင် အယူခံဝင်ရောက်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ကြောင်း၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၃၁၁/၉၉ တွင် အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသည့် အခါတွင်လည်းပလပ်ခံခဲ့ရကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး၏ တရားမအထွေထွေမှုအမှတ် ၄၀၈/၉၅ တွင် ချမှတ်ထားသောအမိန့်မှာ အတည်ဖြစ်လျက်ရှိကြောင်း၊ ယခုအထွေထွေလျှောက်ထားမှုကို ထပ်မံစီရင်ပိုင်ခွင့်မရှိကြောင်း ဖော်ပြကန့်ကွက်သည်။

လျှောက်ထားခံရသူအမှတ် (၃) ကလည်း ဦးလှစောအပေါ် ရန်ကုန်တိုင်းတရားရုံးက တရားမအထွေထွေမှုအမှတ် ၄၀၈/၉၅ တွင် အမိန့်ချမှတ်ထားပြီးဖြစ်သောကြောင့် မီးသေဆုံးဖြတ်ချက်ဖြစ်လျက်ရှိကြောင်း၊ လျှောက်ထားသူသည် ဤအထွေထွေမှုကို ထပ်မံလျှောက်ထားပိုင်ခွင့်မရှိကြောင်း ဖော်ပြကန့်ကွက်သည်။

တိုင်းတရားရုံးက ဦးလှစောအနေဖြင့် အမွေထိန်းလက်မှတ်စာကို ပြန်လည်ရုပ်သိမ်းပေးရန် ရန်ကုန်တိုင်းတရားရုံးက တရားမအထွေထွေမှုအမှတ် ၄၀၈/၉၅ တွင် လျှောက်ထားခဲ့ရာ ပလပ်ခံခဲ့ရကြောင်း၊ ထိုအမိန့်အပေါ် အထက်ရုံးအဆင့်ဆင့်သို့ တက်ရောက်ခဲ့သော်လည်း ပယ်ဖျက်ပြင်ဆင်ခြင်း မရှိဘဲ အတည်ဖြစ်လျက်ရှိနေသေးကြောင်း၊ အမွေ ထိန်းစာကို ပယ်ဖျက်ပေးရန်လျှောက်ထားမှုတွင် ဦးစံသိန်းနှင့်ဦးမောင် မောင်သန်းတို့သည်မဟုတ်မမှန်လိမ်လည်တင်ပြခဲ့သည့်အပြင် ဆွေမျိုးတော်စပ်ဟန်ဆောင်ကာ လျှောက်ထားခြင်းဖြစ်သည်ဟုအကြောင်းပြခဲ့ကြောင်း၊ ယခုလျှောက်ထားမှုတွင်လည်း အမွေထိန်းစာကို လိမ်လည်လျှောက်ထားကြောင်းသိရသဖြင့်ဟု အကြောင်းပြထားပြန်ရာ အကြောင်းပြခြင်းမှာ တူညီမှုရှိပြီး ပုဒ်မ ၁၁ ခွဲင်းချက် ၄ တွင်

အကျိုးဝင်နေသည်ကို တွေ့ရကြောင်း၊ ဒေါ်ကြည်ကြည်ဝင်းမှာ ယခင်အမှုတွင်ပါဝင်ခဲ့သူမဟုတ်သော်လည်း အမွေထိန်းစာအရ ဆက်ခံသူကိုအကြောင်းပြု၍အကျိုးဆက်ခံသူဖြစ်သောကြောင့် ယခင်အမှုသည်များကိုဆက်ခံအရေးဆိုသူအနေဖြင့်မှတ်ယူနိုင်ကြောင်း၊ အထက်ပါသုံးသပ်ချက်များအရ ယခုလျှောက်ထားမှုတွင် မီးသေပြီးဖြစ်ကြောင်း အမိန့်ချမှတ်လိုက်သည်ဟု သုံးသပ်ဆုံးဖြတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက ဦးလှစောသည် ဦးစံသိန်းပါ-၃ ဦးအပေါ် အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၆၃ အရ အမွေထိန်းလက်မှတ်စာပြန်လည်ရုပ်သိမ်းပေးရန် လျှောက်ထားခဲ့ကြောင်း၊ ယင်းလျှောက်ထားချက်အပေါ် လျှောက်ထားခံရသူများက ကန့်ကွက်လွှာတင်သွင်းလျှင်မူလတရားရုံးက တရားမကြီးမှုဖွင့်လှစ်၍ တရားမကျင့်ထုံးဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ တွင်ယင်းကဲ့သို့ ပြဋ္ဌာန်းထားကြောင်း၊ တရားမကြီးမှုအဖြစ်ပြောင်းလဲစစ်ဆေးကြားနာပြီးနောက်မှ မီးသေမသေကို တရားမကြီးမှုတွင် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ၏ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ဆောင်ရွက်သည့်အတွက် မူလတရားရုံး၏အမိန့်ကို ပယ်ဖျက်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၁) (၂) တို့၏ရှေ့နေက ရန်ကုန်တိုင်းတရားရုံးတရားမအထွေထွေမှုအမှတ် ၄၀၈/၉၅ ၏အမိန့်မှာ အတည်ဖြစ်လျက်ရှိကြောင်း၊ ယခုကဲ့သို့အမွေထိန်းစာကို ပယ်ဖျက်ပေးရန်လျှောက်ထားမှုသည်မီးသေနေသည်ဖြစ်သည်ဟု မူလရုံးကအမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိကြောင်း၊ အမွေထိန်းစာကို ပယ်ဖျက်ပေးရန်လျှောက်ထားမှုသည် တရားမကြီးမှုမဖြစ်နိုင်ကြောင်း၊ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်အရ အမွေထိန်းစာပယ်ဖျက်ပေးရန်လျှောက်ထားမှုမှာ တရားမကြီးမှုမဟုတ်ဘဲ တတ်နိုင်သမျှ တရားမကြီးမှုကဲ့သို့ ဆောင်ရွက်ရမည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း၊ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၉၉ အရ အထွေထွေအယူခံမှုအဖြစ် ဝင်ရောက်ခြင်းကပင် ပုဒ်မ ၂၆၃ အရ လျှောက်ထားမှုမှာ တရားမကြီးမှုမဟုတ်သည်မှာ ပေါ်လွင်နေကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၃) ရှေ့နေက တရားမအထွေထွေမှုအမှတ် ၄၀၈/၉၅ ၏ အမိန့်မှာ တရားရုံးအဆင့်ဆင့် အတည်ဖြစ်

၂၀၀၃
ဦးလှစော
နှင့်
ဦးစံသိန်း
ပါ ၃

လျက်ရှိသော အမိန့်ဖြစ်ကြောင်း၊ ယင်းအမိန့်သည် အယူခံတရားလို အပေါ် မီးသေဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ အယူခံတရားလိသည် အမွေထိန်းလက်မှတ်စာ ပြန်လည်ရုပ်သိမ်းပေးရန် ဒုတိယအကြိမ်ထပ်မံလျှောက်ထားခွင့်မရှိကြောင်း၊ အမွေထိန်းလက်မှတ်စာ ပယ်ဖျက်ပေးရန် လျှောက်ထားသောအမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် မလိုအပ်ကြောင်း၊ ဦးလှစောက အမွေထိန်းလက်မှတ်စာပယ်ဖျက်ပေးရန် အကြောင်းပြသောယခင်အမှု၏ အကြောင်းပြချက်နှင့် ယခုအမှုပါအကြောင်းပြချက်မှာ အတူတူပင်ဖြစ်ကြောင်း၊ မူလရုံး၏အမိန့်ကိုဆက်လက်အတည်ပြု၍ ဤအထွေထွေအယူခံမှုကို ပလပ်ထိုက်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားလို၏လျှောက်ထားချက်ကို စိစစ်ကြည့်ရာ မူလတိုင်းတရားရုံးသည် အမွေထိန်းလက်မှတ်စာ ပြန်လည်ရုပ်သိမ်းပေးရန် လျှောက်ထားချက်အပေါ် ကန့်ကွက်မှုပေါ်ပေါက်ပါလျက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ အရ တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ခြင်းမပြုဘဲ ဆောင်ရွက်သည့်အတွက် မူလတရားရုံး၏အမိန့်ကို ပယ်ဖျက်သင့်ကြောင်း အဓိကအကြောင်းပြ လျှောက်ထားသည်။

အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

> " In any case before the District Judge in which there is contention, the preceedings shall take, as nearly as may be, the form of a regular suit according to the provision of the Code of Civil Procedure, in which the petitioner for probate or letters of administration, as the case may be, shall be the plaintiff, and the person who has appeared to oppose the grant shall be the defendant;"

အထက်ဖော်ပြပါပြဋ္ဌာန်းချက်ကိုကြည့်လျှင် ကန့်ကွက်ချက်ပေါ်ပေါက်သောမည်သည့်အမှုတွင်မဆို တရားမကျင့်ထုံးဥပဒေတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအရ တရားမကြီးမှုတွင် ဆောင်ရွက်ရသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်းတွေ့ရသည်။

ထို့ပြင်အဆိုပါပြဋ္ဌာန်းချက်၏နောက်ပိုင်း၌ သေတမ်းစာ အတည်ပြုလက်မှတ် သို့မဟုတ် အမွေထိန်းစာလျှောက်ထားမှုများတွင်

၂၀၀၃
ဦးလှစော
နှင့်
ဦးစံသိန်း
ပါ ၃

လျှောက်ထားသူသည် တရားလိုဖြစ်ပြီး ကန့်ကွက်မည့်သူသည် တရားပြိုင်ဖြစ်သည်ဟု ဖော်ပြပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

အဆိုပါအမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်၏နောက်ပိုင်းဖော်ပြချက်အရဆိုလျှင် ကန့်ကွက်ချက်ပေါ်ပေါက်သဖြင့် တရားမကြီးမှုအဖြစ် ပြောင်းလဲဆောင်ရွက်ရမည့်အမှုများမှာ သေတမ်းစာအတည်ပြုလက်မှတ် လျှောက်ထားမှုနှင့်အမွေထိန်းစာရရှိရေးအတွက် လျှောက်ထားမှုမျိုးသာဖြစ်ကြောင်း သိသာထင်ရှားသည်။ လျှောက်ထားရရှိပြီးသောအမွေထိန်းစာကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုများနှင့် အကျုံးမဝင်ဟုကောက်ယူနိုင်သည်။

သို့ဖြစ်ပေရာ အယူခံတရားလိုက မူလရုံးတွင်တင်သွင်းသည့် အမွေထိန်းစာပယ်ဖျက်ပေးရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၆၃ အရ လျှောက်ထားမှုကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၉၅ ပြဋ္ဌာန်းချက်အရ တရားမကြီးမှုအဖြစ်ပြောင်းလဲဆောင်ရွက်ရန်လိုမည်မဟုတ်ချေ။

အယူခံတရားလိုသည် ဦးစံသိန်းနှင့်ဦးမောင်မောင်သန်းတို့ ရရှိထားသည့် အမွေထိန်းလက်မှတ်စာကို ပယ်ဖျက်ပေးရန်အတွက် ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ် ၄၀၈/၉၅ တွင် လျှောက်ထားခဲ့သည်။ ယင်းလျှောက်ထားချက်တွင် မဟုတ်မမှန် လိမ်လည်တင်ပြကြောင်းနှင့် ဆွေမျိုးတော်စပ်ဟန်ဆောင်၍ လျှောက်ထားကြောင်း အကြောင်းပြသကဲ့သို့ နောက်အမှုဖြစ်သော ရန်ကုန်တိုင်းတရားရုံး တရားမအထွေအထွေမှုအမှတ် ၆၄/၂၀၀၃ တွင်လည်း ယခင်အမှုတွင်ဖော်ပြခဲ့သည့် အကြောင်းပြချက်ကိုပင်တင်ပြကာ အမွေထိန်းစာပြန်လည်ရုပ်သိမ်းပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ဤအခြေအနေတွင် မူလတိုင်းတရားရုံးကနောက်စွဲဆိုသော အမွေထိန်းစာပြန်လည်ရုပ်သိမ်းပေးရန် လျှောက်ထားချက်သည် ပထမအမှုဖြစ်သည့် တရားမအထွေထွေမှုအမှတ် ၄၀၈/၉၅ ၏ ဆုံးဖြတ်ချက်အရ ပီးသေပြီးဖြစ်သည်ဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

ထို့ကြောင့်အယူခံတရားလိုတို့၏ လျှောက်ထားချက်ကို ခွင့်ပြုရန် အကြောင်းမပေါ်ပေါက်ဟု ဆိုရပေမည်။

အထက်ပါအကြောင်းများကြောင့် ဤတရားမအထွေထွေ

၂၀၀၃
ဦးလှစော
နှင့်
ဦးစံသိန်း
ပါ ၁

အယူခံမှုကို စရိတ်နှင့်တကွပလပ်သည်။
ရှေ့နေခကျပ် ၁၀၀/-သတ်မှတ်သည်။

+ ၂၀၀၃
မတ်လ
၁၂ ရက်

## တရားမအထွေထွေလျှောက်လွှာ (အထူး)

### တရားရုံးချုပ်တရားသူကြီးဦးစိန်လှိုင်နှင့် ဦးသက်ထွန်းတို့၏ ရှေ့တွင်

### ဦးအမ်အစ္စလမ်း
### နှင့်
### ဦးဟေမာလ် (ခ) ဦးသန်းထွန်းအောင် ၂ *

**သေသူအပေါ်လျှောက်ထားသောအယူခံမှုတွင် တရားရုံးသည် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းစေရန် အခွင့်အာဏာ ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားခံရသူသည် တရားမကြီးမှု သို့မဟုတ် အယူခံမှု သို့မဟုတ် လျှောက်ထားမှုမပြီးဆုံးမီသေဆုံးလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၄ နှင့်သက်ဆိုင်မည်ဖြစ်သည်။ အယူခံမှု မစွဲဆိုမီ သို့မဟုတ် တရားမကြီးမှုမစွဲဆိုမီသေဆုံးလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၄ နှင့်မသက်ဆိုင်ပေ။ **ဦးသက်ပြင်း နှင့် ဒေါ်တုတ်တုတ်**(၀)**အမှု** ကိုရည်ညွှန်းသည်။ ထိုသို့တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၄ နှင့်မသက်ဆိုင်လျှင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းကိစ္စ၊ အမှုရပ်စဲခြင်းကိစ္စ ဆောင်ရွက်ရန်မလိုအပ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုများတွင်လျှောက်ထားခံရသူ ဦးဟေမာလ် (ခ) ဦးသန်းထွန်းအောင်သည် ၁၃-၁၀-၂၀၀၂ နေ့တွင် သေဆုံးကြောင်း လျှောက်ထားသူဘက်က တင်ပြသည့်တရားဝင်ကိုယ်စားလှယ်လျှောက်လွှာအရ တွေ့ရသည်။ ဤတရားမအထွေထွေလျှောက်လွှာ (အထူး) အမှုများကို ၂၂-၁၀-၂၀၀၂ နေ့တွင်မှ လျှောက်ထားခြင်းဖြစ်ရာ လျှောက်ထားခံရသူ သေဆုံးပြီးမှ

---

* ၂၀၀၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၂၅/၁၂၆
+ ၂၀၀၂ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃/၄ တွင်ချမှတ်သော ၁၀-၄-၂၀၀၂ ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်နှင့်ဒီကရီအပေါ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထွေထွေလျှောက်ထားမှု

လျှောက်ထားခံရသူအပေါ် အမှုစွဲဆိုလျှောက်ထားခြင်းဖြစ်ကြောင်းမှာ အငြင်းမပွားဘဲပေါ်ပေါက်သည်။ သေသူအပေါ်လျှောက်ထားသော အယူခံမှုတွင် တရားရုံးသည် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းစေရန် အခွင့်အာဏာမရှိပေ။ ကွယ်လွန်သူအပေါ် တရားဘက်ပြုရာရောက်၍ တရား မဝင်ချေ။ **ဒေါ်အေးခင် နှင့် ဒေါ်လှခင်**[၂] **အမှု** ကိုညွှန်းသည်။ ကွယ်လွန်သူအပေါ် တင်သွင်းသောအယူခံသည် တရားမဝင်ပေ။ **မမြညွန့် ပါ ၂ နှင့် မောင်သန်းဝင်း**[၇]**အမှု**ကို ရည်ညွှန်းသည်။ ဤ တရားမအထွေထွေလျှောက်လွှာ (အထူး) တင်သွင်းစဉ်က ကွယ်လွန်ပြီး ဖြစ်သော၊ မရှိတော့သည့်ပုဂ္ဂိုလ်ဖြစ်သော လျှောက်ထားခံရသူ ဦး ဟောမာလ် (ခ) ဦးသန်းထွန်းအောင်အပေါ် လျှောက်ထားသော တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှုများမှာ တရားမဝင်ကြောင်းမှာ မြင်သာထင်ရှားနေသောအချက်ဖြစ်သည်။

အယူခံတရားလိုများအတွက် - ဦးမင်းလွင်
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်များအတွက် - ဦးမျိုးမြင့်စိုး
(တရားရုံးချုပ်ရှေ့နေ)

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၀/၂၀၀၁ တွင် ဦးအမ်အစ္စလမ်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမိုဟာမက်ခါလစ်) မှ ဦးဟောမာလ် (ခ) ဦးသန်းထွန်းအောင် အပေါ် အရောင်းအဝယ်ကတိပဋိညာဉ်ကို ဖျက်သိမ်းပြီး ထွက်ခွာသွားစေလိုမှု စွဲဆိုခဲ့ရာ ပလပ်ခြင်းခံရသည်။ ထိုစီရင်ချက်နှင့်ဒီကရီအပေါ် ဦးအမ် အစ္စလမ်းက မန္တလေးတိုင်းတရားရုံးသို့ အယူခံမှုတင်သွင်းရာ မန္တလေး တိုင်းတရားရုံး တရားမအယူခံမှုအမှတ် ၈၁/၂၀၀၁ တွင် အယူခံကို ပလပ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့်ဦးအမ်အစ္စလမ်းက ဆက်လက်အယူခံရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ တရားမဒုတိယ အယူခံမှုအမှတ် ၃/၂၀၀၂ တွင် အယူခံမှုကို ပလပ်ကြောင်းအမိန့်

(၁) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၁၈၁

(၂) ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၃၉(၄၁)

၂၀၀၃
ဦးအမ်အစ္စလမ်း
နှင့်
ဦးဟေမာလ် (ခ)
ဦးသန်းထွန်းအောင်

ချမှတ်ခဲ့သည်။ ထိုစီရင်ချက်နှင့်ဒီကရီအပေါ် အထူးအယူခံခုံရုံးဖြင့် ကြားနာခွင့်ပြုနိုင်ရန်အတွက် ဦးအမ်အစ္စလမ်းက တရားမအထွေထွေ လျှောက်လွှာ (အထူး) ကိုတင်သွင်းခဲ့ရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၂၅/၂၀၀၂ အဖြစ်လက်ခံခဲ့သည်။

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၁/၂၀၀၁ တွင် ဦးဟေမာလ် (ခေါ်) ဦးသန်းထွန်းအောင်က ဦးအမ် အစ္စလမ်းအပေါ် အထက်အပိုဒ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်စေလိုမှု စွဲဆိုခဲ့ရာ အနိုင်ဒီကရီချမှတ်ခဲ့သည်။ ထိုစီရင်ချက်နှင့်ဒီကရီအပေါ် ဦး အမ်အစ္စလမ်းက မန္တလေးတိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့ရာ မန္တလေးတိုင်းတရားရုံး၏ တရားမပထမအယူခံမှုအမှတ် ၈၂/၂၀၀၁ တွင် ပလပ်ခံရသည်။ ထို့ကြောင့်ဦးအမ်အစ္စလမ်းက ဆက်လက်အယူခံ ရာ တရားရုံးချုပ် (မန္တလေး) ၏ တရားမ ဒုတိယအယူခံမှု အမှတ် ၄/၂၀၀၂ တွင် ပလပ်ကြောင်းအမိန့်ချမှတ်သည်။ ထိုစီရင်ချက်နှင့် ဒီကရီအပေါ်အထူးအယူခံခုံရုံးဖြင့် ကြားနာခွင့်ပြုရန်အတွက် ဦးအမ် အစ္စလမ်းက တရားမအထွေထွေလျှောက်လွှာ (အထူး) ကိုတင်သွင်းခဲ့ရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၂၆/၂၀၀၂ အဖြစ်လက်ခံခဲ့သည်။

အထက်ပါတရားမအထွေထွေလျှောက်လွှာ (အထူး) မှုများကို လက်ခံဆောင်ရွက်စဉ်က လျှောက်ထားခံရသူဦးဟေမာလ် ( ခေါ် ) ဦးသန်းထွန်းအောင် ကွယ်လွန်ပြီးဖြစ်ကြောင်း သိရှိရသဖြင့် လျှောက် ထားသူဘက်မှ ဦးဟေမာလ်၏ဇနီးဒေါ်ချို၊ မိခင်ဖြစ်သူဒေါ်ချယ်လ် အမား၊ အမဖြစ်သူကပ်ပူးအမားတို့အား အမှုတွင်တရားဝင်ကိုယ်စား လှယ်အဖြစ်ထည့်သွင်းပေးရန် လျှောက်ထားသည်ကို လျှောက်ထားခံရသူ ဘက်မှ ကန့်ကွက်ခဲ့သည်။ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းမှုနှင့် စပ်လျဉ်း၍ အထက်ပါတရားမအထွေထွေလျှောက်လွှာ (အထူး) မှု နှစ်မှု စလုံးတွင် အကြောင်းခြင်းရာတစ်ရပ်တည်းအပေါ် အခြေခံ၍နှစ်ဘက် အငြင်းပွားခြင်းဖြစ်၍ ဤအမိန့်သည် အထက်ပါတရားမအထွေထွေ လျှောက်လွှာ (အထူး) အမှုနှစ်မှုစလုံးနှင့်သက်ဆိုင်စေရမည်။

လျှောက်ထားသူ၏ရှေ့နေက လျှောက်ထားခံရသူဘက်က လျှောက်ထားခံရသူကိုယ်စား အမှုတွင်ပါဝင်ရန်တင်သွင်းသော ပုဂ္ဂိုလ်

၂၀၀၃
ဦးအမ်အစွလမ်း
နှင့်
ဦးဟေမာလ် (ခ)
ဦးသန်းထွန်းအောင်

များမှာ ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်မဟုတ်ဟု မငြင်းဆိုကြောင်း၊ "ဦးသက်ပြင်း နှင့် ဒေါ်တုတ်တုတ် " အမှု (၁၉၇၁ မတစ ၂၆) အရ အယူခံမှုမစွဲဆိုမီ သေဆုံးသူအပေါ် အယူခံမှုစွဲဆိုခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နှင့် အကျုံးမဝင်သဖြင့် အမှုရပ်စဲခြင်းမရှိကြောင်း၊ ထိုစီရင်ထုံးအရ သေဆုံးသူ၏နေရာတွင် ယခုတင်သွင်းသော တရားဝင်ကိုယ်စားလှယ်များကို တရားမကျင့်ထုံးဥပဒေအမိန့် ၁ နည်း ၁၀(၂) အရ မှန်အောင်ပြင်၍ထည့်သွင်းနိုင်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းရန် လျှောက်ထားခံရသူများ၏ရှေ့နေက တရားရုံးချုပ်၏ တရားမဒုတိယအယူခံမှုမှ စီရင်ချက်ချမှတ်ပြီး (၇) လခွဲကြာမှ လျှောက်ထားခြင်းဖြစ်၍ ယခုအမှုအား ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ လျှောက်ထားခြင်းဖြစ်ကြောင်း၊ တရားရုံးအဆင့်ဆင့်၏ဒီကရီကို အတည်ပြုဆောင်ရွက်ပြီးဖြစ်၍ ယခုအမှုစွဲဆိုရန်အခွင့်အရေးမရှိကြောင်း လျှောက်ထားခံရသူကွယ်လွန်ပြီးမှ ဤအထွေထွေလျှောက်လွှာ (အထူး) မှုများကို လျှောက်ထားခြင်းဖြစ်၍ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းရန် မလျှောက်နိုင်ကြောင်း လျှောက်လဲတင်ပြသည်။

ဤတရားမအထွေထွေလျှောက်လွှာ (အထူး) မှုများကို လျှောက်ထားစဉ်ကအမိန့်ချမှတ်ပြီးနောက် မိတ္တူကူးသည့်ရက်များကို ထုတ်နှုတ်လျှင် တရားရုံးချုပ်တရားမအယူခံမှု အမိန့်ချမှတ်ပြီးနောက် ရက်ပေါင်း (၁၇၀) အတွင်း [သက်ဆိုင်ရာအမှုများ၏ ၂၂-၁၀-၂၀၀၂ ရက်စွဲပါ နေ့စဉ်မှတ်တမ်းအရ] လျှောက်ထားခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိသေးပေ။

လျှောက်ထားခံရသူသည် တရားမကြီးမှု (သို့မဟုတ်) အယူခံမှု လျှောက်ထားမှုမပြီးဆုံးမီ သေဆုံးလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၄ နှင့်သက်ဆိုင်မည်ဖြစ်သည်။ အယူခံမှုမစွဲဆိုမီ (သို့မဟုတ်) တရားမကြီးမှုမစွဲဆိုမီ သေဆုံးလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၄ နှင့်မသက်ဆိုင်ပေ။ ဦးသက်ပြင်း နှင့် ဒေါ်တုတ်တုတ်[၀]အမှုကိုညွှန်းသည်။ ထိုသို့တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၄ နှင့် မသက်ဆိုင်လျှင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်းကိစ္စ၊ အမှုရပ်စဲ

(၀) ၁၉၇၁ ခုနှစ်၊ မတစ ၂၆

၂၀၀၃
ဦးအမ်အစ္စလမ်း
နှင့်
ဦးဟေမာလ် (ခ)
ဦးသန်းထွန်းအောင်

ခြင်းကိုစွဲဆောင်ရွက်ရန်မလိုအပ်ပေ။

တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုများတွင် လျှောက်ထားခံရသူဦးဟေမာလ် (ခေါ်) ဦးသန်းထွန်းအောင်သည် ၁၃-၁၀-၂၀၀၂ နေ့တွင် သေဆုံးကြောင်းလျှောက်ထားသူဘက်က တင်ပြသည့် တရားဝင်ကိုယ်စားလှယ် လျှောက်ထားလွှာအရတွေ့ရသည်။ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုများကို ၂၂-၁၀-၂၀၀၂ နေ့တွင်မှ လျှောက်ထားခြင်းဖြစ်ရာ လျှောက်ထားခံရသူသေဆုံးပြီးမှ လျှောက်ထားခံရသူအပေါ် အမှုစွဲဆိုလျှောက်ထားခြင်းဖြစ်ကြောင်းမှာ အငြင်းမပွားဘဲပေါ်ပေါက်သည်။ သေသူအပေါ်လျှောက်ထားသော အယူခံမှုတွင် တရားရုံးသည်တရားဝင်ကိုယ်စားလှယ်ထည့်သွင်းစေရန် အခွင့်အာဏာမရှိပေ။ ကွယ်လွန်သူအပေါ်တရားဘက်ပြုရာရောက်၍ တရားမဝင်ချေ။ **ဒေါ်အေးခင် နှင့် ဒေါ်လှခင်**[၂] **အမှု** ကိုညွှန်းသည်။ ကွယ်လွန်သူအပေါ်တင်သွင်းသောအယူခံသည် တရားမဝင်ပေ။ **မမြညွန့်ပါ (၂) နှင့် မောင်သန်းဝင်း**[၃]**အမှု** ကိုညွှန်းသည်။ ဤတရားမအထွေထွေ လျှောက်လွှာ (အထူး) တင်သွင်းစဉ်က ကွယ်လွန်ပြီးဖြစ်သော၊ မရှိတော့သည့်ပုဂ္ဂိုလ်ဖြစ်သော လျှောက်ထားခံရသူ ဦးဟေမာလ် (ခေါ်) ဦးသန်းထွန်းအောင်အပေါ် လျှောက်ထားသော တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုများမှာ တရားမဝင်ကြောင်းမှာ မြင်သာထင်ရှားနေသော အချက်ဖြစ်သည်။

ထို့ကြောင့်ဤတရားမအထွေထွေလျှောက်လွှာ (အထူး) အမှုများကိုလက်ခံဆောင်ရွက်ရန်အကြောင်း မရှိတော့သဖြင့် ပလပ်လိုက်ကြောင်းအမိန့်ချမှတ်သည်။

စရိတ်ခွင့်မပြု။

---

(၂) ၁၉၈၃ ခုနှစ်၊ မတစ ၁၈၁

(၃) ၁၉၈၉ ခုနှစ်၊ မတစ ၃၉ (၄၁)

# အမှားပြင်ဆင်ချက် (ပြစ်မှု)

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ညွှန်းချက် (င) | Head line ၆ | ဖြစ်သည်ဟု မဆိုနိုင်ခြင်း | ဖြစ်သည်ဟုမဆိုနိုင်၍ အထူးအယူခံဝင်ခွင့် မပြုသင့်ခြင်း |
| ။ | ၂၅ | အထူးအယူခံဝင်ခွင့်မပြုသင့်ဟု | အထူးအယူခံခုံရုံးဖြင့်ဖြေကြား ပေးရန်သင့်မည်မဟုတ်ဟု |
| ၁ | ဆုံးဖြတ်ချက်-၁၃ | ဟွန်ဒီမန် | ဗွန်ဒီမန် |
| ၅ | ၁ | ရေးယူခဲ့သော | ချေးယူခဲ့သော |
| ၈ | ၄ | သက်သေခံပစ္စည်းကို | ယခုအမှုတွင် သက်သေခံ ပစ္စည်းကို |
| ၈ | ၁၂ | မှုခင်း | မှုရင်း |
| ၁၆ | အောက်ခြေမှတ်စု | ၂၀၀၃ ခုနှစ် | ၂၀၀၂ ခုနှစ် |
| ၁၈ | ၇ | မောင်ဆန်း ပါ(၃) | မောင်ရီ ပါ(၃) |
| ၂၁ | အောက်ခြေမှတ်စု စီရင်ထုံး | စာ ၁၉၈၂ | စာ ၁၄၈၂ |
| ၃၂ | ၂၅ | ၇ ဦး ဖြစ်ပါသည်။ | ၇ ဦး ဖြစ်ကြောင်း |
| ၄၂ | ၂၂ | နဝတ | နစခ |
| ၄၄ | အောက်ခြေမှတ်စု | ၁၉၉ | ၁၉၉၁ |
| ၄၇ | ၅ | အရဆိုပါ | အရဆိုပါက |
| ၄၇ | ၁၉ | နဝတ | နစခ |
| ၅၀ | ၁၆ | လျှော့ပါး | လျှော့ပေါ့ |
| ၅၇ | ဆုံးဖြတ်ချက် | | ဦးကြည်လွင်အောင်နှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ-၂ |
| ၅၇ | ခေါင်းစီး-၆ | ခရိုင်တရားရုံး၏အမိန့် | ခရိုင်တရားရုံး၏ ယင်းအမိန့် |
| ၆၀ | အောက်ခြေမှတ်စု | (၂) စာ - ၂၀ | စာ-၂၇ |
| ၆၃ | အောက်ခြေမှတ်စု | ၁၉၆၆ | ၁၉၉၉ |
| ၆၃ | အောက်မှ(၂) ကြောင်းမြောက် | ၃၁-၁၀-၂၀၀၂ | ၃၀-၁၀-၂၀၀၂ |
| ၆၄ | Head line ၁၅ | ဖြစ်သည်ဟု မဆိုနိုင်ခြင်း | ဖြစ်သည်ဟုမဆိုနိုင်၍ အထူးအယူခံဝင်ခွင့် မပြုသင့်ခြင်း |
| ၆၅ | ၁၁ | အထူးအယူခံဝင်ခွင့်မပြုသင့်ဟု သုံးသပ်ရရှိသည်။ | အထူးအယူခံခုံရုံးဖြင့် ဖြေကြားပေးရန်သင့်မည် မဟုတ်ဟုသုံးသပ်ရရှိသည် |
| ၇၁ | ၈ | စီရင်ထုံးအညွှန်း | အညွှန်းနံပါတ်(၁)ထည့်ရန် |
| ၇၁ | အောက်ခြေမှတ်စု | ။ | အညွှန်း နံပါတ်(၁)ထည့်ရန် |
| ၇၁ | ၁၂ | အနေဖြစ်သဖြင့် | အနေဖြင့် |
| ၇၁ | ၁၆ | ပြစ်မှုဆိုင်ရာဥပဒေ | ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ |
| ၇၂ | အောက်မှ ၂ | များသာ | များကိုသာ |
| ၇၆ | ၁၉ | ကျေးနင်း | ကျိုးနင်း |
| ၈၃ | ၃ | ကျူးကျော်နေထိုင်သမျှ | ကျူးကျော်မြေ ကျူးကျော် နေထိုင်သမျှ |
| ၈၉ | ၃ | သမ္မတနိုင်ငံတော် | သမ္မတမြန်မာနိုင်ငံတော် |
| ၈၉ | ၂၄ | တရားမမှုတွင် | အဆိုပါ တရားမမှုတွင် |

## အမှားပြင်ဆင်ချက် (တရားမ)

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ညွှန်းချက် က၅ | ၁၀ | ဒေါ်သီတာ ပါ-၃နှင့် ဦးကျင်ရွှေ | ဒေါ်သီတာ ပါ-၃နှင့် ဒေါ်ကျင်ရွှေ |
| ၉၁ | ၁ | တရားမ အထူးအယူခံမှု | တရားမအထွေထွေအယူခံမှု |
| ၉၄ | ၃ | ဒေါ်မြတ်တီပိုပို | ဒေါ်မြတ်ပိုပို |
| ၉၄ | ၂၈ | မမြကြည်နှင့်မအေးတင် ပါ-၂ | မမြကြင်နှင့်မအေးတင် ပါ-၂ |
| ၉၅ | ၄ | မချိုတီး(ခ)မညွန့် | မချိုတီး(ခ)မညွန့် ပါ-၂ |
| ၉၆ | ၂၀ | ဆက်ခံ/တရားသူကြီး | ဆက်ခံသူတရားသူကြီး |
| ၉၇ | ၉ | မကျော့နှင့်ဒေါ်ကျေးဘု | မကျော့ပါ-၂နှင့် ဒေါ်ကျေးဥ |
| ၉၇ | ၁၀ | မချိုတီး(ခ)မညွန့် | မချိုတီး(ခ)မညွန့် ပါ-၂ |
| ၉၇ | အောက်ခြေမှတ်စု | ၁၉၃၅၊ အေအိုင်အာရ်-၃၅၅၊ | ၁၉၃၅၊အေအိုင်အာရ်(ရန်ကုန်)-၃၅၅ |
| ၁၀၀ | ၂၅ | ထားရှိသည်ဟု | လက်ရှိထားသည်ဟု |
| ၁၀၀ | ၂၇ | (လက်ရှိထိုပစ္စည်းကို အမွေဆိုင်အားလုံးအတွက်) | |
| ၁၀၁ | ၁ | မအေးတင် ပါ- | မအေးတင် ပါ-၂ |
| ၁၀၃ | ၁၇/၁၈ | လာရန်/ချိန်းဆိုသည် | လာရန် ၈-၁-၂၀၀၃နေ့ ချိန်းဆိုသည်။ |
| ၁၀၃ | ၂၀ | /ပြောင်းပေးခဲ့သည်၊ | လွှဲပြောင်းပေးခဲ့သည်။ |
| ၁၀၃ | ၂၇ | နည်း ၄(၂) | နည်း-၂ |
| ၁၀၃ | ၂၈ | ရန်ကုန်တိုင်း/တရားမ အယူခံမှု | ရန်ကုန်တိုင်းတရားရုံး တရားမအယူခံမှု |
| ၁၀၅ | ၅ | သက်ဆိုင်(ကြောင်း ဆုံးဖြတ်ခြင်းသည် မှန်ကန်)ခြင်းရှိ မရှိ | သက်ဆိုင်ခြင်း ရှိ မရှိ |
| ၁၀၆ | ၂၇ | သက်ဆိုင်ခြင်းရန် | သက်ဆိုင်ရန် |
| ၁၀၇ | ၁၂ | အထူးအယူခံခုံရုံး | အထူးခုံရုံး |
| ၁၀၈ | ၁၄ | သူကိုပါ | သူတို့ကို |
| ၁၁၈ | ၂၅ | မူရာခိုင်နှုန်း | ၇ ရာခိုင်နှုန်း |
| ၁၂၂ | ၁၉ | ယင်းအပေါ်စာချုပ် | ယင်းအပေးစာချုပ် |
| ၁၂၄ | ၅ | ဒေါ်သိုင်းနှင့်ဒေါ်ငွတ် | ဒေါ်သိုင်းနှင့်ဒေါ်ငွတ် ပါ-၂ |
| ၁၂၄ | ၁၀ | ဒေါ်စိန်စန်းဝင်း | ဒေါ်စိန်စိန်ဝင်း |
| ၁၂၄ | အောက်ခြေမှတ်စု | (၁) ---------- စာ-၄၇၀ | (၁) ---------- စာ-၄၇၁ |
| ၁၂၄ | ၁၆ | ဒေါ်သောင်းတို့ | ဒေါ်သောင်းကို |
| ၁၂၈ | ၇ | ၂၀၀၃ | ၂၀၀၂ |
| ၁၂၈ | ၇ | ၅၆၀ | ၅၀ |
| ၁၃၀ | ၂၄ | အချိန်ကို | အချိန်ထိ |
| ၁၃၇ | ၁၁ | ဒေါ်အမနှင့်ဒေါ်ခင်တင် | ဒေါ်အမနှင့်ဒေါ်ခင်ထင် |
| ၁၃၇ | ၂၇ | မေလား ဒေဝီ | ရှမလား ဒေဝီ |
| ၁၄၀ | ၇ | ဒေါ်သီတာ ပါ-၃နှင့် ဦးကျင်ရွှေ | ဒေါ်သီတာ ပါ-၃နှင့် ဒေါ်ကျင်ရွှေ |

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၄၄ | ၁၂ | တစ်စစ်တစ်ဆက်တည်း | တစ်ဆက်တစ်စပ်တည်း |
| ၁၄၅ | ၁၃ | ဒီကရီ ပြုသည့်အချိန် | ဒီကရီအတည်ပြုသည့်အချိန် |
| ၁၄၈ | ၉ | မြောက်ပိုင်း | ရန်ကုန်မြောက်ပိုင်း |
| ၁၄၈ | ၂၇ | ရယူ | ရသူ |
| ၁၆၀ | ၁၄ | ဝုလွှေပိုး(ခ)ဝုတိလွှေ | ဝူလွှေပိုး(ခ)ဝုကီလွှေ |
| ၁၆၆ | ၂၀ | ၇ဦး | ၄ဦး |
| ၁၆၇ | ၁၄ | မက်ကွန် | မက်တွန် |
| ၁၆၇ | ၅ | ရတီမာ | ရဟီမာ |
| ၁၆၉ | ၄ | အယူခံရုံး | အယူခံခုံရုံး |
| ၁၇၀ | အောက်ခြေမှတ်စု | ၂၀၀၃ခုနှစ် | ၂၀၀၂ခုနှစ် |
| ၁၇၇ | ၁၁ | ကုန်ဆုံးချိန်နှင့် | ကုန်ဆုံးချိန်တွင် |
| ၁၇၇ | ၂၃ | ထိုနေ့ | ထိုနေ့မှ |
| ၁၇၈ | ၃ | နည်း ၁၁(က) | နည်း ၁၁(ဃ) |
| ၁၇၉ | ၂ | အသစ်ထွက်ရမည် | အသစ်ရေတွက်ရမည် |
| ၁၇၉ | ၁၀ | ၂၀-၆- ၂၀၀၀ | ၂၀-၆- ၂၀၀၁ |
| ၁၈၀ | ၂၇ | နည်း ၁၁(က) | နည်း ၁၁(ဃ) |
| ၁၈၁ | ၁၁ | ပုဒ်မဇယား | ပထမဇယား |
| ၁၈၁ | ၂၆ | အမှတ် ၃ ချက် | - |
| ၁၈၁ | ၂၅ | ဥပဒေ ၁၉(၁) | ဥပဒေပုဒ်မ ၁၉(၁) |
| ၁၈၂ | ၂၇ | စည်းကမ်းကာလ | စည်းကမ်းသတ်ကာလ |
| ၁၈၄ | ၁ | ပေးအပ်ရန် | ပေးဆပ်ရန် |
| ၁၈၄ | ၇ | ဆက်သွယ်ရေးတပ် | ဆက်သွယ်ရေးဘက် |
| ၁၈၄ | ၂၃ | အခါစ၍ | အခါကစ၍ |
| ၁၈၄ | အောက်ခြေမှတ်စု | (၂)---စာ-၂၅၂ | (၂)---စာ ၂၅၅ |
| ၁၈၅ | ၂ | ၂၁-၆- ၂၀၀၁ | ၂၀-၆- ၂၀၀၁ |
| ၁၈၇ | အောက်ခြေမှတ်စု | * ၂၀၀၂ ခုနှစ် | * ၂၀၀၃ ခုနှစ် |
| ၁၉၂ | ၁၂ | မူလ | မူလက |
| ၁၉၈ | ၂၂ | ဦးအောဝမ်းပေးအပ် | ဦးအောဝမ်းသို့ပေးအပ် |
| ၂၀၀ | ၃ | Damage | Damages |
| ၂၀၁ | ၄ | စရိတ်နှင့်ပေးအပ် | စရိတ်နှင့်တကွပေးအပ် |
| ၂၀၁ | ၂၉ | ဝယ်ယူထား ပိုင်ဆိုင်ခွင့် | ဝယ်ယူထားပြီးပိုင်ဆိုင်ခွင့်နှင့် |
| ၂၀၂ | ၁၇ | ဒီကရီရှိနိုင်မည် | ဒီကရီရရှိနိုင်မည် |
| ၂၀၂ | ၉ | အချက်ကို | အချက်မှာ |
| ၂၀၃ | ၁၂ | လက်ရှိရရန်ပိုင်ခွင့် | လက်ရှိရရန်ပိုင်ဆိုင်ခွင့် |
| ၂၀၃ | ၁၆ | ---ဦးမြိုးဟန် | (၁)မှ(၃)ဦးမြိုးဟန် |
| ၂၀၅ | ၁၁ | ရန်ကုန်တိုင်းတရားရုံး | ရန်ကုန်တိုင်း တရားရုံးက |
| ၂၀၅ | ၂၈ | ခြင်းဖြစ်သည်။ | ခြင်းသည် |
| ၂၀၆ | ၁၂ | ထုံးသာမက | ထုံးသာဓက |
| ၂၀၆ | ၁၃ | to present | to the present |
| ၂၀၆ | ၁၄ | ownship | ownership |
| ၂၀၇ | ၁၅ | မူလရုံး | မူလရုံးက |

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂၀၇ | ၂၂ | ဒီကရီရှိနိုင်မည် | ဒီကရီရရှိနိုင်မည် |
| ၂၀၈ | ၈ | more | mere |
| ၂၀၈ | ၁၃ | rule 98, 99, 101 | rule 98, 99 or 101 |
| ၂၀၈ | ၁၆ | ဒေါ်မြတင် | ဒေါ်မြဝင် |
| ၂၀၈ | ၂၅ | ၁၂၄/၂၀၀၁ | ၁၄၂/၂၀၀၁ |
| ၂၁၀ | အောက်ခြေမှတ်စု | ခဂျမှတ် | ချမှတ် |
| ၂၁၁ | အောက်ဆုံးလိုင်း | အရွေ့ဘက်ခြင်း | အရှေ့ဘက်ခြမ်း |
| ၂၂၀ | ၂၀ | နေ့ပေါ | နေ့စွဲပါ |
| ၂၂၇ | ၁၉ | စီမံခန့်ခွဲပေး | စီမံခန့်ခွဲပေးရန် |
| ၂၂၇ | ၂၂ | ဆန္ဒမရှိဟုဆိုစေ | ဆန္ဒမရှိဟုဆိုစေဦး |
| ၂၂၉ | ၉ | သက်သေခံ(ခ) | သက်သေခံ(၁) |
| ၂၂၉ | ၁၂ | ဦးကျင်အောင် | ဦးတင်အောင် |
| ၂၂၉ | ၁၉ | ဒေါ်မြင့်မြင့်သို့ | ဒေါ်မြင့်မြင့်တို့က |
| ၂၃၀ | ၁၉ | စွဲဆိုအမှုအား | စွဲဆိုသောအမှုအား |
| ၂၃၀ | ၂၈ | အပတိသား | အပတိဋ္ဌသား |
| ၂၃၁ | ၁ | စာချုပ် | စာချုပ်ချုပ်ဆိုသည့် |
| ၂၃၁ | ၂၄ | မဟုတ်ကြောင်း | မရှိကြောင်း |
| ၂၃၂ | ၄ | သက်ဝင် | အသက်ဝင် |
| ၂၃၅ | ၂၂/၂၃ | ဖျက်သိမ်းလိုက(voidable) ဖျက်သိမ်းခွင့်ဟူသော | ဖျက်သိမ်းလိုကဖျက်သိမ်းခွင့် (voidable)ဟူသော |
| ၂၃၇ | ၃ | ဦးဇော်ဝင်းအား | ဦးဇော်ဝင်းဇော်အား |
| ၂၃၈ | ၁၂ | မအုန်းကြည် ပါ-၆ | မအုန်းကြည် ပါ-၅ |
| ၂၃၉ | ၂၂ | အဓိထား၍ | အဓိကထား၍ |
| ၂၄၂ | အောက်ဆုံးလိုင်း | ၂၀၀၁ ခုနှစ် | ၂၀၀၀ ပြည့်နှစ် |
| ၂၄၇ | ၃၊၁၀၊၁၂ | momey | money |
| ၂၄၇ | ၁၂ | precent | percent |
| ၂၄၇ | ၂၄ | ဒေါ်သန်းသန်းမိုး | ဒေါ်သန်းသန်းဗိုး |
| ၂၄၄ | ၁၅ | ၊ | ၊ |
| ၂၄၆ | ၁၂ | ဝရမ်းအပ်၍ဖြစ်စေ၊ ဝရမ်း မအပ်ဘဲဖြစ်စေ | ဝရမ်းကပ်၍ဖြစ်စေ၊ ဝရမ်း မကပ်ဘဲဖြစ်စေ |
| ၂၄၆ | ၂၃ | အပေါင်ခံသူဘက်က | အပေါင်ခံသူဘက်က |
| ၂၄၆ | ၂၅ | ပေးအပ်စေရန် | ပေးဆပ်စေရန် |
| ၂၄၇ – | ၂၉ | purchases-money | purchase-money |
| ၂၄၈ | ၈ | SAHAKAR | SARKAR |
| ၂၄၈ | ၁၀ | Manmoodinnissq | Mohmoodinnissa |
| ၂၄၈ | အောက်ခြေမှတ်စု | (1)..peakly notes-247 | (1).weekly notes-147 |
| ၂၅၁ | ၁၉ | (၁) ဦးရဲထွန်း | (၁)(၂) ဦးရဲထွန်း |
| ၂၅၁ | ၂၀ | (၂) ဒေါ်လှဲလှဲရီ | (၃) ဒေါ်လှဲလှဲရီ |
| ၂၅၉ | ၅ | ဒေါ်အေးခင် | ဒေါ်အေးခင် ပါ-၄ |
| ၂၆၁ | ၂၄ | အယူခံမှု | အယူခံမှု(သို့မဟုတ်) |